www.burmeseclassic.com

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

လာဘ်မိုးရွှေ စာပေ

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂရင်း

အမှတ်(၂၉၆)၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ



## အောင်စည်အောင်မောင်း

ယှဉ်ပြိုင်မှုများတွင် အောင်ပွဲရစေသော ဓာတ်ပန်းချီ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ခုနစ်ရက်သားသမီးများအတွက်

**ဆရာမဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ**

အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်စီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ ဓမ္မတာပါပဲ။ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်။ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ် ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

**မွေးရက်ရွေးခြင်း**

မွေးလာတဲ့ ကလေးအတွက် မွေးသည့်အချိန်မှစ၍ လူမှုရေး၊ ပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင် ချစ်ခင်စေ၊ နာမည်ကြားရုံနှင့် လူတိုင်းက ဖြုံစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

**ကလေးအမည်ပေးလွှာ**

မင်္ဂလာမောင်မယ်တို့အတွက် နေ့ကောင်းနဲ့ ရက်သာကိုရွေးပြီး တစ်သက်မခွဲရွှေလက်တွဲ ရမယ့်အဆောင်

**မင်္ဂလာရက်မြတ် လက်ထပ်ရက်ရွေး**

အလုပ်ကြီး အကိုင်ကြီး ဆိုင်ကြီး ကန္နားကြီးတွေအတွက်

**လုပ်ငန်းအမည်ပေး**

ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ

**အိမ်ဆောက်ပန္နက်တင်မင်္ဂလာ**

နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

**အနုပညာရှင်တို့၏ အမည်ပေးလွှာ**

စသည့် အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ။ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့် ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပို့ပေးနေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ....

**ဆရာမဒေါက်တာစောယုနွယ်**

အမှတ် - ၂၀၅(က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၆၄၃၀၃၀၊ ၀၉ - ၇၈၉၉၅၉၅၆၇


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သမ္မတစာပေ
မြန်ချိုရေး
ဈေးအတွင်း-မိတ္ထီလာ
၀၆၄-၂၁၁၂၆၈၄

လာဘ်မိုးရွှေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါပေဟာတု ဘဝါဘဝေ။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၈-ခုနှစ်၊ စက်တင်ဘာလ၊ အမှတ် (၂၉၆)

❁ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။ ❁

အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွှေ)
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တြာဇင်
ပထမံဦးအောင်သူ၊ အင်ကြင်းဖြူဖြူ
အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကို သည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကို သည်းကောင်း၊ ပြည်တွင်း ပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်း သံဃာများအကြောင်း၊ ဆေးဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများ အကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအထွေထွေတို့ကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

## စာမူပေးပို့လိုလျှင်

လာဘ်မိုးရွှေ စာပေ - တိုက်-၂၇၊ အခန်း-၁၂၊
မြေညီထပ်၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့အာကာကောင်းကင် ပုံနှိပ်တိုက်၊ အမှတ်-၉၊ ရာဇာဓိရာဇ်လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၅၀၀ ကျပ်
စာအုပ်ချုပ် - ဖိုးလပြည့်၊ အတွင်းဖလင် - မျိုးဝင်းကျော်
အတွင်းပန်းချီ - အောင်နိုင်လတ်၊ စံလွင်မောင်၊ ဖိုးအောင် တို့က ပန်းချီရေးဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို မသန်းသန်းဌေးမှ ဖန်တီးသည်။

www.burmeseclassic.com

www.burmeseclassic.com

# မဂ္ဂပစ္စယော ရောင်ပြန် မဂ္ဂဇင်း

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ၊ အမှတ် (၂၉၆)

## မာတိကာ

### ရောင်ပြန် ကဗျာ

မင်းတည်တံ့၊ လူတူလူ(အေဝိုင်ဇတ်)၊ ဇာယေ့၊
မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)၊ ဘုန်းမြင့်ချို(သာယာဝတီ)၊
ဖျာပုံ-ရည်လွင်အောင်၊ ငှက်ပြာမောင်မောင်(ချောက်)၊
အင်ကြင်းမေ၊ ရွယ်အို

### ရောင်ပြန် ကလေးကဏ္ဍ


အတုယူမှ ချစ်ရာကျမည်(ကဗျာ)
မောင်ကျေးငှက် ---------------------------------------- ၂၂၇
အသက်ဘေးကြုံမှ နောင်တရ(ပုံပြင်)
မောင်ကျေးငှက် ---------------------------------------- ၂၂၉


## မနုဿကျော်ဝင်

### ဘဝပျက်ခဲ့ရသူ၏ စိန်ခေါ်သံ

စာ-၁၁၀



## အရှင်ဥပဂုတ္တကျောင်းဆောင်ဦး ဖူးသည့်နဂါး

စာတိပုံမောင်မောင်အေး

စာ-၃၄




## ပထမံတစ်ဦး၏ ဘဝခရီး(၁)

သတိုးမင်းအောင်



စာ-၆၉

### ရောင်ပြန် အခန်းဆက်ရသ


ဘဝပျက်ခဲ့ရသူ၏ စိန်ခေါ်သံ(၁)
မနုဿကျော်ဝင်း ---------------------------------------- ၁၁၀
သမီးနှစ်ဦး(၂) ၁၁၅
မြဝတီ ---------------------------------------- ၁၁၅
ဒေါက်ကာသောင်းထိုက်နှင့် ဆွမ်းခံရင်းငှက်ပြောင်(၁)
ရွှေဥဒေါင်း ---------------------------------------- ၁၂၇
ကျောင်းဆောင်ပေါ်က အထီးကျန်သီရိမလေး(၂)
မင်းဟိန်းထိုက် ---------------------------------------- ၁၅၀


www.burmeseclassic.com

www.burmeseclassic.com

နဂါးရစ်တောင်
ဒွေ့ပါလတောရကျောင်း (သက်သတ်လွတ်နယ်မြေ) မှ
ဆရာတော်သခင် ကျေးဇူးရှင် အရှင်ဦးဝိသုဒ္ဓ

ပန်းတနော် နောင်လတ်



စ - ၂၉

## ရောင်ပြန် လှိုင်းလှုပ်ဆန်းကြယ်


မြည်တွင်းမြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) —— ၇၇

မောရစ်ကောလစ်နှင့် ဂမ္ဘီရ(၂)
လှမိုး(ပညာရေး) —— ၂၄၃


သမိုင်းကောင်းတဲ့
ငါးသိုင်းချောင်းက မဟာဗောဓိပင်

ကိုရွှေသိမ်းအေး(ငါးသိုင်းချောင်း)



စ - ၂၃

## ရောင်ပြန် ရသ


ထိတ်တလန့်စံအိမ်
ာင်းဝင်း —— ၁၂၃

ာမဲ့ချွတ်ခန်း
ာမြဦး —— ၁၃၆

ယအမိုက်တရား
ာသန်းအောင်(မြင်းခြံ) —— ၁၄၂

ာန့်ပွဲတဲ့ ကျိန်စာ
မိုင်း(Oasis) —— ၁၆၀

ိုင်အောက်ကစောင့်နေတဲ့ လူတစ်ယောက်
ာသိမ် —— ၁၈၁





စ - ၁၆၀


ယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွှေ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)
-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


www.burmeseclassic.com

www.burmeseclassic.com





## လောကီရေးရာ


ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်၅၀

အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၅၀

သည်လအတွက် ကောင်းသောရက်

နွယ်သာကီအောင် ---------- ၅၁

စိုက်ပျိုးရေးရာ သည်လမှာ

တောကကိုရင် ---------- ၅၃

စက်တင်ဘာလမှာ ဆောင်ရွက်ပါ

နေမျိုးထွဋ်ခေါင် ---------- ၅၄

နေ့သားအလိုက် အောင်မြင်ဖို့

မဟိဒ္ဓိကျော်ခေါင် ---------- ၅၅

သည်လဖွားအတွက် ကံဇာတာ

ဆရာမိုးဟန်ကြွယ် ---------- ၅၆

နက္ခတ္တဗေဒ ဆရာမကြီးဒေစီ၏ ၂၀၁၈ ခုနှစ် ဟောစာတမ်း

ဦးတိုး(တက္ကသိုလ်) ---------- ၅၇

ပွဲတော်သစ်ဆင်း လတော်သလင်း

တက္ကသိုလ်သျှင်ဥက္ကာ ---------- ၆၁

မိုးရာသီနှင့် မိုးကြိုးအန္တရာယ်

တင့်ထူး(ဇေယျဝတီ) ---------- ၆၃

နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော်(၁၉)

မဟာထွန်း ---------- ၆၆

ပထမံတစ်ဦး၏ ဘဝခရီး(၁)

သတိုးမင်းအောင် ---------- ၆၉

မီးရှူးမီးပန်းနှင့် အခြားတစ်ဖက်မှာ

မောင်ကောင်းမြင့် ---------- ၇၅

အောင်နိုင်ခဲ့သောတိုက်ပွဲကို အောင်နိုင်ခြင်း

တက္ကသိုလ်သဒ် ---------- ၇၃

လောသကတိသဇာတ်

ခင်မောင်အေး(မန္တလေး) ---------- ၇၅

လူသစ်စိတ်သစ် ကြံ့တိုင်းဖြစ် မနောလိပ်ပြာစိတ်ကမ္ဘာစာစုများ(၁)

သက်လုံ ---------- ၉၉

ဇာတ်နိပါတ်တော်လာ ဆင်ဖြူတော်များ(၂)

ဦးညွန့်မောင်(ဓမ္မာစရိယ၊ B.A,R.L) ---------- ၁၀၃

မသာတစ်ခေါက် ကျောင်းဆယ်ခေါက်

အရာခံဗိုလ်သစ်လွင် ---------- ၁၇၄

အိမ်ရှင်ကောင်းလျှင် အိမ်ဖော်မဆိုးပါ

ခင်ယော(ရှပ) ---------- ၁၇၇

အဘိုးကျား

မောင်တော်ထိန် ---------- ၁၈၆

ထွဋ်ခေါင်သော်တာ

ရည်ရည်မွန်(မန္တလေး) ---------- ၁၈၉






www.burmeseclassic.com

www.burmeseclassic.com



## လောကီရေးရာ

မျက်ရည်၏ အဓိပ္ပာယ်
စံထိုက်သူ ------------------------------------ ၁၉၃
ဘိုက်ဆိုင်မှုလေလား စိတ်မှာပိုးတဝါး
ဆွေကြည်အေး ------------------------------------ ၁၉၈
ဝိဇ္ဇာတစ်ပါး၏ သင်ကြားချက်များ
နေပင်လုံ ------------------------------------ ၂၀၃
ကြေဝဋ္ဋာသီအိုရီမှ လောကဓာတ်ဒေသနာတော်သို့
အောင်မြင့်မြတ်(ပြည်ရွှေဘို) ------------------------ ၂၀၉
လူကြမ်းနတ်ကြမ်း
ကေတုမောင်ညိုလင်း ------------------------------- ၂၁၅
ရွှန်းစွန်းစားစား စတန့်မင်းသားများ
မောင်ချိုမင်း(ကန္တာရဝတီ) ------------------------- ၂၂၀
ဝန်းတူ-လက်ပူး ပုဂ္ဂိုလ်ထူးကြီးနစ်ယောက်
ဂုရုအောင် ------------------------------------ ၂၂၅
သုပုန်ဗိုလ်ပေါ်အိကြီးအား အသေပစ်သတ်၍ ကျွန်ုပ်ဖမ်းခဲ့စဉ်က(၂)
ရွှေဘိုဘာမထီခင်အောင် --------------------------- ၂၃၁
ကျွန်တော် လူထုပညာရေးမှူး(၅)
သုတော်စင်မင်းအောင် ----------------------------- ၂၃၆

လုပခေတ်မီ မြို့တော်ဆီသို့(၁၃)
မောင်အေးသန့် ------------------------------------ ၂၄၇
မေတ္တာရှင်(ရွှေပြည်သာ)နှင့် အီယန်သင်းစုန်၏ ဓမ္မခရီး
ဆလိုင်းရွှေလင်း ------------------------------------ ၂၅၁
တန်ခိုးရှင်
မောင်အောင်မြင့်(မိတ္ထီလာ) ------------------------- ၂၅၆
ပူဖောင်းယတြာ လုပ်ကြည့်ပါ
တက်လူမျိုးသစ် ------------------------------------ ၂၆၆
အစွမ်းထက်သော ဘဲဥယတြာ
ဂမ္ဘီရဆရာလှမျိုး(B.Sc) ---------------------------- ၂၆၉
အခါရွေး၍ ဓာတ်စာပေးပါ
မန်းသိုက်ဝင် ------------------------------------ ၂၇၂
ပဋ္ဌာန်းအကျိုး ကားမတိုး ပဋ္ဌာန်းယမိုက် ကားမတိုက်
ကြည်တင့်နိုင် ------------------------------------ ၂၇၅
ကံတက်မြန်စေရာ နဝင်းကနက္ခဒဏ်ထီးလှူပါ
မော်တင်သိန်းဇော်ဇ ------------------------------- ၂၇၇



www.burmeseclassic.com

www.burmeseclassic.com

စာ - ၁၃၆




စာ - ၂၂၃



# အတုယူမှ ချစ်ရာကျမည်

မောင်ကျေးငှက်



## ရောင်ပြန် ကဗျာကဏ္ဍ


ကြက်သားဟင်း
မြင့်မြင့်အေး —— ၂၇၉

ပြိုင်ကြသည်ဆိုရာဝယ်
သူရိန်မင်း —— ၂၇၉

စာ
သွေးရည် —— ၂၈၀

စေတနာသစ်ပင်စိုက်ကြစို့
နှင်းပန်းဖြူ(မန္တလေး) —— ၂၈၀


## ရောင်ပြန် တိုင်းရင်းဆေး


၁၂ လရာသီ စာတ်စာ(ဝါဆို-ဝါခေါင်)
ဒေါက်တာသက်ဆွေ —— ၃၀

သိထားသင့်သော အသည်းခြောက်ရောဂါ
ဒေါက်တာခိုင်(ဆေး-၂) —— ၄၀

အံ့ဖွယ်တူးဆန်း ဆေးစွမ်းကောင်းများ(၁၄)
မျိုးသန်းထွန်းကို(ရေစကြို) —— ၄၃


လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၃၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ) ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ပါသည်။ စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်း မရှိပါက တာဝန်ယူမည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ရေးရာ


ဂါးကိုးကောင်ဆရာတော်၏ အောင်စည်အောင်မောင်း
အောင်ကြောင်းဝေဖြာ ဓာတ်ယတြာ

င်းဏ္ဍနက(ခေတ္တစစ်ကိုင်းတောင်တန်း) ———— ၁၉
သိမ်းကောင်းတဲ့ ငါးသိုင်းချောင်းက မဟာဗောဓိပင်

ကိုရွှေသိမ်းအေး(ငါးသိုင်းချောင်း) ———— ၂၃
ဂါးရစ်တောင် ဓမ္မပါလတောရကျောင်း (သက်သတ်လွတ်နယ်မြေ)မှ
ဆရာတော်သခင်ကျေးဇူးရှင် အရှင်ဦးဝိသုဒ္ဓ

န်းတနော်နောင်လတ် ———— ၂၉
ရွှေတိဂုံစေတီတော်ရှိ လျှို့ဝှက်ဆန်းကြယ်သော
နေရာထူးနေရာမြတ်များ

ထမံဆရာကြီးဦးအောင်သူ ———— ဂဂ
ရွှေတိဂုံဘုရားရှိခိုးနည်းနှင့် ကျိုက်ထီးရိုးဘုရားရှိခိုးနည်း

င်းဥတ္တရ(သာပေါင်း) ———— ၉၃
ရွှေတိဂုံဘုရားကြီး၏ ကြေးစလောင်းမှာ ကောင်းမှုပြု
လှူထားသည့် အဓေဆာင်ဂါထာ

မှုံရဆရာငြိမ်း ———— ၉၇


# စွန့်စွန့်စားစား စတန့်မင်းသားများ

မောင်ချိုမင်း(တန္တရဝတီ)



သရုပ်ဆောင်မင်းသား ရှွာ

စာ - ၂၂၀


အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွှေ စာပေ
တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)
၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇






စာ - ၁၄၂

## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မဂ်လာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ———— ၂၇၅


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ———— ၂၉၄


## လှူတွေသိ နတ်တွေကြားစေ


လှူတွေသိ၍ နတ်တွေကြားစေ ———— ၂၉၆


www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

# သံသယနောက်ဆက်တွဲ

မင်းတည်တုံ့



- ပစ်တိုင်းထောင် ရုပ်ကိုမှ
ကြိုးမျှင်တွေ အထပ်ထပ်
ရစ်ပတ်ကာ နှောင်ငင်တုပ်လို့
အပြုတ်နဲ့ ဝေဒနာပွား
မဟုတ်မမှန် ဒေလ်တာများနဲ့
လုပ်ကြံနေတာလား။

- ကလိမ်စေ့ ငြမ်းဆင်လို့
ဝက်ရွှဲ ဝက်ပါမှာတော့
မြင်သမျှ အဆင်တန်ဆာတွေက
ရင်ခံစရာ အာဟာရ
ခါးလှတကား။ ။

www.burmeseclassic.com

www.burmeseclassic.com

- စိတ်ကို…
အိတ်လို လှန်ရှင်း
ပြောင်တလင်းခါအောင် လုပ်ဖို့ဆိုတာ
လွယ်တာမှ မဟုတ်ဘဲလေ။

- စိတ်ထဲကို
အိတ်ထဲသို ထည့်သလိုမျိုး
ဆိုးဆိုး…ကောင်းကောင်း
ဟောင်းဟောင်း…သစ်သစ်
ညစ်ညစ်…နွမ်းနွမ်း
ဆန်းဆန်း…ရိုးရိုး
အကုန် ထိုးထည့်လို့ မဖြစ်
သေချာစစ်ကြ၊ ဒေသနာသစ်သမျှ
ထွေတလာမညစ်မှ ဖြစ်လိမ့်မယ်။ ။




လူထုလူ (အေးဝိုင်းဇက်)

# စိတ်မာတိကာ

www.burmeseclassic.com

www.burmeseclassic.com

- လောဘရမ္မက်
ခေါင်ပေါ်တက်တော့
အပျက်သံသရာ လည်ချေ၏။

- ဒေါသမာန်တင်း
လွန်ကဲခြင်းကြောင့်
ရုပ်ဆင်းအင်္ဂါ ပျက်ရ၏။

- မောဟစုံမက်
သောကဖျက်၍
ရတက်မီးတို့ လောင်မြိုက်၏။

- မြတ်ဗုဒ္ဓ၏
သာစွကြည်လင်၊ ရေစင်သီတာ
ဓာတ်မေတ္တာဖြင့်၊ ဗျာပါမောရ
လောဘ,ဒေါသ၊ မောဟ မကျန်
မာန်မာနလွှမ်း၊ သွေ့ခြောက်ခန်း၍
အေးချမ်းခဲ့ရပါသတည်း။ ။



# မေတ္တာ၏ အာနိသင်

ဇာဃော်

www.burmeseclassic.com

မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)

# ရာဇသံ




- ဥပေက္ခာ ပွားကာပ
“အမြော်မြင် တရားမဲ့စွာ
မခေါ်ချင်ထားခဲ့တာပေါ့ . . .”လို့
ရင်ကော့ကာ သဘောရိုးနဲ့
ကျောခိုင်းခြင်း မပြုခဲ့ပါ။

- “မနေချင် သွားပေါ့ . . .
ဘယ်ခါမှ မတားဘူး”လို့လည်း
တူးခါးစွာ ဒေါသနှော
ပြောမထွက်သာ။

- ဒါကိုပင် ရောင့်တက်လို့
ထွက်ချင်ထွက်၊ ဝင်ချင်ဝင်
ဝင်ချင်ဝင်၊ ထွက်ချင်ထွက်
သာလာယံ ဇရပ်ပျက်လေလား
စည်းကမ်းဖျက် လူမိုက်စွာ
သေချာစွာ နာခံလော့။

- အတိုင်းထက် လွန်လျှင်ဖြင့်
နဂါးသွင် ပကတိကိုလ
သိသာစွာ အမောက်ထောင်လို့
လန့်ကြောက်အောင် ရုပ်သွင်ပြလိုက်မယ်
ဘုရားသခင်ကို သတိတရ
တ,ကြပေရော့ . . .။ ။
(နိုင်ငံမဲ့ ခိုးဝင်ဘင်္ဂါလီများသို့ . . .)

www.burmeseclassic.com

# မိုးကျရွှေကိုယ်များ

ဘုန်းမြင့်ချို(သာယာဝတီ)

- အစေ့ကလေး ပေါက်တာနဲ့
အညောက်က တလူလူထွက်။
မြေကထူ နေပူသပေါ့
ရေမကူတော့ မတိုးတက်။

- ပေါင်းမြက်ကိုသင်
လောင်းရိပ်ပင်ခုတ်လှဲ။
ဩဇာမြေ ရေပက်ဖျန်းတော့
လန်းဆန်းဖွံ့ကဲ။

- အမြစ်က မြေမှာစွဲ
ပင်စည်လည်း ကြီးထွားရှင်။
ဘယ်အမျိုး ဘာပင်
သိလိုချင် မေးလို့ထောက်။
အများအဖြေပေးတာက
စိတ်လေးစရာ ဖြစ်ရရှာပေါ့
အနှစ်မပါတဲ့အခင်း
အတင်းဝင်ကာ မင်းမူရောက်တဲ့
ကြက်ဆူပင်ပေါက်။ ။



ပန်းချီအောင်နိုင်လွင်

www.burmeseclassic.com

www.burmeseclassic.com

● တစ်ခါတစ်ခါ
ငါဟာ···
အရာရာကို
သာယာစေရေး၊ မျှော်လင့်တွေးလည်း။

● တစ်ခါတစ်ခါ
ငါဟာ···
စာနာအပြုံး၊ ညှာတာသုံးပြီး
ပခုံးထမ်းလို့၊ တင်ခဲ့လည်း။

● တစ်ခါတစ်ခါ၊ စေတနာသည်
မစာနာခံခက် ဟာန်တွေပျက်···။

တစ်ခါတစ်ခါ၊ စေတနာသည်
အရာမထင်၊ နာကျင်···။

ဒီလိုနဲ့ပဲ
တစ်ခါတစ်ခါ၊ စေနာသည်
အထာမကျ၊ ဗျာမလှ
အနာတရတွေနဲ့ ခရီးဆက်။ ။

ညွှပ်ပုံ-ရည်လွင်အောင်

# စေတနာအနာတရ




www.burmeseclassic.com

www.burmeseclassic.com

# ငြိမ်းချမ်းရေးမှ ငြိမ်းချမ်းရာသို့

ငှက်ပြာမောင်မောင် (ချောက်)

- အပစ်အခတ်ရပ်စဲတာနဲ့
ငြိမ်းချမ်းရေးရပြီလား . . .
ချူနာမီ
ခရမ်းလွန်ရောင်ခြည်
လျော့ပါဘူး
ရေဘေး
လေဘေး။

- သဘာဝဘေးတွေအေးလို့
ငြိမ်းချမ်းရေးရပြီလား . . .
စားရေး
ဝတ်ရေး
နေရေး။

- အရေးအားလုံး ပြည့်စုံလို့
ငြိမ်းအေးကြပြီလား . . .
ဘဝက
ဒုက္ခကို အမြဲမျက်စိကျနေတာ
အကြားမလပ်
လူဖြစ်ရတာ ဒုက္ခ
နတ်ဖြစ်ရတာ ဒုက္ခ
ဗြဟ္မာဖြစ်ရတာ ဒုက္ခ
ဘယ်မှာလဲ သန္တိသုခ
တကယ်က
ဘဝမရှိမှ
ငြိမ်းချမ်းရာ ရောက်တာ။ ။




www.burmeseclassic.com

www.burmeseclassic.com



- ညအိုငိုက်လျက်၊ လရောင်သက်နေ
ပွေ့ဖက်လေညင်း၊ သစ်ရွက်ချင်းခတ်
ဖျတ်ဖျတ်သံစဉ်၊ ပွတ်သဘင်ပွဲ
ရွက်လွှာနွဲ့ပေါ့၊ မရဲမဝံ့
စိတ်ကိုစွန့်၍၊ လူးလွန့်လူပ်ရှား
အရိပ်များကို တစ္ဆေလိုမြင်
ချောက်ချားထင်မိ။

- သီစိတ်ထဲမှာ၊ ရစ်ဝဲကာခို
ညည်းဆိုတေးသွား
"သစ်ရွက်ကြွေသံများ
ချစ်သူခြေသံတွေလား
လေတိုးသံကြား
ချစ်သူခေါ်သံလေလားကွယ်"…တဲ့။

- ငြိတွယ်စီးမျော၊ ဖွဲ့ဆိုသော တေးသွား
လွမ်းတေးချစ်တေး၊ မတွေးမိဘဲ
သံစဉ်စွဲ၍၊ နှဲ့ပျော်ဖို့ဖိတ်
မသိစိတ်က၊ အိပ်မက်အတွင်း
ခံစားရင်းသာ၊ သီချင်းတေးသွား
နှလုံးသားသို့၊ စေစားညွှန်းဆို
နှမ်းမှုပိုစေ၊ လွမ်းလိုက်လေတဲ့။

- နွေညအိပ်မက်၊ စိတ်မသက်သာ
နိုပ်စက်လာတော့၊ ချိုသာသီချင်း
ဆွေးရင်တွင်းမှာ၊ ခင်းကျင်းဟန်ကြွား
အလွမ်းတေးဖြစ်၊ မေးစက်ပေါ်ဝက်
နီးတစ်ဝက်နှင့်၊ အိပ်မက်ရည်စွ
နွေညဝယ်…။ ။

# အိပ်မက်ထဲက တေးသွားတစ်ပုဒ်

အင်ကြင်းမေ

www.burmeseclassic.com

www.burmeseclassic.com



လူ့လောကမှာ ယောကျာ်းဆိုတာ ရဲရင့်ဖျတ်လတ်ရတယ်။
အဲဒီ အရည်အချင်းမျိုး ရှိဖို့ဆိုရင် နူးညံ့ပျော့ပျောင်းတဲ့ အိပ်ရာနေရာမှာ မအိပ်ရဘူး။
အထူးသဖြင့် ပက်လက်ကုလားထိုင်ဆိုတာ
လူတွေကို သွေးလေးအောင်၊ ထိုင်မိတဲ့သူကို အပျင်းကြီးအောင် လုပ်ထားတဲ့ပစ္စည်းဖြစ်တယ်။
အသက်(၆၀)အရွယ်အထိ မအိုမင်းသေးသမျှ ကာလပတ်လုံး ပက်လက်ကုလားထိုင်ဟာ
ယောကျာ်းတစ်ယောက်ရဲ့ အနစ်နာခံနိုင်မှု၊ ဇွဲရှိမှု၊ ရဲရင့်မှု၊ ဖျတ်လတ်မှုတွေကို
စုတ်ယူလေ့ရှိတယ်။ ပက်လက်ကုလားထိုင်မှာ ထိုင်မိတဲ့ လူဟာ ဆေးလိပ်သောက်ဖို့
မီးခြစ်လောက်ကိုတောင် ထပြီး မယူချင်တော့ဘူး၊ သူတစ်ပါးကို ယူခိုင်းချင်လောက်အောင်
အသက်သာခိုစိတ်တွေ ဝင်လာတော့တယ်။
ဒီတော့ လူကလေး ပက်လက်ကုလားထိုင်ကို ကျားရဲတစ်ကောင်လို
သေမင်းလို စက်ဆုတ် ရွံရှာပေတော့ကွယ်။ ။

**မင်းသိင်္ခ**
[ဆားပုလင်းနှင်းမောင်နှင့် သေသောသူသည် သုသာန်သို့သွားသည်]



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းမှုလုံစေတီတော်

ရေခဲတောင်နှင့်၊ လှဂုဏ်ဝင့်သည့်
မြင့်လှပေပဟန်၊ မြစ်ဆိုရန်ခက်
အတက်အဆင်း၊ တိမ်စီးနှင်းသို့
မြို့ပူတာအို၊ မိုးစိုစိုလမ်း
တောင်တန်းတောင်စွယ်၊ ဝိုင်းဝိုင်းလည်၍
ချောင်းငယ်တံတား၊ လွန်ပေါ်များစွ
ရှေ့ဖျားဆက်လျှင်၊ မကြာခင်မှာ
ပင်စင် ထဝါဒမ်း၊ ရွာနမ်းခမ်းငှဲ့
မြစ်ကမ်းနဖူး၊ ရွှေရည်လူးသို့
ထူးအံ့ဖွယ်ကြုံ၊ မြင်မှယုံလိမ့်
ကောင်းမှုလုံဘုရား၊ တည်ရှိထားခဲ့
မြတ်တဲ့စေတီ၊ သူ့ဂုဏ်ရည်ကြောင့်
ရှေ့နောက်ခရီး၊ ဘုရားနီးဝယ်
ခန္တီးရှမ်းရွာ၊ လှမ်းမကွာ၍
ဘာသာကြည်ညို၊ လူထိုထိုနှင့်
တင့်တယ်အံ့မော၊ ကုသိုလ်နှောလျက်
မြတ်သောဒေသ၊ ရောက်ခဲ့ရစဉ်
စိ(ၱ)တွင်ကြည်နူး၊ ရိုကျိုးဖူးမိ
မြစ်၏အထက်က စေတီတော်။

ထိုစေတီတော်၊ ဂုဏ်ရည်ကျော်လျက်
အတိတ်ဆက်ရှိ၊ ထူးမြပေါ်ဘိတော့
"**အထက်မှာ** ကောင်းမှုလုံ
အလယ်မှာ **ရွှေစည်းခုံ**
အောက်မှာ **ရွှေတိဂုံ**" ဟု
ကောင်းမှုကျော်ကြား၊ လွန်ထင်ရှားသည့်
ဘုရားသုံးဆူ၊ ဖူးတော်မူလျှင်
လိုအင်များစွာ၊ ပြည့်စေရာမို့
နောင်လာစကား၊ မြတ်တရားနှင့်
ဘုရားဖူးမျှော်၊ ဆန္ဒပေါ်က
ဖိတ်ခေါ်ပါသည်၊ စိတ်ထားညီသည့်
တော၏ရိပ်ညို၊ ပူတာအိုလမ်း
ဓမ္မလွမ်းခြုံ၊ မြစ်ကမ်းဘုံထက်
ကောင်းမှုလုံဘုရား၊ အရောက်သွား၍
ဆုများချွေလို့၊ ဖူးမြော်စို့နော်။ ။



www.burmeseclassic.com

www.burmeseclassic.com

နဂါးကိုးကောင်ဆရာတော်၏

# အောင်စည် အောင်မောင်း အောင်ကြောင်းဝေဖြာ

# ဓာတ်ယကြာ

မင်းကက္ကန္ဒက (ခေတ္တစစ်ကိုင်းတောင်တန်း)




တစ်ခုသော ပြာသိုလပြည့်နေ့တွင် ကျွန်ုပ်သည် မန္တလေးသို့ အမေနေ့ အခမ်းအနား တက်ရောက်ရန် ရောက်ရှိလာခဲ့သည်။ အမေနေ့ အခမ်းအနားတွင် စာရေးဆရာ၊ ကဗျာဆရာများ၊ ရုပ်ရှင်စာဆို၊ လူစာဆို မြောက်များစွာနှင့် တွေ့ဆုံ၍ စကားပြောဆိုဆွေးနွေးခွင့်ရခဲ့သည်။ သို့တိုင် ကျွန်ုပ်သည် ကျွန်ုပ်နှင့် ရင်းနှီးခင်မင်သော မြို့သစ်သား စာရေးဆရာကို မတွေ့၍ မေးမြန်းရာ အိမ်နေရာ အပြောင်းအရွှေ့လုပ်နေ၍ မလာရောက်နိုင်ကြောင်း ကြားသိရသဖြင့် [illegible]ားစွာစိတ်မကောင်း ဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် မြို့သစ်သား စာရေးဆရာနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ ဆယ့်ငါးနှစ်၊ နှစ်နှစ်ဆယ်နီးပါးမျှ ရှိပြီဖြစ်သည်။ ကျွန်ုပ်သည် သူနှင့်အတူ ရွှေအောင်လံမဂ္ဂဇင်းတွင်လည်းကောင်း၊ ဂမ္ဘီရမဂ္ဂဇင်းတွင်လည်းကောင်း၊ နက္ခတ္တရောင်ပြည်မဂ္ဂဇင်းတွင်လည်းကောင်း မကြာခဏ ဆိုသလို အတူပါဝင်ရေးသားခဲ့ဖူးပြီး လူချင်းလည်း မကြာခဏ ရင်းနှီးစွာ ပြောဆိုဆက်ဆံခဲ့ဖူး၏။ ခရီးလည်းအတူထွက်ဖူး၏။ ထမင်းလည်း အတူလက်စုံစားဖူး၏။ သူသည် သူတစ်ပါး၏ ဒုက္ခသုက္ခကို ဝေမျှခံစားတတ်သူ၊ စာနာတတ်သူလည်း ဖြစ်၏။ သူတစ်ပါး၏ အခက်အခဲကို ကူညီဖြည့်စွမ်းတတ်သူလည်း ဖြစ်၏။ သို့တိုင် သူကိုယ်တိုင် အခက်အခဲတွေ့သောအခါတွင် မည်သူ့ကိုမျှ ဖွင့်ဟပြောကြားခြင်း၊ တိုင်ပင်ခြင်း၊ အကူအညီတောင်းခံခြင်း မရှိဘဲ သူ့ဒုက္ခကို သူ့ဘာသာသူ ခါးစီး၍ခံလေ့ရှိ၏။

သူသည် (၅)ကြွင်း တနင်္ဂနွေသား၊ မရဏဖွားဖြစ်သည့်အလျောက် ဆင်းရဲဒုက္ခအမျိုးမျိုးနှင့်လည်း ကြုံတွေ့ခဲ့ရ၏။ ဒုက္ခဆိုတာ ချိုနဲ့လားဆိုသည့် လူစားမျိုးလည်း ဖြစ်၏။ သူသည် (၉)ဂဏန်းသမားဖြစ်၍ ဘဝတွင် အတိုက်အခံလည်းများ၏။ သူ၏ ချစ်စရာကောင်းသော အရည်အချင်းမှာ ရိုးသားမှုနှင့် အမှန်တရားမြတ်နိုးမှုပင် ဖြစ်သည်။ သို့သော် သူ၏ ရိုးသားမှုနှင့် အမှန်တရား ချစ်မြတ်နိုးမှုကပင် တစ်ခါတစ်ရံ လူအများနှင့် ဆန့်ကျင်ဘက်ဖြစ်နေ၍ မလိုမုန်းထားမှု ခံရတတ်သည်။ မိုးခါးရေမသောက်တတ်သဖြင့် အမြဲလိုလို အထီးကျန်ဆန်နေတတ်သည်။

ကျွန်ုပ်မှာ သူ၏ ဘုကလန့်နိုင်မှု၊ ရှင်းရှင်းလင်းလင်း ပြောတတ်မှုကြောင့်ပင် သူ့ကို ပို၍ခင်နေမိသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် (၉)ဂဏန်းသမားဖြစ်၍ သူ၏ဘဝနှင့် ရုပ်တည်မှုအပေါ် စာနာနားလည်နိုင်ခဲ့သည်။

သို့ဖြင့် ကျွန်ုပ်လည်း အမေနေ့ စာပေဟောပြောပွဲ မပြီးခင်မှာပင် အဆိုပါ စာရေးဆရာရှိရာ မြို့သစ်သို့ ဆိုင်ကယ်တက္ကစီငှား၍ ရောက်ရှိခဲ့သည်။ ကျွန်ုပ်ရောက်ရှိသွားသောအခါ သူသည် ရုတ်တရက် အံ့အားသင့်သွားသည်။

ထို့နောက် ဝမ်းသာအားရ နှုတ်ဆက်ကာ သစ်ပင်အောက်၌ နှစ်ယောက်သား ခုံချ၍ ထိုင်ခဲ့ကြ၏။ သူ၏အိမ်သည် ဆောက်လက်စဖြစ်၍ နှစ်ထပ်အိမ်ကလေး ဖြစ်သည်။ တင့်တောင့်တင့်တယ် နေချင်စဖွယ်ပင်ဖြစ်သည်။

သူ့ကို ကြည့်ရသည်မှာ ပင်ပန်းနွမ်းနယ်နေပုံရသည်။ သူ့သားဖြစ်သူကို လက်ဖက်ရည် ဝယ်ခိုင်းပြီး ကျွန်ုပ်အား တိုက်သည်။

"ဘယ့်နှယ်လဲ စာရေးဆရာ၊ အိမ်တွေဘာတွေ ဆောက်လို့ပါလား၊ တော်တော်အဆင့်ပြေနေပုံရတယ်"

ဟု ကျွန်ုပ်က ဆိုသောအခါ စာရေးဆရာက ခပ်ယဲ့ယဲ့လေး ပြုံးကာ…

"ကျွန်တော်စွမ်းလို့ မဟုတ်ပါဘူး၊ နဂါးကိုးကောင် ဆရာတော်ရဲ့ ကျေးဇူးကြောင့်ပါ"

ဟု ဆို၍ သူ့အဖြစ်အပျက်တချို့ကို ပြောပြခဲ့သည်။

"ဆရာသိတဲ့အတိုင်းပဲ ကျွန်တော် မြို့သစ်က မြေကွက်ကိုရောင်းပြီး ပြင်ဦးလွင်ကို ပြောင်းနေခဲ့တယ်၊ ပြင်ဦးလွင်မှာ နှစ်နှစ်ကျော် သုံးနှစ်လောက် နေပြီးတော့ ဝယ်ထားတဲ့ မြေကွက်လေး အသိမ်းခံရတာနဲ့ မန္တလေး ပြန်ရောက်ပြီး အိမ်ငှားဘဝနဲ့ နေခဲ့ရတာ၊ ဝယ်ထားတဲ့ မြေကွက် ဆုံးရှုံးရုံတင်မကဘူး၊ အိမ်ထောင်ပရိဘောဂတွေရော စာအုပ်တွေရော ဟိုကရွှေ့၊ ဒီကရွှေ့နဲ့ နလန်ကိုမထူနိုင်ခဲ့ဘူး"

"အင်း‥ဟုတ်ပါရဲ့နော်၊ ဆရာ့အဖြစ်က မလွယ်လှပါလား၊ ပြင်ဦးလွင်မှာကော နေထိုင်ရတာ အဆင်ပြေရဲ့လား"

"ပြေပြီလား ဆရာရယ်၊ ပြင်ဦးလွင်ရာသီဥတုကလည်းကောင်း၊ တောင်ကုန်းအနိမ့်အမြင့်လေးတွေပေါ်မှာလည်း နေ့စဉ် လမ်းလျှောက်ဖြစ်တော့ ကျန်းမာရေးလည်းကောင်း၊ ဟိုကစာပေမိတ်ဆွေတွေကလည်း နွေးနွေးထွေးထွေးဆိုတော့ စိတ်လည်းချမ်းသာတယ်၊ စာတွေလည်း အများကြီး ရေးဖြစ်ခဲ့တယ်ဗျာ"

"မန္တလေး ပြန်ရောက်ပြီးတော့ရော"

"စာရေးဆရာဆိုတာ စာရေးပြီးရင် အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com

တာပဲ ဆရာရဲ့၊ ဒါပေမဲ့ ရေးရသမျှ စာမူခလေးတွေက မိုးပေါ်တင်ရတာနဲ့၊ အပြောင်းအရွှေ့စရိတ်နဲ့ ကုန်ရုံတင် ကောဘူး၊ စိတ်ပန်းလူပန်းဆိုတော့ စာမရေးဖြစ်ဘူး၊ စာမရေး ဖြစ်တော့ အဆင်မပြေဘူးပေါ့၊ တစ်ခါ တစ်ခါ အိမ်အပြောင်း အရွှေ့လုပ်ပြီး တစ်လ နှစ်လလောက် အခြေမကျသေးတော့ စာကောင်းကောင်းမရေးဖြစ်ဘူးဗျာ၊ တော်တော်လေး အရှိန် ပြန်ယူရတာ"

"ဒါနဲ့ နဂါးကိုးကောင်ဆရာတော်အကြောင်း ဆက်ပါဦး"

"ဟုတ်ကဲ့၊ ဒီလိုပါ ဆရာ၊ တစ်နေ့တော့ ကျွန်တော်လည်း မဂ္ဂဇင်းတွေ စာစောင်တွေထဲမှာ ဖတ်ရတဲ့ အောင်ပင်လယ်က စောမွန်လှ မြတဘက်စေတီကို သွားပြီး ဆရာတော်မြတ်ကို ဆုတောင်းခဲ့တယ်၊ ခုလို စက်ဘီး ကလေး ချောက်ချက်နဲ့ ပြေးလွှားရတဲ့ဘဝက လွတ်ရပါစေ လို့ပေါ့၊ သိပ်မကြာပါဘူး၊ နဂါးကိုးကောင်ဆရာတော်ကပဲ ကျွန်တော့်အသက်အရွယ်နဲ့ စက်ဘီးကလေးစီးပြီး ရုန်းကန် နေရတာ မကြည့်ရက်လို့ဆိုပြီး ဆိုင်ကယ်တစ်စီး ပေးလာ တယ်ဗျ"

"ဒါတော့ ဆရာရယ်၊ ဆရာ မြတဘက်ဘုရား မှာ ဆုတောင်းအဓိဋ္ဌာန်တာသိလို့၊ အဓိဋ္ဌာန်လည်းအောင်ရာ ရောက်အောင် ဆရာလည်း အဆင်ပြေပါစေဆိုပြီး ချီးမြှင့် တာနေမှာပေါ့"

"မဟုတ်သေးဘူး ဆရာရဲ့၊ ကျွန်တော် ပြောပြ တာ သေချာနားထောင်ပါဦး၊ စောမွန်လှ မြတဘက်စေတီ မှာ ဆုတောင်းအဓိဋ္ဌာန်ပြုတဲ့လူတွေ အောင်မြင်တာ ကျွန်တော့်ကိုယ်တွေ့ပဲ ဆရာရဲ့၊ ဒါပေမဲ့ နဂါးကိုးကောင် ဆရာတော်ကိုယ်တိုင် ရန်ကုန်ကနေ မြတဘက်ဘုရားမှာ (၄၅)ရက် အဓိဋ္ဌာန်ဝင်ရင်း ရောက်ရာကနေ အစ်မတော်က ပြန်မလွှတ်တော့ဘဲ ခုလို သာသနာပြုနိုင်အောင် နတ်ကောင်း နတ်မြတ်တွေ ကူညီမှိုင်းမတယ်ဆိုတော့ တခြားလျှို့ဝှက်ချက် ရှိဦးမယ်ဆိုပြီး ကျွန်တော်လည်း အမြဲတမ်း ဆရာတော်နား ချဉ်းကပ်ပြီး လေ့လာနေခဲ့တာ"

"အဲဒီတော့ ဘာထူးခြားလဲ"

"ထူးခြားတာပေါ့ ဆရာရယ်၊ ဆရာတော်က နေ့စဉ် နံနက် ဘုရားဝတ်ပြုဆုတောင်း၊ မေတ္တာပွား အမျှ အတန်းပေးဝေပြီး အောင်စည်အောင်မောင်း တီးလာတာ နှစ်(၂၀)ကျော်ပြီဗျ"

"အင်း ဆက်စမ်းပါဦး"

"အစတော့ ကျွန်တော်လည်း အံ့မှုမဲ့အမှတ်မဲ့ပါပဲ၊ နောက် ဆရာတော်နဲ့အတူ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံတန်း က အောင်ချမ်းသာ ဆန်ပွဲရုံရောက်တော့လည်း ခုလိုပဲ ဘုရားရှိခိုး၊ မေတ္တာပို့ အမျှဝေပြီးတာနဲ့ အောင်စည်အောင် မောင်း တီးတာတွေ့ရတယ်။ ကျွန်တော် မေးကြည့်တော့ နဂါးကိုးကောင်ဆရာတော် ချီးမြှင့်တဲ့ ဝိဇ္ဇာခတ်လို့ သိရ တယ်၊ အောင်ချမ်းသာပွဲရုံ ဆိုတာက မကြည်ကြည်ညွန့်၊ မကြည်ကြည်မြင့် ညီအစ်မနှစ်ယောက် ဦးစီးပြီး သာမန် ဆန်ရောင်းဝယ်ရေးလုပ်ငန်းလေးကနေ ဆန်ပွဲရုံကြီးဖြစ်လာ တာ၊ ခုဆို ဆန်ပွဲရုံ၊ ဆန်ရောင်းဝယ်ရေးမကတော့ဘဲ ဆန်စက်ပိုင်ရှင် ဖြစ်ရုံမက ဇမ္ဗူထိပ်အောင်ချမ်းသာ အပြည် ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် ဖြစ်နေပြီ၊ ချမ်းသာလိုက် တာလည်း မပြောပါနဲ့တော့၊ လှူတဲ့တန်းတဲ့နေရာမှာလည်း မြန်မာနိုင်ငံတစ်နံတလျား သူတို့ မလှူဖူးတဲ့နေရာ မရှိတော့ ဘူး၊ ဒါတင်မက အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်မှာထိ ဘုရား တွေ၊ ကျောင်းတွေ၊ ရိပ်သာတွေ လှူတန်းထားတာကလား။

အဲဒီတော့ ကျွန်တော်လည်း နဂါးကိုးကောင်ဆရာ တော်ကို လျှောက်တော့တာပေါ့၊ ဆရာတော်ဘုရား သူများ တွေကိုတော့ ချမ်းသာအောင် မ,တယ်၊ တပည့်တော်လည်း မ,ပါဦး၊ အောင်ချမ်းသာလို အောင်စည်အောင်မောင်း လုပ် လို့ရမလားမေးတော့ ဆရာတော်က 'ဒါက တောင်းမှပေး လို့ရတာ၊ မေးမှဖြေလို့ရတာ၊ ခင်ဗျား ဒီအရင်က မေးဖူး တောင်းဖူးလို့လား၊ မတောင်းဘဲ ပေးလို့မရဘူး၊ အခု ခင်ဗျားတောင်းတော့ ကျွပ်ပေးမယ်၊ မနက်တိုင်း ဘုရားရှိခိုး၊ ဆီမီး၊ ရေချမ်း၊ ပန်း၊ အမွှေးတိုင် ပူဇော်၊ မေတ္တာဘာဝနာ ပွားများပြီး မေတ္တသုတ် ပရိတ်တော်ရွတ်၊ ပြီးရင် ဥဒ္ဒါန်း ပုတီးစိပ်၊ အဓိဋ္ဌာန်နဲ့ နိုင်သလောက်လုပ်၊ ရသလောက်



www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်း၊ မပျက်စေနဲ့လို့ မိန့်တယ်ဗျ"

"ဒီတော့ ခင်ဗျားက အဲဒီအတိုင်း လုပ်သေးလား"

"နေဦး ဆရာရဲ့၊ မပြီးသေးဘူး၊ အဲဒီလို မေတ္တာသုတ်ရွတ်၊ ပဋ္ဌာန်းပုတီးစိပ်ပြီး အောင်စည်(၉)ချက်တီး၊ အောင်မောင်း(၉)ချက် ခေါက်လို့ ခိုင်းတယ်၊ ဒါပေမဲ့ ကျွန်တော်က ဆရာတော်ဘုရား မေတ္တာသုတ် ပရိတ်ရွတ်၊ ပဋ္ဌာန်းပုတီးစိပ်တာက ဟုတ်ပါပြီ၊ တပည့်တော်မှာက အောင်စည်လည်း မရှိ၊ အောင်မောင်းလည်း မရှိဘူးဆိုတော့ ဆရာတော်က ၉ လက်မ အောင်မောင်းလေးတစ်လုံး ဝယ်ပေါ့ဗျာ၊ အဆင်ပြေလာတော့ သည့်ထက်ကြီးတာ ဝယ်ပေါ့လို့ပြောပြီး အောင်စည်အောင်မောင်း ဝယ်ဖို့ ငွေကျပ် သုံးသောင်းထုတ်ပေးတယ်ဗျ"

"တယ်ဟုတ်ပါလား၊ ဆက်စမ်းပါဦး"

"ဒီလိုနဲ့ ကျွန်တော်လည်း ချက်ချင်းပဲ မဟာမြတ်မုနိဘုရားကြီးဈေးတန်းသွားပြီး အောင်စည် အောင်မောင်း ဝယ်လိုက်တယ်၊ ပြီးတော့ ဆရာတော် မိန့်တဲ့အတိုင်း နံနက်တိုင်း ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ပြီး အောင်စည်အောင်မောင်း တီးခဲ့တာ ခုဆရာမြင်တဲ့အတိုင်းပဲ အိမ်လေးတစ်လုံးလည်း ဆောက်နိုင်ခဲ့ပြီ၊ ဆိုင်ကယ်လည်း တစ်စီးမဟုတ်တော့ဘူး၊ နှစ်စီး သုံးစီး စီးနိုင်နေပြီ၊ ဆရာတော်ရဲ့ မေတ္တာကြောင့် သားသမီးတွေလည်း လိမ္မာပြီး အလုပ်အကိုင်တွေ အဆင်ပြေလာတယ်"

ဟု ရှည်လျားစွာ ပြောပြလေရာ ကျွန်ုပ်မှာ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင် အင်းလိုက်ရင်း စာရေးဆရာ အိမ်မှာ ဘုရားခန်းကို ကြည့်ခွင့်ရမလားဟု မေးရာ၊ အိမ်မှာ ဆောက်လက်စတန်းလန်း ဖြစ်သော်လည်း ဘုရားကျောင်းဆောင်ကို ဦးစားပေး ဆောက်လုပ်ထားပြီးဖြစ်၍ ကျွန်ုပ်အား အိမ်ပေါ်သို့ ခေါ်သွား၏။ ကျွန်ုပ် မျှော်လင့်သည့်အတိုင်းပင် ဘုရားကျောင်းဆောင်တွင် အောင်သပြေပန်းများ၊ ရွက်လှပန်းများ ဝေဝေဆာဆာ တွေ့ရပြီး သောက်တော်ရေခွက်များလည်း ကပ်လှူထားသည်ကို တွေ့ရ၏။ ထွန်းလက်စ အမွှေးနံ့သာတိုင်များ၊ ဆီမီးအလင်းတိုင်များလည်း တွေ့ရ၏။ ရုပ်ပွားဆင်းတုတော်မှာလည်း ပလ္လင်တော်နှင့်တကွ ရွှေဆိုင်းချထားပြီး ရောင်ခြည်တော် မီးများ ပူဇော်ထားလေရာ လွန်စွာကြည်ညို သပ္ပာယ်လှသည်။ ကျွန်ုပ်လည်း ဦးစွာ ဘုရားဝတ်ပြု၍ ဘုရားကျောင်းဆောင်၏ ဘေးတစ်ဖက်တစ်ချက်တွင် ချိတ်ဆွဲထားသော ၉ လက်မ အောင်စည်တော်နှင့် အောင်မောင်းကို တွေ့လိုက်ရ၏။ အမျှဝေပြီး ကြေးစည်ထုရင် ကြေးစည်တစ်လုံးကိုလည်း အလယ်မှာ ချိတ်ဆွဲထား၏။ ထို့ပြင် ဘုရားကျောင်းဆောင်ရှေ့တွင် ကျေးဇူးရှင် နဂါးကိုးကောင်ဆရာတော်၏ ဓာတ်ပုံကိုလည်း မှန်ဘောင်သွင်း၍ ချိတ်ဆွဲထားသည်ကို တွေ့လိုက်ရသည်။

"ကျေးဇူးပဲ စာရေးဆရာရေ၊ ကျုပ်တော့ ခင်ဗျား ဆီလာရတာ လာရကျိုးနပ်သွားပြီ၊ ကျုပ်လည်း ဆယ်နှစ်ဆယ်မိုး ရေးခွင့်မပြုလို့ ငြိမ်နေခဲ့ရတဲ့ နဂါးကိုးကောင်ဆရာတော်အကြောင်း ရေးနေတာ၊ ခုဆိုရင် အောင်စည်အောင်မောင်း ယတြာပါ ရေးလို့ရသွားပြီ၊ ကျုပ်ကိုယ်တိုင်လည်း စစ်ကိုင်းမှာ ဘုရားတစ်ဆူတည်ဖို့ အဓိဋ္ဌာန်ပြုထားတာရှိတယ်၊ အဲဒီတော့ ဒီကပြန်တာနဲ့ ဘုရားကြီးစောင်းတန်းဝင်ပြီး အောင်စည်အောင်မောင်း ဝယ်သွားတော့မယ်"

ဟု ပြောလိုက်ရာ စာရေးဆရာမှာ ကျေနပ်အားရစွာဖြင့်...

"ရေးပါ ဆရာ၊ ရေးပါ ရေးပါ၊ ဒါလည်း ကုသိုလ်ပြုခြင်းတစ်မျိုးပါပဲ၊ သူများအကြောင်းလည်း ကိုယ်ရေးတာပဲ၊ ကိုယ့်အကြောင်းလည်း သူများ ရေးပါစေပေါ့၊ ဘာပဲဖြစ်ဖြစ် နေတတ်ရင် ကျေနပ်စရာပါ"

ဟူ၍ ပြောလေရာ ကျွန်ုပ်လည်း စာရေးဆရာအား လက်ဆွဲနှုတ်ဆက်၍ ပြန်လာခဲ့သည်။

စာရေးဆရာထံမှ ပြန်လာရင်း 'မေတ္တာ'(၅-၇) 'ပဋ္ဌာန်း'(၅-၇)၊ 'ပုတီး'(၅-၇) ဖြစ်၍ ဓာတ်တူနာမ်တူ အကျိုးထူးပေးလေသလားဟု စဉ်းစားနေမိပါတော့သည်။

**မင်းဣန္ဒက(ခေတ္တစစ်ကိုင်းတောင်တန်း)**

*(မှတ်ချက် - ၄င်းအောင်စည်အောင်မောင်း ဓာတ်ပုံများကို ဆရာမ ဒေါက်တာစောယုနွယ်၏ ၂၀၁၈ ခုနှစ် ရွှေမင်္ဂလာ ပြက္ခဒိန်တွင် ဖော်ပြထားပါသည်)*



www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းကောင်းတဲ့ ငါးသိုင်းချောင်းက မဟာဗောဓိပင်

## ကိုရွှေသိမ်းအေး(ငါးသိုင်းချောင်း)



ရေတံခွန်ကျောင်းရှိ စေတီနှစ်ဆူ

### ဗောဓိပင်အဓိပ္ပာယ်

ဗောဓိပင်ဆိုသည်မှာ ဘုရားရှင်တို့သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင် ထူးသစ်ပင်မြတ်ပင်ဖြစ်၏။ ဗောဓိပင်ဟူသော ပါဠိတော် သည် သိမြင်တော်မူခြင်းဟု အဓိပ္ပာယ်ရပါသည်။ ယင်း အဓိပ္ပာယ်အရ ပါဠိစာပေ၌ ဗောဓိသည် အရိယာမဂ်၊ သဗ္ဗ ညုတဉာဏ်တော်သည် ဗောဓိပင်ဟူသော အနက်သုံး မျိုးတို့ကို ဟော၏။

အရိယာမဂ်သည် သစ္စာလေးတန်တရားမှန်ကို သိ မြင်တတ်သောကြောင့် ဗောဓိမည်၏။ သိသင့်သမျှ ဉေယျ တရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတဉာဏ် တော်သည် ဗောဓိမည်၏။ ဘုရားရှင်တို့ပွင့်တော်မူရာ သစ်ပင်ကိုကား သစ္စာလေးပါး ဉေယျတရားတို့ကို ပိုင်းခြား ထင်ထင်သိမြင်တော်မူရာ ဖြစ်သောကြောင့် ဗောဓိပင်ဟု ခေါ်ပေသည်။

ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရား ရှင်တို့ပွင့်တော်မူရာ သစ်ပင်များမှာ အင်ကြင်းပင်၊ ကုက္ကိုလ် ပင်၊ ရေသဖန်းပင်၊ ပင်ညောင်ပင်တို့ဖြစ်ကြ၏။ ယင်းအပင် များသည် အဆိုပါဘုရားရှင်တို့၏ သာသနာတော်၌ ဗောဓိ ပင်တို့ မည်ကုန်၏။ ထို့ကြောင့် မည်သည့်သစ်ပင်ကိုမဆို ဘုရားရှင်တို့ သစ္စာလေးပါးတရားကို သိမြင်တော်မူရာ သစ်ပင်ဖြစ်လျှင် ဗောဓိပင်ဟူသော အမည်ထူးကိုရပေ သည်။

ကျွန်တော်တို့၏ ဂေါတမဘုရားရှင် သစ္စာလေးပါး မြတ်တရားကို သိမြင်တော်မူရာသစ်ပင်မှာကား ညောင်ဗုဒ္ဓ ဟေ (ညောင်နီ)ပင် ဖြစ်၏။ ထိုညောင်ဗုဒ္ဓဟေပင်သည် ဂေါတမဘုရားရှင် သာသနာ၌ ဗောဓိပင်မည်၏။ ယင်း ဗောဓိပင်သည် ဂုဏ်အားဖြင့်ကြီးမြတ်သည့် သဘောရှိသော ကြောင့် မဟာဗောဓိပင်ဟု ခေါ်ဝေါ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com





*ရေတံခွန်ကျောင်းရှိ မဟာဗောဓိပင်*

## မဟာဗောဓိပင်ကို ဘုရားရှင်ကိုယ်စား လူအများကိုးကွယ်ခွင့်ပြုပုံ

အခါတစ်ပါး၌ ဘုရားရှင်သည် သတ္တဝါများကိုချီးမြှောက်တော်မူရန် ဒေသစာရီကြွချီတော်မူနေ၏။ ထိုစဉ် သာဝတ္ထိပြည်သူတို့သည် ပန်းနံ့သာစသည်တို့ကို ကိုင်ဆောင်ကြလျက် ဘုရားရှင်ကိုဖူးမြော်ကြရန် ဇေတဝန်ကျောင်းတော်သို့ သွားရောက်ကြရာ ဘုရားရှင်ကို မဖူးကြရပေ။ ဤတွင် ပူဇော်ရန်ယူဆောင်လာသော ပန်းနံ့သာစသည်တို့ကို ဂန္ဓကုဋီတံခါးဝ၌ ပစ်ချကြပြီး စိတ်လက်မကြည်မသာဖြင့် ပြန်သွားကြရ၏။ ဤအကြောင်းကို အနာထပိဏ်သူဌေးကြီးသိရှိ၍ အရှင်အာနန္ဒာအား အကြောင်းစုံလျှောက်ထား၏။ ဤတွင် အရှင်အာနန္ဒာသည် ဘုရားရှင်ကို လျှောက်ထားခွင့်ပန်လေရာ ဘုရားရှင်ကိုယ်စား "မဟာဗောဓိပင်"ကို လူအများ ကိုးကွယ်ပူဇော်ကြရန် ဘုရားရှင်က ခွင့်ပြုခဲ့လေသည်။

ထို့ကြောင့် အရှင်အာနန္ဒာသည် မူလမဟာဗော[ဓိ]ပင်မှ အစေ့ကိုယူဆောင်၍ ဇေတဝန်ကျောင်းတော်တံခါးမု[ခ]၌ အခမ်းအနားဖြင့် စိုက်ပျိုးခဲ့သည်။ ထိုစိုက်ပျိုးပွဲအခမ်[း]အနားသို့ ရဟန္တာမထေရ်ကြီးများ၊ ကောသလမင်းကြီး[း] အနာထပိဏ်သူဌေးကြီး၊ ဝိသာခါစသော ပုဂ္ဂိုလ်ကြီးများ တက်[ရ]ောက်ခဲ့ကြသည်။ ထိုမဟာဗောဓိပင်ရင်း၌ ဘုရားရှင်သည် တစ်ညဉ့်ပတ်လုံး သမာပတ်ချမ်းသာ ခံစား၍နေတော်[မူ]သည်။ ထိုမဟာဗောဓိပင်ကား အရှင်အာနန္ဒာ[မထေ]ရ်ကြီးမှုူးစိုက်ပျိုးသော ဗောဓိပင်ဖြစ်သောကြောင့် အာနန္ဒာ ဗောဓိပင်ဟု အမည်တွင်လေသည်။ ဘုရားရှင်[ထ]င်ရှား ရှိစဉ်ကပင် မဟာဗောဓိပင်ကို ဘုရားရှင်ကိုယ်စား လူအများကစတင် ကိုးကွယ်ပူဇော်ခဲ့ကြခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ ဒွါရဂိုဏ်းကို တည်ထောင်ခဲ့သော
အုတ်ဖိုဆရာတော် ဘဒ္ဒန္တဥက္ကံသမာလာ



ငါးသိုင်းချောင်းမြို့ ရေတံခွန်ကျောင်းဆရာတော်
ဦးပညာဗလ

## ဗောဓိပင်ကို ကုသိုလ်ပြုပုံအမျိုးမျိုးနှင့် ရရှိသော အကျိုးကျေးဇူး

ဗောဓိရောပကထေရ်သည် တိဿဘုရားရှင်အမှီပြုပွင့်တော်မူရာ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ခြင်းကြောင့် အပါယ်လေးပါးသို့ကျရောက်ကျင်လည်ရခြင်း မရှိတော့ပေ။ နတ်မင်း၊ စကြာဝတေးမင်းအဖြစ် ခံစားရလေသည်။ ဂေါတမဘုရား ပွင့်ဘော်မူရာကာလဝယ် ခုနစ်နှစ်သား အရွယ်တွင် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ခဲ့လေသည်။

ဗောဓိသဉ္စကထေရ်သည် ဝိပဿီမြတ်စွာဘုရား၏ အမှီသဟဲပြုပွင့်တော်မူရာ သခွတ်ဗောဓိပင်ကို ကြည်လင်သန့်စင်သော ရေလောင်းပူဇော်ခဲ့သောကြောင့် အပါယ်လေးပါး ပိတ်၍ မင်းအဖြစ်ရခဲ့ကာ ဂေါတမမြတ်စွာဘုရားရှင် သာသနာဝယ် ရဟန္တာဖြစ်ခဲ့လေသည်။ ဝိပဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သခွတ်ဗောဓိပင်ကို မြတ်စွာဘုရားရှင်နှင့် အာရုံတန်းတူထား၍ ဝတ်မပျက် ယုံကြည်လေးနက်စွာဖြင့် ဆည်းကပ်ကိုးကွယ်သော ဗောဓိစန္ဒကထေရ်သည်လည်း ၉၁ ကမ္ဘာမျှကာလပတ်လုံး အပါယ်လေးပါး မကျရောက်တော့ဘဲ ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင် ရဟန္တာဖြစ်ခဲ့လေသည်။ အခြားတူပင် ဗောဓိပင်ကို ရှိခိုးပူဇော်သူ ဗောဓိဥပဋ္ဌာကထေရ်နှင့် သဲဖြူဖြင့်ပူဇော်သူ ပုဠိနပူဇကထေရ်တို့သည် သေလွန်

www.burmeseclassic.com

သော် အပါယ်မကျရောက်ဘဲ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ကြလေသည်။

ဗောဓိပင်များကို ရေဖွေးလောင်းသူ ဂန္ဓောဒကိယမထေရ်၊ ဆီမီးငါးတိုင်ထွန်းညှိပူဇော်သူ ဒီပကထေရ်နှင့် ပန်းလှူသူ ဥပ္ပလတိပုပ္ဖိယထေရ်တို့သည်လည်း အပါယ်ကံခါးပိတ်ကာ နတ်စည်းစိမ်များ ခံစားပြီး ဂေါတမမြတ်စွာဘုရားရှင် သာသနာမှာ ရဟန္တာများဖြစ်ကြလေသည်။ ဗောဓိပင်ကို အကာအရံလှူသူ ဗောဓိကာရထေရ်၊ စံကျောင်းလှူသူ ဗောဓိကာရဒါယကမထေရ်နှင့် ဗောဓိပင်ကို သမံတလင်းခင်းသူ ဇာကတိဒါယကထေရ်တို့သည်လည်း အပါယ်လေးပါး မကျရောက်သည့်အပြင် ရန်သူမျိုးငါးပါး ဘေးအန္တရာယ်များမှ လွတ်ကင်း၍ လူချမ်းသာ၊ နတ်ချမ်းသာ ဘဝများစွာ ကျင်လည်ခံစားကြပြီး ဂေါတမမြတ်စွာဘုရား၏ သာသနာတော်တွင် ရဟန္တာအသီးသီး ဖြစ်ကြရလေသည်။



ရေတံခွန် ဘုန်းတော်ကြီးကျောင်း

အလားတူပင် တိဿဘုရားရှင် အမှီပြုပွင့်တော်မူရာ ပိတောက်ဗောဓိပင်ကို ရှိခိုးပူဇော်ယပ်ခပ်ခဲ့သော ကုသိုလ်စေတနာကြောင့် ဗီဇိယထေရ်သည် အပါယ်လေးပါးသို့ မကျရောက်တော့ဘဲ ဤဘဒ္ဒကမ္ဘာ ဂေါတမဘုရားရှင်၏ သာသနာတော်တွင် ရဟန္တာအဖြစ်သို့ ရရှိခဲ့လေသည်။ ဗောဓိပင်ကို ကုသိုလ်ပြုပုံအမျိုးမျိုးနှင့် ရရှိသော အကျိုးကျေးဇူးများကား ရေးသားလို့ပင် မကုန်နိုင်ပေ။ ဗောဓိပင်ကို အလေးအမြတ် ပူဇော်ခြင်းသည် ဘုရားရှင်၏ သဗ္ဗညုတဉာဏ်ကို သွယ်ဝိုက်သောသဘောအားဖြင့် ပူဇော်ခြင်းလည်း မည်ပါသည်။

## ဗောဓိကိုင်းကို ဖြတ်ကောင်းပုံ

ဗောဓိပင်ကို ပရိဘောဂစေတီအဖြစ် ရှိသေမြတ်နိုး ရှိခိုးပူဇော်ကန်တော့ထိုက်သလို ဗောဓိပင်စည်ပင်သာယာအောင် ပြုပြင်ဖြတ်တောက်ကောင်းပါသည်။ ဓာတ်တော်နှင့်တကွ စေတီမတော်၊ ရုပ်ပွားတော်၊ ဆင်းတုတော်တို့ကို ထိုးဖျက် နှိပ်စက်နေသော ဗောဓိကိုင်းကိုဖြတ်ကောင်းသည်။ ထိုဗောဓိကိုင်းကို နားနေကြသောငှက်တို့သည် စေတီတော်၌ ကျင်ကြီး၊ ကျင်ငယ်စွန့်ချအံ့။ ထိုဗောဓိကိုင်းကို ဖြတ်ကောင်းသည်။

ဓာတ်တော်ကျောင်းကိုထိုးနေသော ဗောဓိကိုင်းကို ဖြတ်ကောင်းသည်။ စေတီတော်၏ဖိနပ်အကြည်ကို ဖျက်ဆီး၍သွားသော ဗောဓိမြစ်ကိုလည်း ဖြတ်တောက်ဖယ်ရှားကောင်းပါသည်။ ဗောဓိပင်ကို စည်ပင်အောင် ပုပ်ဆွေးသော နေရာများကို ဖြတ်တောက်ပြုပြင် စီရင်သင့်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းများသည် ဘုရားရှင်အား ပြုစုသကဲ့သို့ ကုသိုလ်ကောင်းမှု တိုးပွားအကျိုးများစွာရပါသည်။

## မဟာဗောဓိပင်များ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာပုံ

မဟာဗောဓိပင်ပွားများသည် မြန်မာနိုင်ငံ သာသနာရောက်စကပင် ရောက်လာခဲ့သည်ဟု ယူဆ သည်။ မြန်မာနိုင်ငံ၌ မဟာဗောဓိပင် စိုက်ပျိုးသည့်အကြောင်းကို အစောဆုံးတွေ့ရသည့် အချိန်ကား သက္ကရာဇ် ခုနှစ်တွင် ပုဂံ၌နန်းတက်တော်မူသည့် အလောင်းစည်သူ



www.burmeseclassic.com

www.burmeseclassic.com

ဖြေးတော်) နရပတေ့စည်သူမင်းလက်ထက် ဖြစ်သည်။ ထိုမှစ၍ မင်းအဆက်ဆက်တို့ မဟာဗောဓိပင်များကို စိုက်တော်မူခဲ့ကြသည်။ ပြည်သူတို့လည်း စိုက်ခဲ့ကြသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် မြန်မာ့လွတ်လပ်ရေးနေ့တွင် ရွှေတိဂုံစေတီတော်၏ရင်ပြင်တော် အနောက်မြောက် (ရာဟုထောင့်)မှာ အိန္ဒိယပြည်ရှိ မဟာဗောဓိပင်မှ အကိုင်းကိုယူ၍ စိုက်ပျိုးခဲ့ကြောင်း မှတ်သားခဲ့ရသည်။ ထို့ပြင် ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့တောင်ထောင့် (အဂ္ဂိထောင့်) အတွင်းဘက်တွင် ဗုဒ္ဓဂယာရှိ ဗောဓိညောင်မှအစေ့ကိုယူ၍ ပျိုးထားသော ဗောဓိညောင်ပင်ကြီးတစ်ပင်လည်း ရှိသေးသည်။ ဤညောင်ပင်ကား ကဆုန်လပြည့်နေ့တွင် ရွှေတိဂုံကုန်းတော်ပေါ်၌ နှစ်စဉ်ကဆုန်ညောင်ရေသွန်းပွဲတော် ခမ်းနားစွာကျင်းပရာ ဗောဓိပင်ကြီး ဖြစ်လေသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံအရပ်ရပ်သို့ မဟာဗောဓိပင်များ ပြန့်ပွားသယ်ယူစိုက်ပျိုးကြရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် သမိုင်းကောင်းတဲ့ ငါးသိုင်းချောင်းမြို့က မဟာဗောဓိပင်ကြီးမှာ ရွှေတိဂုံစေတီရှိ မဟာဗောဓိပင်ထက်ပင် သမိုင်းစောကြောင်း တွေ့ရှိရပေသည်။ မြန်မာပြည်ရှိ ဒွါရဂိုဏ်းကို တည်ထောင်ခဲ့သော အုတ်ဖိုဆရာတော်ကြီး ဘဒ္ဒန္တဉက္ကံသမာလသည် ဘုရားရှင်ပွင့်တော်မူရာ မဇ္ဈိမတိုက် ဗုဒ္ဓဂယာမြို့ရှိ မဟာဗောဓိပင်ကို ရှိခိုးပူဇော်ရန် သွားရောက်လိုပေသည်။



စာရေးသူ

ထိုအခါ ပုသိမ်မြို့သား ဒါယကာတို့က စရိတ်ကြေးငွေ အလုံအလောက်စုဆောင်း၍ ဆရာတော်ကြီး၏ကပ္ပိယအား အပ်နှင်းကြသည်။ "အရှင်ဘုရား အလိုရှိတော်မူရာ အရပ်သို့ကြွတော်မူပါ" ကပ္ပိယကာရကတို့က သင်္ဘောလက်မှတ်၊ ရထားလက်မှတ်နှင့်တကွ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ကပ်လှူကြပါလိမ့်မည်"ဟု လျှောက်ထားကြသည်။

ဆရာတော်ကြီးက လိုက်လိုသော တပည့်သံဃာတော်ရှစ်ပါးနှင့် ဒါယကာသုံးယောက်တို့နှင့်အတူ ၁၂၄၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်နေ့ မဟာဗောဓိသို့ ကြွရောက်တော်မူသည်။ ထိုအခါ မဟာဗောဓိပင်ကြီး ကွယ်လွန်တော်မူ၍ ထိုနေရာ၌ မဟာဗောဓိပင်ငယ်သာ ထင်ရှားရှိလေသည်။

ဆရာတော်ကြီးသည် ကျမ်းဂန်၌ လာရှိသော အမှတ်အသားအတိုင်း တပည့်များနှင့် တိုင်းထွာ၍ သတ္တဋ္ဌာန သီတင်းသုံးရာဋ္ဌာနတို့ကို ရည်မှတ်တော်မူလျက် "သတ္တဋ္ဌာန ဗောဓိဝန္ဒနာရှိခိုးဂါထာ"တို့ကို စီကုံးတော်မူကာ မဟာဗောဓိပင်တွင် ငါးရက်တိုင်တိုင် ရှိခိုးပူဇော်တော်မူလေသည်။

အုတ်ဖိုဆရာတော်ကြီး မဟာဗောဓိပင်ကို ရှိခိုးပူဇော်ရန် ကြွရောက်ကြောင်း သင်္ဂဇာဆရာတော်ကြားသိလေလျှင် "မင်းတို့ဆရာ အုတ်ဖိုမောင်ဉက္ကံသမာလက မဟာဗောဓိပင်ကို ရှိခိုးသွားကြောင်း သိရပါတယ်။ ဆိတ်စားညောင်ပင်ကိုပါ ရှိခိုးပူဇော်ရမှာပဲ"ဟု မိန့်တော်မူလေသည်။

မဟာဗောဓိပင်ကို ရှိခိုးပူဇော်ကြောင်းများကို နောင်လာနောက်သားတို့သိစေရန် "ဗောဓိရှောင်ရှောက်ကို ရေးသားတော်မူခဲ့လေသည်။ ဆရာတော်ကြီးသည် မဟာဗောဓိ



www.burmeseclassic.com

www.burmeseclassic.com

ပင်ကို ရှိခိုးပူဇော်ပြီးလျှင် ဗောဓိကိုင်းများကို မြန်မာပြည်တွင် စိုက်ပျိုးရန် သယ်ဆောင်လျက် ကာလကတ္တားသို့ကြွရောက်၍ သင်္ဘောစီးရန် စောင့်ဆိုင်းနေတော်မူလေသည်။

ထိုအချိန်တွင် မြင်းကွန်းမင်းသားကြီး သုမဟာသီရိဓမ္မာရာဇာသည် ဗာရာဏသီမြို့၌ အစောင့်အကြပ်များနှင့်မြို့ချုပ်ခံနေရလေသည်။ သို့ဖြစ်၍ မြင်းကွန်းမင်းသားကြီးက ဆရာတော်ကြီး မဟာဗောဓိပင်သို့ ကြွလာတော်မူသည်ကို သိရှိလေလျှင် အကြီးတော်တစ်ယောက်ကို စေလွှတ်လျှောက်ထားလေသည်။ "တပည့်တော်သည် ယခုအခါ သွားလိုရာ မသွားရ၊ နေလိုရာမနေရ အလွန်းကျဉ်းမြောင်းကျပ်တည်း လှပါတယ်ဘုရား။ အရှင်သူမြတ်ထံ ကိုယ်တိုင်လာရောက် မရှိခိုးနိုင်ပါ။ အရှင်မြတ်ကဲ့သို့ သီလဝန္တသိက္ခာကာမပုဂ္ဂိုလ်များကို ရှိခိုးပါက ကျဉ်းမြောင်းခြင်းမှလွတ်ကင်းလိမ့်မည်ဟု နှလုံးပိုက်၍ အပင့်စေလွှတ်ရပါသည်။ ကြွလာတော်မူ၍ တပည့်တော်၏ရှိခိုးပူဇော်ခြင်းကို ခံတော်မူပါဘုရား"ဟု ပင့်လျှောက်လွှာမှာ ပါရှိလေသည်။

ထိုအခါ ဆရာတော်ကြီးက "ယခုမြန်မာပြည်သို့ ပြန် ရန် တပည့်အပေါင်းနှင့်တကွ သင်္ဘောလက်မှတ်ယူပြီးသည်ကတစ်ကြောင်း၊ နာမကျန်းသော တပည့်များရှိသည်ကတစ်ကြောင်းကြောင့် ဆရာတော် မလိုက်နိုင်ပြီ။ ဆရာ့ကို ရှိမခိုးရသော်လည်း ကျဉ်းမြောင်းခြင်းမှလွတ်ကင်းအောင် ဘုရားဟောဂါထာကိုပေးလိုက်မည်။ ယင်းဂါထာကို နေ့ညမပြတ် ရွတ်ဖတ်သရဇ္ဈာယ်လေ"ဟု မိန့်တော်မူ၍ ဒေဝတာသံယုတ်ပါဠိတော်လာ ရာဟုဖမ်းသော နေနတ်သား၊ လနတ်သားတို့ ကျဉ်းမြောင်းခြင်းမှလွတ်မြောက်သော နမောတေဗုဒ္ဓ ဝီရတ္ထု ဂါထာတော်၊ ဗုဒ္ဓကိုရောသသရာဇာစသော ယုန်မင်းရှိခိုးဂါထာတို့ကို ချက်ချင်းရေးသားပေးတော်မူခဲ့လေသည်။

ထို့နောက် မြင်းကွန်းမင်းသားကြီးလည်း ဆရာတော်ကြီး မိန့်မှာတော်မူသည့်အတိုင်း လိုက်နာတော်မူသောကြောင့် အချုပ်အနှောင်မှ လွတ်မြောက်ခဲ့လေသည်။ ဆရာတော်ကြီးလည်း ကာလကတ္တားမြို့ ဗဟုဗဇာရပ် တိုက်အမှတ် ၂၇ ပွဲစားကြီး ဦးထွန်းအောင်ဖြူတိုက်၌ ခြောက်ညသီတင်းသုံးတော်မူကာ 'ကုန့်ခိလာ'မည်သော မီးသင်္ဘောဖြင့် စစ်တွေသို့ကြွတော်မူပြီး စစ်ကဲကျောင်းတိုက်၌ တည်းခိုလျက် တရားဓမ္မများ ဟောကြားတော်မူခဲ့လေသည်။ ထို့နောက် 'ယက္ခ'မည်သောမီးသင်္ဘောကို စီးနင်း၍ ရန်ကုန်မြို့သို့ ရောက်ခဲ့လေသည်။

ရန်ကုန်မြို့မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ ငါးသိုင်းချောင်းမြို့နယ် ဒွါရဂိုဏ်းကို ဦးစီးတည်ထောင်ရာဖြစ်သော ရေတံခွန်ဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိ၍ ဗုဒ္ဓဂယာမှ မဟာဗောဓိပင်ကို ၁၃၄၂ ခုနှစ်၊ တပို့တွဲလတွင် စိုက်ပျိုးခဲ့လေသည်။ ယခုပုံတွင်မြင်ရသော ဗောဓိပင်ကြီးဖြစ်လေသည်။ ဟင်္သာတနှင့် အခြားမြို့များတွင်လည်း ဗောဓိပင်ခွဲများ စိုက်ပျိုးသွားပါကြောင်း လက်ရှိ ရေတံခွန်ကျောင်းထိုင်ဆရာတော် 'ဦးပညာဗလ'က ရှင်းလင်းမိန့်ကြားပါသည်။

ခပ်သိမ်းသောဘုရားရှင်တို့၏ အမှီပြု၍ ပွင့်တော်မူရာ ဗောဓိပင်တို့သည် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿကစေတီ၊ ပရိဘောဂစေတီ အစရှိသော စေတီလေးရပ်တွင် ပရိဘောဂစေတီ ထိုက်ပါသည်။ သို့ဖြစ်၍ ရွှေတိဂုံစေတီတော်ရှိ မဟာဗောဓိပင်ထက်ပင် ဖြ နှစ်စောနေပါသော "သမိုင်းကောင်းတဲ့ငါးသိုင်းချောင်းမြို့က မဟာဗောဓိပင်ကြီး"မှာ ကဆုန်လပြည့် - ဗုဒ္ဓနေ့ရောက်တိုင်း မြို့ပေါ်နှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူများက ကဆုန်ညောင်ရေသွန်းပွဲအား ခြိမ့်ခြိမ့်သဲသဲ အထူးစည်ကားစွာ ကျင်းပလျက်ရှိနေပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

(လိုအပ်သောအချက်အလက်များကို မိန့်ကြားပေးသော လက်ရှိ ရေတံခွန်ဆရာတော် ဦးပညာဗလကို အထူးပင် ကျေးဇူးဦးတင်ပါသည်။)

**ကိုရွှေသိမ်းအေး (ငါးသိုင်းချောင်း)**

၀၉-၂၅၀၁၁၇၇၈၆

**မှီငြမ်း**

- မဟာဒွါရနိကာယ သာသနာဝံသဒီပနီ။
- ဦးတင့်ဆွေ (ပေါရဏကထာ ဒဿနိကစာနယ်ဇင်းရေးသူ)
- အပ္ပမာဒမဂ္ဂဇင်း၊ ၂၀၁၇၊ ဇူလိုင်လ၊ ပရိဘောဂစေတီအရာထိုက်သော ဗောဓိ၊ လှသန့်(ပြည်)။
- မြတ်မင်္ဂလာစာဆောင်၊ ၂၀၁၄၊ မေလ။



www.burmeseclassic.com

www.burmeseclassic.com

# နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း (သက်သတ်လွတ်နယ်မြေ) မှ ဆရာတော်သခင် ကျေးဇူးရှင် အရှင်ဦးဇိသုဒ္ဓ

ပန်းတနော် နောင်လတ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ မိချောင်းအိုင် ဘုန်းတော်ကြီးကျောင်း၏ ဦးစီးပဓာနနာယကဆရာတော်မှာ 'ဘဒ္ဒန္တစန္ဒာဝရ' ဖြစ်သည်။ 'ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ' သည် 'မိချောင်းအိုင်ဘုန်းတော်ကြီးကျောင်း' တွင် ရှင်သာမဏေဝတ်ခဲ့သော်လည်း ရဟန်းဘောင်သို့ ဝင်သောအခါ ပန်းတနော်မြို့နယ်၊ ခရပ်လှကြီးကျေးရွာ၊ ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်း၌ဖြစ်သည်။

ဦးမင်းလည်းဖြစ်၊ ဆရာသမားလည်းဖြစ်သော 'ပုဗ္ဗာရုံဘုန်းတော်ကြီးကျောင်း' ၏ ဦးစီးပဓာနနာယကဆရာတော် 'ဦးစန္ဒိမာ' ပျံလွန်တော်မူပြီးသောအခါ 'ဘဒ္ဒန္တစန္ဒာဝရ' သည် မိချောင်းအိုင် ဘုန်းတော်ကြီးကျောင်းသို့ ပြန်သည်ကြွရောက်လျက် မိချောင်းအိုင်ကျောင်း၏ ဦးစီးပဓာန နာယကတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေခြင်း ဖြစ်သည်။

ထို့ကြောင့် ဆရာတော် ဘဒ္ဒန္တစန္ဒာဝရနှင့် ခရပ်လှကြီးကျေးရွာရှိ ဒါယကာ၊ ဒါယကာမများမှာ ဆရာနှင့်ဒကာအဖြစ် ဆက်သွယ်လျက်ရှိသည်။

"ဆရာမ လိုက်မယ်မဟုတ်လား၊ ဆရာသည်းလိုက်ပါလား"





www.burmeseclassic.com

www.burmeseclassic.com

မိချောင်းအိုင် ဘုန်းတော်ကြီးကျောင်း၏ 'ပဌမ အကြိမ်မြောက် မဟာပဝါရဏာပွဲတော်ကြီး'ကို (၁၃၇၈)ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပမည်ဖြစ်ခြင်းကြောင့် ကားဖြင့်သွားရာတွင် လိုက်ပါရန် တပည့်ဟောင်းများဖြစ်ကြသော မစန်းအေးနှင့် မအေးအေးစောတို့က ဖနီးဖြစ်သူ ဒေါ်တင်တင်ကြည်နှင့် စာရေးသူတို့အိမ်သို့ လာရောက်ကာ ခေါ်ကြခြင်း ဖြစ်သည်။ သူတို့လာရောက်ခေါ်ချိန်က ၁၄ ရက်နေ့ နံနက် ၄ နာရီ ဝန်းကျင်။

ဒေါ်တင်တင်ကြည်က အားနာစွာ ငြင်းဆိုခဲ့ရသည်။

"သွားနှင့် သဇင်တို့ကို လာခေါ်တယ်။ နဂါးရစ်တောင်ကို ဒီနေ့သွားပြီး ဒီညအရောက် ပြန်လာမယ်၊ ငှက်ပျောရွှေကြည်ဖုတ်ပြီး လှူဖို့လိုတာတွေ အဆင်သင့်ရှိတယ်၊ မုန့်အိုးကင်းပါယူသွားနှင့်"

ဤသို့ဖြင့် ထိုနေ့နံနက် ၉ နာရီခွဲတွင် နိဗ္ဗာန်ကူးတို့ပို့လှူသော 'ဖော်ကြီး'ဟုခေါ်သည့် 'ကိုဖော်လင်းထွန်း'နှင့် ဖနီး 'မသဇင်ခက်'တို့၏ အော်ဒါလိုက်သော 'ခန့်'ဒိန်းဒေါင်ဖြင့် နဂါးရစ်တောင်တွင် တည်လှူပူဇော်လျက်ရှိသည့် 'မိဘကျေးဇူးမြင်းမိုရ်ဦး စေတီတော်မြတ်ကြီး'ကို ဖူးမြော်ရန်နှင့် နဂါးရစ်တောင် ဆရာတော် 'ဦးဝီသုဒ္ဓ'ကို ကန်တော့ရန် စာရေးသူတို့ ဘုရားဖူးထွက်ခဲ့ကြပါသည်။

ဘုရားဖူးအဖွဲ့တွင် ဦးထွန်းအေး၊ ဒေါ်ယဉ်မေ၊ ဒေါ်ထွေးကြည်၊ ဒေါ်ဝင်း၊ ဒေါ်မြင့်ကြည်၊ ဒေါ်စန်းရီ၊ ဒေါ်ခင်ဝင်း၊ ဒေါ်တင်တင်ကြည်၊ ဒေါ်ရွှေရွှေ၊ ဒေါ်မကျင်၊ မသဇင်ခက်၊ မောင်မင်းခန့်ဇော်၊ မောင်အောင်ခန့်ဇော်၊ မအိအိလင်း၊ မမြင့်စံ၊ မမိုးမိုး၊ မလှဝင်းတင်၊ မပန်းဝေ၊ မစိုးပြည့်သဇင်၊ မအာဝါးမ၊ မောင်သက်နိုင်စိုး၊ မနန္ဒာထွေးနှင့် စာရေးသူတို့ ပါဝင်သည်။

'ခန့်'ဒိန်းဒေါင်ကို ကျွမ်းကျင်စွာ မောင်းနှင်သူမှာ ဒိန်းဒေါင်ပိုင်ရှင်ဖြစ်သော 'ဖော်ကြီး'ဟုခေါ်သည့် ကိုဖော်လင်းထွန်း ဖြစ်သည်။

\+ + + + +





www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်၊ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း၏ ဦးစီးပဓာနနာယကဆရာတော် 'အရှင်ဦးဝိသုဒ္ဓ'သည် ရှုပဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ကိုရပြီး ၁၉၈၀/၁၉၈၁ ခုနှစ်မှ စ၍ သရဏဂုံ ပုတီးစိပ်ခြင်း၊ အာနာပါန ကမ္မဋ္ဌာန်းထိုင်ခြင်းတို့ အားထုတ်ပြီး ၁၉၉၁ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၅၂ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ သောကြာနေ့တွင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ရှေးယခင်က နဂါးရစ်တောင်ကို သစ်ပင်၊ ချုံနွယ်များ ဖုံးအုပ်နေခဲ့ပါသည်။ ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၆၂ ခု၊ ဝါဆိုလဆန်းတွင် တောရှင်းခြင်း၊ မြက်ရှင်းခြင်း၊ သစ်မြစ်များ ဖော်ထုတ်ရှင်းလင်းခြင်းများ ပြုလုပ်၍ 'ဓမ္မပါလကျောင်းတိုက်ကြီး'ကို ဆောက်လုပ်ကာ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့တွင် ကျောင်းအပ်ပွဲ ကျင်းပခဲ့သည်။

ဆရာတော်သည် ပရဟိတအကျင့်သီလ ကြီးမားစွာဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်းတရားကို ဝိသုဒ္ဓိကျမ်းတော်အား ဖတ်ရှုလေ့လာဆည်းပူး ပွားများကာကြိုးစား မယုတ်အားထုတ်ရင်း သာသနာ့တာဝန် ကျေပွန်သော သာသနာ့အာ[illegible]ဘဝဖြင့် ဓမ္မပါလ တောရကျောင်းတော်ကြီး၌ သီတင်းသုံးလျက်ရှိပါသည်။

\+ + + + +

ကုန်းသာကျောင်း ဆရာတော်ဘုရားကြီးနှင့် သံဃနာယက ဆရာတော်များ၏ ညွှန်ကြားမှုဖြင့် ရေကြည်မြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော်ဖြစ်သော အောင်သိဒ္ဓိကျောင်းတိုက် ဆရာတော်နှင့် မြို့နယ်သံဃနာယကဆရာတော်များ၏ ကူညီစောင့်ရှောက် ဆုံးမလမ်းညွှန်ချက်တို့ဖြင့် နဂါးရစ်တောင်တော်ပေါ်တွင် 'ဓမ္မပါလကျောင်းတော်ကြီး'ဆောက်လုပ်ခဲ့သော ဆရာတော် အရှင်ဦးဝိသုဒ္ဓသည် ဘဝပေါင်းများစွာတို့မှ မိခင်၊ ဖခင် ကျေးဇူးရှင်အပေါင်းတို့နှင့် ခုနစ်ရက်သားသမီး အပေါင်းတို့ကို ကျေးဇူးဆပ်ရန် မိဘကျေးဇူးမြင်းမိုရ်ဦး စေတီတော်မြတ်ကြီးကို ၂၀၀၉ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၇၀/၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ပန္နက်တော်တင်၍ မြတ်စွာဘုရားနှင့် ရဟန္တာ



အရှင်မြတ် ၁၀၈ ပါးတို့ကို လစဉ်လတိုင်း 'မဟာဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကြီး' ဆင်နွှဲကျင်းပလျက် တည်ထားကိုးကွယ်ခဲ့ပါသည်။

\+ + + + +

နဂါးရစ်တောင်၊ ဓမ္မပါလတောရကျောင်း သက်သတ်လွတ်နယ်မြေမှ ဆရာတော်သခင် ကျေးဇူးရှင်ဖြစ်သော အရှင်ဦးဝိသုဒ္ဓသည် ကျေးဇူးရှင်အပေါင်းတို့အား ကျေးဇူးဆပ်ကြရန်အတွက် ဝတ်ရွတ်စဉ် စာအုပ်ကို ရေးသားပြုစု ထုတ်ဝေထားပါသည်။

ဆိုဝတ်ရွတ်စဉ်စာအုပ်တွင်–

(၁) ဆွမ်းတော်ကပ်ရန်တိုက်တွန်းလွှာ
(၂) သဗ္ဗုဒ္ဓေဘုရားရှိခိုး
(၃) သဗ္ဗဖယမ(၊)လာဘုရားရှိခိုး
(၄) သိရသွိဘုရားရှိခိုး
(၅) နဝင်္ဂသီလခံယူဆောက်တည်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

(၆) ပရိတ်တော်၊ သုတ်တော်တို့ကို ရွတ်ဖတ် ပူဇော်ကြရန် တိုက်တွန်းလွှာ
(၇) မေတ္တာသုတ်တော်
(၈) ခန္ဓသုတ်တော်
(၉) ဗောဇ္ဈင်သုတ်တော်
(၁၀) နဂါးရစ်တောင်တော်မြတ်မှ အမျှဝေ မေတ္တာ ပို့ရန် တိုက်တွန်းလွှာ
(၁၁) ဆုတောင်းမေတ္တာပို့နှင့်
(၁၂) ဆွမ်းတော်စွန့်ရန် ပါရှိပါသည်။

\+ + + + +

နှစ်စဉ်သီတင်းကျွတ်လ၏ အဖိတ်နေ့၊ လပြည့်နေ့ နှင့် လပြည့်ကျော် ၁ ရက်နေ့တွင် မိဘကျေးဇူး မြင်းမိုရ်ဦး စေတီတော်ကို ဆီမီး ၄၀၀၀ လှူဒါန်းပူဇော်ခြင်း၊ ဆရာ တော်အရှင်ဦးဝိသုဒ္ဓထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်း ခြင်း၊ ရပ်နီး၊ ရပ်ဝေးမှ ကြွရောက်တော်မူလာကြသော သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထု ပစ္စည်း များလှူဒါန်းခြင်း၊ ဆွမ်းဗောဇ္ဈင် အာဟာရများ ကျွေးမွေး ကပ်လှူခြင်း၊ ရပ်နီး၊ ရပ်ဝေးမှ ရောက်လာကြသော ဒါယကာ၊ ဒါယိကာမများအား အာဟာရဒါနများ၊ ထမင်း ဟင်းများ ကျွေးမွေးလှူဒါန်းခြင်းတို့အပြင် အရှင်ဦးဝိသုဒ္ဓက ညစဉ်တရားရေအေး အမြိုက်ဆေးတိုက်ကျွေးပါသည်။

\+ + + + +

စာရေးသူတို့ ဘုရားဖူးအဖွဲ့ နဂါးရစ်တောင်သို့ ရောက်ရှိခဲ့သော ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ည ၇ နာရီခွဲတွင် ဓမ္မဝိလာသတန်ဆောင်း၌ ဆရာ တော်အရှင်ဦးဝိသုဒ္ဓက တရားချီးမြှင့်ပါသည်။

"ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဆိုတဲ့ အနန္တ ငါးပါးကို ဗုဒ္ဓဘာသာဝင်တွေ သိတယ်။ သိတဲ့ အနန္တော အနန္တငါးပါးကို ခွဲခြမ်းစိတ်ဖြာရင် ခင်ပွန်းကြီးဆယ်ပါး ရ တယ်။ ခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားရဘူး။ ပြစ်မှားတာ က အနန္တော အနန္တငါးပါးကို ပြစ်မှားတာ ဘုရားကိုပြစ်မှား တာနဲ့ အတူတူပဲ။ လူတိုင်းက အတိတ်ကဘဝတွေနဲ့ လူဖြစ် နေတဲ့ ခုဘဝမှာ အနန္တငါးပါး၊ ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားမိကြမှာပဲ။ ပြစ်မှားမိတဲ့ အပြစ်တွေပြေပျောက်အောင် ဘုရားကိုရည်မှန်း ကန်တော့တောင်းပန်ပြီး လျှောက်ထားရ မယ်။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိပါဘုရား၊ ဓမ္မံသရဏံ ဂစ္ဆာမိပါ



ဘုရား၊ သံဃံသရဏံ ဂစ္ဆာမိပါဘုရားဆိုတဲ့ သရဏဂုံသုံးပ ကို တကယ်ပဲ စိတ်ထဲစွဲနေအောင်၊ အမြဲတမ်း ကိန်းအောင် နေအောင်၊ ထာဝရတည်နေအောင် ယုံယုံကြည်ကြည် လေးလေးစားစား၊ ရိုရိုသေသေ ရွတ်ဖတ်ပူဇော်ကြရမယ် စွဲတာက အကျင့်၊ အထုံရောက်တာက မြဲတာ၊ ပါရ မြောက်တာက တည်တာ၊ တည်တော့ သရဏဂုံရဲ့ ကျေးဇူ အစွမ်းကြောင့် သာသနာတော်ကို တည်သလိုဖြစ်တယ် သာသနာတော် တည်လာတော့ဉာဏ်စဉ် မြင့်လာတာပေ့ သရဏဂုံတည်တဲ့အခါ ကိုယ်ချင်းစာစိတ်တွေ၊ ကိုယ်ချင်းစ တရားတွေ ရလာတယ်။ ကိုယ်ချင်းစာတော့ သူများအသက် ကို မသတ်ရက်တော့ဘူး၊ မသတ်ရဲတော့ဘူး၊ မသတ်တော ဘူး၊ ပါဏာတိပါတာကံကို ထိန်းပြီးသားဖြစ်သွားတယ် ဒီလိုစိတ်ထားနဲ့ အသက်သတ်လွတ်စားရတာဖြစ်တယ် ကိုယ်ချင်းစာတော့ ကျန်တဲ့ကံတွေကိုလည်း မကျူး တော့ဘူး။ ကိုယ်ချင်းစာအောင် သရဏဂုံသုံးပါးကို လုံ အောင်ဆောင်ရွက်တာနဲ့ သီလဆောက်တည်ပြီးသား ဖြ သွားတယ်၊ သံပုရာသီးဆောင်ပြီး အိပ်စရာမလိုပါဘူး



www.burmeseclassic.com

www.burmeseclassic.com



နဂါးရုံတောင် ဓမ္မပါလစေတာရုံကျောင်း ဓမ္မာစရိယာရှင်ဆရာတော် ဦးဝိသုဒ္ဓ
(အသက်ထင်ရှားရှိစဉ်)

သရဏဂုံဆောင်ပြီးအိပ်ပါလို့ပြောပါတယ်၊ မှားယွင်းတဲ့ မိစ္ဆာဒိဋ္ဌိ ယုံကြည်အားထား ကိုးကွယ်မှုတွေကို စွန့်လွှတ်ဖို့ အချိန်တန်ပါပြီ''

ဆရာတော် ဟောကြားဆုံးမသော တရားတော် အတိုင်း လိုက်နာကျင့်သုံးကြခြင်းဖြင့် မကောင်းမှုများ ကင်းဝေးပြီး ကောင်းကျိုးချမ်းသာ မင်္ဂလာများ ရရှိလာမည်မှာ သေချာပါသည်။

+ + + + +

လွန်တာရှိ ဝန္ဒာမိဆိုသော စကားအတိုင်း ဆရာတော် အရှင်ဦးဝိသုဒ္ဓ၏ ဝတ်ရွတ်စဉ်တွင် အမိကပါရှိသည့် ကျေးဇူးရှင်အပေါင်းတို့အား ရှိခိုးကန်တော့ခြင်း၊ ဂုဏ်ကျေးဇူး အထူးကြီးမားသော ခင်ပွန်းကြီးဆယ်ပါး ဘုရားရှိခိုးကို ကြည်ညိုရိုသေစွာ ရွတ်ဆိုပူဇော်နိုင်ကြစေရန် ဖော်ပြလိုက်ပါသည်။

**''ဗုဒ္ဓေါ ပစ္စေက ဗုဒ္ဓေါစ၊ အရဟာ အဂ္ဂသာဝကာ၊ မာတာပိတု ဂရုသတ္ထာ၊ ဓမ္မဒေသကာစ ဒါယကာ၊ ကုလမေဒသ မဟာဂုဏော၊ အဟံဝန္ဒာမိ သဗ္ဗဒါ''**

ဗုဒ္ဓေါစ-သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကို လည်းကောင်း၊ ပစ္စေက ဗုဒ္ဓေါစ-ကိုယ်တိုင်သစ္စာ သိပြီးပါလည်း ဟောကာမပြ သီးခြားရသော ပစ္စေက ဗုဒ္ဓေါတို့ကို လည်းကောင်း၊ အရဟာစ-အာသဝေါကုန်ခမ်း ရဟန္တာ အရှင်မြတ်တို့ကိုလည်းကောင်း၊ အဂ္ဂသာဝကာစ-လက်ဝဲ လက်ယာခြံရံကာဖြင့် ပညာတန်ခိုး စိုးမိုးထက်လှ အဂ္ဂသာဝကတို့ကိုလည်းကောင်း၊ မာတာစ-ကိုးလလွယ်ရ ဆယ်လဖွားကာ အစာဆိမ့်အေး နို့ချိုပေး၍ မွေးသည့်မိခင် ကျေးဇူးရှင်ကိုလည်းကောင်း၊ ပိတုစ-လူလားမြောက်အောင် လုပ်ဆောင်ကျွေးမွေး ရှာဖွေပေးသည့် ကျွေးသည့်ဖခင် ကျေးဇူးရှင်ကိုလည်းကောင်း၊ ဂရုစ-ချမ်းသာရန်တွေး ပညာပေးသဖြင့် အလေးအမြတ် လွန်ပြုအပ်သော ဆရာသခင် ကျေးဇူးရှင်ကိုလည်းကောင်း၊ သတ္ထာစ-လိမ္မာစေကြ ကျိုးကြောင်းပြလျက် ဆုံးမပေးတတ် ဆရာမြတ်တို့ကိုလည်းကောင်း၊ ဓမ္မဒေသကာစ-သံသရာစခန်း သွားရာလမ်း၌ ပင်ပန်းကင်းရန် ရည်သန်ညွှန်ကြား မမှောက်မှားရအောင် တရားတော်မြတ် ဟောဖော်တတ်သူကိုလည်းကောင်း၊ ဒါယကာစ-စားရေးနေရေး မနှောင့်နှေးရအောင် ပေးကမ်းခဲ့ဖူးသော ကျေးဇူးရှင်တို့ကိုလည်းကောင်း၊ ကုလမေဒသ မဟာဂုဏော-ကျေးဇူးစုပုံ ဆပ်မကုန်သည့် ဂုဏ်အင်မြင့်ကျူး ဤဆယ်ဦးသော ကျေးဇူးရှင်တို့ကို၊ အဟံ-အကျွန်ုပ်သည်၊ သဗ္ဗဒါ-နေ့ညမပြတ် အချင်းခပ်သိမ်း၊ ဝန္ဒာမိ-ကျေးဇူးယှက်မေး စိမ့်စိမ့်တွေးလျက် မြတ်လေးကြည်ယုံ သဒ္ဒါဟုန်ဖြင့် လက်စုံချီမိုး ပျပ်ဝပ်ကျိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

+ + + + +

ခင်ပွန်းကြီးဆယ်ပါးအပေါ် ကျူးလွန်မိသော အပြစ်များ ပြေပျောက်ကာ ကိုယ်ချင်းစာတရား ထားကြပြီး သရဏဂုံစွဲအောင်၊ မြဲအောင်၊ တည်အောင် ဆောင်ရွက်နိုင်ကြခြင်းဖြင့် သီလကိုအခြေခံလျက် ဝိပဿနာ ဘာဝနာတရား ပွားများကြိုးစား အားထုတ်၍ နိဗ္ဗာန်ဆုလဒ် မွန်အမြတ်ကို ရအပ်သူများဖြစ်ကြပါစေ။

**ပန်းတနော်-ခိုင်လတ်**



www.burmeseclassic.com

www.burmeseclassic.com

# အရှင်ဥပဂုတ္တကျောင်းဆောင်ဦး

# မှူးသည့်နဂါး

## ဓာတ်ပုံမောင်မောင်အေး

ဗုဒ္ဓဘာသာစာပေတို့တွင် နဂါးနှင့်ပတ်သက်သည့် အခန်းကဏ္ဍ အတော်ပင်တွေ့ရပါသည်။ ဓာတ်ကြီးဆယ်ဘွဲ့၌ ဘုရားလောင်းကိုယ်တော်တိုင် ဘူရိဒတ်နဂါးမင်း ဖြစ်ခဲ့ဖူး၏။ မြတ်စွာဘုရားနှင့် အဂ္ဂသာဝကကြီးများ တာဝတိံသာ ကြွစဉ် လမ်းဖျောက်ထားသော နန္ဒောပနန္ဒနဂါး၊ မြတ်စွာဘုရားရှင် မုစ္စလိန္ဒာအိုင်၌ ဈာန်သမာပတ်ဝင်စားစဉ် ပါးပျဉ်းမိုးပေးသောနဂါး၊ သီဟိုဠ်ကျွန်းမှ မဏိအက္ခိကနဂါး စသည်ဖြင့် အများအပြား တွေ့ရှိရပါသည်။

မဟာဗုဒ္ဓဝင်၌ ပါရှိသောနဂါးတို့နှင့်ပတ်သက်သည့် အကြောင်းအရာတစ်ခုကို တင်ပြရသော် ဝေသာလီပြည်တွင် ကပ်ဘေးကြီးသုံးပါးဆိုက်၍ ဘုရားရှင်နှင့် သံဃာတော်များ ကြွရောက်ကာ ရတနသုတ်ပရိတ်တရားတော်ဖြင့်



အရှင်ဥပဂုတ္တရဟန္တာကျောင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းအေးစေပြီး ရာဇဗြိုဟ်သို့ အပြန်ခရီးတွင် ဂင်္ဂါမြစ်၌ နေထိုင်ကြကုန်သော နဂါးမင်းတို့က ရွှေလှေ၊ ငွေလှေ၊ ပတ္တမြားလှေတို့ဖြင့် ပင့်ဆောင်သဖြင့် ဘုရားရှင်နှင့် သံဃာတော်များ နဂါးပြည်သို့ လိုက်ပါကြွရောက်ကာ တရားရေအေး တိုက်ကျွေးခဲ့ကြောင်း ပါရှိပါသည်။

နဂါးတို့သည် ဗုဒ္ဓဘုရားရှင်၏ သာသနာတော်၌ ဤကဲ့သို့ မိမိတို့နိုင်ရာအခန်းကဏ္ဍမှ ဝင်ရောက်ထမ်းဆောင်ကုသိုလ်ယူတတ်ကြသည်ကို စာပေကျမ်းဂန်တို့တွင် အထင်အရှားတွေ့ရှိရလို၊ ယနေ့မျက်မှောက်ကာလတွင်လည်း ဘုရားတည်၊ ကျောင်းဆောက် စသော ကိစ္စတို့တွင် နဂါးတို့ပါဝင်ကူညီသော ဖြစ်ရပ်များ ကြားသိနေရပါသည်။

လူဦးရေ တစ်နေ့ထက်တစ်နေ့ တိုးတက်များပြားလာသော မြို့တော်ရန်ကုန်ကို မြို့သစ်များ၊ အကွက်ဖော်တိုးချဲ့ ချထားရာတွင် ဒဂုံမြို့သစ်မြောက်ပိုင်းလည်း အပါအဝင်ဖြစ်၏။ ဒဂုံမြို့သစ်မြောက်ပိုင်း၏ မြေကွက်ကြီးအမှတ်(၄၄)သည် သတ္တုတွင်းဝန်ကြီးဌာန မြေကွက်ဖြစ်၍ (၄၄)ရပ်ကွက်ဟု ခေါ်သည်။ ထိုမြေကွက်ကို ခွဲခြမ်းစိတ်ဖြာ၍ လူနေအိမ်ခြေများ၊ စာသင်ကျောင်း၊ ပန်းခြံ၊ ရေကန်စသည်ဖြင့် အကွက်ရိုက်စဉ်အခါက ကျွန်တော်သည် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနကြီးတွင် လ/ထ မြေတိုင်းအရာရှိတာဝန် ထမ်းဆောင်နေသဖြင့် ပါဝင်ဆောင်ရွက်ခဲ့ရပါသည်။

အမှတ်(၄၄) မြေကွက် အကွက်ရိုက်စဉ်က အချို့နေရာတွင် ထူးခြားဖြစ်ရပ်များနှင့် ကြုံဖူး၏။ မန်ကျည်းကိုးပင်ဟုခေါ်သော နေရာတွင် တကယ်လည်း မန်ကျည်းကိုးပင်ရှိ၏။ အခြောက်အလှန့်များသည်ဟုဆိုသော နေရာဖြစ်သည်။ ထိုစဉ်က မန်ကျည်းကိုးပင်ဝန်းကျင်၌ သီအိုဒိုလိုက် Theodolite မှန်ပြောင်းတိုင်းတာရေးကိရိယာဖြင့် အကွက်ဖော်နေစဉ် ကျုပ်တော်၏ သီအိုဒိုလိုက်မှန်ပြောင်းထဲ၌ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်တစ်ဦးကို မြင်ရသဖြင့် ဘယ်ကရောက်လာသည့် ပုဂ္ဂိုလ်ပါလိမ့်ဟုတွေးရင်း မှန်ပြောင်းမှခွာ၍ မြင်ရသည့်နေရာသို့ လှမ်းကြည့်ရာ လူသူတစ်စုံတစ်ယောက်မှ မတွေ့ရပေ။ ငါပဲ အမြင်မှားလေသလားဟု။

ထိုနေရာ၌ အမှန်ပင် မန်ကျည်းကိုးပင်ရှိ၍ တောင်ဘက်နားတွင် အင်းကောယောင်ယောင်၊ ရေကန်ပျက်ယောင်ယောင် မြေနိမ့်ပိုင်းတစ်ခုရှိနေသည်။ သို့အတွက် ထိုနေရာကို အိမ်ကွက်မချဘဲ ရေကန်၊ သို့မဟုတ် ပန်းခြံအဖြစ်သတ်မှတ်လိုက်၏။ မန်ကျည်းကိုးပင်ကွက်၏ မြောက်

အရှင်ဥပဂုတ္တထေရ် ကျောင်းအဝင်နတ်လမ်း





www.burmeseclassic.com

www.burmeseclassic.com



နဂါးကြီး ပူးမြော်သောနေရာ
စက်ဝိုင်းပြထားသည်။

ဘက်တွင် ရွှေစင် (၃)လမ်း၊ တောင်ဘက်တွင် ဖိုးရာဇာလမ်း၊ အရှေ့ဘက်တွင် ရွှေစင် (၅)လမ်း၊ အနောက်ဘက်တွင် ရွှေစင် (၄)လမ်းတို့က စတုဂံပုံ ဝိုင်းရံထား၏။

ကျွန်တော်တို့ (၄၄)ရပ်ကွက်တွင် ပထမဆုံးအုပ်ချုပ်ရေးမှူး (ထိုစဉ်ကဥက္ကဋ္ဌ) ဖြစ်ခဲ့သော ဦးချစ်စိန်က မန်ကျည်းကိုးပင်အကွက်အား ရေကန်တူးမည်ဟု ပြောခဲ့၏။ နောင်အုပ်ချုပ်ရေးမှူးတို့ အဆင့်ဆင့်တက်လာသောအခါ ထိုအကွက်အား ရေကန်ကြီးတူးဖော်ခဲ့ကြရာ ယခုဆိုလျှင် စိမ်းလဲ့ကြည်လင်နေသော ရေကန်ကြီး ဖြစ်နေပေပြီ။

ရေကန်ကြီး၏ အရှေ့ဘက်မှ ရွှေစင် (၅)လမ်းတွင် သက်ကြီးပိုင်း အဘဦးထွန်းဆိုသူ ရှိ၏။ တစ်ညတွင် မန်ကျည်းကိုးပင်မှ ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်တစ်ဦး ရောက်လာပြီး –

"ဟော့ . . . မောင်ထွန်းလင်း၊ မင်းနဲ့ငါက ဟိုဘဝက ပဋ္ဌာန်းဆက် ညီအစ်ကိုတော်ခဲ့တယ်။ ဥက္ကလာပဒဂုံမှာ မွန်ဘုရင်အုပ်စိုးစဉ်က တို့ညီအစ်ကိုဟာ မင်းမှုထမ်းလုပ်ခဲ့တယ်။

ဒီနေရာမှာလည်း ...ဂ်လာကန်တော်နဲ့ ရှင်ဥပဂုတ္တဖောင်တော် ပြုလုပ်လှူဒါန်းခဲ့ဖူးတယ်။ အဲဒီကိစ္စကို ငါ့ညီပြန်ပြီး အကောင်အထည်ဖော်ပါ။ ပဋ္ဌာန်းဆက်ရှိသူ...
ကူညီကြလိမ့်မယ်" ဟုဆိုကာ ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂို...
ပျောက်ကွယ်သွား၏။

အဘထွန်းသည် ထိုကိစ္စအား အခြားသူများ...
မပြောပြဘဲ (၄၄)ရပ်ကွက်တွင် ဘာသာရေး၊ လူမှုရေ...
လုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်နေသည်...
ဦးမိုးကျော်ရွှေနှင့် ဦးမောင်ဌေးတို့အား ပြောပြ၏။

ဦးမိုးကျော်ရွှေနှင့် ဦးမောင်ဌေးတို့ကလည်း နဂိုမူ...
ကပင် မန်ကျည်းကိုးပင်၌ အရှင်ဥပဂုတ္တဖောင်တော် တည်...
ထားကိုးကွယ်ချင်နေသူများ ဖြစ်ပေရာ အဘထွန်း၏စကား...
ကြားရသောအခါ ပိုမိုသဒ္ဓါပေါက်၍ ဖောင်တော်မျှမဟုတ်...
တော့ဘဲ အရှင်ဥပဂုတ္တ နှစ်ပေါင်းရာချီ သီတင်းသုံးနိုင်မည်...
R.C သံကူကွန်ကရစ်ကျောင်းတော် ပူဇော်ရန် ဆုံးဖြတ်...
လိုက်ကြသည်။

ဆုံးဖြတ်ချက်နှင့်အတူ မိဘိဘိုးဘွားနဲ့စာငွေ၊ ...
ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်များ လှူဒါန်း...ငွေတို့ဖြ...
မန်ကျည်းကိုးပင် မင်္ဂလာကန်တော်အလယ်... ရှင်ဥပဂု...
ရဟန္တာအရှင်မြတ်ကြီး၏ R.C ကွန်...ရစ်ကျောင်းတော...



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဥပဂုတ္တ
ကျောင်းဦးတွင်
နဂါးတွေ့သူ
ဒေါ်သန်းအေး

ဆောက်လုပ်ကြသည်။ ရွှေစင် (၅)လမ်းဘက်ခြမ်း ကန်ပေါင်မှ အရှင်ဥပဂုတ္တကျောင်းတော်အထိ ရေပြင်ကျယ်ကို ဖြတ်သန်းရမည့် နတ်လမ်းကိုလည်း R.C သံကူကွန်ကရစ်ဖြင့် နတ်လမ်းခင်းကြသည်။ လုပ်ငန်းကိစ္စအဝဝအတွက် ငွေကြေးမလုံလောက်သဖြင့် အချို့တစ်ဝက်ကို အကြွေးဖြင့် ပြုလုပ်ထားရသည်။ (၄၂)ရပ်ကွက် ဈေးလေးတွင် ဦးမိုးကျော်ရွှေနှင့် ဦးမောင်ဌေးတို့အဖွဲ့ အလှူခံရသည်။ သတင်းကြားသိသော ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်တို့လည်း လာရောက်လှူဒါန်းကြသည်။

အရှင်ဥပဂုတ္တမထေရ်မြတ်၏ ကျောင်းတော်နှင့် နတ်လမ်း ဆောက်လုပ်ရာတွင် ငွေကြေးမပြည့်စုံမှုကြောင့် မပြီးနိုင်သေးဘဲ (ဤဆောင်းပါးရေးချိန်အထိ) ရှိစဉ် ရွှေစင် (၅)လမ်းနေ ဒေါ်သန်းအေး (သဘ္ဘုတွင်း-ငြိမ်း)သည် နေ့စဉ်နံနက်စောစောထ၍ ကန်ပေါင်ပေါ်ရပ်ကာ ဆောက်လုပ်ဆဲကျောင်းတော်အား လက်အုပ်ချီမိုးရှိခိုးရင်း ဤကျောင်းတော်ကြီး မြန်မြန်ပြီးမြောက်စေရေး ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်တို့ကလည်း ဝိုင်းဝန်းကူညီကြပါဟူ၍ နေ့စဉ်ဆုတောင်း၏။

ဒေါ်သန်းအေးလည်း ရှင်ဥပဂုတ္တကျောင်းဆောင်ဆောက်လုပ်ရေးတွင် အမှုဆောင်တစ်ဦး ဖြစ်ပါသည်။ တစ်ခုသောနေ့ မနက်တွင် ထုံးစံအတိုင်းဆုတောင်းနေဆဲ ရှင်ဥပဂုတ္တကျောင်းဆောင်ဦးအနီး ရေကန်အလယ်မှ ရေများဆူပွက်ထလာကာ ဝုန်းခနဲ ရေလွှာခွဲ၍ လုံးပတ်လူကိုယ်လုံးခန့်ရှိသော စိမ်းပြာရောင် နဂါးဦးခေါင်းပိုင်းကြီး ပေါ်ထွက်လာကာ ရှင်ဥပဂုတ္တကျောင်းဆောင်ဦးဆီသို့ ဦးညွှတ်နေသည်ကိုမြင်ရသဖြင့် မှင်တက်မိကာ ကြည့်နေမိ၏။ ပြီးမှ သတိဝင်လာရင်း အိမ်မှလူများပါပြရန် ပြေး၍ခေါ်၏။ အိမ်သားများနှင့် ကန်ပေါင်ပေါ် ပြန်ရောက်ချိန်တွင် ကျောင်းဆောင်ဦးနားတွင် ဝလုံးသဏ္ဍာန် လှိုင်းဂရက်များ ထနေသည်ကိုသာ တွေ့ရပြီး နဂါးကြီးကို မမြင်ရတော့ချေ။

ထိုနဂါးကြီးသည် ဒေါ်သန်းအေးဆုတောင်းမေတ္တာရပ်ခံသည့် ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်ပေလော၊ သို့မဟုတ် ဆွေတော်မျိုးတော်ပဋ္ဌာန်းဆက်များ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး၏ ကျောင်းတော် အမြန်ပြီးမြောက်ရေးအတွက် ကိုယ်ထင်ပြနိူးဆော်ခြင်းပေလား ...။

ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော် သူတော်ကောင်းအပေါင်းတို့ သဒ္ဓါပေါက်၍လာရောက်ဖူးမျှော် ကုသိုလ်တော်ယူနိုင်ကြပါစေကြောင်း တင်ပြအပ်ပါသတည်း။

နဂါးကြီးအား မြင်တွေ့ရပုံဖြစ်ရပ်မှန်အား ပြောပြပါသော ဒေါ်သန်းအေး (သဘ္ဘုတွင်း-ငြိမ်း)အား ကျေးဇူးတင်ရှိကြောင်းပါခင်ဗျား။

ဓာတ်ပုံမောင်မောင်အေး
၀၉၅၀၀၂၆၄၅၄



www.burmeseclassic.com

www.burmeseclassic.com

# ၁၂ လရာသီ စာတ်စာ

## ဝါဆို-ဝါခေါင်

### သမားတော်ကြီးဒေါက်တာသက်ဆွေ (ရွှေဆောင်တင်ဆွေ)

**ဒီတစ်ပတ်ဓာတ်စာ ရှောင်ရန်၊ ဆောင်ရန်များ (ပထမပတ်)**

ဝါခေါင်လသည် မိုးဥတုတွင်ပါဝင်ကာ မိုးများစွာ ရွာသွန်းတတ်ပြီး မြစ်၊ ချောင်း၊ အင်းအိုင်များတွင် ရေများ ပြည့်လျှံသော ကာလဖြစ်သည်။ ဝါတွင်း ၃ လတွင် အလယ်ခေါင်တွင် တည်ရှိသဖြင့် ဝါခေါင်လဟုလည်း တင်စားခေါ်ဝေါ်ကြသည်။ တိုင်းရင်းဆေး အလိုအားဖြင့် ဝါခေါင်လတွင် အပုပ်ဆောင် ဝါယောခိုက်သည်ဟု ဆိုပါသည်။ ဖြစ်တတ်သော ရောဂါတွေကတော့ ခေါင်းမူးဝေကိုက်ခဲခြင်း၊ ပျို့အန်ခြင်း၊ ကြို့ထိုးခြင်း၊ အစာမကြေ၊ ဝမ်းဖောဝမ်းရောင်ဝေဒနာများ ဖြစ်တတ်ပါသည်။

**စားသုံးသင့်တဲ့အစာအာဟာရတွေကတော့** ဆိတ်သား၊ နွားသား၊ သိုးသား၊ ခါသား၊ ခိုသား၊ စာကလေးသား၊ ချေသား၊ သမင်သား၊ ယုန်သား စသည်တို့အပြင် ရှောက်သီး၊ ရှောက်ရွက်၊ ဒန့်သလွန်ရွက်၊ ကုက္ကိုရွက်၊ ရဲယိုရွက်၊ မြင်းခွာရွက်၊ ပိုးစာရွက်၊ ကြိတ်မှန်ရွက်၊ လဲ့လူရွက်၊ ကြာဟင်းရွက်၊ ထနောင်းရွက်၊ ကြောင်ပန်းရွက်၊ သက်ရင်းကြီးရွက်၊ ခွေးတောက်ရွက်၊ ဂုံခါးရွက်၊ ပဲကြီး၊ ကုလားပဲ၊ ပဲစင်းငုံ စသည်တို့ စားသုံးပြီး အအေးစာ၊ အချုပ်စာများ ရှောင်ကြဉ်ရမှာ ဖြစ်သောကြောင့် **ရှောင်ရမည့်အစာများက**တော့ မန်ကျည်းရွက်၊ မဲဇလီရွက်၊ ဉာဏ်ရွက်၊ သနပ်ရွက်၊ ကုန်းကန်စွန်းရွက်၊ ပီလောရွက်၊ ဆီးဖြူရွက်၊ ကင်းပုံရွက်၊ မုန်လာရွက်၊ မုန်ညင်းရွက်၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက်၊ ရွှေဖရုံရွက်၊ ကန့်ကလာ၊ ကြက်ဟင်းခါး စသည်များအပြင် ဘဲသား၊ ဝက်သား၊ ပုစွန်အမျိုးမျိုး၊ ငါးအမျိုးမျိုး၊ ကြက်ဥ၊ လိပ်ဥ၊ ငုံးဥ၊ ဖွတ်ဥ၊ မြေဥ၊ နွားနို့၊ ကျွဲနို့၊ ဆိတ်နို့ စသည်များကို ရှောင်ကြဉ်ခြင်းဖြင့် ဝေဒနာများ ကင်းကွာကြမည် ဖြစ်ပေသည်။

**ဒီတစ်ပတ်ဓာတ်စာ ရှောင်ရန်၊ ဆောင်ရန်များ (ဒုတိယပတ်)**

ဝါခေါင်လသည် ရာသီအားဖြင့် သိဟ်ရာသီခေါ်၍ နက္ခတ်အားဖြင့် သရဝဏ်နက္ခတ်ခန်းယှဉ်သည်။ ရာသီပန်းအနေနှင့် ခတ္တာပန်းများ ဝေဝေဆာဆာ ပွင့်သောလဖြစ်သည်။ ''ပန်းခတ္တာ ဝတ်မှုန်ကျင်း သင်းတဲ့လကို''ဟု စာဆိုနှင့်အညီ မွှေးကြိုင်သင်းပျံ့သော ခတ္တာပန်းများ ဘုရားပန်းအိုးတွင် ဝေဆာစွာထိုး၍ ကပ်လှူပူဇော်ကြသည်။ ရာသီပွဲတော်ကား ရှေးခေတ်က စာရေးတံမဲပွဲများ ကျင်းပလေ့ရှိကြသည်။

**စားသုံးရမည့်အစာအာဟာရတွေကတော့** တညင်းသီး၊ ဥသျှစ်သီး၊ ဒူးရင်းသီး၊ ဒန့်သလွန်ရွက်၊ ကုက္ကိုရွက်၊ ရှောက်ရွက်၊ ဥသျှစ်ရွက်၊ မိုးနံရွက်၊ ရဲယိုရွက်၊ ဥနဲ့ရွက်၊ မြင်းခွာရွက်၊ လဲ့လူရွက်၊ ကြိတ်မှန်ရွက်၊ ပိုးစာရွက်၊ ထနောင်းရွက်၊ ကြာဟင်းရွက်၊ ကြက်ဆူရိုးနီရွက်၊ ကြောင်ပန်းရွက်၊ မုရားကြီးရွက်၊ ဂုံခါးရွက်၊ ခွေးတောက်ရွက်၊ တမာရွက်၊ သဘော်ရွက်၊ ကြောင်လျှာရွက် စသည်များအပြင် ကြက်သား၊ ခိုသား၊ ခါသား၊ ချိုးသား၊ စာကလေးသား၊ ဖွတ်သား၊ ပုတတ်သား၊ ဂျီသား၊ သမင်သား၊ နွားသား၊ သိုးသား၊ ဆိတ်သား၊ ယုန်သား စသည်တို့ကို စားသုံးနိုင်ပါသည်။

**ရှောင်ကြဉ်ရမည့် အစားအစာတွေကတော့** အအေးစာ၊ အချုပ်စာများဖြစ်သော ဝက်သား၊ ဘဲသား၊ ဗျိုင်းသား၊ ရေစစ္စလီသား၊ ငါးရံ့၊ ငါးရှူ၊ ငါးကျည်း၊ ငါးခုံးမ၊ ငါးပြေမ၊ ငါးမြွေထိုး၊ ငါးသလဲထိုး၊ ငါးပတ်၊ ငါးဖန်းမ၊ ပုစွန်တုပ်၊ ပုစွန်ဆိတ်၊ ဘဲဥ၊ ကြက်ဥ၊ ငုံးဥ၊ ဖွတ်ဥ၊ ငါး[illegible]၊ ကိုင်းဥ၊ အင်ဥ၊ မြေဥ၊ ပိန်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ အာတာလွတ်ဥ၊ ပဲမြစ်၊ ထန်းမြစ်၊ အာလူး၊ ပြောင်းဖူး၊ နွားနို့၊



www.burmeseclassic.com

www.burmeseclassic.com

ကျွဲနို့ ဆိတ်နို့ မြင်းနို့ ထောပတ်၊ ဘူးသီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊ ရွှေဖရုံသီး၊ သခွားသီး၊ ရုံးပတီသီး၊ ကျီးအာသီး၊ ပုံလုံသီး၊ အုန်းသီးနု၊ ငှက်ပျောသီး၊ သရက်သီး၊ ခရမ်းသီး၊ ပိန္နဲသီး စသည်တို့ရှောင်ရပါမည်။

## ဒီတစ်ပတ်စာတ်စာ ရှောင်ရန်၊ ဆောင်ရန် (တတိယပတ်)

ရှေးခေတ်စာဆိုတစ်ဦးက ဝါခေါင်လကို ဖွဲ့ဆိုခဲ့သည်မှာ "ထက်အာကာ ဘုံစွန်းက တောက်ထွန်းလို့ထိန်ဝါ သရဝဏ်ရွှေကြယ်မင်း လင်းတဲ့အချိန်ခါ လေညင်းငယ်လာ သိဟ်ရာသီမို့ ရှုတိုင်းငယ် ဘယ်ညာက ပန်းခတ္တာဝတ်မှုန် ကျင်းတယ် သင်းပျံ့လှိုင်လို့" ဟု စာဖွဲ့ခဲ့သည်ကို ဖတ်ဖူးမှတ်ဖူးခဲ့ပါသည်။ တိုင်းရင်းဆေးပညာ အလိုအားဖြင့် အပုပ်ဆောင်သောလ ဖြစ်သဖြင့် အချုပ်စာများ ရှောင်ကြဉ်ပြီး ဖန်၊ ချို၊ အေး၊ ခါး အရသာရှိသော အစာများ စားသုံးသင့်တဲ့အတွက် **စားသုံးရမည့်အစာတွေကတော့** ဆိတ်သား၊ သိုးသား၊ နွားသား၊ ယုန်သား၊ ကြက်သား၊ ခါသား၊ ခိုသား၊ ချိုးသား၊ ဖွတ်သား၊ ပုတတ်သားများနှင့် ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ တညင်းသီး၊ ဥသျှစ်သီး၊ ရဲယိုသီး၊ ရဲယိုရွက်၊ ကုက္ကိုရွက်၊ ရှောက်ရွက်၊ ဥသျှစ်ရွက်၊ မြင်းခွာရွက်၊ လဲ့လူရွက်၊ ကြိတ်မှန်ရွက်၊ ပိုးစာရွက်၊ ထနောင်းရွက်၊ ကြာဟင်းရွက်၊ ကြက်ဆူရိုးနီရွက်၊ သက်ရင်းကြီးရွက်၊ ကြောင်ပန်းရွက်၊ ဖျောက်ဆိပ်ရွက် စသည်တို့ တည့်ပါသည်။

ဤရာသီ **ရှောင်ကြဉ်ရမည့်အစားအစာတွေက**တော့ ကျောက်ဖရုံသီး၊ ကျောက်ဖရုံရွက်၊ ရွှေဖရုံသီး၊ ရွှေဖရုံရွက်၊ ဖရဲသီး၊ ဖရဲရွက်၊ သခွားသီး၊ သခွားရွက်၊ ကျီးအာသီး၊ ကျီးအာရွက်၊ ပုံလုံသီး၊ ပုံလုံရွက်၊ ရုံးပတီသီး၊ အုန်းသီးနု၊ အုန်းသီးရင့်၊ သရက်သီးစိမ်း၊ သရက်သီးမှည့်၊ မရမ်းသီးစိမ်း၊ မရမ်းသီးမှည့်၊ ပိန္နဲသီးကင်း၊ ပိန္နဲသီးမှည့်၊ သပြေသီး၊ မင်းကွတ်သီး၊ စပျစ်သီး၊ ပန်းသီး၊ သစ်တော်သီး၊ နာနတ်သီး၊ သီဟိုဠ်သီး၊ ကနစိုသီး၊ လိမ္မော်သီး၊ ရှောက်သီး၊ သံပရာသီး၊ ကျွဲကောသီး၊ ရှောက်ချိုသီး၊ သင်္ဘောသီးစိမ်း၊ သင်္ဘောသီးမှည့်၊ မာလကာသီး၊ ဩဇာသီး၊ တလည်းသီး၊ စောင်းလျားသီးများအပြင် ဝက်သား၊ ဝမ်းဘဲသား၊ ရေကြက်သား၊ ရေစစွလီသား၊ ငါးအမျိုးမျိုး၊ ငါးဥများ၊ ပုစွန်ဆိတ်၊ ပုစွန်တုပ်၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ဖွတ်ဥ၊ မြေဥ၊ မျောက်ဥ၊ ပိန်းဥ၊ ကန်စွန်းဥ၊ အာတာလွတ်ဥ စသည်တို့ မတည့်သဖြင့် ရှောင်ကြဉ်ကြပါ။

## ဒီတစ်ပတ်စာတ်စာ ရှောင်ရန်၊ ဆောင်ရန်များ (စတုတ္ထပတ်)

မြန်မာပြည်၏ ရာသီဥတု ပထဝီဝင်အနေအထားအရ အထက်မြန်မာပြည် အညာဒေသသည် မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်သဖြင့် ဝါခေါင်လမိုးရေ ဖြိုင်ဖြိုင်ရွာသွန်းသောလသို့ ရောက်မှသာလျှင် တောင်သူဦးကြီးများ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ကြရပေသည်။ တောတောင်၊ ရေမြေ သဘာဝစိမ်းလန်းစိုပြည်ကာ သာတောင့်သာယာ ရှိလှပေတော့သည်။ ပူသော **အစာများစားသုံးကာ** အအေးစာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရပေမည်။

**စားသုံးသင့်သည်တွေက**တော့ တမာရွက်၊ ခွေးတောက်ရွက်၊ ဂုံခါးရွက်၊ သင်္ဘောရွက်၊ ပင်စိမ်းရွက်၊ ကြောင်လျှာရွက်၊ ဇီရာရွက်၊ နံနံပင်၊ စပါးလင်၊ မဆလာ၊ ချင်း (ဂျင်း)၊ ငရုတ်ပု၊ ငရုတ်ရှည်၊ ကုလားအော်ငရုတ်၊ မိုးမျှော်ငရုတ်၊ လသာငရုတ်၊ ငရုတ်ကောင်း၊ မိဿလင်ဥ၊ နနွင်းစိမ်း၊ ကြာဟင်းဖူး၊ ဂုံမင်း၊ ဆိတ်ဖူး၊ သရက်ကင်းဥ၊ ချိုးသား၊ ခါသား၊ ကြက်သား၊ စာကလေးသား၊ ဖွတ်သား၊ ပုတတ်သား၊ သမင်သား၊ ဂျီသား၊ နွားသား၊ သိုးသား၊ ဆိတ်သား၊ ယုန် သားများအပြင် **ဆိတ်သားဖြင့်**ပြုလုပ်သော မုန့်များ၊ ကြက်သားဖြင့် ပြုလုပ်သောမုန့်များ၊ တညင်းသီး၊ ဥသျှစ်သီး၊ ဒူးရင်းသီး၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ဥသျှစ်ရွက်၊ ကုက္ကိုရွက်၊ ရှောက်ရွက်၊ မိုးနံရွက်၊ ရဲယိုရွက်၊ မြင်းခွာရွက်၊ လဲ့လူရွက်၊ ကြိတ်မှန်ရွက်၊ ပိုးစာရွက် စသည်တို့ကို စားသုံးကြရပေမည်။

**ရှောင်ကြဉ်ရမည့် အစာအာဟာရတွေက**တော့ ပုစွန်တုပ်၊ ပုစွန်ဆိတ်၊ ငါးဥများနှင့် အခြားဥအမျိုးမျိုး၊ ဝမ်းဘဲသား၊ ဗျိုင်းသား၊ ရေကြက်သား၊ ဝက်သား၊ နွားနို့၊ ကျွဲနို့ ဆိတ်နို့ မြင်းနို့ အုန်းနို့ ထောပတ်၊ ဘူးသီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊ ရွှေဖရုံသီး၊ သခွားသီး၊ ရုံးပတီသီး၊ ကျီးအာသီး၊ ပုံလုံသီး၊ အုန်းသီးနု၊ ငှက်ပျောသီး၊ သရက်သီးစိမ်း၊ သရက်သီးမှည့်၊ ပိန္နဲသီးကင်း၊ ပိန္နဲသီးမှည့်၊ သပြေသီး၊ စပျစ် သီး၊ ပန်းသီး၊ သစ်တော်သီး၊ နာနတ်သီး၊ သီဟိုဠ်သီး၊ ကနစိုသီး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ ရှောက်သီး၊ သံပရာသီး၊ ရှောက်ချိုသီး၊ သင်္ဘောသီးစိမ်း၊ သင်္ဘောသီးမှည့်၊ မာလကာသီး၊ ဩဇာသီး၊ သလဲသီး၊ စောင်းလျားသီး၊ ခရမ်းချဉ်သီး၊ ခရမ်းချိုသီး၊ ခရမ်းကစော့သီး၊ ဆီးသီး၊ ဖန်ခါးသီး၊ ငွေးသီး စသည်တို့ကို မစားသင့်ပါ။

**သမားတော်ကြီးဒေါက်တာသက်ဆွေ (ရွှေဘောတင်ဆွေ)**



www.burmeseclassic.com

www.burmeseclassic.com

# သိထားသင့်သော အသည်းခြောက်ရောဂါ

ဒေါက်တာခိုင်(ဆေး-၂)

**အသည်းခြောက်ရောဂါဆိုတာဘာလဲ**

အသည်းခြောက်ရောဂါဆိုတာ နာတာရှည် အသည်းရောဂါတချို့ရဲ့ နောက်ဆက်တွဲဆိုးကျိုးတစ်ခုဖြစ်ပြီး ပုံမှန်အသည်းဆဲလ်တွေအစား ပြန်မကောင်းနိုင်တော့တဲ့ အနာရွတ်အသည်းဆဲလ်တွေ အစားထိုးလာတာကို ခေါ်ပါတယ်။

**အသည်းခြောက်ရောဂါ ဘယ်လိုဖြစ်လာသလဲ**

အသည်းဟာ ညာဘက်နံရိုးအောက်၊ ဝမ်းဗိုက်ရဲ့ ညာဘက်အပေါ်ဘက်ခြမ်းမှာ တည်ရှိတဲ့ခန္ဓာကိုယ်အတွက် အရေးကြီးတဲ့အင်္ဂါ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်အတွက် အရေးကြီးတဲ့ လုပ်ငန်းဆောင်တာ တော်တော်များများကို လုပ်ဆောင်ပေးတဲ့ အင်္ဂါအစိတ်အပိုင်းတစ်ခုလဲဖြစ်ပါတယ်။ ခန္ဓာကိုယ် အတွက် လိုအပ်တဲ့အရာတွေ ထုတ်လုပ်ပေးသလို (ဥပမာ–ခန္ဓာကိုယ်ရဲ့သွေးခဲတဲ့ဖြစ်စဉ်အတွက် လိုအပ်တဲ့သွေးခဲစေတဲ့ ဓာတ်တွေထုတ်ပေးနိုင်သလို)၊ ခန္ဓာကိုယ်အတွက်မလိုအပ်တဲ့၊ ခန္ဓာကိုယ်ကို အန္တရာယ်ဖြစ်စေနိုင်တဲ့အရာတွေ (ဥပမာ–ဆေးဝါးများ) ကိုလဲ ဖယ်ရှားပေးနိုင်တဲ့ အစွမ်းသတ္တိတွေ ပိုင်ဆိုင်ထားတဲ့ အပြင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်တဲ့ သကြားဓာတ်နဲ့ အဆီဓာတ်တွေကို ထိန်းညှိပေးတဲ့နေရာမှာလဲ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်တဲ့အင်္ဂါအစိတ်အပိုင်းဆိုရင်လည်း မမှားပါဘူး။ ဒီလိုအရေးကြီးတဲ့ လုပ်ငန်းဆောင်တာ ပေါင်းများစွာကို လုပ်ဆောင်နိုင်ဖို့အတွက် အသည်း ဆဲလ်တွေဟာ ကျန်းမာနေဖို့ လိုအပ်သလို အသည်းဆီကို သွေးလုံလုံလောက်လောက် ရရှိဖို့လည်း လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသည်းဟာသွေးကနေတစ်ဆင့် ခန္ဓာကိုယ်အတွက် လိုအပ်တဲ့အရာ၊ မလိုအပ်တဲ့အရာ စတာတွေကို ပို့ဆောင်ပေး၊ ဖယ်ရှားပေးရလို့ပဲ ဖြစ်ပါတယ်။

အသည်းဟာ ခန္ဓာကိုယ်ရဲ့ တခြားအင်္ဂါ အစိတ်အပိုင်းတွေနဲ့ မတူတဲ့အင်္ဂါ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသည်းဟာ တခြားအင်္ဂါ အစိတ်အပိုင်းတွေလို သွေးလွှတ်ကြောဆီကနေ သွေးကို အဓိကရတာမဟုတ်ဘဲ နှလုံးဆီကို ပြန်သွားတဲ့ အူတွေနဲ့ သွေးပြန်ကြောကနေ သွေးထောက်ပံ့မှုကို အဓိကရလို့ပဲ ဖြစ်ပါတယ်။

အသည်းဟာ ပုံမှန်အားဖြင့် ပျက်စီးသွားတဲ့ ဆဲလ်တွေကို ပြန်လည်ကောင်းမွန်စေနိုင်တဲ့ စွမ်းအင်သတ္တိရှိပါတယ်။ ဒါပေမဲ့ အသည်းဟာ အသည်းထိခိုက် ပျက်စီးစေနိုင်တဲ့ အကြောင်းအရာတွေနဲ့ အချိန်ကြာမြင့်စွာ ထိတွေ့လာရတဲ့အခါမှာ အသည်းဆဲလ်တွေဟာ ထိခိုက်ပျက်စီးလာပြီး အနာရွတ်တွေဖြစ်လာပါတယ်။ ထိခိုက်ပျက်စီးခြင်းမရှိဘဲ ကျန်ခဲ့တဲ့ ပုံမှန်အသည်းဆဲလ်တွေဟာ အနာရွတ်ဆဲလ်တွေနေရာမှာ အစားထိုးဖို့အတွက် ကြိုးစားလာကြတဲ့အခါ အနာရွတ်တစ်ရှူးတွေကြားမှာ အသစ်ဖြစ်ပေါ်လာတဲ့ အသည်းဆဲလ် (regenerative nodules)တွေကို အစုလိုက် အပြုံလိုက်တွေ့လာရပါတယ်။ ဒါကြောင့် အသည်းခြောက်ရောဂါဖြစ်တဲ့ အသည်းရဲ့မျက်နှာပြင်ဟာ ကြည့်လိုက်ရင် ညီညာချောမွေ့မှုမရှိဘဲ အဖုတွေထနေရတာ ဖြစ်ပါတယ်။ အနာရွတ်ဖြစ်လာတဲ့ အသည်းဟာ ပုံမှန်လုပ်ဆောင်ရမယ့် လုပ်ငန်းတွေ မလုပ်နိုင်တော့ဘဲ နောက်ဆုံး အသည်းခြောက်ရောဂါအဖြစ်ကို ပြောင်းလဲသွားပါတယ်။

အသည်းခြောက်ရောဂါမှာ အသည်းဟာ တဖြည်းဖြည်းနဲ့ ရှုံ့တွလာပြီး မာကျောလာတဲ့အတွက် အသည်းဟာ သွေးထောက်ပံ့မှုကောင်းစွာ မရတော့သလို၊ သွေးကြောတွေဟာလည်း မာကျောလာတဲ့ အသည်းတစ်ရှူး



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ပိတ်ဆို့ကာ သွေးတွေက သွေးကြောအတွင်း အတင်း တိုးကာ စီးဆင်းရတဲ့အတွက် သွေးကြောတွင်းဖိအားတွေလည်း များလာပါတယ်။

**အသည်းခြောက်ရောဂါဖြစ်စေတဲ့ အကြောင်းအရာတွေက ဘာတွေလဲ**

အသည်းခြောက်ရောဂါ အဓိကဖြစ်စေတဲ့ အကြောင်းအရာတွေကတော့ –

(၁) အရက်
(၂) အသည်းရောင်အသားဝါ "B"ပိုး
(၃) အသည်းရောင်အသားဝါ "C"ပိုး
(၄) အရက်ကြောင့် မဟုတ်သော အသည်းအဆီဖုံး ရောဂါဖြစ်စေတဲ့ အဝလွန်ခြင်း၊ သွေးချိုဆီးချိုရောဂါ၊ သွေးတွင်းအဆီဓာတ်များသောရောဂါ၊ သွေးတိုးရောဂါ

စတာတွေဖြစ်ပြီး တခြားအကြောင်းအရာတွေအနေနဲ့ –

(၁) ခန္ဓာကိုယ်ရဲ့ ပဋိပစ္စည်းတွေက မိမိအသည်းကို ပြန်တိုက်ခိုက်၍ဖြစ်သော အသည်းရောင်ရောဂါ
(၂) သည်းခြေပြွန် ထိခိုက်ပျက်စီးသောရောဂါ
(၃) တချို့သော ဆေးဝါးများကို ရေရှည်စွဲသောက်ခြင်း

စတာတွေကလည်း အသည်းခြောက်ရောဂါရစေပါတယ်။

**အသည်းခြောက်ရောဂါရဲ့ ရောဂါလက္ခဏာတွေက ဘာတွေလဲ**

အသည်းခြောက်ရောဂါမှာ အသည်းဟာ လုပ်ဆောင်ရမယ့် လုပ်ငန်းဆောင်တာတွေ မလုပ်ဆောင်နိုင်တော့တဲ့အခါ ရောဂါလက္ခဏာတွေ ဖြစ်ပေါ်ခံစားလာရပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံမှာ ရောဂါအရမ်းဆိုးဝါးလာမှသာ ရောဂါလက္ခဏာ ခံစားရတာမျိုးလဲရှိတတ်ပါတယ်။ အကြမ်းဖျင်းအားဖြင့် အသည်းခြောက်ရောဂါနဲ့ ရောဂါလက္ခဏာတွေက –

(၁) အစားအသောက်ပျက်ခြင်း
(၂) အသားဝါခြင်း၊ မျက်သားဝါခြင်း
(၃) ကိုယ်အလေးချိန်ကျခြင်း
(၄) အရေပြားယားယံခြင်း
(၅) မောပန်းနွမ်းနယ်ခြင်း
(၆) အရေပြားတွင် ပင့်ကူပုံစံ သွေးမျှင်လေးများ ပေါ်လာခြင်း
(၇) ခန္ဓာကိုယ်တွင် အညိုအမည်းဖြစ်လွယ်ခြင်း၊ သွေးယွက်လွယ်ခြင်း
(၈) လက်ဖဝါးတွင် အနီပြင်များဖြစ်လာခြင်း
(၉) ကယောင်ခြောက်ခြားဖြစ်ခြင်း
(၁၀) ဝမ်းဗိုက်တွင် အရည်များစုလာခြင်း (အရပ်အခေါ် ရေဖျဉ်းဆွဲခြင်း)
(၁၁) ခြေထောက်များ ဖောရောင်ခြင်း
(၁၂) အမျိုးသားများတွင် ရင်သားများကြီးထွားလာခြင်း

စတာတွေပဲ ဖြစ်ပါတယ်။

**အသည်းခြောက်ရောဂါ ခံစားနေရမှုန်း ဘယ်လိုသိနိုင်မလဲ**

အထက်ဖော်ပြပါ ရောဂါလက္ခဏာများ ခံစားနေရပါက ဆရာဝန်နှင့် ပြသကာ ဆရာဝန်မှ ရောဂါရာဇဝင်မေးမြန်းခြင်း၊ စမ်းသပ်မှုများ ပြုလုပ်ခြင်းဖြင့် အသည်းခြောက်ရောဂါရှိသည်ဟု သံသယရှိပါက အာထရာဆောင်းရိုက်ခြင်း၊ သွေးစစ်ခြင်း၊ အသားစယူခြင်း၊ CT, MRI ရိုက်ခြင်း၊ မှန်ပြောင်းကြည့်ခြင်းစသော နည်းလမ်းများဖြင့် သေချာအောင် စစ်ဆေးခြင်းဖြင့် သိနိုင်ပါတယ်။

**အသည်းခြောက်ရောဂါရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေက ဘာတွေလဲ**

(၁) ဝမ်းဗိုက်နှင့် ခြေထောက်တွင် အရည်များ စုလာခြင်း၊ (၂) ဝမ်းဗိုက်အတွင်းရှိ အမြှေးပါး ဘက်တီးရီးယားပိုးဝင်၍ ရောင်ရမ်းခြင်း (ရောဂါလက္ခဏာများအနေနဲ့ ဖျားခြင်း၊ ချမ်းတုန်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်း)၊ (၃) အစာမျိုပြွန်အောက်ပိုင်းနှင့် အစာအိမ်အပေါ်ပိုင်း ဆက်သောနေရာတွင် သွေးကြောထုံးနိုင်ပြီး ထိုနေရာမှ သွေးယိုစီးနိုင်သော အန္တရာယ်ရှိခြင်း၊ (၄) အသည်းခြောက်ရောဂါကြောင့် ဦးနှောက်ရဲ့လုပ်ငန်းဆောင်တာများ ထိခိုက်ပျက်စီးခြင်း (Hepatic encephalopathy) အသည်းခြောက်

www.burmeseclassic.com

www.burmeseclassic.com

ရောဂါမှာ အသည်းဆဲလ်တွေ ထိခိုက်ပျက်စီးသွားပြီး ပုံမှန် လုပ်ဆောင်ရမယ့် လုပ်ငန်းများ မလုပ်နိုင်တော့သောကြောင့် ခန္ဓာကိုယ်အတွက် အန္တရာယ်ရှိသောပစ္စည်းများ (toxic substances)ကို မဖယ်ရှားနိုင်သောအခါ သွေးထဲတွင် ထိုပစ္စည်းများ စုပုံလာကာ နောက်ဆုံးတွင် ဦးနှောက်ရဲ့ လုပ်ငန်းဆောင်တာများကိုပါ ပျက်စီးလာစေပါတယ်။ ရောဂါလက္ခဏာများအနေနဲ့ အိပ်စက်မှုပုံစံ မမှန်ခြင်း၊ စိတ်တိုလွယ်ခြင်း၊ သတိမေ့ခြင်း၊ မေ့မြောခြင်းနှင့် နောက်ဆုံး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါတယ်။

(၅) အသည်းခြောက်ရောဂါကြောင့် ကျောက်ကပ် ထိခိုက်ပျက်စီးခြင်း (Hepatorenal syndrome)

အသည်းခြောက်ရောဂါ တဖြည်းဖြည်းဆိုးဝါးလာတဲ့အခါမှာ ကျောက်ကပ်ရဲ့ လုပ်ငန်းဆောင်တာပိုင်းမှာလည်း ပုံမှန်မလုပ်ဆောင်နိုင်တော့ဘဲ သွေးထဲတွင် စုပုံလာသော toxic substances များကြောင့် ကျောက်ကပ်ဟာ ထိုပစ္စည်းများကို မဖယ်ရှားနိုင်တော့သလို လုံလောက်သော ဆီးပမာဏလဲ မဟုတ်နိုင်တော့ဘဲ ကျောက်ကပ်ပျက်စီးနိုင်ပါတယ်။

(၆) အသည်းခြောက်ရောဂါကြောင့် အဆုတ်၏ လုပ်ငန်းဆောင်တာများပါ ထိခိုက်ပျက်စီးခြင်း (Hepatopulmonary syndrome)၊ (၇) သရက်ရွက်ကြီးခြင်း၊ (၈) အသည်းကင်ဆာဖြစ်နိုင်ခြင်း စတာတွေပဲ ဖြစ်ပါတယ်။

**အသည်းခြောက်ရောဂါကို ဘယ်လိုကုသမလဲ**

အသည်းခြောက်ရောဂါရဲ့ လက္ခဏာတွေ ခံစားနေရပြီဆိုတာနဲ့ နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်နဲ့ပြသဖို့ အရေးကြီးပါတယ်။ အသည်းခြောက်ရောဂါကို ကုသရာမှာ

(၁) ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ သက်သာဖို့ကုသခြင်း၊ (၂) အသည်းထိခိုက်ပျက်စီးမှုကို ကာကွယ်ဖို့ကုသခြင်း၊ (၃) အသည်းခြောက်ရောဂါရဲ့ နောက်ဆက်တွဲဆိုးကျိုးများကို ကုသခြင်း၊ (၄) အသည်းကင်ဆာမဖြစ်အောင် ကာကွယ်ခြင်းနှင့် အသည်းကင်ဆာရှိမရှိ စောစီးစွာ စစ်ဆေးခြင်း

စတဲ့ခေါင်းစဉ်တွေအတိုင်း လူနာအခြေအနေပေါ်မူတည်၍ သောက်ဆေး၊ ထိုးဆေးစတာတွေအပြင် လိုအပ်ပါက သွေးကြောတွင်းပိုက်ထည့်ကာ သွေးဖိအားနည်းအောင် ပြုလုပ်ခြင်းစသော နည်းလမ်းများနှင့် ကုသနိုင်ပါတယ်။

အသည်းခြောက်ရောဂါဟာ အသည်းပုံမှန်အတိုင်း ပြန်မကောင်းနိုင်တော့တဲ့ ရောဂါတစ်ခုလည်း ဖြစ်ပါတယ်။ အသည်းခြောက်ရောဂါ ခံစားနေရတဲ့ တချို့လူနာတွေမှာ ကုသမှုခံယူနေရင်းနဲ့ အသည်းရဲ့လုပ်ဆောင်နိုင်စွမ်းတွေ တဖြည်းဖြည်းနဲ့ ယိုယွင်းလာကာ နောက်ဆက်တွဲ ဆိုးကျိုးများ ပိုဆိုးလာပြီး ကုသရခက်ခဲတာမျိုး ဖြစ်တတ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ အသည်းအစားထိုး ကုသနည်းဟာ လွယ်ကူတဲ့ နည်းလမ်းမဟုတ်ပေမဲ့ ရွေးချယ်နိုင်တဲ့ ကုသနည်းတစ်မျိုးလဲဖြစ်ပါတယ်။

ဒါကြောင့် အသည်းခြောက်ရောဂါ ပိုဆိုးမလာအောင် တားဆီးဖို့ နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်ပေါ်အောင် ကာကွယ်ဖို့နဲ့ စောစီးစွာကုသဖို့ဟာ အရမ်းအရေးကြီးပါတယ်။

**အသည်းခြောက်ရောဂါမဖြစ်အောင် ဘယ်လိုကာကွယ်မလဲ**

အသည်းခြောက်ရောဂါ ဖြစ်ရခြင်းရဲ့ အဓိကတရားခံဖြစ်တဲ့ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ဖို့ အရေးကြီးပါတယ်။ တခြားအဖြစ်များတဲ့ အကြောင်းအရာတွေဖြစ်တဲ့ အသည်းရောင်အသားဝါ "B" ပိုးနဲ့ "C" ပိုး မဖြစ်အောင် လိင်အပျော်အပါး လိုက်စားခြင်းမှ ရှောင်ရှားခြင်း၊ မလိုအပ်ဘဲ ဆေးထိုးခြင်း၊ သွေးသွင်းခြင်း စတာတွေကို ရှောင်ကြဉ်ခြင်းအပြင် အသည်းရောင်အသားဝါ "B"ပိုး ကာကွယ်ဆေးထိုးနှံခြင်းစသော နည်းလမ်းများဖြင့် ကာကွယ်နိုင်ပါတယ်။ ဒါ့အပြင် အငန်လျော့စားခြင်း၊ အဆီများသော အစားများလျော့စားခြင်း၊ ခန္ဓာကိုယ်အလေးချိန် ထိန်းသိမ်းခြင်းစသော အချက်များကလည်း ခန္ဓာကိုယ် ကျန်းမာရေးအတွက် မရှိမဖြစ်အရေးပါတဲ့ အချက်တွေမို့ လိုက်နာကျင့်သုံးကြရင်း ကျန်းမာသောခန္ဓာ၊ ချမ်းသာသော စိတ်တို့ဖြင့် လူနေမှုဘဝလှပနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။

**ဒေါက်တာခိုင် (ဆေး-၂)**



www.burmeseclassic.com

www.burmeseclassic.com

## အံ့ဖွယ်ထူးဆန်း

# ဆေးစွမ်းကောင်းများ

### မျိုးသန်းထွန်းကို(ရေစကြို)

### ဩဇာသီး၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

ဩဇာသီးမှည့်၏ အရသာသည် လွန်စွာမှ ထူးကဲချိုမြိန်လှသည်။ သည့်အတွက် လူကြီးလူငယ်မရွေး နှစ်သက်စွာ စားသုံးလေ့ရှိကြသည်။ ယို၊ ဂျယ်လီ၊ ရေခဲမုန့်၊ ဖျော်ရည်အဖြစ်လည်းကောင်း၊ ကိတ်မုန့်များတွင် အရသာပိုမိုကောင်းမွန်စေရန်အတွက်လည်းကောင်း အမျိုးမျိုးပြုလုပ်စားသုံးကြပေသည်။

ဩဇာပင်သည် ကမ္ဘာတစ်ဝှမ်းတွင် ပေါက်ရောက်လေ့ရှိပြီး ပွန်းစွတ်စိုသော မြေမျိုးတွင် ကောင်းစွာဖြစ်ထွန်းပေသည်။ ဩဇာပင်သည် အစေ့မှ အပင်ပေါက်နိုင်သည့်အပြင် ကိုင်းကူးကိုင်းဆက်နည်းဖြင့်လည်း ရှင်သန်အောင် စိုက်ပျိုးနိုင်ပေသည်။ အစေ့မှစိုက်သော အပင်သည် အသီးနောက်ကျတတ်ပြီး ကိုင်းကူး၍ စိုက်ပေးပါက အပင်သည် တစ်နှစ်သားအရွယ်မှစ၍ အသီးသီးတတ်ပေသည်။ အပင်လောင်းရိပ်မိနေလျှင် နှစ်အတော်အတန်ကြာသည်အထိ အသီးမသီးတတ်ပေ။ ရှင်သန်ရာ ရာသီဥတုအပေါ် မူတည်၍ အသီးအရွက်အစား ကွဲပြားတတ်ပါသည်။ ဩဇာပင်သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် သဘာဝအလျောက် အလေ့ကျပေါက်ရောက်ပြီး ပြင်ဦးလွင်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးနှင့် ကရင်ပြည်နယ်တို့တွင် မိုးလယ်ကာလမှစ၍ အသီးလှိုင်လှိုင် ထွက်ရှိပေသည်။

ဩဇာသီးတွင် သိုင်ယာမင်ဘီဝမ်း၊ ဗီတာမင်အေ၊ ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ကစီဓာတ်၊ အက်ဆစ်ဓာတ်၊ ပရိုတင်း၊ ဇင့်၊ ကော့ပါး၊ ပိုတက်စီယမ်၊ သဘာဝသကြား၊ နိုင်ယာစင်၊ သံဓာတ်၊ ဆိုဒီယမ်၊ ကယ်လစီယမ်၊ မဂ္ဂနီစီယမ်နှင့် အမျှင်ဓာတ် စသည်များပါဝင်ပေသည်။ ဩဇာသီးသည် နှလုံးနှင့်ဆိုင်သော ရောဂါများကို တားဆီးပေးနိုင်ခြင်း၊ ကြွက်သားအားနည်းခြင်းများနှင့် ပင်ပန်းနွမ်းနယ်မှုကို သက်သာစေခြင်း၊ လေဖြတ်ခြင်းနှင့် သွေးတိုးရောဂါတို့ကို ကာကွယ်စေနိုင်ခြင်း၊ အဆစ်အမြစ်ရောင်ရမ်းနာ ရောဂါအမျိုးမျိုးနှင့် ဂေါက်ရောဂါတို့ကို ကာကွယ်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်း၊ လေရောဂါနှင့် အစာအိမ်ရောဂါတို့အတွက် ဆေးအဖြစ် အသုံးပြုနိုင်သည်။ ဩဇာသီးကို စားခြင်းဖြင့် ဆံပင်၊ မျက်စိ၊ ခြေသည်းလက်သည်းနှင့် အသားအရေတို့အတွက် အထောက်အကူဖြစ်စေပါသည်။

ဆေးလိပ်သောက်သူများအတွက် အဆုတ်မှ နီကိုတင်းဓာတ်ကို ဖြေဖျောက်ပေးကာ အဆုတ်သန့်စင်စေပါသည်။ ကိုယ်ဝန်ဆောင်များအတွက်လည်း အားဖြည့်အစာအဖြစ် စားသုံးနိုင်ပါသည်။ စင်စစ်အားဖြင့် ဩဇာပင်သည် ဩဇာသီးသာမက အရွက်၊ အခေါက်၊ အမြစ်၊ အစေ့ စသည်ဖြင့် တစ်ပင်လုံး အသုံးဝင်ပါသည်။ အရွက်ကို ကြိတ်၍ စားခြင်းဖြင့် သန်နှင့် တုတ်ကောင်များကို ကျစေသည်။ အကြောငုပ်ခြင်း၊ တက်ခြင်းများကို အုံပေးပါက သက်သာပျောက်ကင်းနိုင်ပါသည်။

ဩဇာသီးအစေ့သည် အဆိပ်ရှိသောကြောင့် စားသုံးရန်မသင့်ပေ။ ဩဇာခေါက်ကို အားဆေးဖော်စပ်ရာတွင် အသုံးပြုနိုင်သည်။ ဩဇာသီးကို ပျားရည်နှင့် တွဲဖက်စားပါက အော့အန်တတ်ပြီး အခန့်မသင့်ပါက အသက်အန္တရာယ်ရှိပါသည်။ သဘာဝသကြားဓာတ် ကြွယ်ဝသည့်အတွက်ကြောင့် ဆီးချိုရောဂါရှင်များ ရှောင်ရှ သင့်ပါသည်။ ချွဲသလိပ်ကို အားပေးသည့်အတွက်ကြောင့် ပန်းနာရောဂါဝေဒနာရှင်များ မစားသုံးသင့်ပါ။ အသီးနုသည် အချိန်ကြာမြင့်စွာ အပ်ထား



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း မမှည့်ဘဲ မှိုတက်၍ မည်းသွားတတ်သည်။ သို့ဖြစ်၍ ဩဇာသီးကို ကိုင်ကြည့်လျှင် အလေးချိန်စီးပြီး မျက်ကွင်းကျယ်သော အသီးရင့်များကိုသာ ရွေးချယ်ဝယ်ယူသင့်ပါသည်။

အာယုဗ္ဗေဒအလိုအားဖြင့် ဩဇာသီးသည် ရောင့်ရဲခြင်းကိုဖြစ်စေ၏။ သွေးအားကို တိုးပွားစေ၏။ နှုတ်ကိုမြိန်စေ၏။ နှလုံးကို အကျိုးပြု၏။ အားကိုဖြစ်စေ၏။ အသားကို ပွားများစေ၏။ ပူလောင်ခြင်း၊ သွေးအန်ခြင်း၊ သွေးကျရောဂါဖြစ်ခြင်းနှင့် လေပူရောဂါများကို ပယ်ဖျောက်နိုင်၏။ အော့အန်ခြင်းကိုလည်း ပျောက်ကင်းစေ၏။ ဩဇာမြစ်သည် ဝမ်းကို လျှောစေတတ်၏။ အသီးသည်ချို၏။ သွေးအားကိုဖြစ်စေ၏။ သလိပ်ကို ထုတ်ဆောင်တတ်၏။ ဩဇာစေ့သည် ကြေကျက်ခဲ၏။ ဖျားနာ၊ အနာ၊ မီးလျှံနာတို့ကို ဖြစ်စေတတ်၏။ ဩဇာစေ့အမှုန့် မျက်စိထဲဝင်ပါက မျက်စိကို ထိခိုက်စေတတ်၏။

### (၁) ဦးခေါင်းတွင် သန်းများတွယ်နေပါက

ဩဇာစေ့ကို အမှုန့်ပြု၍ ဦးခေါင်းတွင် လိမ်းကျံပေးပါက သန်းများသေကျေပျက်စီးသွားပါလိမ့်မည်။

### (၂) ကလေးများ တက်နေပါက

ဩဇာရွက်ကိုကြိတ်၍ အုံပေးပါက အတက်ကျသွားစေပါသည်။

### (၃) အမူးအမော်နှင့် ထိပ်ကပ်နာများအတွက်

ဩဇာရွက်ကိုချေ၍ အုံပေးပါက အတက်ကျသွားစေပါသည်။

### (၄) အင်းဆက်ပိုးများ ကာကွယ်လိုလျှင်

ဩဇာသီးစေ့မှ အမှုန့်များကို အနာပေါ် ဖြူးပေးပါက အင်းဆက်ပိုးမွှားများကို နှိမ်နင်းကာကွယ်စေနိုင်ပါသည်။

### (၅) ဆီးချုပ်၍ အခံရခက်နေလျှင်

ဩဇာမြစ်ကို ရေနှင့်သွေး၍ သောက်သုံးပေးပါက ဆီးချုပ်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၆) အပူအားကြီး၍ ဖျားနေလျှင်

ဩဇာသီးအမှည့်ကို ညဥ့်ဦးပိုင်း၌ခွဲ၍ လေတိုက်ရာတွင်ထားပါ။ နံနက်မိုးလင်းသည့်အခါ အဆိုပါဩဇာသီးကို စားပါ။ အပူအားကြီးသူများနှင့် ဖျား၍ အပူလွန်သူများ၏ အပူကို လျင်မြန်စွာ ငြိမ်းအေးစေနိုင်ပါသည်။

### (၇) ကလေးများ ဖင်နီတာ (အူကျ) ထွက်လျှင်

ဩဇာရွက်ကိုပြုတ်၍ (သို့မဟုတ်) ဩဇာရွက်ကို တစ်ညသိပ်၍ထားသော ရေဖြင့် ဖင်နီတာ(အူကျ)အား တစ်နေ့ ၂ ကြိမ် ၃ ကြိမ်တိုင်အောင် ဆေးကြောပေးပါက အူများ စအိုမှ(ဖင်နီတာ)ထွက်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၈) အဖုအကျိတ်တွေ ထွက်နေသလား

ဩဇာသီးမှည့် အတွင်းသားများကိုကြိတ်၍ အုံဆေးပြုလုပ်ပေးပါ။ အဆိုပါအုံဆေးကို ခန္ဓာကိုယ်ပေါ်မှ အကြောင်းကြောင်းကြောင့်ဖြစ်သော အဖုအကျိတ်များအပေါ် အုံပေးပါက အမြန်ဆုံး သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၉) အနာမှာ ပိုးတွေစွဲနေလျှင်

ဩဇာရွက်၊ ဆေးကြီးရွက်အမှုန့်(ဆေးရွက်ကြီးအမှုန့်) မဖောက်ထုံး၊ ပျားရည်စစ်စစ်တို့ကို စုဆောင်းပြီး ဆေးရွက်ကြီးမှုန့်နှင့် မဖောက်ထုံးအားနယ်လျက် ဩဇာရွက်တွင် ကပ်ပေးပါ။ အဆိုပါ ဩဇာရွက်ကို အနာပေါ်ကပ်လျက် ပတ်တီးစည်းထားပေးပါက ၃ ရက်ခန့်ကြာလျှင် အနာတွင်ရှိသည့် ပိုးမွှားများ ကင်းစင်သွားပါလိမ့်မည်။

### (၁၀) အနာအုံဆေး ဖော်မလား

အနာပြည်တည်ခြင်း (သို့မဟုတ်) အနာတွင် ပိုးများကျရောက်ပါက ဩဇာရွက်ကိုကြိတ်၍ ချဉ်ဖတ်ပြုလုပ်ပါ။ ထိုချဉ်ဖတ်တွင် သိန္ဓောဆားအနည်းငယ်ထည့်၍ အနာကို အုံစည်းပေးပါက အနာတွင်ရှိသော ပြည်နှင့်ပိုးများ ကင်းပျောက်သွားပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

### (၁၁) ကျွဲ၊ နွားတို့၌ ကျရောက်တတ်သော သန်ရောဂါအတွက်

ကျွဲငယ်၊ နွားငယ်များ၏ ဝမ်းဗိုက်အတွင်းတွင် အလွန်ရှည်လျားသော သန်ပိုးများ ရှိတတ်ပါသည်။ သို့ဖြစ်၍ ဩဇာရွက်ကို အရည်ရအောင်ညှစ်ပါ ထိုအရည်အား သန်ကောင်ပိုးများရှိသည့် ကျွဲငယ်၊ နွားငယ်များအား တစ်ပတ်ခန့် တိုက်ကျွေးပေးပါက ထိုသန်ပိုးများ သေကြေ၍ ကျွဲချေး၊ နွားချေးများနှင့်အတူ အပြင်သို့ ထွက်သွားပါလိမ့်မည်။

### (၁၂) ဝက်ရူးပြန်နှင့် စိတ်ချောက်ချားခြင်းများအတွက်

ဩဇာရွက်ကိုကြိတ်၍ အရည်ညှစ်ယူပြီး ရောဂါရှင်၏ နှာခေါင်းနှစ်ဖက်အတွင်းသို့ နှစ်စက်စီခန့် ထည့်ပေးပါက ဝက်ရူးပြန်ရောဂါနှင့် စိတ်ချောက်ချားခြင်းများ ကင်းစင်ကွယ်ပျောက်သွားပါလိမ့်မည်။

**သတိပြုရန်မှာ . . .**

ဩဇာစေ့၌ အဆိပ်တစ်မျိုးပါရှိ၏။ ထိုအဆိပ်သည် အဆိပ်နှင့် မခြားပေ။ အကယ်၍ ဩဇာအမှုန့်သည် မျက်စိအတွင်းသို့ အနည်းငယ်မျှ ဝင်သွားသည်ရှိသော် မခံမရပ်နိုင်အောင် ပူလောင်ပြီး မျက်စိကို လွန်စွာမှ ဒုက္ခပေးတတ်ပါသည်။

●

### ကွမ်းရွက်၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

ကွမ်းရွက်ကို အိန္ဒိယနိုင်ငံမှ သုတေသနပညာရှင်များက "အစိမ်းရောင်ရွှေ"ဟု တင်စားခေါ်ဝေါ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ကွမ်းရွက်၌ အံ့ဩဖွယ်ကောင်းလှစွာသော အာဟာရဓာတ်ပိုးများ၊ ဆေးဖက်ဝင်မှုများ ပါဝင်နေသောကြောင့် ဖြစ်ပေသည်။

ကွမ်းရွက်ပင်ကို မြန်မာနိုင်ငံအတွင်း ဒေသအနှံ့အပြား၌ စိုက်ပျိုးနိုင်ပေသည်။ ၎င်းကို အနုစား၊ အလတ်စား၊ အကြမ်းစားနှင့် အရိုင်းစားဟူ၍ လေးမျိုးခွဲခြားထားပေသည်။ ကွမ်းရွက်၌ ဖန်၊ ခါး၊ ပူစပ်သော အရသာရှိသည့်အတွက် နှုတ်ကို မြိန်စေပါသည်။ ထို့အပြင် သလိပ်ကြေ၊ လေနိုင်ပြီး ခွန်အားကိုလည်း တိုးပွားစေပါသည်။

ကွမ်းရွက်ကို ပါဠိဘာသာဖြင့် "မုခဘုသန"ဟုခေါ်၏။ ကွမ်းရွက်၌ ရေဓာတ်၊ အသားဓာတ်၊ အဆီဓာတ်နှင့် သတ္တုဓာတ်တို့အပြင် အမျှင်ဓာတ်၊ ကစီဓာတ်၊ ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ကယ်လ်စီယမ်၊ ကာရိုတင်း၊ ရိုင်ဘိုဖလင်ဗင်၊ နိုင်ရာစင်၊ သိုင်ယာမင်းနှင့် သံဓာတ် စသည့် အာဟာရဓာတ်များ ပါဝင်ကြောင်း သုတေသနပြုချက်များအရ သိရပေသည်။ ကွမ်းရွက်ခြောက်၌ ပါဝင်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များသည် နွားနို့ ၃၀၀ စီစီတွင် ပါဝင်သည်နှင့် ပမာဏချင်းတူညီပေသည်။ ဓာတ်မတည့်မှုကြောင့် ယားယံခြင်းဖြစ်လာပါက ကွမ်းရွက်နှင့် ကုသနိုင်သကဲ့သို့ ၎င်း၌ပါဝင်သော အမျှင်ဓာတ်များကလည်း သန်ကောင်၊ တုတ်ကောင်များအား သေစေနိုင်စွမ်း ရှိပေသည်။

ကွမ်းရွက်သည် နို့တိုက်မိခင်များ ရင်သားရောင်ရမ်းခြင်း၊ အဖြူဆင်းခြင်း၊ စသည့်ကိစ္စများနှင့် အသုံးပြုကုသပေးရသော ဆေးတစ်ခွက်ဆိုလျှင်လည်း မမှားပါချေ။ ၎င်းသည် ဘတ်တီးရီးယားနှင့် မှိုကြောင့်ဖြစ်သည့် အရေပြားရောဂါတို့အား သက်သာပျောက်ကင်းစေပါသည်။

ကွမ်းရွက်တွင် ကစီဓာတ်ကို ချေဖျက်နိုင်သော အင်ဇိုင်းများလည်း ပါရှိပေသည်။ အဆုတ်ထိခိုက်မှုဝေဒနာမှ သက်သာစေပြီး အေးမြသည့် အာနိသင်နှင့် ကင်ဆာကို ပျောက်ကင်းအောင် ကုသနိုင်သော ဓာတ်ပစ္စည်းများလည်း ပါဝင်ပေသည်။ အထူးသဖြင့် သွေးကင်ဆာရောဂါဝေဒနာကို ပျောက်ကင်းစေနိုင်မည်ဟူ၍ သုတေသနပညာရှင်များ မျှော်လင့်ထားကြပေသည်။

ဤ၌ သတိပြုရန်ကား ဆေးဖက်ဝင်သော ကွမ်းရွက်ပင်ဖြစ်စေကာမူ ကွမ်းသီး၊ ဆေးရွက်ကြီး၊ အိန္ဒိယနိုင်ငံမှလာသော (စင်ဂနယ်၊ ဟန်ဒရက်၊ ဖော်တီဖိုက်၊ နိုင်တီတူး၊ မြေပုံ၊ မှုစကီ၊ ဆေးပေါင်း၊ နပ်ဆေး၊ ဘုရင်မ၊ ဆာဂါး အစရှိသည့်) ဆေးများ၊ ထုံး စသည်တို့ကို ရောစပ်ပြီး ကွမ်းယာအဖြစ် စားသုံးပေးမည်ဆိုပါက အန္တရာယ်ကို လက်ယပ်ခေါ်သကဲ့သို့ ဖြစ်ပါလိမ့်မည်။ ကွမ်းယာစားသုံးခြင်းသည် မူးယစ်



www.burmeseclassic.com

www.burmeseclassic.com

ဆေးသုံးသကဲ့သို့ စွဲလမ်းမှုကို ဖြစ်စေသည်။ ကွမ်းယာတွင်းထည့်ထားသော ဆေးများနှင့် အခြားပါဝင်ပစ္စည်းများကြောင့် ကင်ဆာရောဂါကို ဖြစ်စေနိုင်သည်။ **အထူးသဖြင့် ပါးစပ်၊ နှုတ်ခမ်း၊ သွားဖုံး၊ လျှာ** အစရှိသော **ခံတွင်းကင်ဆာ**တို့ အဖြစ်များခြင်းကို တွေ့ရှိရပေသည်။ **ယခုအခါ၌ ကွမ်းစိုက်**ခင်းသမားများသည် ပိုးသတ်ဆေးများဖျန်းကာ စိုက်ပျိုးကြသည့်အတွက် ကွမ်းရွက်ကို အသုံးမပြုမီ ရေဖြင့် စင်ကြယ်စွာ ဆေးကြောဖို့လိုကြောင်း သတိချပ်ရပေမည်။

### (၁) လိပ်ခေါင်းရောဂါ ခံစားနေသလား

လိပ်ခေါင်းရောဂါဝေဒနာ ခံစားနေကြရသူများအနေဖြင့် ၎င်း၏ဒွါရပေါက်၌ ကွမ်းရွက်ကပ်ပေးပါက ခံစားနေရသည့်ဝေဒနာ သက်သာသွားစေပါလိမ့်မည်။

### (၂) မွေးကျွတ်နာ (သို့မဟုတ်) အနာစိမ်းများအတွက်

မွေးကျွတ်နာ (သို့မဟုတ်) အနာစိမ်းများပေါ်သို့ အပူပေးပြီး ကြက်ဆူဆီသုတ်လိမ်းထားသော ကွမ်းရွက်အား မကြာခဏ အလဲလဲအလှယ်လှယ် ကပ်ပေးပါက အနာပေါက်ကာ ပြည်များစိမ့်ထွက်ပြီး ဝေဒနာ သက်သာလျော့ပါးသွားပါလိမ့်မည်။

### (၃) ထိခိုက်ရှနာဖြစ်နေသလား

ထိခိုက်ရှနာဝေဒနာများအတွက် အနာပေါ်သို့ ကွမ်းရွက်ကပ်ပေးပါက နှစ်ရက်အတွင်း သက်သာပျောက်ကင်းပါလိမ့်မည်။ ကွမ်းရွက်ကပ်၍ မရနိုင်သော နေရာများ၌ ထိခိုက်ရှနာဖြစ်ပွားပါက ကွမ်းရွက်ကို အရည်ညှစ်ကာ မကြာခဏ သုတ်လိမ်းပေးနိုင်ပါသည်။

### (၄) ခါးနာနေသလား၊ အဆစ်အမြစ်တွေ နာကျင်ကိုက်ခဲနေသလား

ခါးနာခြင်း၊ အဆစ်အမြစ်များ နာကျင်ကိုက်ခဲနေပါက ကွမ်းရွက်ကို အပူပေး၍ အုန်းဆီဆွတ်ပါ။ ပြီးလျှင် ဝေဒနာခံစားနေရသော နေရာများ၌ ကပ်ထားပေးပါက ရောင်ရမ်းမှုကို သက်သာသွားစေပြီး နာကျင်မှုကိုပါ သက်သာသွားစေနိုင်ပါသည်။

### (၅) ခေါင်းကိုက်ဝေဒနာ ခံစားနေရလျှင်

နားထင်၌ ကွမ်းရွက်ကပ်ပေးပါ။ ကွမ်းရွက်၏ အေးမြသော သတ္တိက ခေါင်းကိုက်ဝေဒနာကို သက်သာလျော့ပါးသွားစေပါလိမ့်မည်။

### (၆) နှလုံးဝေဒနာ ခံစားနေရလျှင်

ကွမ်းရွက်တွင် နှလုံးခုန်နှုန်းကို စည်းချက်ညီစေသော ဂုဏ်သတ္တိပါရှိ၏။ သို့ဖြစ်၍ နှလုံးရောဂါဝေဒနာ ခံစားနေရပါက ကွမ်းရွက်ကို ရေအနည်းငယ်ဆွတ်ပြီး နှလုံးနေရာ၌ ကပ်ပေးပါက ဝေဒနာသက်သာလျော့ပါးသွားပါလိမ့်မည်။

### (၇) အာရုံကြောတွေ အားနည်းလျှင်

ကွမ်းရွက်ညှစ်ရည်ကို ပျားရည်နှင့်ရောပြီး တစ်နေ့နှစ်ကြိမ် သောက်ပေးသွားပါက အာရုံကြောအားနည်းဝေဒနာရှင်များ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၈) အသက်ရှူလမ်းကြောင်း ဝေဒနာခံစားနေရလျှင်

ကွမ်းရွက်ကို မုန်ညင်းဆီဆွတ်ကာ အပူအနည်းငယ်ပေးပြီး ရင်ဘတ်ပေါ်တွင် ကပ်ထားခြင်းဖြင့် အသက်ရှူလမ်းကြောင်း၌ ဖြစ်ပွားတတ်သောရောဂါဝေဒနာကို သက်သာလျော့ပါးသွားစေပါလိမ့်မည်။

### (၉) ဆီးသွားတာတွေ နည်းနေသလား

ကွမ်းရွက်၌ ဆီးသွားစေနိုင်သည့် သတ္တိရှိ၏။ သို့ဖြစ်၍ ဆီးချုပ်ခြင်း၊ ဆီးနည်းခြင်းတို့ဖြစ်ပေါ်ခံစားနေရပါက ကွမ်းရွက်ရည်ကို နွားနို့နှင့်ရောပြီး သကြားစွက်ကာ သောက်သုံးပေးပါ။ ဆီးရွှင်သွားပါလိမ့်မည်။

### (၁၀) အစာမကြေဖြစ်နေလျှင်

အစာစားပြီးနောက် ကွမ်းရွက်စားပေးပါက ခံတွင်းကောင်းပြီး အစာကို ကြေညက်စေပါသည်။ အဘယ်ကြောင့်ဆိုသော် ကွမ်းရွက်၌ပါဝင်သော ဂုဏ်သတ္တိတစ်ခုသည် အစူ



www.burmeseclassic.com

www.burmeseclassic.com

လမ်းကြောင်းလှုပ်ရှားမှုကို ကောင်းမွန်စေပြီး အလုပ်လုပ်နိုင်ရန်အတွက် ကူညီပေးနိုင်သောကြောင့် ဖြစ်သည်။

### (၁၁) ကိုယ်နံ့ကောင်းလိုသလား။ သွားနှင့်သွားဖုံး ကျန်းမာလိုသလား

ကွမ်းရွက် ၁၀ ရွက်ကို ပါးပါးလှီးပြီး ပွက်ပွက်ဆူသည့် ရေထည့်ထားသော ခွက်အတွင်းထည့်ပါ။ ၁၀ မိနစ်ခန့်အုပ်ဆိုင်းပြီး ခပ်နွေးနွေးကလေးရှိပါမှ သောက်သုံးပေးပါ။ ကိုယ်နံ့များကောင်းမွန်ပြီး သွားနှင့်သွားဖုံးတို့ ကျန်းမာလာပါလိမ့်မည်။

### (၁၂) ကလေးများ နှာစေးနေလျှင်

ကွမ်းရွက်ကို မီးကင်၍ နှာစေးနေသော ကလေးငယ်၏ ငယ်ထိပ်ပေါ်သို့ အုန်းဆီဆွတ်ကာ ကပ်ထားပေးပါ။ နှာစေးဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၁၃) အပူလွန်ပြီး ဖျားနေလျှင်

အိုးတစ်လုံးအတွင်းသို့ ကွမ်းရွက်၊ ချင်း၊ ထန်းလျက်၊ ဆားတို့ ရေနှင့်ပြုတ်ကာ သောက်သုံးပေးပါက အပူလွန်ပြီး ဖျားနေသောဝေဒနာကို သက်သာပျောက်ကင်းစေပါသည်။

### (၁၄) ချောင်းဆိုး၊ ပန်းနာ၊ ရင်အောင့် ရင်ကယ်ဖြစ်နေလျှင်

ကွမ်းရွက်ညှစ်ရည်ကို ချင်းပြုတ်ရည်နှင့်ရောပြီး သိန္ဓော၊ ဆားအနည်းငယ်ထည့်၍ သောက်ပေးပါက ချောင်း ဆိုး၊ ပန်းနာ၊ ရင်အောင့်၊ ရင်ကယ်ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၁၅) မျက်စိနာပြီး ကိုက်ခဲနေလျှင်

ကွမ်းရွက်ညှစ်ရည်နှင့် မျက်စဉ်းခတ်ပေးပါက မျက်စိနာခြင်း၊ မျက်စိကိုက်ခြင်း ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၁၆) မီးယပ်ကြောင့် စိတ်ရောဂါထနေလား

ဓမ္မတာမမှန်ဘဲ မီးယပ်ကြောင့် စိတ်ဖောက်ပြန်သော စိတ္တဇနာအတွက် ကွမ်းရွက်ညှစ်ရည်ကို နွားနို့နှင့် သောက်သုံးပေးပါက သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၁၇) အစာမကြေ၊ လေပွ၊ ဝမ်းသွားပြီး ဖျားနာနေလျှင်

အစာမကြေခြင်း၊ လေပွခြင်း၊ ဝမ်းသွားပြီး ဖျားနာနေခြင်းတို့အတွက် ကွမ်းရွက်ညှစ်ရည်နှင့် ပျားရည်တို့ကို တိုက်ကျွေးပေးပါ။ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၁၈) ကလေးများ ကျောပူ၊ ခေါင်းပူထနေလျှင်

ကွမ်းရွက်သတ္တုရည်နှင့် ကြက်ဟင်းခါးရွက် သတ္တုရည်တို့ကိုရော၍ ကလေးငယ်၏ ဝမ်းပြင်၊ ကျောပြင်တို့အား အထက်မှအောက်သို့ လိမ်းသပ်ပေးပါက ကျောပူ၊ ခေါင်းပူဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

●

### စပါးလင်၏ ဆေးဖက်ဝင်အစွမ်းထက်မှုများ

စပါးလင်သည် မီးဖိုချောင်ကို စီမံကွပ်ကဲရသည့် အိမ်ရှင်မများ လက်စွဲဖြစ်ချေ၏။ မြန်မာနိုင်ငံမှ ထွက်ရှိသော စပါးလင်သည် ရနံ့မွှေးပျံ့ရုံသာမက ဆေးစွမ်းကလည်း ထက်မြက်လှပါသည်။ ၎င်းသည် မြက်မျိုးအနွယ်ဝင်ဖြစ်ပြီး စပါးလင်မွှေးနှင့် ဟင်းစားစပါးလင်ဟူ၍ နှစ်မျိုးရှိပါသည်။

ထိုနှစ်မျိုး၏ ကွာခြားပုံမှာ စပါးလင်မွှေးသည် ဟင်းစားစပါးလင်ထက် ပို၍ ရွက်ပြားကြီးကာ ရှည်လျားခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ အချို့သော စီးပွားရေးဈေးကွက်များတွင် စပါးလင်မွှေးက ပို၍ မျက်နှာပန်းလှတတ်ပေသည်။

စပါးလင်သည် စိုက်ပျိုး၍ရနိုင်သော အပင်ဖြစ်သည်။ မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် စိုက်ပျိုး၍ ပေါက်ရောက်နိုင်ပြီး သီတင်းကျွတ်လကုန်လောက်တွင် ဖူးတံထွက်၍ ပြာသို၊ တပို့တွဲလများတွင် အပွင့်ပွင့်၏။ အရသာမှာ ဖန်၍ခါး၏။

စပါးလင်၏ အရွက်နှင့်အဆီကို တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင်လည်းကောင်း၊ ရောဂါကုသရာတွင်လည်းကောင်း ပရဆေးအဖြစ် ပရဆေးအဖြစ် အသုံးပြုကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယဆေးကျမ်းများ၌ စပါးလင်သည် အစာမကြေခြင်း၊ ခံတွင်းပျက်ခြင်းနှင့် အစာအိမ်အတွင်း ပိုးနှောင့်ယှက်သော ရောဂါဝေဒနာများအတွက် အကောင်းဆုံးဆေးတစ်လက်ဖြစ်ကြောင်း ဖော်ပြထားပေသည်။ မြန်မာ့ဆေးဖက်ဝင်အပင်များ၌လည်း စပါးလင်ကို ချန်လှပ်၍မရပေ။

စပါးလင်သည် ပဉ္စင်းပါးလုံး အသုံးဝင်သော အပင်ဖြစ်၏။ ၎င်းတွင် လေသလိပ်ကို ကြေစေခြင်း၊ သွေးကို ကြည်လင်စေခြင်း၊ အစာကိုကြေစေ၍ သည်းခြေကိုပျက်စေခြင်း စသော အစွမ်းသတ္တိများရှိပေသည်။ စပါးလင်ကို နလုံး၊ လည်ချောင်းနှင့် ပတ်သက်သော ရောဂါများ ကုသရာတွင် အသုံးပြုနိုင်ပြီး ချောင်းဆိုးခြင်း၊ သွေးအန်ခြင်း၊ ကာလဝမ်းရောဂါနှင့် သလိပ်ရောဂါတို့ကို နိုင်နင်းစွာ ကုသပေးနိုင်၍ အူသိမ်၊ အူနု၊ အူအကာနှင့် အမြေးများ၏ လုပ်ဆောင်ချက်ကို ပိုမိုကောင်းမွန်စေသည်ဟု သိရသည်။

မြန်မာ့ဆေးကျမ်းများအလိုအရ အဖျားရောဂါသည်များ ချွေးထွက်စေရန်အတွက် စပါးလင်ကို ချင်း၊ သကြားတို့နှင့် ရောစပ်၍ အသုံးပြုနိုင်သည်။ စပါးလင်သည် ဆီးပူခြင်း၊ ဆီးအောင့်ခြင်းနှင့် ဆီးလမ်းကြောင်းဆိုင်ရာ ရောဂါဝေဒနာများအတွက်လည်း ဆေးစွမ်းကောင်းတစ်လက်ဖြစ်ကြောင်း သိရသည်။

ယနေ့ခေတ်ကာလတွင် ခေါးဝါးကုမ္ပဏီကြီးများသည် စပါးလင်မှ အဆီကို ပေါင်းခံကိရိယာဖြင့် ထုတ်ယူ၍ စားဆေး၊ သောက်ဆေး၊ လိမ်းဆေးအမျိုးမျိုး ဖော်စပ်ရောင်းချနေပြီ ဖြစ်သည်။ စပါးလင်ဆီသည် ပူနွေးစေသော ဂုဏ်သတ္တိရှိသဖြင့် ၎င်းအဆီနှင့် နမ်းဆီ ရောစပ်လိုက်လျှင် ပရုတ်ဆီကဲ့သို့ပင် အကျိုးအာနိသင်ရှိကြောင်း သိရသည်။ ၎င်းကို ခါးနာ ခြင်း၊ ခါးကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊ အကြောဆွဲခြင်း၊ အကြောတုန်ခြင်းတို့အပြင် ပွေး၊ ဝဲ စသော အရေပြားရောဂါများအတွက်ပါ လိမ်းဆေးအဖြစ် သုံးစွဲနိုင်သည်။

စပါးလင်ဆီတွင် သွေးကိုကြွစေသော လေတက်ခြင်းကို ကျဆင်းစေနိုင်သော ချွေးတပြိုက်ပြိုက်ထွက်စေသော အစွမ်းအာနိသင်များရှိပြီး ဝမ်းဗိုက်ရစ်နာခြင်း၊ ရင်ဘတ်အောင့်ခြင်းနှင့် ပျို့အန်ခြင်းဝေဒနာများကို ကုသရာ၌ အစွမ်းထက်လှသည်ဟု ဆိုပါသည်။ မြန်မာ့ရေမြေ၌ လွယ်လင့်တကူ ရှာဖွေရယူနိုင်သော စပါးလင်သည် တန်ဖိုးစရိတ်နည်းပါးသော်လည်း ရောဂါပျောက်ကင်းအစွမ်းထက်လှသဖြင့် နည်းလမ်းအသွယ်သွယ်ကို အသုံးချ၍ ကျန်းမာခြင်းဆုလာဘ်ကို ပေးနိုင်စွမ်းရှိပေသည်။

### (၁) ဆံပင်ကျွတ်တာ သက်သာစေဖို့

စပါးလင်ဆီကို အုန်းဆီစစ်စစ်နှင့် ရောစပ်၍ ဦးရေပြားအတွင်း စိမ့်ဝင်သွားအောင် လိမ်းပေးပါက ဆံပင်ကျွတ်ခြင်းများ ရပ်တန့်သွားပါလိမ့်မည်။

### (၂) ကလေးများ သန်ထိုးနေပါလျှင်

ကလေးငယ်၏ ဝမ်းဗိုက်ကို စပါးလင်ဆီ လိမ်းကျံပေးပြီး အဝတ်ဖြင့် ပတ်ထားပေးပါက သန်ထိုးခြင်းဝေဒနာ သက်သာသွားပါလိမ့်မည်။

### (၃) ခြင်ကိုက်နေသလား

စပါးလင်ဆီပါဝင်သော ဖယောင်းလိမ်းဆေးကို လိမ်းပေးပါက ခြင်မကိုက်တော့ဘဲ ငှက်ဖျားအန္တရာယ်မှ ကင်းဝေးသွားပါလိမ့်မည်။

### (၄) လေဖြတ်၊ လေငန်းနှင့် ကြွက်တက်ဝေဒနာရှင်များအတွက်

စပါးလင်ဆီကို နမ်းဆီ(သို့မဟုတ်) အုန်းဆီနှင့်ရော၍ လိမ်းကျံပေးပါက လေဖြတ်ခြင်း၊ လေငန်းဆွဲခြင်းနှင့် ကြွက်တက်ခြင်းဝေဒနာတို့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၅) အဆစ်တွေ ရောင်ရမ်းနေလျှင်

အဆစ်များ ရောင်ရမ်းလျက်ရှိသော နေရာများပေါ်သို့ စပါးလင်ဆီအား စိမ့်ဝင်အောင် ခပ်နာနာပွတ်လိမ်းပေးပါက အဆစ်ရောင်ရမ်းခြင်းဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

### (၆) မီးယပ်ကြောင့် ကိုယ်လက်နာကျင်ကိုက်ခဲနေလျှင်

အမျိုးသမီးများ မီးယပ်ရောဂါဝေဒနာကြောင့် ကိုယ်လက်များ နာကျင်ကိုက်ခဲနေပါလျှင် စပါးလင်ရည်တွင် ဂရုတ်ကောင်းမှုန့်အနည်းငယ်ထည့်ကာ လိမ်းကျံပေးပါက ဝေဒနာသက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၇) ထိခိုက်မှုကြောင့် အကြောတင်နေသလား

ရုတ်တရက် ထိခိုက်ဒဏ်ရာရ၍ အကြောတင်နေခဲ့ပါက အကြောပြေဒဏ်ကြေသွားစေရန်အတွက် ထမင်းဖြူနှင့် စပါးလင်ကို ထုထောင်းကာ ကြပ်ထုပ်ထိုးပေးပါ။ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၈) ဆီးရောဂါနှင့် လည်ချောင်းနာတို့အတွက်

စပါးလင်ပဒ္မငါးပါးကို သကြားအနည်းငယ်နှင့်ကျို၍ တစ်နေ့ ၂ ကြိမ် သောက်သုံးပေးသွားပါက ဆီးရောဂါသာမက လည်ချောင်းနာဝေဒနာတို့ကို သက်သာပျောက်ကင်းသွားစေနိုင်ပါသည်။

### (၉) နာတွေစေး၍ ချောင်းဆိုးနေလျှင်

ပဒ္မငါးပါးပါဝင်သော စပါးလင်တစ်စည်းကို ရေစင်စင်ဆေးပြီး ပြုတ်ပါ။ ရရှိလာသော အရည်ထဲတွင် မီးဖုတ်ထားသော ဆားခတ်၍ သောက်သုံးပေးပါက နာစေးခြင်း၊ ချောင်းဆိုးခြင်းဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၁၀) အစာမကြေ ခံတွင်းမလိုက်လျှင်

ပဒ္မငါးပါးကို ကြိတ်ညှစ်၍ရသော စပါးလင်ရည်အားသောက်သုံးပေးပါက အစာမကြေခြင်းများ၊ ခံတွင်းမလိုက်ခြင်းများ ပျောက်ကင်းသွားပါလိမ့်မည်။

### (၁၁) ငှက်ဖျားရောဂါ ထနေသလား

စပါးလင်ခေါင်းနှင့် ဂရုတ်ကောင်းစေ့တို့ကို ရော၍ကြိတ်ပါ။ ရလာသည်တို့ကို အခြောက်လှန်း၍ နေ့စဉ် ဂရုတ်ကောင်းစေ့ခန့် သောက်သုံးပေးပါက ငှက်ဖျားရောဂါဝေဒနာသက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၁၂) ဆီးကြောင့်ဖြစ်သော အသားဝါရောဂါအတွက်

စပါးလင် လက်တစ်ဆုပ်ခန့်ကို အမြီးနှင့်ခေါင်းအား ဖြတ်၍ ရေနှင့် သုံးခွက်တစ်ခွက်တင်ကျိုပါ။ ထိုဆေးရည်အား တစ်နေ့သုံးကြိမ်သောက်ပါ။ အနည်းဆုံး သုံးရက်ခန့် သောက်ပေးပါက ဆီးကြောင့်ဖြစ်သော အသားဝါရောဂါများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၁၃) ရောင်ရမ်းနာကျင်လျှင်

ရောင်ရမ်းနာကျင်ခြင်းများ ဖြစ်ပေါ်ခံစားနေရပါက စပါးလင်ကို ထုထောင်း၍ အဝတ်ဖြင့်ထုပ်ပြီး ကြပ်ထုပ်ထိုးပေးပါက နာကျင်မှုများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### (၁၄) လေရောဂါသည့်များအတွက်

လေကြောင့် စိတ်သောကရောက်နေကြရသော ဝေဒနာရှင်များအဖို့ ဂရုတ်ကောင်း၊ ပူဒီနာနှင့် သကြားတို့ကို စပါးလင်နှင့် ရောစပ်ကာ ပြုတ်၍ သောက်ပေးပါက လေရောဂါများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

နေ့စဉ် ဟင်းလျာများ ချက်ပြုတ်နေကြရသော အိမ်ရှင်မများအဖို့ စပါးလင်သည် ဟင်းလျာအတွက်သာမကဘဲ ကျန်းမာရေးအတွက်ပါ အထောက်အကူပြုလျက် ရှိပေသည်။

**မျိုးသန်းထွန်းကို(ရေစကြို)**





www.burmeseclassic.com

www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၈၀ ခုနှစ်၊ ဝါခေါင်လ - တော်သလင်းလ

## 2018 SEPTEMBER

| | | |
|---|---|---|
| စနေ Saturday | 1 ၆ | |
| တနင်္ဂနွေ Sunday | 2 ၇ | |
| တနင်္လာ Monday | 3 ၈ | |
| အင်္ဂါ Tuesday | 4 ၉ | 18 ၉ |
| ဗုဒ္ဓဟူး Wednesday | 5 ၁၀ ရက်ရာဇာ | 19 ၁၀ |
| ကြာသပတေး Thursday | 6 ၁၁ | 20 ၁၁ ရက်ရာဇာ |
| သောကြာ Friday | 7 ၁၂ ရက်ရာဇာ | 21 ၁၂ |
| စနေ Saturday | 8 ၁၃ | 22 ၁၃ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 9 ● ဝါခေါင်လကွယ် | 23 ၁၄ |
| တနင်္လာ Monday | 10 ၁ မဟာရက်ကြမ်း | 24 ၁၅ တော်သလင်းလပြည့် |
| အင်္ဂါ Tuesday | 11 ၂ | 25 ၁ |
| ဗုဒ္ဓဟူး Wednesday | 12 ၃ | 26 ၂ အမြိတ္တာစုတ်ရက် မဟာရက်ကြမ်း |
| ကြာသပတေး Thursday | 13 ၄ ရက်ရာဇာ အမြိတ္တာစုတ်ရက် | 27 ၃ ရက်ရာဇာ |
| သောကြာ Friday | 14 ၅ | 28 ၄ |
| စနေ Saturday | 15 ၆ ရက်ရာဇာ | 29 ၅ ရက်ရာဇာ အမြိတ္တာစုတ်ရက် |
| တနင်္ဂနွေ Sunday | 16 ၇ | 30 ၆ |
| တနင်္လာ Monday | 17 ၈ | |



၁. ၉. ၂၀၁၈



စန်းပြောင်းရက်စွဲ



၁၇. ၉. ၂၀၁၈

### ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၇. ၉. ၂၀၁၈ တနင်္လာနေ့ နံနက် ၇ နာရီ ၃၇ မိနစ်တွင် ကန်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂. ၉. ၂၀၁၈ တနင်္ဂနွေနေ့ ညနေ ၉ နာရီ ၅၃ မိနစ်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁၉. ၉. ၂၀၁၈ ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီ ၇ မိနစ်တွင် ကန်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၂. ၉. ၂၀၁၈ တနင်္ဂနွေနေ့ ၀ နာရီ ၇ မိနစ်တွင် တူရာသီသို့ ပြောင်းသည်။

စနေသည် - ၇. ၉. ၂၀၁၈ နေ့အထိ ဝကြွသွားသည်။ ၈. ၉. ၂၀၁၈ နေ့တွင် သမပြန်သွားသည်။

### ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် မနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၂၁. ၉. ၂၀၁၈)သောကြာနေ့၊ ညနေ ၁ နာရီ ၃၃ မိနစ် ၀ စက္ကန့်။

(၁၃. ၉. ၂၀၁၈)၊ (၂၆. ၉. ၂၀၁၈) နှင့် (၂၉. ၉. ၂၀၁၈) ရက်တို့သည် အမြိတ္တာစုတ်ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

### အမြိတ္တာစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။
တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။
အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။
ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။
ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။
သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင်စိုက်ပါ။
စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက်

နွယ်သာကီအောင်

မြစ်ပြင်မှာတော့ ရေလှိုင်းကလေးတွေက သင်ဖြူးခင်းထားသည့်အလား ညီလာ ပြန့်ပြူးနေပေ၏။ နေ့ကာလဆိုလျှင် အပူဒဏ်သည် လွန်စွာမှ စူးရှပြင်းထန်လွန်းလှပါဘိ။ သို့ဖြစ်၍ "တော်သလင်းနေ ပုစွန်သေ"ဟူ၍ စကားအဆိုရှိခဲ့သည် မဟုတ်ပါလော။ ရေမြေ တောတောင်အနံ့မှာတော့ ယင်းမာပန်းရနံ့တို့က ဝေစည်ကြိုင်လှောက်နေပေ၏။ သည်ကာလ သည် ရဟန်းသံဃာတော်တို့အတွက် မိမိတို့ ကျောင်းဝိဟာရမှာပင် နေထိုင်သီတင်းသုံး နေရသေးသည်။ ဝါကပ်ရသောကာလပင် ဖြစ်သည်။ ရဟန်းသံဃာတော်တို့မှာ ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ရေးအတွက် ကြိုးပမ်းနေကြသကဲ့သို့ မိမိတို့လူသားများမှာလည်း လောကီ စီးပွားရေးကို အားထုတ်ရင်း သာသနာတော်ကြီးအတွက် ချီးမြှောက်နေကြလေရာ မြန်မာ ပြည်၌ လူဖြစ်ရခြင်းသည်ပင်လျှင် လွန်စွာမှ ထူးကဲလှပါသည်ဟု . . .

### ၁။ နေအိမ်တိုက်တာ ဝယ်ယူရန်

စက်တင်ဘာလ (၄)၊ (၇)၊ (၉)၊ (၁၅)၊ (၁၆) စသောရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်စုံစွာ ဝယ်ယူရန်

စက်တင်ဘာလ (၇)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၄)၊ (၃၀) စသောရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ ရွှေ/ကျောက်တွင်း တူးရန်

စက်တင်ဘာလ (၂)၊ (၆)၊ (၈)၊ (၉)၊ (၁၂)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၃၀) စသောရက်များသည် ရွှေ/ကျောက်တွင်းတူးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ယှဉ်ပြိုင်ကစားများ ဆောင်ရွက်ရန်

စက်တင်ဘာလ (၃)၊ (၇)၊ (၁၆)၊ (၂၀)၊ (၂၇)၊ (၃၀) စသောရက်များသည် ယှဉ်ပြိုင်ကစားများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၅။ ကျောင်း/အိမ် ဆောက်လုပ်ရန်

စက်တင်ဘာလ (၃)၊ (၄)၊ (၇)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၉) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**၆။ ပခွဉ်းခံ၊ ရှင်ပြု၊ နားသမင်္ဂလာ ကျင်းပရန်**

စက်တင်ဘာလ (၃)၊ (၄)၊ (၅)၊ (၇)၊ (၁၁)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၉)၊ (၃၀) စသောရက်များသည် ရှင်ပြုခြင်း၊ နားသခြင်း စသော ကောင်းမှုကိစ္စများပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၇။ အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်**

စက်တင်ဘာလ (၃)၊ (၄)၊ (၇)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၃၀) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန်**

စက်တင်ဘာလ (၃)၊ (၇)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၉)၊ (၃၀) စသော ရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ ရေသတ္တဝါ ဖမ်းဖို့ရန်**

စက်တင်ဘာလ (၁၄)၊ (၂၂)၊ (၂၄) စသော ရက်များသည် မြစ်ချောင်း၊ ပင်လယ်ရှိ ရေသတ္တဝါများအား ဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၀။ ခရီးသွားဖို့ရန်**

စက်တင်ဘာလ (၃)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၃၀) စသောရက်များသည် ခရီးသွားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၁။ လယ်ထွန်မင်္ဂလာ ကျင်းပရန်**

စက်တင်ဘာလ (၃)၊ (၇)၊ (၉)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၃၀) စသောရက်များသည် လယ်ထွန်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များဖြစ်ကြပါသည်။

**၁၂။ အရောင်းအဝယ် လုပ်ကိုင်ရန်**

စက်တင်ဘာလ (၃)၊ (၇)၊ (၉)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၃၀) စသောရက်များသည် အရောင်းအဝယ်လုပ်ကိုင်ရန် အကောင်းဆုံးရက်များဖြစ်ကြပါသည်။

**၁၃။ သီးနှံမျိုးစေ့ကြဲရန်**

စက်တင်ဘာလ (၃) (၇)၊ (၉)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၃၀) စသောရက်များသည် သီးနှံမျိုးစေ့ကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ ရေတွင်းရေကန် တူးဖော်ရန်**

စက်တင်ဘာလ (၃) (၇)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၃၀) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ခြင်းရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၅။ ပညာသင်ကြားရန်**

စက်တင်ဘာလ (၅) (၁၁)၊ (၁၄)၊ (၁၉)၊ (၂၁)၊ (၃၀) စသော ရက်များသည် အတတ်ပညာများ သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

**၁၆။ စာချုပ်ချုပ်ဆိုရန်**

စက်တင်ဘာလ (၁၆) (၂၂)၊ (၂၃)၊ (၂၉) စသောရက်များသည် စာချုပ်ချုပ်ဆိုရန် အကောင်းဆုံးရက်များ ဖြစ်ကြသည်။

**၁၇။ မင်္ဂလာအခါ ပေးဖို့ရန်**

စက်တင်ဘာလ (၂)၊ (၃)၊ (၄)၊ (၅)၊ (၇)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၀) စသော ရက်များသည် မင်္ဂလာအခါပေးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက်

■ တောကကိုရင်

မိမိတို့ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩစာမြေဆီ ကြွယ်ဝသဖြင့် စိုက်ပျိုးသမျှ သီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလ အခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ စက်တင်ဘာလ (၃)၊ (၇)၊ (၉)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၇) ရက်များ၌ အပွင့်၊ အသီးအနှံ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ စက်တင်ဘာလ (၄)၊ (၅)၊ (၆)၊ (၇)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၂၂)၊ (၂၃) ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များကို ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ စက်တင်ဘာလ (၂)၊ (၄)၊ (၅)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၂၁)၊ (၂၂)၊ (၂၄) (၃၀) ရက်များ၌ ထွန်ယက်ခြင်းစိုက်ပျိုး၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်၊ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊အမြစ်များတူးဖော်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၄။ စက်တင်ဘာလ (၃)၊ (၇)၊ (၉)၊ (၁၀)၊ (၁၆)၊ (၂၀)၊ (၂၂) ရက်များ၌ သီးနှံများ မျိုးစေ့ကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# စက်တင်ဘာမှာ

## ဆောင်ရွက်ပါ

### ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက်

**နေမျိုးထွဋ်ခေါင်**

စက်တင်ဘာလ (၅)၊ (၁၄)၊ (၁၉)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် "**နန္ဒာတိထီ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

စက်တင်ဘာလ (၁)၊ (၆)၊ (၁၀)၊ (၁၅)၊ (၂၁)၊ (၂၆) စသောရက်များသည် "**ဘဒြာတိထီ**"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

စက်တင်ဘာလ (၂)၊ (၇)၊ (၁၁)၊ (၁၆)၊ (၂၂)၊ (၂၇) စသောရက်များသည် "**ဇယာတိထီ**"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှု ကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

စက်တင်ဘာလ (၃)၊ (၈)၊ (၁၂)၊ (၁၇)၊ (၂၃)၊ (၂၈) စသော ရက်များသည် "**ရိတ္တာတိထီ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးတိုးခြင်း၊ လက်ဖွဲ့တိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

စက်တင်ဘာလ (၄)၊ (၉)၊ (၁၃)၊ (၁၈)၊ (၂၄)၊ (၂၉) စသော ရက်များသည် "**ပုဏ္ဏာတိထီ**"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဥ္စင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

စက်တင်ဘာလ (၁၃)၊ (၂၆)၊ (၂၉) စသော ရက်များသည် "**အမြိတ္တစုတ်**"တွင် ကျရောက်၏။ ထိုရက်များ၌ မည်မျှပင် မကောင်းကြံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

စက်တင်ဘာလ (၅)၊ (၇)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၂)၊ (၂၇)၊ (၂၉) စသောရက်များသည် "**ရက်ရာဇာ**"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများကို ဆောင်ရွက်ပါက ကိစ္စအလုံးစုံ ပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ်ပါသည်။

**နေမျိုးထွဋ်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# နေ့သားအလိုက် အောင်မြင်ဖို့

## ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက်

■ မဟိဒ္ဓိကျော်ခေါင်

**တနင်္ဂနွေနေ့၌ မွေးဖွားသူများအဖို့**

စက်တင်ဘာလ (၅)၊ (၇)၊ (၁၄)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၃)၊ (၂၄) စသောရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**တနင်္လာနေ့၌ မွေးဖွားသူများအဖို့**

စက်တင်ဘာလ (၃)၊ (၆)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၇)၊ (၂၉) (၃၀) စသောရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**အင်္ဂါနေ့၌ မွေးဖွားသူများအဖို့**

စက်တင်ဘာလ (၂)၊ (၃)၊ (၉)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၈)၊ (၂၉)၊ (၃၀) စသောရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**ဗုဒ္ဓဟူးနေ့၌ မွေးဖွားသူများအဖို့**

စက်တင်ဘာလ (၂)၊ (၈)၊ (၉)၊ (၁၃)၊ (၁၄)၊ (၂၀)၊ (၂၇)၊ (၂၈)၊ (၂၉) စသောရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**ကြာသပတေးနေ့၌ မွေးဖွားသူများအဖို့**

စက်တင်ဘာလ (၃)၊ (၇)၊ (၈)၊ (၁၂)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၂၈) စသောရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**သောကြာနေ့၌ မွေးဖွားသူများအဖို့**

စက်တင်ဘာလ (၂)၊ (၆)၊ (၇)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၁၉)၊ (၂၃)၊ (၂၇) စသောရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**စနေနေ့၌ မွေးဖွားသူများအဖို့**

စက်တင်ဘာလ (၁)၊ (၆)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၄)၊ (၂၆)၊ (၂၉) စသောရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

**ရာဟုအချိန် မွေးဖွားသူများအဖို့**

စက်တင်ဘာလ (၂)၊ (၈)၊ (၁၃)၊ (၁၄)၊ (၂၇)၊ (၂၈) စသောရက်များကို ရွေးချယ်လုပ်ကိုင်စေလိုပါသည်။

လောက၌ စာပေဗဟုသုတ လေ့လာဆည်းပူးလေ့ရှိသူတို့မည်သည် အရာရာ၌ သူတစ်ပါးထက် နှာတစ်ဖျားမက သာရစမြဲဖြစ်လေသည်။ သိသူတိုင်း ဖော်စား၍ အခက်အခဲမှန်သမျှကို ကျော်လွှားကာ အောင်မြင်မှု ဝိသေသများနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုမွန်သလိုက်ရပါတော့၏။

■ မဟိဒ္ဓိကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်လများအတွက် ကံဇာတာ

## ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

ဖခင်နှင့်ပတ်သက်၍ ငွေကြေးများ ရရှိမည်။ အောင်ဘာလေထီ ပေါက်တတ်သည်။ အဖိုးတန်ပစ္စည်းများ ရရှိမည်။ အလှူဒါနပြုရတတ်သည်။ သားသမီးများအတွက် ခရီးသွားရတတ်သည်။ စီးပွားရေးလုပ်ငန်းများ အောင်မြင်မည်။ တိုင်းရင်းသားများနှင့် အလုပ်လုပ်ရတတ်သည်။ လစာ၊ ရာထူး၊ လုပ်ပိုင်ခွင့်များ တိုးတက်မည်။ မျက်စိ၊ မျက်နှာတို့တွင် ဒဏ်ရာအနာတရ ဖြစ်တတ်သည်။ ပစ္စည်းများ အခိုးခံရတတ်၏။ ခရီးသွားမည်ဆိုပါက ရေလမ်းခရီးကို ရှောင်ကြဉ်သင့်၏။

ဆေးဝါး၊ အဝတ်အထည်၊ ရတနာပစ္စည်းများ ဝင်မည်။ မိဘများအတွက် ကောင်းသောကိစ္စများကို ဆောင်ရွက်ရတတ်သည်။ အလုပ်ကိစ္စအတွက် ခရီးသွားရတတ်သည်။ လူမျိုးခြားတို့၏ မစမှုကို ခံရလိမ့်မည်။ အစွပ်အစွဲခံရကိန်းရှိသည်။ လုပ်သမျှ ကိုင်သမျှ အပေါက်အလမ်းမတည့်ဘဲ လွဲချော်နေတတ်သည်။ လူလိမ်ခံရကိန်းရှိသည်။ ရပ်ဝေးသို့ ပြောင်းရွှေ့နေထိုင်ရတတ်သည်။ မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ မိဘအုပ်ထိန်းသူတို့နှင့် တိုင်ပင်ပြီးမှသာ လုပ်ကိုင်သင့်၏။ ငွေ၊ ပစ္စည်းများအပ်နှံခြင်းကို လက်မခံသင့်ပါ။ ရင်းနှီးခင်မင်သူသည် ရန်သူဖြစ်လာတတ်၏။

နိုင်ငံရပ်ခြားမှ ငွေကြေး၊ ပစ္စည်းများ ရောက်လာတတ်သည်။ အချစ်ရေးကိစ္စများတွင် ပြေလည်မှုရရှိမည်။ ပျို့ရွယ်သူများ အပျော်အပါးများခြင်း၊ အလည်လွန်ခြင်းတို့ကြောင့် ဒုက္ခတွေ့ရတတ်သည်။ အမျိုးသမီး မိန်းမလည်များကြောင့် အမှုအခင်းဖြစ်ရတတ်သည်။ သွေးထွက်သံယိုမှု ဖြစ်တတ်သည်။ အလုပ်အကိုင်သစ်များ ရရှိမည်။ လက်အောက်ငယ်သားများ၏ ကျေးဇူးကန်းခြင်းကိုလည်း ခံရမည်။ လူငယ်လူရွယ်များအတွက် ပညာရေးကောင်းမွန်ပါလိမ့်မည်။ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ သတင်းကောင်းများ၊ မင်္ဂလာသတင်းများ ကြားရတတ်သည်။ ဥစ္စာငွေကြေးများ ရရှိမည်။ လူမျိုးခြားညီ့သည်တို့ ရောက်ရှိလာတတ်၏။ အစာအိမ်နှင့်ပတ်သက်၍ ဝေဒနာခံစားရတတ်သည်။ တစ်ပါးသူ၏ ကိစ္စအတွက် အာမခံခြင်းမျိုးကို မပြုလုပ်သင့်ပါ။

ငွေကြေးအခက်အခဲရှိပါက ကူညီမည့်သူများ ပေါ်လာတတ်၏။ လူမျိုးခြားတို့၏ ကူညီမှုများ ကြုံရတတ်၏။ ကွန်ပျူတာလုပ်ငန်း၊ တီဗွီ၊ ရေခဲသေတ္တာ၊ အဲယားကွန်းလုပ်ငန်းများ ကောင်းပါ၏။ အပူအအေး မညီမျှမှုကြောင့် ထုံနာကျင်နာများ ခံစားရတတ်သည်။ မဟူရာရတနာကို ဆောင်ထားသင့်၏။ ပျို့ရွယ်သူများအနေဖြင့် အိမ်ထောင်ရေးကိစ္စကို အဆောတလျင် မဆောင်ရွက်သင့်ပါ။ သို့မဟုတ်ပါက စလယ်ဝင်ဖင်မမည်းခင်က ကွဲရကိန်းကြုံမည်။ ဘာသာရေးလုပ်ငန်းများကို လုပ်ဆောင်ပါ။ အပျော်အပါးရှောင်ပါ။ လူကြီးမိဘများအား အလှူဒါနပြုပါ။

လက်ရှိ နေအိမ်၊ နေရာ၊ အလုပ်အကိုင်တို့ ပြောင်းလဲမှုကြုံမည်။ ရဟန်း၊ သံဃာများကို လှူဒါန်းခွင့်ကြုံမည်။ ဘာသာရေးစာအုပ်စာတမ်းများ လှူရတတ်သည်။ အကြီးအကဲများ၏ မစချီးမြှင့်ခြင်းကို ခံရတတ်သည်။ အိမ်၊ ခြံ၊ မြေ၊ ရွှေ ထည်များ ပိုင်ဆိုင်ခြင်း ကြုံရလိမ့်မည်။

*ယတြာပြုလုပ်လိုပါက* မေမြို့ပန်းကို ဘုရားလှူပါ။ ကောက်ညှင်းပြုန်ပေါင်းကို လှူပါ။ အညံ့အခိုက်များ ပြေပျောက်သွားပါလိမ့်မည်။

ဆရာမိုးဟန်ကြွယ်

www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တဗေဒ ဆရာမကြီးဒေစီ ၏

# ၂၀၁၈ ခုနှစ် ဟောစာတမ်း

## ဩဂုတ်လ

• ဦးတိုး(တက္ကသိုလ)

### Aries မိဿရာသီဖွား
### (မတ်လ ၂၁ ရက် မှ ဧပြီလ ၁၉ ရက်) (သိုးထီးရုပ်)

ဆယ့်နှစ်လရာသီခွင်တွင် သင်သည် အစဦးပထမ ဖြစ်သည်။ Star Trele ကဲ့သို့ သင်သည် မရောက်ဖူးသေးသည့်နေရာကို လှည့်လည်သွားလာနေပေမည်။ ရှေ့ဆောင်လမ်းပြချင်ရင် လမ်းပြပေးပါ။ ဒါမှမဟုတ် နောက်လိုက် လုပ်ပေးပါ။ ဒါမှမဟုတ် ငါသွားမယ့်လမ်းက ဖယ်ပေးဟူသည် သင်၏အယူအဆ ဖြစ်ပေသည်။ တစ်ကြိမ်တစ်ခါမျှ စိန်ခေါ်လိုက်သော် နောက်ထပ်ပေါ်လာတတ်ပါသည်။ သင်သည် အသေးစိတ်မသိ၊ အရည်အချင်းလည်းမရှိသူ ဖြစ်သည်။ ထို့ကြောင့် ဤနှစ်မျိုးစလုံး အားမသန်သူ ဖြစ်သည်။

ဩဂုတ်လ ၁၀ ရက်နေ့တွင် အသီးအပွင့်ပေးသော ကန်ရာသီထဲသို့ အင်္ဂါဂြိုဟ်ဖြင့်သည့် သင်၏စောင့်ရှောက်သော နတ်သားကြယ်သည် ဝင်လာခဲ့သဖြင့် သင်သည် သိပ်မြန်ဆန်လွန်းနေ၍ ကိုယ့်ဘာသာကိုယ် အမိဖမ်းရန် အရှိန်နှုန်းကို နှေးပစ်ရမည်ဖြစ်သည်။ ဤသို့နှစ်နှစ်တစ်ခါ ကြုံမည်ဖြစ်၍ သင်လိုလားသလိုဖြစ်လာရန် အစီအစဉ်ဆွဲထားပါ။

အသေးစိတ် အာရုံစိုက်ခြင်းသည် သင့်အလုပ်မဟုတ်ပေ။ သင်၏တီထွင်မှုသည် အသုံးကျပြီး အခြားသူများအတွက် ဝန်ဆောင်မှုပေးနိုင်သောကြောင့် သင်သည် စိတ်လှုပ်ရှားဖွယ်ရာအသစ်နှင့် စိန်ခေါ်မှုကို တွေ့ရပေမည်။ သင်လုပ်နေကိုင်နေကျမှ ထွက်ခွာ၍ သင်၏စိတ်ကူးအိပ်မက် အကောင်အထည်ပေါ်လာပါလိမ့်မည်။

### Taurus ပြိဿရာသီဖွား
### (ဧပြီလ ၂၀ ရက် မှ မေလ ၂၀ ရက်)(နွားလားဥသဘရုပ်)

သင်တကယ် သဘောကျသည့်အတိုင်း၊ တန်ဖိုးထားသည့်အတိုင်း၊ နှစ်သက်သည့်အတိုင်း နောက်ဆုံးတွင် ရှင်းရှင်းလင်းလင်းကြီး ဖြစ်လာပါလိမ့်မည်။ သင့်အတွက် ရှင်လန်းအားရမှု ဖြစ်စေမည်။ ဩဂုတ်လ ၂ ရက်နေ့တွင် သင့်အားစောင့်ရှောက်နေသော သောကြာဂြိုဟ်သည် မေထုန်ရာသီ၏ ၂၆ ဒီဂရီသို့ ပြန်လာပြီး မေလ ၁၇ ရက်နေ့တွင် ပြန်လည်ဆုတ်ခွာသွားပါလိမ့်မည်။ ပိုက်တစ်ဆွဲသကဲ့သို့ ငါးတစ်ပုံကြီးရကိန်း ရှိနေသည်။ သည်းခံနေပါ။ တည်မြဲအောင်နေပါ။ သင့်ကိုယ်တိုင်ဆုံးဖြတ်ချက် ခိုင်မာနေပါစေ။ သောကြာဂြိုဟ်သည် မေထုန်ရာသီသို့ လေးလခရီး ပြီးဆုံးမည်။ ၎င်းသည် ဆက်သွယ်ရေးသင်္ကေတဖြစ်သည်။ ထို့ကြောင့် သင်သည် စကားပြောကောင်းခြင်း၊ စာရေးကောင်းခြင်း စသည့် ပါရမီများ ပေါ်ပေါက်လာပါလိမ့်မည်။

ဩဂုတ်လ ၇ ရက်နေ့တွင် သောကြာဂြိုဟ်သည် ကရကဋ်ရာသီသို့ စီးဝင်သွားမည်ဖြစ်ရာ အလွန်အသိတရားရှိခြင်းနှင့် မြေတောင်မြှောက်ပေးသော ဂြိုဟ်ကြောင့် သင်သည် မိသားစုနှင့်လည်းကောင်း၊ အရင်းနီးဆုံးမိတ်ဆွေများနှင့်လည်းကောင်း အချိန်ဖြုန်းလို့နေပေမည်။ တစ်ခုတည်းဆင်း



www.burmeseclassic.com

www.burmeseclassic.com

ညီရင်းအစ်ကိုမောင်ရင်းနှမများနှင့် ဆက်ဆံရေးညှိနေခဲ့သည်ကို ချောမွေ့လာစေပါလိမ့်မည်။

## Gemini မေထုန်ရာသီဖွား
## (မေလ ၂၀ ရက် မှ ဇွန်လ ၂၀ ရက်) (အမြွာရုပ်)

လွန်ခဲ့သည့် ငါးလခန့်က သင်၏ချစ်မေတ္တာရေး အစွန်းအထင်းရှိခဲ့သည်ကို ယခု အကောင်းဘက်သို့ ပြန်လည်လာပါပြီ။ ၎င်းသည် လေသင်္ကေတဖြစ်သဖြင့် အရာရာကို အလင်းရောင်အောက်တွင် ရှိစေချင်နေသည်။ သင့်ချစ်သူ၏ စိတ်အတွင်းနက်နက်ရှိုင်းရှိုင်းဝင်၍ကြည့်ပါ။ သို့သော်လည်း လက်တွဲဖော်သည် သင့်ထံမှပိုမိုရယူလိုပြီး သက်သောင့်သက်သာရှိမည်မဟုတ်ပေ။

၇ ရက်နေ့တွင် ပလူတိုဂြိုဟ် နောက်ပြန်ဆုတ်သဖြင့် လေးလေးနက်နက် ချစ်ကြမည်။ အရာရာကို ထိန်းချုပ်မရဘဲ ပြောစကား မထိရောက်ခြင်းသည် လက်တွဲဖော်က သင့်ထက် အားကြီးနေသောကြောင့် ဖြစ်မည်။ သို့သော်လည်း လကုန်ဆုံးလျှင် သင်၏ချစ်မေတ္တာရေးသည် ထင်ထင်ရှားရှား ပြန်လည် ကောင်းမွန်လာပါလိမ့်မည်။

## Cancer ကရကဋ်ရာသီဖွား
## (ဇွန်လ ၂၁ ရက် မှ ဇူလိုင်လ ၂၂ ရက်) (ပုစွန်လုံးရုပ်)

သင်၏တကယ့်အစစ်အမှန် လုံခြုံရေးနှင့် စိတ်ချရမှုသည် ဘယ်ကလာကြောင်း သင်ယူရာတွင် အထင်များစရာမလိုပါ။ သင့်အဖေနှင့် အမေတို့က သင့်အား စောင့်ရှောက်နေသောကြောင့် ဖြစ်သည်။ ဆယ့်နှစ်လရာသီတွင် သင်၏ဖွားရာသီသည် စိတ်အလှုပ်ရှားရဆုံးသော သင်္ကေတဖြစ်သည်။ စနေဂြိုဟ်သည် နှစ် ၃၀ တွင် သာတစ်ကြိမ် ကရကဋ်ရာသီသို့ ဖြတ်သန်းသွားလေ့ရှိရာ သင်သည် ကိုယ်တိုင်အကြီးအကျယ် စည်းကမ်းတင်းကျပ်ပြီး သင်၏ခံစားမှုတွင် ပိုမိုတာဝန်ရှိနေပေမည်။ သင်၏ ခံစားမှုအားလုံး၏ အပေါ်တွင် လွှမ်းခြုံထားမည်။

သင်၏ဂြိုဟ်သို့ ၇ ရက်နေ့တွင် သောကြာဂြိုဟ်ဝင်ရောက်မည်ဖြစ်သဖြင့် ချစ်မေတ္တာသက်ဝင်ရန် သင်ယူမည်။ သင်၏ ပြုစုပျိုးထောင်မှုကို သဘောကျနှစ်ခြိုက်နေမည်။ သဘာဝ၏ စိတ်ခံစားမှု ခပ်ပြင်းပြင်းကို ရံဖန်ရံခါ တွေ့ကြုံနေရမည်။ သောကြာဂြိုဟ်ခွင် ယူရေးနပ်စ်ဂြိုဟ်တို့သည် ဖက်လှဲတကင်း ကခုန်နေကြ၍ ၁၃ ရက်နေ့တွင် ချစ်မေတ္တာသစ်ရရှိမည်။ စိတ်လှုပ်ရှားဖွယ်ကောင်းသူသည် သင့်ဘဝထဲရောက်ရှိလာပါမည်။ သင့်အနေဖြင့် ကိုယ့်ဘာသာတီထွင်မှုကို ဖွင့်လှစ်ခဲ့သလို နည်းလမ်းသစ်များကိုလည်း ဖွင့်ထားပေးလိုက်ပါ။

## Leo သိဟ်ရာသီဖွား
## (ဇူလိုင်လ ၂၃ ရက်မှ ဩဂုတ်လ ၂၂ ရက်) (ခြင်္သေ့ရုပ်)

ယခုလတွင် သင်သည်တောက်ပနေပါလိမ့်မည်။ ဤရာသီတွင် သင်သည် ရုပ်ရှင်ဒါရိုက်တာ ဖြစ်သကဲ့သို့ ရုပ်ရှင်သရုပ်ဆောင်လည်း ဖြစ်သည်။ သင်၏အတွင်းစိတ်၏ ပဋ္ဌလက်ကို ဘယ်သူမှ သိမည်မဟုတ်ပါ။ ချစ်မေတ္တာ၊ ရက်ရောမှုကို နှလုံးသားဖွင့်၍ သဘာဝအတိုင်း ခံယူလိုက်ပါ။

သင်ပျော်ရွှင်ကြည်နူးနေသောအခါ သင့်နှလုံးသားပွင့်နေပြီး အလိုလို အသိစိတ်ဖြင့် သိနေပါမည်။ လူအုပ်ထဲတွင် သင့်အားထင်ထင်ပေါ်ပေါ် မြင်တွေ့နေရမည်။ ဩဂုတ်လ ១၅ ရက်တွင် သင့်ဘဝကို အောင်ပွဲခံရမည်။ သင့်ဘာသာတီထွင်လိုသော် မေးခွန်းနှစ်ခုမေးလိုက်ပါ။ ဤဟာသည် ပျော်ရွှင်ရမည်လား၊ သို့မဟုတ် ကိုယ့်ကိုယ်ကို ဒီထက် ပိုမိုပေါ်လွင်လာပါမည်လား။ မေးခွန်းနှစ်ခုစလုံးအား yes ဟု ဖြေပါက ဆက်လုပ်ပါ။ ဘာပဲဖြစ်နေနေ ဂရုစိုက်စရာမလိုပါ။

## Virog ကန်ရာသီဖွား
## (ဩဂုတ်လ ၂၃ ရက်မှ စက်တင်ဘာလ ၂၂ ရက်)
## (အပျိုစင်ရုပ်)

သင်လုပ်ကိုင်ခဲ့သမျှ မကောင်းခဲ့လျှင် သင်ကြိုးပမ်းခဲ့သမျှ ပြည့်စုံမှုမရှိ၊ မမှန်ကန်ဟု တစ်ခါတစ်ရံ သင်ခံစားတတ်ပါသည်။ ယခင်က အချိန်မျိုးမဟုတ်တော့ပါ။ သင်သည် ဒုက္ခရောက်နေကြသူများကို ကူညီပေးနေသူ ဖြစ်လာခဲ့ပါပြီ။ လွန်ခဲ့သည့် ဩဂုတ်လမှစတင်၍ ကြာသပတေးဂြိုဟ်သည်



www.burmeseclassic.com

www.burmeseclassic.com

ကြီးထွားမှုနှင့် တိုးချဲ့မှုကိုပေးနေရာ ၁၂ ခန့် စိုက်ပျိုးခဲ့၍ ရိတ်သိမ်းပြီး ဝင်ငွေပေါ်၍ အခွင့်ကောင်းပေါ်လာပါပြီ။ သင့်သက်ဖြင့် ထိလိုက်သမျှ ရွှေဖြစ်လာကြောင်းကို ယုံကြည်လိုက်ပါ။ အထူးသဖြင့် ယခုလ ၁၀ ရက်နေ့ နောက်ပိုင်းတွင် ဖြစ်ပေါ်ပါလိမ့်မည်။ အင်္ဂါဂြိုဟ်ခေါ် စစ်မက်ကြယ်သည် ဤဂြိုဟ်သို့ ဝင်လာသော် ဆန္ဒအတိုင်းဖြစ်လာပါလိမ့်မည်။ တစ်ကိုယ်ကောင်းဆန်လျှင်လည်း "အိုကေ" လုပ်သာလုပ်ပါဟု ဆိုချင်ပါသည်။ ချစ်စရာကောင်းသော အင်္ဂါဂြိုဟ်သည် ဝန်ဆောင်မှုအတွက် ထူးခြားသော နည်းလမ်းသစ်ဖြင့် စွမ်းအင်ပေးနိုင်ပါလိမ့်မည်။

## Libra တူရာသီဖွား
## (စက်တင်ဘာလ ၂၂ ရက် မှ အောက်တိုဘာလ ၂၂ရက်)
## (ချိန်ခွင်ရုပ်)

မေလ ၁၇ ရက်နေ့တွင် သင့်အားစိုးမိုးထားသော သောကြာဂြိုဟ်သည် ပြန်ဆုတ်သွား၍ ဩဂုတ်လ ၂ ရက်နေ့သည် သင့်အတွက် အထူးနေ့တစ်နေ့ ဖြစ်လာပါသည်။ သင်၏ချစ်မေတ္တာရေးတွင် အရေးပါကြောင်း ထင်ရှားလာမည်။ သင့်အား စိတ်ချမ်းမြေ့စေမည်။ စိတ်ထဲမတွေ့သည်များကိုလည်း ရှင်းရှင်းလင်းလင်း သိလာပါမည်။ မည်သူနှင့် မည်သို့ဆက်၍ ချစ်ခင်သင့်သည်ကို သိရှိလာမည်။ သင်၏ချစ်မေတ္တာရေးသည် နက်နက်ရှိုင်းရှိုင်းနှင့် တန်ဖိုးရှိအောင် ပြုလုပ်ပေးမည်။ ဩဂုတ်လ ၇ ရက်နေ့တွင် သောကြာဂြိုဟ်သည် မေထုန်ရာသီမှ စွန့်ခွာသွားမည်ဖြစ်၍ လေများသော မေထုန်ရာသီမှ ကရကဋ်ဂြိုဟ်သို့ စီးဝင်သွားပါမည်။

ချစ်သူများ၊ မိသားစု သို့မဟုတ် ရင်းနှီးသောမိတ်ဆွေများ ပိုမိုချစ်ခင်လာကြပေမည်။

## Scorpio ဗြိစ္ဆာရာသီဖွား
## (အောက်တိုဘာလ ၂၃ ရက် မှ နိုဝင်ဘာလ ၂၁ ရက်)
## (ကင်းမြီးကောက်ရုပ်)

စွမ်းအင်ပြောင်းလဲမှုနှင့် သင်၏စောင့်ရှောက်ဂြိုဟ်ဖြစ်သော ပလူတို ဩဂုတ်လ ၃၀ ရက်တိုင်အောင် မရွေ့ပြောင်းသေး၍ ယခု တစ်လလုံးလိုလို ကြည့်နူးဖွယ်ရာ ပြန်လည်မွေးဖွားခြင်းအဖြစ် ခံစားရမည်။ ပလူတိုသည် နောက်ပြန်ဆုတ်သည့် ခရီးစတင်တော့မည်ဖြစ်၍ မတ်လ ၂၄ ရက်နေ့ကတည်းက ဂူအောင်းနေရာမှ အပြင်ထွက်ရန် အချိန်ကျလာပြီ ဖြစ်သည်။ သင့်အတွက် ကုစားပြီး ပြန်လည်မွေးဖွားပေးလိုက်ပါပြီ။ လကုန်ဆုံးသွားသည်နှင့် သင်၏ချစ်မေတ္တာရေးကို ကောင်းမွန်စွာထိန်းသိမ်း၍ အင်အားအပြည့် ဖြစ်လာကြောင်း ရှင်းလင်းလာမည်ဖြစ်သည်။ သင့်တွင် တီထွင်ရန် စွမ်းရည်များ ငါးလခန့် ရှိနေပါသည်။ သင့်သက်မွေးမှုဘဝတွင်းသို့ ၁၅ ရက် နေ့တွင် သိဟ်ရာသီသို့ လဝန်းသစ် ထွန်းလင်းတော့မည်ဖြစ်သောကြောင့် သင်ကျွမ်းကျင်သောလုပ်ငန်းတွင် အကြီးအကဲအဖြစ် ပိုမိုခံစားလာရမည်။ သင်၏လစာနှင့် ရာထူးတိုးမြှင့်ပေးဖို့ တောင်းဆိုရမည့် အချိန်အခါဖြစ်သည်။ ဘယ်အခါ သင့်လျော်ကြောင်း သင်ကိုယ်တိုင်သိရှိပါမည်။ ဘယ်သူကမျှ ငြင်းဆိုမည်မဟုတ်ပေ။

## Sagittarius ဓနုရာသီဖွား
## (နိုဝင်ဘာလ ၂၂ ရက် မှ ဒီဇင်ဘာလ ၂၁ ရက်)
## (လေးစွဲယောက်ျားရုပ်)

သင်၏ စိုးမိုးဂြိုဟ်ဖြစ်သော ကြာသပတေးဂြိုဟ်သည် ကန်ရာသီသို့ ရောက်ရှိနေပေရာ ကျွမ်းကျင်မှုနှင့် ထုတ်လုပ်နိုင်စွမ်းနှင့် အသေးအမွှားအချက်အလက်မှ ကြီးကြီးမားမား လက္ခဏာဆောင်လာရန် သင်လိုလားနေပါလိမ့်မည်။ သင့်အလုပ်အကိုင်တွင် ကျွမ်းကျင်မှုနှင့် နည်းပညာသစ်များကို သင်ယူခွင့်ရပါလိမ့်မည်။

စွန့်စားရမှုသည် ယခုမှ အသေးစိတ်ဖြစ်လာပါလိမ့်မည်။ ပလူတိုဂြိုဟ် ၃၀ ရက်နေ့တွင် ရှေ့သို့တိုးသွားမည်။ သင်၏စွမ်းအားကိုပြ၍ ပိုမိုအားရလာခဲ့သဖြင့် သင့်အပိုင်းဖြစ်ပါပြီ။ ဧပြီလကတည်းက သင့်အိမ်သို့ သောကြာဂြိုဟ် ချဉ်းကပ်လာခဲ့၍ သင့်ချစ်မေတ္တာရေးတွင် ငွေတော်တော်များများ ကုန်ကျနေရပါမည်။

သို့သော်လည်း စိတ်မပူပါနှင့်။ သင်၏ ပင်ဘာဝ



www.burmeseclassic.com

www.burmeseclassic.com

အကောင်းမြင်ယုံကြည်မှုနှင့် သဘာဝအတွေးအခေါ်မှ ထောင့်စေ့အောင် ကူညီပေးပါလိမ့်မည်။

## Capricorn မကာရ ရာသီဖွား
## (ဒီဇင်ဘာလ ၂၂ ရက် မှ ဇန်နဝါရီလ ၁၉ ရက်)
## (ဆိတ်ရုပ်)

စိတ်ခံစားမှုရှိသော ကရကင့်ရာသီသို့ သောကြာဂြိုဟ်သည် ၇ ရက်နေ့တွင် ဝင်သွားသောအခါ သင့်ချစ်မေတ္တာရေးလည်း စတင်လာပါပြီ။ ယခု သင်၏စိတ်ခံစားမှုကို သဘာဝတရားမှ ထိန်းသိမ်း၍ စောင့်ရှောက်ထားသဖြင့် ထုတ်ဖော်ပြသရန် အချိန်ကျပါပြီ။ ၎င်းသည် ရှည်လျားနေသော်လည်း ချိတ်မိပါတော့မည်။

သို့သော်လည်း တာဝန်တစ်ရပ်အနေဖြင့် မယူသင့်ပါ။ ပုံမှန်အားဖြင့် သီးသန့် စည်းကမ်းတကျနှင့် သဘာဝများ တစ်စုံတစ်ရာ စီးပွားရေးဆန်နေသော်လည်း သင်ကြိုက်နှစ်သက်ပါလိမ့်မည်။ ၎င်းသည် တစ်မူထူးခြားနေ၍ ပထမပိုင်းတွင် သက်သောင့်သက်သာရှိမည် မဟုတ်ပေ။ သဘာဝအတိုင်း ပျော့ပျော့ပျောင်းပျောင်းဖြင့် ဖြစ်နေပါစေ။

၁၅ ရက်နေ့တွင် သိဟ်ရာသီလထွန်းပေါ်ရာတွင် အခြားသူများနှင့် မည်သို့ဆက်ဆံမည်ကို ဆုံးဖြတ်ပါ။ အခြားသူများနှင့် နက်နက်နဲနဲ စိတ်ပိုင်းဆိုင်ရာ၊ ပညာသားပါပါ၊ အတွေးအခေါ်ရှိရှိ လိင်ဆက်ဆံခြင်းနှင့် ဘဏ္ဍာရေးဖြင့် သင့်သလို ဆက်ဆံရပါမည်။

## Aquarius ကုံရာသီဖွား
## (ဇန်နဝါရီလ ၂၀ ရက် မှ ဖေဖော်ဝါရီလ ၁၈ ရက်)
## (ရေထမ်းယောက်ျားရုပ်)

စနေဂြိုဟ် ဖြတ်သန်းသွားစဉ် သင့်ဘဝလမ်းကြောင်း ဦးတည်ချက်နှင့် ပန်းတိုင်များ တစ်ပုံကြီးရှိနေပေသည်။ လွန်ခဲ့သည့်သီတင်းပတ်များက ရှုံ့နှံ့လိုဖြစ်ခဲ့ပေမယ့်လည်း ချွေးမပြန်သင့်ပေ။ ပြောင်းလဲမှုပေးသော တနင်္ဂနွေ၊ အင်္ဂါနှင့် ကြာသပတေးဂြိုဟ်များမှ အကောင်းဘက်သို့ လုပ်ဆောင်ပေးပါလိမ့်မည်။

၁၄ ရက် ၁၅ ရက်တွင် သင့်အတွက် အရာရာသည် ရှင်းလင်းသွားပါလိမ့်မည်။ ဆိုင်းငံ့ထားရမှုများရှိမည်။ သင့်အနေဖြင့် ဆင်ဆင်ခြင်ခြင် ပြုလုပ်နိုင်ပါလိမ့်မည်။ သင့်နလုံးသားအေးစက်နေသည်မှ ထွက်လာခဲ့ပါ။ ပြောင်းလဲမှုရှိမည်။ ဤဇာတာရှင်အတွက် စပေါင်းညှိနှိုင်းမှုဖြင့် အကျိုးရလဒ်များ ရရှိမည်။ သင့်အကူအညီယူသူများသည် အကျိုးရှိသဖြင့် ပျော်ရွှင်ရမည်။ ၂၄ ရက်နှင့် ၂၅ ရက်နေ့များသည် မီးစိမ်းပြလာပြီဖြစ်၍ လုပ်ဆောင်ရန်အသင့်ဖြစ်နေပါစေ။

## Pisces မိန်ရာသီဖွား
## (ဖေဖော်ဝါရီလ ၁၉ ရက် မှ မတ်လ ၂၀ ရက်)
## (ငါးနှစ်ကောင်ရုပ်)

စနေဂြိုဟ်ဖြတ်သွား၍ သင်ကိုယ်တိုင်တီထွင်နိုင်မှုကို ဖော်ပြခွင့်ရရှိမည်။ တီထွင်နိုင်မှု စွမ်းအားဖြင့် ဖော်ပြပေးနိုင်မည်။ သို့သော်လည်း အမောတကော မလုပ်ပါနှင့်။ အချိန်ယူပြီးမှန်တာကို လုပ်ဆောင်ပါ။ သင်နှင့်သင့်တော်မည့် အသစ်အဆန်းကို စနေဂြိုဟ်မှ ကြာသပတေးဂြိုဟ်များ ဖြတ်သန်းသွား၍ ချစ်မေတ္တာရေးတွင် စိန်ခေါ်မှုများရှိမည်။ အထူးသဖြင့် လလယ်လောက်တွင် ဖြစ်မည်။

ဆွေးနွေးရန်လိုအပ်သည့် ကိစ္စရပ်များ မပြီးဆုံးစေဘဲ တန့်နေမည်။ သင့်ပါတနာနှင့် သင့်အတွက်ဘာလုပ်ရန် မလုပ်ရန်နှင့် ဘာတွေညှိနှိုင်းရန် စသည်တို့ကို ရှင်းရှင်းလင်းလင်း တာဝန်ခွဲဝေယူပါ။ ပြဿနာရှာမိတတ်သည်။ အကယ်၍ လူမှုဆက်ဆံရေးတွင် ငြိုငွေ့ဖွယ်ရာဖြစ်နေလျှင် မိတ်ဆွေသစ်ရှာပါ။ ထောက်ခံမည့်၊ ထောက်ပံ့မည့်သူများကို ရှာသင့်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုထားပြီး လုပ်ဆောင်ပါ။

ဦးတိုး(တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ပွဲတော်သစ်ဆင်း
# လတော်သလင်း

**တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)**

**မြစ်ရေကမ်းပြည့်၊ ထန်းလည်းမှည့်၍**
**စည်စည်မိုးလ၊ ဘဒ္ဒရနှင့်**
**ပြည့်ဝအညီ၊ ကန်ရာသီဟု**
**အာနီမြနိုင်၊ ရင်းမာလှိုင်က**
**မွှေးကြိုင်ပျံ့ရှင်း၊ တော်သလင်းဝယ်**
**မြစ်တွင်းရတု၊ ပန်းလှုသဘင်**
**သစ်ဆင်းယင်လျက် ...**

**(ဆီသည်ရွာစား ဦးအောင်ကြီး)**

အခါကာလကား ...မြစ်ရေတွင် ရေများပြည့်လျက် ထန်းပင်နှင့် ထန်းသီးများ ရင့်မှည့်ကာ မိုးဒေဝါတို့ ဖြိုးစွေရွာလို့ ကောင်းနေသည့် သမယဖြစ်ချေ၏။ သည်ရာသီကို 'ကန်ရာသီ'ဟု အဆိုရှိကြသည်။ လအားဖြင့် တော်သလင်းလ။

ပတ်ဝန်းကျင်မှာတော့ ပန်းရင်းမာတွေက ထုံဂတ်လှာမွှေး မွှန်ဆွတ်ခွာန္ဓေးနေကြကုန်သည်။ သည်လ သည်သမယ၌ မြစ်အတွင်း၌ ရတုသဘင် ဆင်ယင်ကြကုန်၏။ ထိုသဘင်ကား ပန်းလှုသည့် လှေပြိုင်ပွဲသဘင်ပါတည်း။ သည်လအား ရှေးပညာရှိကြီးများက 'သစ်ဆင်းလ'ဟူ၍ ဝိဂြိုဟ်ပြုကြကုန်၏။ အင်းဝခေတ် ရဟန်းစာဆိုအရှင်ရှင်မဟာရဋ္ဌသာရက အခါတော်ပေးမေတ္တာစာ၌ "နယုန်နွယ်တာ၊ နံကာရေပြင်း၊ တော်သလင်းဟု၊ သစ်ဆင်းသဘင်"ဆိုကာ ဖွဲ့နွဲ့ခဲ့သည်။

သစ်ဆင်းလဆိုသည်မှာ သစ်တုံးများ မြစ်တွင်း၌ အညာဒေသမှဆင်းလာသော တော်သလင်းလဖြစ်ကြောင်း 'တွင်းသင်းပေါရာဏ'တွင် 'သစ်ဆင်း–ဝုစ္စတိ–တော်သလင်း'ဟု ရေးထားသည်ကို တွေ့ရချေ၏။ သစ်ဆင်းသဘင်နှင့် ပတ်သက်၍ လှေသဘင်ပွဲကို ဆိုလိုကြောင်းလည်း တွေ့ရသည်။ သို့ဖြစ်ပေရာ တော်သလင်းလအား လှေပြိုင်ပွဲ (သို့မဟုတ်) ပန်းလှုပွဲ၊ မြစ်ယံပွဲ စသဖြင့် ရေခင်းသဘင်သဘော သက်ရောက်ကြောင်း မှတ်ယူရပေမည်။

လှေပြိုင်ပွဲ (သို့မဟုတ်) ပန်းလှုပွဲကို ရှေးမြန်မာဘုရင်များ လွန်စွာမှ နှစ်သက်မြတ်နိုးကြသဖြင့် ဘုရင်နှင့်တကွ မှူးကြီးမတ်ရာ သေနာပတိများ ကြပ်မတ်၍ လှေပွဲတော်များကို ခင်းကျင်းပြုလုပ်လေ့ရှိကြသည်။ တစ်နှစ်တစ်ကြိမ်သာလျှင် ထိုသို့သော ပွဲတော်ကို ပြုလုပ်ကြသဖြင့် မိုးလေဝသရာသီဥတုအခြေအနေနှင့် မြစ်ပြင်အနေအထားကို အငဲ့ခတ်ကာ တော်သလင်း မြစ်တွင်းသင်ဖြူးခင်းရာ တော်သလင်းလအား ရွေးချယ်ခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်။ လှိုင်းလေကင်းစင်သောလကို ရွေးချယ်ခြင်းမှာလည်း လွန်စွာမှ သဘာဝကျပေသည်။

တော်သလင်းလသည် ကန်ရာသီအတွင်း ကျရောက်၏။

သက္ကတဘာသာဖြင့် ကန္ယာ၊ မြန်မာအနက်အားဖြင့် 'ကန်'သည် 'ကညာ'ဟူသော အဓိပ္ပာယ်ရ၏။ လှေစီးသောမိန်းကလေးသဏ္ဌာန်ရှိသည့် ရာသီဖြစ်ချေ၏။ အဖြောင်းမူ ကညာသည် တော်သလင်းလ လှေပြိုင်ပွဲနှင့် ဆက်နွယ်ပတ်သက်နေသည် မဟုတ်ပါကလား။

လှေပြိုင်ပွဲကို ကြည့်ရှုကြသူအပေါင်းတို့ ရွှင်လန်းတက်ကြွသော ရသကို ခံစားကြရ၏။ ရင်တဖိုဖိုနှင့် ခံစားကြရ၏။

လှေပြိုင်ပွဲကြီးကား ခြိမ့်ခြိမ့်သဲမျှ စည်ကားလှပါပေစွ။

ပြိုင်ပွဲဝင်လှေအပေါင်းတို့ကို ပဲ့ကိုင်လျက် တက်ညီလက်ညီ လှေထိုးသားအပေါင်းက မဆုတ်မနစ်သော ဖွဲ

www.burmeseclassic.com

www.burmeseclassic.com

လှုံလ၊ တက်ညီလက်ညီ အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာဖြင့် ပြိုင်ဘက်ကို ကျော်ဖြတ်ကာ ပန်းတိုင်ရှိရာ ဦးစွာဝင်နိုင်ဖို့ ကြိုးပမ်းအားထုတ်ကြရသည်။ ရှေးခေတ်က ပန်းတိုင်ကို 'ရွှေသားစက်ကွင်း'ဖြင့် ပြုလုပ်ကြသည်။ ရွှေသားစက်ကွင်းမှာ အဝါရောင်စက္ကူတွင် အလယ်၌ အမည်းကွက်ပြုလုပ်ထားသော စက်ကွင်းပင် ဖြစ်၏။ ထိုစက်ကွင်းကို ပန်းဝင်ရာအရပ်၌ ထားသဖြင့် 'ပန်းတိုင်'ဟုလည်း ဆိုနိုင်သည်။

ပြိုင်ပွဲဝင်အဖွဲ့များမှာ ဘုရင့်ရေတပ်မတော်အဖွဲ့များ၊ ရပ်ကွက်ထဲမှ နာမည်ရအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ခွင့်ရကြသည်။ လှေပြိုင်ပွဲတော်ကို လှော်ကားမှူးကြီးများက ကြီးကြပ်၍ ဆင်ယင်ကျင်းပကြသည်။ လှေပြိုင်ပွဲကြီးပြီးဆုံးပါက ရေတပ်မတော်က လှေခွင်လှေကွင်းပြုလုပ်ပြီး မင်းစီးလှေကားတော်ကို ရှေ့ဆုံးမှ ထားပြီး နောက်ပိုင်းမှ ရာထူးရာခံအလိုက် အရာရှိလှေတော်များ လိုက်ပါ၍ 'လှေချင်း'တို့ကို သီဆိုကြကုန်၏။ တက်ရေး ၃၇ ပါးအလိုက် သိုက်မြိုက်စွာ ရေစုန်ရေဆန် လှေတပ်ဖွဲ့ကြီးမှ လှော်ခတ်သံနှင့် တေးသီချင်းသံတို့ မြိုင်ဆိုင်စွာ ထွက်ပေါ်လာရာ ကြားရသူအပေါင်းမှာ နှစ်ခြိုက်စွာ နားဆင်ခံစားကြကုန်သည်။

**"လောင်း ... ကနက်ပျော် ... စကြာတော် လွှမ်းတယ်လေလေ့ ... ထက်အာကာနန်းမှာလ ... တိမ်တန်းတွေစီလို့ ... တိမ်နီ တိမ်ပြာ တိမ်ဝါ ဆန်းဆယ်သေ့ တိမ်ပန်တွေဆိုင်း ..."**

မြန်မာတို့ ရိုးရာဓလေ့အတိုင်း ပြိုင်ပွဲဝင်လှေများကို အမည်အမျိုးမျိုးပေးလေ့ရှိကြသည်မှာ ပုဂံခေတ် အလောင်းစည်သူမင်းလက်ထက်မှ အစပြု၍ ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဆက် သီပေါမင်းလက်ထက်ထိ ဖြစ်ပေသည်။ အမရပူရမည်သော အင်းဝမြို့တော် ကောင်းစားစဉ်ခေတ်ကာလက ပြိုင်လှေများစွာ ရှိခဲ့ဖူးသည်။ 'ရွှေခဲလှေတော်'၊ 'နတ်မြားလှေတော်'၊ 'သောင်းတင်းလှေတော်'၊ 'ရွှေတုံးလှေတော်'၊ 'ရွှေလောင်းလှေတော်' စသည်တို့ ဖြစ်ကြ၏။

**"တိုင်းပူရပြည် ... တည်တည်ထောင်ထောင်ပါတဲ့ 'ရွှေခဲ'လှေတော်သွားဟာန့် ... ပြည်သူလေ လူအများ ရယ်နဲ့ ... လှော်တက်ချီလို့ ... ကိုယ်စီကိုင်ကာ ... စမ်းတယ်လေ ... ရေပန်းတွေဖွေး ... ဝင်းလှည့်အိပ်ဖန် ... ကိုယ့် ကိုယ်ရံသားငယ်တို့ သန်းခေါင်ချိန် ကြောငြားလျှင်လ ... ရွှေစားတွေနဲ့ ... ရွှေလှေကို စီးတယ်လေ .. ရွှေလောင်းလှေကြီး"**

ဤကား ရွှေခဲလှေတော်နှင့် ရွှေလောင်းလှေကြီး လှေတော်တို့မှ ပေါက်ဖွားဖြစ်တည်ခဲ့သည့် လှေတော်သံတေးချင်းများပင် ဖြစ်၏။ 'နတ်မြားလှေတော်'ကလည်း အားကျမခံပါပေ။

**"နတ်မြားလှေတော် ... ပေါ်လာလျှင် .. ချိုးမယ်လေလေ့ ... ရေရစ်တံထိုးပါလို့ ... တူရိုးလား ...**

**ပြိုင်ဘက်ကက်ကယ်ကွာ ... မင်္ဂလာဆို 'သောင်တင်း'ပါတဲ့ ... မြင်မြင်သူကွင်းကြပ ... လှေမင်းဇော်မို့ ပြိုင်ပေါ်သူ ရှားတယ်လေး ... နတ်မြားလိုပဲ ...**

**ခွင်းရန်အောင်ဖြို ... မြင်းမိုရ်ကို ဖျက်မယ့်မောင်မောင် ... စိန်သန်လျက်လိုပ ... လှော်တက်ချီလို့ ... ပြိုင်ညီညီ စမ်းတယ်လေး ... ရေပန်းတွေဖွေး"**

'ရွှေတုံးလှေတော်'၏ လှေချင်းသံကလည်း တစ်မျိုးတစ်ဘာသာပါပေ။

**"ရွှေတုံးလှေတော် ... ရေပေါ်ပျံကာဝဲပါလို့ ... နဒီရောထဲမှာလေ ... အောင်ပွဲတော်ရ ... လှေ ... လှေရန်ကင်းကိုလေ ... အို ... ကွင်းပါကြ ...**

**မိုးသက်ကယ်ဝေ ... ရွှေလှေ ရွှေလှေလောင်းကိုလှ ... ယှဉ်တယ်လ ... ယှဉ်မစောင်းကြနဲ့ .. သူကောင်းတော်ရ ... အို ... အသျှင် ... မြှောက်စားတယ်လေ .. လှေသွားခေါင်ပဲ ..."**

ခေတ်ကာလတွေကား တစ်စထက်တစ်စ ပြောင်းလဲသွားခဲ့ပါချေပြီ။ ခေတ်မီတိုးတက်ခြင်းများနှင့်အတူ ရှေးရိုးစွဲအယူဝါဒများလည်း တဖြည်းဖြည်း ကွယ်ပျောက်သွားကြကုန်၏။ သို့ရာတွင် ယဉ်ကျေးမှုဓလေ့ရိုးရာတို့မည်သည် ဆက်လက်မကိုင်စွဲချင်ကာမှနေ အမှတ်သညာအဖြစ် ရှိသင့်ရှိကောင်းသည့် အမွေအနှစ်များ ဖြစ်လေရကား ... မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတစ်ရပ်အနေဖြင့် ကန်ရာသီတော်သလင်းလ၏ ရိက်ခတ်ခဲ့သော ရိုးရာအငွေ့အသက်များကို ဖော်ထုတ်တင်ပြလိုက်ရခြင်း ဖြစ်ပါသတည်း။

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ-ကျမ်းပြု)



www.burmeseclassic.com

www.burmeseclassic.com

# မိုးရာသီနှင့် မိုးကြိုးအန္တရာယ်

တင့်ထူး(ဧယျဝတီ)

"သည်နေ့ ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ မိုးရာမှန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ထိုမုန်တိုင်းကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသက်လေပြင်းများ တိုက်ခတ်ကာ ဒေသအချို့တွင် မိုးကြီးနိုင်ပါသည်။ အထူးသဖြင့် မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းတိုက်ခတ်စဉ်တွင် လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းတိုက်ခတ်ချိန်တွင် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ ထိုမုန်တိုင်းသည် နောက် ၇၂ နာရီအထိ ဆက်လက်အားကောင်းနေမည်ဖြစ်သည်"

နွေကာလ တစ်လျှောက်လုံး အလွန်ပူပြင်းခဲ့လေရာ အနောက်တောင်မုတ်သုတ်လေ စတင်ဝင်ရောက်ချိန်တွင် မိုးတွေ ထစ်ချုန်းပြီး ရွာလာသည်နှင့် လူအများ အပူဒဏ်မှ သက်သာလာကြကာ ပျော်ရွှင်ကြလေသည်။ တောင်သူလယ်သမားများက လယ်ကွင်းတွေထဲ ရေရောက်လျှင် မိုးစပါးစိုက်နိုင်ရေးအတွက် သူ့ထက်ငါ ထွန်ယက်ကြကာ ပျိုးထောင်ကြမည်။ ပျိုးပင်သက် ၂၅ ရက်ခန့်ရှိလျှင် ပျိုးနုတ်ပြီး လယ်ကွက်များတွင် ပြန်စိုက်ပျိုးနိုင်ရန် ထွက်ယက်ကြရတော့သည်။

မိုးရွာရွာ၊ နေပူပူ မိမိတို့၏ လယ်ကွက်များကို တစ်ကွက်ပြီး တစ်ကွက် ထယ်ထိုးကြရ၏။ ထယ်ကျွတ်သော လယ်ကွက်ကို ကန်သင်းလုံအောင်ပိတ်ဆို့၍ ရေလှောင်ထားပေးကြရသည်။ ရေလှောင်ပေးထား၍ ထယ်ခဲဖတ်များ ရေနစ်မြုပ်နေလျှင် ထယ်ခဲများ နူးအိလာ၏။ ပျိုးရ၍ စိုက်ခါနီးလျှင် ထိုလယ်ကွက်များကို ရေလျှော့ထုတ်၍ ထွန်မောင်းကာ သမန်းလူးပြီး စပါးစိုက်နိုင်ကြမည် ဖြစ်သည်။

တချို့က တစ်နွေလုံး ပူအိုက်နေခဲ့သဖြင့် မိုးရွာလာလျှင် အပူသက်သာတော့မည်ဟု ဝမ်းသာနေကြ၏။ ကလေးများကတော့ မိုးရွာတော့မည်ဆိုလျှင် သူတို့ ဆိုလေ့ဆိုထတေးဖြစ်သော "မိုးရွာရင် မိုးရေချိုးမယ်။ မေမေလာရင် နို့စို့မယ်၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ်" ဟူသော တေးကိုသံပြိုင်သီဆိုကြကာ ဘောင်းဘီတိုလေးများ ဝတ်ကြကာ မိုးရွာထဲ ထွက်လာကြပြီး ပြေးလွှားဆော့ကစားကြတော့သည်။ လေတိုက်ပြီး မိုးရွာလျှင် ရပ်ကွက်ထဲမှ သရက်ပင်ရှိသော အပင်အောက်သို့ ပြေးသွားကြပြီး ကြွေကျသည့် သရက်သီးမှည့်များကိုကောက်၍ စားသောက်ကြလေသည်။ ကလေးများမှာ မိုးရွာထဲတွင် အချိန်အကြာကြီး ဆော့ကစားနေကြသော်လည်း မမောပန်းကြပါ။ မိဘတို့က အအေးမိပြီး ဖျားမည်စိုးသောကြောင့် အတင်းပြန်ခေါ်ပြီး အဝတ်အစားလဲခိုင်းရသည်။ က ခလေးများကိုကြည့်လျှင် နှုတ်ခမ်းများ ပြာနှမ်းနေ၏။ လက်ချောင်း၊ ခြေချောင်းများ ပဲကြီးခွံလိုက်ကာ အေးပြီး ရှုံ့တွနေကြလေသည်။

စာရေးသူ ငယ်စဉ်အခါကလည်း မိုးရွာလျှင် အလွန်ပျော်သည်။ သူငယ်ချင်းများနှင့် ကစားကွင်းထဲ ထွက်လာကြကာ ဘောလုံးကန်ကြ၏။ တစ်ညနေပိုင်းမှာတော့ ကွင်းထဲတွင် ဘောလုံးကန်နေကြရင်း ကောင်းကင်တွင် လျှပ်စီးကြောင်းများ လင်းလက်လာပြီး မကြာမီ မိုးထစ်ချုန်းလာလေသည်။

"ဂျိမ်း...ဒိန်း...ဒလိန်း...ဂျိမ်း"

"ဟာ...မိုးတွေ တအားထစ်ချုန်းလာပါလားဟေ့"

"ဟုတ်တယ်ဟေ့။ လျှပ်စီးတွေကလက်ပြီး မိုးကြိုးပစ်မှာ ကြောက်ရတယ်ဟေ့"

ထိုစဉ် ပြင်းထန်ကျယ်လောင်လှသော မိုးထစ်ချုန်းသံကြီးကို ကြားလာကြသည်။

"ဟေ့ကောင်တွေ.. ဒီးတအားထစ်ချုန်းပြီး လျှပ်စီးကြောင်းတွေ တအားလက်နေတော့ မိုးကြိုးပစ်မှာ ကြောက်

www.burmeseclassic.com

ရတယ်ဟေ့"

"ဟုတ်တယ်ဟေ့။ ငါတို့တော့ ကြောက်တယ်။ အိမ်ကို ပြန်ပြေးကြမယ်ဟေ့"

"ဒိန်း…ဒလိန်း…ဂျိမ်း"

"ဟေ့ကောင်တွေ…မြေမှာဝပ်နေကြဟေ့"

မိုးချိန်းသံကြီး ကျယ်ကျယ်လောင်လောင် ထစ်ချုန်းလိုက်သဖြင့် ဘောလုံးကွင်းထဲတွင်ပင် မြေမှာ ပြားနေအောင် ဝပ်နေကြရသည်။

"ဟေ့…ဟေ့…ငါတို့ အိမ်ရောက်အောင် ပြေးကြလို့ မဖြစ်တော့ဘူးဟေ့။ ကွင်းဘေးက ဓမ္မာရုံထဲပြေးဝင်ပြီး နေကြရအောင်ဟေ့"

အကာအရံမရှိသော ဓမ္မာရုံထဲမှ သမံတလင်းပေါ်တွင် စုထိုင်ကြကာ မိုးချိန်းသံပေးပြီး လက်ခနဲ ထစ်ချုန်းလာလျှင် ဘုရားတနေကြရတော့သည်။

မိုးဦးကျအခါတွင် လေပြင်းတိုက်၊ မိုးထစ်ချုန်းပြီး တစ်ခါတစ်ရံ မိုးကြိုးပါပစ်သဖြင့် သစ်ပင်အမြင့်များ ပြိုကျ၏။ တချို့သစ်ပင်၏ထိပ်မှ အောက်မြေသို့ရောက်အောင် မိုးကြိုးထိမှန်ကာ မိုးကြိုးသွားအရာကြီးကို တွေ့မြင်ကြရသည်။

"ဟာ…ဒီကုက္ကိုပင်ကြီးကို မိုးကြိုးပစ်ခဲ့တာပဲကွ။ ဒီမှာ ကြည့်ကြပါဦး။ ဟိုထိပ်ဖျားကနေပြီး အရင်းအထိ မိုးကြိုးသွား ထိမှန်သွားတဲ့ အက်ကြောင်းကြီးလေ"

"ဟုတ်ပါ့ကွာ။ ဒီကုက္ကိုပင်ကြီးတစ်ခြမ်းတော့ ခြောက်သွားတော့မှာပဲကွ"

"ဟေ့ကောင်တွေ ငါ့ဘကြီး ပြောဖူးတယ်ကွ။ သစ်ပင်ကို မိုးကြိုးပစ်လို့ မိုးကြိုးသွားမြေကြီးထဲဝင်သွားရင် သုံးနှစ်ကြာရင် မိုးကြိုးသွား ပြန်ထွက်ပေါ်လာတယ်တဲ့ကွ"

"ဟေ…ဟုတ်လားဟ။ ဒီလိုဆိုရင် ဒီသစ်ပင်ကြီး မိုးကြိုးပစ်ခံရတဲ့နေ့ရက်ကို မှတ်သားထားပြီး သုံးနှစ်ပြည့်တဲ့နေ့မှာ မိုးကြိုးသွား လာရှာကြမယ်ဟေ့"

ထိုအဖြစ်အပျက်များက မိုးဦးကျ အချိန်ရောက်တိုင်း ဖြစ်လေ့ဖြစ်ထရှိသော အဖြစ်အပျက်များပင် ဖြစ်လေသည်။

သင်းမောင်က ရန်ကုန်မြို့သို့ တက်လာ၍ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စားပွဲထိုးအလုပ် လုပ်နေလေသည်။ လက်ဘက်ရည်ဆိုင်ဆိုတော့ စားသောက်သူများ ဖတ်ရှုနိုင်ရန် စံတော်ချိန်၊ ကြေးမုံနှင့် အားကစားဂျာနယ်ကို နေ့စဉ် ဝယ်ပြီး ထားပေးရသည်။

တကယ်တော့ သင်းမောင်မှာ ရွာတွင် မိဘနှင့် ညီအစ်ကိုများ ကျန်ခဲ့သည်။ သူက လယ်ထဲအလုပ်ကို ဝါသနာမပါသဖြင့် ရန်ကုန်သို့ တက်လာခဲ့ကာ ရရာအလုပ်ကို လုပ်နေခြင်းဖြစ်သည်။ ရွာတွင်တော့ သူ့ဖခင်နှင့် သူ့ညီများက လယ်လုပ်ကိုင်နေကြလေသည်။ တကယ်တော့ သင်းမောင်စိတ်ကူးက အိမ်ရှိ လယ်များကိုချည်း စုပြီးလုပ်နေလည်း ဝင်ငွေက စပါးပေါ်မှသာ ရလာမည် ဖြစ်သည်။ ထို့ကြောင့် အိမ်မှလယ်ကို တချို့က လုပ်ကြပြီး သူက ဝင်ငွေအပိုရအောင် မြို့တက်ပြီး အလုပ်လုပ်နေခြင်း ဖြစ်သည်။ သင်းမောင်က လက်ဖက်ရည်ဆိုင်တွင်လုပ်ရင်း ရလာသော လုပ်ခငွေမှ စားစရိတ်နှင့် သူ့အတွက် သုံးစရာအချို့ချန်ပြီး ကျန်စုမိငွေများအား မိဘများထံ ပို့ပေးလေသည်။

"ဟာ…ဒီနှစ်မိုးဦးမှာ မုန်တိုင်းတွေကလည်း ခဏခဏ ဖြစ်ပေါ်နေပါလား"

"ဟင်…ညဘက် လယ်ကွင်းထဲ ဖားထွက်ရိက်လို့ မိုးကြိုးပစ်ခံရပြီး သေရတာပါလား"

"ဟော…ဒီသတင်းက လယ်ထဲအလုပ်လုပ်ပြီး ရွာကို ထမင်းပြန်ယူရင်း မိုးကြိုးပစ်ခံရတာပါလား"

"ဒီသတင်းက လယ်ကွင်းထဲ နွားကျောင်းရင်း မိုးထစ်ချုန်းလာတော့ သစ်ပင်အောက်မှာ ဝင်ခိုနေရင်း မိုးကြိုးပစ်ခံခဲ့ရတာပါလား"

"ဟင်…ဒီသတင်းက အဆန်းပါလား။ အိမ်ရှေ့မှာရှိတဲ့ ကျောက်စည်မှာ ခြေထောက်ထွက်ပြီးအဆေးမှာ မိုးကြိုးပစ်ခံရပြီး သေသွားတာပါလား"

သင်းမောင်လည်း စံတော်ချိန်သတင်းစာကို နေ့စဉ်ဖတ်မိခဲ့ရာ မိုးဦးလေဦးကာလတွင် မိုးကြိုးထိမှန်ကာ သေဆုံးကြရသည့် သတင်းမှာ နေ့စဉ်လိုလိုပင် တွေ့မြင်နေရသည်။

"အင်း…ငါ့မိဘတွေနဲ့ ငါ့ရဲ့ ညီအစ်ကိုမောင်နမတွေဟာ တောရွာမှာ နေနေကြပြီး လယ်လုပ်ကိုင်နေကြရ



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ လယ်ထဲမှာ လုပ်ကိုင်ကြရင်း၊ လယ်ထဲကို သွားလာကြရင်း မိုးကြိုးထိမှန် သေဆုံးကြရမှာ စိုးရိမ်ရပါလား"

"ဩော်···ရွာမှာက ငါ့မိဘတွေတင် လယ်ထဲဆင်းရတာမဟုတ်ပဲ။ ငါ့ရဲ့ ဆွေမျိုးသားချင်းတွေဖြစ်တဲ့ ဦးလေး၊ ဒေါ်လေး၊ အစ်ကိုဝမ်းကွဲ၊ အစ်မဝမ်းကွဲ၊ ဦးကြီး ဒေါ်ကြီးတွေ ပါမကျန် လယ်ထဲဆင်းနေကြရတော့ မိုးကြိုးပစ်ခံရမှာ စိုးရိမ်စရာပါပဲလား"

"အခု သတင်းစာတွေထဲ ပါလာတဲ့ မိုးကြိုးထိမှန် သေဆုံးရတဲ့ သတင်းတွေဟာ လယ်ကွင်းထဲ တစ်ယောက်တည်းသွားရင်း၊ နွားကျောင်းရင်း၊ သစ်ပင်အောက်ဝင်ခိုနေရင်း၊ ငါးရှာရင်း၊ ထယ်ထိုးရင်း မိုးကြိုးပစ်ခံရတာတွေချည်းပါလား"

သင်းမောင်မှာ မိုးဦးလေဦးကာလတွင် မိုးတွေ ထစ်ချုန်းပြီး လျှပ်စီးတွေ လင်းလက်ကာ မိုးကြိုးပစ်တတ်သည်ကို သိလာရသည်။ ယခင်က မိုးကြိုးထိမှန်သေဆုံးရသည်ကို ရှားရှားပါးပါး တစ်ခါတစ်ရံမှသာ ကြားရသည်။ ထိုသို့ မိုးကြိုးထိမှန်သေဆုံးခဲ့သူကိုလည်း မိဘကိုစော်ကားလို့၊ မိဘစကားနားမထောင်လို့ သိကြားမင်းကြီးက လက်တွေ့ ပြခဲ့တာဟု ယုံကြည်ကြလေသည်။ ထို့ကြောင့် ကလေးများကို မိဘစကားနားထောင်ကြရန်၊ မိဘကို မပြစ်မှားကြရန် ပြောဆိုဆုံးမခဲ့ ကြလေသည်။ ယခုတော့ ထိုသို့မဟုတ်။ သတင်းစာများတွင် မိုးကြိုးထိမှန်သေဆုံးရခြင်း သတင်းများက နှစ်ရက်ခြား၊ သုံးရက်ခြား တွေ့မြင်ဖတ်ရှုနေရလေသည်။

"ဩော်···ငါမေ့နေလိုက်တာ။ ငါ့ဘကြီး အသက်ထင်ရှားရှိစဉ်အခါက မိုးကြိုးလွှဲဂါထာကို ရွတ်ပွားရင် မိုးကြိုးလွဲတယ်တဲ့။ ဒါပေမဲ့ မိုးကြိုးလွှဲဂါထာကို ငါမှ မရတာဘဲ။ တွေ့တဲ့လူတွေကို မေးစမ်းကြည့်တော့လည်း ဘယ်သူမှ အဲဒီမိုးကြိုးလွှဲဂါထာကို ရတဲ့လူ မရှိကြပါလား"

"ငါ အဲဒီဂါထာကို ရအောင်ရှာရမှာပဲ"

တစ်နေ့တွင် လက်ဖက်ရည်ဆိုင်သို့ အသက်ခြောက်ဆယ်ကျော်ခန့် ဦးလေးကြီးတစ်ယောက် လက်ဘက်ရည်လာသောက်သဖြင့် ထိုဦးလေးကြီးကို မေးမိ၏။

"အင်း···ဒီဂါထာဟာ တိုတိုလေးပဲကွ။ ဦးလေးမြင်ဖူးတယ်။ ဒါပေမဲ့ အဲဒီဂါထာကို မရဘူး။ မင်း အဲဒီဂါထာကို လိုချင်ရင်တော့ ဘုန်းကြီးကျောင်းတစ်ကျောင်းကျောင်းကို သွားပြီး လျှောက်ထားတောင်းခံရင်တော့ ရနိုင်မှာပဲကွ"

သင်းမောင်လည်း ထိုဦးလေးကြီး အကြံပေးသည့်အတိုင်း ဘုန်းကြီးကျောင်းသို့ သွားကာ ဆရာတော်ကို လျှောက်ထားလေသည်။

"တပည့်တော် မိုးကြိုးလွှဲဂါထာတော် လိုချင်လို့ပါဘုရား။ တပည့်တော်လည်း မိုးကြိုးကလွတ်အောင် တပည့်တော်ရဲ့ မိဘညီအစ်ကိုမောင်နှမတွေ၊ ဆွေမျိုးတွေက ရွာမှာ လယ်ထဲဆင်းနေကြလေတော့ သူတို့ကို ဒီလိုမိုးကြိုးလွှဲဂါထာကို ရွတ်ပွားစေချင်လို့ပါ ဘုရား"

"အင်း အင်း···ဒီဂါထာကို အမြဲရွတ်ပွားနေရင် မိုးကြိုးလွှဲပါတယ် ဒကာ။ ဆရာတော် ရေးပေးပါ့မယ်"

ဆရာတော်လည်း စာရွက်တစ်ရွက်ဖြင့် မိုးကြိုးလွှဲဂါထာတော်ကို ရေးပေးလေသည်။

**မိုးကြိုးလွှဲဂါထာတော်**

**နတံ ဖရေယျ၊ ပထဝီ စရေယျ၊**
**သဗ္ဗေပိ ပါဏာ ဥဒသုံသဘေယျုံ၊**
**တံလံပိစေဝ ဥပရိယံ ကရေယျ၊**
**နကရောန္တိ ဗုဒ္ဓါ။**

"ကျေးဇူးကြီးလှပါတယ် ဘုရား။ တပည့်တော်လည်း ဒီမိုးကြိုးလွှဲဂါထာကို အရကျက်မှတ်ပါ့မယ်ဘုရား။ ရွာကလူတွေကိုလည်း မိုးကြိုးဘေးက လွတ်ကင်းအောင် ပေးပြီး အလွတ်ကျက်မှတ်စေပြီး ယုံယုံကြည်ကြည် ရွတ်ပွားစေမှာပါ ဘုရား"

သင်းမောင်လည်း ထိုမိုးကြိုးလွှဲဂါထာကို ရခဲ့ပြီဖြစ်၍ ဆရာတော်အား ကန်တော့ကာ လက်ဘက်ရည်ဆိုင်သို့ ပြန်လာခဲ့ပါတော့သည်။

**တင့်ထူး(ဇေယျဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော် (၁၉)

## [ခန္ဓာငါးပါး-ဝေဒနက္ခန္ဓာ-၂]

■ မဟာထွန်း

ဤလအတွက် ဝေဒနာကို ပရမတ်သို့ တင်ရန်ဖြစ်သည်။ ပရမတ်သို့ တင်ခြင်းသည် ရှုမှတ်သည်နှင့် အလားသဏ္ဍာန် တူသည်။ ပရမတ်ကို မသိဘဲလည်း ရှုမှတ်၍ မရပေ။ ပရမတ်ကို သိသည်နှင့်လည်း ရှုမှတ်လျက် ဖြစ်နေတတ်သည်။

ယခုတစ်ဖန် တရားတော်ကို လိုက်စားကြကုန်သော ယောဂီအပေါင်းတို့ အထူးအားတက်ဖွယ်ဖြစ်ရသည့် မကြာခဏလည်း ထည့်ပေးနေသော ကဗျာနှစ်ပုဒ်ကို ဤ၌ ထည့်ပေးဦးမည်။ ယောဂီဟောင်းများအဖို့ ဤဆိုလတ္တံ့သော ကဗျာနှစ်ပုဒ်ကို ရကောင်းရနေကြမည် ဖြစ်သော်လည်း ယောဂီသစ်များအဖို့ တန်ဖိုးများစွာ ထိုက်လေသည်။

၁။ နား,နှုတ်,စိတ်,ဉာဏ်၊ ဤလေးတန်ဖြင့်၊ ဓမ္မတရားနာကြားလေ့လာ၊ အားထုတ်ပါက သေရာညောင်စောင်း၊ လဲလျောင်းပြီးကာ၊ ရောဂါဆူသည်း၊ ပူညည်းဆူပွက်၊ သတိလစ်မဲ့၊ သေခဲ့ရခြား၊ မလားအပါယ်၊ ထက်ဝယ်နတ်ပြည်၊ ရောက်ကြောင်းကေန်၊ စင်စစ်မှန်၏။ တစ်ဖန် ထိုပြင်၊ မဂ်ဝင်ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်ဟု၊ သုံးလူထွတ်ထား၊ ဘုရားမိန့်မှာ၊ ဟောသည်သာတည်း။

သောတာနုဂတသုတ်၊ အံ၊ ၁၊

၂။ နား,နှုတ်,စိတ်,ဉာဏ်၊ ဤလေးတန်ဖြင့်၊ ဓမ္မတရားနာကြားလေ့လာ၊ အားထုတ်ပါက၊ (၁) ကျန်းမာနေစဉ်၊ မသေခင်ဝယ်၊ မဂ်ဝင်ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်၏။ (၂) မရောက်ပါလျှင်၊ ဖျားနာစဉ်နှင့်၊ (၃) သက်ငင်ပူငြီး၊ သေခါနီးမှာ၊ မဂ်ရလာ၏။ (၄) မရပါက၊ နတ်ဘဝမှာ၊ သေချာကိန်းသော၊ မဂ်ရလေ၏။ (၅) တစ်ထွေထိုမှ၊ ဓမ္မရာဂ၊ ဓမ္မနန္ဒီ ထိုစွမ်းရည်ကြောင့်၊ မထေရ်မြတ်လု၊ ပစ္စေကဟု၊ ဗုဒ္ဓအငယ်၊ ဖြစ်ရဖွယ်သည်၊ ငါးသွယ်အားထုတ်ရကျိုးတည်း။

ပေဋကော ပဒေသ ပါဠိတော်၊ ၁၇၇၊

ဤကဗျာနှစ်ပုဒ်သည် ဤစာရေးသူ၏ ဉာဏ်စွမ်းမဟုတ်သည့် အကြောင်းကို ဆိုခဲ့ပြီ။ ပျံလွန်တော်မူ ကျေးဇူးရှင် အမြိတ်ဆရာတော် ဘုရားကြီးနှင့် တူတပည့်ဖြစ်သူ ဦးပဉ္စင်းလေးခေါ် အဂ္ဂမဟာအကျော် မအူပင် လေးအိမ်စု အရှင်ဝိစိတ္တသာရာဘိဝံသတို့၏ ရင်တွင်းဖြစ် မူပိုင်ကဗျာနှစ်ပုဒ်သာ ဖြစ်ကြောင်းကိုလည်း ရေးခဲ့ပြီ။

ဦးစွာ ငါးပါးသီလ စသည်ဆောက်တည်ပါ။ (သီလကို ဦးစွာဆောက်တည်ခြင်းမှာ သီလပြည့်စုံခြင်းဖြင့်သာ ဓမ္မကိစ္စများကို ဆောင်ရွက်စေလို၍ ဖြစ်သည်။)

ထို့နောက် နမောတဿ စသည်ဖြင့် ဘုရားရှိခိုးပါ။

### မေတ္တာပို့

၁။ ငါသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ချမ်းသာစွာဖြင့် မိမိ၏ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ပါစေ။

၂။ ဤကျောင်းအတွင်း၌ (အိမ်၊ ဇရပ်၊ သစ်ပင်အောက်၊ လှေ၊ သင်္ဘော စသည်ဖြင့် မိမိတည်နေရာကိုထည့်၍ဆို) ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကို ရွက်ဆောင်နိုင်ကြပါစေ။

၃။ ဤရပ်ကွက်/ရွာ အတွင်း၌ (မိမိတည်နေရာကို ထည့်၍ဆို) ရှိကြကုန်သော (...)ရွက်ဆောင်နိုင်ကြပါစေ။

၄။ ဤမြို့နယ်အတွင်း၌ (မိမိတည်နေရာမြို့နယ်ကို



www.burmeseclassic.com

www.burmeseclassic.com

ည့်၍ဆို) (. . .)ကြပါစေ။

၆။ ဤကမ္ဘာအတွင်း၌ (. . .)ကြပါစေ။

၇။ သုံးဆယ့်တစ်ဘုံအတွင်း၌ (. . .)ကြပါစေ။

၈။ စကြာဝဠာအတွင်း၌ (. . .)ကြပါစေ။

၉။ စကြဝဠာ အနန္တ၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကို ရွက်ဆောင်နိုင်ကြပါစေ။

## ထိုင်ပုံထိုင်နည်း

တင်ပျဉ်ခွေထိုင်၊ ဘယ်ခြေအောက် ညာခြေအပေါ် ဘယ်ဘက်ပေါင်နှင့် ခြေသလုံးကြားမှာ ညာဘက်ခြေဖဝါးကို ထား။ ဘယ်လက်အောက်၊ ညာလက်အပေါ်၊ လက်မထိပ်ချင်း ထိကပ်ထား။ ခါးကိုဆန့်ထုတ်ထား။ ခေါင်း၊ မျက်နှာကိုလည်း ကိုယ်နှင့်တစ်ဖြောင့်တည်းထား (အားလုံးကြည်ညိုဖွယ်ရာ ဖြစ်ပါစေ) ထို့နောက် ကိုယ်ဂုဏ အကြောများကို လျှော့ချထား။ (ခါးကိုချနိုင်ခြင်းမဟုတ်)

ဤကား တရားရှုမှတ်သည့်အခန်းဖြစ်သည်။ ဤ တရားကိုယ်သည် ဝေဒနာဖြစ်၍ ဝေဒနာကို ပရမတ်သို့တင်ရန် သင့်သည်။

ပညတ်ဟူသည်မှာ မရှိတရား၊ ပရမတ်ဟူသည်မှာ အရှိတရားဟု သိထားရန်လိုသည်။ ခြေကျဉ်သည်၊ ခါးကိုက်သည်၊ ဗိုက်အောင့်သည် စသည့် ခန္ဓာကိုယ်အစိတ်အပိုင်း များ၏ နာကျင်ကိုက်ခဲကို သိသည်မှာ ဝေဒနာကို ပညတ်၊ ပရမတ် မကွဲပြားဘဲ သိနေခြင်း ဖြစ်သည်။

ဤအသိမျှဖြင့် တရားရှုမှတ်၍ မရနိုင်သေးပေ။ အရှုခံတရားအပေါ်၌ ပညတ်၊ ပရမတ် မကွဲပြားသေးသမျှ ကာလ ပတ်လုံး တရားရှုမှတ်၍ မရသေးဟု နားလည်နိုင်သည်။

ပညတ်၊ ပရမတ်ကို ကွဲပြားပြီးနောက် ပရမတ်စစ်စစ် ကို ရှုမှတ်ပွားပါမှ တရားထူးကို ရနိုင်လေသည်၊ ထို့ကြောင့် ယခုတင်ပြထားသည့် ကိုက်ခဲခြင်းဝေဒနာကိုပင် ပညတ်၊ ပရမတ် ခွဲခြားပြီး ကြည့်ကြစို့။

ခြေ၊ ခါး၊ ဝမ်းဗိုက် စသည်များမှာ ပညတ်သာဖြစ် ကြောင်းကို ပညတ်ပိုင်း၌ ကြေညက်စွာ ပြခဲ့ပြီ။ ထို့ကြောင့် ပညတ်ကို မရှိတရားဟု သိနိုင်သည်။ အရှိတရားသည်သာ ပရမတ် စစ်စစ်ဖြစ်သည်။

ဤ၌ တင်ပြခဲ့သည့် သုံးမျိုးတွင် နားလည်လွယ်စေ ရန်အတွက် ခြေကျဉ်သည့် တစ်မျိုးတည်းကိုသာ ယူကြစို့။

သမာဓိကို မြဲမြံပါစေ။ ရှုမှတ်လိုသည့် နေရာ၌ စိတ် ကို စူးစိုက်ထားပါ။ အာရုံတစ်ပါး စိတ်မသွားပါစေနှင့်။

ခြေကိုခြေဟု ခေါ်ရပြီး ကျဉ်သည့် ဝေဒနာကိုလည်း ဝေဒနာဟု ခေါ်သည်။ ဤမျှလောက်သိလျှင်ပင် ခြေတခြား၊ ဝေဒနာတခြားဟု သိနိုင်လေသည်။ ကျဉ်ခြင်းဝေဒနာသည် ခြေထောက်ကို မှီပြီးသာ ဖြစ်နေခြင်း ဖြစ်သည်။

ခြေထောက်ကို ကြည့်၍ မြင်ရသော်လည်း ကျဉ်ခြင်း ဝေဒနာကို ကြည့်၍မမြင်ရပေ။ ကျဉ်ခြင်းဝေဒနာသည် ပရ မတ်ဖြစ်သောကြောင့်ဟု သိနိုင်သည်။

ဤဝေဒနာကိုလည်း ခြေထောက်ထဲ၌ ခွဲခြမ်းစိတ်ဖြာ ၍ မရပေ။ အပြင်က ကြည့်၍လည်းမမြင်။ တစ်စုံတစ်ရာ ပြလို့သလို့ မရ။ ကြည့်၍ရှု၍ မမြင်။ ခြေထောက်၌ ထုံကျဉ် နေခြင်းမှာလည်း အမှန်။

ဤသို့ သိနေသည့်ကိုပင် ပရမတ်ဟု ခေါ်ရသည်။ ပရမတ်တရားဟူသည်မှာ ဉာဏ်ဖြင့်သာ သိကောင်းသော အရာဖြစ်သည်။ ထို့ကြောင့်လည်း ပရမတ်ဟု ဆိုရသည်။ အသိမှန်၊ အသိစင်၊ အသိဆုံးဟုလည်း ဆိုရသည်။ နောက် သိစရာ မကျန်တော့ပေ။ ထို့ကြောင့်လည်း အသိဆုံးသည် ဟု ဆိုရသည်။

တစ်ယောက်က မဂ္ဂဇင်းမှ ဖုန်းနံပါတ်တောင်းကာ အသိဆုံးသည်ကို နားမလည်၍ မေးဖူးသည်။ သိစရာ မကျန် သည်ကို အသိဆုံးသည်ဟု ခေါ်ကြောင်းကို ရှင်းပြရသည်။

ဥပမာ - အမေကို အမေဟု သိခြင်းသည် အမေနှင့် ပတ်သက်၍ အသိဆုံးပြီ။ အမေ့နာမည်၊ အမေ့ကျေးဇူး၊ အမေ့အဆင့်အတန်း အမေ၏ ဂုဏ်ဒြပ်များမှာ အမေ၏ ဝိသေသနများသာဖြစ်သည်။ သိရန်လိုရင်းကား အမေသာ ဖြစ်သည်။

ယခုလည်း ဝေဒနာကို ပရမတ်ဉာဏ်/အမြင်မှန် ဉာဏ်ဖြင့် သိပြီးဖြစ်သည်။ အရှုခံတရားအဖြစ် ရှုမှတ်၍ရပြီ။

ဤစာရေးသူအား ရပ်ကွက်ဓမ္မာရုံ၊ ရိပ်သာ၊ ဘုန်းကြီး ကျောင်း စသည်တို့မှ ဝိပဿနာတရားတော်ကို ပရမတ် ပေါက်အောင် လည်လည်ပတ်ပတ် ရှုမှတ်တတ်အောင် ပင့်ဖိတ်



www.burmeseclassic.com

www.burmeseclassic.com

ပြီး တရားလိုက်စားကြရာ၌ ဤကဲ့သို့ပင် ပရမတ်ကို တိုတို ကျဉ်းကျဉ်း လိုရင်းကိုသာ ဟောကြားပြသပေးသည်။

ထိုအကျဉ်းပရမတ် တရားကိုပင် ထည့်ပါငြ်/ပရိယာယ် ပုဒ် မြောက်မြားစွာတို့ဖြင့် ဟောကြားပြသပေးသည်။ အလွန်မှ နားလည်လွယ်လေသည်။

ယခုလည်း ဤဝေဒနာကိုပင် အရှုခံတရားအဖြစ် ရှုမှတ်ကြဦးစို့။

## ထိုင်ပုံထိုင်နည်း

တင်ပျဉ်ခွေထိုင်၊ ဘယ်ခြေအောက်၊ ညာခြေအပေါ် ဘယ်ဘက်ပေါင်နှင့် ခြေသလုံးကြားမှာ ညာဘက်ခြေဖဝါးကို ထား၊ ဘယ်လက်အောက်၊ ညာလက်အပေါ်၊ လက်မထိပ်ချင်း ထိထပ်ထား၊ ခါးကိုဆန့်ထုတ်ထား၊ ခေါင်း၊ မျက်နှာကိုလည်း ကိုယ်နှင့် တစ်ဖြောင့်တည်းထား(အားလုံး ကြည်ညိုဖွယ်ရာ ဖြစ်ပါစေ) ထို့နောက် ကိုယ်က အကြောများကို လျှော့ချထား။ (ခါးကိုချနိုင်းခြင်း မဟုတ်။)

ထို့နောက် လွင့်/ပျံ့နေသော စိတ်အစဉ်ကို နှာသီးဝမှာ စုထား၊ လွင့်လျှင် ပြန်စု/လွင့်လျှင်ပြန်စု၊ အတတ်နိုင်ဆုံး အကြိမ်ကြိမ် အထပ်ထပ် စိတ်၏ငြိမ်သက်ခြင်းကို ရရှိလာအောင် ရှုမှတ်ပြီးနောက် အသက်ရှူရှိုက်တိုင်း လေနှာသီးဝမှာ တိုးနေသည်ကို မှတ်။

၁။ လေ၊ ၂။ နှာသီးဝ၊ ၃။ တိုး။

ဤသုံးမျိုးတွင် လေသည်လည်း ပညတ်၊ နှာသီးဝသည်လည်း ပညတ်၊ တိုး-သည်သာ ပရမတ်စစ်စစ်ဖြစ်သည်။

တိုး-ဟူသည်ကို တစ်စုံတစ်ခုပြ၍သ၍ မရပေ။ တို့၍ ထိ၍ ကိုင်၍ ယူ၍လည်း မရပေ။ ကြည့်၍လည်း မမြင်။ အသက်ရှူရှိုက်တိုင်း နှာသီးဝမှာ တိုးနေရုံမျှသာဖြစ်သည်။

ဤကား ယောဂီပုဂ္ဂိုလ်တိုင်း ရှုမှတ်နေကျ မူလဘူတ အရှုခံတရားကြီးဖြစ်သည်။ ထို့နောက်မှ ဖြစ်ပေါ်လာတတ်သည့် ထုံကျဉ်ကိုက်ခဲခြင်း စသောဝေဒနာကို ဆက်ရှုကြည့်ဦးစို့။

ဆိုခဲ့သည့်အတိုင်း ခြေထောက်၌ ထုံကျဉ်ကိုက်ခဲခြင်း ဝေဒနာကိုပင် အာရုံပြုပါ။ အခြားနေရာမှာဖြစ်လျှင်လည်း ထိုကဲ့သို့ အာရုံပြုပါ။ ထို့နောက် ဖြစ်ပေါ်နေသည့် ဝေဒနာကိုသာ စိုက်၍ရှုမှတ်ပါ။ အာရုံကို မလွင့်စေဘဲ ထိုနေရာတစ်ခုတည်းကိုသာ ကွက်ပြီး ရှုမှတ်ပါ။

စိုက်၍ရှုမှတ်ရာ၌ ပျောက်သွားသည်လည်း ရှိသည်။ မပျောက်ဘဲလည်း နေတတ်သည်။ သမာဓိအားကောင်းလျှင် ပျောက်သွားသည်က များသည်။ ပျောက်သွားလျှင် ခန္ဓာကိုယ်သည် အလွန်အမင်း ပေါ့ပါးသွားတတ်သည်။ သမာဓိမှ ဈာန်တိုင်အောင်ပင် ဖြစ်သွားနိုင်သည်။

သို့သော်လည်း ဝေဒနာကို ရှုမှတ်ရာ၌ ပုံသေစွဲမှတ်ထားရန် မသင့်ပေ။ ပျောက်သွားလျှင် အလွန်အမင်း ပေါ့ပါးသည်အထိ ပီတိကိုရသော်လည်း မပျောက်လျှင်ကား သည်းမခံနိုင်သည့်အဆုံး ထိုင်နေဆဲ ဣရိယာပုတ်ကို ဖျက်လိုက်ရသည်။

သည်းမခံနိုင်ဘဲ စွတ်ထိုင်နေလျှင် ပိုဆိုးတတ်သည်။ တရားထိုင်ရမည်ကို စိတ်ပျက်သွားတတ်သည်။ တချို့ စိတ်ဖောက်သွားတတ်သည်အထိလည်း ရှိတတ်သည်။ တရားထိုင်၍ ရူးသည်ဟု ဆိုကြခြင်းမှာ ဤသည်နှင့် ပတ်သက်သည်ဟု ဆိုချင်သည်။

ဤသည်မှာ ဝေဒနာကို အကြမ်းစားဖြင့် ထုတ်ပြခြင်း ဖြစ်သည်။ အနုစားဟူသည်ကား ရှိနေမြဲ ဝေဒနက္ခန္ဓာ(ဝေဒနာ)ကို ပေါ်ရာအတိုင်း ရှုမှတ်ခြင်း ဖြစ်သည်။

## နိဂုံး

၁။ မြေ၌ ရှိကြကုန်သော၊ ၂။ ရေ၌ ရှိကြကုန်သော၊ ၃။ လေ၌ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

ယနေ့တိုင်အောင် ပြုလုပ်ရသော အားထုတ်ရသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု အဖို့ပါက ရသမျှကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော သုခိတ၊ ဒုက္ခိတ သတ္တဝါ အပေါင်းတို့အား အမျှ-အမျှ-အမျှ ပေးဝေပါကုန်၏။ အမျှရ၍ ကျန်းမာကြသည် ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။

*(ဆက်ရန် . . .)*

မ[illegible]ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ပထမံတစ်ဦး၏ ဘဝခရီး (၁)

သတိုးမင်းအောင်

…ခြားမြစ်စဉ် အမှတ်(၁)
…ဥ-ခုနှစ် မှတ်တမ်း



မဏိမေခလာထူပစေတီတော်
(မှန်ကူတောင်၊ သိမ်ကုန်းကျောင်းတိုက်၊ ဝင်းကကျေးရွာ၊ ဘီးလင်းမြို့နယ်)

## ပထမံဘိုးဘိုးအောင်နှင့် ဘိုးတော်ဦးပိုင်းတို့၏ သင်ပုန်းချေခန်း

### (က)မဏိမေခလာထူပစေတီတော်

မဏိမေခလာစေတီတော်သည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဝင်းကကျေးရွာ(ရှေးယခင် သုဝဏ္ဏဘုမ္မိမြို့တော်)၊ မှန်ကူတောင်(နတ်များတောင်) မဟာသိမ်ကုန်းကျောင်းတိုက်တွင် တည်ရှိပါသည်။

မဏိမေခလာစေတီတော်သည် မြတ်စွာဘုရား၏ ဆံတော်တစ်ဆူ ကိန်းဝပ်တော်မူသည့် စေတီတော် ဖြစ်ပါသည်။

မြတ်စွာဘုရား ဝါတော်(၆)ဝါအရတွင် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်အနုရုဒ္ဓါ၊ အရှင်သောဘိတ၊ အရှင်ပဒုမုတ္တရ၊ အရှင်ဂုဏသာဂရ၊ အရှင်ဉာဏပဏ္ဍိတနှင့် အရှင်ရေဝတ ရဟန္တာအရှင်မြတ်ခြောက်ပါးတို့သည် ဘုရားရှင်ထံ ချဉ်းကပ်၍-

"ဘုန်းတော်ကြီးမြတ်တော်မူသော ရှင်တော်မြတ်ဘုရား...ရှင်တော်မြတ်ဘုရား၏ အနီးအနားခ၌နေသော သတ္တဝါတို့မှာ အရှင်ဘုရားအား ဖူးမြင်ရ၍ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော အကျိုးတို့နှင့် ပြည့်စုံကြပါပြီ။ မဟာသမုဒ္ဒရာနှင့် မနီးမဝေးသော ပစ္စန္တရာဇ်အရပ်၌ များစွာသောလူတို့ နေကြပါသည် ထိုသူတို့အား သနားခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပူဇော်စရာ ပေးသနားတော်မူပါဘုရား''

ဟု လျှောက်ထား၍ မြတ်စွာဘုရားက ရဟန္တာခြောက်ပါးအား ဆံတော်ခြောက်ဆူကို ပေးသနားတော်မူပါသည်။

ထိုစဉ် အနီးအနား၌ရှိသော အရှင်အာနန္ဒာက-

''အရှင်မြတ်ဘုရား ထိုဇနပုဒ်သားတို့သည် ရှင်တော်မြတ်ဘုရား၏ ဆံတော်မြတ်တို့ကို မှီ၍ အန္တရာယ်ကင်းခြင်းသည် ဖြစ်ပါလိမ့်မည်လော''

ဟု မေး၍ မြတ်စွာဘုရားက-

''ချစ်သားအာနန္ဒာ…ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ငါဘုရား၏ သာသနာတော်သည် အနှစ်(၅၀၀၀) ပတ်လုံး တည်ရစ်လတ္တံ့။ ဤခြောက်ဆူသော ဆံတော်ဓာတ်တို့သည် နှစ်ပေါင်း(၂၅၀၀) လွန်သောအခါ ကြီးစွာသော ပူဇော်သက္ကာရဖြစ်လတ္တံ့၊ တစ်ဆူ တစ်ဆူသော စေတီသည် လူပေါင်းများစွာ ဖွဲ့စည်းတည်ထောင်အပ်သော စေတီဖြစ်လတ္တံ့''

ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

ရဟန္တာခြောက်ပါးသည် ဘုရားရှင်၏ ဆံတော်ခြောက်ဆူကို ဦးခေါင်းထက်၌တင်ကာ ကောင်းကင်ခရီးဖြင့် မဟာသမုဒ္ဒရာကို ဖြတ်ကျော်ကာ သင့်လျော်သော ပစ္စန္တရာဇ်အရပ်တို့၌ ဆင်းသက်ပြီး **'ရှင်တော်မြတ်ဘုရား၏ ဆံတော်သည် ဤအရပ်၌ ကိန်းဝပ်စံပယ်တော်မူမည်ဆိုပါက ဒါယိကာ ပေါ်ပါစေသတည်း'** ဟု အဓိဋ္ဌာန်ရာ တစ်ခုသောအရပ်၌ သိကြားမင်း ပေါ်လာပြီး သက္ကထူပစေတီတော်ကိုလည်းကောင်း၊ တစ်ခုသောအရပ်၌ မိုးနတ်သား ပေါ်လာပြီး ပဇ္ဇုန္နထူပစေတီတော်ကိုလည်းကောင်း၊ တစ်ခုသော အရပ်၌ လေ့ကုန်သည်တို့အား ဆံတော်တစ်ဆူပေး၍ အဒ္ဓိကနာဝိကထူပစေတီကိုလည်းကောင်း၊ တစ်ခုသော အရပ်၌ ဝရုဏနဂါးမင်း ပေါ်လာပြီး ဝရုဏနာဂရာဇထူပဝင် စေတီကိုလည်းကောင်း၊ တစ်ခုသောအရပ်၌ ဒမိဠလူမျိုး (ကျေးကုန်သည်)များအား တွေ့၍ ဆံတော်တစ်ဆူပေးသဖြင့် သတ္တနာဝိကဟူပစေတီကိုလည်းကောင်း တည်ထားခဲ့ကြလေသည်။

သာသနာ(၂၅၀၀) နီးကပ်လာသောအခါ ဆရာတော်ကြီးများ၊ ထွက်ရပ်ပေါက်ဝိဇ္ဇာကြီးများ၊ လူပုဂ္ဂိုလ်များသည် ထိုစေတီခြောက်ဆူကို ရှာဖွေကြရာ မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဝင်းကကျေးရွာ မှန်ကူတောင်(ခေါ်)နတ်များတောင်ထိပ်တွင် ရန်ကုန်မြို့ ကိုင်းတန်းရပ်နေ ကုန်သည် ဖိုးမောင်နဲ့ ဖြစ်ကြသော အဘဦးစောနှင့် အမေကြီးဒေါ်ဝင်း တို့သည် မဏိမေခလာစေတီတော်ကြီးနှင့် မှန်ကူတောင်အား စောင့်ရှောက်လျက်ရှိကြသော တန်ခိုးရှင် အဘဦးသူတော်ကြီး၏ အကူအညီဖြင့် မဏိမေခလာထူပစေတီတော်ကြီးအား ရှာဖွေတွေ့ရှိကာ ဆရာတော်ကြီး အရှင်ဦးနန္ဒ၊ ဆရာတော်ကြီး အရှင်ဦးသီဟနှင့် ဆရာတော်ကြီး အရှင်ဦးအာစိဏ္ဏတို့နှင့်အတူ သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်တော်မူခဲ့ကြပါသည်။ အဘဦးစောနှင့် အမေကြီးဒေါ်ဝင်း တို့ ကွယ်လွန်သွားကြပြီးနောက် (၂)နှစ်ခန့်အကြာ ၁၉၇၆ ခုနှစ်တွင် အဘဆရာ ဦးတင်ဦး ဦးဆောင်၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်အနေ ဦးထွန်းလွင်၊ ဦးထွန်းရွှေ၊ ဦးကြင်သိန်း၊ ဦးဖေမြင့်၊ ဦးတင်အောင်ထွန်း စသော ပုဂ္ဂိုလ်တို့သည် မဏိမေခလာထူပစေတီတော်မြတ်ကြီး၌ သာသနာပြုလုပ်ငန်းတို့ကို လုပ်ကိုင်ခဲ့ကြပါသည်။ အဘဆရာဦးတင်ဦး၏ ဦးဆောင်မှုဖြင့် ထိုစေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို နှစ်စဉ် သင်္ကြန်အကြတ်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။ သင်္ကြန်နှင့် လပြည့်နေ့ တိုက်ဆိုင်ပါက လပြည့်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။

**(ခ) အဘဆရာဦးတင်ဦးနှင့် တပည့်သားမြေးများ ဗုဒ္ဓပူဇနိယပူဇော်ပွဲ ကျင်းပပြုလုပ်ကြခြင်း**

၁၉၈၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ည။

နေရာကား မှန်ကူတောင်၊ သိမ်ကုန်းကျောင်းတိုက်

အချိန်ကား ည ၇း၀၀ နာရီခန့်။

အဘဦးတင်ဦးနှင့် တပည့်သားမြေးများဖြစ်ကြသော ဦးထွန်းလွင်၊ ဦးကြင်သိန်း၊ ဦးထွန်းရွှေ၊ ဒေါ်တင်တင်



www.burmeseclassic.com

www.burmeseclassic.com



မဏိမေခလာမယ်တော်ပုံ

…း နှင့် တပည့်သားမြေးများသည် မဏိမေခလာစေတီ …တော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရန်အတွက် မှန်ကူ …တောင်သို့ ရောက်ရှိနေကြသည်။ ညနေစာ စားသောက်ပြီး …က် အဘဦးတင်ဦးအနားတွင် တပည့်များ ဝိုင်းထိုင်ကာ …တို့ သိရှိလိုသမျှကို မေးမြန်းနေကြပါသည်။ အဘက …ည်း မျက်စိကလေးမှိတ်၊ ခေါင်းကလေး တစ်ချက် …ချက် ခါရမ်းကာ အာရုံပြုပြီး တပည့်များ မေးသမျှကို …ကြားပေးနေပါသည်။ တောင်ဥက္ကလာပမြို့နယ် (၅)ရပ် …ကွက်နေ အသက်(၆၀)ကျော်ခန့်ရှိ တပည့်မကြီး ဒေါ်သန်း … အဘအား လှမ်း၍မေးလိုက်ပါသည်။

"အဘ…အဘ ဘယ်တော့လောက် ပြန်ထွက်မှာလဲဟင်"

"ကျုပ်လား၊ ကျုပ် နောက်လေးနှစ်လောက်ကြာရင် ပြန်ထွက်မယ်"

ထိုအခါ ဒေါ်သန်းနှင့်အတူ ကျန်တပည့်မကြီးများကပါ ဝင်၍-

"အဘ…အဘပြန်ထွက်ရင် သမီးတို့လည်း လိုက်ချင်တယ်"

"ကျွန်မတို့လည်း လိုက်ချင်တယ်"

"ခင်ဗျားတို့ကို ခေါ်သွားလို့ မရဘူးဗျ"

ဒေါ်သန်းက…

"ဒါဆို အဘက မောင်ထွန်းရွှေတို့ မတင်တင်သန်းတို့ကို ခေါ်သွားမှာလား"

"သူတို့ကိုလည်း ခေါ်သွားလို့ မဖြစ်သေးဘူးဗျ၊ သူတို့က အတွဲကြီးနဲ့"

"ဒါဆိုရင် အဘက ဘယ်သူ့ကို ခေါ်သွားမှာလဲ"

"မောင်ကြင်သိန်းကို ခေါ်သွားမှာကွဲ့"

ဦးထွန်းရွှေက…

"အဘ အစ်ကိုဦးကြင်သိန်းကို ဘာကြောင့် တစ်ခါတည်း ခေါ်သွားမှာလဲ"

"သူ့ကို ထားခဲ့လို့ မဖြစ်ဘူးကွဲ့၊ သူက သူ့ကိုယ်သူ သမထလိုလို၊ ဝိပဿနာလိုလို လုပ်နေတယ်၊ ဘာမှ မဖြစ်သေးဘူးကွဲ့၊ မင်းတို့ကတော့ ငါခိုင်းသမျှလုပ်တော့ မင်းတို့အတွက် ငါစိတ်မပူတော့ဘူးကွဲ့၊ သူ့ကို ငါ စိတ်မချဘူး၊ သံသရာလည်သွားနိုင်တယ်၊ အဲဒီလို ဖြစ်သွားရင် ပြန်ရှာဖို့ မလွယ်တော့ဘူးကွဲ့၊ ဒါကြောင့် သူ့ကို ငါ တစ်ခါတည်း ခေါ်သွားတော့မယ်"

"တစ်ခါတည်း ခေါ်သွားတော့မယ်ဆိုတော့ ဘယ်လိုခေါ်သွားမှာလဲ အဘ"

"ငါလည်းသေ၊ သူလည်းသေပေါ့"

"အဘရယ်…သူ့အသက်ကို အဘက [illegible]တ်ပြီး ခေါ်သွားလို့ ရလို့လား အဘရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ရတာပေါ့ကွ၊ မင်းတို့မှ နားမလည်တာ၊ ငါ ခေါ်ပြပါ့မယ်"

"အဘကရော ဘာဖြစ်လို့ အရှင်မထွက်ဘဲ အသေထွက် ထွက်မှာလဲ"

"မင်းတူမတွေကြောင့်ပေါ့ကွာ၊ သူတို့စိတ်မပြတ်ရင် ပူဆွေးသောက ဖြစ်နေကြရမှာ၊ ဒါကြောင့် အသေပြရမှာကွဲ့"

"ဩော်..."

ဦးထွန်းရွှေနှင့် ကျန်တပည့်သားမြေးများသည် အဘပြောစကားများကို နားထောင်ကာ စဉ်းစားတွေးတောရင်း ဆိတ်ငြိမ်သွားကြပါတော့သည်။

## (ဂ) ဘိုးတော်ဦးဝိုင်း လူ့ပြည်မှာ ရောက်နေတယ်

မဏိမေခလာထူပစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပပြုလုပ်ပြီးနောက် ရန်ကုန်ပြန်ရောက်သည့်အခါ အဘဦးတင်ဦးက ဦးထွန်းရွှေအား...

"မောင်ထွန်းရွှေ"

"ခင်ဗျာ အဘ"

"မောင်ဝိုင်း လူ့ပြည်မှာ ရောက်နေတယ်ကွဲ့"

"မောင်ဝိုင်းဆိုတာ ဘိုးတော်ဦးဝိုင်းကို ပြောတာလား အဘ"

"အေးပေါ့၊ ဘိုးတော်ဦးဝိုင်းပေါ့"

"သူက ဘယ်မှာနေလဲ အဘ"

"အဲဒါတော့ ငါ မသိဘူးကွဲ့၊ ငါ ပြန်မထွက်ခင် တစ်နှစ်အလိုလောက်မှာ ငါနဲ့ သူနဲ့ တွေ့လိမ့်မယ်၊ မင်းတို့ လင်မယားနှစ်ယောက်ရဲ့ မျက်စိအောက်မှာပဲ တွေ့မှာ"

"ဟုတ်ကဲ့ပါ အဘ"

ကိုထွန်းရွှေကလည်း အဘပြောစကားကို မှတ်ထားလိုက်ပါသည်။ ၁၉၈၈ ခုနှစ်၊ ၈ လပိုင်း၊ ၈ ရက်နေ့တွင် ဒီမိုကရေစီအရေးအခင်းကြီး ဖြစ်ပွားပြီးနောက် ဦးထွန်းရွှေသည် ဝန်ကြီးချုပ်ဟောင်း ဦးနု၏ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီဝင်၍ ၁၉၉၀ ပြည့်နှစ်တွင် ကျင်းပပြုလုပ်



အမှတ်(၉၄)နေအိမ်ပုံ
(ဦးတင်လတ် နှင့် ဦးတင်ထွေးတို့၏ နေအိမ်)

ခဲ့သော ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် ရန်ကု[န်] တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၃ က)တွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ပါသည်။ ထို့ကြော[င့်] ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်[း] အိမ်အမှတ် ၉၄ တွင် Unicenter Services Interpri[se] Co.Ltd.,နှင့် Tea Lover လက်ဖက်ရည်ဆိုင်တို့ကို ဖွင့်လှ[စ်]ကာ စီးပွားရေး လုပ်ကိုင်ခဲ့ကြပါသည်။ ရွေးကောက်ပွဲ[...]သည့် အမတ်များ စုပေါင်းလုပ်ကိုင်ခြင်းဖြစ်၍ အလှည့်[...] ရုံးတာဝန်နှင့် လက်ဖက်ရည်ဆိုင် ကောင်တာထိုင်သ[...] တာဝန်ကို ခွဲဝေယူကြရပါသည်။ ဦးထွန်းရွှေနှင့် ဒေါ်တင်[...] သန်းတို့သည် စနေ၊ တနင်္ဂနွေနေ့များတွင် တာဝန်က[...] သည်။ 'ကောင်းမြတ်ကျော်' ပရိဘောဂဆိုင်ထဲတွင် အ[...] နှင့် အဘနှင့် ဆရာဦးထိန်ဝင်းတို့ ဆုံတွေ့ကြပါသ[ည်။] ဦးတင်လတ်၏ အခန်းဖြစ်ပါသည်။ 'သစ္စာအောင်' [...] ဘောဂဆိုင်ထဲတွင် Unicenter Services Interprise ရုံး[...] ထားပါသည်။ ရှဘီတိုက်နေရာတွင် Tea Lover လက်[ဖက်] ရည်ဆိုင် ဖွင့်ခဲ့ပါသည်။

## (ဃ) ပထမံဘိုးဘိုးအောင်နှင့် ဘိုးတော်ဦးဝိုင်းတို့ တွေ့ဆုံခန်း

ဦးထွန်းရွှေနှင့် ဒေါ်တင်[...]သန်းတို့သည် တ[...]



www.burmeseclassic.com

www.burmeseclassic.com

နေ့တစ်ရက်တွင် Tea Loverလက်ဖက်ရည်ဆိုင်၌ ကောင်တာထိုင်သည့်တာဝန်ကျနေပါသည်။ နံနက် ၁၀ နာရီအချိန်ခန့်တွင် ခရမ်းမြို့မှ အဘဆရာ ဦးတင်ဦး လက်ဖက်ရည်ဆိုင်သို့ ရောက်လာပါသည်။ အဘသည် ခရမ်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ စနေလမ်း၊ အမှတ်(၁၄၂)တွင် နေထိုင်ပါသည်။ ထိုအချိန်က ကားတစ်တန်၊ သင်္ဘောတစ်တန် လာရပါသည်။ အဘက…

"မောင်ထွန်းရွှေ၊ ငါ မင်းတို့အိမ် ရောက်သွားတယ်၊ သော့ခတ်ထားတာတွေ့တော့မှ ဪ…ဒီနေ့ ရုံးဖွင့်ရက်ပါလားဆိုတာ သတိရတယ်၊ မင်းတို့ ဒီမှာရှိမယ်ဆိုတာသိလို့ ငါလိုက်လာတာ"

ဟု ပြောပါသည်။ ထိုနေ့က အဘကို တွေ့ရသည်မှာ ခါတိုင်းနေ့တွေထက် ပို၍လှနေပါသည်။ ရှပ်အင်္ကျီအဖြူလက်ရှည်၊ စကြာရုပ်ကလေးများပါသော ဂန့်ဂေါလုံချည်အညိုကလေး ဝတ်ထားပြီး ခန့်ခန့်ညားညား လှပနေပါသည်။

အဘရောက်လာသည့်အချိန်တွင် လက်ဖက်ရည်ဆိုင်ထဲ၌ လက်ဖက်ရည်သောက်သူများ များပြားနေပြီး Sound box သံကလည်း ဆူညံနေပါသည်။ ထို့ကြောင့် ဦးထွန်းရွှေက အဘအား…

"အဘ ဒီထဲမှာ လူတွေလည်း များနေတယ်၊ Sound box သံကလည်း ဆူညံနေတယ်၊ ဟိုဘက်က ကုမ္ပဏီ



ပထမံဘိုးဘိုးအောင်(ခ)အဘဦးတင်ဦး



ဘိုးတော်ဦးဝိုင်း(ခ)ဆရာဦးဝင်းထိန်



www.burmeseclassic.com

www.burmeseclassic.com

ရုံးခန်းထဲမှာ စကားသွားပြောရအောင်''

ဟု ပြောကာ ကောင်တာကို တစ်ဦးအားလွှဲကာ ကပ်လျက်တိုက်ထဲရှိ ကုမ္ပဏီရုံးခန်းသို့ အဘအား ခေါ်သွားပါသည်။ လက်ဖက်ရည်ဆိုင်နှင့်ကပ်လျက် အခန်းမှာ ဦးတင်လတ်အခန်းဖြစ်ပြီး ထိုအခန်းနှင့်ကပ်လျက်တွင် ဦးတင်ထွေး ပိုင်သောကုမ္ပဏီဖွင့်ထားသည့်အခန်း ရှိပါသည်။ အများက ဦးတင်လတ်အား ကိုကြီးဟုလည်းကောင်း၊ ဦးတင်ထွေးအား ကိုငယ်ဟုလည်းကောင်း ခေါ်ကြပါသည်။ အမွှာညီအစ်ကိုနှစ်ဦး ဖြစ်ပါသည်။

ဦးတင်လတ်အခန်းထဲရောက်သည့်အခါ အိမ်ရှင် ဦးတင်လတ်နှင့်အတူ ဆရာဦးထိန်ဝင်းအား တွေ့ရပါသည်။ ဦးထိန်ဝင်းသည် အိမ်ရှင် ဦးတင်လတ်၏ ဆရာဖြစ်ပါသည်။ ဦးထိန်ဝင်းသည် ဦးထွန်းရွှေနှင့်လည်း စစ်တုရင် ထိုးဖော်ထိုးဖက်ဖြစ်၍ မဆွကပင် ခင်မင်ရင်းနှီးသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် ဦးထွန်းရွှေက ဆရာဦးထိန်ဝင်းနှင့် အဘဆရာဦးတင်ဦးတို့အား မိတ်ဆက်ပေးလိုက်ပါသည်။

''ဆရာဦးထိန်ဝင်းလည်း ရောက်နေတာကိုး၊ ဆရာဦးထိန်ဝင်း ဒါ ခရမ်းမြို့က ကျွန်တော့်ဆရာ အဘ ဦးတင်ဦးပါ၊ အဘ ဒါ ဒီအိမ်ရှင် ဦးတင်လတ်ရဲ့ဆရာ ဦးထိန်ဝင်းပါ''

ဦးထိန်ဝင်းနှင့် အဘဦးတင်ဦးတို့က တစ်ယောက်နှင့် တစ်ယောက် လှမ်းကြည့်လိုက်ကြပါသည်။ စကားမပြောကြသေးဘဲ တစ်ဦးနှင့်တစ်ဦး စူးစူးစိုက်စိုက် ကြည့်နေကြရာမှ အဘဦးတင်ဦး၏ မျက်လုံးများက အရောင်တလက်လက် ဖြစ်လာပါသည်။ နောက်မှ မဲ့ပြုံးတစ်ချက် ပြုံးလိုက်ကာ…

''မိတ်ဆက်ပေးလို့ ဘယ်သူမှားလဲမှတ်တယ်၊ လက်စသတ်တော့ မောင်ဝိုင်းပါလားဟေ့၊ ဟေ့ကောင် မောင်ဝိုင်း၊ ငါ့ကို သေသေချာချာ ကြည့်စမ်းပါဦး၊ ငါ ဘယ်သူလဲ''

ဆရာဦးထိန်ဝင်းက အဘစကားကြား၍ အဘအား တစ်ချက်ကြည့်ကာ…

''ဟာ…မောင်အောင်၊ မင်း မင်းအောင် မဟုတ်လား''

''ဟုတ်ပါ့ဗျာ၊ ကျုပ် မောင်အောင်ပါပဲ၊ ဟေ့ကောင် မောင်ဝိုင်း၊ မင်းဟာ ငါ့အပေါ် တစ်စက်မှကောင်းတဲ့ကောင် မဟုတ်ဘူး၊ မင်း ငါ့အပေါ်မှာ မကောင်းကြံစည်ခဲ့တာ၊ မကောင်းလုပ်တာတွေ မင်းမှတ်မိရဲ့လား''

ထိုအခါ မိတ်ဆက်ပေးသူ ဦးထွန်းရွှေက ဆရာဦးထိန်ဝင်းအား လွန်စွာအားနာသွားပြီး တောင်းပန်လိုက်ပါသည်။

''**ဆရာဦးထိန်ဝင်း** Sorry နော်၊ ကျွန်တော့်အဘက ဘယ်သူ့ကိုမှ **ဒီလိုမပြောဖူး**ပါဘူးဗျာ၊ **ဆရာ့ကို** ဒီလိုပြောလိုက်တာ အားနာလိုက်တာ ဆရာရယ်၊ **စိတ်မရှိပါနဲ့နော်''**

''ဆရာဦးထွန်းရွှေ၊ ကျွန်တော့်ကို မတောင်းပန်ပါနဲ့ဗျာ၊ သူပြောတာက နည်းပါသေးတယ်၊ ကျွန်တော် သူ့အပေါ်လုပ်ခဲ့တာတွေက ပိုဆိုးပါတယ်ဗျာ၊ သူပြောချင်သလို ပြောပါစေ၊ ဆရာတို့ မတားပါနဲ့၊ နားသာထောင်နေကြပါ''

ထိုအချိန်က ၄င်းတို့အနားတွင် ဦးထွန်းရွှေ၊ ဒေါ်တင်တင်သန်း၊ ဦးတင်ထွေးနှင့် လူဆယ်ယောက်၊ ဆယ့်နှစ်ယောက်လောက် ရှိပါသည်။ အားလုံးကလည်း ထူးထူးဆန်းဆန်းတွေ ကြားရ၍ စိတ်ဝင်တစား နားစိုက်ထောင်နေကြပါသည်။

ထို့နောက် ဆရာဦးထိန်ဝင်းက အဘအား…

''မောင်အောင် မင်းပြောတာ ဟုတ်ပါတယ်ကွာ၊ ငါ မသိနားမလည်လို့ ပြစ်မှားမိခဲ့တာပါ၊ မင်းအပေါ်မှာ ပြစ်မှားမိခဲ့လို့ ငါခံခဲ့ရပါတယ်၊ ဒီနေ့ဘဝမှာလွတ်ပြီး ငါ ပုတီးပြန်စိပ်နေပါတယ် သူငယ်ချင်းရယ်''

အဘက အသာပင် နားထောင်နေပါသည်။ ဆရာဦးထိန်ဝင်းက အဘအား ဆက်၍ပြောပြန်ပါသည်။

(ရှေ့လဆက်ရန်)

**သတိုးမင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com

# မီးရှူးမီးပန်းနှင့် အခြားတစ်ဖက်မှာ

မောင်ကောင်းမြင့်

ဖို့(တ်)ဝိန်းမြို့က ည ၉ နာရီလောက်အထိ အလင်းရောင်မပျောက်သေး။ ထို့ကြောင့် ည ၁၀ နာရီကျမှ မီးရှူးမီးပန်းဖောက်မည်ဟု ကြေညာထားသည်။ ဖောက်လွှတ်မည့်နေရာက မြို့တွင်အမြင့်ဆုံးဖြစ်သော Indiana Michigan Power အဆောက်အအုံကြီး၏ အပေါ်ဆုံးမှဖြစ်သောကြောင့် အဝေးကပင် မြင်နိုင်ကြပေလိမ့်မည်။ သည်နေ့သည် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့၊ ဇူလိုင် ၄ ရက်။ လွန်ခဲ့သောနှစ် ၂၃၉ နှစ် (၁၇၇၆) က သည်နေ့တွင် "အမေရိကန်ပြည်ထောင်စု လွတ်လပ်ပြီ"ဟု ကမ္ဘာတွင် ကြေညာခဲ့သော၊ သို့မဟုတ် အင်္ဂလန်ဂျော့ဘုရင်အား အသိပေးခဲ့သော ကြေညာစာတမ်းကြီး ထုတ်ပြန်ခဲ့သည့်နေ့။

"ဗြိတိန်ရဲ့ဝန်ကြီးဗျာနကတော့ ကျုပ်တို့ရဲ့လွတ်လပ်ရေး ကြေညာစာတမ်းကြီးကို မျက်မှန်မတပ်ဘဲ ဖတ်နိုင်ကြလိမ့်မယ်ဗျ။ ဂျော့ဘုရင်ကလည်း ဒါကို ဖတ်ရလိမ့်မယ်လို့ ကျုပ်ထင်တယ်"

လွတ်လပ်ရေးနေ့ ကြေညာစာတမ်းကြီးကို ပထမဆုံး လက်မှတ်ထိုးလိုက်သော လွှတ်တော်ဥက္ကဋ္ဌကြီး ဂျွန်ဟန်းကော့ (John Han cock)က ဆိုလိုက်သည်။

တစ်ဆက်တည်းပင် သူက -

"ကျုပ်တို့အားလုံး အတူတူကြိုးပေးခံရလိမ့်မယ်ထင်တယ်"ဟု ဆိုလိုက်သည်။

"ဟုတ်ပဲ့။ အတူတူကြိုးပေးခံရလိမ့်မယ်။ ဒါမှမဟုတ် သီးခြားစီလည်း ဖြစ်ကောင်း ဖြစ်လိမ့်မယ်"ဟု မစ္စတာဘင်ဂျမင်ဖရန်ကလင် (Mr. Benjamin Franklin) က ထင်မြင်ချက်ကို ဝင်ပြောလိုက်သည်။

ထိုနေ့က အမေရိကန် ကိုလိုနီ ၁၃ ပြည်နယ်လွတ်လပ်ရေး ကြေညာစာတမ်းကို ကိုယ်စားလှယ် ၅၆ ဦးတို့က လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။ ဗြိတိသျှတို့၏လက်အောက်မှ လွတ်လပ်ပြီ။

ထိုလွတ်လပ်ရေးရအောင် စစ်ပွဲအဆင့်ဆင့်၊ တော်လှန်မှုအဆင့်ဆင့်ကို သူတို့ ရဲဝံ့စွာ ဖြတ်ကျော်ခဲ့ရသည်။ အမေရိကန်တော်လှန်ရေးစစ်ပွဲ (American Revolutionary War) (၁၇၇၅-၁၇၈၃)ဖြင့် ဖြတ်ကျော်ခဲ့ရသည်။ လွတ်လပ်ရေးကြေညာစာတမ်းကို ရေးသားနိုင်ရန် ထိုနှစ် ၁၇၇၆ ခုနှစ်၊ ဇွန် ၁၁ ရက်တွင် John Adams (နောင်အခါ ဒုတိယမြောက် သမ္မတဖြစ်လာသူ)၊ Benjamin Franklin (နိုင်ငံရေးသိပ္ပံပညာရှင်၊ တီထွင်သူနှင့် ပြင်သစ် သံအမတ်ကြီး ဖြစ်လာသူ)၊ Thomas Jefferson (တတိယမြောက် သမ္မတ ဖြစ်လာသူ)၊ Robert R.Livingston (ပထမဆုံးနိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူ)နှင့် Roger Sherman (ရှေ့နေ၊ နိုင်ငံရေးသမားနှင့် ဆီနိတ်တာ)တို့ ပါဝင်သော ငါးဦးကော်မတီ (Committee of Five)ကို တာဝန်ပေးအပ်ခဲ့သည်။ ထိုပုဂ္ဂိုလ်များကို American Founding Fathers ဟု ခေါ်ခဲ့လေသည်။ ယခုနှစ် ၂၄၀ သို့ ချဉ်းလေပြီ။

အမေရိကန်လွတ်လပ်ရေးနေ့ကို ပထမဦးဆုံးအကြိမ် ကြုံဖူးသော မိမိသည် မြို့တော်ဝါရှင်တန်တွင် မဟုတ်မူဘဲ ဖို့(တ်)ဝိန်းမြို့ကလေးတွင်သာဖြစ်၍ ကြီးကျယ်ခမ်းနားသော လှည့်လည်ပွဲများ၊ ကပွဲများနှင့် မကြုံရသော်လည်း မီးရှူးမီးပန်းလွှတ်ပွဲကို ကြုံခဲ့ရသည်။ မြို့၏အမြင့်ဆုံး အဆောက်အအုံ IMP ထိပ်မှ လုပဆန်းကြယ်သော ရောင်စုံမီးများသည် ကောင်းကင်ထက်သို့ ဖြာထွက်နေသည်။ မြို့လယ်တွင်ဖြစ်သဖြင့် ကားများဖြင့် ညနေစောင်းကပင် ရောက်ရှိလာကြသည်။ အပန်းဖြေပန်းခြံများ၌ ပြည့်နေသည်။ Base ball ကွင်းကြီး၌လည်း ကစားပွဲရှိ၍ ထောင့်လေးဖက်မှ မီးမောင်း



www.burmeseclassic.com

www.burmeseclassic.com

များ ထိုးထားပေးသည်။

ရပ်ကွက်အသီးသီး၊ အိမ်အသီးသီးနှင့် မီးပွဲလာကလေးများကလည်း မီးပန်းမျိုးစုံ ဖောက်ကြ၊ ရှို့ကြသည်။ ယမ်းနံ့များ၊ ယမ်းခိုးများသည် လေထဲတွင် ဝေ့နေသည်။ သည့်မတိုင်မီရက်များစွာကပင် မီးရှူးမီးပန်းဆိုင်များရှေ့၌ Fire works ဆိုသော ဆိုင်းဘုတ်ကြီးများနှင့် အလံတိုင်းများကို တွေ့နေခဲ့ရသည်။

"မီးပန်းတွေဖောက်သလောက် တရုတ်က ငွေသဲ့ယူနေတာပဲ"ဟု မီးရှူးမီးပန်းပွဲသွားသော မိတ်ဆွေက ဆို၏။ မီးရှူးမီးပန်းလုပ်ငန်း စီးပွားရေးသည် တရုတ်၏ ထိပ်တန်းဝင်ငွေတစ်ခု ဖြစ်သည်။

အရှေ့တောင်အာရှ အားကစားပွဲတုန်းက မြန်မာနိုင်ငံတွင် လွှတ်ခဲ့သော မီးရှူးမီးပန်းများနှင့် ဖွင့်ပွဲပိတ်ပွဲ၌ တရုတ်ကကူညီခဲ့သည့်သတင်း၊ ငွေသန်းပေါင်းများစွာ ကုန်ကျခဲ့သည့် သတင်းကို သတိရမိ၍ စိတ်တွက် တွက်မိသေးသည်။

"အမေရိကန်တွေက လွတ်လပ်ရေးနေ့လို့ခေါ်တာ မကြိုက်ဘူး"ဟု မိတ်ဆွေတစ်ယောက်က ပြောဖူးသော စကားကို သတိရ၏။ "သူတို့က "4th July" လို့ပဲခေါ်စေချင်တယ်"ဟု ဆက်ပြောခဲ့သေးသည်။ ကျွန်တော်က "စာအုပ်ထဲမှာရော အင်တာနက်က Wilipedia ထဲမှာ ပါ Independence Day လို့ရေးထားတာပဲ"ဟု ထောက်ပြ၏၊ သူက ဘယ်အကြောင်းဖြင့် ဆိုသည်ကို မမေးတော့ပါ။ ဘယ်လိုမှ အငြင်းမပွားနိုင်တာကတော့ အင်္ဂလိပ်ကိုလိုနီဘဝက လွတ်မြောက်ကြောင်း ကြေညာခဲ့သော ထုတ်ပြန်ချက်က သက်သေပင်တည်း။

အမေရိကန်တို့သည် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်လာစဉ်က ၁၃ ပြည်နယ်သာရှိခဲ့၏။ အမေရိကန်ပြည်ထောင်စု၏ မူလတိုင်းရင်းသားများ ထိုဇာတိဖွားကို Native America ဟုပဲခေါ်ခေါ်၊ လူနီများ Red Indian ဟုပဲဆိုဆို ရှေးဦးမျိုးနွယ်စုများစွာသည် ခရစ္စတိုဖာကိုလန်ဘတ်(စ်) စတင်ရောက်ရှိသည်မှစ၍ မိမိတို့၏နယ်မြေများ ဆုံးရှုံးခဲ့ကြသည်။ အမေရိကန် လွတ်လပ်ရေးရပြီးနောက် နယ်ပယ်သစ်များ တိုးချဲ့လာရာ ယခု မိမိရောက်ရှိနေသော ဖို့(တ်)ဝိန်းမှ ဒေသခံတိုင်းရင်းသားခေါင်းဆောင် "လိပ်ကလေး" Little Turtle နှင့် ထိုဇာတိဖွား တိုင်းရင်းသားများ၏ နယ်မြေကို လည်း ဗိုလ်ချုပ်ဝိန်းက သိမ်းပိုက်ခဲ့သည်မဟုတ်ပါလား။ နောက်ဆုံးတော့ India Removal Act ကို ၁၈၃၀ ပြည့်နှစ်၊ မေ ၂၈ ရက်တွင် သမ္မတ Andrew Jackson လက်ထက်၌ ပြဋ္ဌာန်းကာ လူနီများသည် မစ္စစ္စပီမြစ်အနောက်ဘက်အထိ ရွှေ့ပြောင်းခဲ့ကြရသည် မဟုတ်ပါလား။

နယ်ချဲ့သမားကို တိုက်ထုတ်ခဲ့သော သူတို့ သည် အင်အားတောင့်တင်းကာ အခြေကျလာသောအခါ နယ်ချဲ့တတ်သည်ပင် တမုံ့။

ယခုအခါ အမေရိကန်ပြည်ထောင်စုကို ရှာဖွေတွေ့ရှိသော လူနီများထံမှ ရှေးဦးဆုံးနယ်ပယ်ချဲ့ခဲ့သော ကိုလန်ဘတ်(စ်)ကိုပင် ပြည်နယ်အချို့က အမြင်ပြောင်းခဲ့လေပြီ။ ကိုလန်ဘတ်(စ်)နေ့ Columbus Day ဟု ဂုဏ်ပြုခဲ့သော နေ့အမည်အစား "တိုင်းရင်းသားများနေ့" Indigenous Day ဟုပြောင်းလဲသူက ပြောင်းလဲနေပေပြီ။ သမိုင်းအမြင်၊ နိုင်ငံရေးအမြင် ပြောင်းလဲခြင်းပေတည်း။

အမေရိကန်လွတ်လပ်ရေးနေ့ နံနက်စောစော ကွန်ပျူတာကို ဖွင့်လိုက်သောအခါ google ၏ Logo အသစ်တွင် မြက်ခင်းပြင်များ၌ခင်းကာ နေရာယူသည့် အလူမီနီယံ ထိုင်ခုံများနှင့် မိသားစုလူပုံမပါဘဲ စားသောက်ပွဲကျင်းပရန် ပြင်ဆင်သည့် အားလပ်ရက်လွတ်လပ်ရေးစားသောက်ပွဲ အထိမ်းအမှတ်ပုံကို တွေ့လိုက်ရ၏။ ထိုတံဆိပ်ဒီဇိုင်းကို Brian Kaas က ရေးဆွဲသည်ဟု ဖော်ပြထားသည်။ ဟုတ်ပေသည်။ မိမိ တည်းခိုရာ အိမ်ဘေးမှ အခြားအိမ်ဘက်မြက်ခင်းပြင်၌ မိသားတစ်စုသည် အသားကင်ရန်ပြင်ဆင်ရင်း အလူမီနီယံခုံများ ချထားသည်ကိုမြင်နေရ၏။ မကြာမီ အသားကင်နံ့ရလာ၏။

အမေရိကန်သို့ သုံးကြိမ်မြောက် ရောက်ခဲ့ရာ ဤ အကြိမ်၌ လွတ်လပ်ရေးနေ့နှင့် ကောင်းစွာဆုံရ၊ ကြုံရ၊ မြင်ရ ဖတ်ရသည်။

အမေရိကန်လွတ်လပ်ရေးနေ့တွင် မီးရှူးမီးပန်းများကို မြင်ရကြား၏။ အခြားတစ်ဖက် ကမ္ဘာ့မြေပုံထဲရှိ မြန်မာပြည် မှ သတင်းများတွင် တိုက်ပွဲသေနတ်သံများကို ကြားနေရပေ သည်။

**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ ဝိညာဉ်လောက

# ယုံကြည်ချက်များ

လုတိုး(စိတ်ပညာ)

## ရေကန်ကို အသေအချာရှာဖွေမည်

သုတေသနပညာရှင်များအဖွဲ့တွင် ဗိုလ်မှူးကြီးဆဗစ်စတူနော့ဗ်ဦးဆောင်သည့် အင်ဂျင်နီယာတပ်ဖွဲ့များ ပါရှိလာသည်။

ဆမ်လ်ယိုဗိုသို့ ရောက်လျှင်ရောက်ချင်း လုပ်ငန်းစကြတော့သည်။ ဗိုလ်ကြီးနီကိုလိုင်မီဆီယက်ဗ်နှင့် ဗိုလ်ကြီးဗလာဒီမာကောဲ့စတင်ကိုတို့က ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းစေပြီး လမ်းဖောက်ကြသည်။ ရှာဖွေနေရာများကို စတုရန်းပုံသတ်မှတ်ပြီး တစ်နေရာပြီးတစ်နေရာ ခေတ်မီရှာဖွေရေးကိရိယာဖြင့် ရှာဖွေကြသည်။ သို့ရာတွင် ရှာဖွေရေးကိရိယာကမည်သို့မျှ အချက်မပြ။

ရေကန်၏ ကမ်းစပ်ပေါင်းတစ်လျှောက်တွင် ပိုင်ယာကြိုးဖြင့် ရေအနက်ကို တိုင်းတာကြည့်ကြသည်။

ကမ်းစပ်မှာပင် ရေမှာနက်လှသည်။ ရေကန်အောက်ခြေကြမ်းပြင်ရောက်ရှိသည်အထိ ရှာဖွေရေးကိရိယာများဖြင့် စမ်းသပ်ရှာဖွေရန်ကား ခက်လှသည်။

သို့ရာတွင် ရှာဖွေရေးအဖွဲ့သည် ငွဲမလျှော့၊ ယခုတစ်ကြိမ် မအောင်မြင်လျှင် နောက်တစ်ကြိမ် ထပ်မံကြိုးစားကြည့်ကြဦးမည် ဖြစ်သည်။

ရေကန်အနီးတွင် နပိုလီယံ၏ ရတနာများရှိနေသည်ကား အမှန်ပင်ဟု ဆိုကြသည်။ သုတေသနပညာရှင်များပါဝင်သော ရှာဖွေရေးအဖွဲ့ဝင်များသည် အခြားရတနာသိုက်တူးဖော်ရှာဖွေသူများကဲ့သို့မဟုတ်။

အကယ်၍ ရေကန်အတွင်းမှ နပိုလီယံ၏ ရတနာများကို ရှာဖွေတွေ့ရှိခဲ့လျှင် မော်စကိုမြို့သို့ ပြန်လည်သယ်ဆောင်လာကြမည်။ မော်စကိုမြို့တော်ရှိ ပြတိုက်တွင် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ရတနာများအဖြစ် ပြထားလိုကြသည်ဟု ဆိုလေသည်။

× × ×

## အာဂါသာခရစ္စတီး ပျောက်ဆုံးမှုကြီး

ကမ္ဘာကျော် မှုခင်းစာရေးဆရာမကြီး အာဂါသာခရစ္စတီး (Agatha Christie) သည် စာရေးသက် နှစ် ၅၀ အတွင်း စာအုပ်သန်းပေါင်းများစွာ ထုတ်ဝေခဲ့သူဖြစ်သည်။ သို့သော် ၁၉၇၆ ခုနှစ်တွင် ဆရာမကြီး ကွယ်လွန်သည်အထိ သူမ၏ဘဝမှ ပြဿနာဖြစ်ခဲ့သော ၁၁ ရက် ကာလကို အဖြေပေးမသွားနိုင်ခဲ့ချေ။

နာမည်ကျော် မှုခင်းစာရေးဆရာမကြီး အာဂါသာခရစ္စတီးသည် စုံထောက်ဝတ္ထုများကို ရေးသား၍ ထင်ပေါ်ကျော်ကြားစပြုချိန် ၁၉၆၂ ခုနှစ်တွင် သူသည် နေအိမ်မှ ၁၁ ရက်ကြာတိတိ ပျောက်ဆုံးသွားခဲ့ဖူးသည်။ သူပျောက်ဆုံးနေစဉ်အတွင်း သူ့ဖြစ်ရပ်မှာလည်း ထူးဆန်းအံ့ဩဖွယ်ကောင်းလှသည်။ သတင်းစာကြီးများတွင် "ဆရာမကြီး ခရစ္စတီးအသတ်ခံရပြီလား၊ ပြန်ပေးဆွဲထားခံရသလား" စသည်ဖြင့် ထင်ရာမြင်ရာ ရေးသားခဲ့ကြသည်။ ရဲအဖွဲ့ကြီးကလည်း သူ့ကို ပြန်လည်ရှာဖွေတွေ့ရှိနိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးစားခဲ့ကြသည်။ သို့ရာတွင် မတွေ့ခဲ့ကြချေ။



www.burmeseclassic.com

www.burmeseclassic.com

**အာဂါသာခရစ္စတီး၏ဘဝ**

လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း ဗြိတိသျှမှုခင်းရေးဆရာများအနက် "အာဂါသာခရစ္စတီး"သည် နာမည်အကျော်ကြားဆုံး အောင်မြင်မှုအရဆုံး စာရေးဆရာမကြီးဖြစ်သည်။

၁၈၉၀ ပြည့်နှစ်တွင် အာဂါသာခရစ္စတီးကို မွေးဖွားခဲ့သည်။ သူ၏ဖခင်မှာ အမေရိကန်လူမျိုးဖြစ်ပြီး သူ့အသက် ၁၁ နှစ်အရွယ်တွင် ဖခင်ကွယ်လွန်သွားခဲ့သည်။

အာဂါသာခရစ္စတီးသည် ချမ်းသာသောမျိုးရိုးမှ ဆင်းသက်ခဲ့သော်လည်း ပညာကို ကောင်းစွာသင်ကြားခွင့်မရခဲ့။ သို့ရာတွင် ခရစ္စတီးသည် စာအုပ်များအကြားတွင် ကြီးပြင်းခဲ့ရသည်။ သူနေထိုင်ခဲ့ရသော အိမ်တစ်ခုလုံးမှာ စာအုပ်များနှင့် ပြည့်လျှံနေသောကြောင့်ဖြစ်၏။

၁၉၁၄ ခုနှစ်တွင် ဗြိတိသျှဘုရင့်လေတပ်မှ ဗိုလ်မှူးကြီးတစ်ဦးနှင့် အိမ်ထောင်ကျသည်။ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီးကို ခရစ္စတီးက အလွန်ချစ်မြတ်နိုးသည်။ ၁၉၁၉ ခုနှစ်တွင် သမီးလေး ရိုစ်လင်းကို မွေးခဲ့သည်။ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီး စစ်ထွက်နေစဉ် ခရစ္စတီးသည် သူနာပြု ဆေးစပ်ဆရာသင်တန်းကို တက်ရောက်ခဲ့သည်။ ယင်းပညာကို အခြေခံပြီး နောင်အခါတွင် ထူးခြားဆန်းကြယ်သည့် ဆေးဝါးဗေဒကို အခြေခံသော ဝတ္ထုများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

**အာဂါသာခရစ္စတီး၏ ကျော်ကြားသော ဝတ္ထုများ**

အာဂါသာခရစ္စတီးသည် အသက် ၁၈ နှစ်အရွယ်တွင် စာကို စတင်ရေးသားခဲ့သည်။ သို့ရာတွင် သူ၏ ပထမဆုံးဝတ္ထုတို့ကို စတင်ရေးသားခဲ့ပြီး ၁၆ နှစ်အကြာတွင်မှ ပုံနှိပ်ထုတ်ဝေခဲ့ရသည်။ (၁၉၂၀) ပြည့်နှစ်တွင် သူ၏ ပထမဆုံး လုံးချင်းဝတ္ထု (The Mysterious Affair at Styles) ထွက်ပေါ်လာခဲ့သည်။

စာရေးဆရာမကြီး အာဂါသာခရစ္စတီး၏ ဘဝတွင် မှုခင်းနှင့်ပတ်သက်၍ လုံးချင်းဝတ္ထု၊ ဆောင်းပါး၊ ဝတ္ထုတိုနှင့် ပြဇာတ် စသည်တို့ကို မြောက်မြားစွာ ရေးသားထုတ်ဝေခဲ့ရာ သူ့စာအုပ်များမှာ အလွန်လူကြိုက်များပြီး အရောင်းသွက်လှသည်။ ဆရာမကြီးသည် မှုခင်းဝတ္ထု ၇၈ ပုဒ်၊ ပြဇာတ်ပုဒ်ရေ ၂၀၊ ရိုးရိုးဝတ္ထုစာအုပ် ၄ အုပ်၊ ဝတ္ထုတို ၁၅၀ ပုဒ်တို့ကို ရေးသားခဲ့သည်။

ယခုအခါ ဆရာမကြီး အာဂါသာခရစ္စတီး၏ ဝတ္ထုများမှာ ဗြိတိန်နိုင်ငံတွင် အုပ်ရေသန်းတစ်ထောင်ကျော် ရောင်းချခဲ့ပြီး ဖြစ်သည်။ အလားတူပင် ကမ္ဘာတစ်ဝန်းတွင်လည်း အုပ်ရေသန်းတစ်ထောင်ကျော်ကို ဘာသာစကား ၆၃ မျိုးဖြင့် ထုတ်ဝေခဲ့ရပြီးဖြစ်သည်။ ဆရာမကြီး၏ ဝတ္ထုများအနက် 'Murder On the Orient Express' (အိုရီးယင့် အမြန်ရထားပေါ်မှ လူသတ်မှု)နှင့် 'Death On the Nine' (နိုင်းမြစ်ပေါ် သေဆုံးမှု)တို့မှာ နာမည်ကျော် ကြားသည်။

**အိမ်တွင်းရေးအဆင်မပြေမှုများ**

၁၉၂၄ ခုနှစ်တွင် အာဂါသာခရစ္စတီးသည် လန်ဒန်မြို့အနီးတွင် အိမ်တစ်လုံးဝယ်ယူနေထိုင်ခဲ့သည်။ နောက်ပိုင်းတွင် အိမ်ထိန်းသိမ်းပြုပြင်စရိတ် များပြားလွန်းသဖြင့် မတတ်စွမ်းနိုင်အောင် ဖြစ်ခဲ့ရသည်။ အိမ်တွင်းရေးအဆင်မပြေမှုများနှင့် ကြုံခဲ့ရသည်။ ခင်ပွန်းဖြစ်သူ ာည် လေတပ်မတော်မှ အနားယူခဲ့ပြီး စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာ မအောင်မြင်ဘဲ ဆုံးရှုံးခဲ့သည်။

ထိုအချိန်မှစ၍ အာဂါသာခရစ္စတီးအဖို့ ဂြိုဟ်ဆိုးကြမ္မာဆိုး ဝင်ခဲ့သည်ဟု ဆိုနိုင်သည်။ ထိုစဉ်မှာပင် သူ့မိခင်ကြီး ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ အာဂါသာခရစ္စတီးအဖို့ အကြွေးတင်၊ မိခင်ဆုံး၊ ခင်ပွန်းဖြစ်သူ၏ စီးပွားရေးလုပ်ငန်း မကောင်းမွန်၍ အထောက်အကူမရသည့် အဖြစ်မျိုးဖြင့် ကြုံတော့သည်။ ထိုသို့ ခရစ္စတီးတစ်ယောက် အရှုံးမီးပိုင်းဖြစ်နေစဉ် ခင်ပွန်းဖြစ်သူသည် မိန်းကလေးတစ်ဦးနှင့် ချစ်ကျွမ်းဝင်နေကြောင်း ကြားသိလိုက်ရပြန်သည်။ ထိုအခါ ခရစ္စတီးသည် ဒုက္ခဝန်ထုပ်ကြီးကို ရွက်မထားနိုင်တော့ဟု ဆိုရမည်ဖြစ်သည်။

**ထူးဆန်းစွာပျောက်သွားသော အာဂါသာခရစ္စတီး**

အာဂါသာခရစ္စတီးသည် စိတ်ဝေဒနာ အပြင်းအထန်ခံစားနေရသည်။ ရာသီဥတုအလွန်အေးမြသောကာလ ၁၉၂[illegible] ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ သောကြာနေ့ ညဦးပိုင်းတွင် [illegible]အိမ်မှ ပျောက်ချင်းမလှ ပျောက်သွားခဲ့သည်။ မိသားစုများနှင့်



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေသင်္ဂဟအားလုံး ဗျာများကြရတော့သည်။ ဘယ်အရပ်၊ ဘယ်ဒေသဆီသို့ ထွက်သွားသည်မသိ။ ဘာဖြစ်မှန်းမသိ။ မိသားစုတို့မှာ နေမထိထိုင်မသာ ဖြစ်ကြရတော့သည်။

သတင်းစာ၊ ဂျာနယ်လောကမှ သတင်းထောက်များလည်း အာဂါသာခရစ္စတီး ပျောက်ဆုံးမှုအတွက် အလုပ်များကုန်ကြသည်။ ခရစ္စတီး၏ သမီးခမျာ ကျောင်းသွားလျှင် ရဲအစောင့်အရှောက်ဖြင့် သွားနေရသည်။ ခရစ္စတီး ပျောက်ဆုံးမှုမှာ ထူးဆန်းလှသည်။

နောက်တစ်နေ့နံနက်တွင် နေအိမ်မှ အတန်ငယ်ဝေးသော တစ်နေရာတွင် အာဂါသာခရစ္စတီး၏ မော်တော်ကားကို အလွန်နက်သော ချောက်ထဲကျနေသည်ကို တွေ့ကြရသည်။ သူ့ကိုမူ ရှာမတွေ့။ သူဝတ်ဆင်ခဲ့သော အနွေးအင်္ကျီကြီးမှာ ကားထဲတွင် ကျန်ခဲ့သည်။ ကားမှာ ရေကန်စပ်အနီးတွင်ရှိသည်။ ထို့ကြောင့် ရေကန်ထဲမှ ရေများကို ခပ်ထုတ်ပစ်ကြသည်။ ရေများ ကုန်ခန်းသွားသော်လည်း ဘာမျှမတွေ့ရ။ ရဲအဖွဲ့ဝင် လူတစ်ရာကျော်၊ အရပ်သား လုပ်အားပေးတစ်ရာကျော်နှင့် ဝိုင်းရှာကြသည်။ အနီးအနားရှိ သစ်ပင်ချုံပုတ်များကို ခုတ်ထွင် ရှာဖွေကြည့်ကြသည်။ မည်သို့မျှ အကြောင်းမထူး။ စာရေးဆရာမကြီး ဤသို့ ထူးဆန်းစွာ ပျောက်ကွယ်သွားသည့်သတင်းမှာ သတင်းစာများတွင် ပါလာပြီး နာမည်ကျော်သွားသည်။

နောက်ဆုံးတွင် စာရေးဆရာမကြီးမှာ သူ့ကိုယ်သူ သတ်သေသွားပြီဟု သတင်းထွက်လာသည်။ သို့ရာတွင် အလောင်းကိုမူ ရှာမတွေ့ကြ။ အာဂါသာခရစ္စတီး၏ ခင်ပွန်းဖြစ်သူကမူ သူ့ဇနီးအသတ်ခံရပြီး အလောင်းကို ဖျောက်ဖျက်ခြင်းခံရပြီဟု ယူဆထားသည်။ ဘယ်ကိုလိုက်၍ ဘယ်မှာရှာရမည်ကို မသိကြ။

အာဂါသာခရစ္စတီး နိုင်ငံခြားထွက်သွားပြီဟုလည်း ပြောသူကပြောကြသည်။ နာမည်ကျော် စာရေးဆရာမကြီးမို့ သူ့အများ လှုပ်လှုပ်ရှားရှားဖြစ်ပြီး စိတ်ဝင်စားအောင် "စတန့်" လုပ်ပြသည်ဟုလည်း အချို့က ဝေဖန်ကြသည်။ ဤသို့ဖြင့် အာဂါသာခရစ္စတီး ပျောက်ဆုံးနေသည်မှာ ၁၁ ရက်တိုင် ကြာသွားခဲ့ရသည်။

## ပြန်တွေ့ပြီ

နိုင်ငံနှင့်အဝန်း စိတ်ဝင်စားသော အာဂါသာခရစ္စတီး ပျောက်ဆုံးနေသော သတင်းဖြစ်ပေါ်နေစဉ် နေအိမ်မှ မိုင်ပေါင်း ၂၅၀ ကျော် ဝေးကွာသော မြောက်ယော့ရှိုင်းယားနယ်၊ ဟာရိုဂိတ်မြို့ရှိ ဟိုတယ်တစ်ခုတွင် အာဂါသာခရစ္စတီကို ပြန်တွေ့ခဲ့ကြသည်။ သို့ရာတွင် အာဂါသာခရစ္စတီးဟူသော အမည်ဖြင့် မဟုတ်ပေ။ မစ္စက်ထရီဆာနယ်လီဟူသော မိန်းမပျိုအမည်ဖြင့် ဟိုတယ်တွင် တည်းခိုနေခြင်းဖြစ်သည်။ ထိုအမည်မှာ ခရစ္စတီး၏ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီး(အငြိမ်းစား)၏ ဇနီးလောင်းအမည်ဖြစ်သည်။ သူသည် တောင်အာဖရိကတိုက်မှ လာခဲ့သည်ဟု ဆိုသည်။

ပထမတွင် ဟိုတယ်ဝန်းထမ်းများနှင့် အခြားသူများက အာဂါသာခရစ္စတီးမှန်း မသိကြ။ အာဂါသာခရစ္စတီး ပျောက်ဆုံးသည့် သတင်းကို ဖော်ပြထားသည့် သတင်းစာများကို အာဂါသာခရစ္စတီးကိုယ်တိုင် ဖတ်ကြည့်နေတတ်သည်။ သတင်းစာထဲတွင် သူ့ဓာတ်ပုံပါသော်လည်း မည်သို့မျှ ထူးခြားဟန်မပြ။ ဟိုတယ်စာရေးမတစ်ဦးက သူ့ရုပ်ကိုမြင်လိုက်ရာ ပျောက်ကွယ်နေသော စာရေးဆရာမကြီး အာဂါသာခရစ္စတီး ဖြစ်သည်ကို သတိပြုမိသည်။ ထို့ကြောင့် သက်ဆိုင်ရာ ရဲအဖွဲ့မှတစ်ဆင့် သူ၏ခင်ပွန်း ဗိုလ်မှူးကြီးကို ခေါ်စေသည်။ ဗိုလ်မှူးကြီးက အဆိုပါ မိန်းမပျိုမှာ သူ၏ဇနီးအစစ် အာဂါသာခရစ္စတီး ဖြစ်ပါသည်ဟု ဝန်ခံသည်။

ဗိုလ်မှူးကြီး ဟိုတယ်သို့ လိုက်လာရာ အာဂါသာခရစ္စတီးက ဗိုလ်မှူးကြီးကို စကားမပြော၊ အရေးမစိုက်၊ စိတ်ဆိုးစိတ်ကောက်၍ ဟုတ်ဟန်မတူ။ အာဂါသာခရစ္စတီးက ခင်ပွန်းဖြစ်သူဗိုလ်မှူးကြီးကို လုံးဝ မမှတ်မိတော့ဟု ဆိုသည်။

ဤတွင် ပြဿနာက ပို၍ကြီးထွားလာသည်။ စာရေးဆရာမကြီးကို ရဲအား အလုပ်ရှုပ်စေမှုနှင့် လျော်ကြေးငွေပေါင် ၃၀၀၀ တောင်းခံသည်။ လူထုကလည်း သူ့ကို ထင်ပေါ်ကျော်ကြားသည်ထက် ကျော်ကြားအောင် စတန့်ထွင်သည်ဟု ဆိုကြသည်။

အမှန်တော့ အာဂါသာခရစ္စတီးသည် အတိတ်ကို မေ့သွားသည့် ဝေဒနာတစ်မျိုး ခံစားရဟန်ရှိသည်ဟု ဆရာဝန်တော်ကြီးများက ဖွင့်ဆိုကြသည်။ ဤသို့ဖြင့် ခင်ပွန်းဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးကြီးက အာဂါသာခရစ္စတီးကို အေးဆေးငြိမ်သက်စွာဖြင့် ပြုစုထားခဲ့ရသည်။ အာဂါသာခရစ္စတီး၏ ညီမဖြစ်သူ မက်ဂီ၏အိမ်တွင် ထားရှိပြီး ဆေးဝါးကုသပေးခဲ့ရသည်။

နောက်နှစ်နှစ်အကြာတွင် သူနှင့် ဗိုလ်မှူးကြီးတို့ ကွဲသွားကြသည်။ ကွဲပြီးလေးနှစ်အကြာတွင် အာဂါသာခရစ္စတီးသည် မက်မော်လိုဝန်း (Max Mallowan) ဆိုသူနှင့် လက်ထပ်ခဲ့သည်။ မက်မော်လိုဝန်းသည် သူ့ထက် ၁၅ နှစ်ငယ်သည်။

အာဂါသာခရစ္စတီး၏ ပင်ကိုသဘာဝမှာ အေးအေးဆေးဆေး နေတတ်သည်။ လူအများရှေ့မှောက် ထွက်ခဲသည်။ လူတွေ့မေးမြန်းမှုများကိုလည်း မလုပ်ဆောင်ခဲ့။

နောက်ပိုင်းကာလတွင် အာဂါသာခရစ္စတီး ပျောက်ကွယ်သွားခဲ့သော ၁၁ ရက်အကြောင်းကို သတင်းထောက်များက သူ့ကိုပိုင်းမေးကြသောအခါ သူ့ခမျာ တိကျသောအဖြေကို မပေးနိုင်ခဲ့ချေ။ သူသည် ထိုအချိန်က စိတ်ရှုပ်ပေါက်သလိုဖြစ်သွားပြီး သွားမိသွားရာ သွားခဲ့ပဟန်ဖြစ်သည်ဟူသာ အဖြေရသည်။

- ဤသို့ဆိုလျှင် သူ ဟိုတယ်သို့ ဝတ်ဆင်လာသော အဖိုးတန်အဝတ်အစားများကို မည်သည့်ငွေဖြင့် ဝယ်ခဲ့သနည်း။
- သူ၏ခင်ပွန်း သူ့အပေါ် စိတ်ပြန်လည်လာစေရန် စတန့်ထွင်ခြင်းလော။
- သူ့ယောက်ျားကို ဖောက်ပြားနေသူအဖြစ် လူများသိရန် ပြုလုပ်ခြင်းလော။

ဟူသော မေးခွန်းများ ထွက်ပေါ်လာသည်။

သူကိုယ်တိုင် အဆိုပါ ၁၁ ရက်အတွင်း "ဘယ်ကိုသွားခဲ့လို့ ဘာတွေလုပ်ခဲ့မိသလည်းကို မသိရပါ" ဟုသာ ဆိုနေသည်။ ဂမ္ဘီရဆန်ဆန် အတွေးနယ်ချဲ့ခဲ့ကြသူများ အဖြေရှာမတွေ့ခဲ့ကြချေ။ ယခုအခါ အဆိုပါပုဂ္ဂိုလ်တွေအားလုံး ကွယ်လွန်ခဲ့ကြပြီ။ အဖြေမှန်ကို ပေးနိုင်မည့်သူ မရှိတော့ပါ။

အာဂါသာခရစ္စတီး ရေးသားခဲ့သော စုံထောက်စာအုပ်များမှာ နိုင်ငံတကာ ဘာသာမျိုးစုံဖြင့် ပြန်ဆိုရသည်အထိ ကျော်ကြားမှုရခဲ့သည်။ သူ၏စာအုပ်များသည် ရှိတ်စပီးယား၏ စာအုပ်များထက်ပင် ကမ္ဘာမှာ ကျော်ကြားနေသေးသည်။ ယခုအခါ သူ၏စာအုပ် အုပ်ရေ သန်းတစ်ထောင်ကျော် ရိုက်နှိပ်ပြီး



**ကမ္ဘာကျော် မှုခင်းစာရေးဆရာမကြီး**
**အာဂါသာခရစ္စတီး**

ပြီဟု ဆိုသည်။ သို့သော် သူ၏ဘဝထဲမှ ၁၁ ရက်က[illegible] အဖြေရှာမရဘဲ ဖြစ်နေဆဲပင်။

**အာဂါသာမော်လိုဝန်း**

၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အာဂါ[illegible] ခရစ္စတီး ကွယ်လွန်ခဲ့သည်။ သူမကွယ်လွန်မီက ကြိုတင်[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကြားချက်အရ သူ၏အုတ်ဂူတွင် အမည်ကမှည်း ထိုးထားရာ၌ "အာဂါသာမော်လိုဝန်း"(Ageatha Mallowan) ဟု ရေးထိုးခဲ့သည်။

တစ်နည်းအားဖြင့် စာဖတ်ပရိသတ်များက ချစ်မြတ်နိုးကြသော "အာဂါသာခရစ္စတီး"ဟူသော အမည်ကို သူငြင်းပယ်ခဲ့လေသည်။

Ref:

(1) **The World Greatest Mysteries.**

(2) **Agatha's lost eleven days, Bangkok Post, 6-4-97.**

× × ×

## ဆာအာသာကိုနင်ဒွိုင်းနှင့် နာမ်လောက

ဆာအာသာကိုနင်ဒွိုင်းကို ကမ္ဘာကျော် စာရေးဆရာကြီး၊ ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးသူပုဂ္ဂိုလ်ကြီးအဖြစ် လူသိသူသိများကြပါ၏။ သို့ရာတွင် သူ့ကို နာမ်လောကလေ့လာသူ၊ မှော်အတတ်ပညာ လေ့လာလိုက်စားသောသူ ဖြစ်ကြောင်းကိုမူ သိသူနည်းပေလိမ့်မည်။

ကိုနင်ဒွိုင်း (Arthur Conan Doyel) သည် အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်ပြီး သူ့ကို ၁၈၅၉ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် စကော့တလန်ပြည်နယ်၊ အီဗင်ဘာရာမြို့၌ ဖွားမြင်ခဲ့၏။ သူ၏ဖခင် ချားလစ်ဒွိုင်းသည် အနုပညာရှင် တစ်ဦးဖြစ်၏။ သူ၏ဦးလေး ရစ်ချဒ်ဒွိုင်းမှာ ပန်းချီကျော်ပုဂ္ဂိုလ် တစ်ဦးဖြစ်၏။ ကမ္ဘာကျော် Punch ပန့်(ချ်)ဂျာနယ် မျက်နှာဖုံးရေးဆွဲသူဖြစ်၏။

ကိုနင်ဒွိုင်းသည် ဖခင်၊ ဦးလေးတို့၏ အသက်မွေးမှုလိုင်းမှ ခွဲထွက်ပြီး ဆေးပညာကို သင်ယူခဲ့လေသည်။ သူသည် ၁၈၈၃ ခုနှစ်တွင် ဆီဒင်ဘာရာတက္ကသိုလ်မှ ဆေးပညာဘွဲ့ "အမ်၊ ဘီ"ဘွဲ့ ရရှိခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် အမ်ဒီဘွဲ့ကို ရရှိခဲ့ပြန်သည်။ ၁၈၈၂ ခုနှစ်မှ ၁၈၉၀ ပြည့်နှစ်အထိ ဆောက်ဆီးမြို့တွင် ဆရာဝန်လုပ်ခဲ့၏။ သူသည် ဆရာဝန်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုလုပ်ခဲ့သော်လည်း ၁ရေးခြင်း၊ စာဖတ်ခြင်းကို ဝါသနာထူးကဲစွာ ပါလှ၏။ ဤသို့ဖြင့် သူသည် ၁၈၈၈ ခုနှစ်၌ နောင်တွင်ထင်ရှားလာမည့် စုံထောက်ရှားလော့ဟုမ်းနှင့် အဖော်ဒေါက်တာ ဝပ်ဆင်တို့ကို ဇာတ်ကောင်အရာထားပြီး စုံထောက်ဝတ္ထုကို စတင်ပြီး ရေးသားလေသည်။

ကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဝတ္ထုများမှာ ထူးထူးခြားခြား အောင်မြင်လှ၏။ စုံထောက်ဝတ္ထုသက်သက်မဟုတ်ဘဲ သဘာဝနှင့် နီးစပ်ခြင်း၊ အတွေးအခေါ်ပါခြင်း၊ ကျိုးကြောင်းဆက်စပ်မှု ခိုင်မာအားကောင်းခြင်း၊ တင်ပြပုံကောင်းခြင်းစသော အားသာချက်များကြောင့်လည်း အောင်မြင်ကျော်ကြားခြင်း ဖြစ်နိုင်လေသည်။ သူသည် ဝတ္ထုများကို ရသမြောက်အောင် ဆက်လက်ရေးဖွဲ့ရင်း နာမည်ကျော်ကြားထင်ရှားသောစာရေးဆရာတစ်ယောက် ဖြစ်လာ၏။ နောင်တွင် သူသည် ဆရာဝန်အလုပ်ကိုစွန့်ပြီး စာရေးဆရာဘဝသို့ လုံးဝကူးပြောင်းခံယူလိုက်လေသည်။

အမှန်စင်စစ် ဒွိုင်းသည် စာရေးဆရာသက်သက်၊ ဆရာဝန်သက်သက်မှသာ မဟုတ်ချေ။ သူသည် စစ်မြေပြင် ဆရာဝန်အဖြစ်လည်း အမှုထမ်းခဲ့ပြီး ခါးသီးသောစစ်၏ အနိဋ္ဌာရုံများကို တွေ့ကြုံခဲ့ရလေသည်။ သူသည် ၁၈၉၉ ခုနှစ် ၁၉၀၂ ခုနှစ်အထိ ဖြစ်ပွားသော တောင်အာဖရိက ဗိုးဝါးစစ် ပွဲ (Bore War)၌ ပါဝင်ခဲ့ရ၏။ သူသည် သူ၏စစ်အတွေ့အကြုံများကို အခြေခံပြီး ဗိုးဝါးစစ်ပွဲအကြောင်း စစ်သမိုင်းစာအုပ်ကိုလည်း ရေးသားပြုစုခဲ့လေသည်။

ဒွိုင်းသည် စာပေဗဟုသုတ၊ ကိုယ်တွေ့ဗဟုသုတများ ကုံလုံကြွယ်ဝသူဖြစ်၏။ သို့ရာတွင် သူသည် ဘဝ၏ ကန့်သတ်မှုဘောင်ကို လေးစားသူဖြစ်၏။ သူဖန်တီးထုတ်လုပ်လိုက်သော ဇာတ်ကောင် ရှားလော့ဟုမ်းနှင့် ဒေါက်တာဝပ်ဆင်တို့ကိုလည်း သူအလွန်လေးစား၏။ အဘယ်ကြောင့်ဆိုသော် သူသည် ရှားလော့ဟုမ်းနှင့် ဝပ်ဆင်တို့ကို လူသားဆန်စွာ တွေးသင့်သမျှတွေးစေပြီး လုပ်သင့်သမျှကိုသာ ဝတ္ထုများထဲ၌ လုပ်စေခဲ့သောကြောင့် ဖြစ်၏။ ရှားလော့ဟုမ်း၏ ပါးစပ်ကိုငှားပြီး ဒွိုင်း၏အတွေးအခေါ်၊ ဒွိုင်း၏ နိုင်ငံရေးအမြင်များ၊ ဒွိုင်း၏ခံစားချက်များကို မအော်ခိုင်းခဲ့ပေ။ သူ့အကြောင်းနှင့်သူ သန့်သန့်သာ ရေးဖွဲ့ခဲ့သောကြောင့် အလွန်အောင်မြင်ကျော်ကြားခဲ့လေသည်။ သူ၏ဇာတ်ကောင် ဟုမ်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

အဘာယ်လောက်များ လူသားဆန်ခဲ့သနည်းဟူမှု ကမ္ဘာကျော် စာဖတ်ပရိသတ်ကသာမက ဇာတိအင်္ဂလန်နိုင်ငံမှ စာဖတ်ပရိသတ်များကပါ ဟုမ်းတစ်ယောက် ပြင်ပလောကတွင် တကယ်ထင်ရှားရှိနေသည်ဟု ထင်မြင်ယုံကြည်ခဲ့ကြလေသည်။

ဒွိုင်းသည် စစ်တို့၏သဘောကို စိတ်ဝင်စားပုံရ၏။ ထို့ကြောင့် နပိုလီယံ၏ စစ်ပွဲများကို ဝတ္ထုတိုများအဖြစ် ရေးသားကာ ဆက်စပ်ပြီး "ဗရီဂေဒီယာဂျရတ်၏ စွန့်စားခန်းများ" ဝတ္ထုအဖြစ် ထုတ်ဝေခဲ့လေသည်။ ထိုသို့သော စွန့်စားခန်းဝတ္ထုများကို ရေးရာ၌လည်း ဒွိုင်းသည် ကျိုးကြောင်းဆင်ခြင်သဘောကို လက်ကိုင်ပြု၍ ယုတ္တိတန်အောင် ရေးသားတတ်သည့်အတွက် လူကြီးလူငယ်အားလုံးက စွဲလမ်းနှစ်ခြိုက်ကြ၏။ ဒွိုင်း၏ "ပျောက်ဆုံးနေသောကမ္ဘာ" ဆိုသည့် ဝတ္ထုမှာလည်း ကမ္ဘာဦးသတ္တဝါကြီးများ၏ အလေ့အထကို သိပ္ပံနှင့်ယှဉ်ပြီး ကျိုးကြောင်းဆင်ခြင်မှုသဘောများဖြင့် ရေးဖွဲ့ထားသည်ကို တွေ့နိုင်လေသည်။ ဒွိုင်းသည် ဝတ္ထုများအဖြစ် ရေးဖွဲ့ထားသည်ကို တွေ့နိုင်လေသည်။ ဒွိုင်းသည် ဝတ္ထုများအဖြစ် ပြဇာတ်များ၊ စစ်ပွဲများအကြောင်း ဆောင်းပါးအမြောက်အမြား ရေးသားခဲ့၏။ ဒွိုင်းသည် ၁၉၀၂ ခုနှစ်တွင် "ဆာ" ဘွဲ့ ချီးမြှင့်ခြင်းခံရ၏။ ဒွိုင်းသည် နိုင်ငံရေးသိ ၂ဂ်လည်း အထူးလေ့လာပြီး ပေါက်မြောက်သူ ဖြစ်၏။ ထို့ထက် ထူးခြားပြီး လူသိနည်းလှသောအချက်မှာ ဒွိုင်းသည် နာမ်လောက၊ ပရလောကကို အထူးစိတ်ဝင်စားသူဖြစ်ပြီး နက်နက်ရှိုင်းရှိုင်း အသေးစိတ်လေ့လာခဲ့သူဖြစ်ခြင်းပင် ဖြစ်၏။ ဒွိုင်းသည် လျှို့ဝှက်ဆန်းကြယ် နာမ်လောကတွင် စန်းပွင့်ပြီး ဩဇာညောင်းနေပြီဖြစ်သော ဇာတ်ကောင် ရှားလော့ဟုမ်းကို သူအသုံးမချခဲ့ပါချေ။ ထို့ကြောင့် သူ့ကို အနုပညာမာန်အပြည့်ရှိသော အနုပညာသမားဟု ဆိုနိုင်ပေ၏။

ဒွိုင်းသည် နှစ်ပေါင်း ၃၀ လုံးလုံး ဝိညာဉ်လောကကို လေ့လာခဲ့လေ၏။ ဒွိုင်းက ထိုလေ့လာခဲ့သော နာမ်လောက၊ ပရလောကနှင့် ပတ်သက်၍ သူ၏အတွေးအမြင်နှင့် အတွေ့အကြုံများကို အခြေခံကာ "ဝိညာဏဗေဒ၏ သမိုင်း" (History of Spiritualism) ဆိုသော စာအုပ်ထူကြီး နှစ်အုပ်တွဲကို ရေးသားပြုစုခဲ့လေသည်။ ထိုစာအုပ်နှစ်အုပ်မှာ လွန်စွာရှားပါးပြီး အဖိုးတန်လှ၏။ အထူးသဖြင့် နာမ်လောကကို ယုံကြည်သော သိပ္ပံပညာရှင်များ၊ ဂမ္ဘီရပညာကို မြက်ရယ်ပြုချင်သည့် ခေတ်ပညာတတ်များ ဖတ်ရှုလေ့လာသင့်လေသည်။

ထိုကျမ်းကြီး နှစ်ကျမ်းအဖြစ် "ဖွင့်ဟမှုအသစ်" (The New Revelation) ကျမ်းကြီးမှာလည်း သူစုဆောင်းခဲ့သမျှ ဗဟုသုတများကို ဖွင့်လှစ်ဖော်ထုတ်ပေးသည်။ "ဝိညာဏဗေဒသမိုင်း" ကျမ်းသည် ဆွီဒင်ဘောဂ် (Sweden boarg)၊ အက်ဒွပ်အားရမ်း (Edwond Irving)၊ ဒေးဗစ်ပေါ့ညီနောင်များ (Earenport Brothers)၊ ဟင်နရီစလိဒ်နှင့် ဒေါက်တာမော့ငန်သစ်(Henry Slade and Dr.Morck) စသော ထူးဆန်းအံ့ဩဖွယ် ပုဂ္ဂိုလ်ကြီးများအကြောင်း၊ ဝိညာဏလောကနှင့် ပတ်သက်၍ လေ့လာစစ်ဆေးတွေ့ရှိရချက်များပေါင်းချုပ်၊ နတ်ဝင်သည်များအကြောင်း၊ စိတ်ပညာသုတေသနလုပ်ငန်းများ၊ ဝိညာဉ်ကို ဓာတ်ပုံရိုက်သူအကြောင်း၊ ပြင်သစ်၊ ဂျာမန်နှင့် အီတာလျံမှ နာမ်လောကအကြောင်း၊ ဝိညာဏဗေဒနှင့် စစ်ပွဲအကြောင်း၊ သေပြီးနောက်ဘဝအကြောင်း စသည်တို့ကို တခမ်းတနား ရေးသားထားလေသည်။ မည်သည့်ခေတ်ကာလကမျှ ထိုကျမ်းမျိုး မပေါ်ခဲ့ဖူးသဖြင့် စာနယ်ဇင်းအချို့က ချီးကျူးဝေဖန်ခြင်း ခံခဲ့ရလေသည်။

နိဂုံးချုပ် ဆိုရသော် ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးသူ စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းသည် နာမ်လောကကို အသေအချာလေ့လာသွားခဲ့သူ၊ အနှစ်တရားတွေ့ရှိသွားခဲ့သူ၊ ဂမ္ဘီရပညာရပ်များကို လေ့လာခဲ့သူ၊ သိပ္ပံပညာရှင်၊ ဆရာဝန်၊ အနုပညာရှင်ကြီးတစ်ဦးသာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

**လှတိုး(စိတ်ပညာ)**



www.burmeseclassic.com

www.burmeseclassic.com

# အောင်နိုင်ခဲ့သော တိုက်ပွဲကို အောင်နိုင်ခြင်း

ဘက္ကသိုလ်သခ်

လောကတွင် လူအချင်းချင်း တစ်နည်းမဟုတ်တစ်နည်း ဆက်ဆံကြရ၏။ ထိုသို့ ဆက်ဆံကြရာတွင် ပုထုဇဉ်ပီပီ လောဘ၊ ဒေါသ၊ မောဟတရားများ ဖြစ်ပေါ်ကြသည်လည်း ရှိ၏။ ဤသည်နှင့်အတူ တစ်ဖက်လူအပေါ် စိတ်ဆိုးခြင်း၊ ဒေါသဖြစ်ခြင်း ဖြစ်လာကာ သည်းခံမှုပြုရသည်လည်း ရှိ၏။

ဤသို့သော အခြေအနေတွင် အချို့က သည်းခံတတ်ကြပြီး၊ အချို့က သည်းခံနိုင်မှုမရှိသည်ကိုလည်း တွေ့ရတတ်၏။

စာရေးသူတွင် ခင်မင်ရင်းနှီးသော လုပ်ဖော်ကိုင်ဖက် မိတ်ဆွေနှစ်ဦး ရှိ၏။ တစ်ဦးသည် စိတ်ဆိုးလွယ်၊ ဒေါသဖြစ်လွယ်ကာ သည်းခံစိတ် နည်းပါးလှ၏။ ကျန်တစ်ဦးမှာ အရာရာကို သည်းခံခွင့်လွှတ်တတ်သူဖြစ်သည်။

ထိုနှစ်ဦးတွင် သည်းခံစိတ်နည်းပါးသူကို အပေါင်းအသင်းမိတ်ဆွေများက မလွှဲမကင်းသာမှသာ ပေါင်းသင်းဆက်ဆံကြပြီး ဖြစ်နိုင်သရွေ့ ဝေးဝေးက ရှောင်နေတတ်ကြ၏။ ကျန်တစ်ဦးကိုမူ အများက လေးစားချစ်ခင်ကြ၏။

သည်းခံခြင်းဆိုသည်မှာ တစ်ပါးသူ၏ မဟုတ်မတရား စွပ်စွဲပြောဆိုခြင်း၊ နာသာခံခက်ဖြစ်အောင်ပြောခြင်း၊ မြှောက်ပင့်ပြောဆိုခြင်း၊ ကြမ်းတမ်းရိုင်းပျစွာ ဆဲဆိုခြင်း၊ တုတ်၊ ဓား၊ လက်နက်တို့ဖြင့် နိုင်ထက်ကလူပြုမူခြင်းတို့ကို ဒေါသအမျက်ထွက်၍ ပြန်လည်ချေပခြင်းမပြုဘဲ ခန္တီမည်သော သည်းခံခြင်းကို ဆိုလိုသည်။

ခွင့်လွှတ်သည်းခံခြင်း နယ်ပယ်သည် လွန်စွာကျယ်ဝန်း၏။ သို့အတွက် **"သည်းခံခြင်း၊ ခန္တီအကျင့်သည် အမြတ်ဆုံးအကျင့်တရားဖြစ်သည်"**ဟု ဘုရားရှင်က ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

ခန္တီတရားသည် သီလ၊ သမာဓိ၊ ပညာစသော ကုသိုလ်တရားတို့၏ အခြေခံအကြောင်းရင်းဖြစ်သည်။ သည်းခံခြင်းအမျိုးမျိုးရှိ၏။ ကြောက်မက်ဖွယ်၊ ရွံရှာဖွယ်ကောင်းသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အာရုံ ကာမဂုဏ်တို့နှင့် တွေ့ကြုံရသည့်အခါ ထိတ်လန့်တုန်လှုပ်ခြင်း၊ ဒေါသအမျက်ထွက်ခြင်း၊ စိတ်နှလုံးမသာယာခြင်းတို့ ဖြစ်ပေါ်မလာစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းသည် သည်းခံခြင်းတစ်မျိုး ဖြစ်ပါ၏။ ရောဂါဝေဒနာ နှိပ်စက်ပံ့ရခြင်း၊ အချမ်း၊ အပူရာသီဥတု နှိပ်စက်ခံရခြင်းတို့ကိုလည်း သင့်တင့်အောင် နှလုံးသွင်း၍ သည်းခံခြင်းသည်လည်း ခန္တီပင်ဖြစ်၏။

ဓမ္မပဒ၌ "မိမိအပေါ် အမျက်ထွက်စိတ်ဆိုးသူကို ဒေါသဖြင့်ပြန်လည်တုံ့ပြန်သူသည် ထိုသူအောက်ယုတ်ညံ့သူဖြစ်၏။ ထိုစိတ်ဆိုးအမျက်ထွက်သူကို ပြန်၍စိတ်မဆိုး၊ အမျက်မထွက်သူသည် 'အောင်နိုင်ခဲ့သောတိုက်ပွဲ'ကို အောင်နိုင်သူမည်၏။ သူတစ်ပါး စိတ်ဆိုးအမျက်ထွက်သည်ကို သိလျက် သည်းခံစိတ်မွေးတတ်ပါက မိမိနှင့် သူတစ်ပါးအကျိုးကျေးဇူးကို ကျင့်သည်မည်လေ၏"ဟု ဘုရားရှင်က ဟောတော်မူသည်။

မျက်မှောက်ခေတ်တွင် အဆန်းတကြယ် တစ်မျိုးပြီးတစ်မျိုးပေါ်နေသော အဝတ်အထည်၊ အစားအသောက်၊ ကြည့်ရှုစရာတို့ကို လိုချင်တပ်မက်မှု ဖြစ်ပေါ်လာသည့်အခါ ထိန်းချုပ်နိုင်ခြင်းသည်လည်း သည်းခံခြင်းတစ်မျိုးဖြစ်၏။

စင်စစ်အားဖြင့် သည်းခံခွင့်လွှတ်ခြင်းသည် အပြောလွယ်သလောက် လိုက်နာကျင့်သုံးရန်ခက်၏။ မိမိစိတ်ကို နိုင်ဖို့ အရေးကြီး၏။ မခံချင်သောစိတ်သည် လူကို လွန်စွာဒုက္ခပေးတတ်၏။ မိမိတွင် အပြစ်မရှိပါဘဲလျက် မရှိသတ်အလယ်၌ စော်ကားရိုင်းပျစွာ ပြောဆိုဆက်ဆံခံရပါက ပြန်လည်ချေပခြင်းထက် ငြိမ်း၍နေခြင်းက စော်ကားသူကို

www.burmeseclassic.com

www.burmeseclassic.com

အရှက်ရစေပါလိမ့်မည်။ အကယ်၍ မခံမရပ်နိုင်ဖြစ်ကာ ဒေါသတကြီး ပြန်လည်ချေပမိပါက စွပ်စွဲပြောဆိုသူ၏ စကား ဟုတ်မှန်ကြောင်း မိမိကိုယ်တိုင် ထောက်ခံသည့် သဘောမျိုး ဖြစ်သွားသဖြင့် မိမိသည်ပင်လျှင် အရိုင်းအစိုင်း အဖြစ် ရောက်ရှိသွားတတ်သည်။ သို့အတွက် မိမိကိုယ်ကို ထိန်းနိုင်ရန် အရေးကြီးသည်။

ရိုင်းပျသူများအပေါ် အခြေအနေကိုကြည့်၍ အမှန်တရားကို ဖော်ထုတ်ပြသတတ်ရမည်။ **မဟုတ်မခံသော စိတ်ကို လူအများလေးစား၏။ စော်ကားတတ်သောသူကို လူအများမုန်းကြ၏။**

ခွင့်လွှတ်သည်းခံခြင်းသည် မိမိဘက်မှ အမှန်တကယ် တရားနည်းလမ်းတကျ ရှိနေပါမှ ခွင့်လွှတ်နိုင်စွမ်း ရှိမည် ဖြစ်သည်။ မိမိကိုယ်တိုင်က အမှားတစ်စုံတစ်ရာ ငြိတွယ်နေသူဖြစ်လျှင် ခွင့်လွှတ်နိုင်စွမ်း မရှိတတ်ပေ။ အနာပေါ်တုတ်ကျသကဲ့သို့ မခံချင်စိတ်နှင့် ပြန်လည်ချေပနေတတ်သဖြင့် အကြီးအကျယ် ခိုက်ရန်ဖြစ်ခြင်းကိုသာ ဖြစ်စေတတ်လေသည်။

ဘုရားအလောင်းတော် ဝေသန္တရာမင်းကြီးသည် ၎င်း၏သားနှင့်သမီးကို ဇူဇကာပုဏ္ဏားက အလှူခံသဖြင့် လှူဒါန်းခဲ့၏။ ထိုသို့လှူဒါန်းပြီးနောက် မိမိ၏ရှေ့မှောက်တွင် ပုဏ္ဏားသည် သားနှင့်သမီးကို ကန်ကျောက်ဆုံးမနေသည်ကို မြင်တွေ့ရသဖြင့် ဒေါသစိတ် ဖြစ်ပေါ်မိ၏။ သို့ရာတွင် ပါရမီရင့်သန်သူပီပီ ဒေါသစိတ်ကို မျိုသိပ်နိုင်ခဲ့၏။ သည်းခံစိတ်ကြောင့် ဘုရားအလောင်းတော်သည် ပုဏ္ဏားကို ဥပေက္ခာပြုနိုင်ခဲ့လေသည်။

ထို့အတူပင် ဘုရားရှင်၏ သည်းခံခွင့်လွှတ်တတ်ပုံကိုလည်း ဖော်ပြလိုပါ၏။ ကောသမ္ဗီပြည့်ရှင် ဥတေနမင်း၏ မိဖုရားမာဂဏ္ဍီသည် ဘုရားရှင်အပေါ် အတိတ်ဖြစ်ရပ်ကြောင့် အငြိုးအတေးရှိခဲ့၏။ တစ်ခါသော် ကောသမ္ဗီပြည်သို့ မြတ်စွာဘုရားကြွရောက်လာခိုက် မာဂဏ္ဍီသည် ဘုရားရှင်အား ကလဲ့စားချေလိုသဖြင့် ကျွန်လုပ်သူများကို ငွေပေးပြီး ဘုရားရှင်အား ဆဲရေးစေခြင်း၊ ကဲ့ရဲ့ရှုတ်ချစေခြင်းတို့ကို ပြုလုပ်စေသည်။

ဤသည်ကို ဘုရားရှင်သည် သည်းခံ၍နေတော်မူလေသည်။ ထိုသို့ ဆဲဆိုကဲ့ရဲ့ပြစ်တင်ခြင်းကို နေ့စဉ်ကြုံတွေ့နေရသဖြင့် အရှင်အာနန္ဒာက ဘုရားရှင်အား အခြားမြို့ကို ပြောင်းရွှေ့ရန် လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က **"သူတစ်ပါးဆဲဆိုတိုင်း၊ ကဲ့ရဲ့ရှုတ်ချတိုင်း အခြားသို့ ပြောင်းရွှေ့သွားရန်လည်းမသင့်။ အဓိကရုဏ်း မှုခင်းပြဿနာဆိုသည်မှာ ဖြစ်ပေါ်ရာဌာနမှာပင် ငြိမ်းစေရမည်။ ထိုသို့ ငြိမ်းစေပြီးမှသာ အခြားမြို့သို့သွားရမည်"**ဟု မိန့်တော်မူလေသည်။

ထို့နောက် ဘုရားရှင်က **"စစ်ပွဲဝင်တဲ့ကြီးဟာ အရပ်လေးမျက်နှာမှ ကျလာတဲ့မြားအထိကို သည်းခံသလို ငါဘုရား သည်းခံနေမယ်၊ အာနန္ဒာ မစိုးရိမ်နဲ့။ သူတို့ဟာ ခုနစ်ရက်သာဆဲနိုင်၊ ကဲ့ရဲ့နိုင်ကြမယ်။ ရှစ်ရက်မြောက်ကျရင် အဆဲရပ်ပြီး အေးချမ်းသွားလိမ့်မယ်"**ဟု မိန့်တော်မူသည်။

သည်းခံခြင်းနှင့်စပ်လျဉ်း၍ **"အကျိုး"**နှင့် **"အပြစ်"**ကို မြတ်စွာဘုရားရှင်က ဤသို့ဟောကြားတော်မူခဲ့ပါ၏။

၁။ သည်းခံတတ်သူတို့ကို သူတစ်ပါးတို့က ချစ်ခင်မြတ်နိုးကြ၍၊ သည်းမခံတတ်သူတို့ကိုမူ တစ်ပါးသူတို့ မုန်းတီး၏။

၂။ သည်းခံတတ်သူတို့မှာ ရန်သူမရှိ။ သည်းမခံတတ်သူတို့မှာ ရန်သူများ၏။

၃။ သည်းခံတတ်သူတို့မှာ အပြစ်၊ ပြဿနာမရှိ။ သည်းမခံတတ်သူတို့တွင် ပြဿနာမကြာခဏဖြစ်တတ်၏။

၄။ သည်းခံတတ်သူတို့မှာ မတွေမဝေ ကောင်းစွာ သေကြ၍၊ သည်းမခံတတ်သူတို့မှာ တွေတွေဝေဝေ သေကြရ၏။

၅။ သည်းခံတတ်သူတို့မှာ သေပြီးနောက် သုဂတိဘုံဘဝများသို့ ရောက်၍၊ သည်းမခံတတ်သူတို့မှာ အပါယ်ငရဲသို့ ကျရောက်ရ၏။

ထို့ကြောင့် သည်းခံခြင်း၊ သည်းမခံခြင်း၏ အကျိုးနှင့်အပြစ်ကို ဆင်ခြင်၍ အရာရာတွင် သည်းခံတတ်မှသာ မိမိတို့အလိုရှိသော ကောင်းကျိုးချမ်းသာကို ရရှိခံစားနိုင်ကြမည်ဖြစ်ပါ၏။

တက္ကသိုလ်သခ

၀၉-၄၃၁၉၂၂၆၀



www.burmeseclassic.com

www.burmeseclassic.com

# လောသကတိဿဇာတ်

## ခင်မောင်အေး(မန္တလေး)

ကောသလတိုင်းတွင် အိမ်ခြေတစ်ထောင်ရှိသည့် ငါရွာကြီးတစ်ရွာ ရှိ၏။ လောသကတိဿ ဖြစ်လာမည့်သူ ငယ်သည် ပဋိသန္ဓေနေချိန်မှအစပြု၍ ရွာသားတံငါအများ တို့ ငါးတစ်ကောင်မျှ ဖမ်းဆီး၍မရကြတော့။ ရွာသည်လည်း ခုနစ်ကြိမ်တိုင်အောင် လောင်ကျွမ်းခံခဲ့ကြရ၏။ တစ်ရွာ လုံးပင် လာဘ်တိတ်လျက် မွဲပြာကျလာကြတော့သည်။ ထိုအခါ ရွာသားတို့က ငါတို့ရွာတွင် သူယုတ်မာတစ် ယောက် ရောက်ရှိလာ၍ ဖြစ်နိုင်သည်။ သူယုတ်အား ရှာဖွေ ဖော်ထုတ်ကြစို့ဟု တိုင်ပင်လျက် ရွာကိုနှစ်ပိုင်းခွဲလိုက်ကြ၏။ ထိုအခါ လောသကကိဿ ပါဝင်နေသော အစုသည် ဆင်းရဲခေါင်းပါးကာ အခြားအစုက စီးပွားရေးကောင်းသွား သည်။ အဆင့်ဆင့်ခွဲသွားကြရာ နောက်ဆုံးတွင် လော သကတိဿလောင်းလျာအား ကိုယ်ဝန်ဆောင်ထားရသော မိခင်၏အိမ်သည် သီးသန့်ဖြစ်သွားလေသည်။

ထိုမိခင်အား သူယုတ်မာဖြစ်ကြောင်း သိလိုက်ကြ ရသဖြင့် ရွာမှအပြီးအပိုင် နှင်ထုတ်ပစ်လိုက်ကြလေသည်။ လောသကတိဿကို ဖွားမြင်ပြီးနောက် သွားလာတတ် သည့်အရွယ်သို့ ရောက်သည့်အချိန်တွင် မိခင်က သူ့အား ခွက်တစ်ခုပေးကာ အိမ်တစ်အိမ်သို့စေလွှတ်ပြီး တောင်းရမ်း စေသည်။ ထိုသို့ အစေခိုင်းပြီး အမိသည် ဝေးရာသို့ ထွက် ပြေးသွားလေသည်။ ထိုအခါမှစ၍ လောသကတိဿတွင် မှီခိုစရာလူမရှိတော့။ ရောက်လေရာ နေရာဒေသတွင် တောင်းရမ်းစားရကာ ကြုံရာအရပ်မှာ အိပ်ရသည်။

တစ်နေ့ အရှင်သာရိပုတ္တရာမထေရ်သည် လေလွင့် နေသည့် လောသကတိဿနှင့် လမ်းဘေးတစ်နေရာတွင် တွေ့သည်။ သနားသဖြင့် ကျောင်းသို့ခေါ်ဆောင်သွားကာ သာမဏေပြုပေးသည်။ အသက် ၂၀ ပြည့်သည့်အချိန်တွင် ပဥ္စင်းတက်ပေးသည်။ ဘုန်းကံနည်းလွန်း၍ လာဘ်လာဘ ရှားပါသည်။ ''အသဒိသအလှူတော်ကြီး'' ပေးစဉ်အချိန် ကပင် ဝမ်းဗိုက်ပြည့်အောင် အစာမစားရဖူးချေ။ သူ၏ သပိတ်ထဲသို့ လောင်းလှူမိသူက သပိတ်ပြည့်လျှံသွားပြီဟု ထင်မြင်သွားပြီး လောင်းလှူမှုကိုဆက်မလုပ်တော့။ အသက် ရှင်နေရုံသာ စားရတတ်သည်။ ယင်းသို့ ဆင်းရဲပင်ပန်းစွာ နေထိုင်လာခဲ့ရာမှ ပရိနိဗ္ဗာန်ပြုမည့်ရက်သို့ ရောက်ရှိလာ သည်။

ထိုအကြောင်းကို သိမြင်သည့် အရှင်သာရိပုတ္တရာ သည် ''ငါသည် ယနေ့ လောသကတိဿအား ကျေနပ် တင်းတိမ်သွားအောင် အာဟာရပေးသင့်၏''ဟု နှလုံးသွင်း ပြီး အရှင်လောသကတိဿအားခေါ်ဆောင်ကာ သာဝတ္ထိ မြို့တွင်းသို့ ဝင်ခဲ့သည်။ သို့တစေ လောသကတိဿ ပါရှိနေ သဖြင့် အရှင်အား ရှိခိုးမည့်သူပင်မရှိချေ။ ထို့ကြောင့် လောသကတိဿအား ပြန်လွှတ်လျက် မိမိတစ်ပါးတည်း ဆက်လက် ဆွမ်းခံကြွသည့်အခါမှ ဆွမ်းများရရှိပြီး အရှင် လောသကတိဿထံ ပို့စေသည်။ ဆွမ်းပို့သွားသူများ အရှင် လောသကတိဿအား မတွေ့ကြရဘဲ ကိုယ့်ဘာသာ ကိုယ် ပြန်စားကြပြီး ပြန်လာခဲ့ကြသည်။

အရှင်သာရိပုတ္တရာ ပြန်ကြွလာသည့်အခါတွင် လောသကတိဿ ဆွမ်းမစားရသေးသည့်အကြောင်း သိရ သည်။ သို့ရာတွင် ဆွမ်းစားချိန် ကုန်ဆုံးသွားပြီ။ အရှင်သာရိ ပုတ္တရာသည် ကောသလမင်းထံမှ စတုမဓုကို အလှူခံကာ ပျောက်ကွယ်မသွားအောင် မိမိကိုယ်တိုင်လက်ဖြင့်ကိုင်ကာ အရှင်လောသကတိဿအား စားစေသည်။ ထို့ကြောင့် လောသကတိဿသည် ဆွမ်းကိုဝဝလင်လင် စားခွင့်ရသွား သည်။ ထို့နောက် ပရိနိဗ္ဗာန်ပြုသွားခဲ့လေသည်။ မြတ်စွာ သခင်သည် လောသကတိဿ၏ ဘုန်းကံနည်းပါးခြင်း၊ လာဘ်လာဘခေါင်းပါးခြင်းများနှင့် ယင်းသို့ ဘုန်းကံနည်း ပါပါလျက်နှင့် ယင်းသို့တရားမြတ်ကိုရရှိခဲ့ခြင်းကို အကြောင်း ပြု၍ အတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

ကဿပမြတ်စွာဘုရား ပွင့်ထွန်းတော်မူစဉ် ရဟန်းတစ်ပါးသည် သူကြွယ်တစ်ယောက်ကိုမှီ၍ ရွာငယ်အတွင်း ကျောင်းတစ်ကျောင်းတွင် နေသည်။ ရဟန်းသည် ဝိပဿနာရှုပွားမှုတွင် အားသန်သည်။ တစ်နေ့ ရဟန္တာတစ်ပါးသည် သူကြွယ်၏အိမ်သို့ ဆွမ်းခံကြွလာလေသည်။ သူကြွယ်က ကြည်ညိုလှ၍ ဆွမ်းကျွေးသည်။ ထို့နောက် မိမိတို့၏ကျောင်းသို့ ကြွခဲ့ပါရန် လျှောက်ထားသဖြင့် ရဟန္တာမထေရ်က ကျောင်းသို့လိုက်ပါလာသည်။ ကျောင်းထိုင်မထေရ်သည် အာဂန္တုပုဂ္ဂိုလ်နှင့် စကားပြောဆိုနေရင်း ယနေ့ ဆွမ်းကို မည်သို့စားခဲ့ရသည်ကို မေးမြန်း၏။ အာဂန္တုပုဂ္ဂိုလ်က သူကြွယ်၏အိမ်မှ စားလာခဲ့ရသည့်အကြောင်း ပြန်လည်ပြောပြသည်။

ညချမ်းချိန်တွင် သူကြွယ်က ကျောင်းသို့ရေ..က်လာကာ မထေရ်နှစ်ပါးစလုံး သူ့အိမ်သို့ ဆွမ်းလာရောက်ဘုဉ်းပေးဖို့ လျှောက်ထားခဲ့သည်။ ထိုအခါ ကျောင်းထိုင်မထေရ်သည် စိတ်လက်မချမ်းမသာဖြစ်ကာ ဤအာဂန္တုပုဂ္ဂိုလ်သာ ဤကျောင်းတွင် ကြာကြာနေခဲ့ပါမူ သူကြွယ်က ငါ့အား အရာပေးတော့မည်မထင်ဟု စိတ်ကအောက်မေ့ပြီး အာဂန္တုရဟန်း ဤကျောင်းတွင် ကြာကြာမနေနိုင်အောင် တစ်ခုခုတော့ ကြံစည်မည်ဟု နှလုံးပိုက်ကာ၊ နောက်တစ်နေ့နံနက်စောစောတွင် အာဂန္တုရဟန်းအား မနိုးတော့ဘဲ ကျောက်စည်ကိုလက်သည်းဖြင့်သာ တောက်ထားခဲ့၏။ တံခါးကိုလည်းလက်သည်းဖြင့်သာ ခေါက်သည်။ ထို့နောက် မိမိတစ်ပါးတည်းသာ သူကြွယ်၏အိမ်သို့ ကြွသွားသည်။

သူကြွယ်က အာဂန္တုရဟန်းပါမလာ၍ မေးသည့်အခါ ကျောက်စည်ကိုလည်း ထိုးခဲ့သည်။ တံခါးကိုလည်း ခေါက်ခဲ့သည်။ ထိုရဟန်းအိပ်ရာမှ နိုးမလာခဲ့ပါဟု ပြောကြားခဲ့လေသည်။ ထိုအချိန်တွင် ကျောင်းတွင်ကျန်ခဲ့သော ရဟန်းသည် ဆွမ်းခံချိန်ရောက်နေပြီ ဖြစ်သောကြောင့် အခြားတစ်နေရာသို့ ဈာန်ဖြင့်ကြွသွားခဲ့လေသည်။ သူကြွယ်သည် ကျောင်းထိုင်မထေရ်အား ထောပတ်၊ တင်လဲ၊ ပျား၊ သကာတို့ဖြင့် ပေါင်းစပ်ထားသော 'ဃနာ'နို့ဆွမ်းကို ကပ်လှူလေသည်။ အာဂန္တုရဟန်းအတွက်လည်း သပိတ်အပြည့် ထည့်ပေးလိုက်သည်။ သို့သော် ကျောင်းထိုင်မထေရ်သည် ကျောင်းသိုတိုင်အောင် ယူမသွားတော့။ အာဂန္တုရဟန်းသာ ဤဃနာကို စားသုံးလိုက်ရပါက ကျောင်းမှဆွဲထုတ်သည့်တိုင်အောင် ပြန်တော့မှာ မဟုတ်ချေတော့ဟု တွေးတောလျက် လမ်းတစ်ဝက်တွင် သွန်ပစ်ခဲ့လေသည်။ ကျောင်းထိုင်ကိုယ်တော်သည် ကျောင်းသို့ ပြန်လည်ရောက်ရှိသည့်အခါ အာဂန္တုရဟန်းအား မတွေ့ရတော့။ ဤအခါတွင်ကား ကျောင်းတိုင်မထေရ်သည် အာဂန္တုရဟန်းသည် ငါ့အကြံအစည်ကို သိရှိသွားသဖြင့် တခြားတစ်ပါးသို့ ထွက်သွားခြင်းဖြစ်ချိမ့်မည်။ ငါသည် မပြုအပ် မပြုထိုက်သည်ကို ပြုမိချေပြီဟု နောင်တရ၍ မဆုံးနိုင်တော့။ သူသည် ထိုဘဝမှကွယ်လွန်ခဲ့သည့်အခါ ငရဲသို့ရောက်ရှိခဲ့သည်။ ငရဲတွင် အနှစ်တစ်သိန်းတိုင်တိုင် ခံရပြီး လွတ်မြောက်လာသည့်အချိန်တွင် ဘီလူးဘဝတွင် ဖြစ်လာသည်။ ထိုဘဝများတွင် ဝမ်းဝအောင်မစားရစဖူး။ ကိုယ်ဝန်သည်က စွန့်ပစ်သော အညစ်အကြေးများသာ စားသောက်ရသည်။ တစ်ဖန်ငါးကမ္ဘာပတ်လုံး ခွေးဘဝတွင် ဝင်စားပြီး ထမင်းအန်ဖတ်ကို တစ်ကြိမ်သာ ဝဝလင်လင် စားခဲ့ရဖူးသည်။ ခွေးဘဝမှ လွတ်မြောက်ခဲ့ချိန်မှာလည်း ကာသိတိုင်းတွင် သူဆင်းရဲမျိုး၌ မိတ္တဝိန္ဒက အမည်ဖြင့် မွေးဖွားလာခဲ့သည်။ မိဘတို့ အလွန်ဆင်းရဲသည်။ မွဲပြာကျသွားသဖြင့် သူ့အား အိမ်မှနှင်ထုတ်ပစ်လိုက်ကြ၏။ ခြေဦးတည့်ရာသို့ သွားရောက်ရင်းက ဗာရာဏသီပြည်သို့ ရောက်ရှိလာသည်။ ထိုအချိန်တွင် ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာကြီးဖြစ်နေသည်။ မိတ္တဝိန္ဒကသည် ဘုရားလောင်းထံမှီဝဲလျက် ပညာသင်သည်။ သို့စဉ်တိုင် ဆရာ၏သွန်သင်ဆုံးမမှုကို နာယူခြင်းမရှိဘဲ ကျောင်း နေဖက်များနှင့် ခိုက်ရန်ဖြစ်သည်။ ထို့ကြောင့် ကျောင်းမှ ထွက်ပြေးရ၏။ နောက်နယ်စွန်နယ်ဖျားတစ်ခုသို့ ရောက် သွားလျက် ဆင်းရဲသူမတစ်ဦးနှင့် စုံဖက်ခဲ့သည်။ သားနှ ယောက် မွေးဖွားခဲ့၏။ ထိုရွာတွင်လည်း တာရှည်မနေ ဘဲ ထိုရွာတွင် မင်းဒဏ်ခုနစ်ကြိမ်သင့်ခဲ့ရပြီး မီးခုနစ်ကြိ လောင်ကာ ရွာမှတစ်ဖက်ဆည်ကန်ကြီး ကျိုးပေါက်ခဲ့ သည့်အတွက် သူ့အား ရွာမှနှင်တုတ်ပစ်လိုက်ကြလေသည်။

မိတ္တဝိန္ဒကသည် မယားနှင့် သားများကို ခေါ် လျက် ထွက်ခွာလာရာ တောအုပ်တစ်ခုသို့ရောက်သ တွင် သားမယားများအား ဘီလူးများက ဖမ်းယူစားသေ ပစ်လိုက်ကြ၏။ ထို့ကြောင့် ထိုတောအုပ်မှ ထွက်ပြေး ခဲ့ရပြီး ဂမ္ဘီရခေါ်သော သင်္ဘောဆိပ်သို့ ရောက်လာသည်



www.burmeseclassic.com

www.burmeseclassic.com

ထိုရွာမှ သင်္ဘောစီးလျက် လိုက်လာခဲ့ရာ သမုဒ္ဒရာအတွင်း ခုနစ်ရက်မြောက်နေ့တွင် သင်္ဘောသည် အလိုအလျောက် တုံ့ခနဲရပ် တန့်သွားခဲ့၏။ သင်္ဘောသားတို့ မည်သို့ပင် ကြိုးစားကြစေကာမူ သင်္ဘောက အလျဉ်းပင် မရွေ့ချေတော့။ ဤတွင် သင်္ဘောသားများက သူယုတ်အား ရှာဖွေကြရာ မိတ္တဝိန္ဒကပင် ခုနစ်ကြိမ်တိုင်တိုင် မဲကျ၏။ ထို့ကြောင့် သူ့အား ဝါးခြမ်းစည်းတစ်စည်းပေးလျက် သမုဒ္ဒရာအတွင်း ပစ်ချထားခဲ့ကြလေသည်။ ထိုအခါတွင်မှ သင်္ဘောတရွေ့ရွေ့လျားထွက်ခွာသွားနိုင်လေတော့သည်။

မိတ္တဝိန္ဒကသည် ဝါးစည်းကိုမှီတွယ်လျက် တရွေ့ရွေ့မျောပါလာခဲ့ရာ သမုဒ္ဒရာအတွင်း ရေပြင်တစ်နေရာတွင် ဖန်ဗိမာန်၊ ငွေဗိမာန်၊ ပတ္တမြားဗိမာန်၊ ရွှေဗိမာန်တို့ကို အစဉ်အတိုင်းတွေ့ရှိရလေသည်။ ဖန်ဗိမာန်တွင် ပြိတ္တာနတ်သမီး ခုနစ်ယောက်နှင့်လည်းကောင်း၊ ပတ္တမြားဗိမာန်တွင် ပြိတ္တာနတ်သမီး ဆယ့်ခြောက်ယောက်နှင့်လည်းကောင်း၊ ရွှေဗိမာန်တွင် ပြိတ္တာနတ်သမီး သုံးဆယ့်နှစ်ယောက်တို့နှင့်လည်းကောင်း ပျော်ပျော်ကြီး စံစားခဲ့ရလေသည်။ ဤသို့ ခံစားရခြင်းကား ကဿပဘုရားရှင်ပွင့်တော်မူသောအခါက စောင့်ထိန်းခဲ့ဖူးသည့် သီလ၏အကျိုးဆက်ကြောင့်ပင် ဖြစ်ပါချေသည်။

ပြိတ္တာနတ်သမီးများသည် မိတ္တဝိန္ဒကအား အခြားတစ်ပါးသို့မသွားပါရန် ဝိုင်းဝန်းတားမြစ်ကြသည်။ သို့ရာတွင် သူသည် လူတစ်ဖက်သားစကားကို နားထောင်တတ်သူမဟုတ်သည့်အတိုင်း နောက်ဆုံးတွေ့ဆုံရသည့် ရွှေဗိမာန်စံနတ်မိမယ်များအား ကျောခိုင်းလျက် စွန့်ခွာလာခဲ့သည်။ ထို့နောက် ရှေ့ခရီးကို ဆက်လက်သွားခဲ့သည့်အခါ ကျွန်းတစ်ခုပေါ်သို့ ရောက်ရှိလာခဲ့သည်။ ဤကျွန်းမှ ဘီလူးမတစ်ယောက်သည် ဆိတ်မတစ်ကောင်အသွင် ပြောင်းလဲလျက် ဟိုဟိုသည်သည် သွားလာလျက်ရှိသည်။ ဤအကြောင်းကို မိတ္တဝိန္ဒက မသိပေ။ ဆိတ်သားစားလိုသော အာသာဆန္ဒကြောင့် ဆိတ်၏ခြေထောက်ကို ဖမ်းဆွဲထားလိုက်သည်။ ထိုအခါ ဘီလူးမက လွန်စွာစိတ်ဆိုးကာ သူ့ကို ဆွဲမြှောက်ပင့်ချီကာ လွှင့်ပစ်လိုက်၏။ မိတ္တဝိန္ဒကသည် ဗာရာဏသီမြို့ကျုံးအပြင်ဘက်ရှိ ဆူးရစ်ချုံတစ်ခုပေါ်သို့ ကျလာခဲ့လေသည်။

မိတ္တဝိန္ဒကသည် သူ့ပတ်ဝန်းကျင်၌ အစာရှာဖွေစားသောက်လျက်ရှိသည့် မင်းကြီး၏ ဆိတ်မများကိုမြင်သည့်အခါ "ဪ . . . ငါသည် ဆိတ်မပစ်ချလိုက်သဖြင့် ယခုဤနေရာသို့ ရောက်လာရသည်။ ယခုလည်း ဆိတ်မခြေထောက်ကို ဖမ်းကိုင်လိုက်ပါက သမုဒ္ဒရာအလယ်မှ ဗိမာန်ရှင်များထံ အရောက်ပစ်ချလိမ့်မည်"ဟု အတွေးပေါက်လျက် ဆိတ်မ၏ ခြေထောက်ကို ဖမ်းကိုင်လိုက်လေသည်။ ဆိတ်မကလန့်အော်သည့်အခါ ဆိတ်ကျောင်းသားများ အပြေးအလွှားရောက်ရှိလာကြပြီး ဆိတ်သူခိုးအဖြစ် ဖမ်းဆီးခြင်း ခံလိုက်ရ၏။ ဆိတ်ကျောင်းသားများက သူခိုးအဖြစ် ချုပ်နှောင်လျက် မင်းကြီးထံသို့ တွန်းထိုးခေါ်ဆောင်သွားကြလေသည်။

ထိုအချိန်တွင် ဘုရားလောင်း ဒိသာပါမောက္ခဆရာကြီးသည် တပည့်ငါးရာတို့နှင့်အတူ ရေချိုးရန်ထွက်လာသည်။ မိတ္တဝိန္ဒကနှင့် ဆုံမိကြပြီး ဆရာကြီးက သူ့အားကောင်းစွာမှတ်မိသွား၏။ ထို့ကြောင့် ဆိတ်ကျောင်းသားများကို "အမောင်တို့၊ သူကား ငါ၏တပည့်ဖြစ်ပါသည်။ အဘယ်ကိစ္စကြောင့် ဖမ်းဆီးခဲ့သနည်း"ဟု မေးမြန်းရာတွင် ဆိတ်ကျောင်းသားများက အကျိုးအကြောင်းကို စုံစုံလင်လင်ပြောပြကြသည်။ ထိုအခါ ဒိသာပါမောက္ခဆရာကြီးက "သူ့ကို ငါ့ကျွန်အဖြစ် ထားရှိမည်။ သို့ဖြစ်၍ ငါ့အားပေးထားခဲ့ကြပါလော့"ဟု ပြောဆိုသဖြင့် ဆရာကြီးထံ မိတ္တဝိန္ဒကအား လွှဲပြောင်းပေးထားခဲ့ကြလေသည်။

ဆရာကြီးသည် မိတ္တဝိန္ဒကအား နှစ်ပေါင်းများစွာကြာရှည်စွာ ပျောက်ဆုံးနေရခြင်းအကြောင်းအရင်းကို မေးမြန်းသည်။ မိတ္တဝိန္ဒကကလည်း သူတွေ့ကြုံခဲ့၊ ဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံအဖုံဖုံကို ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့သည်။ ထိုအခါတွင် ဆရာကြီးက "အကျိုးစီးပွားကို လိုလားသူတို့၏ ဆုံးမမှုကို မခံယူသူသည် ဤသို့သော ဆင်းရဲခြင်းများ၊ ဒုက္ခများကို မလွဲမသွေကြုံတွေ့ခံစားရလိမ့်မည်သာတည်း"ဟု ဆုံးမစကား ပြောကြားလေသည်။

ကိုယ့်ထက်ဂုဏ်ကြီးသူအား ဝန်တိုလျှင်မိမိသာ လာဘ်တိတ်သည်။

ခင်မောင်အေး (မန္တလေး)

ကျမ်းကိုး ။ ။ နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်။ အတ္ထကာမဝဂ်၊ လောသကဇာတ်။



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံစေတီတော်ရှိ

## လျှို့ဝှက်ဆန်းကြယ်သော နေရာထူးနေရာမြတ်များ

ပထမံဆရာကြီး ဦးအောင်သူ

ကျွန်ုပ်သည် ရွှေတိဂုံဆံတော်ရှင် စေတီတော်ကြီး၌ အမြဲသီတင်းသုံးနေတော်မူသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ အကြောင်းနှင့် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ ဝိဇ္ဇာ၊ ရသေ့မယ်တော်များ အကြောင်းကို ရောင်ပြန်မဂ္ဂဇင်း၌လည်းကောင်း၊ ဘုန်းရောင် ဂျာနယ်၌လည်းကောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ဝိဇ္ဇာလမ်း လိုက်စားကြသူများနှင့် ပုတီးဝါသနာရှင် များ၊ စာပေဝါသနာရှင်များ၊ စာဖတ်ပရိသတ်များ သိရှိနိုင်ရန် ဖော်ပြလိုက်ပါသည်။

ယခုဖော်ပြမည့် အကြောင်းတရားများသည် ရှေး ပညာရှင်များ ရှာဖွေပြုစုထားသော လက်ရေးမူသမိုင်းအရ ထုတ်နုတ်ရေးသားပါသည်။

ကျွန်ုပ် ဖော်ပြရေးသားမည့် အံ့ဖွယ်ရာအကြောင်း အရာများကို ကျွန်ုပ်ရဲ့ ဆရာသမားဖြစ်တဲ့ ဦးသန့်(လာဘ်မိုး ဓွေ)က တစ်နေ့သ၌ ကျွန်ုပ်ကို ဖော်ပြပါအကြောင်းအရာပါ မှတ်တမ်းစာအုပ်ကို ပေးပြီး ရေးခိုင်းသဖြင့် ကျွန်ုပ်ကတစ်ဆင့် စာဖတ်သူများကို မျှဝေလိုက်ပါသည်။

ကျွန်ုပ်ရဲ့ ပထမဆရာဖြစ်တဲ့ ရောင်ပြန်၊ ဘုန်းရောင် အယ်ဒီတာချုပ် ဦးမောင်မောင်မြင့်အေးက ဤမှတ်တမ်းကို အရင်ဆုံး ရရှိခဲ့သည်ဟု သိရပါသည်။

မည်သို့ပင်ဆိုစေ ဖော်ပြပါ ဆရာသမားနှစ်ဦးရဲ့ စုဆောင်းခဲ့သော ရှားပါးရှေးဟောင်းလက်ရေးမူ စာစုများမှာ မှတ်သားစရာ ကျင့်ကြံဖွယ်ရာ နေရာဒေသများကို ပုတီး ဝါသနာရှင်များနှင့် ဝိဇ္ဇာပညာ လိုက်စားကြသော သူတော်စင် များအတွက် အထောက်အကူရရှိမည်မှာ မလွဲပါ။ ဒါကြောင့် စာဖတ်သူများ လေ့လာဖတ်ရှုမှတ်သားမှုများ ရရှိနိုင်ကြပါ စေလို့ ဆိုပါရစေ။

ရွှေတိဂုံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ဆံတော် တိုက်(ဌာပနာတိုက်)အတွင်း ကိန်းဝပ်တော်မူလျက်ရှိကြ သော ဘုရားရှင်လေးဆူတို့၏ ပရိဘောဂများနှင့် ဂေါတမမြတ် စွာ၏ ဆံတော်ရှင်နှင့် ဓာတ်တော်ရှင်ရုပ်ပွားတော်မြတ်ကြီး များမှာ -

(၁) ကကုသန်မြတ်စွာဘုရား၏ တောင်ဝှေးတော်- မူလကောင်းမှုပါရမီရှင်များ ဘိုးတော်သိကြားမင်း ပဉ္စဝဂ္ဂီငါးပါး ထံမှ သျှင်အဿဇိရဟန္တာမထေရ်ကြီးထံမှ ရရှိတော်မူခဲ့သည်။

(၂) ကောဏာဂုံမြတ်စွာဘုရား၏ ဓမကရိတ်ရေစစ် တော် - မူလကောင်းမှုတော်ပါရမီရှင် အင်းဝပထမဘုရင်မင်း ခေါင်၏ မိဖုရားခေါင်ကြီး ဖြစ်သည်။ ယခုအခါ တာဝတိံသာ နတ်ဘုံတွင် စုဋ္ဌာမုဘွဲ့အမည်တော်ဖြင့် နေတော်မူသော နတ် သမီးတစ်ပါးဖြစ်သည့် အခြံအရံ သုံးသောင်းကျော်ရှိသည့် သျှင်မဟာကဿပ ရဟန္တာမထေရ်မြတ်ကြီး (အလောင်း တော်ကဿပ)ထံမှ ရရှိတော်မူခဲ့သည်။

(၃) ကဿပမြတ်စွာဘုရား၏ ရေသနုတ်တော် သင်္ကန်းတော် - မူလကောင်းမှုတော်ပါရမီရှင် ဥက္ကလာ မင်းကြီး ယခုအခါ တာဝတိံသာနတ်ဘုံ၌ "ဥဒေါဇဒေဝ" အမည်တော်ဖြင့် စံနေတော်မူသော နတ်သားတစ်ပါးဖြစ်သည်။ အခြံ အရံငါးသောင်းရှိသည်။ တာဝတိံသာနတ်ဘုံမှ ပဋ္ဌာန်းဆက်၊ မင်္ဂလာဒေဝသားကြီးထံမှ ရရှိတော်မူသည်။

(၄) ဂေါတမမြတ်စွာဘုရား ဓမကရိတ်ရေစစ်တော်



www.burmeseclassic.com

www.burmeseclassic.com

ဘို မူလကောင်းမှုရှင်မှာ ဘုရင်မကြီး ရှင်စောပု ဖြစ်သည်။ ၎င်းမှာ ယခုအခါ နန္ဒိယပြပဿာပဟူသော အမည်တော်ဖြင့် တော့ဌာစျာန်ဘုံ အကနိဋ္ဌပြပဿာဘုံတွင် စံနေတော်မူလျက်ရှိသည်။ တုသိတာဘုံမှ မိခင်ပဋ္ဌာန်းဆက် ရေရှစ္စာနတ်ဒေဝီ နတ်သမီးထံ၌ ရှိတော်မူသည်။

(၅) ဂေါ်တမဘုရား ဆံတော်လေးဆူကို တဖုဿ၊ ဘလ္လိက နောင်တော်တဖုဿမှာ ယခုအခါ တဖုဿဒေဝဘွဲ့ အမည်တော်ဖြင့် တာဝတိံသာနတ်ဘုံတွင် စံနေတော်မူလျက်ရှိသည်။ အခြံအရံငါးသောင်းရှိသည်။ ညီတော် ဘလ္လိကမှာ ယခုအခါ ဘလ္လိကဒေဝဘွဲ့အမည်ဖြင့် အခြံအရံခုနစ်သောင်းရှိသည်။ ဂေါ်တမမြတ်စွာဘုရား ကိုယ်တော်တိုင် ဆံတော်ရှစ်ဆူခန့် မြင့်တော်မူသည့် ဗိုလ်တထောင်ဘုရား၊ ဆူးလေစေတီတော်တွင် နှစ်ဆူ ဌာပနာတော်မူသည်။

**ရွှေတိဂုံစေတီတော်ရှိ အံ့ဖွယ်ထူးခြားသောနေရာများ**

စာဖတ်သူများနှင့် ဝိဇ္ဇာပညာလိုက်စားကြသော သူတော်စင်များအတွက် လေ့လာဆည်းပူး ပညာယူနိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။

(၁) ရွှေတိဂုံစေတီတော်ရဲ့ အရှေ့ဘက်မုခ်အတွင်းမှာ သီတင်းသုံးတော်မူသော ကကုသန်မြတ်စွာဘုရား ရုပ်ပွားတော်ရဲ့ ရင်ညွှန့်တော်မှာ ဓာတ်တော်နှစ်ဆူ ဌာပနာထားတယ်လို့ သိရပါတယ်။ အဲဒီဘုရားရှင်ရဲ့ မူလကောင်းမှုရှင်မှာ ဘိုးတော်သိကြားမင်းလို့ ဆိုပါတယ်။ သိကြားမင်းရဲ့ ဘွဲ့တော်မှာ ဂုဏာဒေဝဟု ဆိုပါတယ်။

(၂) ရွှေတိဂုံဘုရားရဲ့ တောင်ဘက်မုခ်အတွင်းမှာရှိတဲ့ ကောဏာဂုံဘုရားရဲ့ ရင်ညွှန့်အတွင်းမှာ ဓာတ်တော်နှစ်ဆူ ဌာပနာထားတယ်လို့ ဆိုပါတယ်။ မူလပါရမီရှင်မှာ ဘိုးတော်သိကြားမင်းဖြစ်၍ ၎င်းရဲ့ ဘွဲ့တော်မှာ သောပစ္စုရဒေဝလို့ သိရပါတယ်။

(၃) ရွှေတိဂုံအနောက်မုခ်အတွင်းရှိ ကဿပမြတ်စွာဘုရားရဲ့ ရင်ညွှန့်တော်မှာ ဓာတ်တော်နှစ်ဆူ ဌာပနာထားပါတယ်။ မူလပါရမီရှင်မှာ ဘိုးတော်သိကြားမင်းဖြစ်ပြီး ဘုရားစောင့် နတ်ဒေဝါမှာ တေမိန္ဒဒေဝ ဖြစ်ပါတယ်။

(၄) ရွှေတိဂုံစေတီရဲ့ မြောက်ဘက်မုခ်အတွင်းရှိ ဂေါ်တမရုပ်ပွားတော်ရဲ့ ရင်ညွှန့်မှာ ဓာတ်တော်နှစ်ဆူ ဌာပနာထားပါတယ်။ မူလပါရမီရှင်မှာ ဘိုးတော်သိကြားမင်း ဖြစ်၍ အစောင့်မှာ သုမောရာဒေဝဖြစ်ပါတယ်။

(၅) အောင်ရန်နာရှင်ကိုယ်တော်မြတ် ဥက္ကာလုံမွေ့ရှင်တော် ဝမ်းဗိုက်ထဲတွင် ဆံတော်ရှင် ငါးဆူ ဌာပနာထားပါတယ်။ ၎င်းနေရာမှာ မြောက်ဘက်ဆံတော်တွင်း အပေါက်ဝအရှေ့လက်ယာမျက်နှာမူ ရုပ်ပွားတော် ပဉ္စဝဂ္ဂီရပာန္တာမထေရ်မြတ်ကြီး ငါးပါး၊ ၎င်းနေရာမှာ အစောင့်အဖြစ် မောတုဒေဝ ဖြစ်ပါတယ်။

(၆) ပဓိန်ချင်း(ခေါ်) အောင်စေရုပ်ပွားတော် မဏိတော်မှာ ဆံတော်ရှင် လေးဆူ၊ မူလကောင်းမှုပါရမီရှင်မှာ အွာကုန်းဘိုးတော် ဝိဇ္ဇာမိုရ်ကြီး ဖြစ်သည်။ ထွက်ရပ်ပေါက်လောက၌ ထင်ရှားလျက်ရှိသော တရုတ်မျိုးနွယ် ဝိဇ္ဇာမိုရ်ကြီး ဖြစ်သည်။ တရုတ်နိုင်ငံ ပီကင်းမြို့ရှိ နံရမ်ကျောင်း ဗုဒ္ဓစွယ်တော်တိုက်တွင် သီတင်းသုံးနေတော်မူသည်။

(၇) တောင်ယံပဓိန်း (ခေါ်) သိဒ္ဓိအောင်ရုပ်ပွားတော် ဌာပနာသည့်နေရာမှာ မဏိတော်၌ ဆံတော်ရှင်သုံးဆူ၊ ဝဲဘက်မျက်လုံး၌ ဓာတ်ရှင်တစ်ဆူ၊ လက်ျာဘက်မျက်လုံးတော်၌ ဓာတ်တော်ရှင်တစ်ဆူ ဖြစ်ပါတယ်။

မူလကောင်းမှုရှင်များ - တန်ချီလင်းဝိဇ္ဇာရသေ့မယ်တော် ဖြစ်ပါတယ်။ တရုတ်အမျိုးအနွယ် ရသေ့ဝိဇ္ဇာမယ်တော်တစ်ပါး ဖြစ်ပါတယ်။ တရုတ်ပြည် ယံစီမြစ်ဝှမ်းတွင် သီတင်းသုံးနေတော်မူလျက်ရှိသည်။ ရွှေတိဂုံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ဆံတော်တိုက်အတွင်း၌ မကြာခဏ ကြွလာ၍ ဘာဝနာကုသိုလ်တော်၊ အဓိဋ္ဌာန်ကုသိုလ်တော် ပွားများအားထုတ်တော်မူလေ့ရှိသည်။

ရင်ပြင်တော်နောင်တော်ကြီးစေတီ၏ အနောက်ဘက်ကပ်လျက် အရှေ့ဘက်မျက်နှာတော်မူထားသော ရုပ်ပွားတော်မြတ်ကြီးတစ်ဆူ ရှိသည်။ ထိုရုပ်ပွားတော်မြတ်ကြီးမှာ တောင်ယံပဓိန်းခေါ် သိဒ္ဓိအောင်ရုပ်ပွားတော်မြတ်ကြီးနှင့် ဆင်တူဖြစ် ာည်။

(၈) အရဟံသိဒ္ဓိရုပ်ပွားတော်တွင် မဏိတော်၌ ဆံတော်ရှင် နှစ်ဆူ အထက်ပစ္စယံ (တဝဂ္ဂ)ထဲမှ ရုပ်ပွားတော် ၎င်းတွင် လက်ျာဘက်ပခုံးတော်၌ ဓာတ်တော်ရှင် တစ်ဆူ-



www.burmeseclassic.com

www.burmeseclassic.com

မူလကောင်းမှုတော်ရှင်မှာ ဘိုးတော်အောင်မင်းခေါင် ရသေ့ ဝိဇ္ဇာမိုရ်ကြီး၊ ၎င်းဘုရားစောင့်မှာ ပစ္စေရဒေဝဖြစ်ပါတယ်။

မှတ်ချက် - ဘိုးဘိုးအောင်ဘုရားဟူ၍လည်းကောင်း၊ ပတ္တမြားမျက်ရှင်ဘုရားဟူ၍လည်းကောင်း လူအများခေါ်နေသော တဝဂ္ဂ ဖြစ်ပါတယ်။

(၁၀) မဏိအောင်စေတီရုပ်ပွားတော်-လက်ဝဲမျက်လုံးတော်၌ ဆံတော်ရှင်တစ်ဆူ၊ လက်ျာဘက်ပခုံးတော်၌ ဓာတ်တော်ရှင်တစ်ဆူ ဖြစ်ပါတယ်။ နေရာမှာ အရှေ့မုခ်ဦး တန်ဆောင်းကြီးအတွင်း ရုပ်ပွားတော်ကြီး လေးဆူရှိသည့် အနက် လက်ျာအစွန်းမှ ရုပ်ပွားတော်ဖြစ်သည်။ မူလကောင်း မှုရှင်မှာ ဝိဇ္ဇာပေါင်းစုံဖြစ်ပါတယ်။ ဘုရားစောင့်မှာ ဂန္ဓီရဒေဝ ဖြစ်ပါတယ်။

(၁၁) တြိရတဝအောင်ရုပ်ပွားတော်များ - နေရာ ဂေါပကရုံးရှေ့ အာရုံခံတန်ဆောင်းနှင့် ကပ်လျက်ရှိသော စေတီတော်နှစ်ဆူအနက် တဝဂ္ဂ၌ရှိသော စေတီမှ ရုပ်ပွားတော် ဌာပနာသည့်နေရာ၊

လက်ဝဲဘက် မဏိတော်၌ ဆံတော်ရှင် တစ်ဆူ၊
လက်ျာဘက် မဏိတော်ဆံတော်ရှင် တစ်ဆူ၊
လက်ဝဲဘက်ပခုံးတော်ဓ. ာ်တော်ရှင် တစ်ဆူ၊
လက်ျာဘက်ပခုံးတော်မာဟဲတော်ရှင် တစ်ဆူ၊
ရင်ညွန့်တော်၌ ဓာတ်တော်ရှင် တစ်ဆူ၊
လက်ဝဲဝမ်းဗိုက်တော်ဓာတ်တော်ရှင် တစ်ဆူ၊
လက်ျာဝမ်းဗိုက်တော်ဓာတ်တော်ရှင် တစ်ဆူ၊
လက်ဝဲဖဝါးတော်ဓာတ်တော်ရှင် - ဗုဒ္ဓစမ
လက်ျာဖဝါးတော်ဓာတ်တော်ရှင် - ဗုဒ္ဓစမ စသည် တို့ ဖြစ်ပါသည်။

**မြတ်စွာဘုရား၏ ကိန်းဝပ်တော်မူလျက်ရှိေသာ ဌာပနာထားသည့် နေရာတော်နှင့် ဆံတော်ရှင် ဓာတ်တော်ရှင်များကို ဖော်ပြခြင်း**

(၁) ရတနာသိဂီရုပ်ပွားတော်၏ ရင်ညွန့်တော် ဆံတော်ရှင်တစ်ဆူ နေရာမှာ ရာဟုထောင့်သံတန်ဆောင်း ကြီး အနီးကပ်လျက်ရှိသည်။ မူလကောင်းမှုရှင်မှာ ဘုရင်မ ကြီး ရှင်စောပု ဖြစ်သည်။

မှတ်ချက်-မြန်မာ့သမိုင်းတွင် ဗညားကျန်းတော မင်းအိုစောဘိုးမယ် ရှင်စောပုဟူလျက် ထင်ရှားကျော်ကြားခဲ့ သော ရာဇာဓိရာဇ်၏ သမီးတော် ပဲခူးနိုင်ငံတော်၏ ဘုရင်မ ကြီးဖြစ်သည်။ ယခုအခါ နန္ဒိယမြဗုဒ္ဓါကြီးဘဝ ကူးပြောင်း ရောက်ရှိနေတော်မူသည်။

(၂) အောင်ရတနာရုပ်ပွားတော် လက်ဝဲမျက်လုံး တော် ဆံတော်ရှင်တစ်ဆူ၊ လက်ျာမျက်လုံးတော်တွင် ဆံတော် ရှင်တစ်ဆူ နေရာမှာ တနင်္လာထောင့် နှစ်ဆူရှိသည့်အနက် လက်ျာဘက်ရုပ်ပွားတော်ဖြစ်သည်။ မူလကောင်းမှုရှင်မှာ ဓမ္မ စေတီမင်း ဖြစ်၏။ ဘုရားစောင့်မှာ မရုဂန္ဓဒေဝ ဖြစ်သည်။

မှတ်ချက်-ဘုရင်မကြီးရှင်စောပု၏ သားမက်တော် ဖြစ်သည်။ ယခုအခါ မာယာဘုံတွင် ဓမ္မာသောနီဒေဝ ဘွဲ့ အမည်တော်ဖြင့် စံနေတော်မူလျက်ရှိသည်။ အခြံအရံမှာ ကိုးသောင်း ရှိသည်။

(၃) အရံစေတီများဆံတော်ရှင် ၅၀၀၀၊ ဓာတ်တော် ရှင် ၃၀၀၀။ ၎င်းတို့မှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပတ်လည်အရံစေတီများဖြစ်သည်။ မူလကောင်းမှုရှင်များ- ထွက်ရပ်ပေါက် သိဒ္ဓိရှင်ပေါင်း ၅၅၆၀ ဖြစ်သည်။ ဘုရား စောင့်မှာ ဇဏ္ဏိတဒေဝဖြစ်သည်။

မှတ်ချက်-ထိုရသေ့ ဝိဇ္ဇာဆရာတော်ကြီးနှစ်ပါးမှာ ဟိမဝန္တာတွင် သီတင်းသုံးနေတော်မူလျက် ရှိကြသည်၊ ထိုနေရာတွင် ရက်ပေါင်းတစ်ထောင်ပြည့်လျှင် ဝိတိုရိယ တောင်၊ ခါကာဘိုရာဇီတောင်၊ ဂန်လန်ရာဇီတောင်၊ နာဂ တောင်၊ ပတ်ကွိုင်တောင် စသည်ဖြင့်လည်းကောင်း၊ ရေခဲ၍ လူသူ အရောက်အပေါက်နည်းသော ဒေသရှိ တောင်ကမ္ များ၊ လှိုဏ်များ၊ လိုဏ်ဂူများထဲတွင် လှည့်လည်၍ သီတင်းသုံး တော်မူ လှရှိကြ၏။

(၄) နဝင်းသိဒ္ဓိအောင်စေရုပ်ပွားတော် ဌာပနာထား သည့်နေရာမှာ နဖူးသင်းကျစ်တော်တွင် ဆံတော်ရှင် ငါး ဝမ်းဗိုက်တော်တွင် ဓာတ်တော်ရှင် တစ်ဆူ ရှိသည်။ နေရာမှာ မြောက်ဘက်ဝိဇ္ဇာတန်ဆောင်းကြီး၏ အလယ် ရှိ ရုပ်ပွား တော်ကြီးဖြစ်၍ ဝိဇ္ဇာတန်ဆောင်းထဲတွင် ဇ္ဇာမိုရ်ရုပ်တုများ



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ ဘုရားစောင့်မှာ တေရုပတ္တိဒေဝဖြစ်၏။

မှတ်ချက်-ပထမံဘိုးဘိုးအောင်-ဣစ္ဆာသယဘိုးဘိုးကြီး နှင့်ဝေယျာဝစ္စဦးဣန္ဒာသဖ စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသ သော ဝိဇ္ဇာ ဝိဇ္ဇာမိုရ်ကြီးများ ကောင်းမှုဖြစ်၏။

(၅) နမောသိဒ္ဓိရုပ်ပွားတော်-ဌာပနာသည့်နေရာ-

လက်ဝဲမျက်လုံးတော်-ဓာတ်တော်ရှင် နှစ်ဆူ

လက်ျာမျက်လုံးတော်-ဓာတ်တော်ရှင် နှစ်ဆူ

နေရာမှာ - အနောက်ဘက်မုခ်ဦးတန်ဆောင်းကြီး အတွင်း လက်ျာဘက်စွန်း၊ တောင်ဘက်မှ မြောက်ဘက်ရှိ ရုပ်ပွားတော်။

မူလကောင်းမှုရှင်မှာ ဘိုးတော်စန္ဒောနက္ခဆံရှည် နေသေ့ဆရာတော် ဝိဇ္ဇာမိုရ်ကြီး ဖြစ်သည်။ အစောင့်မှာ ဂန္ဓာ ဒေဝ ဖြစ်၏။

မှတ်ချက် - ထွက်ရပ်ပေါက်လောကတွင် ဆံရှည် သေ့ကြီးဟူ၍ ထင်ရှားကျော်ကြားလျက်ရှိသည်။ အဓိဋ္ဌာန် ပြင့် ထားတော်မူသော ဆံတော်မှာ မတ်တတ်ရပ်နေတော်မူ သည့်အခါ တောင်ဖို့တမျှ ခြေတော်ရင်းတွင် ပုံကျနေတော် မူလျက် ရှိသည်။ ကြွလေရာဘွင် နတ်ဒေဝီတစ်ပါးက ဆံဖျား တော်ကို မချီလျက် လိုက်ပါတော်မူရလေသည်။

(၆) ရန်အောင်မြင်ရုပ်ရှင်တော် ရုပ်ပွားတော်-ဌာပ နာသည့်နေရာမဏိတော်မှာ ဆံတော်ရှင် သုံးဆူ၊ လက်ဝဲ မျက်လုံးတော်တွင် ဓာတ်တော်ရှင်တစ်ဆူ၊ လက်ျာမျက်လုံး တော်တွင် ဓာတ်တော်ရှင်တစ်ဆူ နေရာမှာ-ရှင်မထီးတန် ဆောင်းအနီးရှိ တန်ဆောင်းပေါင်းအတွင်း လက်ျာဘက် အတွင်းဆောင်းတန်းမှာရှိသည်။ မူလကောင်းမှုတော်မှာ-ရှင် အစ္စဂေါဏာ(ခေါ်) သျှင်မထီးဆရာတော် ဝိဇ္ဇာမိုရ်ဆရာတော် ဘုရားကြီးဖြစ်သည်။ အစောင့်မှာ ဝေပုရတ္တိဒေဝဖြစ်သည်။

မှတ်ချက်-ရှင်အစ္စဂေါဏာရသေ့ဘဝမှ ရဟန်းဘောင် သို့ ဝင်ရောက်တော်မူလာခဲ့သော သျှင်မထီးဘွဲ့ခံ ဝိဇ္ဇာမိုရ် ဆရာတော်ကြီးတစ်ပါး ဖြစ်သည်။

(၇) အောင်ဖြူတော်ရုပ်ပွားတော်-ဌာပနာသည့်နေရာ

နဖူးသင်းကျစ်တော် ဆံတော်ရှင် နှစ်ဆူ၊

လက်ဝဲမျက်လုံးတော် ဓာတ်တော်ရှင် တစ်ဆူ၊

လက်ျာမျက်လုံးတော် ဓာတ်တော်ရှင် တစ်ဆူ၊

နေရာ-မြောက်ဘက်ဝိဇ္ဇာတန်ဆောင်းမှ မျက်နှာချင်း ဆိုင် ရခိုင်တန်ဆောင်း အလယ်ဗဟိုတည့်တည့် ရုပ်ပွားတော်

မူလကောင်းမှုရှင်-ဘိုးတော်ဖြူဝိဇ္ဇာရသေ့ဆရာတော်

တစ်နေရာမှာ ရက်ပေါင်းတစ်ထောင်ပြည့်လျှင် တစ် နေရာသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူလေ့ရှိသည်။

(၈) ပြဒါးရှင်ကိုယ်တော် ရုပ်ပွားတော်-ဌာပနာသည့် နေရာ ဝမ်းဗိုက်တော် အလယ်ဗဟိုတည့်တည့် မြောက်ဘက် ဝိဇ္ဇာတန်ဆောင်းနှင့် မျက်နှာချင်းဆိုင် ရခိုင်တန်ဆောင်း အလယ်ဗဟိုတည့်တည့်ရှိ ရုပ်ပွားတော်အစောင့်မှာ သောအိန္ဒာ ဝဒေဝဖြစ်၏။

(၉) ဇေယျာအောင်စေရုပ်ပွားတော်-ဌာပနာသည့် နေရာ-နဖူးသင်းကျစ်တော် အလယ်တည့်တည့် ပြဒါးရှင်လုံး ဌာပနာတော်တွင် ဘိုးမောင်ပု၏ အမျိုးဝိဇ္ဇာပါရမီရှင်နေရာ အင်္ဂါထောင့်တန်ဆောင်းကြားထောင့်တွင် တည်ရှိသော ကြေး ဆင်းတုရုပ်ပွား။

## သာသနာစောင့် လောကပါလနတ်မင်းကြီးနှင့် ဘိုးဘိုးကြီးများ၊ နတ်ဒေဝါများ

(၁) လောကပါလနတ်မင်းကြီးဘွဲ့အမည် မဟာရာဇာ

အမြဲစံသီတင်းသုံးတော်မူသော နေရာတော် မာယာ ဘုံ။

မှတ်ချက်-လူသားလောကလူ့ဘုံကို စောင့်ရှောက်နေ တော်မူလျက်ရှိသော လောကပါလနတ်မင်းကြီးဖြစ်၏။ ၃၁ ဘုံ ဘုံတစ်ဘုံ၌ လောကပါလနတ်မင်းကြီးတစ်ပါးစီ စောင့် ရှောက်တော်မူလျက် ရှိနေသည်။ လောကပါလနတ်ကြီး ၃၁ ပါး ရှိ၏။

(၂) ရန်ကုန်မြို့တော်စောင့် ဘိုးဘိုးကြီးဘွဲ့အမည်မှာ မဟာဂရုဏာဘိုးဘိုးကြီး သောတပန်-အမြဲသီတင်းသုံးတော်မူ သည့် နေရာမှာ ရွှေတိဂုံဆံတော်ရှင်စေတီတော်။

မှတ်ချက် - ဒဂုံဥက္ကလာပတိုင်း(ရန်ကုန်မြို့)တော်ကို စောင့်ရှောက်နေတော်မူလျက်ရှိသော သာသနာတော်စောင့် ဘိုးဘိုးကြီးဖြစ်၏။ သက်တော်မှာ ၃၀၀၀ ကျော်ရှိနေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

(၃) ရွှေတိဂုံဘိုးဘိုးကြီးဘွဲ့အမည်မှာ ဝဂ်ဏာဒေဝ ဘိုးဘိုးကြီး သောတာပန်အရိယာ

အမြဲသီတင်းသုံးသောနေရာမှာ ရွှေတိဂုံဆံတော်ရှင် စေတီတော်စောင့် ဘိုးဘိုးကြီးဖြစ်သည်။ သက်တော်မှာ ၃၀၀၀ ကျော်ရှိပေပြီ။

(၄) ဆံတော်တိုက်စောင့်နတ်ဒေဝါများ၏ အကြီးအမှူး နတ်ဒေဝါကြီး ဘွဲ့အမည်မှာ ရတုစန္ဒာဟတ္တိဒေဝ သောတာပန်အရိယာ

အမြဲသီတင်းသုံးသောနေရာမှာ ရွှေတိဂုံဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ဆံတော်တိုက်အတွင်း

မှတ်ချက် - ဆံတော်တိုက်ကို စောင့်ရှောက်နေတော်မူလျက်ရှိသော နတ်ဒေဝါအပေါင်းမှာ ငါးသောင်းရှိ၏။

ထိုနတ်ဒေဝါအပေါင်း၏ အကြီးအမှူး နတ်ဒေဝါကြီး ဖြစ်၏။

(၅) ဆူးလေဘိုးဘိုးကြီး ဘွဲ့အမည်-အာသောဂန္ဓာ ဒေဝဘိုးဘိုးကြီး-သောတာပန်အရိယာ အမြဲသီတင်းသုံးတော်မူသည့်နေရာ - ဆူးလေဆံတော်ရှင်စေတီတော်

မှတ်ချက်-ဆူးလေဆံတော်ရှင်စေတီတော်မြတ်ကြီး၏ သာသနာတော်စောင့် ဘိုးဘိုးကြီးဖြစ်သည်။ သက်တော်မှာ ၂၅၀၀ ကျော်ရှိ၏။

(၆) ဗိုလ်တထောင်ဘိုးဘိုးကြီး ဘွဲ့အမည်မှာ-စိန္ဒဒေဝ ဘိုးဘိုးကြီး အနာဂါမ်အရိယာ အမြဲသီတင်းသုံးသောနေရာ ဗိုလ်တထောင်ဆံတော်ရှင်စေတီတော်

မှတ်ချက်-ဗိုလ်တစ်ထောင်ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ သာသနာတော်စောင့် ဘိုးဘိုးကြီးဖြစ်သည်။

သက်တော်မှာ-၂၀၀၀ ကျော်ဖြစ်၏။

(၇) သီရိမင်္ဂလာကုန်းမြေ-ကမ္ဘာအေးသာသနာတော်စောင့် ဘိုးဘိုးကြီး ဘွဲ့အမည်မှာ စိန္ဒန္ဒဒေါသကဒေဝ

ဘိုးဘိုးကြီး အနာဂါမ်အရိယာ

အမြဲသီတင်းသုံးသောနေရာ သီရိမင်္ဂလာကုန်းမြေ (ကမ္ဘာအေးလိုဏ်ဂူတော်)

မှတ်ချက်-သီရိမင်္ဂလာကုန်းမြေ(ကမ္ဘာအေး) သာသနာတော်စောင့် ဘိုးဘိုးကြီးဖြစ်သည်။ သက်တော်မှာ ၃၀၀၀ ကျော်ရှိ၏။

(၈) မော်ဘီဘိုးဘိုးကြီး ဘွဲ့အမည်မှာ စံတလီနီယာ ဒေဝဘိုးဘိုးကြီး-သောတာပန်အရိယာ

အမြဲသီတင်းသုံးသောနေရာမှာ သီရိမင်္ဂလာကုန်းမြေ (ကမ္ဘာအေး)လိုဏ်ဂူတော်

မှတ်ချက်-မော်ဘီဒေသတစ်ဝိုက် သာသနာတော်စောင့် ဘိုးဘိုးကြီးဖြစ်သည်။ သက်တော်မှာ ၃၀၀၀ ကျော်ရှိ၏။

(၉) ကျိုက္ကဆံဘိုးဘိုးကြီး ဘွဲ့အမည်မှာ သုတောနိဝါ ဒေဝဘိုးဘိုးကြီး သကဒါဂါမ် အရိယာ

မှတ်ချက်-ကျိုက္ကဆံဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်ရှင် နှစ်ဆူနှင့် ဓာတ်တော်ရှင် သုံးဆူ ဌာပနာထားတော်မူလျက်ရှိသည်။

မူလကောင်းမှုတော်ပါရမီရှင်မှာ ဝိဇ္ဇာမိုရ်ရသေ့ကြီး အဘခေါက်တစ်ဦးတည်းသာဖြစ်၏။ သက်တော်မှာ ၂၄၀၀ ရှိ၏။ ကျိုက္ကဆံဆံတော်ရှင်စေတီတော်မြတ်ကြီး၏ သာသနာတော်စောင့် ဘိုးဘိုးကြီး၏ သက်တော်မှာ ၂၀၀၀ ကျော်ရှိ၏။

ကျိုက်ထီးရိုးမှ ပြောင်းလာသည်မှာ မကြာသေးချေ ဟု ဆိုပါတယ်။

**ပထမံဆရာကြီးဦးအောင်သူ**

၀၉-၂၅၁၀၂၂၃၃

(စာကြွင်း - အထက်ဖော်ပြခဲ့သော အကြောင်းအရာများမှာ လူအများမသိနိုင်ပါချေ ။ဝိဇ္ဇာလမ်းလိုက်စားကြသော သူတော်စင်များနှင့် ပုတီးအဓိဋ္ဌာန်ဝင်သူများအတွက် အလွန်ပင် အထောက်အကူရရှိသိမ့်မည်ဟု ယူဆမိပါသည်။ ဤသာသနာပြု ဆောင်းပါးကို မျှဝေပေးလိုက်ပါသည်။)

**မှီငြမ်း**

ရှေးဟောင်းလက်ရေးမူသမိုင်း။

ဘုရားဒကာ မောင်ဟန်။



www.burmeseclassic.com

www.burmeseclassic.com



# ရွှေတိဂုံဘုရားရှိခိုးနည်း

နှင့်

# ကျိုက်ထီးရိုးဘုရားရှိခိုးနည်း

မင်းဥတ္တရ(သာပေါင်း)

ဤအထက်ပါ ဘုရားရှိခိုးနည်းနှစ်မျိုးကို စာဖတ်သူတို့သိရှုရင် သိကြမယ်။ မသိရှိကြရင် မသိကြလိမ့်မည်။ ဤဘုရားရှိခိုးနည်းကို စာဖတ်သူများအကျိုးကို ရည်မျှော်၍ ရေးသားပူဇော်လိုက်ရပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

## ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဘုရားရှိခိုး

"အောင်ကြောင်းမင်္ဂလာ၊ အောင်ဇေယျတည့်၊ မဟာမုနိ၊ တုမရှိလျှင်၊ ဗောဓိညောင်ရွှေ ပလ္လင်ဗွေမှ၊ လှည့်ခြွေစိုးစံ၊ သတ်ဌာန်တွင်၊ ခက်လျှံညွန့်ဝေ၊ လင်းလွန်းမြေဝယ်၊ နေစဉ်အခါ၊ ဥက္ကာလာမှ၊ သမ္ဘာထူးလှ၊ တဖုဿနှင့် ဘလ္လိကမောင်၊ ညီနှင့်နောင်တို့၊ ဘုန်းခေါင်ထံပါး၊ ရောက်လာပြား၍၊ သရဏဂုံနှင့်၊ ရှစ်စုံအမြတ်၊ သရီဓာတ်ကို၊ ရလတ်သောအခါ၊ မင်းမြတ်စွာနှင့် ဒေဝါအများ၊ မိုးသိကြားတို့၊ ကြိုးစားမယုတ်၊ ခွန်အားထုတ်၍၊ သိင်္ဂုတ်တောင်တွင်၊ တိဂုံရှင်ကို၊ ဖူးမြင်စေတာ၊ ဌာပနာ၏"

"ရှေးခါရိုပ်မြုံ၊ စံကြွတုံသည့်၊ သံ-ဂုံ-ပရှင်၊ ထွင့်သခင်ကို နောင်လျှင်မျှော်ဆ၊ ကောင်းကျိုးရဖို့၊ ဓမ္မကရိဏ်း၊ ရောင်ခြောက်ဆိုင်နှင့်၊ သင်းပိုင်ရေသနုတ်၊ ဆန်းစွာလုပ်သည့်၊ လက်ဆုပ်တောင်ဝှေး၊ ဂုဏ်ရောင်ပြေးလျက်၊ ကြိုင်မွှေးပျံ့သင်း၊ ဤတောင်မင်း၌၊ သီတင်းသုံးရာ၊ မှန်ခဲ့ပါ၏"

"လေးဖြာစုပုံ၊ လေးဓာတ်စုံသား၊ တိဂုံဆံရှင်၊ မြတ်သခင်ကို၊ အိပ်လျှင်ရှိခိုး၊ နိုးလျှင်မိဋ္ဌာန်၊ ပြည်နိဗ္ဗာန်ကို၊ အမှန်ရောက်ပါလိုသော၊ မြတ်ရှင်စော...သြကာသ...သြကာသ သြကာသ"

(ရွှေတိဂုံဘုရားကို သွားရောက်ဖူးမျှော်ကန်တော့ကြသူတိုင်း ဤဘုရားရှိခိုးနည်းဖြင့် ရွတ်ဖတ်သရဇ္ဈာယ်၍ ရှိခိုးပူဇော်ပါက အကျိုးထူးများ လက်ငင်းခံစားနိုင်ပါသည်။)

## ကျိုက်ထီးရိုးဘုရားရှိခိုးနည်း

"မင်္ဂလာမဏ္ဍိုင်၊ ခြောက်ရောင်ဆိုင်သား၊ ဘုန်းလှိုင်သီဂီ၊ မပွင့်မီလျှင်၊ မဟီရောင်ဟုံ၊ သာမျိုးစုံသည့်၊ သထုံနာဂရ၊ တည့်ဌာနဝယ်၊ နာမထင်စွာ၊ သုပိနာဟု၊ အောင်ချာပြည်ကြီး၊ လွန်အံ့ချီးလျက်၊ စည်တီးခရိုင်၊ အုပ်ချုပ်ပိုင်သည့်၊ ရန်နိုင်စိုးပ၊ မင်းတိဿ၏၊ တိဿသားတော်၊ ရသေ့ကျော်လျှင်၊ တောပျော်ခန်းဝါ၊ ထူးသမ္ဘာကြောင့်၊ မြတ်စွာဇိနံ၊ အာကာယံမှ၊ ယာဉ်ပျံနဝရဝ်၊ စိန်ပြာသာဒ်နှင့်၊ ထိန့်လျှင်ဝါဝင်း၊ ဆိုက်လာခြင်းဖြင့်၊ ဝပ်ဆင်းကော်ရေ၊ တောင်းပန်သော်လျှင်၊ ဆံတော်မြနှစ်၊ ရသည်ဖြစ်၍၊ ဆယ့်နှစ်ဝသဘင်၊ ထိပ်ထက်တင်မှ၊ နတ်ရှင်သေဌ်နှင်း၊ သိကြားမင်းနှင့်၊ လူမင်းရသေ့၊ သူမြတ်လေ့ဖြင့်၊ ချမ်းမြေ့သာစည်၊ ဘုရားတည်သား၊ အမည်ကျော်ဟို၊ ကျိုက်ထီးရိုးဟု၊ တန်ခိုးလွှမ်းပတ်၊ စေတီမြတ်ကို၊ မပြတ်နေ့ည၊ သတိရလျက်၊ ဦးချကြိမ်ဖန်၊ အတန်တန်ကြောင့်၊ နိဗ္ဗာန်ထုတ်ပေါက်၊ ကေန်ရောက်၍၊ မျက်မှောက်ပြုရပါလိုသော်၊ မြတ်ရှင်စော...သြကာသ...သြကာသ...သြကာသ"

(ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်ရှင်ကို သွားရောက်ဖူးမြော်ကန်တော့ကြသူတိုင်း ဤဘုရားရှိခိုးနည်း ရွတ်ဖတ်သရဇ္ဈာယ်ပွားများ ရှိခိုးပူဇော် ဖူးမြော်ကြသူတို့သည် စည်းစိမ်ဥစ္စာရတနာ တိုးတက်၍ ချမ်းသာသုခအဝဝနှင့် ပြည့်စုံနိုင်ပါသည်။)

**ဝန်ခံချက်** ။ ဤအထက်ပါ ဘုရားရှိခိုးနည်းများသည် ကျမ်းပြုဆရာတော် ဦးတေဇနိယရဲ့ အခြေခံဗုဒ္ဓဘာသာသင်ခန်းစာကျမ်းမှ ကိုးကားထားပါသည်။

**မင်းဥတ္တရ(သာပေါင်း)**





www.burmeseclassic.com

www.burmeseclassic.com

**အဓိဋ္ဌာန်မြောက်မှ သိဒ္ဓိပေါက်တဲ့ဂါထာ**

\- ဗိန္ဓော အဘင္ဂကော ယောပိ၊
နတ္ထိ လောဟိတ သူဒါနံ။

\- တာဒေဝ ဝစနံ သစ္စံ၊
ဝန္ဒေ တံ လောက နာယကံ။

\- တေန သစ္စေန ပုညေန၊
ဟောတု မေ ဇယမင်္ဂလံ။

# ရွှေတိဂုံဘုရားကြီး

၏

## ကြေးစလောင်းမှာကောင်းမှုပြုရေးလှူထားသည့်

# အဆောင်ဂါထာ

■ ဂမ္ဘီရဆရာငြိမ်း

တစ်နေ့သ၌ ကျွန်ုပ် အဓိဋ္ဌာန်ဝင်ရာ ရွှေတိဂုံဘုရား၊ စနေထောင့်ရှိ နေလဘုရားရှေ့တွင် အသက် ၈၀ ကျော် အရွယ်၊ ဝတ်ဖြူစင်ကြယ်နှင့် ကြည်ညိုလေးစားဖွယ်ကောင်း လွန်းလှသော အဘိုးတစ်ဦးနှင့် ကျွန်ုပ် စကားလက်ဆုံကျခဲ့ ကြလေသည်။

အဘိုးက ကျွန်ုပ်အား စေ့ငုသေချာ၊ လေ့လာအကဲ ခတ် သုံးသပ်ဆင်ခြင်ပြီးမှ သူ၏ ထင်မြင်ယူဆပုံကိုလေသံ အေးအေးလေးဖြင့် စကားစလာသည်။

"မောင်ရင့်ကိုကြည့်ရတာ အဓိဋ္ဌာန်တစ်ခုကို ရှုးရှူး နစ်နစ် မဖြစ်မနေ၊ မလွဲမသွေ အောင်မြင်ထိရောက် ပေါက် မြောက်စေရမယ်ဆိုတဲ့ ယတိပြတ် သန္နိဋ္ဌာန်စိတ်ဓာတ်နဲ့ ကျင့် ကြံအားထုတ်နေတာမဟုတ်လား"

"အဘိုးပြောတာ မှန်ပါတယ်ခင်ဗျာ။ ဝါတွင်းသုံးလ တိုင်းမှာ ကျွန်တော်ဟာ သက်သတ်လွတ်စား၊ ကိုးပါးသီလ ခံယူဆောက်တည်ပြီး အဓိဋ္ဌာန်တစ်ခုခုကို အောင်မြင်အောင် ဇွဲဝီရိယရှိရှိနဲ့ ကျင့်ကြံလေ့ရှိပါတယ်။ အဲဒီလို အဓိဋ္ဌာန်ဝင်



www.burmeseclassic.com

www.burmeseclassic.com

တိုင်းလည်း ဒီ ရွှေတိဂုံဘုရားပေါ်မှာပဲ ဝင်လေ့ရှိပါတယ် အဘိုး"

"ကောင်းပါလေ့ကွယ်၊ ကောင်းပါလေ့။ အဓိဋ္ဌာန်ဆိုတာကိုရော မောင်ရင် ဘယ်လိုသဘောပေါက်ထားသလဲကွယ်"

"စိတ်ကို အခိုင်အမာ မြဲမြဲစွာ ချမှတ်ထားတာလို့ နားလည်ထားပါတယ် အဘိုး"

"အေး...မောင်ရင် နားလည်သဘောပေါက်ထားတာလည်း မှန်ပါတယ်။ ပိုပြီး တိကျအောင် ပြောရရင်တော့ အဓိဋ္ဌာန်ဆိုတာ စိတ်ကို စွဲမြဲစေတာပေါ့ကွယ်။ ဘာကို စွဲမြဲစေရမလဲဆိုရင် ကိုယ်ကြံရွယ်ထားတဲ့အလုပ်၊ တစ်နည်းအားဖြင့် လုပ်ငန်းစဉ်ကို ရှင်သန်ထမြောက်အောင် လုပ်ဆောင်နိုင်တာကို ပြောတာကွယ်၊ အဓိဋ္ဌာန်ရဲ့အစဟာ ယုံကြည်ချက်ပဲကွယ့်"

"ဘယ်လိုယုံကြည်ချက်လဲ အဘိုး"

"မောင်ရင့်အနေနဲ့ ယုံကြည်ချက်ဆိုတာ ဘာလဲဆိုတာကို နားလည်သဘောပေါက်ထားဖို့ လိုတယ်ကွယ့်"

"ကျွန်တော့်ကို ရှင်းပြပါ အဘိုး"

"ရှင်းပြရမှာပေါ့ကွယ်။ ယုံကြည်ချက်ဆိုတာ တစ်စုံတစ်ရာသော ရည်ရွယ်ချက်ရဲ့ အကြောင်းအကျိုးတွေကို ရှေ့နောက်လျော်စွာ ဆက်စပ်သိရှိနားလည်ပြီး မှန်ကန်တယ်လို့ လက်ခံထားတာကို ယုံကြည်ချက်လို့ ခေါ်တယ်ကွယ့်။ မောင်ရင်နားလည်အောင် လွယ်ကူတဲ့ ဥပမာပေးရရင်တော့ ကျောင်းသားတစ်ယောက်ဟာ တစ်နှစ်တစ်တန်း မှန်မှန်အောင်ဖို့ ကျောင်းတက်ရက်မပျက် စာမှန်မှန်ကျက်မှတ် ကြိုးစားပါမှ စာမေးပွဲအောင်မြင်မယ်ဆိုတာကို နားလည်လက်ခံတယ်ဆိုရင် အဲဒါဟာ ကျောင်းသားတစ်ယောက်ရဲ့ ယုံကြည်ချက်ပဲကွယ့်"

"ယုံကြည်ချက် ရှိရုံမျှနဲ့ မအောင်မြင်နိုင်သေးဘူးကွယ့်။ ယုံကြည်ချက်ကို ဆက်လက်အကောင်အထည်ဖော်ပေးဖို့အတွက် ခံယူချက်ရှိဖို့သည်း လိုသေးတယ်ကွယ့်"

"ယုံကြည်ချက်ပြီးတော့ ခံယူချက်ဟုတ်ရဲ့လား အဘိုး ဆက်ရှင်းပြပါဦးခင်ဗျာ"

အဘိုး၏စကားတွေက လေးနက်မှုရှိလာပြီး ကျွန်ုပ်အတွက် ဗဟုသုတကိုပါ ရစေသည့်အကြောင်းခြင်းရာတွေ ပါလာလေရာ ကျွန်ုပ်က လိုလ႑းနှစ်သက်စွာဖြင့် တောင်းဆိုစကား ပြောလိုက်ပါသည်။

"ပြောပြပါ့မယ် မောင်ရယ်။ ယုံကြည်ချက်ကိုပြောပြပြီး ရပ်ထားလိုက်ရင် အမိပ္ပာယ်မဲ့သွားပေမပေါ့ကွယ်။ ယုံကြည်ချက်ရှိရင် ခံယူချက်ရှိရမယ်။ ယုံကြည်ချက်ရှိပြီး ခံယူချက်မရှိရင် လေဖြတ်ရောဂါသည်လို ဖြစ်နေမှာပေါ့ကွယ်။

ခံယူချက်ဆိုတာက တစ်စုံတစ်ခုသော ယုံကြည်ချက်အရ ဆောင်ရွက်ရမယ့်လုပ်ငန်းကို ဆောင်ရွက်ပါမယ်လို့ ဆန္ဒပြုတာဟာ ခံယူချက်ပဲကွယ့်။ ကျောင်းသားတစ်ယောက်ဟာ ကျောင်းမှန်မှန်ဟက်၊ စာမှန်မှန်ကျက်ရင် စာမေးပွဲအောင်မြင်မယ်ဆိုတဲ့ ယုံကြည်ချက်ရှိတယ်။ အဲဒီယုံကြည်ချက်အတိုင်း ကျောင်းမှန်မှန်တက်ပါ့မယ် စာမှန်မှန်ကျက်ပါ့မယ်လို့ ဖြစ်ချင်တဲ့ဆန္ဒ၊ လိုချင်တဲ့ဆန္ဒ၊ အောင်စိတ်ဓာတ်ရှိရင် အဲဒီကျောင်းသားဟာ ယုံကြည်ချက်ကို အကောင်အထည်ဖော်ဖို့ ခံယူချက်ရှိနေပြီလို့ မှတ်ယူရမယ်ကွယ့်။

အဲ...ယုံကြည်ချက်လည်းရှိပြီး ခံယူချက်လည်းရှိပြီဆိုရင် ယုံကြည်ချက်အတိုင်း ခံယူချက်ဆန္ဒပြည့်ဝဖို့ ထိုင်နေလို့မရဘူး။ အိပ်နေလို့မရဘူး။ လက်တွေ့ ကာယကံမြောက် ထိရောက်အောင်မြင်အောင် ကြိုးစားလှုပ်ရှား အကောင်အထည်ဖော်ရမယ်။ ကျောင်းသားတစ်ယောက်ဟာ စာကြိုးစားရင် စာမေးပွဲအောင်မြင်မယ်ဆိုတာကို ယုံကြည်လက်ခံထားသလို စာမေးပွဲအောင်ချင်တဲ့ ဆန္ဒခံယူချက်လည်း ရှိနေလေတော့ ဒီနှစ် ငါ စာမေးပွဲအောင်ကိုအောင်မြင်ရမယ်၊ အောင်မြင်အောင်လည်း ငါကြိုးစားမယ်ဆိုတဲ့ အောင်စိတ်ဓာတ်နဲ့ လက်တွေ့ ကာယကံမြောက် ထိထိရောက်ရောက် ကြိုးစားပြလိုက်တာဟာ အဓိဋ္ဌာန်ပဲပေါ့ကွယ်။ ကျောင်းသားတစ်ယောက် စာကြိုးစားနေတာဟာ ကျောင်းသားတစ်ယောက်ရဲ့ အဓိဋ္ဌာန်ပဲကွယ့်။

ဝိပဿနာအလုပ်ကို ဖွဲ့ရှိရှိနဲ့ လုပ်ရင် နိဗ္ဗာန်ကိုရောက်မယ်လို့ ယုံကြည်ချက်ရှိရင် ဝိပဿနာအလုပ်ကို လုပ်ချင်လာတဲ့ ဆန္ဒခံယူချက်ရှိရမယ်။ အဲဒီခံယူချက်ကို လက်တွေ့မှာလည်း ဆက်လက်ကျင့်ကြံပွားများနေမယ်ဆိုရင် နိဗ္ဗာန်အတွက် အဓိဋ္ဌာန်ဝင်တယ်လို့ ပြောရမှာပေါ့ မောင်ရင် ဒီလောက်ဆိုရင် ရှင်းပါရဲ့နော်"

"ရှင်းပါပြီအဘိုး။ အဘိုးက တစ်ကန့်ချင်း ရှင်းပြလိုက်



www.burmeseclassic.com

www.burmeseclassic.com

အော့ ကျွန်တော် ကွက်ကွက်ကွင်းကွင်းကို သိမြင်နားလည် အောင်ပေါက်သွားပါတယ်"

"မောင်ရင်က ဝါတွင်းသုံးလတိုင်းမှာ အဓိဋ္ဌာန်ဝင်ခဲ့ တယ်ဆိုလို့ ရှင်းပြရတာပါ။ ပြီးတော့ အဓိဋ္ဌာန်ဝင်တိုင်းလည်း ဒီရွှေတိဂုံဘုရားမှာပဲ အဓိဋ္ဌာန်ဝင်လေ့ရှိတယ်ဆိုလို့ မောင်ရင့် ကို ဒီရွှေတိဂုံဘုရားနဲ့ ပတ်သက်တဲ့ အဆောင်ဂါထာ အဓိ ဋ္ဌာန်ဝင်စေချင်လို့ လိပ်ပတ်လည်အောင် ရှင်းပြနေတာပါ မောင်ရင်"

"ကျေးဇူးတင်ပါတယ် အဘိုးရယ်။ အဘိုးကသာ ကျွန်တော့်ကို အဲဒီအဆောင်ဂါထာပေးခဲ့ရင် အဲဒီအဆောင် ဂါထာနဲ့ ကျွန်တော် အဓိဋ္ဌာန်ဝင်ပါ့မယ် အဘိုး။ အဲဒီအဆောင် ဂါထာရဲ့ အကျိုးကျေးဇူးကိုလည်း ပြောပြပါဦး အဘိုးရယ်"

"ပြောပြရမှာပေါ့ မောင်ရင်။ ပြောပြမှလည်း လက်ခံ ယုံကြည်မှုရှိမယ်။ ယုံကြည်သက်ဝင်မှလည်း လိုအင်ဆန္ဒခံ ချက်ရှိလာမယ်။ လိုအင်ဆန္ဒရှိလာမှလည်း ကြိုးစားကျင့် ကြံလာတဲ့ အဓိဋ္ဌာန်ဆိုတာ ဖြစ်ပေါ်လာမှာကိုး။ ဟုတ်ရဲ့လား မောင်ရင်"

"ဟုတ်ပါတယ် အဘိုး။ မှန်ပါတယ်အဘိုး"

"ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော်လောက်က လူမိုက်ကြီး ညွှန့်တင်ဆိုတာ ရှိခဲ့တယ်ကွယ့်။ အဲဒီညွှန့်တင် ဟာ လူရိုးလူအေး ဘဝကနေပြီး မခံချင်တဲ့ခံပြင်းဒေါသစိတ် ကြောင့် လူဆိုးလူမိုက်ကြီးဖြစ်သွားရတာပါ။ သူက လူဆိုးလူ မိုက်ဆိုပေမယ့် မတရားတာဆိုရင် ဘာမှမလုပ်ဘူး။ တရား တာဆိုရင်လည်း ဘယ်သူ့ကိုမှ ပြိုင်ဘက်မထားခဲ့တဲ့ ပြိုင်စံ ရှား လူရိုးလူမိုက်ကြီးပေါ့ကွယ်။

တစ်နေ့မှာတော့ သောင်းကျန်းဆိုး သူခိုးဓားပြအဖွဲ့ ကြီးတစ်ဖွဲ့ဟာ လူမိုက်ကြီးညွှန့်တင်ကြောင့် သူတို့အကြံအစည် တွေ လုပ်ငန်းတွေ ပျက်စီးကျဆုံးရတယ်ဆိုပြီး ညွှန့်တင်ကို ကလိမ်စေ့ငြမ်းဆင် အကောက်ဉာဏ်နဲ့ ဝိုင်းပြီးဖမ်းဆီးလိုက် ကြတာ အဖမ်းခံလိုက်ရတယ်။ ညွှန့်တင်ကိုလည်းမိရော နာကြည်းချက်နဲ့ သူတစ်လက် ငါတစ်လက် ဝိုင်းပြီးထိုးနှက် လိုက်ကြတာ ကျင်ခဲတစ်ကိုယ်လုံးမှာ ဖူးရောင်ရုံကလွဲလို့ သွေးလုံးဝမထွက်ဘူးတဲ့။

အဲဒီတော့ ဓားပြတွေဟာ မျက်လုံးပြူးကုန်ကြပြီး ဒေါသပိုထ၊ ပိုပြီးနိုပ်စက်ကြတဲ့အပြင် ဓားလှံတွေနဲ့ ဆက်လက် ထိုးခုတ်ကြပြန်တယ်တဲ့။ ဒါပေမယ့် ဓားလှံတွေဟာ ခွေပဲ့ကျိုး သွားကြတယ်။ ညွှန့်တင်ကတော့ ဘာမှမဖြစ်ဘူးတဲ့။ ဒီတော့မှ ညွှန့်တင်ကို ဒီကောင် ဓားပြီး တုတ်ပြီးတဲ့ကောင်ဆိုပြီး ရေတွင်းပျက်ထဲ ပစ်ချလိုက်ကြတယ်တဲ့။

ဒါပေမယ့် ညွှန့်တင်က မသေခဲ့ပါဘူးကွယ်။ သူ့ လည်ပင်းမှာ ဆွဲထားတဲ့ ငွေပြားလေးပေါ်က အဆောင်ဂါထာ ကြောင့် သူဟာ ကာယသိဒ္ဓိပြီးတဲ့အစွမ်းကို သိသွားပြီး ရဟန်း ဝတ် အရိုးထုတ်သွားခဲ့တယ်တဲ့။ အဲဒီငွေပြားလက်ဖွဲ့ကလေး ကိုတော့ သူမသေခင်မှာ သူ့တပည့်လေးကို ပေးခဲ့တယ်။ သူ့တပည့်လေးက အဲဒီငွေပြားလေးပေါ်မှာပါတဲ့ အဆောင် ဂါထာကို အဓိဋ္ဌာန်နဲ့ ကျင့်ကြံလိုက်တာ အသက် ၇၀ ကျော် တဲ့အထိ ဘာအန္တရာယ်မှ မရှိဘဲ စိတ်သွားတိုင်း ကိုယ်ပါလို့ လိုရာဆန္ဒ ပြည့်ဝနေတယ်တဲ့။

အဲ . . . ထူးခြားတာက အဲဒီအဆောင်ဂါထာဟာ ဟောဒီရွှေတိဂုံဘုရားကြီးရဲ့ ကြေးစလောင်းမှာ ဘယ်သူက လာပြီး ရေးထိုးလှူဒါန်းထားသလဲမသိဘူး ရေးထိုးထားတာ ရှိနေတယ်ကွယ့်။ အဲဒီလို မွန်မြတ်တဲ့နေရာမျိုးမှာ ရေးထိုးထား နိုင်တာဟာ လူသာမည ပုဂ္ဂိုလ်တွေတော့ မဖြစ်နိုင်ဘူး။ အဆင့်မြင့်တဲ့ သူတော်စင်တွေ၊ နတ်သိကြားတွေပဲ ရေးထိုး ထားနိုင်တာပေါ့ကွယ်။ "လောက်ဆိုရင် ဒီဂါထာရဲ့ တန်ဖိုးနဲ့ တန်ခိုးကို သိလောက်ရောပေါ့ မောင်ရင်"

"သိပါပြီအဘိုးရယ်၊ တော်တော်အစွမ်းထက်လှတဲ့ အဲဒီဂါထာကို ကျွန်တော့်ကို ပေးခဲ့ပါအဘိုး။ အဘိုးပြောပြတာ နဲ့ကို ကျွန်တော် လိုချင်လှပါပြီ အဘိုးရယ်"

"ကာယသိဒ္ဓိ လိုက်စားသူတွေ၊ အောင်မြင်ကြီးပွားလို သူတွေ၊ အန္တရာယ်နဲ့ ကြုံနိုင်သူတွေဆိုရင် သစ္စာဆို အဓိဋ္ဌာန် ပြုပြီး ကျင့်ကြံကြမယ်ဆိုရင် လိုတရ ဆန္ဒပြည့်ဝစေတာပေါ့ ကွယ်"

"ကျွန်တော်လည်း သစ္စာဆိုပြီး အဓိဋ္ဌာန်ဝင်ပါ့မယ် အဘိုး"

"မောင်ရင်က ဂါထာကိုပဲ တောင်းဆိုနေတာကိုး။ ဘယ်လို အဓိဋ္ဌာန်ဝင်ရမယ်ဆိုတာလည်း မေးဦးလေ"

"ကျွန်တော်က အဘိုးပြောပြတာနဲ့ လိုချင်စောလှပြီး

www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒစောသွားလို့ပါ။ ဘယ်လိုအဓိဋ္ဌာန်ဝင်ရမှာလည်း အဘိုး။ ရှင်းပြပါခင်ဗျာ"

"အေး...အဲဒီဂါထာကို တစ်နေ့ အနည်းဆုံး ပုတီး တစ်ပတ် စိပ်ရမယ်။ သုံးလတိတိ မပျက်မကွက်စိပ်ပြီးရင် ထူးခြားမှုတွေ့ရမယ်။ အဓိဋ္ဌာန်ဝင်ပြီးရင်လည်း အခါအားလျော်စွာ ရွတ်ဆိုပွားများနိုင်လေလေ အကျိုးထူးလေလေပဲကွယ့်။ ရော့ မောင်ရင့်အတွက် အဆင်သင့်ပဲ"

အဘိုးသည် ဝါကြန့်ကြန့်ကလေးကို ကျွန်ုပ်၏လက်ထဲသို့ ထည့်ပေးကာ ကျွန်ုပ်အား စူးရှစွာ စိုက်ကြည့်နေလေတော့သည်။

ကျွန်ုပ်ကလည်း ကျွန်ုပ်လိုချင်လွန်းလှသည့် ဂါထာပါသော စာရွက်ကလေးကို ဖြန့်၍ကြည့်လိုက်ရာ ရေးပေပုရပိုက်များတွင် ရေးသားထားသော လက်ရေးလက်သားမျိုးဖြင့် သေသပ်လှပ ဝိုင်းစက်ညီညာစွာ ရေးသားထားသည့် အောက်ဖော်ပြပါ ဂါထာကို တွေ့မြင်ဖတ်ရှုလိုက်ရပါတော့သည်။

**အဓိဋ္ဌာန်မြောက်မှ သိဒ္ဓိပေါက်တဲ့ဂါထာ**

- ဇိနော အဘင္ဂကော ယောပိ၊
  နတ္ထိ လောဟိ(၁) သူဒါန်၊
- တဒေဝ ဝစနံ သစ္စံ၊
  ဝန္ဒေ တံ လောက နာယကံ။
- တေန သစ္စေန ပုညေန၊
  ဟောတု မေ ဇယမင်္ဂလံ။

ဇိနော = ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ အဘင္ဂ ကောယော = မပျက်စီးနိုင်သောကိုယ်တော်ရှိသည်။ အမှီ= ဖြစ်ပေ၏။ လောဟိတသူဒန် = မြတ်စွာဘုရား၏ကိုယ်တော်မှ သွေးယိုစီးခြင်းသည်။ နတ္ထိ = လုံးဝ မရှိပေ။

တဒေဝ ဝစနံ = ထိုဆိုခဲ့ပြီးသော စကားသည်သာလျှင်။ သစ္စံ = မှန်၏။ တံ လောက နာယကံ = လောကသုံးပါး၏ အကြီးအမှူးဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ = အကျွန်ုပ်သည်။ ဝန္ဒေ = ဝန္ဒာမိ = ရှိခိုးပါ၏။

တေန သစ္စေန = ထိုသို့ဆိုထား သစ္စာစကားကြောင့်လည်းကောင်း။ တေန ပုညေန = ရှိခိုးပြုစု ထိုကောင်းမှုကြောင့်လည်းကောင်း။ မေ = အကျွန်ုပ်အား။ ဇယမင်္ဂလံ
အောင်ခြင်းဝေဖြာ မင်္ဂလာသည်။ ဟောတု = အောင်သံလ
ခြွေ ဖြစ်ပါစေသတည်း။

"သိပ်ကောင်းတဲ့ အနက်အဓိပ္ပာယ်ပါလား အဘိ
ဒါကြောင့် ဒီဂါထာစွမ်း...ဟင်...အဘိုး...အဘိုး"

ကျွန်ုပ်က ဂါထာပါ ပါဠိနှင့် အနက်အဓိပ္ပာယ်
စိတ်ဝင်စားစွာ ဖတ်ရှုပြီး အားရကျေနပ်စွာဖြင့် ပြောဆိုရင်း
ကျွန်ုပ်အား စိုက်ကြည့်နေခဲ့ကသော အဘိုးအား ကြည့်လိုက်
သောအခါ အဘိုးမှာ ကျွန်ုပ်၏အနားတွင် မရှိတော့ဘဲ လုံး
ပျောက်ကွယ်သွားပါလေတော့သည်။

ကျွန်ုပ်၏ စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားကာ ဝ
နည်းသလို ခံစားလိုက်ရလေသည်။

ကျေးဇူးတင်စကားပင် မပြောလိုက်ရသောကြော
ရင်ထဲမှာ ဟာတာတာဖြစ်ကာ ကျန်ခဲ့ရပါသည်။

လူရိုးလူမိုက်ကြီး ညွန့်တင်၏တပည့်သည် ဤဂါထ
ကို အဓိဋ္ဌာန်နဲ့ ကျင့်ခဲ့ရာ အသက် ၇၀ ကျော်သည်အထ
မည်သည့်အန္တရာယ်မျှမရှိဘဲ စိတ်သွားတိုင်းကိုယ်ပါ၍ လို
ဆန္ဒ ပြည့်ဝနေခဲ့သည်ဟု အဘိုးက ပြောခဲ့သည်။

အဘိုးအရွယ်ကလည်း ကျွန်ုပ်ခန့်မှန်းထားသည့်နည်
တူ အသက် (၇၀) ဝန်းကျင်ပင် ဖြစ်နေလေရာ အဘိုးသည်
ပင်လျှင် ဦးညွန့်တင်၏ တပည့်များ ဖြစ်နေလေရော့သလာ
ဟု ကျွန်ုပ် တွေးတောခန့်မှန်းနေခဲ့ပါတော့သည်။

ကျွန်ုပ်လည်း အဘိုးမှာကြားခဲ့သည့်အတိုင်း...

"ကျေးဇူးကြီးလှ၊ မြတ်ဗုဒ္ဓ၏ကိုယ်တော်ကို မည်သူ
မျှ မဖျက်ဆီးနိုင်။ သွေးမထွက်စေနိုင်။ ထိုစကားမှန်ပါ၏
မြတ်ဗုဒ္ဓကို ရှိခိုးပူဇော်ပါ၏။ ဤသစ္စာ ဤကုသိုလ်ကြော
တပည့်တော်၏ အကြံအစည်မှန်သမျှ အောင်မြင်ပါရ
သွားလေရာ လာလေရာတွင်လည်း ဘေးမသီရန်မခဘဲ စိ
သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒ ပြည့်ဝပါစေ"

ဟု သစ္စာဆို ကုသိုလ်ပြု ဆုတောင်းပြီး အဓိဋ္ဌာန်ဝ
ခဲ့လေရာ ယနေ့ထက်တိုင် လိုအင်ဆန္ဒ ပြည့်ဝနေပါတော့
တည်း။

ဂမ္ဘီရ ...ရာငြိမ်



www.burmeseclassic.com

www.burmeseclassic.com

# လူသစ် စိတ်သစ် ကြံ့တိုင်းဖြစ်

## မနောလိပ်ပြာ စိတ်ကမ္ဘာစာစုများ

### သက်လုံ

#### ရာသက်ပန် နုပျိုနေရေး

သက်လုံ – ကဲ . . . ဦးသံဝေ . ရောက်ရောက်ချင်းပဲ မေး လိုက်ရဦးမယ်။ သိဒ္ဓိတွေအကြောင်း ခင်ဗျား သိမှာပေါ့နော်။

ဦးသံဝေ – ကြားဖူးပါတယ်။ ကာယသိဒ္ဓိတို့ ပီယသိဒ္ဓိတို့ ဆိုတာတွေလေ။

– ဟုတ်ကဲ့။ လောကီပညာလို့လည်းခေါ်တဲ့ ဂန္ဓာရီ ပညာလမ်းကို လေ့လာဖူးရင် ကြားဖူးမှာပါပဲ။ အဓိပ္ပာယ်က ဘာတဲ့လဲဗျ။

– ကာယသိဒ္ဓိဆိုတာ သေနတ်နဲ့ပစ်ရင် ပေါက်ပြဲရှနာ သေကျေခြင်း မဖြစ်ဘူး။ ဓားနဲ့ထိုးလည်း ဓားကျိုး လို့ လုံခွေ ဆိုတာမျိုးပေါ့။ လက်နက်မှန်သမျှ ပြီးတဲ့ သိဒ္ဓိဟာ ကာယသိဒ္ဓိပေါ့။ လူတကာက ကိုယ့်ကို ချစ်ခင်လာရတဲ့ပြီးစီးမှုတန်ခိုးက ပီယသိဒ္ဓိပေါ့။ နေပါ ဦးဗျ။ ခင်ဗျားက ဂန္ဓာရီပညာတွေအကြောင်း ဆွေး နွေးမလို့လား။

– မဟုတ်သေးပါဘူးလေ။ စကားဆုံးဆောင် နား ထောင်ပါဦးဗျ။ အဲ . . . ခုနက သိဒ္ဓိဆိုတာတွေထဲမှာ ယောဗ္ဗန ('ယွတ်ဗန'ဟုဖတ်ပါ) သိဒ္ဓိဆိုတာ ကြား ဖူးသလား။

– ဟင့်အင်း . . . မကြားဖူးဘူး.၊ ဘာလဲဗျ၊ ယောဗ္ဗန သိဒ္ဓိဆိုတာ။

– အသက်ဘယ်လောက်ကြီးကြီး အရွယ်က နုပျိုနေ စေတဲ့ သိဒ္ဓိလေ။ ပျိုရွယ်မှု သိဒ္ဓိပေါ့။

– ဟာ . . . တယ်ဟန်ပါလား။ ခင်ဗျားတို့ ကျွန်တော် တို့လို အဘိုးကြီးတွေရဲ့ သည်းခြေကြိုက်သိဒ္ဓိပေါ့။ ဟား . . . ဟား။

– မှန်တာပေါ့။ ဒါပေမဲ့ လူငယ်ဆိုတာလည်း တစ်နေ့ မှာ အိုမင်းလာရမှာမို့ ခုကတည်းက လေ့လာထား ရင် မမှားဘူးပေါ့လေ။ အဲ . . . အဲဒီသိဒ္ဓိဟာ ဂန္ဓာရီ နည်းနဲ့ လုပ်တာကမှ ခက်ဦးမယ်။ ကျွန်တော်တို့ စိတ်ကမ္ဘာမှာလည်း ရာသက်ပန် နုပျိုနေရေး အတွက် နည်းတွေရှိပါတယ်။ ဒါတွေကမှ လုပ်ရ လွယ်သေးတယ်။

ဝေ – ကဲ . . . လုပ်စမ်းပါဗျာ။ ဒါမျိုးတော့ တစ်လုံးတစ် ပါဒမှ အလွတ်မခံချင်လို့ စာရွက်နဲ့ မှတ်စမ်းပါရ စေဗျာနော်။

လုံ – အချက်အလက်က သိပ်များများ မရှိတာကျတော့မှ စာရွက်နဲ့မှတ်ပါရစေတဲ့။ မှတ်ချင်မှတ်ပေါ့လေ။ တကယ်ဆိုရင်တော့ ဒီတစ်ခါ ဆွေးနွေးမှာက ခင်ဗျားနဲ့တိုက်ရိုက် ပတ်သက်နေလို့ ခင်ဗျား စိတ်ပါ ဝင်စားမှာ အမှန်ဖြစ်နေတော့ စာရွက်နဲ့မမှတ်ဘဲ နဲ့တောင် ခေါင်းထဲရိုက်သွင်းလိုက်သလို မှတ်မိမှာ သေချာပါတယ်ဗျာ။

ဝေ – ဟုတ်ပါတယ်လေ။ ဒါပေမဲ့ ပိုပြီးသေချာအောင် စာရွက်နဲ့မှတ်ပါရစေ။ ကျွန်တော်က အသက်ကြီး ပေမယ့် အရွယ်တင်ချင်တဲ့ ဆန္ဒကလေးကရှိတော့ သေချာအောင် လုပ်ပါရစေဗျာ။ ခွင့်လွှတ်ပါ။

လုံ – ကိုင်း . . . လက်ညှောင်းမှာ စိုးလို့ပြောတာ။ ပြောမရ လည်း လုပ်စေဗျာ၊ လုပ်စေ။ ကဲ . . . စပြီး ဆွေး နွေးတော့မယ်နော်။ တော်တော်မှန်တဲ့ စကားတစ် ခွန်းကို ကျွန်တော် ဖတ်ဖူးတယ်။ နုပျိုခြင်းဆိုတာ ဘဝရဲ့အချိန်ကာလတစ်ခုကို ခေါ်တာမဟုတ်ဘူး။ စိတ်ရဲ့အခြေအနေတစ်ခုသာ ဖြစ်တယ်တဲ့။

ဝေ – ဟာ . . . စိတ်ကမ္ဘာထဲကကြည့်ရင် တယ်မှန်တဲ့ စကားပဲ။ မှတ်လိုက်ဦးမယ်ဗျာ။ အသက်ငယ်တာ၊

www.burmeseclassic.com

www.burmeseclassic.com

အသက်ကြီးတာတွေဟာ ဘဝရဲ့အချိန်ကာလတွေပဲ။ ဒါပေမဲ့ နုပျိုမှု၊ အိုမင်းမှုဆိုတာ အသက်အရွယ်ပေါ်မှာထက် စိတ်အနေအထားပေါ်မှာ ပိုပြီးတည်တယ်ဆိုပါတော့။

လုံ – ဟုတ်တယ် ... အချို့လူတွေဟာ အသက် ၃၀ လောက်မှာပဲ အိုစာနေပြီ။ အချို့လူတွေကျတော့ အသက်ကြီးရင့်လာတဲ့တိုင်အောင် စိတ်ရွှင်လန်းနုပျိုနေတယ်။ အဲ့ဒါပဲ ကြည့်ပေါ့။

ဝေ – ကျွန်တော် သဘောပေါက်ပြီ။ နုပျိုတယ်ဆိုတာ ပုံပန်းနုပျိုနေတာထက် စိတ်ဓာတ်နဲ့ လုပ်ရည်ကိုင်ရည် နုပျိုတာကို ခင်ဗျားဆိုလိုတာပဲ။

လုံ – ဟုတ်တာပေါ့။ နတ်ရေကန်ထဲဆင်းတယ် ဆိုတာက စိတ်ကမ္ဘာကနည်းမဟုတ်ဘူး။ စိတ်ကူးယဉ်ကမ္ဘာထဲကနည်းဗျ။ ကျွန်တော် ဆွေးနွေးမှာက တကယ်လုပ်ရင် မုချဖြစ်မယ့် စိတ်ကမ္ဘာထဲကနည်းဗျ။ ဒါကြောင့် နုပျိုတယ်ဆိုတာ စိတ်ဓာတ်နဲ့ လုပ်ရည်ကိုင်ရည် နုပျိုတာကို ဆိုလိုတယ်။ အသက် ၈၀ အရွယ်မှာ အသက် ၂၀ ဝတ်တဲ့ အဝတ်အစားတွေ ကောက်ဝတ်တာမျိုးကိုမဆိုလိုဘူးဗျ။ အသက်ကြီးမှ ရုပ်ပိုင်းကို နုနယ်အောင် ပြင်ဆင်တာ လူရယ်စရာဖြစ်တာပဲ ရှိတယ်။

ဝေ – ခင်ဗျား ပြောပြောနေတဲ့ 'ကျွန်တော်က အသက်ဘယ်လောက်ရောက်ရောက်၊ စိတ်ကို အသက် ၂၀ မှာချည်း ထားခဲ့တယ်'' ဆိုတာမျိုးပေါ့နော်။

လုံ – ဆိုပါတော့လေ။ သေသေချာချာလေ့လာကြည့်ရင် လူတွေဟာ ရုပ်ပိုင်းမှာ အိုမင်းတာထက် စိတ်ဓာတ်တွေ အိုမင်းရင့်ရော်ကုန်တာတွေက ပိုပြီးများတာကို တွေ့ရတယ်။ တချို့ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးကလေးတွေဟာ အိုမင်းလာရင် ပျောက်ပျက်ကုန်တတ်တယ်ဗျ။ ဒီလို အရည်အသွေးကလေးတွေကို ထိန်းသိမ်းထားသွားနိုင်မယ်ဆိုရင် လူဟာ အိုမင်းရင့်ရော်တဲ့အထိ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ နေသွားနိုင်မယ်။

ဝေ – ရာသက်ပန် နုပျိုနေချင်တယ်ဆိုရင်တော့ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ကိုင်ရမယ်၊ ပြုစုပျိုးထောင်ရမယ်ပေါ့ဗျာ။ ကဲ ... ခင်ဗျား စုဆောင်းထားတဲ့ အချက်အလက်တွေကိုသာ တင်ပြဆွေးနွေးပါတော့ဗျာ။

လုံ – ပျိုလွင်တဲ့ဘဝအစိတ်အပိုင်းတုန်းက လူမှာရှိခဲ့တဲ့ စိတ်အနေအထားကလေးတွေကို လေ့လာပြီး ဒီ စိတ်အနေအထားကလေးတွေကို အိုမင်းချိန်အထိ ထိန်းသိမ်းသယ်ဆောင်သွား နိုင်မယ်ဆိုရင် လူဟာ ရာသက်ပန်နုပျိုနေမှာပေါ့ဗျာ။

ဝေ – ဟုတ်ကဲ့၊ သိပ္ပံနည်းကျပါပေတယ်။ ပျိုလွင်တဲ့ဘဝက စိတ်အခြေအနေအထားတွေဆိုတော့ တော်တော်များများမှာပေါ့ဗျ။

လုံ – တကယ်လိုအပ်တာကတော့ အချက်သုံးချက်ပါပဲဗျာ။ မများပါဘူး။ ဒါကြောင့် စာရွက်နဲ့ မှတ်စရာ မလိုပါဘူးလို့ ပြောသားပဲ။ ကဲ ... ပထမဆုံး ဆွေးနွေးချင်တဲ့အချက်က ''သဲသဲမဲမဲ စိတ်ဝင်စားမှု'' ပဲဗျ။

ဝေ – ဟာ ... သိပ်ဟုတ်တာပေါ့ဗျာ။ ကိုယ့်ဘာသာကိုယ်သာ မစဉ်းစားမိတာ။ ခင်ဗျားပြောလိုက်တော့ တွေးမိသွားတယ်ဗျို့။ ပျိုလွင်တဲ့လူငယ်လူရွယ်ဘဝဟာ သဲသဲမဲမဲ စိတ်ဝင်စားမှုတွေ တစ်ပုံကြီးရှိတဲ့ ဘဝအချိန်ပိုင်းပဲ။ အသိပညာနဲ့ အတွေ့အကြုံပိုင်းက နည်းသေးတော့ အချို့စိတ်ဝင်စားမှုတွေဟာ မထိန်းမသိမ်းနိုင်တောင် ဖြစ်ကုန်တတ်တယ်။

လုံ – ဟုတ်ကဲ့၊ လူငယ်တွေများတယ်ဆိုတာ ဒီလိုစိတ်ဝင်စားမှု လွှဲမှားသွားတာမျိုး ဖြစ်တတ်တာပေါ့။ ဒါပေမဲ့ ဘဝဟာ နေပျော်၊ ထိုင်ပျော်၊ အသက်ရှင်ပျော် ဖြစ်ရမယ်ဆိုရင် သဲသဲမဲမဲ စိတ်ဝင်စားမှုတစ်ခုခုဟာ မုချရှိရမှာပဲဗျ။ လူတစ်ဦးတစ်ယောက်ဟာ ဦးတည်ချက်မည်မည်ရရ မရှိဘူးလို့ဖြစ်လာရင် အဲဒါ အိုမင်းရင့်ရော်ခြင်း စပြီလို့ဆိုရမှာပဲ။

ဝေ – ကျွန်တော်တို့ အသက်ကြီးလာတာနဲ့အမျှ စိတ်ဝင်စားတဲ့အရာတွေ ပြောင်းသွားတာလည်း ဖြစ်မှာပေါ့လေ။ ဒါပေမဲ့ သဲသဲမဲမဲ စိတ်ဝင်စားမှုဟာ လိုအပ်ချက်ဖြစ်တယ် ဆိုရင်လည်း စိတ်ဝင်စားစရာ တစ်ခုခုကို ရှာဖွေထားရှိရမှာပေါ့။ ဒါလည်း ခက်မှာ မဟုတ်ပါဘူးလေ။

လုံ – မခက်ပါဘူးလေ။ ပြီးတော့ သဲသဲမဲမဲ စိတ်ဝင်စားမှုဟာ ဘာကြောင့် လိုအပ်တယ်ဆိုတာကို ကျွန်တော် ရှင်းပြပါဦးမယ်။ ဒီလိုစိတ်ဝင်စားမှုရဲ့ တန်ဖိုးဟာ နှစ်ပိုင်းရှိတယ်ဗျ။ ပထမတစ်ချက်က ဘာလဲ ဆိုရင် သဲသဲမဲမဲ စိတ်ဝင်စားမှုဟာ လူကို အလု



www.burmeseclassic.com

www.burmeseclassic.com

ပေးထားတယ်ဗျ။

ဝေ အဲ . . . ဟုတ်တာပေါ့။ အစိုးရဝန်ထမ်းတွေ အငြိမ်းစားယူသွားရင် သိပ်စိတ်ထိခိုက်သွားတတ်ကြတာဟာ ဒါကြောင့်ပဲဗျ။ အလုပ်တွေများပြီးနေရာက ပြုန်းဆို ဘာမှလုပ်စရာမရှိတော့သလို ဖြစ်သွားတာကိုး။ မလှုပ်ရှားမှုနဲ့ ငြီးငွေ့မှုဟာ လက်ချင်းတွဲနေတတ်တယ်။ ဒီနှစ်ခုကလည်း လူကို အင်မတန်အိုစေတာပဲဗျ။ ဒါကြောင့် ကျွန်တော်ဟာ ပင်စင်ယူပြီဆိုတာနဲ့တစ်ချက်တည်း အငြိမ်ကိုမနေတော့ဘဲ လုပ်စရာ၊ ကိုင်စရာတွေရှာလုပ်တယ်။ ပြီးတော့ ခင်ဗျားနဲ့အတူ စိတ်ကမ္ဘာကို လေ့လာတယ်။ ဘာသာတရားတွေကို လေ့လာတယ်။ စုံလို့ပေါ့ဗျာ။

လုံ – ဟုတ်ကဲ့၊ ဒါဟာ မှန်တဲ့ကိစ္စ၊ ကောင်းတဲ့ကိစ္စပဲ။ ဟော . . . သဲသဲမဲမဲ စိတ်ဝင်စားမှုရဲ့ နောက်တန်ဖိုးတစ်ခုကို ပြောဦးမယ်။ စိတ်ဝင်စားစရာအရာကို ရွေးချယ်တဲ့နေရာမှာတော့ မှန်ကန်တာကို ရွေးချယ်ရမယ်ပေါ့ဗျာ။ မကောင်းတဲ့၊ မမှန်တဲ့ စိတ်ဝင်စားမှုမျိုးကိုတော့ မရွေးသင့်ဘူးပေါ့။

ဝေ – ဒါကတော့ အသက်ကြီးလေ ကောင်းတာလုပ်သင့်လေပေါ့ဗျာ။

လုံ – ဟုတ်တာပေါ့။ အဲဒီလိုကောင်းတာမှာ သဲသဲမဲမဲ စိတ်ဝင်စားမှုရှိခြင်းဟာ လူကို အပြင်ဘက်မျှော်ကြည့်စေတယ်ဗျ။ ဆိုလိုတာက တစ်ပါးသူတွေရဲ့ အကျိုးကိစ္စတွေကိုလည်း မျှော်ကြည့်တတ်လာတာကို ပြောတာဗျ။ အသက်မကြီးသေးဘဲနဲ့ အိုစာတဲ့လူတွေဟာ ကိုယ့်အရေးနဲ့ကိုယ် တွေးနေကြတဲ့ လူတွေပဲ ဖြစ်တယ်။ ကိုယ့်ကမ္ဘာထဲ ကိုယ်နေပြီး ပြင်ပအကြောင်းဘာမှ မသိတဲ့အဖြစ်မျိုးပေါ့ဗျာ။

ဝေ – အပြင်ပစိတ်ဝင်စားမှု မရှိတော့ ကိုယ့်ရောဂါတွေ၊ ကိုယ့်ဒုက္ခတွေကိုပဲ ပုံကြီးချဲ့မြင်နေတော့မှာပေါ့လေ။

လုံ – သဲသဲမဲမဲ စိတ်ဝင်စားမှုတစ်ခုခုက တွန်းပေးလိုက်မှ တစ်ပါးသူတွေအပေါ် ကြင်နာမှုတွေ၊ သူတစ်ပါးအကျိုးဆောင်မှုတွေ ဖြစ်ပေါ်လာမှာပေါ့။ ဒါတွေက ဘဝမှာ ရွှင်လန်းပြီးတက် တက်ကြွကြွ ဖြစ်စေတဲ့ဟာတွေပဲဗျ။

ဝေ – ကျွန်တော်တို့တစ်တွေကို သတိထားကြည့်ရင် အသက်ကြီးပိုင်းမှာ ဝတ်အသင်းတို့၊ တရားနာအဖွဲ့တို့ လုပ်ကြတာ ဘယ်ဆိုးလို့တုံးဗျ။ သဲသဲမဲမဲ စိတ်ဝင်စားမှုကလေးတစ်ခုဖြစ်ပြီး ပြင်ပလောကနဲ့ ဆက်ဆံမှုဖြစ်နေတာပေါ့။

လုံ – ဘာသာရေးအသင်းအဖွဲ့လုပ်ငန်းကိုသာ စိတ်ဝင်စားလို့ ရတာမဟုတ်ပါဘူး။ အခြား လူမှုရေးလုပ်ငန်း၊ စီးပွားရေး လုပ်ငန်းဆိုင်ရာတွေမှာ စိတ်ဝင်စားစရာ လုပ်ငန်းတွေကို လုပ်လို့ရပါတယ်။ ကဲ . . . ရာသက်ပန် နုနုပျိုပျိုနေနိုင်ဖို့ နောက်တစ်ချက်ကို ကူးပြီး ဆွေးနွေးကြပါဦးစို့ဗျာ။

ဝေ – ဟုတ်ကဲ့၊ ပြောပါလေ။

လုံ – ငယ်ရွယ်နုပျိုသူတွေမှာ ရှိမြဲဖြစ်တဲ့ နောက်အရည်အချင်းကလေးတစ်ခုကတော့ စွန့်စားလုပ်ကိုင်မှုပဲဗျ။

ဝေ – ဟာ . . . အသက်ကြီးမှတော့ ဘယ်သူကစွန့်စားဝံ့တော့မှာလဲဗျ။

လုံ – ဩော် . . . ဦးသံဝေနယ်၊ ဒါလည်းပဲ သဲသဲမဲမဲစိတ်ဝင်စားမှုလိုပဲပေါ့ဗျ။ အသက်အရွယ်ကိုလိုက်ပြီး ပုံစံပြောင်းလဲမှုတော့ ရှိတာပေါ့။ ဒါပေမဲ့ ဘဝမှာ စွန့်စားလုပ်ကိုင်လိုတဲ့ စိတ်ဟာ လုံးဝပျောက်ကွယ်သွားပြီဆိုရင်တော့ အဲဒါ အသက်ကြီးရင့်မှုစပြီ။ ဇရာထောင်းပြီလို့ ခေါ်တာပေါ့ဗျာ။

ဝေ – ဒီလိုဆိုရင်လည်း စွန့်စားလုပ်ကိုင်မှုလို့ ခင်ဗျားပြောတာ ဘာကိုဆိုလိုတာလဲဆိုတာ သေသေချာချာ၊ ရှင်းရှင်းလင်းလင်း ပြောဦးမှပေါ့ဗျ။

လုံ – လူဟာ အသက်ကြီးလာပြီဆိုရင် ရုပ်ခန္ဓာပိုင်းက ယိုယွင်းမှုရှိလာတယ်ဆိုတော့ စွန့်စားလုပ်ကိုင်မှုအပိုင်းဟာလည်း အကန့်အသတ်နဲ့တော့ ဖြစ်လာရပြီပေါ့ဗျာ။ အပျိုပေါက်၊ လူပျိုပေါက်ဘဝမှာ ချစ်ရေးကြိုက်ရေးဟာ စွန့်စားလုပ်ကိုင်မှုတစ်ရပ်ဗျ။ စိတ်က ခပ်ကြောက်ကြောက်၊ ခပ်ရွံ့ရွံ့ဖြစ်နေတာတစ်ခုကို လုပ်ကိုင်တော့မယ်လို့ ဆုံးဖြတ်ရင် အဲဒါဟာ ဘဝစွန့်စားမှုတစ်ရပ်ရယ်လို့ စိတ်ကမ္ဘာမှာ ခေါ်ဝေါ်ရပါတယ်ဗျ။

ဝေ – ဩော် . . . ငါတော့ ပင်ပန်းရတော့မယ်၊ ငါတော့ ဆင်းရဲဒုက္ခရောက်မပဲ၊ ငါတော့ ဘေးအန္တရာယ်ကြုံစရာရှိတယ် စသဖြင့် ထင်မြင်ယူဆရလို့ စိတ်က ခပ်ရွံ့ရွံ့ဖြစ်နေလျက်က ဖွတ်ထပြီး လုပ်ငန်းမျိုးကို ခင်ဗျားက စွန့်စားလုပ်ကိုင်မှုလို့ ပြောတာကိုး။

လုံ – ဟုတ်ပါတယ်၊ ဒီတော့ အသက်ကြီးတဲ့လူအဖို့ စွန့်



www.burmeseclassic.com

www.burmeseclassic.com

စားလုပ်ကိုင်မှုမှာတော့ ငါတော့ ပင်ပန်းရမယ်၊ ဆင်းရဲရမယ်ဆိုတဲ့ နယ်ပယ်လောက်ပဲ စွန့်စားတော့မှာပေါ့ဗျာ။ အသက်အန္တရာယ် ရှိလောက်တာကိုတော့ ဘယ်လုပ်တော့မှာလဲ။ အခု ကျွန်တော်တို့ ဆွေးနွေးနေကြတာကလည်း အသက်အရွယ်ကြီးရင့်သူတွေအတွက်ဆိုတော့ ကိုယ်ခန္ဓာလှုပ်ရှားလုပ်ကိုင်ရတဲ့ စွန့်စားမှုမျိုး လုံးဝမဟုတ်ဘဲ ဉာဏ်ပိုင်းဆိုင်ရာ စွန့်စားမှု၊ အတွေးပိုင်းဆိုင်ရာ စွန့်စားလုပ်ကိုင်မှုလောက်ပဲ ကျွန်တော့်ဆိုလိုချက်က ကန့်သတ်ထားချင်ပါတယ်။

ဝေ – အား . . . ဟုတ်တာပေါ့။ ကျွန်တော်တို့တစ်တွေဟာ အသက်ကြီးလာရင် ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားစွန့်စားမှုကို ထားပါတော့။ အသစ်တွေးရမယ်၊ နက်နက်နဲနဲ တွေးရမယ်၊ ဉာဏ်မမှီတမီ ဖြစ်နေတာကို လေ့လာရတော့မယ်ဆိုရင်တောင် ကြောက်ချင်လာကြတယ်။ ဒါ မကောင်းဘူးဗျ။ လူကို အိုစာစေတယ်။ ကျွန်တော်ကတော့ တွေးခေါ်လေ့လာတဲ့ကိစ္စ မှာ စွန့်စားချင်လို့ ကျွန်တော့်အတွက် အစိမ်းသက်သက်ဖြစ်နေတဲ့ စိတ်ကမ္ဘာနယ်မြေကို ခင်ဗျားနဲ့အတူလာပြီး လေ့လာနေတာပေါ့။

လုံ – ဒါကြောင့် ခင်ဗျားနုနယ်ပျိုလွင်နေတာ ဖြစ်မယ်ဗျို့။

ဝေ – တကယ် ပြောနေတာပါဗျ။ မနောက်ပါနဲ့။

လုံ – ကျွန်တော်ကလည်း တကယ်ပြောနေတာပါ။ ကျွန်တော်ကိုယ်တိုင်လည်း သင်္သကရိုက်ဘာသာ၊ ဂျပန်ဘာသာ၊ တရုတ်ဘာသာတွေကို လေ့လာနေတာ။ အတွေးပိုင်းဆိုင်ရာ စွန့်စားလုပ်ကိုင်မှုတစ်ရပ်ပေါ့။ ဒါကြောင့် ရုပ်ပုံသဏ္ဍာန်မှာ ကျွန်တော်ဟာ ငယ်ရွယ်နုပျို မဖြစ်ပေမယ့် စာကျက်တဲ့နေရာမှာတော့ တက္ကသိုလ်ကျောင်းသားဘဝမှာတုန်းကလိုပဲ စိတ်အနေအထား ရှိပါတယ်ဗျာ။ ဒါက လက်တွေ့ပါ။

ဝေ – ဟုတ်ပါတယ်လေ။ သေချာတဲ့နည်းတွေမို့ ခင်ဗျား ဆွေးနွေးနေတာပေါ့။

လုံ – အဲ . . . ထိုနည်းတူစွာပဲ ငယ်ငယ်ကပန်းချီမဆွဲတတ်ပေမဲ့ အသက်ကြီးလို့ လုပ်စရာ၊ ကိုင်စရာ မရှိတော့သလို ဖြစ်လာရင် ပန်းချီဆွဲကြည့်မယ် စသဖြင့် တစ်ခုခုကို စွန့်စားလုပ်ကိုင်ကြည့်သင့်တယ်ဗျ။

ဝေ – ကိုယ်မလုပ်ဖူး၊ မသိဖူးတဲ့ လုပ်ငန်းအသစ်တစ်ခုခုကို လေ့လာလုပ်ကိုင်ကြည့်ရမယ်ပေါ့။

လုံ – ဟုတ်ပါတယ်၊ ကျွန်တော်တို့ဟာ ဘာများအတွေ့အကြုံ၊ အတတ်ပညာအသစ်အဆန်းတွေ ရနိုင်သလဲဆိုတဲ့ စိတ်ထားနဲ့ ဘဝကိုရင်ဆိုင်ရမယ်ဗျ။ ကျွန်တော်တို့မှာ အရင်ကမရှိဘူးလို့ ယူဆလက်ခံထားတဲ့ အရည်အချင်းတွေဟာ ပေါ်ချင်ပေါ်လာနိုင်မယ်ဆိုပြီး စွန့်စားလုပ်ကိုင်ရမယ်။ လုပ်ငန်းသစ်၊ နေရာသစ်တွေမှာ မိတ်ဆွေသစ်တွေပါ ဆုံစည်းနိုင်တာမို့ စွန့်စားလုပ်ကိုင်မှုတစ်ခုခုကို ဉာဏ်ပိုင်းမှာ လုပ်ပေးသင့်တာပေါ့။

ဝေ – အသစ်အဆန်းလုပ်ရပြီဆိုရင်လည်း ကျွန်တော်တို့ မသုံးဘဲထားတဲ့ ဦးနှောက်ထဲက ဆဲလ်အသစ်တွေကို အသုံးချရဖို့အကြောင်းက များလေတော့ မုချအကျိုးရှိမှာပါဗျာ။ ပြီးတော့ ဆဲလ်အသစ်တွေကိုသုံးတာ နုပျိုမှုနဲ့ ပတ်သက်ဆက်နွယ်နေတယ်လို့လည်း ကျွန်တော် ထင်နေတယ်ဗျ။

လုံ – ဟုတ်ချင်တော့ ဟုတ်မှာပေါ့လေ။ ပညာရှင်တွေ မိန့်ဆိုထားတာတော့ သတိမထားမိသေးဘူး။ ကဲ . . . နောက်ဆုံးအနေနဲ့ ဆွေးနွေးတင်ပြချင်တဲ့ အချက်ကတော့ မျှော်လင့်ချက်ပဲဗျ။ လူငယ်လူရွယ်မှန်ရင် ခင်ဗျားကြည့်၊ မျှော်လင့်ချက် အပြည့်နဲ့ပဲ။

ဝေ – ဟာ . . . မှန်တာပေါ့။ ကလေးငယ်ကလည်း နက်ဖြန် ဘယ်လိုကစားဖို့၊ ဘယ်လိုသွားဖို့၊ လူငယ်ဖြစ်လာပြန်တော့လည်း နက်ဖြန်အတွက် ရည်စူးမျှော်လင့်ချက်နဲ့ပဲ။ လူရွယ်မှာလည်း စီးပွားရေး၊ ကြီးပွားရေးအတွက် ရည်စူးမျှော်လင့်ချက်နဲ့ နက်ဖြန်အကြောင်းပဲ စဉ်းစားတယ်။ အဲ . . . လူကြီးဖြစ်လာတော့မှ သေဖို့ပဲ ရှိတော့တယ်ဆိုပြီး မျှော်လင့်ချက်ကို ဖယ်ပစ်လိုက်တော့တာပဲ။

လုံ – ဟုတ်ပါတယ်၊ ကျွန်တော်တို့ဟာ စိတ်ပျက်နေသလောက် အိုစာမှာပဲ။ မျှော်လင့်နေသလောက် နုပျိုနေမှာပဲ။ အသက်ကြီးရင့်လာပြီဆိုရင် အပြုသဘောတွေးတတ်ဖို့ပိုပြီး လိုအပ်ပါတယ်။ ကိုယ့်မှာ မပြည့်စုံမှုတွေကို အာရုံစိုက်မနေဘဲ အသစ်ရရှိလာမယ့် ကောင်းကျိုးပေါ်မှာသာ အာရုံစိုက်သင့်ပါတယ်။

ဝေ – ရာသက်ပန်နုပျိုနေချင်ရင်တော့ ဒီသုံးခုကို ချက်ပိုင်ရတော့မှာပေါ့လေ။

*(ဆက်ရန်)*

သက်လုံ



www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်နိပါတ်တော်လာ

# ဆင်ဖြူတော်များ

ဦးညွန့်မောင် (ဓမ္မာစရိယ၊ B.A., R.L)

### ၄။ ဆင်ဖြူတော် ဆဒ္ဒန်ဆင်မင်း

ဆဒ္ဒန်ဆင်မင်းသည် ကိုယ်လုံးဖြူးသည်။ လက်ခြေများ နီရဲသောအရောင် ရှိသည်။ စွယ်တော်မှာ ခြောက်ရောင်စုံ မြူးလျက်ရှိသည်။ နှာမောင်းမှာ ငွေပန်းသဏ္ဌာန် ရှုချင်ဖွယ်ရှိသည်။ ဆင်၏အရွယ်အစားမှာ ကြီးမားလှသည်။ အရပ်အမြင့် ရှစ်ဆယ့်ရှစ်တောင် ရှိသည်။ ရှေ့နောက်အလျား အတောင်တစ်ရာ့နှစ်ဆယ် ရှိသည်။ နှာမောင်းအရှည် ငါးဆယ့်ရှစ်တောင် ရှိသည်။ အစွယ်လုံးပတ် တစ်ဆယ့်ငါးတောင်၊ အရှည် အတောင်သုံးဆယ် ရှိသည်။

ယင်းဆဒ္ဒန်ဆင်ကို 'နာဂရာဇာ၊ ဆင်မင်း'ဟူသော အသုံးအနှုန်းဖြင့် ဖော်ပြထားသည်။ ဆင်သတ္တဝါပင် ဖြစ်လင့်ကစား ဆင်မင်းမျိုးဖြစ်လေသည်။ ဆဒ္ဒန်ဆင်မင်း၏ ဖခင်မှာလည်း ဆင်မင်းပင် ဖြစ်သည်။ ဖခင်ဆင်ကြီး ကွယ်လွန်သောအခါတွင် ဆင်မင်းဖြစ်လာသည်။ ဆင်မိဖုရားနှစ်ပါးကို လက်ဝဲ၊ လက်ယာထား၍ ခံစားသည်။ အလုပ်အကျွေး အခြံအရံ ဆင်ပေါင်း ရှစ်ထောင်ရှိသည်။ လူသူအရောက်အပေါက်မရှိသော ဆဒ္ဒန်အိုင်အနီး တောကြီး၌နေသည်။ ထိုနေရာတစ်ဝိုက်တွင် စားသောက်ဖွယ်ရာ သယံဇာတအသီးအပွင့်များ ပေါကြွယ်ဝလေသည်။ ဆဒ္ဒန်ဆင်မင်းဇာတ်မှာ လူသိများပါသည်။ စလေဆရာကြီး ဦးပုည၏ ကျော်ကြားသော ဝတ္ထုလေးပုဒ်တွင် တစ်ပုဒ်အပါအဝင်ဖြစ်သဖြင့် တက္ကသိုလ် မြန်မာစာကျောင်းသားများအားလုံး သိရှိကျွမ်းဝင်ကြပြီး ဖြစ်ပါသည်။ ဦးပုည၏ လက်ာသွားဖြင့် ရေးဖွဲ့ရာမှာ စကားလုံး အသုံးအနှုန်း နှစ်သက်ဖွယ်ရာ လွန်စွာပြောင်မြောက် ကောင်းမွန်လှသဖြင့် ကျောင်းသားများ အလွတ်ကျက်မှတ်ကြသည်အထိ စွဲလမ်းကြသည်။

**ဆဒ္ဒန်အိုင်သာ**

ဆဒ္ဒန်အိုင်သည် အလွန်သာယာလှသည်။ ဆဒ္ဒန်အိုင်၏ အလျားနှင့် အနံမှာ ယူဇနာငါးဆယ်စီ ရှိသည်။ ဆဒ္ဒန်အိုင်၏အလယ် တစ်ဆယ့်နှစ်ယူဇနာရှိသော အရပ်၌ရေသည် မြအဆင်းရှိသည်။ မှော်၊ ရေညှိ စသည် လုံးဝမရှိပေ။ ထိုရေကြည် တစ်ဆယ့်နှစ်ယူဇနာ၏ အပြင်ဘက်ပတ်ပတ်လည် တစ်ယူဇနာမှာ ကြာသိမ်တော တည်ရှိသည်။ ထိုကြာသိမ်တောကို တစ်ယူဇနာ ဝိုင်းပတ်လျက် ကြာနီတော တည်ရှိသည်။ ယင်းကြာနီတောကို ဝိုင်းပတ်လျက်ရှိသော တစ်ယူဇနာမှာ ကြာပုဏ္ဍရိက်တော ဖြစ်သည်။ ကြာပုဏ္ဍရိက်တောကို ဝိုင်းရံပတ်လျက်ရှိသော တစ်ယူဇနာတွင် ကြာပဒုမ္မာနီတော ရှိသည်။ ကြာပဒုမ္မာနီတောကို တစ်ယူဇနာစီ ဝိုင်းပတ်လျက် ကြာပဒုမ္မာဖြူတော ရှိသည်။ ယင်းကြာပဒုမ္မာဖြူတောကို တစ်ယူဇနာဝိုင်းပတ်လျက် ကုမုဒြာကြာတော ရှိသည်။ ယင်းကုမုဒြာကြာတော၏အပြင်ဘက်၌ ကြာမျိုးစုံရောနှောပေါက်ရောက်လျက်ရှိသော ကြာတောတည်ရှိသည်။ ကြာတောခုနစ်တို့၏အပြင်ဘက် တစ်ယူဇနာပတ်လည်တွင် သလေးနီတော တည်ရှိသည်။ သလေးနီတော၏ ရေမှာ ဆင်တို့၏ ခါးလောက်သာ နက်သည်ဟု ဆိုပါသည်။ သလေးနီတော၏ အပြင်ဘက် ရေအဆုံး၌ အညို၊ အရွှေ၊ အနီ၊ အဖြူ ရောင်စုံရှိသည့် အမွှေးအနံ့ ကြိုင်လှိုင်၍ နူးညံ့သော ပန်းချုံတော တည်ရှိလေသည်။ ဤဆယ်ထပ်သော တောတို့မှာ တစ်ယူဇနာစီ အနံရှိကြသည်။ ထိုပန်းချုံတော၏ အပြင်ဘက်တွင် ပဲသွန်းငယ်၊ ပဲလွန်းကြီး၊ ပဲနောက်တောများ တည်ရှိသည်။ ပဲနောက်တော၏ အပြင်ဘက်တွင် သခွားမြိတ်၊ သခွား



www.burmeseclassic.com

www.burmeseclassic.com

ငကြောင်၊ အိမ်ဘူး၊ ဖရုံနွယ်တောတို့ တည်ရှိသည်။ ထိုတော၏ အပြင်ဘက်တွင် ကွမ်းသီးပင်ခန့်ရှိသော ကြံတောရှိသည်။ ကြံတော၏ အပြင်ဘက်တွင် ဆင်စွယ်ပမာဏအသီးသီးသော ငှက်ပျောတောရှိသည်။ ငှက်ပျောတော၏ အပြင်ဘက်တွင် အင်ကြင်းတောရှိသည်။ အင်ကြင်းတော၏ အပြင်ဘက်တွင် အိုးစရည်းခန့် အသီးရှိသော ပိန္နဲတောရှိသည်။ ပိန္နဲတော၏ အပြင်ဘက်၌ အသီးချိုသော မန်ကျည်းတောရှိသည်။ မန်ကျည်းတော၏ အပြင်ဘက်၌ သရက်တောရှိသည်။ သရက်တော၏ အပြင်ဘက်၌ သီးတော ရှိသည်။ သီးတော၏ အပြင်ဘက်တွင် ဝါးတောရှိသည်။ ထို့ကြောင့် ဆဒ္ဒန်ဆင်မင်း၏နေရာ ဆဒ္ဒန်အိုင်သာတွင် သယံဇာတပန်းမန်၊ သစ်သီးတို့ ပေါကြွယ်ဝသည်ဟု ဆိုနိုင်ပေသည်။ ဝါးတောကို တောင်စဉ်ခုနစ်ထပ် ခြံရံလျက်ရှိသည်။

**တောင်စဉ်ခုနစ်ထပ်**

တောင်စဉ်ခုနစ်ထပ်ကို အပြင်အပမှစ၍ ဖော်ပြလိုသည်။ အပြင်အပတောင်မှသည် အတွင်းပိုင်တောင်များအထိ တစ်ယူဇနာစီ မြင့်သွားသည်ကို တွေ့ရသည်။ လူရပ်ဒေသမှသွားလျှင် အစဦးဆုံး တွေ့ရမည့်တောင်မှာ စူဠကာလတောင် ဖြစ်သည်။ တစ်ယူဇနာ မြင့်သည်။ ဒုတိယနှစ်ယူဇနာရှိသော မဟာကာဠတောင်ကို တွေ့ရမည်။ တတိယ ဥဒကပဗ္ဗတတောင်၊ စတုတ္ထ စန္ဒပဿတောင်၊ ပဉ္စမ သူရိယပဿတောင်၊ ဆဋ္ဌမဏိပဿတောင်၊ သတ္တမ သုဝဏ္ဏပဿတောင် တည်ရှိသည်။

ထိုသုဝဏ္ဏပဿတောင်သည် အမြင့် ခုနစ်ယူဇနာရှိသည်။ သောနုတ္တိုရ်မုဆိုး သွားသည့်အခါ ဤတောင်စဉ်ခုနစ်ထပ်ကို ကျော်ရမည်ဖြစ်သည်။ တောင်စဉ်ခုနစ်ထပ်ကို ကျော်မိသည့်အခါ တောအထပ်ထပ် ခြံရံအပ်သော ဆဒ္ဒန်အိုင်ကို တွေ့ရမည်ဖြစ်သည်။ သုဝဏ္ဏပဿတောင်၏ အတွင်းနံပါးသည် ရွှေအဆင်းရှိသည်။ ထိုတောင်နံပါးမှ ထွက်သော အရောင်ဟပ်လျက်ရှိသော ဆဒ္ဒန်အိုင်သာသည် ထွက်ခါစ နေလုလင်ကဲ့သို့ရှိကြောင်း ဖော်ပြထားသည်။

**ပညောင်ပင်**

ဆဒ္ဒန်အိုင်၏ အရှေ့မြောက်ထောင့်တွင် ပညောင်ပင်ကြီး ရှိသည်။ ပညောင်ပင်၏ ပင်စည်လုံးပတ်မှာ ငါးယူဇနာရှိသည်။ ပင်စည်အမြင့်မှာ ခုနစ်ယူဇနာရှိသည်။ ဘေးဘယ်ညာရှိ ခက်မလေးဖြာတို့မှာ ခြောက်ယူဇနာစီ ရှိကြသည်။ အထက်သို့တက်သော ခက်မသည်လည်း ခြောက်ယူဇနာပင်ရှိသည်။ အမြစ်ရင်းမှယူလျှင် အရပ်အမြင့် တစ်ဆယ့်သုံးယူဇနာ ရှိသည်။ ထိုညောင်ပင်တွင် ပါးပျဉ်းရှစ်ထောင်ပါရှိသည်။ မြတောင်ကြီးအလား အလွန်တင့်တယ်လှပေသည်။ ဆဒ္ဒန်အိုင်ရေမှ တက်လာသော လေသည် ပညောင်ပင်သို့ သာသာညင်းညင်းတိုက်ခတ်လေသည်။ ဆဒ္ဒန်ဆင်မင်းသည် နွေအခါတွင် လေညင်းခံစံပယ်နိုင်ရန် ဆင်ရှစ်ထောင်အခြံအရံဖြင့် ပညောင်ပင်ကြီး၏ ပါးပျဉ်းကြား၌ နေလေသည်။

ဆဒ္ဒန်ဆင်မင်းသည် မိုးကာလ၌ ရွှေဂူတွင်နေသည်။ ရွှေဂူမှာ ဆဒ္ဒန်အိုင်၏ အနောက်အရပ်တွင်ရှိသည်။ ဆဒ္ဒန်အိုင်၏ အနောက်အရပ် ရွှေတောင်တွင် တစ်ဆယ့်ယူဇနာရှိသော ရွှေဂူကြီးရှိလေသည်။

**အစိုးတရနေထိုင်ခြင်း**

ဆဒ္ဒန်ဆင်မင်းသည် ဆင်မင်း၏စည်းစိမ်ဖြင့် အစိုးတရနေထိုင်ကြောင်း တွေ့ရသည်။ ဆင်မိဖုရားနှစ်ပါးကို လက်ဝဲလက်ျာထား၍ ခံစားသည်။ ဆင်ပေါင်းရှစ်ထောင်အခြံအရံရှိသည်။ ဆဒ္ဒန်ဆင်မင်းနှင့်တကွ အားလုံးသောဆင်တို့သည် ကောင်းကင်သို့ ပျံသန်းသွားနိုင်ကြသည်။ ဘုန်းတန်ခိုးအာနုဘော် ကြီးမားကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ရာသီအလိုက် စံနန်းများလည်း အဆင်သင့်ရှိသည်။ ထို့ကြောင့် လူတို့၏အသုံးအဆောင် မင်္ဂလာဆင်မဖြစ်ထိုက်ဟု ယူဆပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဆင်များသည် လူရပ်ဌာနေသို့ သွားလာကျက်စား၍ အစာရှာရန်မလိုဘဲ အစာရေစာ လုံလောက်ပြည့်စုံနေခြင်း ထိုဆင်တို့နေရာသို့ မုဆိုးများပင် ရောက်ပေါက်မှုမရှိခြင်း ဆင်၏အရပ်အမောင်းလည်း လွန်စွာကြီးမားခြင်းစသည့် အကြောင်းများကိုလည်း ထောက်ဆမိသောကြောင့် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ကုသိုလ်တရား ဆည်းပူးခွင့်ရခြင်း

ဆဒ္ဒန်အိုင်အနီးတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ သီတင်းသုံးတော်မူကြသဖြင့် ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား ပြုစုလုပ်ကျွေးခွင့်ရခြင်း၊ လက်တွေ့အားဖြင့်လည်း ပြုစုလုပ်ကျွေးသည်ကို တွေ့ရခြင်းကြောင့် ကုသိုလ်တရား ဆည်းပူးခွင့်ရသည်ကို သိနိုင်ပါသည်။

ဘုရားရှင်လက်ထက်က ပထမဦးစွာ ရဟန်းဖြစ်သည့် ရတ္တညူ တေဒဂ်ဘွဲ့ရ အရှင်ကောဏ္ဍညသည် ၁၂ နှစ်တာ ကာလပတ်လုံး ဆဒ္ဒန်အိုင်အနီးတွင် သွားရောက်သီတင်းသုံးကာ ဆင်တို့၏ ပြုစုလုပ်ကျွေးမှုကို ခံယူခဲ့သည်။ ပရိနိဗ္ဗာန်စံသည့်အခါတွင်လည်း ယင်းဒေသ၌ပင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ သာဓုကီဠနသဘင်ကိုလည်း ဆင်များက ပြုလုပ်ပူဇော်ခဲ့ကြသည်ဟု ပိဋကစာပေတွင် တွေ့နိုင်ပေသည်။

### ဆဒ္ဒန္တဇာတ်ကို ဟောရခြင်း၏အကြောင်းရင်း

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ တရားဟောတော်မူစဉ်က ဖြစ်ပါသည်။ တရားနာပရိသတ်တွင် ဘိက္ခုနီရဟန်းမတစ်ပါးသည် တရားနာလျက် အတွေးဝင်နေသည်။ တရားဟောတော်မူသော မြတ်စွာဘုရား၏ ရူပကာယအဆင်းတော်ကို တစိမ့်စိမ့်ကြည့်၍ တွေးမိခြင်းဖြစ်သည်။ ငါသည် သံသရာတွင် ကျင်လည်ခဲ့ရသော ဘဝတို့၌ ဤယောက်ျားမြတ်၏ မယားဖြစ်ဖူးသလောဟု တွေးကြံမိသည်။ ယင်းရဟန်းမသည် ဇာတိဿရဉာဏ် ရသူဖြစ်သဖြင့် ရှေးဘဝများကို ပြန်လည်အောက်မေ့ ဆင်ခြင်သည့်အခါ ဆဒ္ဒန်ဆင်မင်းဘဝတွင် စူဠသုဘဒ္ဒါမိဖုရား ဖြစ်ခဲ့ကြောင်း သိရသဖြင့် အလွန်ဝမ်းသာသွားလေသည်။ တစ်ဖန်ဆက်၍ ဆင်ခြင်ပြန်ရာ ဆဒ္ဒန်ဆင်မင်းအပေါ် ရန်ငြိုးဖွဲ့မိသော ကာသိမင်းကြီး၏မိဖုရားသုဘဒ္ဒါဘဝကို မြင်ရသောအခါ ဝမ်းနည်းပက်လက်ဖြစ်ရပြန်သည်။ ထိုရဟန်းမ၏ ဝမ်းသာဝမ်းနည်းဖြစ်မှုကို အကြောင်းပြု၍ ဆဒ္ဒန်ဆင်မင်းဇာတ်ကို ဟောတော်မူခဲ့ခြင်းဖြစ်သည်။

### စူဠသုဘဒ္ဒါရန်ငြိုးဖွဲ့ခြင်း

**အင်ကြင်းတောလှိုင်လှိုင်ပွင့်ချိန်** တစ်နေ့သောအခါတွင် ဆဒ္ဒန်ဆင်မင်းသည် **အခြံအရံများနှင့်တကွ** အင်ကြင်းတောသို့ သွား၍ ပျော်မြူးကြသည်။ အင်ကြင်းပင်ကို ဦးဖြင့်ခိုက်၍ အင်ကြင်းပွင့်များကို ခြွေချသည်။ စူဠသုဘဒ္ဒါမိဖုရားသည် လေညာနံပါးတွင်နေသည်။ မဟာသုဘဒ္ဒါမိဖုရားသည် လေအောက်နံပါး၌ နေသည်။ စူဠသုဘဒ္ဒါ၏ ကိုယ်ပေါ်၌ သစ်ခက်ခြောက်များ၊ သစ်ရွက်ခြောက်များနှင့် ခါချဉ်တို့သည် ကျလေသည်။ မဟာသုဘဒ္ဒါကိုယ်ပေါ်၌ အင်ကြင်းပန်းဝတ်မှုန်၊ ဝတ်ဆံ၊ ပွင့်ချပ်တို့ ကျသည်။ စူဠသုဘဒ္ဒါသည် မဟာသုဘဒ္ဒါအပေါ်တွင် ပန်းပွင့်များကျသော်လည်း မိမိအပေါ်၌ သစ်ရွက်ခြောက်နှင့် ခါချဉ်များကျသည်ကို မကျေနပ်နိုင်ဘဲ ဆဒ္ဒန်ဆင်မင်းအပေါ် ရန်ငြိုးဖွဲ့လေသည်။

တစ်နေ့သောအခါတွင်လည်း ဆဒ္ဒန်ဆင်မင်းသည် အခြံအရံနှင့်တကွ ဆဒ္ဒန်အိုင်သို့ ရေချိုးသွားကြသည်။ ရှေးဦးစွာ ဆဒ္ဒန်ဆင်မင်း ရေချိုးသည်။ နောက် မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါမိဖုရားတို့ ရေချိုးကြသည်။ ထို့နောက်မှ အခြံအရံဆင် ရှစ်ထောင်တို့ ရေချိုးကြသည်။ ဆင်ရှစ်ထောင်တို့ ရေချိုးပြီးနောက် အမျိုးမျိုးသော ပန်းတို့ကိုခူး၍ ဆဒ္ဒန်ဆင်မင်းကို တန်ဆာဆင်ကြသည်။ ဆက်လက်၍ ဆင်မိဖုရားနှစ်ပါးကို တန်ဆာဆင်ကြသည်။ ဆင်တစ်စီးသည် ပွင့်ချပ်ခုနစ်ဆင့်ရှိသော ပဒုမ္မာကြာပွင့်ကြီးကို ထူးထူးခြားခြား ရရှိလာပြီး ဆဒ္ဒန်ဆင်မင်းအား ဆက်သသည်။ ဆဒ္ဒန်ဆင်မင်းသည် ထိုကြာပွင့်ကြီးကို နှာမောင်းဖြင့်ယူ၍ ဝတ်ဆံ၊ ဝတ်မှုန်တို့ကို ဦးကင်း၌ ကြဲပြီးနောက် မဟာသုဘဒ္ဒါမိဖုရားကြီးအား ပေးသည်။ ထိုအခါ စူဠသုဘဒ္ဒါက ဆဒ္ဒန်ဆင်မင်းသည် မိဖုရားကြီးအပေါ် အချစ်ပိုသည်ဟု ယူဆကာ ဒုတိယအကြိမ် ရန်ငြိုးဖွဲ့လေသည်။

### ဆုတောင်းမှားလေပြီ

တစ်နေ့သောအခါတွင် ဆဒ္ဒန်ဆင်မင်းသည် သစ်သီးဝလံများ၊ ကြာစွယ်ကြာရင်းများနှင့် ကြာပျားရည်တို့ဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာတို့အား လုပ်ကျွေးပြုစုသော ကုသိုလ်လုပ်သည်။ စူဠသုဘဒ္ဒါမိဖုရားသည်လည်း မိမိအတွက်ရရှိသော သစ်သီး စသည်တို့ဖြင့် ပစ္စေကဗုဒ္ဓါအရှင်



www.burmeseclassic.com

www.burmeseclassic.com

မြွတ်တို့အား ဆက်ကပ်ကာ ကုသိုလ်ပြုသည်။ လှူဒါန်းပြီးနောက် ဆုတောင်းသည့်အခါ နိဗ္ဗာန်ရည်မှန်း၍ ဆုတောင်းသည်မဟုတ်။ ရိုးရိုး လူ့စည်းစိမ်၊ နတ်စည်းစိမ်ကိုသာ ဆုတောင်းသည်လည်း မဟုတ်ပေ။ ဆဒ္ဒန်ဆင်မင်းကို ရန်တုံ့ပြန်ရန်သာ စိတ်အားသန်နေသည်။ ဤဘဝမှ စုတေသည်ရှိသော် မဒ္ဒရာဇ်မင်းမျိုး၌ သုဘဒ္ဒါအမည်ရှိသော မင်းသမီးဖြစ်ရန်လည်းကောင်း၊ အရွယ်ရောက်သည့်အခါ ဗာရာဏသီမင်း၏ မိဖုရားကြီးဖြစ်ရန်လည်းကောင်း၊ ဗာရာဏသီမင်း၏ ချစ်ခြင်းကိုရ၍ မိမိစီစဉ်သည့်အတိုင်း မုဆိုးကိုလွှတ်၍ ဆဒ္ဒန်ဆင်မင်းအား အဆိပ်လူးသောမြားဖြင့် ပစ်သတ်၍ ဆင်စွယ်ကိုရယူနိုင်ရန်လည်းကောင်း၊ ဇာတိဿရဉာဏ်ရရှိရန်လည်းကောင်း ဆုတောင်းလေသည်။ စူဠသုဘဒ္ဒါသည် မကြာမတင်ပင် ကွယ်လွန်ခဲ့သည်။ အကျဉ်းအားဖြင့်ဆိုရလျှင် စူဠသုဘဒ္ဒါ၏ ဆုတောင်းသည် တောင်းတိုင်းပြည့်လေသည်။ မှားယွင်းသောဆုတောင်းဖြစ်ကြောင်း စလေဦးပုညက အပြစ်တင်ရေးဖွဲ့ခဲ့သည်ကို တွေ့နိုင်သည်။

## လူ့ဘဝသုဘဒ္ဒါ

ဗာရာဏသီမင်း၏ မိဖုရားကြီး သုဘဒ္ဒါသည် တစ်နေ့သောအခါတွင် နာမကျန်းဟန်ပြုလျက် ကျက်သရေရှိ သော တိုက်ခန်းသို့ဝင်က ညေ င် စောင်းတွင်အိပ်၍ နေလေသည်။ ဗာရာဏသီမင်းသည် မိဖုရားသုဘဒ္ဒါထံသွား၍ ကျောကို ပွတ်သပ်ကာ အကျိုးအကြောင်းမေးမြန်းသည်။ သုဘဒ္ဒါမိဖုရားက မိမိမှာ ချင်ခြင်းတပ်သည့်အကြောင်းကို လျှောက်တင်သည်။ အိပ်မက်မြင်မက်သည့်အတိုင်း လိုချင်သည့် ချင်ခြင်းမှာ လွယ်ကူမည်မဟုတ်ကြောင်း တင်လျှောက်သည့်အခါ မင်းကြီးက လိုက်လျောလေသည်။ သုဘဒ္ဒါမိဖုရားသည် မင်းကြီးအား မိမိ၏ ချင်ခြင်းကို မပြောသေးဘဲ မုဆိုးများကို ဦးစွာ ဆင့်ခေါ်ပေးရန် တောင်းဆိုသည်။

ကာသိတိုင်း၌ရှိသော မုဆိုးတို့ စည်းဝေးရန် စည်လည်စေသည်။ မုဆိုးတို့သည် တတ်စွမ်းသမျှ လက်ဆောင်များ ယူဆောင်ကာ စုဝေးတက်ရောက်ကြရာ ရှစ်သောင်းရှိလေသည်။ မုဆိုးများ စည်းဝေးမိသောအခါ ဗာရာဏသီမင်းသည် လေသွန်တံခါး၌ရပ်၍ လက်ဖြင့်ညွှန်ပြကာ မုဆိုး

မိဖုရား၏ သတိပေးစကားကို
ကြားရသောအခါ သောနုတ္တိုရ်မုဆိုးသည်
ကြောက်စိတ်ဝင်လာသည်။
အရှင်မိဖုရားနှင့် ဘုရင့်နန်းတော်၌ ရွှေ၊ ငွေ၊
ပုလဲ၊ ပတ္တမြား၊ ကျောက်မျက်ရွဲတို့ဖြင့်
ပြုလုပ်သော အဆင်တန်ဆာများ
ပေါကြွယ်ဝလျက် အဘယ်ကြောင့်
ဆင်စွယ်တန်ဆာကို လိုချင်ရပါသနည်း။

တို့၏စွမ်းရည်ကို ချီးမွမ်းပြောဆိုပြီး မိဖုရားကြီးအား လွှဲအပ်လေသည်။

သုဘဒ္ဒါမိဖုရားသည် မုဆိုးတို့ကိုခေါ်၍ မိမိချင်ခြင်းတပ်သည့်အကြောင်းကို ပြောကြားသည်။ အရောင်ခြောက်ပါးနှင့် ပြည့်စုံသော အစွယ်ရှိသော၊ တစ်ကိုယ်လုံး ဖြူသော ဆင်မင်းကို အိပ်မက်၌ မြင်မက်ကြောင်း၊ ထိုဆင်မင်း၏ အစွယ်တို့ကို အလိုရှိကြောင်း၊ မရလျှင် အသက်ရှင်နိုင်မည် မဟုတ်ကြောင်း ပြောဆိုလေသည်။

မုဆိုးများက မိဖုရားကြီးအိပ်မက်၌ မြင်မက်သော ဆင်ကို မိဘတို့လက်ထက်မှစ၍ မကြားဖူး၊ မမြင်ဖူးကြပါ။ အရှင်မိဖုရားကိုယ်တိုင်ပင် ပြောကြားရန်နှင့် ထိုဆင်နေထိုင်သည့် အရပ်ဒေသကိုလည်း ညွှန်းဆိုပေးပါရန် တောင်းဆိုကြသည်။

မိဖုရားသုဘဒ္ဒါသည် ထိုမုဆိုးတို့အလယ်တွင် သူများထက် ထူးကဲသော ကိုယ်ကာယရှိသည့် မုဆိုးကြီးတစ်ဦးကို မျက်စိကျသွားလေသည်။ ဤကိစ္စကို အခြားမုဆိုးများ စွမ်းဆောင်နိုင်မည် မဟုတ်သော်လည်း ထိုမုဆိုးကြီးမှာမူ စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိသည်။ မင်းကြီးမှ ခွင့်ပန်၍ ထိုမုဆိုးကြီးအား ရွေးချယ်လိုက်သည်။ ထိုမုဆိုးကြီး၏အမည်မှာ သောနုတ္တိုရ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**သောနုတ္တိုရ်မုဆိုး**

သောနုတ္တိုရ်မုဆိုး၏ ခြေဖဝါးသည် အလွန်ကြီးမား သည်။ သောနုတ္တိုရ်၏ ပုံသဏ္ဍာန်ကို ပေါ်လွင်စေရန် ဦးပုည ၏စာကို ဖော်ပြလိုပါသည်။

“ဤယောကျ်ားသည် အများနှင့်မတူ၊ အမူကြမ်း ခက်၊ ကွဲအက်ညစ်တေ၊ လိပ်ကျောက်ရေနှင့်၊ ဆင်ခြေဖဝါး၊ ထန်းပလပ်ပြားကဲ့သို့ ကြီးမားသော ဖဝါးရှိသည်။ မြင်းခေါင်း ကောက်ကွေး၊ မွေးမှင်သဲသဲ၊ ဆန်ထုပ်ဆွဲသကဲ့သို့ တွဲလျား ကျသော သလုံးသားလဲရှိသည်။ ရိုးဆက်လိမ်တွေ့၊ မစေ့ မစပ်၊ ကျင်ဖုတင်သကဲ့သို့ မသံပ်မပါယ် ရှုံ့ဘွယ်စသီး၊ အလွန်ကြီးသော ဒူးဆစ်လည်းရှိသည်။ ဖရပ်ဟောင်း ကျောင်းဆိုး၊ အမိုးပျက်ပြို၊ ရနယ်အိုကဲ့သို့ ဖရိုဖရဲ၊ ကြိုးကြဲ ယို့ယိုင်းသော နံကိုင်းနံရိုးလည်း ရှိသည်။ ထန်းစစ်ကြော ဝက်မှင်၊ မဲခင်ကြွက်သိုက်၊ တံမြက်ချေးမှိုက်ကဲ့သို့ ဖုတ် သိုက်ထူပျစ်၊ ကောက်ကျစ်လိမ်ရှုပ်သော မုတ်ဆိတ်ပမုန်း လည်းရှိသည်။ တယ်လူးကုပ်ကွေး၊ ပြောင်းဖူးမွေးကဲ့သို့ နီငွေးသော ကျင်စွယ်လည်းရှိသည်။ ခပ်ဝါနီကြန့်၊ ကြောင် မျက်ဆန်ကဲ့သို့ လုံးဖန်သိမ်ဖျင်း၊ မျက်နက်ကင်း၍ တုတ်ချင်း ခတ်ကြောင်သော မျက်စိလည်းရှိသည်။ စာသူငယ်ကြား လင်းတနားသကဲ့သို့ မုဆိုးများအလယ်တွင် ကြောက်ဖွယ် ကျားတား ကြီးမားမြင့်မောက်သော ကိုယ်လည်းရှိသည်” ဟူ၍ စာဆိုတော်ဦးပုညက သရုပ်ပေါ်အောင် ရေးဖွဲ့ခဲ့သည်။ သောနုတ္တိုရ်မုဆိုးသည် ခွန်အားကြီးမားသည့် ဆင်ပြောင် ငါးစီးအားကို ဆောင်နိုင်သည်။

**သောနုတ္တိုရ်မုဆိုးအား လမ်းညွှန်ပြီ**

သုဘဒ္ဒါမိဖုရားသည် သောနုတ္တိုရ်မုဆိုးအား ဘုံ ခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်ဘုံဆင့်သို့ခေါ်၍ ခြသေ့်ခံသော မြောက်လေသာပြူတင်းကိုဖွင့်လျက် မြောက် ဘက် ဟိမဝန္တာအရပ်သို့ ညွှန်ပြကာ ဆင်မင်းရှိရာ အရပ်ကို မုဆိုးအား ပြလေသည်။ အစပိုင်းတွင် ဖော်ပြခဲ့သည့် တော အထပ်ထပ် တောင်အထပ်ထပ်ကို ဖြတ်ကျော်၍ နောက်ဆုံး သုဝဏ္ဏပဿ ရွှေတောင်ကို ရောက်သည့်အခါ တောင်ထိပ် မှနေ၍ တောင်ခြေရင်းကို ကြည့်လိုက်လျှင် တိမ်ညိုရောင် ရှိသော ပညောင်ပင်ကြီးကို မြင်ရမည်။ ထိုပညောင်ပင်ရင်း ၌ ဆင်မင်းသည် နွေရာသီကာလ၌ နေလေ့ရှိကြောင်း ရှင်းပြလေသည်။ ထိုဆင်မင်း၌ အစောင့်အရှောက်ဆင် ပေါင်း ရှစ်ထောင်ရှိကြောင်း၊ စွယ်စုံဆင်ကြီးဖြစ်ပြီး အလွန် လျင်မြန်စွာ ရန်သူကို သတ်တတ်ကြောင်း၊ လူကိုတွေ့သွား လျှင် ပြာဖြစ်သွားအောင် နင်းခြေပစ်မည်ဖြစ်ကြောင်း သတိ ပေးစကား ပြောကြားသည်။

မိဖုရား၏ သတိပေးစကားကို ကြားရသောအခါ သောနုတ္တိုရ်မုဆိုးသည် ကြောက်စိတ်ဝင်လာသည်။ အရှင် မိဖုရားနှင့် ဘုရင့်နန်းတော်၌ ရွှေ၊ ငွေ၊ ပုလဲ၊ ပတ္တမြား၊ ကျောက်မျက်ရွဲတို့ဖြင့် ပြုလုပ်သော အဆင်တန်ဆာများ ပေါကြွယ်ဝလျက် အဘယ်ကြောင့် ဆင်စွယ်တန်ဆာကို လိုချင်ရပါသနည်း။ ကျွန်ုပ်တို့ မုဆိုးများကိုပင် သေစေလို သလား၊ သို့မဟုတ် ဆင်မင်းကိုပင် သေစေလို၍လားဟူ၍ ပွင့်ပွင့်လင်းလင်း မေးလျှောက်လေသည်။ မိဖုရားကလည်း ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောဆိုတိုင်ပင်သည်။ ဆဒ္ဒန်ဆင် မင်းနှင့် ရန်ငြိုးဖွဲ့ခဲ့ပုံ၊ အိပ်မက်များ မက်သည်ဆိုသည်မှာ လည်း တကယ်မဟုတ်ပုံ၊ ရန်တုံ့မူလို၍ စေခိုင်းရပုံတို့ကို ဖွင့်ဟပြောဆိုသည်။ ဆဒ္ဒန်ဆင်မင်းကို သတ်၍ အစွယ်တို့ ကို ယူနိုင်ရန်အတွက် ပစ္စေကဗုဒ္ဓါအရှင်ထံ ဆုတောင်းခဲ့ ပြီးဖြစ်သည်။ ဤကိစ္စ မုချအောင်မြင်မည်ဖြစ်၍ ဤတာဝန် ကို မကြောက်မရွံ့ ထမ်းဆောင်ရန် ပြောကြားသည်။ သင် မုဆိုးအား ဆုတော်လာဘ်တော်အပြင် တစ်နှစ်လျှင် အခွန် တစ်သိန်းစီထွက်သော ရွာငါးရွာတို့ကို ချီးမြှင့်မည်ဖြစ် ကြောင်း ပြောဆိုသောအခါ မုဆိုးသည် သဘောတူဝန်ခံ လေသည်။ ထို့နောက် မိဖုရား သုဘဒ္ဒါထံမှ ဆင်မင်းနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များ မေးမြန်း မှတ်သားလေသည်။

သုဘဒ္ဒါမိဖုရားသည် မုဆိုးအား အသပြာတစ် ထောင်ကို ပေး၍ အိမ်ပြန်လွှတ်ကာ ခုနစ်ရက်ပြင်ဆင်ချိန် ပေးလိုက်သည်။ မိဖုရားသုဘဒ္ဒါသည် ပန်းဘဲသမားတို့ကို ခေါ်စေပြီး ပဲခွပ်၊ ပုဆိန်၊ ပေါက်တူး၊ ဆောက်ပုတ်၊ ဆောက်၊ ဓားမ၊ တံစဉ်၊ သံမယ်၊ လွှ၊ သံတုံတင်း၊ သံကက္က စူးတို့ကို အမြန်လုပ်ခိုင်းသည်။ သားရေနယ်သမားတို့ကို လည်း ခေါ်စေပြီး တစ်ကုမ္ဘရှိသော ဝန်ကို ဆောင်နိုင်သည့် သားရေအိတ်ကို လုပ်ခိုင်းသည်။ တစ်ကုမ္ဘမှာ နှစ်ဆယ့်



www.burmeseclassic.com

www.burmeseclassic.com

ခုနစ်တင်း နှစ်စိတ် ရှိသည်ဟု ဆိုပါသည်။ ထို့အပြင် သားရေလွန်ကြိုး၊ သားရေလွန်ငယ်၊ ဆင်ခြေဖိနပ်၊ သားရေထီးတို့ကိုလည်း အမြန်လုပ်နိုင်းသည်။ မိဖုရားသုဘဒ္ဒါသည် သောနုတ္တိုရ်မုဆိုးအတွက် စားနပ်ရိက္ခာကိုလည်း တာရှည်အထားခံသည့် အစားအစာများကို စီရင်ပေးသည်။ လမ်းခရီး၌ လိုအပ်မည့် ပစ္စည်းများ စုဆောင်းပြီးသောအခါ သားရေအိတ်နှင့်ထည့်ကာ အဆင်သင့်လုပ်ထားသည်။

ခုနစ်ရက်ပြည့်မြောက်သောအခါ သောနုတ္တိုရ်မုဆိုးသည် သုဘဒ္ဒါမိဖုရားထံ ဆည်းကပ်ရောက်လာသည်။ သုဘဒ္ဒါမိဖုရားသည် ရိက္ခာနှင့်အတူ ပစ္စည်းကိရိယာအစုံပါသော သားရေအိတ်ကြီးကို မုဆိုးအား လွှဲအပ်သည်။ ဤမျှ များပြားလေးလံသော အိတ်ကြီးကို သောနုတ္တိုရ်မုဆိုးကောက်ယူလွယ်လိုက်သောအခါ ကွမ်းအစ်ငယ်တစ်လုံးကို သယ်ဆောင်ရသကဲ့သို့သာ ရှိသည်ဟု ဆိုပါသည်။ ဆင်ပြောင်ငါးစီးအားရှိသူ ဖြစ်ကြောင်း ပေါ်လွင်လှပေသည်။

သောနုတ္တိုရ်မုဆိုးသည် မင်းမိဖုရား နှစ်ပါးတို့အား ရှိခိုးနှုတ်ဆက်ကာ နန်းတော်မှဆင်း၍ ခရီးထွက်ခဲ့လေသည်။ ရထားစီး၍သွားနိုင်သည့် ခရီးအဆုံး ပစ္စန္တရစ်ဒေသအထိ အခြံအရံများဖြင့် လိုက်ပို့ကြသည်။ ပစ္စန္တရစ်ရွာသားများက ဆက်လက်၍ တောအဝင်ထိ လိုက်ပို့ကြသည်။ ထို့နောက် တောအထပ်ထပ် တောင်အသွယ်သွယ် ဖြတ်ကျော်ကာ သောနုတ္တိုရ်မုဆိုး တစ်ယောက်တည်း သွားရသည်။ တံစဉ့်ဖြင့် ရိတ်ရမည့်နေရာတွင် တံစဉ့်ဖြင့်ရိတ်၍လည်းကောင်း၊ ဓားဖြင့်ဖြတ်ရမည့်နေရာတွင် ဓားဖြင့်ဖြတ်၍လည်းကောင်း၊ ပုဆိန်ဖြင့်ပေါက်ရမည့်နေရာတွင် ပုဆိန်ဖြင့်ပေါက်၍လည်းကောင်း၊ ဆောက်ဖြင့်ထွင်းရမည့်နေရာတွင် ဆောက်ဖြင့်ထွင်း၍လည်းကောင်း၊ လှေကားဖြင့် တက်ရမည့်နေရာတွင် လှေကားပြုလုပ်ထောင်တက်၍လည်းကောင်း၊ ညွန်တောသို့ရောက်သောအခါ သစ်သားများ ခင်း၍လည်းကောင်း၊ ရေတွေ့သောအခါ လှေလုပ်ကူးခပ်၍လည်းကောင်း၊ တောင်သို့တက်ရမည့်နေရာတွင် အသင့်ယူဆောင်လာသော သံစို့၊ သားရေကြိုး စသည်တို့ကို အသုံးပြုကာ တက်၍လည်းကောင်း၊ တောင်ဆင်းတွင်လည်း လွန်ကြိုးခွေကို ဖြေလျှော့ကာ ဆင်း၍လည်းကောင်း၊ လိုအပ်လျှင် သားရေထီးကိုသုံး၍ လေဟုန်စီးကာ ခုန်ဆင်း၍လည်းကောင်း အခက်အခဲများကို ကျော်လွှန်ခဲ့ရသည်။ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ကြာသောအခါတွင်မှ အမြင့်ဆုံးဖြစ်သည့် သုဝဏ္ဏပဿတောင်သို့ ရောက်ရှိလေသည်။ ယင်းသုဝဏ္ဏပဿတောင်မှာ ကိန္နရာတို့ နေသောတောင်ဟု ဆိုပါသည်။

သုဝဏ္ဏပဿတောင်ထိပ်သို့ ရောက်သောအခါ သုဘဒ္ဒါမှာလိုက်သည့်အတိုင်း တောင်အောက်တွင် ဆင်မင်း၏ သွားလာနေထိုင်လှုပ်ရှားမှုကို ကြည့်ရှုလေ့လာသည်။ မိုးတိမ်ညိုအဆင်းရှိသည့် ပညောင်ပင်ကြီးကို တွေ့မြင်ရသည်။ ထိုပညောင်ပင်ရင်း၌ ဆင်ဖြူတော် ဆဒ္ဒန်ဆင်မင်းကို တွေ့ရလေသည်။ ဆင်ရှစ်ထောင်တို့ စောင့်ရှောက်နေသည်ကို တွေ့မြင်ရသည်။ ဆဒ္ဒန်ဆင်မင်း ရေချိုးသော ဆဒ္ဒန်အိုင်ကိုလည်း တွေ့မြင်ရသည်။ ဆင်မင်း၏ သွားလာလှုပ်ရှားမှုကို အသေးစိတ်လေ့လာပြီးနောက် ဆဒ္ဒန်ဆင်မင်းကို မြားဖြင့်ပစ်၍ သတ်နိုင်မည့်နေရာကို ရွေးချယ်ကာ တွင်းတူးသည်။ တွင်းအပေါ်တွင် သစ်လုံးများ၊ ပျဉ်များဖုံးကာ မြေဖို့၍ အနေအထားမပျက် ပြုလုပ်ထားသည်။ ဆောင်ရွက်ရသည့်ကိစ္စမှာ အန္တရာယ်များလှသဖြင့် အရေးကြုံလျှင် အသုံးပြုရန်အတွက် သင်္ကန်းကိုလည်း အဆင်သင့် ပြုလုပ်ထားသည်။ အသင့်အနေအထားဖြင့် စောင့်နေစဉ် တစ်နေ့သောအခါတွင် ဆဒ္ဒန်မင်းသည် ရေချိုးပြီး မုဆိုးတူးထားသောတွင်း၏အထက်တွင် ရေများစစ်၍ အခြောက်ခံနေသည်။ ဆင်ကျောက်ကုန်းမှ ရေတို့သည် စီးဆင်းလျက် ချက်မှနေ၍ အောက်သို့ကျသည်။ ထိုအချိန်တွင် အသင့်စောင့်နေသော မုဆိုးသည် အဆိပ်လူးသော မြားကို တအားဆွဲပစ်လိုက်သည်။ မြားသည် ဆဒ္ဒန်ဆင်မင်း၏ ချက်မှဝင်၍ ကျောက်ကုန်းကို ဖောက်ထွက်သွားလေသည်။

**ဆဒ္ဒန်ဆင်မင်း မြားမှန်ခြင်း**

သောနုတ္တိုရ်မုဆိုး ပစ်လိုက်သော အဆိပ်လူးမြားသည် ဆဒ္ဒန်ဆင်မင်းအား ထိမှန်ဖောက်ထွင်းသွားသည့်အခါ အဖျဉ်း၊ သရက်ရွက် စသည်တို့ ကြေမွပျက်စီးသွားသည်။ သွေးများလည်း ဒလဟော ယိုစီးသည်။ ဆဒ္ဒန်ဆင်မင်းသည် ဆင်းရဲသောဝေဒနာကို ပြင်းထန်စွာ ခံစားရသဖြင့် တောတောင်တစ်ခုလုံး ပဲ့တင်ထပ်သောအသံကို သုံးကြိမ်ဟည်းလေသည်။ အခြံအရံ ဆင်ပေါင်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com

လည်း ဆင်မင်း၏အသံကို ကြားရသဖြင့် အသံပြုကြသည်။ ဆဒ္ဒန်ဆင်မင်းထံသို့ ဆင်များ ရောက်ရှိလာသောအခါ ဆင်မင်းအား မြားထိမှန်ကြောင်း သိသည်နှင့် ရန်သူကို ရှာဖွေဖမ်းဆီးရန် နေရာအနှံ့ ပြေးသွားကြသည်။ မဟာသုဘဒ္ဒါမိဖုရားသည် ဆဒ္ဒန်ဆင်မင်း၏အနီး၌ ရပ်၍ ဆင်မင်းအား ဖေးမပြုစုပေးသည်။

မြားသည် ချက်ကို ဖောက်၍ ကျောမှထွက်သွားသည်ဖြစ်ရာ ရန်သူသည် အောက်တွင်ရှိကြောင်း ဆဒ္ဒန်ဆင်မင်း ရိပ်မိလေသည်။ နောက်တစ်ချက်ပစ်လွှတ်လျှင် မိဖုရားကြီးကိုပါ ထိမှန်မည်ကိုလည်းကောင်း၊ ရန်သူကို မိဖုရားကြီးတွေ့လျှင် အရှင်မထားမည်ကိုလည်းကောင်း ဆင်ခြင်မိသည့်အလျောက် မိဖုရား မဟာသုဘဒ္ဒါအား ရန်သူရှာထွက်ရန် နှင်ထုတ်လေသည်။ မဟာသုဘဒ္ဒါမိဖုရား ထွက်ခွာသွားသောအခါ မြေကြီးကို ခွာဖြင့်ရှပ်လိုက်ရာ သောနုတ္တိုရ်မုဆိုးကို တွေ့ရလေသည်။ သောနုတ္တိုရ်မုဆိုးသည် အသင့်ယူဆောင်လာသော သင်္ကန်းကို နှာမောင်းပေါ်ပစ်တင်လိုက်သည်။ ထိုအခါ ဆဒ္ဒန်ဆင်မင်းသည် ဒေါသကိုထိန်းချုပ်၍ 'အရဟဒ္ဓဇ'ဖြစ်သော သင်္ကန်းကို ရိုသေသောအားဖြင့် သောနုတ္တိုရ်မုဆိုးအား မသတ်ဘဲ "အဘယ်ကြောင့် မိမိအား သတ်သနည်း၊ မည်သူက သတ်စေသနည်း"ဟု စစ်မေးလေရာ ကာသိမင်း၏ မိဖုရားကြီး သုဘဒ္ဒါက ဆင်စွယ်ကို အလိုရှိ၍ အသတ်ခိုင်းကြောင်း မုဆိုးက ပြောကြားသည်။ ဆဒ္ဒန်ဆင်မင်းသည် သုဘဒ္ဒါဟူသော စကားကို ကြားရသောအခါ မိဖုရားစူဠသုဘဒ္ဒါ၏ လက်ချက်ဖြစ်ကြောင်း၊ ဆင်စွယ်ကို လိုချင်သည်မှာ အမှန်မဟုတ်ဘဲ မိမိအား ရန်ငြိုးထားကာ သတ်လိုခြင်းသာဖြစ်ကြောင်း သိရှိလေသည်။

ဆဒ္ဒန်ဆင်မင်းသည် သုဘဒ္ဒါမိဖုရားအား ပြောကြားစေလိုသော စကားများကို မှာကြားကာ မိမိ၏ ဆင်စွယ်ကိုဖြတ်ယူရန် ခွင့်ပြုသည်။ မုဆိုးသည် ဆင်စွယ်ကို မမီနိုင်သဖြင့် ဆင်မင်းသည် မိမိကိုယ်ကို မြေ၌ ဝပ်တွားပေးသည်။ မုဆိုးသည် လွှကြီးဖြင့် ဆင်စွယ်ကို တိုက်ဖြတ်ပါသော်လည်း မပြတ်နိုင်ဘဲရှိနေသဖြင့် ဆဒ္ဒန်ဆင်မင်းသည် ကိုယ်တိုင်ဖြတ်၍ ပေးလေသည်။

ဆဒ္ဒန်ဆင်မင်းသည် ဆင်စွယ်ကို ဖြတ်လှူရာတွင် ရည်ရွယ်ချက်နှစ်ရပ်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သုဘဒ္ဒါမိဖုရား၏ ရန်ငြိုးကို ပြေစေလိုသည့် တစ်ချက်နှင့် သဗ္ဗညုတဉာဏ်ကို ရရှိရန် ရည်သန်တောင့်တမှု တစ်ရပ်တို့ဖြစ်သည်။ စလေဆရာကြီး ဦးပုည က ဆုတောင်းခြင်းနှင့် စပ်လျဉ်း၍ ဆုတောင်းကောင်းရေးနှင့် ဆုတောင်းမမှားရေးကို သတိပေးကာ ထောက်ပြခဲ့သည်။ စူဠသုဘဒ္ဒါ၏ ဆုတောင်းသည် လက်စားချေရန် ဆုတောင်းခဲ့ခြင်းဖြစ်၍ ဆိုးကျိုးသာလျှင် အဖတ်တင်ခဲ့သည်။ ဆဒ္ဒန်ဆင်မင်း၏ ဆုတောင်းမှာ လောကီစည်းစိမ်ကိုပင် ဆုတောင်းခြင်းမပြုဘဲ သဗ္ဗညုတဉာဏ်ရရှိရန်ကိုသာ ရည်သန်ခဲ့ခြင်း ဖြစ်သည်။ လောကသားအားလုံး၏ ကောင်းကျိုးကို ဖြစ်ထွန်းစေခဲ့သည်။

ဆဒ္ဒန်ဆင်မင်းသည် ရန်သူအရှာထွက်သော ဆင်ရှစ်ထောင်တို့ ပြန်မရောက်မီ သောနုတ္တိုရ်မုဆိုးအား ဆင်စွယ်ကို ပေးအပ်၍ လမ်းခရီးချောမောအောင် စီစဉ်ဆောင်ရွက်ပေးလိုက်သည်။ ခုနစ်နှစ်၊ ခုနစ်ရက်၊ ခုနစ်လ လာခဲ့ရသော ခရီးကို ဆဒ္ဒန်ဆင်မင်း အစွယ်တော်၏ အာနုဘော်ကြောင့် ခုနစ်ရက်တည်းဖြင့် သောနုတ္တိုရ်မုဆိုးသည် ဗာရာဏသီသို့ အရောက်ပြန်နိုင်ခဲ့သည်။

ဆဒ္ဒန်ဆင်မင်းသည် အဆိပ်လူးသော မြားဒဏ်ရာဖြင့်ပင် မဟာသုဘဒ္ဒါမိဖုရားကြီးနှင့် ဆင်အပေါင်းတို့ ပြန်မရောက်မီပင် ကွယ်လွန်ရှာသည်။ ဆင်တို့သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား အသုဘရှုပင့်ဖိတ်၍ တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းကိစ္စကို ဆောင်ရွက်ကြသည်။

သုဘဒ္ဒါမိဖုရားကြီးသည် မိမိဆောင်ရွက်ခိုင်းသည့်အတိုင်း ပြီးမြောက်အောင်မြင်ခဲ့သော်လည်း ဝမ်းမြောက်ဝမ်းသာ မဖြစ်နိုင်ဘဲ နောင်တတရားကြီးစွာရကာ ရင်ကွဲနာကျ၍ ဘဝဇာတ်သိမ်းခဲ့ရသည်။

တိသနိပါတ်ဇာတ်တော်မှာ ဖော်ပြသည့်အတိုင်း ပြည့်စုံစွာ ဖော်ပြထားခြင်းမဟုတ်ဘဲ အချို့နေရာများတွင် အကျဉ်းချုပ်၍ ရေးသားဖော်ပြထားပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**ဦးညွန့်မောင်(ဓမ္မာစရိယ၊ B.A., R.L)**



www.burmeseclassic.com

www.burmeseclassic.com

ဓနုသမင်ကျော်ဝင်း (အမျိုးသားစာပေဆုရှင်)

# ဘဝပျက်ခဲ့ရသူ၏ ဖိနပ်ခြေသံ



www.burmeseclassic.com

www.burmeseclassic.com

# ဘဝပျက်ခဲ့ရသူ၏ စိန်ခေါင်းသံ (၁)

( ရောင်ပြန်အခန်းဆက်ရသ )

မနုဿဗေဒကျော်ဝင်း(အမျိုးသားစာပေဆုရ)

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလတွင် ဖြစ်၏။ ယူနက်စကိုအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသော နိုင်ငံတကာပြတိုက်ပညာရှင်များ၏ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ကျွန်တော်သည် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်ပင်မြို့သို့ ရောက်ရှိနေချိန် ဖြစ်၏။ ထိုစဉ်က ကျွန်တော်သည် ပြတိုက်များနှင့် သက်ဆိုင်သော ဦးစီးဌာန၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ဝန်ကြီးဌာနက ရွေးချယ်တာဝန်ပေး စေလွှတ်မှုအရ ထိုအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်၏။

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်ပင်မြို့ရှိ အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုနေစဉ် တစ်ရက်သ၌ ကျွန်တော်သည် မိန်းမပျိုတစ်ဦးကို အလွန်ပင် စိတ်ဝင်စားမိသဖြင့် ငေးစိုက်ကြည့်ရှုနေမိ၏။ နေရာကတော့ ထိုအမျိုးသားပြတိုက်၏ ဧည့်ခန်းဆောင်တွင် ဖြစ်ပါသည်။ ပြတိုက်၏ ပြခန်းအသီးသီးသို့ လှည့်လည်ကြည့်ရှုပြီးနောက် ဧည့်ခန်းဆောင်တွင် ခေတ္တအပန်းဖြေနားနေချိန်၌ အဆိုပ၊ မိန်းမပျိုကို တွေ့မြင် သတိပြုမိခြင်း ဖြစ်၏။ သူမ၏ ပတ်လည်တွင် အသက်ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် မိန်းကလေးငယ်များ ဝိုင်းရံလျက်ရှိနေ၏။ ကျွန်တော်က သူမကို မမိုတ်မသုန် ငေးစိုက်ကြည့်နေမိသလို သူမကလည်း ကျွန်တော့်ကို စိတ်ဝင်စားစွာ ပြန်လည်ငေးကြည့်နေ၏။ ကျွန်တော့်ကို သူမ ငေးကြည့်နေခြင်း အကြောင်းရင်းကတော့ ရှင်းပါသည်။ ကျွန်တော့်အဝတ်အစားကြောင့်ပဲ ဖြစ်ပါလိမ့်မည်။ ပြင်ပသို့ ခရီးသွားသည့်အခါမျိုးတွင် ပြည်ထွက်၊ ပြည်ဝင် လေဆိပ်အသွား၌ ကျွန်တော်သည် အနောက်တိုင်းဝတ်စုံပြည့် ဝတ်ဆင်လေ့ရှိ၏။ သက်ဆိုင်ရာ နိုင်ငံသို့ ရောက်ရှိပြီးချိန်မှစ၍ လုပ်ငန်းပြီးဆုံးချိန်အထိ မြန်မာအမျိုးသားဝတ်စုံဖြင့် ဆွေးနွေးပွဲတက်သည်။ အခမ်းအနားများသို့ တက်ရောက်သည်။ ယခုလည်း ဖနွမ်းပင်မြို့ရှိ အမျိုးသားပြတိုက်တွင် မြန်မာအမျိုးသားဝတ်စုံဖြင့် ရောက်ရှိနေခြင်းဖြစ်ရာ ထိုအမျိုးသမီး ကျွန်တော့်ကို စိတ်ဝင်စားနေခြင်းမှာ ဝတ်စုံကြောင့်သာ ဖြစ်ပေလိမ့်မည်။

ကျွန်တော် သူမကို စိတ်ဝင်စားနေခြင်းမှာ ညိုမှောင်သော အသားအရေနှင့် ရှက်ကြမ်းရည်ကျိုရုပ်ရည်၊ ဝိုင်းစက်စူးရှသော မျက်လုံးတို့ကြောင့် ဖြစ်သည်။ ထို့ပြင် သူမကို ဝိုင်းရံနေကြသော အရွယ်မရောက်သေးသည့် မိန်းကလေးငယ်များကလည်း ချစ်စရာ အလွန်ကောင်းလှသည်။ မိဘမေတ္တာ ငတ်မွတ်နေသူများဖြစ်ကြောင်း သူတို့၏ ကရုဏာသက်စဖွယ် မျက်နှာလေးများက ဖော်ပြနေကြ၏။

"ရှင် ဘယ်နိုင်ငံသားလဲ။ ဒီလို ဝတ်စုံမျိုးနဲ့လူကို ကျွန်မ တစ်ခါမှ မတွေ့မမြင်ဖူးသေးဘူး"

ကျွန်တော်ထင်သည့် အတိုင်းပင် ဝတ်စုံကြောင့် ကျွန်တော့်ကို သူမက စိတ်ဝင်စားနေခြင်း ဖြစ်၏။ ကျွန်တော် မည်သည့်နိုင်ငံသားဖြစ်ကြောင်း၊ မည်သည့်အကြောင်းကိစ္စကြောင့် ဖနွမ်ပင်သို့ ရောက်ရှိနေရခြင်းဖြစ်ကြောင်း ရှင်းပြလိုက်သည်။ ထိုအခါ သူမက ပိုမို ရင်းနှီးလာဟန် မျက်နှာပေးဖြင့် ကျွန်တော့်ကို ပြုံး၍ကြည့်သည်။ မြန်မာပြည်သား မနုဿဗေဒပညာရှင် စာရေးဆရာတစ်ဦးဖြစ်သူ ကျွန်တော်နှင့် မမျှော်



www.burmeseclassic.com

www.burmeseclassic.com

လင့်ဘဲ တွေ့ဆုံရင်းနှီးခွင့်ရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း လှိုက်လှဲစွာ ပြောဆိုသည်။

"ကျွန်တော့်အကြောင်းကိုတော့ ပြောပြီးပြီ။ ခင်ဗျားရဲ့အကြောင်းကိုလည်း သိပါရစေဦး"

ကျွန်တော်၏အမေးကို ရုတ်တရက် မဖြေသေးဘဲ သူမသည် အောက်နှုတ်ခမ်းကို ခပ်ဖိဖိကိုက်လျက် စဉ်းစားခန်းဝင်နေ၏။ ထို့နောက် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်ပြီးနောက်

"ရှင် အချိန်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်မဖြတ်သန်းခဲ့ရတဲ့ ဘဝဖြစ်စဉ်ကို အသေးစိတ် ပြောပြပေးမယ်။ ဒီအကြောင်းတွေကို စာရေးဆရာတစ်ယောက်ဖြစ်တဲ့ ရှင်က စာပြန်ရေးမယ်ဆိုရင် မြန်မာပြည်ကလူတွေလည်း ကျွန်မအကြောင်းကို သိရှိနိုင်ကြတာပေါ့။ မြန်မာပြည်ကလူတွေသာမက ဖြစ်နိုင်ရင် တစ်ကမ္ဘာလုံးကလူတွေကို ပါ သိစေချင်တယ်လေ။ တကယ်တော့ ကျွန်မဟာ အင်မတန်မှ ဘဝနာခဲ့ရသူ တစ်ယောက် ဖြစ်ခဲ့ရရုံသာမက ဘဝပျက်ခဲ့ရသူပါ။ ကျွန်မရဲ့ နာမည်က စိုမာလီ ဖြစ်ပါတယ်"

ကျွန်တော်သည် သူမပြောပြခဲ့သည်များကို တယ်လီဖုန်းဖြင့် အသံဖမ်းခဲ့သည်။ သို့ဖြင့် ရင်ခုန်ဖွယ်ရာ၊ ရင်နာဖွယ်ရာ၊ သံဝေဂရဖွယ်ရာနှင့် အားတက်ဖွယ်ရာ သူမ၏ အောက်ဖော်ပြပါ ဘဝဖြစ်စဉ်အကြောင်းကို ရောင်ပြန်စာဖတ်ပရိသတ်ကြီးထံမှောက် သို့ တင်ပြနိုင်ခဲ့ရခြင်း ဖြစ်ပါသည်။

× × ×

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်မြို့မှ ဟောင်းနွမ်းယိုယွင်းလျက်ရှိသော ဆေးရုံအိုတစ်ခု၏ လူနာဆောင်တွင်ဖြစ်၏။ ကိုယ်ခန္ဓာ ခပ်သွယ်သွယ်နှင့် နွေးထွေးသော အညိုရောင်မျက်လုံးပိုင်ရှင် စိုမာလီ အမည်ရှိ မိန်းမရွယ်တစ်ဦးသည် ကလေးလူနာတင်ထားသည့် ခုတင်ပေါ်သို့ ခန္ဓာကိုယ်ကို ကိုင်းညွတ်လိုက်သည်။ ထိုခုတင်ပေါ်တွင် ခန္ဓာကိုယ်တစ်ခုလုံး ပတ်တီးများ ရစ်ပတ်စည်းနှောင်ခံထားရသူ အသက်ငါးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦး လဲလျောင်းလျက်ရှိ၏။ ထိုကလေးငယ်သည် ဝက်ဝံရုပ်ကလေး တစ်ရုပ်ကို ဖက်တွယ်ထားပြီး မျက်နှာကြက်ဆီသို့ မမိုတ်မသုန် မျက်လုံးအစုံဖြင့် ငေးကြည့်နေ၏။ သူမ၏အမည်မှာ "ဆရီတတပ်ချ်" ဖြစ်၏။ သူမ၏မိခင်က ဤ ငါးနှစ်အရွယ် သမီးငယ်လေးကို ပြည့်တန်ဆာခန်းတစ်ခုတွင် ရောင်းစားထားခဲ့ရာ လွန်ခဲ့သည့် နှစ်ရက်ခန့်တွင်မှ ရဲတွေက ကယ်ထုတ်ရယူပြီး ဤဆေးရုံ၌ တင်ထားခဲ့ရခြင်း ဖြစ်၏။

ခံစားမှုကင်းမဲ့သော ငှငှိုင်ငိုင် မျက်နှာပိုင်ရှင်လေး ဆရီတပ်ချ်ကို တွေ့မြင်လိုက်ရကတည်းက စိုမာလီသည် မိမိ ဘာလုပ်သင့်ကြောင်း ချက်ချင်းနားလည်လိုက်၏။ အခါခပ်သိမ်း အားပေးစကားတွေ ပြောကြားနေ၍ မဖြစ်။ စကားဟူသည် မုသားပါတတ်၏။ နှလုံးသားကတော့ အမှန်တရားကိုသာ ပြောကြားလေ့ရှိ၏။ စိုမာလီ၏နှလုံးသားက စကားပြောလေပြီ။ သူမသည် ဆရီတပ်ချ်၏ လက်ဖဝါးလေးများကို အသာအယာဆုပ်ကိုင်လိုက်ပြီး ရင်ခွင်ထဲတွင်

**ထိုအခန်းတံခါးကို ပိတ်လိုက်သည့်အခါ မြွေတွေက အမှောင်ထုထဲတွင် စိုမာလီ၏ ခန္ဓာကိုယ်ပေါ်၌ တက်ခြင်း၊ လျှောဆင်းခြင်းများ ပြုလုပ်ကြသဖြင့် သူမသည် အလွန်ထိတ်လန့်ပြီး ငယ်သံပါအောင် အော်ဟစ်လေတော့၏။**

ယုယစွာပိုက် ထွေးထားလိုက်သည်။ နှုတ်မှလည်း "ဆရီတပ်ချ်ကို တို့သိပ် ချစ်ပါတယ် သမီးလေးရယ်" ဟူ၍ တိုး ညင်းစွာ ပြောလိုက်၏။ တကယ်တော့ စိုမာလီကိုယ်တိုင်ကလည်း ကလေ အရွယ် လူမမည်ဘဝတုန်းက ခါးသီ လှသော အတွေ့အကြုံတို့၏ လွှမ်းခြုံ ကို ခံယူပြီး ကြီးပြင်းလာခဲ့ရသူဖြစ် ဆရီတပ်ချ်ကလေး၏ ခံစားနေရမှု ကောင်းစွာနားလည်မိရ၏။ ထို့ကြောင့် လည်း စိုမာလီသည် သူမ၏နှလုံးသား စိမ့်ယိုစီးကျလာသော မေတ္တာစမ်း ဖြင့် ဆရီတပ်ချ်ကို ယုယကြင်နာ ပက်ဖျန်းပေးလိုက်ခြင်း ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com

**ကျွန်စာဖြစ်ခဲ့ရသူ**

**မိမိ၏မိဘများ** ဘယ်သူဘယ်ဝါတွေဖြစ်ကြောင်း စိုမာလီ မသိခဲ့။ ၁၉၇၀ ပြည့်နှစ် **ခမာနီ** "ပိုပေါ့"အစိုးရ လက်ထက် **သူမ၏မိဘနှစ်ပါး** အသတ်ခံခဲ့ရစဉ် စိုမာလီသည် အသက်လေးနှစ်အရွယ်မျှသာ ရှိသေး၏။ သူမသည် ကမ္ဘောဒီးယားအရှေ့ပိုင်း၊ မွန်ဒူလ်ကီရီ တောထဲရှိ ဝေးလံခေါင်သီလှသော ကျေးရွာကလေးတစ်ရွာတွင် မိဘမဲ့တစ်ကောင်ကြွက်ဘဝဖြင့် ကြီးပြင်းခဲ့ရသည်။ "ဘောင်ဆာရာ"အမည်ရှိ ထိုကျေးရွာကလေးတွင် နေထိုင်ကြသူတို့မှာ ဆင်းရဲနွမ်းပါးလှပေရာ ဝါး၊ ကောက်ရိုးတို့ဖြင့် ဆောက်လုပ်ထားသော တဲအိမ်များ၌သာ နေထိုင်ကြရ၏။ စိုမာလီသည် တောထဲရှိ သစ်ပင်များတွင် ကြိုးပုခက်ဆင်၍ အိပ်စက်ခဲ့ရပြီး သူတစ်ပါးက သနားသဖြင့် တစ်လုတ်တစ်ဆုပ်ကျွေးမွေးသော အစားအစာမျိုးကိုသာ စားသောက်ခဲ့ရ၏။ သူမကို ရွာသူရွာသားတွေက "မယ်အလာ"၊ "အငယ်လေး" စသည့်အမည်များဖြင့် နောက်ပြောင်ခေါ်ဝေါ် ဆက်ဆံခဲ့ကြ၏။ တစ်ရက်သ၌ ကျေးရွာအကြီးအကဲ(ဂ) စိုမာလီကို သူ၏တဲအိမ်သို့ ခေါ်ယူပြီး လူစိမ်းတစ်ဦးနှင့် တွေ့ဆုံပေး၏။

"အငယ်လေးရေ . . . ဟောဒီ ပုဂ္ဂိုလ်ကြီးက မင်းရဲ့ဖေဖေနဲ့ သိကျွမ်းခဲ့သူ ဖြစ်တဲ့အကြောင်း ငါ့ကို ပြောပြတယ်။ သူက မင်းကိုခေါ်သွားပြီး သူ့ရဲ့မိသားစုနဲ့ တွေ့ဆုံပေးလိမ့်မယ်။ သူ့ကို မင်းက ဘိုးဘိုးလို့ ခေါ်ပါ"

စိုမာလီသည် ထိုအရပ်ရှည်ရှည်နှင့် လူကြီးကို မော့ကြည့်ပြီး ပြုံးပြလိုက်မိ၏။ သူမ၏ဘဝတွင် တစ်စုံတစ်ဦး၏ ဂရုစိုက်ခြင်းကို ပထမဦးဆုံးအကြိမ် ခံရခြင်းဖြစ်ပြီး ထိုသူ၏ စောင့်ရှောက်မှုကို ခံယူရတော့မည်။

ထိုဘိုးဘိုးဆိုသူ၏ ခေါ်ဆောင်ရာ နောက်သို့ လိုက်ပါလာခဲ့ရာ သူတို့သည် တောလမ်းခရီးကို ရက်ပေါင်းအတော်ကြာအောင် ခြေကျင်လျှောက်၍ ကျော်ဖြတ်ခဲ့ကြရ၏။ လမ်းမပေါ်သို့ ရောက်သောအခါ သစ်လုံးတွေအပြည့် တင်ထားသော ထရပ်ကားကြီးတစ်စီးကို တွေ့မြင်ရ၏။ ထိုကားပေါ်သို့ လူတွေ အလုအယက် ပြေးတက်နေကြသည်။ စိုမာလီသည် ဤသို့ ကြီးကြီးမားမား အရာဝတ္ထုပစ္စည်းများကို တစ်ကြိမ်တစ်ခါမျှ မမြင်မတွေ့ခဲ့ရဖူးလေရာ အလွန်အမင်း ထိတ်လန့်ပြီး ထွက်ပြေးရန် ကြိုးပမ်းလေတော့၏။ ထိုအခါ ဘိုးဘိုးဆိုသူက သူမကို ဖမ်းချုပ်ပြီး မြေကြီးပေါ်သို့ တွန်းလှဲကာ တရွတ်တိုက် ဆွဲခေါ်သွား၏။ သူနှင့်အတူ သစ်တင်ကားကြီးပေါ်တွင် အတင်းစီးနင်းလိုက်ပါစေခဲ့သည်။

ဘိုးဘိုးဆိုသူက စိုမာလီကို ဗီယက်နမ်နယ်စပ်အနီးရှိ သူနေထိုင်လျက်ရှိသော ကျေးရွာဆီသို့ ခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်၏။ သူ၏နေအိမ်တွင် နေထိုင်စေပြီး စိုမာလီကို သန့်ရှင်းရေးနှင့် အဝတ်လျှော်ဖွပ်သည့် အလုပ်တွေကို လုပ်ခိုင်း၏။ ထမင်းဟင်းလည်း အချက်ခိုင်း၏။ မကြာခဏ အရက်မူးပြီး စိုမာလီကို ဝါးရင်းတုတ်ဖြင့် ရိုက်နက်၏။ နောက်ဆုံးတွင် သူတင်နေသောအကြွေးများကို ဆပ်နိုင်ရန်အတွက် ဘိုးဘိုးဆိုသူသည် စိုမာလီအား ဖနွမ်းပင်မြို့ရှိ ပြည့်တန်ဆာလုပ်ငန်းပိုင်ရှင်တစ်ဦးထံ အပြီးအပိုင် ရောင်းချလိုက်လေတော့သည်။

"လာတဲ့ဧည့်သည်တွေ ကျေနပ်လောက်အောင် သူတို့ခိုင်းသမျှ လုပ်ပေးလိုက်။ နို့မို့ရင်တော့ နင်သေဖို့သာပြင်"

ပြည့်တန်ဆာခေါင်းက သူမကို မှာကြားသည့်စကား ဖြစ်၏။ ပထမဦးဆုံးအကြိမ် သူမနှင့် လိင်ဆက်ဆံရန် လာရောက်သူက သူမကို အဝတ်အစားများ အချွတ်ခိုင်းရာ စိုမာလီက ငြင်းဆန်လိုက်မိသဖြင့် ပြည့်တန်ဆာခေါင်းက "အင်း . . . ဒီကောင်မလေးကိုတော့ ပုံစံဝင်အောင် လုပ်ပေးရဦးမယ်"ဟု ဆိုပြီး "ပြစ်ဒဏ်ခန်း"ထဲ၌ ပိတ်လှောင်ထားလိုက်၏။ ထိုအခန်းတွင် ပြတင်းပေါက်မရှိ။ သူတို့က စိုမာလီကို ကုလားထိုင်တစ်လုံးတွင် လက်ပြန်ကြိုးတုပ်နှောင်ကာ မြွေတွေထည့်ထားသော ပချိုင်တစ်ခုကို သူမ၏အနီးတွင် ကပ်၍ ချထားလိုက်၏။ ထိုအခန်းတံခါးကို ပိတ်လိုက်သည့်အခါ မြွေတွေက အမှောင်ထုထဲတွင် စိုမာလီ၏ ခန္ဓာကိုယ်ပေါ်၌ တက်ခြင်း၊ လျှောဆင်းခြင်းများ ပြုလုပ်ကြသဖြင့် သူမသည် အလွန်ထိတ်လန့်ပြီး ငယ်သံပါအောင် အော်ဟစ်လေတော့၏။ နောက်တစ်နေ့တွင် စိုမာလီခမျာ သူတို့ကို အာခံရန်နှင့် ဆန့်ကျင်ရန်အင်အား လုံးဝကုန်ခန်းသွားခဲ့ရလေတော့သည်။

**ငရဲခံရသူ ဘဝ**

နှစ်တွေ ကြာလာသည်နှင့်အမျှ



www.burmeseclassic.com

www.burmeseclassic.com

စိမာလီသည် ထောင်နှင့် ချီသော ယောက်ျားတို့၏ လိင်ဆက်ဆံခြင်းကို ခံခဲ့ရ၏။ တစ်ခါတစ်ရံ ယောက်ျားနှစ်ဆယ်ယောက်ခန့် စောင့်ဆိုင်းနေသော အခန်းထဲသို့ ဝင်ရောက်ပြီး လိင်ကျေးကျွန်ပြုပေးရသည့်-မျိုးလည်း ရှိ၏။ သူမအပါအဝင် ပြည့်တန်ဆာမလေးတွေအားလုံး အလုပ်ရှင်စေခိုင်းသမျှ ငြင်းဆန်ခြင်းမပြုကြရ။ အာခံခဲ့သည်ရှိသော် ပြစ်ဒဏ်ခန်းထဲ၌ ပိတ်လှောင်ထားခြင်းခံကြရ၏။ မိန်းမအင်္ဂါကို ဆေးခန်း၌ ချုပ်၍ ကညာပျိုစင်အဖြစ် ဟန်ဆောင်စေကာ ဈေးမြှင့်ထားပြီး အခြား ပြည့်တန်ဆာများသို့ ပြန်လည်ရောင်းချခြင်းမျိုးကိုလည်း ပြည့်တန်ဆာခေါင်းနှင့် သူ့မိန်းမက ပြုလုပ်တတ်၏။ ညှော်သည်နှင့် ဆက်ဆံရင်း ပဋိသန္ဓေစွဲကပ်လာသူတို့၏ ကိုယ်ဝန်များကိုလည်း သားအိမ်ကို ဖဲထီးသံချောင်းဖြင့်ထိုး၍ အတင်းအဓမ္မ ဖျက်ချစေခြင်းခံကြရ၏။ စိုး ၁၈ဒ အပါအဝင် ဤမိန်းကလေးများအဖို့ ပြေးစရာ မြေမရှိ။ ပြည့်တန်ဆာလုပ်ငန်းပိုင်ရှင်တို့၏ ပြန်လည်ဖမ်းဆီးခြင်းဘေးရန်မှ လွတ်ကင်းမည့် လုံခြုံသော နေရာဟူ၍ နတ္ထိ။

တစ်ညသ၌ စိမာလီနှင့်အတူ ဆယ်ကျော်သက်ရွယ် မိန်းကလေးငယ်တစ်ဒါဇင်ခန့်ကို မြက်ဖျာကြမ်းတစ်ချပ်ပေါ်တွင် အိပ်ပျော်နေကြစဉ် ပြည့်တန်ဆာခေါင်း၏ လင်ယောက်ျား "လီ"ဆိုသူက "ဟိုကောင်မ ဘယ်မှာလဲ"ဟု ဆဲဆိုအော်ဟစ်ရင်း ဝင်ရောက်လာ၏။ သူ့ပါးစပ်မှ အရက်နံ့က တထောင်းထောင်း ထနေသည်။ ညာလက်ထဲတွင် ပစ္စတိုတစ်လက် ကိုင်မြှောက်လျက် ပါလာသည်။ ပြည့်တန်ဆာမ အသစ်ကလေး အသက် ၁၅ နှစ်အရွယ် "ဆရီရွန်"ဆိုသူ မိန်းကလေးသည် နေ့ခင်းတုန်းက ထွက်ပြေးရန် ကြိုးပမ်းမိရာမှ ဖမ်းဆီးခံခဲ့ရ၏။ အလွန်ထိတ်လန့်ကြောက်ရွံ့သဖြင့် လေဖြတ်သလို ဖြစ်သွားရရှာသူ ဆရီရွန်ကို လက်ပြန်ကြိုးတုပ်ပြီး ဦးခေါင်းကို သေနတ်ပြောင်းဝဖြင့် တေ့ထားလိုက်၏။ အမျိုးမျိုး ငိုယို တောင်းပန်နေသည့်ကြားမှ လီက အကြင်နာတရားကင်းမဲ့စွာဖြင့် သေနတ်မောင်းခလုတ်ကို နှစ်ချက်ဖြုတ်ချလိုက်၏။ လဲကျသေဆုံးသွားသူ ဆရီရွန်၏ ရုပ်အလောင်းကို လီ၏ တပည့်များက မြက်ခြောက်အိတ်တွင်ထည့်ပြီး သယ်ထုတ်သွားကြ၏။ နောက်ထပ် ထွက်ပြေးမှုများ မပေါ်ပေါက်စေရန် လီက ပွဲကြမ်းပြလိုက်ခြင်းဖြစ်၏။ စိမာလီသည် ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရသဖြင့် အလွန်ထိတ်လန့်သွားမိ၏။ လီကို အကြီးအကျယ် မုန်းတီးသွားမိသလို မိမိနှင့်ဘဝတူ မိန်းကလေးတွေကိုလည်း အလွန်ပင် သနားသွားမိ၏။ သူမ၏ အသည်းနှလုံးထဲတွင် အကြီးဆုံးဆုကြီးတစ်ချောင်း ပေါက်လာရပြီး -

"ငါ နောင်တစ်နေ့မှာ ဒီကိုရောက်အောင်ပြန်လာပြီး နင့်ကိုသတ်မယ်"ဟု လီကို စိတ်ထဲမှ ကြုံးဝါးပစ်လိုက်မိ၏။

(ရှေ့လတွင် ဇာတ်သိမ်းမည်)

မနဿကျော်ဝင်း(အမျိုးသားစာပေဆုရ)


# အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်
# အဆောင်ဓာတ်လုံး
# ဘော် + ဘင် + ပြဒါးသွတ်

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါ်ကြွယ်လှုပြီး လူတိုင်းလိုအပ်သော ဝီယ-လာဘ-ဓနု-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြုံကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့်...

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ+ဓနု၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို၊ လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက...

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁






www.burmeseclassic.com

www.burmeseclassic.com



# သမီးရဋ္ဌီ

မြဝတီ

*(ယခင်လမှ အဆက်)*

ဦးထွန်းမြတ်ကျော်သည် သူ၏ စာကြည့်မျက်မှန်ကို အပေါ်သို့ မြှင့်တင်လိုက်ရင်းက လွတ်နေသော ကုလားထိုင်ကို လက်ညှိုးထိုးပြလိုက်၏။ မြိုင်နှင့်ကိုထင်ကျော်မှာလည်း ဦးထွန်းမြတ်ကျော်၏ရှေ့သို့ ရောက်သည့်တိုင်အောင် ဖြုန်းကနဲ မထိုင်ဘဲ မတ်တတ်ရပ်လျက် ရှိနေခြင်းဖြစ်၏။ ဤသို့ ဦးထွန်းမြတ်ကျော်က ပြောသောအချိန်အတွင်းမှာပင် ကိုထင်ကျော်မှာ အပြင်သို့ ပြန်လည်ထွက်ခွာသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

မြိုင်က ထိုင်လိုက်ရ၏။

"ကျွန်မကို ဘယ်လိုများ အကဲခတ်မိလို့ပါလဲ ဦးရယ်"

မြိုင်က ဦးထွန်းမြတ်ကျော်သည် မိမိအပေါ် ဘယ်လိုများ ကျေနပ်စရာကောင်းသော အချက်များ တွေ့နေပါသလဲဟူသော အဖြစ်ကို သိချင်၏။

"အင်း…အောင်သက်မြိုင် ဆိုတဲ့အတိုင်း အလုပ်တစ်လုပ်ကို လုပ်မယ်ဆိုပြီး ဆုံးဖြတ်လိုက်ရင်လည်း ဇွဲနဲ့ ကြိုးစားမယ့် လက္ခဏာပေါ့ကွယ်၊ ဒါဟာလည်း မျက်နှာပေါ်မှာ ထင်မြင်လာတဲ့ အတွင်းသဏ္ဌာန်ကြေးမုံပဲ ဆိုပါစို့ကွယ်"

"ဟုတ်ပါတယ် ဦး၊ ကျွန်မကလည်း တစ်ခုခု ဆုံးဖြတ်ထားလိုက်ရင် ဆုံးဖြတ်တဲ့အတိုင်း ကြိုးစားချင်ပါတယ်၊ ဒါထက် ကျွန်မ ဒီလာတာနဲ့ ပတ်သက်ပြီးတော့ကော ကိုထင်ကျော်က သိပ်ပြီးနှစ်သက်တဲ့စကား မပြောခဲ့ပါဘူး"

မြိုင်က သူမဝမ်းတွင်းမှ လျှို့ဝှက်မထားချင်သော စကားတစ်ခွန်းကို ထုတ်ဖော်ပြောပြလိုက်ခြင်း ဖြစ်၏။ မှန်ပါ၏။ ကိုထင်ကျော်နှင့် စ၍တွေ့ဆုံခဲ့ရသော လေယာဉ်ကွင်းတွင် ကိုထင်ကျော်၏ ပြောစကားများကို ထောက်ချင့်ရခြင်းဖြင့် သူမ ဒီကိုလာခြင်းကို သဘောမကျလှကြောင်း ပြခဲ့သည်မဟုတ်ပါလေလား။

မြိုင်၏မျက်နှာကို ဦးထွန်းမြတ်ကျော်သည် ပြုံး၍ကြည့်လိုက်သည်။ ပြီးလျှင် ခေါင်းကို ဆတ်ကနဲညိတ်ကာ…

"သူက ဦးသွားတဲ့နေရာတွေကို လိုက်ရမှာ စိုးရိမ်နေတယ်၊ အခုတစ်ခါ သွားရမယ့်ခရီးဟာလည်း အန္တရာယ်များချင် များမယ်၊ ဘာပြုလို့လဲဆိုရင်တော့ သွားရမယ့်ခရီးဟာ ဘေးအန္တရာယ်များတဲ့ နယ်တွေကို ဖြတ်ကျော်သွားရမှာပဲ၊ အဲဒီလိုမသွားခင် စပ်ကြားမှာ ခရီးလမ်းစိတ်ချရအောင်ဟာ ကျကျနန စီစဉ်ရဦးမယ်ကွဲ့"

"ဟင်…ကျွန်မ သိရတာက မြန်မြန်ကနဲ ခရီးမထွက်သေးဘူးလို့ ထင်ခဲ့ပါတယ် ဦးရယ်"

"ဟုတ်ပါတယ် ကလေးမရယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့ သုံးရက်လောက်ကပဲ နည်းနည်းအရေးကြီးတဲ့ ပြဿနာတစ်ခုက ပေါ်လာတယ်၊ ဒီပြဿနာကလည်း ဦးတို့က ဒီနေရာကို ဒီတစ်လနှစ်လတွင်းမှာ မသွားခဲ့ရင် မဖြစ်ဘူးကွဲ့၊ တကယ်လို့ မသွားရင်လည်း မိုးကျလာမှာကိုး၊ မိုးတွေ သိပ်ရွာနေတဲ့အချိန်ဆိုရင် အခုသွားရမယ့် ခရီးလမ်းဟာ ချောင်းမြောင်းအင်းအိုင် သိပ်ပေါတယ်၊ ဒါကြောင့်လည်း ဒီတစ်လနှစ်လအတွင်းမှာ သွားကြရမှာပဲမဟုတ်လား"

မြိုင်သည် နောက်ထပ်မပြောတော့ဘဲ သူမ၏ ဦးခေါင်းကလေးအား အလိုက်သင့်စွာပင် ညိတ်လိုက်လေသည်။

ယင်းအခိုက်မှာပင် ကိုထင်ကျော်တစ်ယောက် ပြန်လာခဲ့လေသည်။

"ကဲ…သားရေ၊ ဖေဖေတို့အောက်ထပ် ဆိုင်ခန်းထဲကို ဟောဒီ အောင်သက်မြိုင်ကို လိုက်ပို့ပါကွယ်၊ ဘယ်လောက်ပစ္စည်းတွေ စုံတယ်ဆိုတာ ကြည့်ရမှာပေါ့ ဆရာမလေး.."

ဦးထွန်းမြတ်ကျော်က သားကိုထင်ကျော်ကို ပြောလိုက်လေသဖြင့် ကိုထင်ကျော်က အောင်သက်မြိုင်အား

"ကဲ..ရောက်တဲ့အခါ ကျွန်တော်တို့ ဆိုင်ခန်းကို လိုက်ကြည့်ပါဦး မြိုင်"

ဟု ပြောလိုက်၏။

မြိုင်သည် ဦးထွန်းမြတ်ကျော်အား နှုတ်ဆက်၍ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အောက်ထပ်သို့ ရောက်သောအခါတွင် လက်ဝဲဘက်ချိုးက 'အာရှ အာဖရိက ယဉ်ကျေးမှုပစ္စည်း ရောင်းဝယ်ရေးတိုက်' ဟူ၍ ဆိုင်းဘုတ်ရေးထားသော တိုက်ခန်းကို တွေ့ရလေသည်။

"အရင်တုန်းက ဆိုင်းဘုတ်တစ်မျိုး တွေ့ဖူးသလားလို့"

မြိုင်က ဆိုင်းဘုတ်ကို မော့ကြည့်ရင်း မေး၏။ ကိုထင်ကျော်က ရပ်၍စောင့်ရင်းက ခေါင်းညိတ်ကာ…

"ဟုတ်ပါတယ် မြိုင်၊ အရင်က



www.burmeseclassic.com

www.burmeseclassic.com

တော့ 'ဗမာ့ရှေးဟောင်းပစ္စည်း ရောင်းဝယ်ရေးတိုက်' အမည်ပါပဲ၊ အခု တစ်လအတွင်းမှာပဲ တိုးချဲ့ခဲ့တယ် ဆိုပါတော့ မြိုင်"

ဟု ပြောလိုက်လေသည်။

မြင်ရသော ဆိုင်းဘုတ်မှာကား အနက်ရောင်တွင် ရွှေရောင်စာလုံး အဝိုင်းဖြင့် ရေးထားသဖြင့် ပို၍ပေါ်လွင်ကာ ညဘက်တွင် လမ်းသွားလမ်းလာသူများ မြင်နိုင်စေရန်အတွက်လည်း **မီးချောင်းအပေါ်** အုပ်ဆောင်းနှင့် တွေ့ရ၏။ တိုက်အဝင် တံခါးနှစ်ဖက်တွင် စတင်၍ တွေ့ရသည်မှာပင် အံ့သြစရာ ကောင်းနေပါ၏။

ဟုတ်ပါလေသည်။ ထိုရှေးဟောင်း**ရောင်းဝယ်ရေးတိုက်အဖြစ်** ပို၍ထင်**ရှားစေရန်အတွက်** ခါးတောင်းကျိုက်၍ ကနေဟန်တူသော နတ်ရုပ်နှင့် ဗောင်းစလွယ် ဆင်ထားသည့် ဝန်ကြီးရုပ်တုများကို အဝင်ဝ တံခါးနှစ်ဖက်ဝယ် နေရာချ၍ထားသည်ကို တွေ့ရ၏။

အတွင်းခန်းသို့ စတင်ဝင်လိုက်လျှင်ပင် မျိုးစုံလှသော ရုပ်တုများကို တွေ့ရသဖြင့် မြိုင်မှာ ရင်တွေတုန်သွားမိချေ၏။ မှန်ပေသည်။ ယခုလို အံ့သြစရာကောင်းလှသော ရုပ်တုမျိုးစုံကို ပြတိုက်အချို့တွင်ပင် ရှိနိုင်လိမ့်မည် မဟုတ်ဟု မြိုင်က တွေးမိသောကြောင့်တည်း။

အသစ်ထုထားလေသော ဆင်ရုပ်များနှင့် လှေလောင်းပုံများ၊ ရှေးခေတ် ယွန်းပန်းကန်နှင့် ကွမ်းအစ်ကြီးငယ်များ ဒေါင်းလန်များ၊ ဒေါင်းရုပ်များကို ရွှေခြည် ငွေခြည်ဖြင့် ရက်လုပ်ထားသော အလှခင်းပစ္စည်းများ၊ စားပွဲတင် လူရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ်၊ ကိန္နရာရုပ်မှစ၍ ရှေးဟောင်းဘုရားရုပ်တုအချို့၊ ငွေဓားများ၊ သံဓားအမျိုးမျိုး၊ အိန္ဒိယသုံး ကြေးအိုးကြေးခွက်များတွင် ရုပ်လုံးဖော်၍ထားသော ပစ္စည်းများ။ ရှေးဟောင်း တရုတ်လူမျိုးတို့၏ ကြွေပန်းအိုးကြီးများနှင့် ကြွေလက်ဖက်ရည်အိုး၊ တရုတ်ယဉ်ကျေးမှုအရုပ်များ၊ အာရှလူမျိုးအသီးသီး၏ ရုပ်တုများ၊ အာရှမင်းသမီး ရုပ်တုတချို့ လက်ဝတ်ရတနာများဟုခေါ်သော လည်ဆွဲများ၊ အာဖရိကတိုက်ဘုရင်များသုံးသော ပစ္စည်းတချို့ စသည်ဖြင့် ပစ္စည်းများက စုံလှပါလေသည်။

အဖိုးတန်လှသော ရတနာပစ္စည်းများနှင့် ပစ္စည်းများကို ထူထဲလှသော မှန်နှစ်ထပ်ဖြင့် အာမခံသော့များ ခတ်ထား၏။ အတွင်းမှ ပစ္စည်းများကိုလည်း သူခိုးသူဝှက် မယူနိုင်ရန်အတွက်လည်း စနစ်တကျ ပြုပြင်ထားသည်ကို ကိုထင်ကျော်က ပြောပြလေသည်။

"တံခါးတွေ အလုံပိတ်ထားတိုင်းလည်း စိတ်ချရတာ မဟုတ်ဘူး အမြိုင်၊ ဒီတော့လည်း ဖိုးတန်တဲ့ အရုပ်တွေကိုရော၊ ရတနာတွေရော ထားတဲ့ မှန်သေတ္တာတွေမှာဆိုရင် သူခိုးဖမ်း လျှပ်စစ်ခေါင်းလောင်းတွေကို တပ်ဆင်ထားရတယ် မြိုင်"

ဤသို့ ကိုထင်ကျော်က ပြောလိုက်ခဲ့စဉ်မှာပင် မြိုင်၏ မျက်လုံးများသည် အရုပ်များထားသော စင်မြင့်ပေါ်သို့ မျက်လုံးများ ရောက်ရှိသွားခဲ့ပြီး မျက်လုံးကလေးများ ပြူးသွားခဲ့မိလေသည်။

ဟုတ်ပေသည်။ မြိုင်တစ်ယောက်က မြင်ရသည်မှာ အရုပ်ဆိုးလှသော နတ်ရုပ်တစ်ရုပ်ပင် ဖြစ်သည်။ အရုပ်မှာ မည်းနက်၍ မျက်လုံးများပြူးလျက်ရှိပြီး ပါးစပ်ကို ဖြဲထားသဖြင့် ကြောက်စရာကောင်းလှ၏။ လက်တစ်ချောင်းတည်းမဟုတ်ဘဲ ကုလားများ ကိုးကွယ်သော သိဝဘုရားများပမာပင် ဖြစ်၏။

"အမယ်လေး"

ဖြန်းကနဲ မြိုင်က လန့်အော်လိုက်မိပြီး မျက်လုံးများကပင် ပြာဝေ၍သွားမိလေတော့သည်။

"ဘာဖြစ်တာလဲ"

ကိုထင်ကျော်က ပြေးလာခဲ့ပြီး မြိုင်၏ ယိမ်းယိုင်သွားလေသော ကိုယ်ကလေးအား ဖက်တွဲလိုက်ခဲ့မိသည်။ ပြီးမှပင် မြိုင်ကြည့်သောနေရာသို့ ကြည့်လိုက်ရာက ဟားဟား...ဟား



www.burmeseclassic.com

www.burmeseclassic.com

ဟား…ဟု ရယ်လိုက်သည်။

ကိုထင်ကျော်က မြိုင်၏ကိုယ်ပေါ် ကိုရောက်နေသော သူ၏လက်များကို အားတုံ့အားနာစွာ ပြန်လည်ရုပ်သိမ်းလိုက်သည်။

"ဆောရီး မြိုင်"

"မတော်တဆ ဖြစ်တာပဲရှင်"

မြိုင်က ပြောလိုက်လေသည်။

"ဖေဖေက အာရှယဉ်ကျေးမှုနဲ့ ထူးဆန်းတဲ့ ပစ္စည်းတွေဆိုရင် သိမ်းဆည်းတယ်၊ တတ်နိုင်သလောက် ဈေးကြီးပေးဝယ်တာပဲ၊ တစ်ခါ တစ်ခါ ပြင်သစ်တို့ အမေရိကန်တို့မှာ ရှိကြတဲ့ ကမ္ဘာ့ရှေးဟောင်းပစ္စည်း လိုက်လံရှာဖွေကူးသန်းနေတဲ့ လူတွေဆိုရင် ဖေဖေ့ထံက ပစ္စည်းတွေကို တစ်ဆက နှစ်ဆတောင်ပေးဝယ်တယ်၊ တချို့တော့လည်း ရောင်းတယ်၊ တချို့တော့ မရောင်းဘူး၊ ဖေဖေ မြတ်နိုးတဲ့ ပစ္စည်းတွေထဲမှာ မြန်မာဘုရင်တွေရဲ့ နန်းစင်နန်းဆက် သိမ်းဆည်းလာတဲ့ ရတနာတွေနဲ့ ပစ္စည်းတချို့ဖြစ်တယ် မြိုင်"

ကိုထင်ကျော်က ဤသို့ ပြောရင်းက တဖြည်းဖြည်း ရှေ့မှလျှောက်၍သွားလေသည်။

"ကဲ…မြိုင် ဟောဒီအခန်းက ယန်းမျိုးစုံထားတဲ့ အခန်းထဲ နောက်မှပဲ ကြည့်ကြပါစို့ရဲ့၊ ဒီနေ့တော့ အချိန်မရှိတော့ဘူးဗျာ၊ ဟုတ်လား"

မြိုင်ကတော့ ခေါင်းညိတ်လိုက်၏။ အမှန်ကတော့လည်း ကိုထင်ကျော်က ရှေးဟောင်းပစ္စည်းများကို လိုက်လံပြသနေလင့်ကစား အသည်းတဖိုဖို ရင်တထိတ်ထိတ်ဖြင့် ရှေ့တွင် ဘာများတွေ့ရှိပါဦးမလဲဟူ၍ အမျိုးမျိုး တွေးတောပြီးလျှင် လိုက်သွားရသူမှာ မြိုင်သာလျှင်ဖြစ်၏။ ယခုလို မိုးချုပ်ကာ မှောင်စပြုနေပြီး တစ်ဆိုင်လုံး တိတ်ဆိတ်ခြောက်သွေ့နေသော အချိန်အခါမျိုးတွင် ဖိုနှင့်မ နှစ်ဦးတည်းသာရှိသော ဤလိုနေရာမျိုးတွင် မနေသင့်ဟူ၍လည်း မြိုင်က သိထားပြီးလည်း ဖြစ်ပါလေသည်။

ယင်းနောက်တွင် အပြင်သို့ ပြန်ထွက်လာခဲ့ကြလေသည်။

ပါမောက္ခ ဦးထွန်းမြတ်ကျော်၏ ရှေ့သို့ ပြန်ရောက်သောအခါတွင်ကား 'ကဲ··ဒီနေ့ညတော့ ဆရာမ အေးအေးသက်သာ ပြန်အိပ်နိုင်ပါတယ်၊ ဩဘ်ဒါထက် ဆရာမကို ပြောရဦးမယ်၊ ကျုပ်တို့အိမ်မှာနေတာ လွတ်လပ်တယ်လို့ မထင်ရင် ကျုပ် အိမ်တစ်အိမ် ငှားပေးမယ်၊ ဘယ်လို သဘောရပါသလဲ' ဟု မေးလိုက်သဖြင့်…

"အများကြီး ကျေးဇူးတင်ပါတယ် အန်ကယ်၊ မြိုင့်အဖို့ အခုလည်း အခန်းလည်းကောင်းပါတယ်၊ ထပ်ပြီးတော့ အိမ်ငှားနေရင်လည်း…"

"မဟုတ်ဘူးလေ မြိုင်၊ မြိုင့်အဖို့ ပိုပြီးလွတ်လွတ်လပ်လပ် နေနိုင်အောင်ပါ၊ ဘာမှ ကျွန်တော်တို့ကို အားနာစရာ မလိုပါဘူးဗျာ"

"ဟုတ်တယ် ဆရာမ၊ ကျုပ်လည်း ဆရာမအတွက်ကို စဉ်းစားမိနေပါတယ်၊ ဆရာမမှာ ကျွန်ုပ်ကို ပြုစုရဖို့ဟာ အခုတောင် မလိုသေးပါဘူး၊ အခုဆိုရင် ကျုပ်က ကျန်းမာနေသေးတာပဲ၊ ခရီးထွက်တဲ့အခါမှာသာ လိုပါတယ်"

ဦးထွန်းမြတ်ကျော်က ဝင်ရောက်ပြောလိုက်လေသဖြင့်လည်း မြိုင်က အားတုံ့အားနာ ပြန်ပြောလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် အန်ကယ်၊ ဒါပေမဲ့ အန်ကယ်တို့ကို အိပ်ခန်းထပ်ငှားနေလည်း သိပ်အကြောင်းထူးမယ် မထင်လို့ မြိုင်က ပြောခဲ့တာပဲ၊ အခုတွေ့ရတဲ့ အန်ကယ်တို့ပစ္စည်းနဲ့ မြိုင်နေရမယ့်အခန်းကလည်း အင်မတန်အားရစရာကောင်းလှပါတယ် အန်ကယ်"

ဦးထွန်းမြတ်ကျော်သည် မြိုင်၏ လှပသော ရုပ်ရည်ကလေးတွင်မက မွန်မြတ်ကောင်းမွန်သော စိတ်သဘောထားကိုပါ အကဲခတ်မိသောအခါ မတော့ အင်မတန်မှ သဘောကျသွားမိလေတော့သည်။

"ကဲ ကဲ၊ ပြန်နှင့်ကြပေတော့"

ဦးထွန်းမြတ်ကျော်က အခွင့်ပြုလိုက်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

မနောဟာရီလမ်း၄၃င်ရှိသော မေဘယ်လ်တုတ်၏ မွေးနေ့ပါတီပွဲတွင် မေရီမှာ အချောဆုံး အလှနတ်သမီးကလေးတစ်ဦးအဖြစ်လည်း အားလုံးက ဝိုင်းကြည့်ရှုခြင်းကို ခံရသည်။

ကိုထင်ကျော်နှင့် ဦးထွန်းမြတ်ကျော်၊ ဆရာမလေး ဒေါက်တာအောင်သက်မြိုင်တို့သည် နောက်မှ မေဘယ်လ်တုတ်၏ မွေးနေ့ပါတီပွဲသို့ ရောက်လာကြလေသည်။

မြိုင်သည် နိုင်လွန်အပြာနုလက်တို၊ မန္တလေး ပိုးလုံချည်အပြာတွင် ရွှေရောင်ကြိုးကြီးချိတ်ကလေးနှင့် ပုံတော်ကတ္တီပါဖိနပ်ကို ဝတ်လာခဲ့သည်။ လည်တိုင်ကြော့ကြော့ကလေးမှာမူ ပုလဲကုံးကလေးတစ်ကုံးကိုသာ ဆင်ထားလျက် ဆံထုံးကို ရိုးရိုးကလေး နောက်တွဲထုံးထားခဲ့သည်။

ပါတီပွဲလာသူများသည် မြိုင့်ကို သိကြ။ မြိုင်ကလည်း ထိုအတန်းစားလူများကို မသိကြ။ သူတို့နှင့် မြိုင်သည် ယှဉ်လိုက်လျှင် မီးရောင်နှင့် ီးစုန်းကြူးရောင်ပမာ ကွာလှသည်။ ဟုတ်ပါလေသည်။ မြိုင်ဝတ်လာသော အဝတ်အထည်သည် ညှိုးနွမ်းလှချေ၏။ မြိုင်၏ ဖြူနု၍ သွယ်သော လက်ချောင်းကလေးများထဲမှ အဖိုးတန်ဆို၍ သူမ၏ ကျောက်နီလက်စွပ်ကွင်းကလေးနှင့် ရွှေရောင်လက်ပတ်နာရီကလေးသာ သူမအတွက် အတောက်ပဆုံးသော အရာဝတ္ထုများဟု ဆိုနိုင်၏။

မြိုင်က တွေ့နေရသောသူများမှာ ရင်ဘတ်တစ်ခုလုံးဝယ် ပြိုးပြက်သော စိန်ရောင်နှင့် လက်မောင်းနှင့် ဆံပင်မှ မကျန် မီးရောင်နှင့်ပြိုင်၍ ဝင်းလက်နေကြသည် မဟုတ်ပါလေလား။

မှန်ပါ၏။ အနည်းဆုံး ဘရိုကိတ်တစ်ရာကျော်တန်အထိပင် ဝတ်လာသော မင်းကတော်မမများအတွက် မြိုင်တစ်ယောက်မှာ အဘယ်မှာလျှင် ယှဉ်ပြိုင်နိုင်ပါမည်လဲ။

ဤသို့အားဖြင့် မြိုင်တစ်ယောက်သာလျှင် အဝတ်အစား မှေးမှိန်သဖြင့်လည်း ရုတ်တရက် မိန်းမသားတို့၏ သဘာဝအတိုင်း စိတ်အားငယ်မိသည်။ ပြန်၍ပြေးချင်လောက်ပင် ဖြစ်မိသည်။ သူမတို့တစ်တွေ ရောက်သည်ဆိုလျှင်ပင် ဝိုင်းဝန်း၍ နှုတ်ဆက်ကြသောသူများမှာလည်း အထက်တန်းလွှာမျက်နှာကြီးမမများနှင့် ဂုဏ်သရေရှိ လူကြီးလူကောင်းတွေသာဖြစ်လျက် အားလုံးကပင် ထင်ကျော်နှင့် ဦးထွန်းမြတ်ကျော်ကိုသာ အလေးအနက်ထား၍ နှုတ်ခွန်းဆက် ကြိုဆိုသည်သာ ဖြစ်၏။

ဤသို့ နှုတ်ဆက်ကြိုဆိုကြရာတွင် မြိုင်မှာ မိန်းမသားတွေ ဝိုင်းပယ်ခံရသလို သူ့ဘဝတွင် သူစိမ်းပြင်ပြင် မသိဘာသာသဘောကဲ့သို့ပင် ဧည့်ခံသူများကပင် မေးခြင်း ခေါ်ခြင်း ဆိုသည်မှာ လုံးဝရှိကြသည် မဟုတ်ပါပေ။ သူတို့အသိချင်း 'ဟာ… မင်းကတော်က သိပ်ပြီးလှလို့ ဝလာပါလား' ဟူ၍လည်းကောင်း၊ 'အံမယ်…ဒေါ်ရစ်ဝင်းတို့များ သိပ်လှတာပဲဟော့' ဟူ၍လည်းကောင်း တစ်ဦးကို တစ်ဦးက ဖော်ကြူးကာ အမွှမ်းတင်နေကြသော စကားများနှင့်-

"မေရီဘာသန်း ကြည့်စမ်း၊ အယ်နီရဲ့ ပတ္တမြားကလေးဟာ သုံးထောင်ကျော် ပေးရတယ်၊ သိလား"

"ဟင်··အယ်လီဇဘက်ရဲ့ မြနဲ့ စိန်တွေချည်း ရောထားတဲ့ ဘယက်ကို မက်ဒရစ်ကို လှမ်းမှာရတာ၊ သုံးသောင်းကျော်ကျတယ် အယ်နီရဲ့"

ဤသို့ တစ်ဦး၏အလှကို တစ်ဦးက ပြိုင်ဆိုင်နေသည်များမှာ မြိုင့်အဖို့ ရင်တုန်စရာတွေသာဖြစ်လျက် အဘယ်ဆီသို့ ပြေး၍ အေးအေးနေရပါမည်လဲ ဟူ၍သာ သူမအဖို့ နားခိုစရာကလေးသာ ကြည့်လိုက်ပါချေသည်။

မြိုင် ထိုင်နေသောဝိုင်းမှာ မေရီဘာသန်း၊ အယ်နီနှင့် အယ်လီဇဘက်စသော ခေတ်အဆန်ဆုံး အမျိုးသမီးတစ်တွေက စုဝေး၍ စကားပြောနေခြင်းမို့ သူမအဖို့တွင် ဂုဏ်သရေရှိ အမျိုးသ ီးများအလယ်တွင် အားငယ်နေမိလေတော့သည်။

သူမအား ခေါ်လာကြသော



www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းမြတ်ကျော်နှင့် ကိုထင်ကျော်တို့မှာ ယောကျ်ားဝိုင်းမှာပင် စကားကောင်းနေကြသည်။ သို့မို့ကြောင့်လည်း မြိုင်မှာ အသိဟူ၍ မရှိသော ဤဧည့်ခံပွဲတွင်းတွင် မနေချင်တော့သည့်အပြင် သူမတွင် ဝတ်စားဆင်ယင်ထားလေသည့် အဝတ်တန်ဆာများမှာ အယ်လီဇဘက်နှင့် အယ်နီတို့နှင့် နှိုင်းစာခဲ့ပါသော် မိုးနဲ့မြေပမာ နှိုင်းမဲ့ရာသာ မဟုတ်လား။

အစားအသောက်များ စားသောက်ပြီး၍ တူရိယာဝိုင်းမှ ဧည့်ခံနေသော အချိန်မှာပင် အမျိုးသားနှင့် အမျိုးသမီးများ တွဲဖက်ကကြလေသော ကပွဲကို စတင်ရန် အခမ်းအနား စီစဉ်သူက အသံချဲ့စက်ဖြင့် ပြောလိုက်၏။ အကဝါသနာပါလှသော အယ်နီတို့လူစုမှာ သဘောကျစွာဖြင့် လက်ခုပ်များပင် တီးလိုက်သည်။

ဤသို့အချိန်မျိုးတွင် ကပွဲပါမည်ကို ကြိုသိထားပြီးဖြစ်သော အယ်နီတို့တစ်တွေမှာ ဂါဝန်အင်္ကျီရင်ဟိုက် ပခုံးချိတ်များကို ဝတ်လာကြသည်။ သူမတို့၏ ရင်သားများက ဝင်းပစွာ တစ်ဝက်မျှ ပေါ်လွင်လျက်ရှိပြီး လှပသော မိန်းမတစ်ယောက်နှင့် ရွှေနှင့်ကျောက်များ စီခြယ်မွမ်းမံထားသော ရတနာလည်ဆွဲများက ပြိုးပြိုးပြက်ပြက် ဝင်းလက်နေကြသည် မဟုတ် ပါလေလား။

ယင်းအခိုက်မှာပင် အယ်နီနှင့် အယ်လီဇဘက်တို့ဆီသို့ လူများရောက်လာကြပြီး သူတို့နှင့် တွဲကရန်အတွက် ဖိတ်ခေါ်လိုက်လေသည်။ ဤသို့ခေါ်နေသည့်အချိန်မှာပင်လျှင် အားလုံးသော အသံများသည် ရုတ်တရက် ငြိမ်သက်သွားခဲ့၏။

မြိုင်ကလည်း သူမနေရာမှ ထလိုက်လေသည်။ သူမက အယ်လီဇဘက်တို့ကြည့်သော နေရာကို ကြည့်လိုက်သောအခါ အိမ်ကြီးအပေါ်ထပ်မှ အသက် ၄၀ ပြည့်မွေးနေ့ ကျင်းပသော မေဘယ်လ်တုတ်နှင့် အတူတွဲ၍ ဆင်းလာသော လှပသည့် ယမင်းကလေးကို တွေ့လိုက်ရလေသည်။ သူမ၏ မျက်နှာကလေး မြင်ကတည်းကပင် ကပြားမလေးမှန်းကို အတတ်သိရသည်။ ရွှေရောင်ဆံပင်များသည် ပခုံးပေါ်သို့ မြင်းမြီးသဖွယ် ဝဲဖြာကျနေလေသည်။

နိုင်လွန်မိုးပြာနုနု ရင်ဟိုက်ထားသော အင်္ကျီနှင့် ဝင်းပနေသော ရွှေရောင်ရင်မှာ မို့မို့ကလေး ဝင်းပစွာ ပေါ်လွင်လျက်ရှိပြီး ခပ်နွဲ့နွဲ့ကလေးဖြင့် မေဘယ်လ်တုတ်နှင့်အတူ ဆင်းလာလေသည်။

"ဟာ…သိပ်လှပါလား"

"အေးကွ၊ တကယ့်ကို အရုပ်ကလေးကျနေတာပဲကွာ"

အယ်လီဇဘက်နှင့် အယ်နီတို့က မေရီ ဆိုသူကလေးအား ကြည့်၍ပြောလိုက်လေသည်။

"ကိုထင်ကျော်က ဒါကြောင့် သူ့မစ္စအပေါ် အလိုလိုက်နေရတာပေါ့မင်"

"အိုင်တော့ သူ့အက်တင် သိပ်ရှုံ့တာပဲ၊ သူက ဘားဒေါ့အတုခိုးတာကွ သိလား"

မေရီဘာသန်း ဆိုသူလေးက နှုတ်ခမ်းကိုတွန့်၍ ပြောလိုက်သည်။

မြိုင်သည် သူတို့အနီးမှ ထလာခဲ့လေသည်။ အားလုံးသော ပရိသတ်က မေရီကိုသာ ဂရုစိုက်လျက် ရှိနေကြသည်။ ယင်းနောက်တွင် မေရီဆီသို့ လူရွယ် လူကြီးများက တိုးဝှေ့၍ သူတို့နှင့်အတူ တွဲကရန် ဖိတ်ကြားလျက် ရှိနေပါလေသည်။

မြိုင်သည် အပြင်သို့ ထွက်လာရန်အတွက် ဆုံးဖြတ်ပြီးလည်း ဖြစ်သည်။ ယင်းကြောင့်မို့ပင် အပြင်သို့ ခပ်သုတ်သုတ်ကလေး ထွက်လာခဲ့မိလေသည်။ အပြင်သို့မရောက်မီမှာပင် မြိုင်၏နောက်မှ ခေါ်သံကို ကြားရလေသည်။

"မြိုင် မြိုင်"

မြိုင်က လှည့်ကြည့်လိုက်သော အခါတွင်မူ ကိုထင်ကျော်တစ်ယောက် ဖြစ်နေသည်ကို တွေ့ရလေသဖြင့် အံ့အားသင့်သွားမိ၏။

"ဘယ်သွားမလို့လဲ မြိုင်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ အိုက်တာနဲ့ အပြင်သွားနေမလို့ပါ ကိုထင်ကျော်၊ ဒါထက် ရှင့်ရဲ့ မစ္စဆီကို မသွားတော့ဘူးလား"

"မသွားပါဘူး မြိုင်ရယ်၊ သူက လင်တစ်ယောက်ကို ရှိတယ်လို့ကို ဟင်တာမဟုတ်ပါဘူး၊ သူ့ဘဝနဲ့သူ ပျော်ပျော်ရွှင်ရွှင် ကျေနပ်နေရရင် ပျော်နေတာပဲ၊ အခုလည်း..."

ကိုထင်ကျော်က ဆိုနှင့်သံကြီးဖြင့် စကားကို ရပ်ထားလိုက်သည်။ ဤသို့ ကိုထင်ကျော်က စကားကို ရပ်ထားလိုက်သဖြင့်လည်း မြိုင်တစ်ယောက်မှာ ကိုထင်ကျော်အပေါ်ဝယ် စိတ်ဝင်စားလာရပြန်လေသည်။

"ဘာဖြစ်တာလဲရှင်"

မြိုင်က ကိုထင်ကျော့်ပခုံးဘေးမှ ကျော်၍ မေရီဆီသို့ ကြည့်လိုက်သည်။ မေရီနှင့် လူငယ်နှစ်ဦး စကားပြောနေသည်။ လူငယ်နှစ်ဦးမှာ ရုပ်ရည်ချောမောသူ ကပြားများဖြစ်သည်။ သူတို့နှစ်ဦးက မေရီကို ဝိုင်း၍ညှပ်ထားလိုက်ပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် တွဲကရန်အတွက် အတင်းအကြပ် ဖိတ်ခေါ်နေကြလေသည်။

ကိုထင်ကျော်ဦးက ပြန်လှည့်ကြည့်ရင်း 'အဲဒီအတိုင်းပါပဲ မြိုင်၊ ကျွန်တော့်ကို လင်သားတစ်ယောက်ရယ်ဆိုပြီးတော့ အသက်ရှိတယ်တောင် ထင်ပါ့မလား မသိဘူး၊ အမှန်တော့ သူနဲ့ ကျွန်တော်ဟာ ဘဝချင်းတော့ သိပ်ပြီးတူလှတာတော့ မဟုတ်ပါဘူး မြိုင်' ဟု ကိုထင်ကျော်က သူ၏အသံများကို ထိန်းချုပ်ကာ ပြောလိုက်လေသည်။

ထိုအခါကျပြန်တော့လည်း မြိုင်မှာ ကိုထင်ကျော်ကို ကရုဏာစိတ်ကလေးများ သန်းသွားရပြန်သည်။

အပြင်ဘက် ပန်းခြံထဲမှာတော့ တိတ်ဆိတ်နေလျက် မီးရောင်အရိပ်များက ဝေးသဖြင့် မှုန်ဝါးဝါးသာ ကျနေလေသည်။

တစ်နေရာတွင်မူ တန်းလျားခုံရှည် ဖြူဖြူကလေးတစ်ခုမှာ ကုံကော်ပင်ကြီး၏ ခြေရင်းတွင် ချထားသည်ကို တွေ့ရလေသည်။

"ကျွန်တော်တို့ ဟိုခုံတန်းလျားကလေးမှာ ထိုင်ကြရအောင်လား"

"ထိုင်ပါ"

မြိုင်နှင့် ထင်ကျော်သည် ခုံတန်းကလေးဆီသို့ ရောက်လာကြလေသည်။ ဤနေရာမှကြည့်လျှင် မီးရောင်များ ပြိုးပြက်လျက် ရယ်မောသံများ တူရိယာသံများ ဆူညံစွာ ပေါ်ထွက်နေသည့် မေဘယ်လ်တတ်၏ တိုက်ကြီးကို နီးနီးကပ်ကပ် တွေ့နေရပြီး ညမွှေးပန်းရနံ့များကလည်း တသင်းသင်း တပျံ့ပျံ့ ဆွတ်ပျံ့ကြိုင်လှောင်၍ ရှိနေပါချေသည်။

မည်သို့ဖြစ်စေ တိုက်တွင်းမှ ဆူညံနေသော အသံများကို ကြားရသဖြင့် ဦးနှောက်ခြောက်လှုအောင် ခံစားနေရသောအဖြစ်ထက် ယခုလို ဝေးဝေးကွာကွာ အေးချမ်းသာယာလှသော ပန်းဥယျာဉ်တွင်းဆင်းလျက် နေရခြင်းကပင်လျှင် မြိုင့်အဖို့ အင်မတန်မှ စိတ်ရောကိုယ်ပါ လန်းဆန်းနေရသည်ဟုဆိုလျှင် မှားမည်မဟုတ်ပါပေ။

ဤသို့ပင်လျှင် မြိုင်က အထက်တန်းလွှာ လူတန်းစားများ၏ကြားထဲဝယ် ဦးနှောက်ခြောက်လှုခမန်း နေထိုင်ခဲ့ရခြင်းကို ကြောက်ရွံ့သွားသလို တစ်ဦးသော ကိုထင်ကျော်မှာလည်း ဘဝမတူသော ဇနီးအတွက် စိတ်ဒုက္ခခံစားရင်း အပြင်သို့ ထွက်လာခဲ့ခြင်းမှာ အမှန်ပင် ဖြစ်ချေသည်။ ကိုထင်ကျော်မှာ ပစ္စည်းအားဖြင့် ကုံလုံမှုတသည်ဟု ဆိုသော်လည်း စိတ်ရောကိုယ်ရော ၁ တကယ်တမ်း အေးချမ်းငြိမ်သက်ခြင်းကို ရသည်တော့ မဟုတ်ပါချေ။ သူ၏ ဇနီးမှာ ဆိုရှယ်ကျလွန်းသည့် ကပြားမလေးဖြစ်၍လည်း ယခုအထိ ဂါဝန်ဝတ်ကို မချွတ်ချင်သေးဘဲ ဘိုမကလေးစိတ်ဖြင့် ဘိုကပြားကလေးတွေနှင့်သာ တွဲသွားချင်သော သူမ၏ အကျင့်မှာ ယနေ့ထက်တိုင်ပင် ရှိနေပါသေးသည်။

အမှန်ကတော့လည်း ယခု တိတ်ဆိတ်ငြိမ်သက်လေသော ပန်းခြံအတွင်း နှစ်ဦးချင်း အတွေးကိုယ်စီဖြင့် ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com

ရစဉ်ခိုက်မှာပင် ကိုထင်ကျော်က စတင်၍ ပြောလိုက်သည်။

"အထဲမှာ ဆူညံနေတာနဲ့စာရင် တော့ ဒီမှာနေရတာ အသက်သာဆုံးပဲ မဟုတ်လား မြိုင်"

"ကျွန်မအဖို့ စိတ်ရောကိုယ်ရော အချမ်းသာဆုံးပါပဲရှင်"

"ကျွန်တော်လည်း မြိုင့်ကို အကဲခတ်မိပါတယ်၊ မြိုင်ဟာ ဒီပါတီပွဲ လိုက်လာရတာ တော်တော်စိတ်ဆင်းရဲ နေတယ် ထင်ပါရဲ့"

"သိပ်ပြီးစိတ်ဆင်းရဲလှတယ်လို့ တော့ မဟုတ်ပါဘူး ကိုထင်ကျော်၊ ကိုယ့်ဘဝနဲ့ မဟပ်စပ်မိတော့လည်း ကသိကအောင့် ဖြစ်ရတာပါပဲ"

မြိုင်ပြောလိုက်သောအသံက တည်ငြိမ်၏။ သေးတွင် မြိုင့်မျက်နှာ ကို အကဲခတ်ကြည့်နေသော ကိုထင် ကျော်မှာပင် မြိုင့်စကားကြောင့် ရင်ထဲ မှ လှုပ်ရှားမိ၏။ တကယ်တော့ မြိုင် သည် မိမိကိုယ်ကို တည်ငြိမ်အောင် ထိန်းသိမ်းတတ်ပြီး သည်းခံတတ် သော စိတ်နှလုံး အပြည့်အဝ ရနေ သည်ကို ဖော်နေသည် မဟုတ်ပါလား။

"ဟောဒီလို ငှက်ကလေးတွေရဲ့ သဘာဝအသံက တိုက်ပေါ်မှာရှိတဲ့ တူရိယာသံတွေနဲ့စာရင်တော့ အင်မတန် မှ နားထောင်လို့ ကောင်းပါတယ် ကိုထင်ကျော်"

"မြိုင်က သဘာဝကို စုံမက် တယ်ဟုတ်လား"

"ဟုတ်ပါတယ်၊ မြိုင်က သဘာဝ ကို အင်မတန် မြတ်နိုးပါတယ်၊ ဆေး ကုတာတောင်မှ လူနာတစ်ယောက်ကို မြန်းကနဲ လွှတ်ပြီးဆေးမပေးခဲ့ပါဘူး၊ ကိုယ်တတ်သလောက် စစ်မေးပြီးမှ ကုသခဲ့ပါတယ်၊ ပြီးတော့လည်း မြို့မှာ ထက် တောကို ပိုပြီးနှစ်သက်တဲ့ ဝါသနာလည်း ရှိနေပါတယ်"

"အို··ဒီလိုဆိုရင် ဘာပြုလို့များ ရန်ကုန်ကို လိုက်လာရသေးသလဲ မြိုင်"

"အင်း··ကိုထင်ကျော် မေးမယ် ဆိုလည်း မေးထိုက်ပါတယ်၊ ကျွန်မက ဆရာကြီးရဲ့ စွန့်စွန့်စားစား သွားတတ် တဲ့ ဝါသနာကို ခင်မင်ပြီးတော့ ကိုယ် တိုင်လည်း စွန့်စားချင်တဲ့ ဝါသနာရှိ တယ်၊ တောတွေ တောင်တွေ သွား တဲ့အခါမှာလည်း စိတ်ရဲ့ အေးချမ်းမှု တွေ၊ မမြင်ဘူး၊ မတွေ့ဘူးသေးတာ တွေ၊ မသိရတဲ့ အရာဝတ္ထုတွေကို မြင်ရ သိရမှာမို့လည်း စိတ်ဝင်စားပြီး လာခဲ့ တာပါ"

ကိုထင်ကျော်က သူ၏ခေါင်းကို လေးလေးနက်နက် ညိတ်လိုက်လေ သည်။

ထိုအခိုက်မှာပင် ဦးထွန်းမြတ် ကျော်၏ အသံကို ကြားရသဖြင့် ကြည့်လိုက်ရာ တိုက်လှေကားမှ မတ် တတ်ရပ်ပြီး ပန်းခြံတွင်းသို့ ရှုးစမ်း ကြည့်လျက် ရှိနေသည်ကို တွေ့ရ၏။ တိုက်ရှေ့မီးရောင်တွင် ဦးထွန်းမြတ် ကျော်အား ထင်ထင်ရှားရှားပင် တွေ့ရ သည်။

ဦးထွန်းမြတ်ကျော်သည် အနောက် နိုင်ငံဝတ်စုံကို ဝတ်ထားသည်။

ကိုထင်ကျော်နှင့် အောင်သက် မြိုင်သည် ထိုင်နေသော ခုံတန်းလျား ကလေးမှ ထလာခဲ့သည်။ ပန်းရုံများ ကို ဖြတ်ကျော်၍လာသော အောင် သက်မြိုင်နှင့် ကိုထင်ကျော်ကို ဦးထွန်း မြတ်ကျော်က တွေ့သောအခါတွင် 'ကဲ···ပန်းဆိုးတန်းက အလုပ်တိုက် ကို သွားကြဦးမှ ထင်တယ်ကွဲ့' ဟု ပြောလိုက်သည်။

"ဘာပြုလို့လဲ ဖေဖေ"

"ပစ္စည်းထားတဲ့အခန်းကို သူခိုး အခိုးခံရတာပေါ့ကွယ်၊ ခိုးတဲ့အကောင် ကိုလည်း ရဲဘက်က မိထားပြီလို့ဆို တယ်၊ ဒီတော့ မြို့မဂါတ်ကို အရင် သွားရမယ်"

(ရှေ့လ ဆက်ရန်)

---

မြဝတီ

---



www.burmeseclassic.com

www.burmeseclassic.com



# အထိတ်တလန့် စံအိမ်

(ဘာသာပြန်ဝတ္ထု)

**သောင်းဝင်း**

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အဖြစ်အပျက်ကလေးတည်း။

"ဂျပန်တွေဟာ မလေးရှားကို လာတိုက်တော့မယ်လို့ ကောလဟာလတွေ ဖြစ်နေတယ်။ စစ်ဖြစ်တော့မယ်ထင်တယ်"

မစ္စတာဝူသည် မြို့တွင်းမှ နေအိမ်သို့ ပျာယီးပျာယာဝင်လာပြီး စိတ်တုန်လှုပ်စွာ ပြောကြားသည်။ သူသည်သို့အိမ်တွင် တစ်ဦးတည်းသော သမီးကလေး မေးမေးနှင့်အတူနေထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

မစ္စတာဂူ၏ သမီးသည် "စစ်"ဟူသော စကားလုံးကို ကြားရခြင်းမှာ ဤဟာသည် ပထမဆုံးအကြိမ်ဖြစ်၏။ သူသည် ၁၅ နှစ် ပြည့်လုပြည့်ခင်သာ ရှိသေး၏။ ရုပ်ရည်မှာ အချောအလှကြီး မဟုတ်သော်ငြားလည်း နုစ်သက်စဖွယ် ဖြစ်ပါသည်။ နှစ်အနည်းငယ်အကြာက မိခင်ကွယ်လွန်သွားပြီးကတည်းက ဖခင်ကို ဂရုတစိုက်နှင့် ချွဲနေသူဖြစ်၏။ ဖခင်၏စကားများကြောင့် ဇဝေဇဝါဖြစ်သွားရပြီး ပိုပြီး ရှင်းရှင်းလင်းလင်း ပြောကြားပေးပါရန် တောင်းဆိုသည်။

ထိုအခါ မစ္စတာဂူက ဤသို့ပြော၏။

"ငါလည်း နင့်လိုပဲ ဘာမှသိပ်သိတာ မဟုတ်ဘူး။ ဒါပေမဲ့ ညနေတိုင်း ငါ့မိတ်ဆွေတွေနဲ့ ငါတို့ဟာ ရေခဲဆိုင်မှာ ဆုံကြပြီး စကားစမြည် ပြောနေကျဖြစ်တယ်။ ချယ်ဟာစ်ဂျပ်စ်ဆီက ငါကြားခဲ့တာ။ ငါတို့ထဲမှာ ဟာစ်ဂျပ်စ်ဟာ ပညာအတတ်ဆုံးနဲ့ တတ်သိနားလည်မှုအရှိဆုံးလူ ဖြစ်တယ်လေ။ သူကပြောတယ်။ ဂျပန်တွေလာတော့မယ်တဲ့။ ဒီတော့ ဂျပန်တွေ လာတော့မယ်လို့ ငါယုံကြည်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟာစ်ဂျပ်စ်ဟာ ဘယ်တော့မှ မမှားလို့ပဲ"

၁၉၄၁ ခုနှစ်ကုန်ခါနီးတွင် မလေးရှားသို့ စစ်ရောက်တော့မည်ဆိုသော ကောလဟာလစကားများသည် မှန်ကန်လာတော့၏။ လူတို့သည် တုန်လှုပ်၍ သောကဖိစီးလာကြလေသည်။ အစားအသောက် ဈေးနှုန်းတွေ တက်ကုန်၏။ ဘာဖြစ်မည်မှန်း အသေအချာမသိကြသော်လည်း မိသားစုတို့သည် စုရုံး၍ တိုင်ပင်ဆွေးနွေးကြသည်။

လူများသည် ပိုင်ဆိုင်သမျှကလေးတွေကို သယ်ဆောင်၍ တောရွာများသို့ ပြေးကြသည်။ ပညာတတ်များက ရေဒီယိုသတင်းများကို နားထောင်၍ ပြေးရကောင်းနိုး၊ နေရကောင်းနိုးနှင့် ငြင်းခုံကြသည်။ ဆင်းရဲသားများကတော့ တစ်ဆင့်စကားတွေကိုသာ နားထောင်ကြရပြီး မိမိတို့အဖို့ကား နေနေရုံမှလွဲ၍ အခြားရွေးစရာ မရှိပါ။

၁၉၄၂ ခု၊ ဇန်နဝါရီလ ၁ ရက်တွင် မစ္စတာဂူသည် အမှတ် ၂၅ ဂျပန်တပ်မတော်သည် မလေးရှားတစ်နေရာသို့ ရောက်ရှိလာပြီး အနီးအနားတွင်ရှိသော တေလော့အန်ဆန်မြို့ကလေးကို သိမ်းယူလိုက်သည်ဟု ကြားရ၏။ ချက်ချင်းပင် အိပ်မှ လူများသည် ဖရိဖရဲ ဖြစ်ကုန်ကြ၏။

ဂျပန်တပ်များ မရောက်နိုင်ဟု ထင်ရသော ရွာများဆီသို့ ခရီးထွက်ကြတော့သည်။ လူတိုင်းတော့ ရွှေ့ပြောင်းကုန်ကြသည် မဟုတ်။ အချို့ကတော့ ပိုင်ဆိုင်ပစ္စည်းအားလုံးကို ရွှေ့ပြောင်းသွားရန် အခက်အခဲရှိသောကြောင့် ဆက်လက်နေထိုင်ကြရသည်။ အချို့ကတော့ မိသားစုထဲမှ သက်ကြီးရွယ်အိုများသည် မကျန်းမာနေသောကြောင့် ဖြစ်စေ၊ ပြောင်းရွှေ့ရန် မဖြစ်နိုင်အောင် အင်အားချည့်နဲ့နေသောကြောင့်ဖြစ်စေ ဆက်လက်နေထိုင်ကြရ၏။

လူဦးရေနည်းပါးသော ဒေသများသို့တည်းမဟုတ် ရွာများဆီသို့ ပြေးသွားကြသူများသည် စိမ်းနေသည့် ပတ်ဝန်းကျင်နှင့် အဆင်ပြေရေးအတွက် စိတ်

မေးမေးသည် သတိလစ်ပြီး မေ့လဲတော့မလောက် ဖြစ်သွားသည်။ သို့သော် စိတ်ကို တင်းလိုက်ကာ ကျဉ်းမြောင်းသော ဗီရိုထဲသို့ဝင်၍ တံခါးကို ပိတ်ထားလိုက်၏။ ပိတ်လှောင်ပြီး ညစ်ပတ်နေသော ဗီရိုထဲတွင် နှစ်နာရီလောက်ကြာအောင် ပုန်းနေရပြီးမှ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကွခံစားကြရသည်။ အခြားသော နိုင်ငံသို့ ထွက်ပြေးကြသူများကား ယဉ်ကျေးမှုလေ့ထုံးစံ ကွဲပြားခြင်း စိတ်ဒုက္ခကို ခံစားကြရ၏။

ယေဘုယျ လူများအတွက် စားပ်ရိက္ခာ ရှားပါးရသည်။ အလွန်ချမ်းသာသူများသော မှောင်ခိုဈေးမှ ဝယ်ယူစားသောက်နိုင်ကြ၏။ မစ္စတာဂူနှင့် သူ့သမီးကို့မှာ ဝယ်စားနိုင်လောက်အောင်သည်း မချမ်းသာ။ ခိုးဝှက်ခြင်းမပြုနိုင်လောက်အောင်လည်း မာနကြီးလွန်းနေ၏။ သူနှင့် သမီးဖြစ်သူ မေမေတို့သည် အိုးမှ ထွက်ခွာ၍ မစ္စတာဂူ၏ ကွယ်လွန်သူဇနီး၏ အဒေါ်ဖြစ်သူ မာဒမ်ချင်ရာရွာကလေးတွင် စစ်ဘေးမှ ရှောင်တိမ်းခိုလှုံကြရသည်။ ထိုရွာတွင် လူကိုင်းသည် ခါးစည်းခံနေကြရကာ အိမ်တွင် စိုက်ပျိုးထားသော ကန်စွန်းဥနှင့် စကွတ်တို့ကိုသာ စား၍ အသက်ရှင်နေကြရလေ၏။

မစ္စတာဂူနှင့် မေမေတို့သည် သူတို့ မရင်းနှီးသူများနှင့် ခွဲဝေနေထိုင်သော တဲစုတ်ကလေးတွင် နေထိုင်ရသော်ငြားလည်း ကျေနပ်နေကြသည်။ ကြင်ကြင်နာနာနှင့် ဂရုတစိုက်ရှိလှသော မေမေ၏ အဘွားလေးကြောင့် အဆင်ပြေ ခံစားရမှုမှာ ပပျောက်သွားရ၏။ စားအသောက်ကို အနည်းဆုံးသော အဆင့်တွင်သာ ကျွေးမွေးနိုင်ပါသော်လည်း မေမေနှင့် အခြားသောကလေးများသည် မကျေမနပ်ဖြစ်ခြင်း မရှိကြချေ။

တစ်နေ့သ၌ . . . မေမေသည် ထိမွှာရှောင် မိုးကောင်းကင်ထဲမှ လေယာဉ်ပျံများ ထိုးထိုးဆင်းလာကြသည်ကို တွေ့ရသည်။

“သူတို့တွေ အီပိုးလေယာဉ်ကွင်းကို ဗုံးကြဲနေကြပြီ”

မိုးကောင်းကင်သည် မည်းမှောင်ကာ ကြီးမားသော မီးခိုးတန်းကြီးများဖြင့် ပြည့်နှက်နေသည်တွင် မစ္စတာဂူက အလန့်တကြား ပြောလိုက်ခြင်းဖြစ်၏။

ရုတ်တရက် အနီးအပါးနေရာသို့ ဗုံးများကျလာသည်။ အတော်များများက “အိမ်”ဟု ခေါ်ဝေါ်နေကြသည့် တဲစုတ်ကလေးမှာ လှုပ်ခါသွားပြီး သစ်သားတိုင်များမှာ မိနစ်အနည်းငယ်ကြာအောင် ယိမ်းထိုးနေကြလျက် အမိုး၏ အစိတ်အပိုင်းအချို့မှာ စွန်ပြတ်သလို လွင့်စဉ်ထွက်သွားလေသည် . .။ လူအားလုံး အထိတ်တလန့်နှင့် အော်ဟစ်မိကြ၏။ မေမေသည် ကြောက်လန့်မှုကြောင့် အသက်ရှူပင် မှားကာ ဘေးကင်းမှုအတွက် စားပွဲအောက်တွင်ဝင်၍ ဝပ်နေသည်။

ဗုံးကြဲခြင်းများ ပြီးဆုံးသွားသော အခါတွင် မာဒမ်ချင်သည် သူပုန်းနေသော သံသေတ္တာလေးထောင့်ရှည်ရှည်ကြီးထဲမှ ထွက်လာ၏။ အိမ်အနေအထားမှာ တော်တော်ကြီး ပျက်စီးသွား၏။ ရက်မတွေ ရွဲ့စောင်းကုန်သည်။ အချို့တိုင်များ ကျန်နေသေးသော်လည်း အချို့တိုင်များကတော့ ကျိုးကုန်သည်။ အဆိုးဝါးဆုံးကား ဝင်ပေါက်တံခါးမကြီးဖြစ်သည်။ ပြိုပျက်ကျသည့် အရာများဖြင့် ပိတ်ဆို့နေပြီး ဝင်၍ ထွက်၍ မရအောင် ဖြစ်နေသည်။

“ဟကာတော့ . . . မျက်နှာချင်းဆိုင်ကအိမ်ကို ကြည့်ပါဦး”ဟု မာဒမ်ချင်က ပြောလိုက်၏။

ဗုံးထိမှန်ထားသဖြင့် အလယ်နေရာတွင် ချွန်နေသော အမှိုက်ပုံကြီးသဖွယ် ဖြစ်နေသည်။ တစ်ဝက်တစ်ပျက် မီးကျွမ်းထားသော ရက်မများက မာဒမ်ချင်၏ တဲဆီသို့ ဦးထိုးနေကြလေ၏။

“ငါတို့အိမ် အနေအထားတော့ ပျက်ပါပြီ။ တို့အိမ်ဟာ သေးငယ်ပေမယ့် တောင်ဘက်မျက်နှာမှုတဲ့ တောင်စောင်းမှာရှိပြီး ပတ်ပတ်လည်မှာ အရိပ်ရလောက်အောင် လှပတဲ့ သစ်ပင်တွေဝိုင်းနေတယ်”

ဤကဲ့သို့သော အချိန်မျိုးတွင် အိမ်၏ သာယာမှုအကြောင်းကို ပြောနေခြင်းသည် မာဒမ်ချင်တစ်ယောက် စိတ်ဖောက်ပြန်သွား၍ ဖြစ်မည်ဟု လူတိုင်းက ထင်မှတ်ကြ၏။ သူတို့တွေကတော့ ဘေးကင်းရန်နှင့် နေ့စဉ် လိုအပ်ချက်များရရှိရေးအတွက် သောကရောက်နေကြသည်။

စစ်ကြီးအတွင်းဝယ် ဂျပန်စစ်သားများ ကင်းလှည့်နေကြစဉ် ငယ်ရွယ်သူမိန်းမပျိုများသည် ဂျပန်စစ်သားများက ဆွဲခေါ်သွားမည်ကို စိုးကြောက်ကြသဖြင့် ယောက်ျားကလေးအသွင်ဖြင့် ရုပ်ဖျက်သွားလာကြ၏။

နေ့လယ်နေ့ခင်း တစ်ခုတွင် ခြေသံများ ချဉ်းကပ်လာသံ ကြားရပြီး ရုတ်တရ...် ကြောက်စရာကောင်းသော အသွင်အပြင်နှင့် ဂျပန်စစ်သားများသည် အိမ်ရှေ့သို့ ရောက်လာကြကာ ...ခင်ကို ခြေဖြင့်ကန်ခြင်း၊ ပါး...ခြင်းများ



www.burmeseclassic.com

www.burmeseclassic.com

ကို ပြုလုပ်ကြ၏။

မေးမေးသည် သတိလစ်ပြီး မေ့လဲတော့မလောက် ဖြစ်သွားသည်။ သို့သော် စိတ်ကို တင်းလိုက်ကာ ကျဉ်းမြောင်းသော ဗီရိုထဲသို့ဝင်၍ တံခါးကို ပိတ်ထားလိုက်၏။ ပိတ်လှောင်ပြီး ညစ်ပတ်နေသော ဗီရိုထဲတွင် နှစ်နာရီလောက်ကြာအောင် ပုန်းနေရပြီးမှ မစ္စတာဝူက သူ့ကို ဆွဲထုတ်ယူရ၏။ အပြင်ရောက်သည်တွင် သူသည် အော့အန်သည်။ ပြီးနောက် သူ့ဖခင် အရိုက်ခံရသည်ကို ပြန်တွေးမိကာ သည်းထန်စွာ ငိုကြွေးလေ၏။

ထိုကြောက်မက်ဖွယ် အတွေ့အကြုံ ဖြစ်ပေါ်ပြီးနောက်တွင် မစ္စတာဝူသည် နေထိုင်မကောင်းဖြစ်ကာ မေးမေးသည်လည်း စိတ်ဓာတ်တွေကျဆင်းရသည်။ မာဒမ်ချင်သည် လေးဖက်နာကိုခံစားရရုံမက ၄က်ဖျားကြောင့် အားနည်းလာသည်။ ကျန်ရှိသော အိမ်နေလူများသည်လည်း အဖျားရောဂါရခြင်း၊ အနာပေါက်ခြင်းတို့ကို ခံစားရ၏။

"တို့အိမ်အနေအထားတော့ ပျက်ပြီ"ဟု ဆိုကာ မာဒမ်ချင်သည် သူ့ခုတင်အောက်က သစ်သားသေတ္တာကြီးထဲမှ စာအုပ်ဟောင်းကြီးကို ထုတ်ဖတ်၏။

"တို့တစ်တွေ . . . ကျန်းမာရေးမကောင်း၊ စိတ်လက်မချမ်းသာတာ မဆန်းဘူး။ အိမ်ရှေ့တံခါးကြီးက ပျက်စီးနေတော့ တို့တွေဟာ အရှေ့တောင်ဘက်က နံရံပျက်ထဲက ဝင်ထွက်နေကြရတယ်။ ရေချိုးခန်းက ဘုံဘိုင်တွေကလည်း ပျက်စီးနေတော့ မြောက်ဘက်ကနေရမှာ ရေချိုးနေကြရတယ်"

မာဒမ်ချင်က ဘာတွေပြောနေနေ အခြားသူများက ဂရုမစိုက်နိုင်ပါ။ အစာရှာ၍ အသက်ရှင်ရန် လုံးပန်းနေကြရသည်။

ဘဝသည် ပို၍ ကျပ်တည်းလာကာ မခံမရပ်နိုင်ဖွယ်ရာ ဖြစ်လာ၏။ သို့သော် မာဒမ်ချင်နှင့် မိသားစုသည် ကြံဖန်ရှန်းကန်နေကြ၏။

သူတို့သည် တဖြည်းဖြည်းနှင့် အိမ်ကို ပြုပြင်လာနိုင်ကြသည်။ တောင်ဘက်လှည့်သော တံခါးမကြီးကို ရှင်းလင်း၍ ပြန်လည်ပြုပြင်၏။ အိမ်တွင်းမှ အမှိုက်သရိုက်များကို ရှင်းလင်းကာ ရေဘုံဘိုင်များကိုလည်း ပြင်ဆင်လိုက်ကြသည်။

"ရေးစာထဲမှာ ရှိဇိုက်ရင်ဝေး လို့ဆိုတယ်မဟုတ်လား"ဟု မာဒမ်ချင်က အောင်မြင်သည့်ဟန်ပန်ဖြင့် ပြော၏။

"အဲဒါ ဘာပြောတာလဲ"ဟု မာဒမ်ချင်၏ တူက မေးသည်။

"ဟဲ့ . . . အခြေအနေဆိုတာ လူက လုပ်တာလို့ ပြောတာ။ ငါတို့တွေဟာ စည်းစည်းလုံးလုံးနဲ့ ပြဿနာတွေကို မဖြေရှင်းကြဘူးဆိုရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ တို့ရဲ့ နေထိုင်မှု အခြေအနေတွေဟာလည်း ဘယ်တော့မှ တိုးတက်လာမှာ မဟုတ်ဘူး"

"ဒေါ်လေးပြောတာ ဟုတ်တယ်။ ကျွန်တော်တောင် နေကောင်းလာပြီ"ဟု မစ္စတာဝူကလည်း သဘောတူထောက်ခံ၏။

အားလုံး၏ စိတ်ဓာတ်တွေတက်လာသဖြင့် အခက်အခဲများနှင့် ဒုက္ခများကို ခံနိုင်ရည်ရှိလာကြသည်။ ဤသို့ဖြင့် လတွေကုန်လွန်ခဲ့၏။

တစ်နေ့သ၌ မစ္စတာဝူက အိမ်ပြန်လာပြီး ကြားခဲ့သမျှကို ပြောပြသည်။ ဂျပန်နိုင်ငံမှ နာဂါဆာကီမြို့ပေါ်သို့ ပြင်းထန်သော ဗုံးတစ်လုံးကိုချခဲ့ကြသည် ဆို၏။ လူပေါင်းမြောက်မြားစွာ သေ၍ မြို့သည်လည်း လုံးဝ ပျက်စီးသွားသည်ဟု ကြားခဲ့သည်။

ရက်အနည်းငယ် ကြာသောအခါ မစ္စတာဝူသည် အိမ်သို့ ပြန်ပြေးလာ၍ ဝမ်းသာအားရ ဟစ်ပြောတော့၏။

"ဂျပန်တွေ လက်နက်ချလိုက်ပြီ"

လူတိုင်း ပျော်ရွှင်ကုန်ကြ၏။ လူတွေလည်း ပေါ်ထွက်လာကြကာ တစ်ဦးနှင့်တစ်ဦး ဖက်လှဲတကင်းနှင့် ပျော်ရွှင်မြူးထူးကြ၏။ လူကြီးတွေက အော်ဟစ်ကြွေးကြော်ကြသည်။ လူငယ်တွေက ကခုန်ကြ၏။

မစ္စတာဝူကလည်း ပျော်ရွှင်မှုဖြင့် စကားတွေ အော်ပြော၏။ သူ့ပါးတွေ နီမြန်းလာကာ လည်ချောင်းတွေနာလာ၏။ နောက်ဆုံးတွင် အားအင်ကုန်ခမ်း သလိုဖြစ်ကာ အိမ်ပြန်လာပြီး သစ်သား ခုတင်ကြီးပေါ် ပစ်လှဲကာ ယခင်က အိပ် မပျော်ခဲ့ဘူးသော အနှစ်ခြိုက်ဆုံး အိပ် ပျော်ခြင်းဖြင့် အိပ်ပျော်သွားလေတော့ သည်။

**သောင်းဝင်း**

**[ Evelyn Lip ရေးသားသော House of Fear ကို ဘာသာပြန် ထားခြင်း ဖြစ်ပါသည်။ ]**



www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာသောင်းထိုက်

နှင့်

# ဆွမ်းခံရှင်း ငှက်သင့်

ရွှေဥဒေါင်း

## အခန်း (၁)

### ဆရာဝန်ဦးသာထွန်း မှတ်တမ်း

အနောက်နိုင်ငံ ဥရောပတိုက်တွင် ဂျာမဏီအာဏာရှင် ဟစ်တလာ၌ ကျူးလွန်စော်ကားချက်ဖြင့် လက်နက်အင်အားနည်းသော နိုင်ငံကလေးများကို အဓမ္မသိမ်းယူမှုကြောင့် ဗြိတိသျှ – ပြင်သစ်တို့နှင့် အကြီးအကျယ်စစ်ဖြစ်ခြင်း၊ တရုတ်–ဂျပန် အရေးမှာလည်း အရှေ့နိုင်ငံတစ်လျှောက်တွင် မအေးဘဲ၊ သင်္ဘောအသွားအလာ၊ အဝင်အထွက် မမှန်ဘဲ၊ အရောင်းအဝယ်များကို မသိမသာ ထိခိုက်လာလေသည်။

ယင်းသို့ဖြစ်ရကား ဥဒ္ဒိဿစေတီအဖြစ် ရည်မှတ်ကိုးကွယ်ရာ အထွတ်အမြတ်ဖြစ်သော်လည်း လောကီတန်ဖိုးအားဖြင့် သေးနုတ်သောပစ္စည်းဟု ဆိုရသော ရုပ်တု၊ ဆင်းတုမကျန် ခိုးယူကြောင်းကို သတင်းစာများတွင် ဖတ်မိကြပေလိမ့်မည်။

သို့ကြောင့် တစ်နေ့သောနံနက် လမ်းသစ်ပွဲစားအိမ်တစ်အိမ်မှ ဉာဏ်တော် လေးသစ်မျှမြင့်သော သားရိုး ဆင်းတုတော်တစ်ဆူ ပျောက်ဆုံး၍ လမ်းမတော်ဌာနတွင် တိုင်တန်း

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ဖတ်မိသော်လည်း ကျွန်ုပ်နှင့် တကွ ဒေါက်တာသောင်းထိုက်သည် အရေးမပါလှသဖြင့် လျစ်လျူရှုခဲ ကျော်၍ ဖတ်လိုက်ကြလေသည်။

ကျွန်ုပ်သည် နေ့စဉ်နေ့တိုင်းလို ပင် ပန်းဆိုးတန်းတွင် ဖွင့်လှစ်ထား သော သူနာပြုဌာနနှင့် ဆေးဆိုင်သို့ မသွားမီ ဘားလမ်း ပုလိပ်ရုံးကြီးအနီး ဒေါက်တာသောင်းထိုက်၏ (Private Investigation Bureau.) P.I.B "ပီအိုင်ဘီ" စုံထောက်ရုံးခန်းကိုဝင်၍ နှုတ်ခွန်းဆက်စကားစမြည်ပြောလေ့ ရှိလေသည်။

ဆွေးနွေးနေကျအတိုင်း စစ် သတင်းနှင့် နိုင်ငံရေးများကို စကား သတ်၍ ထပြန်မည်အကြံနှင့် ကုလား ထိုင်ကို နောက်ဆုတ်လိုက်ရာ ဧည့် သည်နှစ်ယောက် တွေ့လိုကြောင်းနှင့် တပည့်တစ်ယောက်က ဝင်ရောက် ပြောကြားလေသည်။

**ထိုက်** - "နေဦးဗျာ။ သည် နာမည်တွေ တစ်ခါမျှ မကြားဖူးဘူး။ ဘာများအကြောင်းထူးရှိသလဲမသိဘူး။ နားထောင်သွားပါဦးလား"

ထိုစဉ် ဧည့်သည်နှစ်ယောက် လည်း တံခါးမှဝင်လာသည်နှင့် ကျွန်ုပ်လည်း ထိုင်မြဲပြန်ထိုင်လိုက်လေ ၏။

**ပထမဧည့်သည်** - "ဟော သည်မှာလည်း ဆရာဝန်ကြီးနဲ့ တစ်ခါ တွေ့နေပြန်မှကိုး"

**ဆရာဝန်ဦးသာထွန်း** -"ဪ - တခြားလူလား အောက်မေ့တယ်။ (ဒေါက်တာသောင်းထိုက်ဘက်သို့ လှည့်၍) မောင်ဘတူ မတွေ့ဖူးဘူးထင် တယ်။ သူက (B.A.B.L) ဘီအေ-ဘီအယ်လ်' ရှေ့နေစာမေးပွဲအောင် တာ မကြာသေးဘူး။ ဝတ်လုံဦးစံရတို့နဲ့ တွဲလိုက်နေတယ်" (တစ်ဖန် မောင်ဘ တူဘက်သို့လှည့်လျက်) "အင်း ... တွေ့တဲ့အခါ မိတ်ဆက်ပေးရမှာပေါ့။ ဟောသည်က ကျုပ်မိတ်ဆွေကြီးက မောင်တို့ကြားဖူးနေတဲ့ ဒေါက်တာ သောင်းထိုက်ဆိုတာပဲ။ အမှုစုံထောက် မှာတော့ ..."

**မောင်ဘတူ** - "ဟုတ်ကဲ့ .. ဒေါက်တာကြီးနဲ့တွေ့ရအောင် တမင် သက်သက် လာတာပါပဲ။ ကျွန်တော့် ကိစ္စတော့ မဟုတ်ပါဘူး။ အတူပါလာ တဲ့ ပွဲစားကြီးဦးမှော် ကိစ္စပါ"

**ထိုက်** - "ထိုင်ကြပါလေ၊ အကြောင်းရှိတာလည်း ပြောတာပေါ့"

**တူ** - "ပြောဆို သည်ဆရာဝန် ဦးသာထွန်းဆိုတာလည်း တခြားလူမှ မဟုတ်ဘဲ" (ရှက်စနိုး ရှိနေသော ပွဲစားကြီး ဦးမှော်ဘက်သို့လှည့်၍ သိ လို့အရေးမကြီးပါဘူးဟူသော ကြည့် ခြင်းမျိုးဖြင့် ကြည့်ပြီးနောက်) "ကဲ ...ကိုယ့်ဟာကိုယ်ပြောပြပါ"

ပွဲစားကြီးဦးမှော်သည် တွေဝေ နေပြန်သည်နှင့်။

**ထိုက်** - "ဦးသာထွန်းတော့ ရှောင်နေစရာမလိုပါဘူး။ တိုင်ပင်ဖော် တိုင်ပင်ဖက်ပါ။ အကြောင်းရှိလျှင် အကြံဉာဏ်တောင် တောင်းရပါသေး တယ်။ အထူးသဖြင့် ဆေးဘက်ဝါး ဘက်နဲ့ဆိုလျှင် သူမပါ မပြီးပါဘူး"

**မှော်** - "ကျွန်တော့်ကိစ္စက ပစ္စည်းတော့ အဖိုးတန်လှလို့ မဟုတ်ပါ ဘူး။ သည်လောက် ကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးများထံ ဆောင်ရွက်ဖို့ တစ် လုံးတလေ လာရောက်ပြောဆိုရတယ် ဆိုတာ ရှက်ဖို့တောင်ကောင်းကောင်း ပါပဲ။ သို့ပေမဲ့ ..."

**တူ** - "ပြောသာပြောပါ၊ သည် ပုဂ္ဂိုလ်ကြီးများမှာ အချိန်ဟာ အတော် အဖိုးတန်ပါတယ်"

ပွဲစားဦးမှော်သည် စားပွဲပေါ်တွင် ဖြန့်ထားသော သတင်းစာကို ကောက် ယူ၍ လိုရာစာမျက်နှာကိုလှန်ပြီးလျှ "သည်အမှုကို ဖတ်မိပါလိမ့်မယ်"ဟ ယခင်အထက်က ဖော်ပြခဲ့သည့် 'သာ ရိုး'ဆင်းတုပျောက်ဆုံးမှုကို လက်ညှိ နှင့် ထောက်ညွှန်၍ပြလေ၏။

**ထိုက်** - "ဟုတ်ကဲ့၊ ဖတ်မိ တယ်။ သတင်းစာအဆိုကတော့ ဘ မျှ စိတ်ဝင်စားစရာမရှိတာနဲ့ အထူ သတိမပြုလိုက်ပါ"

**မှော်** - "ဟုတ်ပေမယ်။ ကျွ တော်လည်း ဂါတ်ကိုတော့ တိုင်ရိုးတ စဉ်လောက်သာတိုင်လိုက်တာပဲ။ အ မတန်တဲ့ပစ္စည်းဆိုတော့ ပုလိပ် လည်း တယ်ကြီးအရေးယူ မယ်မထ လို့"

**ထိုက်** - "စိတ်ဝင်စားစရာ လျှင် ကျွန်တော်တို့ကတော့ အဖိုးတ မတန် ဂရုစိုက်ပြီး ဆောင်ရွက်လို တယ်"

**မှော်** - "သည်လိုပါခင်ဗျ သည်ဘုရားက အဆက်ဆက် ကွယ်လာတဲ့ ဘုရားလည်းတစ်ကြော ကျွန်တော့်အိမ်ကိုရောက်လို့ ပူဇော် ကျွန်တော်တို့မှာ လာဘ်သပ္ပ လည်းရွှင်ပြီး စီးပွားဥစ္စာ တိုးတက် တော့ သည်ဘုရား သည်လို ထ ပျောက်သွားတဲ့ စိတ်နှလုံးမသာ ရှိနေတဲ့အထဲမှာ ပျောက်မပြီးတဲ့မ အိမ်မှာမွေးထားတဲ့ ကျ...ကလေး



www.burmeseclassic.com

www.burmeseclassic.com

လည်း အိမ်ရှေ့မြောင်းကူးတံတားပေါ်က ချော်လဲလို့ ခြေပွတ်တိုင်လည်သွားပါတယ်။ မိန်းမလုပ်သူလည်း သိမ်ကြီးဈေးထဲမှာ ဈေးဝယ်သွားတာ တောင်းထဲမှာပစ္စည်းတွေအပြည့်နဲ့ ကူလီရှာမတွေ့လို့ လက်ချည်းပဲ အိမ်ပြန်လာရတယ်။ ပုဖွန်တောင်နဲ့ ကြည့်မြင်တိုင်ပြေးခိုင်းထားတဲ့ ဘတ်စ်ကားလည်း တာယာနှစ်လုံးပေါက်တယ်။ သည်တော့ သည်ဘုရား အိမ်ကထွက်ကတည်းက တစ်နေ့တည်း သည်လောက်မကောင်းတဲ့ အတိတ်နိမိတ်တွေပြတော့ ဘယ်စိတ်ကောင်းနိုင်စရာ ရှိမလဲ''

**ဆရာဝန်ဦးသာထွန်း**– ''ဘုရားပျောက်လို့ ဘေးဒုက္ခရောက်တယ်ဆိုချင်သလား''

**မော်** – ''လာပြန်ပြီ၊ သည်က ဝတ်လုံလေး မောင်ဘတူကလည်း သည်လိုပဲ မေးတာပဲ။ သူကတော့ ယယ်လို့ အယူမရှိလျှင် ရှိပါစေတော့''

**ထွန်း** – ''ကျွန်တော်တို့က အသက်ကြီးတော့။ စဉ်းစားနိုင်ရမယ် ပေါ့လေ''

**တူ** – ''ကျွန်တော့်လမ်းမှာ ဒါပဲ ပြောလခတာပဲ။ အခုဟာတွေဖြစ်တာတော့ အိမ်ပေါ်ကဘုရားကြွသွားလို့လို့ ဆိုပါလျှင် ဝါဆိုဦးက ပွဲကတော်ကြီးရဲ့ အမိဆုံးတာတော့ ဘယ်နှယ်ယူမလဲ''

**မော်** – ''အို . . ဒါတော့ အသက်ကြီးမှင့်ကို သေပျော်ပါပြီ''

**ထိုက်** – ''ကိုယ့်အယူနဲ့ကိုယ် စွဲလမ်းတာတွေထားပါဦးတော့။ ဘုရားပျောက်ဆုံးပုံ ပြောပါဦး''

**မော်** – ''ပျောက်ပုံကတော့ အတော်ထူးဆန်းတယ်။ ဘယ်အချိန်မှာ ဘယ်လိုထွက်ပျောက်တယ်မပြောနိုင် အောင်ဖြစ်နေတယ်။ ဘုရားကို နံနက် ပန်း၊ ရေချမ်းကပ်တာနဲ့၊ ညဆီမီးပူဇော်တာကိုတော့ ပွဲကတော်ကြီးကိုယ်တိုင် ဝတ်ပြုတယ်။ **သည့်အရင်** ညက ၆ နာရီ မီးပူဇော်တော့ ကျောင်းဆောင်ရှေ့က မှန်တံခါးကို အဝတ်နဲ့ တိုက်ရင်း သတိထား ကြည့်မိတယ်။ နောက်မနက် ၇ နာရီ ပန်းကပ်ဖို့ကြည့်တော့ မတွေ့မှ ပျောက်မှန်းသိတာပဲ''

**ထိုက်** – ''သည်အတွင်းအိမ်မှာ တစ်ရံဆံ လူဝင် လူထွက်မရှိဘူးလား''

**မော်** – ''လူစိမ်းလည်း အဝင်အထွက်မရှိဘူး။ အိမ်တွင်းလူလည်း ကျွန်တော်နဲ့ ပွဲကတော်ကြီးကလွဲလို့ ဘယ်သူမှ မကိုင်တွယ်ရဘူး။ ကျွန်တော်လည်း တွံတေးတစ်ညအိပ်သွားတာ နောက်မနက်မှပြန်ရောက်တယ်''

**ထိုက်** – ''ကျောင်းဆောင်ကို သော့ခတ်ပိတ်ထားသလား''

**မော်** – ''အမြဲဘယ်တော့မှမဖွင့်ဘူး။ သော့တော့ ကျောင်းဆောင်အောက်က သံမှာ ချိတ်ထားတယ်။ နို့ပေမဲ့ ခိုးတဲ့လူက သူ့သော့နဲ့သူ လာဖွင့်ယူတာမှာ သူ့သော့တောင် တံခါးသော့အိမ်မှာ တပ်ရက်သားကျန်ခဲ့တယ်''

**ထိုက်** – ''သည့်ပြင် ဘာများပျောက်သေးလဲ''

**မော်** – ''သည့်ပြင်တော့ ဘာမျှ လက်ရာခြေရာ မပျက်ဘူး။ တခြားပစ္စည်းများ ပျောက်လျှင်လည်း အခုတော့ဖြင့် မသိသေးဘူး''

**ထိုက်** – ''အိမ်မှာနေတဲ့လူတွေတော့ မသကာမရှိဘူး ဆိုပါတော့။ ဘယ်သူတွေ နေကြသလဲ''

**မော်** – ''နေတာတော့ အရင်းအချာချည်းပါပဲ။ မိန်းမက ပွဲကတော်ရယ်၊ သမီးရယ်၊ တူမရယ် သုံးယောက်။ ယောကျ်ားကလည်း ကျွန်တော်နဲ့ ဦးရီးတော်တစ်ယောက်။ အိမ်သူအိမ်သားပေါ်မှာတော့ အစစစိတ်ချရပါတယ်''

**ထိုက်** – ''အိမ်မှာ လူလည်း မလစ်ဘူးလား''

**မော်** – ''လစ်တယ်တော့မပြောနိုင်ဘူး။ သည်လိုတော့ တစ်ခုရှိတယ်။ သည်ညက လမ်းမတော်ရာမဇာတ်ကို မိန်းမတွေသွားကြတယ်။ ဦးရီးတော်ကတော့ အိမ်စောင့်ပေါ့လေ။ ခါတိုင်းလိုပဲ တံခါးပေါက်ဝမှာ အဝတ်ကုလားထိုင်နဲ့ ထိုင်စောင့်နေတာပဲ''

**ထိုက်** – ''မိန်းမတွေ ရာမပွဲကို ဘယ်အချိန်သွားလို့၊ ဘယ်အချိန်ပြန်သလဲ''

**မော်** – ''၈ နာရီခွဲလောက်သွားကြပြီး ၁၂ နာရီ လောက်ပြန်တယ်။ ဦးကြီးချိုက ပေါ့ပေါ့ဆဆ၊ နမော်နမဲ့နဲ့ အိပ်ပျော်နေတတ်တဲ့ လူကြီးမဟုတ်ပါဘူး။ အင်မတန်လုံ့လ ဝီရိယကောင်းပါတယ်''

**ထိုက်** – ''ဘုရားဉာဏ်တော်နဲ့ ပုံတော်ကို အနည်းငယ်ပြောပြစမ်းပါဦး''

**မော်** – ''ဉာဏ်တော်က လေးသစ်ဆိုတော့ သုံးလက်မ သာသာကလေး ရှိတာပေါ့။ ပုံတော်က ဗောဓိလက်ရိုး၊ အောက်ပလ္လင်မှာ ကြာကိုးပွင့်ခံပြီး ဘုရားနဲ့တွဲလျက် တစ်သားတည်းထုထားတယ်။ ပလ္လင်အောက်မှာလည်း ရွှေမှိုကိုးချက် ထိုးထားတယ်''



www.burmeseclassic.com

www.burmeseclassic.com

**ထိုက်** – "တော်တော်လည်း ထူးခြားပုံရပါကလား။ ရွှေမှို ကိုးချက် ဆိုတာက ဘယ်လိုအတိတ်နဲ့ အမှတ်အသားပြုထားပုံလဲ"

ပွဲစားဦးမှော်သည် မပြောလိုသော သဘောဖြင့် မျက်နှာအနည်းငယ်ပျက်နေလေရာ ရှေ့နေ မောင်ဘတူက "ပြောစရာရှိသရွေ့ ကုန်စင်မကျန် ပြောပြမှပေါ့ …။ သည်လိုအကြောင်းမျိုးကို ဆောင်ရွက်ရတဲ့သူက ရှိသမျှအကြောင်းအားလုံး အကုန်သိရမှ ရှေ့နောက်ချင့်ချိန်နိုင်တော့မပေါ့"ဟု ပြောသောအခါမှ ပွဲစားသည် နှုတ်ခပ်လေးလေးဖြင့် –

**မှော်** – "သည်လိုဆိုလျှင် အရင်းခံက စတင်ပြောမှဖြစ်မယ်။ သည်ဘုရားက ဘယ်သူ့လက်ထက်က ဘယ်လိုရလို့ ကိုးကွယ်လာကြတယ်တော့ မသိဘူး။ ကိုးနဝင်းဦးအောင် စီမံတဲ့ဘုရားလို့ အဘေများ၊ အဘိုးများ ပြောသံကြားမိ၊ မှတ်မိတယ်။ သည်ဘုရားက လာဘ်ရွှင်တယ်။ ဆုတောင်းပြည့်တယ်လို့ ဒအထူးပဲ အာရုံပြုပြီး လူသိတောင်မခံဘူး"

**မောင်ဘတူ** – "ခိုးတဲ့လူက ရွှေမှိုကိုးချက်ကိုလိုချင်လို့ ခိုးတာပဲ"

**မှော်** – "ရွှေမှို ကိုးချက်ဆိုတာက အမြင်သာ ရွှေမှိုနဲ့တူလို့ပြောတာပဲ။ ဒါလည်း မြင်ဖူးကြတာမဟုတ်ပါဘူး"

**ထိုက်** – "ရွှေမှိုမဟုတ်လျှင် ဘာတွေတုံး"

**မှော်** – "လူကြီးများပြောခဲ့တာတော့ ရွှေလက်ဖွဲ့ကလေး ကိုးလုံးလို့ဆိုတာပဲ။ ရွှေလက်ဖွဲ့ကလေးတွေဆိုတော့ ဘယ်လောက်သားရှိမှာလဲ။ သည်တော့ ကြိုးကြိုးစားစား ခိုးရအောင် မက်လုံးမရှိပါဘူး"

**ထိုက်** – "သည်ဘုရားအကြောင်းကို ဘယ်သူများ သိသလဲ"

**မှော်** – "ကျွန်တော့် ပွဲကတော်ရယ်၊ ကျွန်တော်ရယ်၊ ဦးချိုရယ်၊ သည့်ပြင်တော့ … သြော် … ညောင်ပင်သာဘုန်းတော်ကြီးကလွဲလို့ သိတဲ့လူ မရှိဘူး"

**ထိုက်** – "ညောင်ပင်သာဘုန်းတော်ကြီး သိပုံပြောစမ်းပါဦး"

**မှော်** – "ဝါဆိုလပြည့်နေ့က ဘုန်းကြီးဆွမ်းကျွေးတယ်။ အားလုံး သံဃာများ ပြန်ကြွပြီးနောက် ဆရာတော်တစ်ပါးတည်း တရားဟောကျန်ခဲ့တယ်။ အဲသည်တော့ ဆရာတော်က ဘုရားကြည်ညိုရင်းနဲ့ ပွဲစား … သည်ဘုရား ဘယ်ကရသလဲမေးလို့ ပြန်ပြောဖူးတယ်"

**ထိုက်** – "သိသင့်သလောက် သိရပါပြီ။ ဆောင်ရွက်စေလိုလျှင်လည်း ကျွန်တော် ကြိုးစားပါ့မယ်။ ကျွန်တော့်ထံကို များသောအားဖြင့် ကြီးကျယ်ခဲယဉ်းတဲ့ အမှုမျိုးကိုသာ လာရောက်စောဒနာလေ့ရှိကြတယ်။ သည်လို သေးဖွဲတဲ့ …"

**မှော်** – "ကျွန်တော်တို့မှာတော့ အကြီးအကျယ် နှလုံးမသာမယာဖြစ်နေပါတယ်။ ပွဲကတော်ကြီးဆိုတာတော့ မအိပ်နိုင်၊ မစားနိုင်၊ ဘေးအန္တရာယ်တွေ တွေ့ရတော့မလောက်တွေးပြီး ကြောက်လန့်နေပါတယ်။ သည်ဘုရားများပြန်ရလျှင်တော့ …"

**ထိုက်** – "ပြန်ရမယ်လို့ အာမတော့မခံနိုင်ဘူး။ အခုသိရသလောက်မှာ မိမိရရလိုက်ဖို့ တစ်စွန်းတစ်စမှ လမ်း မမြင်သေးဘူး။ သို့သော်လည်း ကျွန်တော်တို့ မနက်စာစားသောက်ပြီး ၁၁ နာရီလောက်ကို အရောက်လာခဲ့ပါ့မယ်။ အိမ်ကစောင့်နေပါ။ အိမ်သူအိမ်သားအားလုံးကိုလည်း မေးစမ်းလိုပါတယ်။ တခြားမသွားကြပါစေနဲ့"

**မှော်** – "ကောင်းလှပါပြီ၊ အားကိုးပါရစေ"ဟု ပြော၍ အိတ်ထဲမှ ငွေစက္ကူများကိုထုတ်ပြီးလျှင် ဒေါက်တာသောင်းထိုက်သို့ ကမ်း၍ပေးလျက် "ဘုရားကိုပြန်ရတဲ့အခါကျတော့လည်း ထိုက်သည့်အားလျော်စွာ ကျေးဇူးဆပ်ပါ့မယ်"

ဒေါက်တာသောင်းထိုက်သည် လှမ်း၍မယူဘဲ "အို … သည်လိုသဘောမထားပါဘူး။ အောင်မြင်တဲ့အခါမှ သဒ္ဓါသလောက် ချီးမြှင့်တာပေါ့"

ပွဲစားဦးမှော်သည် ငွေစက္ကူချပ်များကို စားပွဲပေါ်တွင် စာဖိသောမှန်တုံးနှင့်ဖိ၍ ထားပြီးနောက် ထိုင်ရာမှထလျက် "သွားလာရတဲ့ စားရိတ်ဆိုတာ အရင်ကုန်နှင့်တာမျိုးပဲ။ အားမနာပါနဲ့ ယူသာယူပါ" ပြော၍ထွက်သွားလေ၏။

## အခန်း (၂)
## ဥပါဒါန်ကြောင့် ဥပဒ်ရောက်

ပွဲစားဦးမှော်နှင့် ရှေ့နေမောင်ဘတူတို့ ထွက်သွားပြီးနောက် ဒေါက်တာသောင်းထိုက်သည် ငွေစက္ကူများကို တစ်ချပ်စီလှန်လျက် "ပွဲစားကတော့ အတော်သေချာစေ့စပ်တဲ့ လူပဲ။ စက္ကူအချပ်တိုင်းမှာ တံဆိပ်နှိပ်ပြီး လက်မှတ်များတောင် ထိုးထားတယ်"

(တံဆိပ်ကို ကြည့်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com

အခါ လမ်းသစ်၊ အိမ်နံပါတ် – ၃၅၆ ဟု အပေါ်တန်းတွင်ပါရှိလျက် အလယ်တွင် နေ့စွဲရက်စွဲနှင့် အောက်တွင် ဦးမှော်ဟု လက်မှတ်ထိုးထားလေသည်။

"သို့သော် ပညာရှိသော်လည်း သတိဖြစ်ခဲ့သည် ဆိုသလိုပဲ ဝီရိယလွန်လျှင် ဥဒ္ဓစ္စဖြစ်တတ်တယ်။ ငွေစက္ကူက တစ်ဆယ်တန် ငါးချပ်တောင်မှ။ လူကြည့်ရပုံကတော့ ထားဝယ်လုံချည် တစ်ပတ်နွမ်း၊ နေစားလို့ တချို့နေရာမှာ အရောင်ပျက်နေတဲ့ နက်ပြာသက္ကလပ်အကျီ၊ အောက်ခံမှာ သားရေထပ်ပိုးထားတဲ့ ဘုံဘိုင်ရေဖိနပ်စီးပြီး လက်တစ်ဆစ်လောက်ရှိတဲ့ ဆေးပြင်းလိပ်တိုကလေးကို မီးမရှိဘဲနှင့် လက်ကြားညှပ်ပြီး မပစ်ရက်တာ ထောက်ကြည့်လျှင် အတော်စိစီမယ့် လူစားမျိုးဖြစ်လျက်၊ ဒါလောက်ကိစ္စလေးဆောင်ရွက်ဖို့ကို ငွေငါးဆယ်လုံး ပေးနှင့်ထားတာ ဘယ်သဘောလဲ"

**ဆရာဝန်ဦးသာထွန်း** –"ဘုရားက သူပြောသလောက် ကမယ်မထင်ပါဘူး။ အထဲမှာ အဖိုးထိုက်အဖိုးတန်တစ်ခုခုပါပါလိမ့်မယ်ထင်တယ်"

**ထိုက်** – "သည်လိုတွေးစရာတော့ လမ်းရှိတယ်။ သို့ပေမဲ့ လူဆိုတာ တစ်ယောက်တစ်မျိုး စွဲလမ်းအယူသီးကြတယ်။ ရိုးရိုးဘုရားတစ်ဆူထွက်ပျောက်လို့ သည်လောက် ငွေကုန်ကြေးကျမခံဘူး။ စွဲလမ်းခြင်းဘုရားက တယ်ခက်တာမျိုးပဲ။ ဗုဒ္ဓါမေ သရဏံ အညံ့နတ္ထိ။ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိလို့ ပါးစပ်ကသာ တတွတ်တွတ်ရွတ်ကြတယ်။ ကြည့်ပါ

> ဆေးခြောက်ဆိုတဲ့
> အတိုင်း
> သူ့တန်ခိုးသတ္တိက
> အာရုံကြော
> အားလုံးကို
> ချဲ့ထွင်ပြီး
> မြင်တတ်၊ ကြား
> တတ်လေ့ရှိပြီး
> ရွံ့ဗွက်ကလေးများကို
> ရေအိုင်ကြီး
> ထင်လိုထင်၊
> ထင်းပေါက်စကို
> တုံးကြီးမှတ်လိုမှတ်၊
> ကြောက်စရာရှိလည်း
> အထူးကြောက်
> တတ်လို့
> ဆေးခြောက်လို့
> ခေါ်တယ်။

တော့လား။ ရုပ်တုဆင်းတုထဲမှာ အင်း၊ အိုင်၊ ဂါထာ၊ မန္တရားတွေ စုတ်လား၊ လက်ဖွဲ့တွေမြှုပ်လားနဲ့။ လောကီသိဒ္ဓိလမ်းတွေဘက်ကို ယုံကြည်လိုက်စားကြတာပဲ။ ပွဲကတော်ကြီးမှာလည်း ဘုရားထွက်ပျောက်တာနဲ့ စားမဝင်၊ အိပ်မပျော်ဖြစ်နေတာ။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ပေါ့ဗျာ။ စိတ်ကသည်လိုစွဲလမ်းလို့လည်း မေ့မေ့လျော့လျော့ဖြစ်ပြီး ကူလီကုလားကို ဂရုမစိုက်မိလို့ ဈေးဝယ်ပြီးသားပစ္စည်းတွေအပြည့်နဲ့ တောင်းဆုံးတာပေါ့"

**ထွန်း** – "တူမခြေပွတ်တိုင်လည်တာတော့ကော"

**ထိုက်** – "မွေးထားတဲ့ တူမကလေးဆိုတာနဲ့ အရွယ်ငယ်ကြောင်း မထင်ရှားဘူးလား။ ကာလမိန်းကလေးတွေက အိမ်ရှေ့ထွက်တယ်ဆိုတာ အချိန်းအချက်ရှိလို့ ထွက်တာ များတယ်။ ရည်းစားမျှော်ရင်း ငေးလို့ချော်ကျတာနဲ့တူပါတယ်"

**ထွန်း** – "နို့ .. ဘတ်စ်ကားတာယာနှစ်လုံးပေါက်တာတော့ကော"

**ထိုက်** – "အို ... ပွဲစားဆိုတဲ့ လူမျိုးက အင်မတန်ဆယ်လီကြေတဲ့ လူစားမျိုးပဲ။ ဘတ်စ်ကားကို သူတို့ဝယ်ထောင်တာဆိုလျှင် အချောင်ရတဲ့ အဟောင်းဝယ်မှာဗျ။ တာယာလည်း အဝယ်ဖို့စိတ်မကူးဘူး။ သူတို့မျက်စိအောက် လမ်းသစ်ထဲမှာ တာယာအဟောင်းလိုက်ဝယ်ပြီး ပြင်ဆင်ဖာထေးပြီး ရောင်းနေတဲ့ဆိုင်တွေက ဝယ်မှာပေါ့။ သည်တော့ တစ်နေ့တည်း နှစ်လုံးမဟုတ်ဘူး၊ လေးလုံး[illegible] တောင် ကွဲလိမ့်ဦးမယ်။ သည်လိုပါ၊ သူတို့အယူသီးတာတွေ ကျုပ်တို့

www.burmeseclassic.com

သဘောနဲ့ဆိုတော့ ဘာမျှ အကြောင်း အဆက်မရှိဘူး။ ကျုပ်တို့က တွေ့နိုင်၊ မြင်နိုင်တဲ့ အကြောင်းအဆက်ကို ထောက်ပြောနေတာပါ''

**ထွန်း** - ''ဖြစ်နိုင်စရာပါပဲ''

**ထိုက်** - ''ကျုပ်ကလည်း တပ်အပ်ပြောနေတာမှ မဟုတ်ဘဲ။ စုံထောက်ပညာဆိုတာ ဖြစ်နိုင်တဲ့လမ်းတွေကို ချိန်ဆပြီး တွေးဆယူရတာကို။ အမှန်ချည်းလည်း အခါတိုင်း တွေးနိုင်တယ်လို့ ဝန်မခံပါဘူး''

**ထွန်း** - ''နို့ အခုဘယ်လိုသဘောရသလဲ''

**ထိုက်** - ''အိမ်တွင်းသူခိုးမဟုတ်ကြောင်းတော့ သိရပါပြီ''

**ထွန်း** - ''ပွဲစားက အိမ်သူအိမ်သားအပေါ်မှာ စိတ်ချရတယ်ဆိုလို့ သလား''

**ထိုက်** - ''အို ... သော့တွဲလည်း ကျန်ခဲ့တယ်ဆိုမှ၊ အိမ်သူအိမ်သားခိုးလျှင် သော့တခြားရှာနေပါဦးမလား။ ကျောင်းဆောင်အောက်မှာ ချိတ်ထားလျက်ရှိပြီးသားပဲ''

**ထွန်း** - ''သည့်ပြင် ဘာများ လမ်းစတွေ့သေးသလဲ''

**ထိုက်** - ''ပြောသလိုတော့ သူတို့ သုံးယောက်အပြင် ဆရာတော်လည်း ဘုရားအကြောင်းကို သိတယ် ပြောသွားတယ်။ ဆရာတော်ကိုလည်း ပြစ်မှားစရာမရှိပါဘူး။ သည်တော့ သည်အကြောင်းကို သိတဲ့လူတစ်ယောက် ရှိရဦးမယ်။ ဒါကြောင့် သိနိုင်မယ့်သူကို စုံစမ်းရှာဖွေရမယ်။ ညမီးပူဇော်တုန်းက တွေ့သေးတယ်။ မနက်ပန်းရေချမ်းကပ်တော့မှ ပျောက်မှန်းသိတယ်ဆိုတော့ သည်အတွင်းမှာ ဘယ်အချိန်လစ်တယ်ဆိုတာကို ထောက်လှမ်းဖို့ရှိတယ်။ ပွဲစားအပြောက ဦးချို ဆိုတဲ့ဦးရီးတော်ကလည်း လုံ့လဝီရိယနဲ့ စိတ်ချရတယ် ပြောထားတယ်။ သည့်ပြင်အချိန်ကို ဝင်ခိုးဖို့ အခွင့်အလမ်းမရနိုင်ဘူး။ သည်တော့ သူတို့အိမ်သွားမေးစမ်းပြီး တစ်နည်းတစ်လမ်း ပေါ်ပေါက်လာမှ သိနိုင်မယ်''

**ထွန်း** - ''ဒါဖြင့် ကျွန်တော်လည်း လိုက်ခဲ့မယ်။ ကျွန်တော် ဆေးဆိုင်သွားပြီးပြန်မှာနဲ့ နောင်ကြီး လမ်းမှာ ထမင်းစားပြီးတာနဲ့ အတော်ပဲ''

ဒေါက်တာသောင်းထိုက်သည် အမြဲမကွာဆောင်ယူလေ့ရှိသော ဓာတ်အက်ဆစ်အမျိုးမျိုးနှင့် ဆရာဝန်များ သုံးသော လက်နက်ကိရိယာ အစုံအလင်တို့အပြင် ခရီးဆောင်ရန် စီမံထားသော သေတ္တာကလေးကို မော်တော်ကားပေါ်သို့ တပည့်တစ်ယောက်အား ယူဆောင်တင်စေသည့်အခိုက်တွင် ဆရာဝန်ဦးသာထွန်း ပြန်ရောက်လာသည်နှင့် မိတ်ဆွေနှစ်ဦး အနောက်လမ်းသစ်ဘက်သို့ စီးနင်းလိုက်ပါသွားကြလေ၏။

လာမည့်လမ်းကို မျှော်နေသော ပွဲစားဦးမှော်က ''အိမ်မှအလွယ်တကူတွေ့ပါ့မလားလို့ ကိုယ်တိုင်စောင့်နေရတယ်။ ကျွန်တော့်အပြစ်ပဲ။ အိမ်နံပါတ်ပြောခဲ့မလို့ဟာ မေ့ထွက်လာတယ်'' ဟု ရှိသေကိုင်းရှိုင်းစွာ ခရီးဦးကြိုပြုသော်လည်း ပွဲကတော်လုပ်သူမှာ ကျွန်ုပ်တို့အား စကားဟာဟာမပြောဘဲ မအီမသာ ရှာချည်စောင်ကြီးကို သိမ်းခြုံပြီး ထိုင်နေလေ၏။ ၎င်း၏အမူအရာမှာ ကျွန်ုပ်တို့အား အယုံအကြည်မရှိ၍ လင်ဖြစ်သူပွဲစားအား ''ဘုမသိ ဘမသိနဲ့ သူလုပ်လိုက်မှဖြင့် သည်သို့ချည်းပဲ။ ငွေငါးဆယ်ရင့်မကြီး လက်ဦးလွှန်၊ ခြေဦးလွှန်ပေးခဲ့ရမလား''ဟု အပြစ်တင် မြည်တွန်တောက်တီးနေဟန်တူပါသည်။

ဦးစွာပထမ ဘုရားထားသည့် ကျောင်းဆောင်ကို ကြည့်လိုကြောင်း ဦးသောင်းထိုက်ကပြောလေရာ ပွဲစားက အိမ်ပေါ်ထပ်သို့ကြွရန် ပြောသည်နှင့် ပွဲကတော်ကြီးလည်း နောက်ကလိုက်တက်လာပြီး ခပ်လှမ်းလှမ်းမှ စောင်းပါးရိပ်ခြေ ကြည့်နေလေ၏။

ပွဲစားပြောသည့်အတိုင်း သော့မှာ ကျောင်းဆောင် မှန်တံခါးသော့ပေါက်တွင် တွဲလောင်းတင်လျက်ရှိကြောင်း တွေ့ရလေ၏။

**ထိုက်** - ''သည်တံခါးနဲ့သော့ကို ဘယ်သူများကိုင်သေးသလဲ''

**မှော်** - ''ဘယ်သူမှ မကိုင်ပါဘူး။ ကျွန်တော်ပဲ တံခါးရွက်အောက်နားကကိုင်ပြီး လှပ်ကြည့်လိုက်တယ်''

ဒေါက်တာသောင်းထိုက်သည် လက်တွင်ဆွဲထားသော သေတ္တာလေးအတွင်းမှ ပုလင်းကလေးတစ်လုံးကို ထုတ်ယူ၍ ပုလင်းထဲမှ ပေါင်ဒါမှုန့်များကို စက္ကူတစ်ချပ်ပေါ်တွင် သွန်၍ဖြန့်လေ၏။ ထို့နောက် ကျောင်းဆောင် မှန်တံခါး လက်ကိုင်နှင့်တကွ သော့ပေါက်အနီး မှန်သားများပေါ်သို့ ပေါင်ဒါမှုန့်များ အနှံ့အပြား ရောက်စေရန် စက္ကူကို အလိုက်သင့်ရွေ့၍ ပါးစပ်ဖြင့် လေမှုတ်ခါ မှုတ်ခါ လုပ်လိုက်သောအခါ ပေါင်ဒါမှုန့်များသည် က... သည့်နေရာတွင် ကပ်လျက် ကျန်... လေ၏။

**ထိုက်** - ''ဘယ်သူမှမကိုင်...



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူး၊ ပွဲကတော်ကြီးကလည်း ဘုရားကိုကြည်ညိုပြီး လုံ့လဝီရိယကောင်းကောင်းနဲ့ မှန်များကို တိုက်ချွတ်ထားတဲ့အတွက် ပေါ်လာသည်မှာ သူခိုးရဲ့ လက်ပုံစံ ကောင်းကောင်းကြီး ထင်ရှားပါပေတယ်''ဟု ပြော၍ ပွဲကတော်ကြီးအားလှည့်ကြည့်လိုက်ရာ ''ဘုရားကိုကြည်ညိုသည်၊ လုံ့လဝီရိယကောင်းသည်''ဟု ချီးမွမ်းသော စကားများသည် ပွဲကတော်ကြီးနားထဲသို့ နှလုံးလေချွေ့ဝင်လေ၏။ အောင့်သက်သက်ရှိနေသော မျက်နှာထားမှာလည်း ချိုလာသည့်ပြင် သူခိုးလက်ပုံစံတွေ့လျှင် ငါတို့ဘုရားတော့ ပြန်ရတော့မည်ဟု စိတ်အချကြီးချဟန်နှင့် အနီးသို့ ချဉ်းကပ်လာလေ၏။

ဤအမူအရာကိုမြင်သောအခါ ပွဲစားက ဦးသောင်းထိုက်အား စုံထောက်ပညာသာမက လူကဲခတ်ကောင်း၊ ကြိုက်လုံးကောက်ပြီး အချက်ကျ တော်တော်ပြောတတ်တဲ့ လူပါပေပဲဟု စိတ်ထဲက ချီးမွမ်းမိလေသည်။

ဒေါက်တာသောင်းထိုက်သည် ပွဲကတော်အား လုံး၀ ဂရုမစိုက်ဘဲ ခတ်ပုံရိုက်ကူးသော ကင်မရာလေးကိုသာ ဖြန့်ထုတ်၍ လက်ပုံစံများကို ရိုက်ကူးယူလေ၏။ ထို့နောက် သော့ပေါက်တွင် ချိတ်လျက်တွေ့သော သော့ဖြင့် ပိတ်ချေ၊ ဖွင့်ချေ အကြိမ်ကြိမ်ခတ်ပြီးနောက် နုတ်ယူပြီးလျှင် ပြတင်းပေါက်သို့သွား၍ သော့လုံးအခေါင်းထဲသို့ မှန်ဘီလူးနှင့်သေချာစွာ ကြည့်ရှုလျက် ကျွန်ုပ်အား –

**ထိုက်** – ''ဦးသာထွန်း ခိုင်းတယ်လည်း မအောက်မေ့ပါနဲ့။ ဟိုသေတ္တာထဲက ဓာဂနာအသေးဆုံးကလေးနဲ့ မှန်ချပ်ကလေး **တစ်ပြား**ရယ်၊ စက္ကူမာမာကလေး **တစ်ချပ်**ရယ် ထုတ်ပေးစမ်းပါ''

**ထွန်း** – ''လက်မအားလျှင် ကူညီဖို့လိုက်လာတာပဲ။ အလိုရှိတာသာ ခိုင်းပါ''

ဒေါက်တာသောင်းထိုက်သည် သော့ထိပ်အ၀ရှိ အခေါင်းအတွင်းမှ အမှုန်အဖတ်ကလေးများကို ဓာဂနာနှင့် ဖြည်းညင်းစွာ ဆွဲထုတ်ပြီးနောက် စက္ကူအထူချပ်ပေါ်တွင် တင်ပြီးသကာလ မှန်ချပ်နှင့် ဖိထားလိုက်လေ၏။

**အခန်း (၃)**

**သော့နှင့် ဦးထုပ်မှ အဆက်**

အနောက်နိုင်ငံတွင် လောကဓာတ်ပညာထွန်းကားသည့်အလျောက် သေးနုပ်သော အရာ၀တ္ထုကလေးများကို အပြန်ပေါင်းများစွာ ချဲ့ထွင်၍မြင်စွမ်းနိုင်သော မှန်ဘီလူးများမှာ အံ့သြလောက်ပေ၏။ ဒေါက်တာသောင်းထိုက်သည် သော့ခေါင်းအတွင်းမှ ထုတ်နုတ်ဆွဲငင်ယူသော အမှုန်ကလေးများကို မှန်ဘီလူးနှင့်ကြည့်ပြီးနောက်

**ထိုက်** – ''သော့နဲ့သော့အိမ်နဲ့ အတော်ကျပ်တဲ့ပုံထောက်တော့ ပါလာတဲ့သော့နဲ့ အရမ်းအားတိုက် ဖွင့်ရတဲ့ လက္ခဏာရှိတယ်။ သော့မှာ သံချေးလည်း မတက်၊ ပြောင်လက်ပုံထောက်တော့ အမြဲသုံးနေတဲ့သော့နဲ့ သဏ္ဌာန်တူတယ်။ အမြဲသုံးတဲ့သော့မျိုးကို ကိုယ်နဲ့တယ်ခွာကြတယ်မဟုတ်ဘူး။ အိတ်ထဲမှာ ဆောင်တတ်ကြတယ်။ အဲ့ဒါကြောင့် နှစ်ရှည်လများကြာတော့ သော့ခေါင်းထဲမှာဝင်နေတဲ့ **အမှိုက်**၊ အမွေးအမျှင်ကလေးတွေကသည်သော့ရှင်ဟာ အမြဲလိုလို မီးခိုးရောင်သက္ကလပ်အင်္ကျီကို ၀တ်ဆင်ပြီး ဆေးပြင်းလိပ်ဆေးစာမှုကျတဲ့ ဆေးမှုန့်ထည့်ပြီး ဆေးတံသောက်တဲ့လူဖြစ်ရမယ်လို့ သက်သေခံနေပါကလား။ အင်္ဂလိပ်ဗွာဗေဒင်တတ်လို့ ပြောတာမဟုတ်ဘူး။ သူ့သော့ထဲကရတဲ့အမှိုက်က မှန်ဘီလူးအောက်မှာ သက်သေခံနေတာ။ တော်တော်ကြာတော့ သည်လူကြီးဟာ စုန်းတတ်တယ်၊ မှော်ဆရာကြီး၊ ဘာညာပြော မနေနဲ့။ ပွဲကတော်ကြီး ပေါ်သည်မှာ လာကြည့်လှည့်''

မခေါ်ဘဲနှင့် ရောရောဝင်ဝင်၊ ရင်းရင်းနှီးနှီးရှိချင်လာသော ပွဲကတော်ကြီးသည် မှန်ဘီလူးဖြင့်ကြည့်သောအခါ ဒေါက်တာသောင်းထိုက်က ''မီးခိုးရောင် ကွေ့ကွေ့ကောက်ကောက်အမျှင်တွေဟာ တွေ့ရဲ့မဟုတ်လား။ အဲသည့် သိုးမွေးချည်ကလေးတွေဟာ တခြားကတော့ မလာရောက်နိုင်ဘူး။ အမြဲ၀တ်တဲ့အင်္ကျီအိတ်ထဲမှာ သော့ကိုနှစ်ရှည်လများ ထည့်ချေ ထုတ်ချေ လုပ်နေတော့ ပွန်းပြတ်ကာ အထဲဝင်ပြီး သော့ဖွင့်တိုင်း၊ ပိတ်တိုင်း သိပ်သွင်းထားသလိုဖြစ်နေတာ။ အဲဟို အမှုန်အဖတ်တွေက ဆေးချေးတွေနဲ့ မည်းနေတဲ့ လက္ခဏာထောက်တော့ ဆေးပြင်းလိပ်ကကျတဲ့ အမှုန်မဟုတ်ဘူး။ ဆေးတံထဲကမှ ထွက်နိုင်တယ်''

ဤစကားကို ကြားသောအခါ ပွဲကတော်ဒေါ်ဒွန်းသာသည် အံ့သြသော မျက်နှာထားနှင့် လေးမြတ်စွာ ကြည့်လေ၏။ ၎င်းနောက် သင်းကို ခေါ်၍ ဧည့်သည်များ [illegible]က်ရန်



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်၊ မုန့်၊ လင်မနစ်နှင့် ကွမ်းဆေးလက်ဖက်မကျန် ပြင်ဆင်ခင်းကျင်းစေရန် တီးတိုးစီမံလေ၏။

အပေါ်ထပ်တွင် စုံစမ်းရန်ကိစ္စတုံးသဖြင့် အောက်သို့ ဆင်းလာကြသည့်အခါ အိမ်သူအိမ်သားများအနက် ဦးရီးတော်ဖြစ်သူ ဦးချိုကို စတင်မေးစမ်းရာ ဦးချိုမှာအသက်အရွယ် ၅၀ ကျော်မျှရှိ၍ အသားအရေ ပြည့်တင်းပုံကိုထောက်သော် ကျန်းမာသော လူကြီးဟု ဆိုရပေမည်။ ပြောပုံ ဆိုပုံကို ထောက်သော် ရိုးသားဖြောင့်မတ်၍ လှုံ့လရှိပုံလည်းရ၏။

**ထိုက်** – "ဟိုနေ့ညက ပွဲကတော်များ ရာမပွဲ ထွက်သွားတဲ့နောက် အိမ်ကိုဘယ်သူများလာသလဲ။ မှတ်မိရဲ့လား"

**ဦးချို** – "ဘယ်သူမှမလာပါကလား"

**ထိုက်** – "သေသေချာချာ ပြန်တွေးစမ်းပါဦး။ တစ်စတစ်စ ပြန်တွေးလျှင် ရေးရေးပေါ်လာတတ်ပါတယ်"

ဦးချိုသည် တွေဝေနေရာမှ "တစ်ခုတော့ရှိတယ်။ သူတို့လမ်းထိပ်လောက်ရောက်တော့ လူတစ်ယောက်လာပြီး 'ပွဲကတော်ရဲ့တူမက ခင်ဗျားသောက်ဖို့ ဆေးပေါ့လိပ်တစ်လိပ် လမ်းကြိုရင်းဆွဲသွားပါဆိုလို့ ဝင်ပေးရတယ်'ပြောပြီး ပေးပစ်ခဲ့တယ်။ ကျုပ်ကလည်း သည်လို ပေးနေကျရှိလို့ အတူးအရေး မယူလိုက်ဘူး။ ဒါလည်း ဘာမှတော့ မဆိုင်ပါဘူး"

**ထိုက်** – "မဆိုင်တာ၊ ဆိုင်တာထားပါဦး။ လာပေးတဲ့ ဆေးလိပ်ကို သောက်လိုက်ရောလား"

**ဦးချို** – "မသောက်ရလို့ လွှင့်ပစ်ဖို့ပေးတာမှ မဟုတ်ဘဲ"

**ထိုက်** – "ကိုင်း ... တူမဆိုတာ ခေါ်စမ်းပါဦး"

ပွဲကတော်ကြီးသည် တူမမြသွေးကို လှမ်းခေါ်သောအခါ အတွင်းဘက်တွင် တခိခိကျိတ်၍ရယ်နေသည်ကို မျက်နှာပိုးမသတ်နိုင်ဘဲ ထော့ကျိုးထော့ကျိုးနဲ့ ထွက်လာသော မိန်းကလေးမှာ အသက်အရွယ် ဆယ့်လေးငါးနှစ်မျှရှိသေး၍ ယောကျ်ားကလေးများအား တည့်တည့်မတ်မတ်၊ ရိုးရိုးသားသား မကြည့်တတ်ဘဲ၊ စောင်းပါးရိပ်ခြေဖြင့် **မျက်စိတစ်ဆုံး** ကြည့်တတ်သော မိန်းကလေးတစ်ယောက် ဖြစ်လေ၏။

ဒေါက်တာသောင်းထိုက်က မေးသောစကားမဆုံးမီပင် "ကျွန်မ ဘာဆေးလိပ်မှမပေးရပါဘူး"ဟု ခပ်ဆတ်ဆတ် ပြန်ပြောလေ၏။ ထို့ပြင် ပွဲကတော်ကလည်း "ဟုတ်ပါတယ်၊ ကျွန်မတို့အတူသွားကြတာပဲ။ သည်ဆေးလိပ်ကတော့ ကျွန်မတို့က ပြန်မပေးရကြောင်း မှန်ပါတယ်"

**ထိုက်** – "နို့ ... ဦးချို၊ အဲသည့်ဆေးလိပ်သောက်တာ ကုန်ရောလား"

**ဦးချို** – "ကုန်တော့မကုန်ဘူး။ နောက်နေ့ညသောက်တော့ ငေါ်တော်တော်ရှိတာနဲ့ ဆက်မသောက်တော့ဘူး။ အိပ်ရာနံဘေးက နို့ဆီခွက်ထဲမှာ ဒီအတိုင်းပဲရှိသေးတယ်"

**ထိုက်** – "သွားယူစမ်းပါ"

ဆေးလိပ်တိုကို ဦးချိုသွားယူနေစဉ် စုံစမ်းကြည့်ရာ ပွဲကတော်က "ကျွန်မတို့ပြန်လာတော့ အိပ်ပျော်မနေပါဘူး။ တုံးလုံးတောင်မလှဲဘူး ပြောတာပါပဲ။ လိမ်လည်းမပြောတတ်ပါဘူး။ အိပ်ချင်တယ်တော့ ပြောတယ်"

ဦးချို၏ဆေးလိပ်တိုကို မီးညှိ၍ သောက်ကြည့်သောအခါ စိမ်းရွှေရွှေအနံ့ ထွက်လာသည့်တွင် –

**ထိုက်** – "ထင်သားပဲ၊ သို့သော်လည်း ထင်ရှားအောင်ဖြေကြည့်မှပဲ"ဟုပြော၍ ဆေးလိပ်ကိုလက်နှင့် ဖျစ်ညှစ်၍ ဆေးရိုးများကို စက္ကူတစ်ရွက်ပေါ်သို့ သွန်ချပြီးလျှင် ဇာဂနာနှင့် ဆေးရိုးတခြား၊ ဆေးတခြား ခွဲထုတ်လေ၏။ ထိုအခါ ဆေးရွက်အဖတ်များမှာ အရောင်ခပ်မည်းမည်းကား တချို့နှင့် နေလှောင်ထား၍ ခြောက်ရော်နေသော သစ်ရွက်ခြောက်ကဲ့သို့ ဝါဖျော့ဖျော့ အရောင်ကားတချို့၊ နှစ်မျိုးတွေ့ရလေ၏။ ဝါဖျော့ဖျော့အရောင်ရှိသော ဆေးဖတ်များကို ဇာဂနာနှင့် ရွေးထုတ်ပြီးလျှင် "ဟောသည့်ဟာက မြန်မာပြည်တွင် မကြာမီကမှ ရောင်းချဖို့ အစိုးရက အထူးလိုင်စင်ထုတ်ပေး တဲ့ ဆေးခြောက်ဆိုတာပဲ။ အထက်ကျော်ကာရီက ဆေးဝါးဖော်စပ်ဖို့တောင် ရတ်တရက် ဝယ်ခြမ်းလို့မရဘူး။ အခုတော့ အလွယ်တကူရတော့ အလိုရှိရာသုံးနိုင်ကြတာပေါ့"

**ပွဲစားနှင့် ပွဲစားကတော်** – "ပြောသံသာကြားရတယ်။ အခုပြောမှ သိရတာပဲ"

**ထိုက်** – "ဆေးခြောက်ဆိုတဲ့ အတိုင်း သူ့တန်ခိုးသတ္တိက အာရုံကြောအားလုံးကို ချဲ့ထွင်ပြီး မြင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြားတတ်လေ့ရှိပြီး ရွှံ့ဖွက်ကလေးများကို ရေအိုင်ကြီးထင်လိုထင်၊ ထင်းပေါက်စကို တုံးကြီးမှတ်လိုမှတ်၊ ကြောက်စရာရှိလည်း အထူးကြောက်တတ်လို့ ဆေးခြောက်လို့ခေါ်တယ်။ သူ့အငွေ့အသက်ကို ရှူရှိုက်၍ကြာကြာနေလျှင် အိပ်ချင်ငိုက်မြည်းတွေဝေခြင်း ဖြစ်လာတာပဲ။ အိပ်မပျော်သေးမီအချိန်ကို အတိုင်းအရှည်မရှိ၊ မေ့လျော့တတ်တဲ့ သတ္တိမျိုးလည်းရှိတယ်။ သည်အကြောင်းကိုထောက်လျှင် သည်ဆေးလိပ်ကို ပေးကတည်းက ဘာရည်ရွယ်ချက်နဲ့ ဦးချိုကိုပေးတယ်တော့ အထူး ပြောဖို့ မလိုဘူး"

**ဦးချို** – "ပေးချင်တဲ့သစ္စာပေးပါ။ ကျုပ်အိပ်ချင်တာတော့ မှန်ပါတယ်။ သို့သော်လည်း တုံးလုံးတောင် မလှဲမိပါဘူး။ စိုးရိမ်ပြီးတော့ ခါတိုင်းလိုအဝမှာတောင် အဝတ်ကုလားထိုင်နဲ့မလှဲဘူး"

**ထိုက်** – "အဝတ်ကုလားထိုင်နဲ့ အဝပိတ်လှဲနေတာက တော်လိမ့်ဦးမယ်။ နို့ ဘယ်လိုနေသလဲ"

**ဦးချို** – "အပြင်ဘက်က ခုံပေါ်မှာထိုင်နေတယ်"

**ထိုက်** – "တစ်ခါမျှ တခြားတစ်ပါး ထမသွားဘူးလား"

**ဦးချို** – "တပိုတပါး သွားရအောင်တော့ ခဏဝင်မိတယ်"

**ထိုက်** – "အိမ်ထဲဝင်တော့ အိမ်ရှေ့တံခါးပိတ်ခဲ့ရဲ့လား"

**ဦးချို** – "အင်း . . . အခုစဉ်းစားကြည့်မှ ပိတ်မိခဲ့ဟန်မတူဘူး။ သို့ပေမဲ့ ခဏကလေးပဲ"

**ထိုက်** – "ဦးချိုပြောတဲ့ ခဏကလေးက ဘယ်လောက်ကြာတယ် ပြောနိုင်သလား"

**ထိုက်** – "တစ်အောင့်ကလေးဆိုမှ အခင်းကလေး လုပ်ပြီးပြီးချင်း ပြန်ထွက်လာတာပဲ"

**ပွဲကတော်** – "ဦးချို အပေါ့အလေးသွားရင် ကွမ်းတစ်ယာညက်ထက်မနည်းဘူး။ သည်ကတည်းက ကြံနေတဲ့ လူက အခါအခွင့်ရတာပေါ့။ မုချ သည်တုန်းက တက်ယူတာပဲ"

**ထိုက်** – "ဆေးခြောက်ဆိုတာမျိုးက ခုတင်ကပြောပြသလိုပဲ အချိန်ကို အတိုင်းအထွာမရှိအောင် မေ့လျော့စေတတ်တယ်။ ခဏကလေးကို အကြာကြီးထင်ချင်ထင်၊ အကြာကြီးကို ခဏကလေး ထင်ချင်ထင်တယ်။ အရေးတကြီး အလျင်စလို ဆောင်ရွက်စရာကိစ္စကိုလည်း နောက်ထားပြီး မဆီမဆိုင်တာကို ရှေ့တင်ပြီး စိုးရိမ်ကြောင့်ကြပြုတတ်တယ်။ ဒါကြောင့် ဦးချိုရဲ့တစ်အောင့်က ဦးချိုထင်တဲ့ ခါတိုင်းတစ်အောင့်မျိုး ဟုတ်မယ်မဟုတ်ဘူး။ သည်တော့ ပွဲကတော်ကြီး ယူဆတာမှန်လိမ့်မယ်ထင်တယ်"

ထိုစဉ်တွင် တူမနှင့်သမီး နှစ်ယောက်တို့မှာ ဦးထုပ်တစ်လုံးကို တစ်ယောက်ဘက်သို့ တစ်ယောက်တွန်းလျက် "ညည်းမြင်တယ်၊ ငါကောက်တယ်၊ ညည်းပြော၊ ငါပြော" စသည်ဖြင့် ငြင်းခုံနေကြသည်ကို ပွဲကတော်ကမေးသောအခါ ထိုနေ့ည ရာမပွဲကအပြန် အိမ်ရှေ့မြောင်းကူးတံတားထိပ်တွင် သမီးလုပ်သူကတိုက်မိ၍ တူမလုပ်သူကကောက်ယူကြောင်း၊ ဦးထုပ်မှန်းကိုသိ၍ အရေးမကြီးသည်နှင့် အမှတ်မဲ့ သမင်ချိုတွင် ချိတ်ထားလိုက်ကြကြောင်း ယခုမှသတိရ၍ သူခိုးဦးထုပ်များ ဖြစ်ကောင်းဖြစ်မလားဟု လူကြီးကိုပြရန် သူပြော၊ ငါပြောနှင့် ငြင်းနေကြကြောင်း သိရလေသည်။

ဒေါက်တာသောင်းထိုက်သည် ဦးထုပ်ကိုလှမ်းယူ၍ ကြည့်ပြီးလျှင် "သူခိုးဟာ သော့ကိုတောင် ချွတ်ယူဖို့ အချိန်မရပုံကိုထောက်တော့ အလျင်စလို ဆင်းပြေးရပြီး ဦးထုပ်ကျတာတောင် ပြန်ကောက်နိုင်ဟန်မတူဘူး။ ဦးထုပ်ကသက္ကလပ်အပျော့ အီတလီနိုင်ငံဖြစ် အပေါ်စားပဲ။ အတော်လည်း ဟောင်းနွမ်းနေပြီ"ဟု ပြော၍ မှန်ဘီလူးနှင့် စေ့စပ်သချာစွာ ကြည့်ပြီးလျှင် "ဦးထုပ်သက္ကလပ်ကြားထဲမှာ အဖြူမှုန့်တွေ အလိမ်းအလိမ်း ကပ်နေပုံထောက်တော့ ခိုးတဲ့လူဟာ ထုံးရုံ၊ ဘိလပ်မြေရုံများတွင် အလုပ်လုပ်ဟန်တူတယ်။ ဒါမှမဟုတ်ရင် ပန်းရန်သော်လည်းကောင်း၊ ထုံးသုတ်တဲ့လူသော်လည်းကောင်း ဖြစ်ရမယ်"

ဟုပြော၏။ ထို့နောက်တစ်ဖန် ဦးထုပ်အတွင်းဘက်သို့ ကြည့်ပြန်သော် အပြင်ဘက်နည်းတူ အဖြူမှုန့်များ တွေ့ပြန်သဖြင့် ၎င်းအမှုန့်များကို သတင်းစာစက္ကူပေါ်သို့ သွားပွတ်တံနှင့် ပွတ်၍ချလေ၏။

*(ဆက်ရန်)*

ရွှေဥဒေါင်း



www.burmeseclassic.com

www.burmeseclassic.com

# ပီတာမြဦး




www.burmeseclassic.com

www.burmeseclassic.com

# ဘာသာမဲ့ ချွတ်ခြုံ

ပီတာမြဦး

လူ့ဘဝဟူသည် အငိုနှင့်စ၍ အငိုနှင့်ဆုံးရသည်ဟု ဆိုကြသည်။ အမိဝမ်းကြာတိုက်မှ ထွက်ထွက်ချင်း ငိုရသည်မှာ အေးခဲမတတ် ခံစားလိုက်ရသော ပြင်ပလေစိမ်းဒဏ်ကို မခံနိုင်ဘဲ ကြောက်လန့်တုန်လှုပ်မိ၍ ဖြစ်သည်။ မိမိသေရတော့မည်ကို သိချိန်၌ မျက်ရည်သွင်သွင်ကျရခြင်းမှာ ကိုယ်ရောက်ရှိမည့် တမလွန်ဘဝကို တွေးကြောက်မိ၍ ဖြစ်၏။ သို့မို့ကြောင့်လည်း လူတို့သည် ဘဝတစ်လျှောက်လုံးမှာလည်း ကြောက်စိတ်ဖြင့် အသက်ရှင်နေရခြင်းပေလော။

ကြည့်လေ…။

ကမ္ဘာဦးလူတို့သည် နေလုံးကွယ်ပျောက်၍ ညမှောင်လျှင် ကြောက်ကြ၏။ မိုးကြိုးပစ်သံ၊ လျှင်တော်လည်း၊ မြေတုန်ဟည်းလည်း ကြောက်ကြသည်။ သူတို့အသိစိတ်ဝယ် ထိုအရာများသည် ရေမြေတောတောင်ကို အစိုးရသည့် မကောင်းသော နတ်ဆိုးကြီးများ၏ ပြုစားဖန်ဆင်းထားချက်များအဖြစ် ယူဆကာ တွေးကြောက်မိကြသည်။

ထို့ကြောင့် နေနတ်မင်း၊ မိုးနတ်မင်း၊ တောစောင့်နတ် တောင်စောင့်နတ်များကို ကြောက်စိတ်ဖြင့် ပူဇော်ပသသည့် ဓလေ့ပေါ်လာသည်။ သူတို့အား ဒုက္ခမပေးရန် သရေစာများဖြင့် တင်မြှောက်ပူဇော်သည့် ဓလေ့အကျင့်များ ပေါ်လာသည်။

ဤသည်မှာ မမြင်စွမ်းနိုင်သော တန်ခိုးရှင်များကို ယုံကြည်ကိုးကွယ်သော ဓလေ့ထုံးစံ လူတို့၏စိတ်ဝယ် စတင် သန္ဓေတည်လာခဲ့ခြင်း ဖြစ်၏။ ထိုမှတစ်ဆင့် လူ့ယဉ်ကျေးမှု တိုးတက်လာသည့်အလျောက် နတ်ဆိုးများကို ကိုးကွယ်သည့်ဓလေ့ တစ်စတစ်စလျော့ပါးလာကာ သူနေရာတွင် ဟိန္ဒူ၊ ဗုဒ္ဓ၊ ခရိယာန်၊ အစ္စလာမ် စသော ဘာသာကြီးလေးရပ်က အစားထိုး ဝင်ရောက်လာသည်။

သို့ဖြစ်ရာ လူမှန်လျှင် တသီးတခြား နေ၍မရဘဲ အားကိုးအားထားပြုရာ ဘာသာကြီးတစ်ရပ်ရပ်ကိုတော့ ကိုးကွယ်ကြရသည်သာ။ သို့မှသာ လူမှုရေး၊ စီးပွားရေး အစဉ်ချောမွေ့ အောင်မြင်နိုင်အောင် ဘာသာကြီးများ၏ လမ်းညွှန်မှုကို ရရှိကြမည်ဖြစ်၏။ ထို့ကြောင့်လည်း လူတို့သည် ဘာသာကြီးများနှင့် ကင်းကွာ၍မရဘဲ ဘာသာတစ်ရပ်ရပ်ကိုတော့ ယုံကြည်ကိုးကွယ်နေရမည်သာ ဖြစ်၏။

ဘာသာကြီးများကလည်း တူညီသော လမ်းညွှန်မှုကို ပြုကြသည်။ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်။ မကောင်းမှု မှန်သမျှကိုလည်း တားမြစ်တားကြသည်သာ…။ ကောင်းမှုကိုသာပြုရန် လမ်းညွှန်ပေးကြသည်သာ။ ထို့ကြောင့်လည်း လူနှင့်ဘာသာတရားဟူသည် ခွဲခြား၍ မရစကောင်းပါပေ။

သို့တစေ ဤလောက၌ အဆိုပါ ဘာသာကြီးများကိုသာမက အခြား မည်သည့်ဘာသာကိုမျှ မကိုးကွယ်သူတချို့ ရှိနေသည်ဆိုလျှင် ယုံကြည်နိုင်ကြပါမည်လား။

ထိုလူတို့ ပြင်ပလောက၌ ရှိနေချိန်တွင် လူ့ပတ်ဝန်းကျင်အတွက် အနှောင့်အယှက် အဟန့်အတား တစ်စုံတစ်ရာ မဖြစ်တန်ကောင်းပါချေ။ သို့ရာတွင် ထိုလူများ အကျဉ်းထောင်အတွင်းသို့ ရောက်လာမည်ဆိုလျှင်ကား ထောင်အုပ်ချုပ်သူများအတွက်သာမက ကာယကံရှင် အကျဉ်းသားအတွက်ပါ အခက်အခဲပြဿနာများနှင့် ရင်ဆိုင်ရဖွယ် ရှိနေ၍ ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် အကျဉ်းထောင် လက်စွဲဥပဒေတွင် ဘာသာကြီးအလိုက် သီးခြားအခွင့်အရေးပေးအပ်ထားသည်ဖြစ်ပြီး မည်သည့်ဘာသာမှ မကိုးကွယ်သူများအတွက်ကိုမူ မည်သို့ဆောင်ရွက်ရမည်ဟု အတိအလင်း ပြဋ္ဌာန်းမထားခဲ့ပါချေ။

ဤဖြစ်ရပ်မှာ တစ်ခါက ဘာသာတရားကိုးကွယ်မှု မရှိသော အကျဉ်းသားတစ်ဦးနှင့် အကျဉ်းထောင် ဘာသာ



www.burmeseclassic.com

www.burmeseclassic.com

ရေးပြဋ္ဌာန်းချက်တို့ ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့ကြလေရာ . . .

ဝဝဝ

"ဘာ . . . ဘယ်လိုကွယ့်၊ အဲဒီ အပိုဒ် ပြန်မေးစမ်း"

အကျဉ်းထောင် လက်စွဲဥပဒေနှင့်အညီ ကျွန်ုပ် အကျဉ်းသားလူသစ်များကို ကြည့်ရှုစစ်မေးစဉ်ကဖြစ်သည်။ ထောင်မှူးက ရေမှူးဦးဆောင်၍ အကျဉ်းသား တစ်ယောက်ပြီး တစ်ယောက်အား အမည်၊ အဘအမည်၊ အသက်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အပြစ်ပေးပုဒ်မ စသည်ဖြင့် အကျဉ်းသား၏ ကိုယ်ရေးအချက်အလက်များကို မေးမြန်းသည်။ ကျွန်ုပ်က အကျဉ်းသား၏ ဖြေဆိုချက်များကို ထောင်ပုံစံ (၂၁) ခေါ် အကျဉ်းသားမှတ်ပုံတင်စာအုပ်ကြီးတွင် ရေးသွင်းထားသည့်အချက်အလက်များနှင့် ကိုက်ညီမှုရှိမရှိ တိုက်ဆိုင်စစ်ဆေးရသည်။

အကျဉ်းသား မောင်မောင်နွေ ဆိုသူ၏အလှည့်တွင် ကိုးကွယ်သည့်ဘာသာကို ဖြေကြားလိုက်သ ကြောင့် ကျွန်ုပ် အံ့အားတသင့် ထပ်မေးခိုင်းလိုက်မိသည်။ ထို့ကြောင့် ထောင်မှူးက ပြန်မေးလိုက်သည်။

"လူမျိုး"

"ဗမာ"

"ကိုးကွယ်တဲ့ ဘာသာ"

"မရှိ"

ကျွန်ုပ်က လက်ကာပြလိုက်ကာ-

"နေပါဦးကွယ့်။ မရှိဆိုတာ ဘာလဲ"

"ကိုးကွယ်တဲ့ဘာသာ မရှိဘူးလို့ ဆိုလိုတာပါ"

"ဟေ . . . ဒါဆို မင်းက ဘာသာမဲ့ပေါ့"

"အဲလိုပဲဆိုပါတော့ ဆရာ"

"ဘယ်တုန်းက ဒီလိုစဖြစ်တာလဲကွယ့်"

"ကျွန်တော် ငယ်ငယ်ထဲကပါ ဆရာ"

"ဒါဖြင့် မိဘတွေကပါ ဘာသာမဲ့တွေလား"

"မဟုတ်ပါဘူး။ အဖေက ခရစ်ယာန်၊ အမေက ဗုဒ္ဓဘာသာပါ"

"အို . . . မိဘတွေကိုယ်တိုင် ယုံကြည်ကိုးကွယ်တဲ့ဘာသာတွေ ရှိရဲ့သားနဲ့ မင်းကျမှ ဘာလို့ ဘာသာမဲ့ဖြစ်ရတာလဲကွယ့်"

မောင်မောင်နွေက တံတွေးတစ်ချက်မျိုလိုက်ပြီး

"အမှန်တော့ . . . ကျွန်တော်က ကျောက်တွင်းမျိုးဆက်ပါ ဆရာ"

"ကျောက်တွင်းဆိုတာ ဘာလဲ"

"အဲဒါ ပြည်ခရိုင် ဝက်ထီးကန်အရှေ့ဘက် လေးမိုင်အကွာမှာရှိတဲ့ ရွာကလေးပါဆရာ"

"ဟင် . . . ဒါဆို လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ လောက်က ဗုဒ္ဓဘာသာနဲ့ ခရစ်ယာန် ဘာသာရေးပြိုင်ပွဲကြီး လုပ်ခဲ့တဲ့ နာမည်ကျော် ကျောက်တွင်းရွာကို ပြောတာလား"

"အစစ်ပေါ့ ဆရာ။ အဲဒီမှာ တစ်ချိန်က ကျောက်တွင်းရွာသူကြီးဦးလှောင်ဆိုတာ ကျွန်တော့်အဖေရဲ့ အဘိုးပေါ့။ ကျွန်တော်က စတုတ္ထမျိုးဆက် ဆိုပါတော့"

"သြော် . . . အင်း . . . ဒါနဲ့ ဘာသာမဲ့ဖြစ်လာပုံ ပြောပါဦး"

"အဖေက တနင်္ဂနွေနေ့တိုင်း ခရစ်ယာန်ဘုရားကျောင်းမှာ ဝတ်ပြုဖို့ ကျွန်တော့်ကို ခေါ်သွားတယ်။ ဓမ္မသီချင်းတွေ လိုက်ဆိုခိုင်းတယ်။ ဖေဖေက 'သခင်ယေရှုသည် အပြစ်ရှိသူတို့ကို ကယ်တင်ခြင်းအလို့ငှာ လောကသို့ ကြွတော်မူသည်'တဲ့ သားရဲ့။ ဖေဖေတို့လူသားတွေဟာ အာဒမ်နဲ့ ဧဝက စပြီး အားလုံး အပြစ်သားတွေချည်းပဲကွယ့်။ ဒါကြောင့် ဒီအပြစ်သားဘဝက ရှင်သန်လွတ်မြောက်ဖို့ဆိုရင် ခရစ်ယာန်ဘာသာကို ကိုးကွယ်မှဖြစ်မှာကွယ့်'လို့ ပြောတယ်ဆရာ"

"အင်း"

"မေမေကလည်း ဥပုသ်နေ့ကျရင် ဘုန်းတော်ကြီး ကျောင်းခေါ်သွားပြီး ငါးပါးသီလခံစေတယ်။ ဩကာသ ဂုဏ်တော်ကိုးပါးနဲ့ ပဋ္ဌာန်းပါဠိတော်တွေ သင်ပေးတယ်။ ပြီးတော့ မေမေက 'သား ဆရာတော်က ဟောတယ်မဟုတ်လား။ အဝိဇ္ဇာတဏှာကြောင့် လူတွေက ဘဝအဖန်ဖန်ဖြစ်ပြီး သံသရာဝဋ်ဆင်းရဲက ဒုက္ခပင်လယ်ထဲမှာ အတောမသတ်မျောပါနေကြတာတဲ့။ အဲဒီဒုက္ခတွေ ချုပ်ငြိမ်းကင်းစင်တဲ့ နိဗ္ဗာန်ကို ရောက်ဖို့ဆိုရင် ဗုဒ္ဓရဲ့တရားတော်တွေပဲ စွမ်းဆောင်နိုင်တာကွယ့်။ အဲဒါကြောင့် သား ဗုဒ္ဓဘာသာကို ကိုးကွယ်ရလိမ့်မယ်'လို့ ပြောပြန်တယ်ခင်ဗျာ"

"အင်း . . ."

"အမှန်အတိုင်းပြောရရင် ကျွန်တော့်ဦးနှောက်ထဲကို ဘယ်ဘာသာတရားရဲ့ အဆိုအမိန့်မှ ဝင်မလာခဲ့ဘူး။ ခေါင်းထဲ ရှုပ်ထွေးပြီး ဘာကိုမှ စိတ်မဝင်စားနိုင်အောင် ဖြစ်လာတယ်။ ကြာတော့ တနင်္ဂနွေနေ့ ဘုရားကျောင်းသွားတာကိုရော ဥပုသ်နေ့ ဘုန်းတော်ကြီးကျောင်း ငိုက်ရတာတွေကိုပါ ငြီးငွေ့ပြီး မုန်းတီးသလို ဖြစ်လာမိတယ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

သွားတာက ပြည်မြို့မှာနေတဲ့ ကျွန်တော့်အမေရဲ့မောင်လေး လေးကျော်နဲ့ လိုက်သွားခဲ့မိတာပဲ ဆရာ"

"ဟုတ်လား။ သူက ဘာဖြစ်လို့လဲ"

"သူက လူပျိုကြီးလေ။ ပြည်မှာ တစ်ယောက်တည်းနေပြီး လက်ဖက်ရည်ဆိုင်ဖွင့်ထားတယ်။ ကျွန်တော်ကလည်း အဲဒီအချိန်မှာ ရွာမူလတန်းကျောင်းမှာ လေးတန်းအောင်ပြီး မြို့က အလယ်တန်းကျောင်း ပြောင်းရမယ့် အချိန်နဲ့ တိုက်ဆိုင်နေတယ်။ ဒါကြောင့်လည်း မိဘတွေက အလည်ရောက်လာတဲ့ လေးလေးကျော်နဲ့ ပြည်ကို ထည့်လိုက်တာပေါ့ဆရာ"

"ဒါနဲ့ ပိုဆိုးသွားတယ်ဆိုတာက ဘယ်လိုလဲ"

"ကျွန်တော် ပြည်ရောက်မှ သိရတာလေ။ လေးလေးကျော်က အရက်သမားကြီးဖြစ်နေပြီး လက်ဖက်ရည်ဆိုင်ကို သူ့ညီနဲ့လွှဲထားတာ။ ထူးခြားတာက လေးလေးကျော်က ဘာဘုရားစင်မှ မရှိတာပဲ။ သူအရက်မူးလာရင် ပြောတဲ့စကားတွေက ကွန်မြူနစ်လိုလို ဘုရားမဲ့ဝါဒီလိုလိုနဲ့။ ဘာသာရေးနဲ့ ပတ်သက်ပြီး ကြောင်လိုလို၊ ကျားလိုလို ဖြစ်နေတဲ့ ကျွန်တော်ဟာ လေးလေးကျော်ဆီရောက်မှပဲ ဘာသာမဲ့လုံးလုံး ဖြစ်သွားတော့တာပါပဲဆရာ"

"ဒါနဲ့ ကျောင်းတော့ ဆက်ထားပေးမှာပေါ့"

"ကျောင်းတော့ ထားပေးပါတယ်။ ဒါပေမဲ့ ကျောင်းကပြန်လာရင် လက်ဖက်ရည်ဆိုင်မှာ ဝင်ကူလုပ်ပေးနေရတာ ညကြီးမိုးချုပ် ဆိုင်သိမ်းချိန်အထိဆိုတော့ ပင်ပန်းပြီး စာကြည့်စာကျက်မလုပ်နိုင်တော့ဘူး။ ကြာတော့ . . . ကျောင်းတက်ရတာလည်း မပျော်တော့ဘဲ ကျောင်းပျက်ရက်တွေများလာတယ်။ ဒီလိုနဲ့ ကျွန်တော် ခုနစ်တန်းတက်တဲ့နှစ်မှာ လေးလေးကျော် အသည်းခြောက်ရောဂါနဲ့ ဆုံးပါတယ်။ အဲဒီကတည်းက ကျောင်းဆက်မတက်ဖြစ်တော့ဘဲ ဦးလေးအငယ်နဲ့ လက်ဖက်ရည်ဆိုင်မှာပဲ အချိန်တွေကုန်လာတယ်။ ဘမျိုးဘိုးတူဆိုသလို ဦးလေးအငယ်ကလည်း ခွက်ပုန်းချနေရာက နောက်ဆုံး အရက်သမားလုံးလုံး ဖြစ်လာတယ်။ သူကလည်း လူပျိုကြီးပဲဆိုတော့ လက်ဖက်ရည်ဆိုင်တာဝန်က ကျွန်တော့်ခေါင်းပေါ်ကျလာရော ဆိုပါတော့ဆရာ"

"ဟုတ်လား။ မင်းလက်ထက်မှာတော့ ကောင်းကောင်းလုပ်နိုင်ခဲ့မှာပေါ့"

မောင်မောင်နွေ ခေါင်းခါပြသည်။

"ဟင့်အင်း . . . ကျွန်တော် ဒီလို မနက်အရုဏ်မတက်ခင်ကတည်းက အိပ်ရာကထပြီး မိုးစုန်းစုန်းချုပ်မှ ဆိုင်သိမ်းရတဲ့အလုပ်မျိုးကို စိတ်မဝင်စားဘူးဆရာ။ ကျွန်တော်က အိမ်တွေ၊ ခြံတွေ အရောင်းအဝယ်လုပ်ရတဲ့ လုပ်ငန်းရှင်ပဲ ဖြစ်ချင်တာ။ ဒါပေမယ့် ဦးစီးမယ့်သူမရှိတဲ့ ဒီအလုပ်ကိုပဲ သည်းခံလုပ်လာလိုက်တာ ဦးလေးငယ်ဆုံးတဲ့အထိ ဆိုပါတော့။ ဒီတော့မှ လက်ဖက်ရည်ဆိုင်ကို ရောင်းပစ်ပြီး ရန်ကုန်ဆင်းလာခဲ့ပြီး အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း စလုပ်ဖြစ်ခဲ့တာ အခု အမှုမဖြစ်ခင်အထိပါပဲ ဆရာ"

"ဒါနဲ့ အမှုကဘယ်လိုဖြစ်တာလဲ"

"အဲဒါက ကျွန်တော်နဲ့အတူ တွဲလုပ်ရတဲ့ လုပ်ဖော်ကိုင်ဖက် ပွဲစားတွေအားလုံး ဘာသာပေါင်းစုံကိုးကွယ်တဲ့လူတွေ ဖြစ်ပါတယ်။ ဒီထဲမှာ ကျွန်တော် တစ်ယောက်တည်း ဘာသာမဲ့ ဖြစ်နေတာပေါ့။ အဲဒါ ညနေ အရက်ဝိုင်းတစ်ခုမှာ ဘာသာခြားတစ်ယောက်က မူးပြီး ကျွန်တော့်ကို ဝေဖန်ရှုံ့ချလာတယ်။ သူက 'လူမှန်ရင် မိရိုးဖလာယုံကြည်ကိုးကွယ်တဲ့ ဘာသာတရားရှိရတယ်ကွ။ ဒါမှ ကိုယ့်ဘုရားကမပြီးကြီးပွားချမ်းသာမှာပေါ့။ မင်းကြည့်ရတာ မိရိုးဖလာကိုးကွယ်ရာမဲ့ပြီး လူယဉ်ကျေးမှုအဆင့်နိမ့်တဲ့ အရိုင်းအစိုင်းမျိုးရိုးက ဆင်းသက်လာတာထင်ပါရဲ့ကွာ . . . ဟားဟားဟား'လို့ ပြောပြီး လှောင်တယ်။ ကျွန်တော် ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ အဲဒီကောင်ကို အရက်ပုလင်းနဲ့ ကောက်ရိုက်ပစ်လိုက်တာ ခေါင်းမှာ နစ်ချက်ချုပ်လိုက်ရလို့ ကျွန်တော် ထောင်နှစ်နှစ်ကျလာတာပါ ဆရာ"

"အင်း . . . အင်း . . . သိပြီ"

အကျဉ်းထောင်လက်စွဲ ဥပဒေပြဋ္ဌာန်းချက်တွင် ကိုးကွယ်ယုံကြည်ရာ ဘာသာအမျိုးမျိုး ရောက်လာသော အကျဉ်းသားများအား ဘာသာရေးအလိုက် သီးခြားအခွင့်အရေးပေးထားသည်။ ဥပမာ - ဗုဒ္ဓဘာသာဘုန်းကြီးများဆိုလျှင် လပြည့်လကွယ်နေ့များတွင် အကျဉ်းထောင်ရှိဓိယာဝင်းအတွင်းရှိ သိမ်များသို့ တက်ရောက်ခွင့်ပြုရမည်။ အစ္စလာမ်ဘာသာဝင်များကို ဥပုသ်လတွင် သီးခြားအခန်းတစ်ခုတွင် စုပေါင်းနေထိုင်၍ ဥပုသ်စောင့်ခွင့်၊ နံနက်စောစော ဥပုသ်မဝင်မီ နံနက်စာစားချိန်၊ ညနေဥပုသ်ထွက်ချိန်တို့တွင် ညနေစာစားခွင့် စတာတွေကို သီးခြားစီစဉ်ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်းနေရာချရာ၌လည်း ဘာသာအလိုက် ဘုရားဝတ်ပြုနိုင်ရန် ကိုးကွယ်ဘာသာဝင် အရေအတွက်ပေါ် ကြည့်၍ အဆင်ပြေအောင် စီမံခန့်ခွဲပေးရသည်။ အဓိကအားဖြင့် အကျဉ်းသားများအား သူတို့ယုံကြည်ကိုးကွယ်သည့် ဘာသာတရားအပေါ် စိတ်အနှောင့်အယှက်ကင်းစွာ လွတ်လပ်စွာ ကိုးကွယ်နိုင်ရန် ဖြစ်လေသည်။

ဤဘာသာမဲ့အကျဉ်းသား မောင်မောင်နွေအား မည်သည့်အခန်းတွင် နေထိုင်ခွင့်ပြုရမည်ကို ကျွန်ုပ် စဉ်းစားရလေပြီ။ သူက အပြင်လောကတွင် ဘာသာရေးနှင့်ပတ်သက်ပြီး အမှုဖြစ်ကာ ထောင်ကျလာခဲ့သူဖြစ်ပေရာ သတိထား၍ နေရာချခါမှ တော်ကာကျပေမည်။ နောက်ဆုံးတွင် မောင်မောင်နွေအား ထောင်ကျဆောင်အောက် (၃) အခန်းတွင် နေရာချထားပေးလိုက်သည်။ ထိုအခန်းမှာ ဗုဒ္ဓဘာသာအများစု ဖြစ်သော်လည်း ခရစ်ယာန်စသော အခြားဘာသာဝင် အကျဉ်းသားများပါ စုပေါင်းနေထိုင်ရသော အခန်းဖြစ်သည်။

ဤသို့ဖြင့် အချိန်တစ်နှစ်ခွဲကျော် ခန့်ကြာမြင့်ပြီး နောက်တစ်နေ့၌ ထောင်မှူးကြီး ဦးစိုးလှိုင်မှတစ်ဆင့် အကျဉ်းသား မောင်မောင်နွေက ကျွန်ုပ်အား တွေ့ဆုံခွင့်တောင်းကြောင်း သတင်းလာပို့လေသည်။

ကျွန်ုပ်က ခေါ်ယူတွေ့ဆုံခဲ့ရာ -

"ဆရာ…ကျွန်တော် လွတ်ရက်နီးနေပြီမဟုတ်လား"

"အင်း…နောက်လထဲလောက် လွတ်လိမ့်မယ်။ ဘာဖြစ်လို့လဲကွယ့်"

"ကျွန်တော် လွတ်တဲ့နေ့မှာ ဘုန်းကြီးဝတ်ချင်တယ် ဆရာ"

"ဟေ…ဘုန်းကြီးဝတ်မယ်။ နေပါဦး။ ဘာဘုန်းကြီးလဲကွယ့်"

ကျွန်ုပ် တအံ့တဩ ငေးကြည့်နေမိရာက သေချာအောင် မေးကြည့်လိုက်သည်။

"ဟိုလေ… ဗုဒ္ဓဘာသာဘုန်းကြီး ဝတ်မှာပါ ဆရာ"

"ဩော်…ထောင်နန်းကင်းစင်သွားအောင် ဒုလ္လဘဝတ်တဲ့ သဘောပေါ့"

"ဟင့်အင်း…မဟုတ်ဘူးဆရာ။ ကျွန်တော်က ရဟန်းဘောင်ထဲ အပြီးဝင်ပြီး တစ်သက်လုံး ဘုန်းကြီးဝတ်သွားမှာပါ"

"ဟေ…"

ကျွန်ုပ် ဒုတိယအကြိမ် အံ့ဩသွားမိသည်။ ကြည့်စမ်း…နှစ်ပေါင်းများစွာ ဘာသာမဲ့နေထိုင်ခဲ့သော မောင်မောင်နွေဆိုသူအား မည်သည့်အရာက အကျွတ်တရားရအောင် လှုံ့ဆော်လိုက်ပါလေသနည်း။

"နေပါဦး…ဘာသာမဲ့ဘဝနဲ့ ဒီလောက်ကြာအောင် နေလာခဲ့ပြီးမှ ဝင်မယ့်ဝင်တော့ ဘာလို့ ဗုဒ္ဓဘာသာ ဖြစ်လာရတာလဲ။ ပြီးတော့ ခဏတစ်ဖြုတ် ဒုလ္လဘရဟန်းမဟုတ်ဘဲ ဘာလို့ တစ်သက်လုံး သာသနာ့ဘောင်ထဲ ဝင်သွားချင်ရတာလဲကွယ့်"

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော်လည်း ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ ကြည့်ရတာ ဘဝဘဝက ပါလာတဲ့ အထုံပါရမီကြောင့်ပဲလား။ တစ်ခုထူးခြားတာက ညအိပ်ဆောင်ပိတ်ပြီဆိုရင် ကျွန်တော့်အမေ မျက်နှာကိုပဲ မြင်ယောင်တမ်းတနေမိတယ်။ ပြီးတော့ အခန်းလူကြီးတိုင်ပေးတဲ့ ဘုရားရှိခိုးစာကို လိုက်ရွတ်နေမိတယ်။ နောက်တော့ အခန်းလူကြီးကို အတုယူပြီး ညတစ်ညမှာ ဘုရားဆောင်ရှေ့မှာ တရားထိုင်ကြည့်မိတယ်။ အဲဒီအခါမှာ အမေပြောတဲ့ အဝိဇ္ဇာတွေကင်းစင်တဲ့ နိဗ္ဗာန်ရဲ့ အေးချမ်းမှုအရိပ်နိမိတ်တွေကို နားလည်လာသလို ခံစားရမိတယ်။ ဘုရားကိုလည်း နေ့တိုင်း ရှိခိုးပူဇော်လာမိတယ်။ ခုဆို ကျွန်တော့်အသက် ၅၀ နားနီးနေပြီ။ လူ့ဘဝရဲ့ ခါးသီးတဲ့အတွေ့အကြုံဖြစ်ရပ်တွေကိုလည်း မုန်းတီးနေပြီ။ ဒါကြောင့် ကျန်တဲ့ ဘဝလက်ကျန်အချိန်တွေမှာ ဗုဒ္ဓဘာသာအဖြစ် ခံယူပြီး ရဟန်းဘဝနဲ့ပဲ သာသနာ့အကျိုးဆောင်ရွက်သွားဖို့ ဆုံးဖြတ်လိုက်တာပါ။ အဲဒါ ဖြစ်နိုင်ရင် ဆရာ အကူအညီပေးပါလားခင်ဗျာ"

ဩော်…မောင်မောင်နွေအား ကျွန်ုပ်ပြောင်းရွှေ့နေရာ ချထားပေးလိုက်သော အောက်(၃) အခန်းမှာ သာမန်အခန်းသက်သက်မဟုတ်တော့ဘဲ ဘာသာမဲ့ချွတ်ခန်း ဖြစ်နေခဲ့ပါပကောလား။

"ကောင်းပြီ မောင်မောင်နွေ။ ဒါ သာသနာပြုတာပဲ ဆရာကူညီရမှာပေါ့"

ကျွန်ုပ် ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်မိသည်။ မောင်မောင်နွေ ထောင်မှလွတ်သောနေ့တွင် မြို့ဦးကျောင်းဆရာတော်ရှေ့၌ ပရိက္ခရာရှစ်ပါး ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူကာ မောင်မောင်နွေအား သာသနာ့ဘောင်တွင်း သွတ်သွင်းပေးလိုက်ပါတော့သည်။

နတ်လူအပေါင်း သာဓုခေါ်ကြပါကုန်သော်။

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ"

■ ပီတာမြင့်ဦး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# သံသယအမိုက်တရား

သိကၡာသန်းအောင် (မြင်းခြံ)

ညှော်ခန်းစားပွဲအောက်မှ စီးကရက်တိုလေးတစ်ခုကို ကောက်ယူရင်း သန်းလွင်ဦးက စူးစူးစိုက်စိုက် ကြည့်လိုက်၏။ စီးကရက်တိုက တစ်ခုတည်းလည်းမဟုတ်။ သုံးလေးခုထက်မနည်း ရှိနေသည်လေ။ သည်စီးကရက်တိုများ သူ့အိမ်ညှော်ခန်းအတွင်းသို့ရောက်နေသည်က ထူးဆန်းလှပါဘိတောင်း။ ဝင်စစ် သူကိုယ်တိုင်က ဆေးလိပ်သောက်တတ်သူမဟုတ်၊ ညှော်သည် တစ်ဦးတစ်ယောက်ပါလာသော သူ့စီးကရက်အား သောက်ခဲ့သည်ဆိုငြားအံ့၊ ထိုဆေးလိပ်သောက်သူ ညှော်သည်သည် အချိန်အတော်များများ သူ့အိမ်တွင်းသို့ ဝင်ရောက်ခဲ့သူသာ ဖြစ်ပေလိမ့်မည်။

သူခရီးထွက်နေချိန်ကာလတွင် သူ့အိမ်တွင်းသို့ ဇနီး မေရီမောင်က ထိုညှော်သည်အား အချိန်ကြာကြာ ညှော်ခံစကားပြောဆိုနေခဲ့ခြင်းမှာ သန်းလွင်ဦးအတွက် ပုစ္ဆာတစ်ပုဒ်အား အဖြေထုတ်မရသလို ဖြစ်ခဲ့ရသည်ကတော့ အမှန်။ စဉ်းစားကြည့်လေ၊ သူလုပ်နေသည့် ကုမ္ပဏီလုပ်ငန်းတစ်ခုအတွက် နယ်ဘက်သို့ ညအိပ်ခရီးထွက်ခဲ့သည်မှာ နှစ်ညတိုင်တိုင်ပင် ဖြစ်ပါလေ၏။ သူခရီးထွက်သည့် ထိုနှစ်ရက်အတွင်း စီးကရက်သောက်သူ မည်သည့်ညှော်သည်နှင့် ဇနီးမေရီမောင်တို့ ဤမျှအချိန်ကြာကြာ ညှော်ခံစကားပြောရမည့်သူ မည်သူဖြစ်လေသနည်း။ ထိုအဖြေအား သူက သိချင်နေသည်။ သူခရီးထွက်စဉ်ကာလဝယ် ညအိပ်ဖော်အဖြစ် သူ့နှမဝမ်းကွဲတစ်ယောက်ကို မေရီမောင်နှင့် ညအတူလာအိပ်ရန် စီစဉ်ပေးထားခဲ့သည်။ သို့ဆိုလျှင် ညှော်သည်က ညညှော်သည် မဟုတ်ဘဲ နေ့ခင်းညှော်သည် ဆိုဦးတော့။ သည်မျှအချိန်တွေကြာကြာ ဇနီးသည်နှင့်အတူ ရှိနေခဲ့ခြင်းမှာ ရိုးသားမှုရှိပါသည် ဆိုသည့်အတိုင်း လင်သားတစ်ယောက် ရှိနေခဲ့သည့် မေရီမောင်အနေဖြင့် လက်ခံစကားပြောဆိုရန် မသင့်လျော်ဟု သူက လက်ခံထားသည်။

ဆိုရလျှင် နေ့ခင်းပိုင်း သူ၏နှမလေးပြန်သွားစဉ် ဇနီးသည် မေရီမောင်က စီးကရက်သောက်သူ ညှော်သည်အား အချိန်ပေး တွေ့ဆုံနေခဲ့ခြင်းအပေါ် သံသယတွေ ဝင်လာမိတော့သည်။ ထိုစဉ်မှာပင် သန်းလွင်ဦး၏အတွေးများအား ညှော်ခန်းအတွင်းမှ ထွက်ပေါ်လာသော ခြေသံကြောင့် ရုတ်တရက် ဖြတ်တောက်ခံလိုက်ရဘိသို့ ဖြစ်သွားရတော့သည်။ အသံလာရာဆီသို့ သန်းလွင်ဦးက လှမ်းကြည့်လိုက်ပါလေ၏။ သူမြင်တွေ့လိုက်ရသည်က အိပ်ခန်းအတွင်းမှ ထွက်လာသော သူ၏ချစ်ဇနီး မေရီမောင်။

"ဟင် ... မောင် ခရီးကပြန်လာခဲ့ပြီလား။ ဘာဖြစ်လို့ မေရီ့ကို အသံမပေးတာလဲမောင်ရယ်"

"ဟုတ်တယ် မေရီ၊ မောင် ခုပဲ ပြန်ရောက်လာတာ။ ရုံးကို ရီပို့တင်ပြီး ပင်ပန်းတာနဲ့ မေရီတက်နေတဲ့ အလှပြင်သင်တန်းကို မဝင်တော့ဘဲ အိမ်ကို တန်းပြန်လာခဲ့တာ။ မေရီကရော သင်တန်းမသွားဘူးလား"

"ဟုတ်တယ် မောင်ရေ့။ မောင် ပြန်လာရင် အဆင်သင့်စားရအောင် ပြင်ဆင်နေတာလေ"

မေရီမောင်က ပြောရင်း သန်းလွင်ဦးအနီးတွင် ကပ်ထိုင်လိုက်၏။ နောက်ပြီးမှ ခင်ပွန်းဖြစ်သူ၏ ကျောပိုးအိတ်အား ဆွဲယူရင်း ပြောလိုက်လေသည်။

"မောင်ပြန်လာတာနဲ့ အတော်ပဲ။ မောင်ကြိုက်တဲ့ ငါးမြင်းသားနဲ့ တရုတ်ပဲငါးပိ ချက်ထားတယ်။ ကဲပါလေ၊ မောင် ရေချိုးလိုက်ဦးနော်"

မေရီမောင်က ကျောပိုးအိတ်ကို အိမ်ခန်းအတွင်းသို့ ဝင်သွားတော့သည်။ သူမကြည့်ရသည်မှာ တစ်စုံတစ်ရာမှားယွင်းမှု ပြုလုပ်ထားခြင်း မရှိသကဲ့သို့ ဟန်မပျက်ခဲ့။ သန်းလွင်ဦးက မေရီမောင်၏ နောက်ကျောပြင်



www.burmeseclassic.com

www.burmeseclassic.com

အားကြည့်ကာ သက်မ တစ်ချက်ကို ခပ်လေးလေးပင် ချလိုက်မိတော့သည်။ ဒါကလည်း အကြောင်းရှိနေသည်ပဲလေ။ မေရီမောင်၏ အလှက ပုရိသယောက်ျားသားတို့ မျက်စိကျစရာ ကိုယ်လုံးကိုယ်ပေါက်နှင့် အလှအပတွေကလည်း ကြည့်ဦး။ မြန်မာအမျိုးသမီးတို့ ရှိသင့် ရှိထိုက်သော အရပ်အမောင်းက မနိမ့်မမြင့်။ စွင့်ကားသောတင်နှင့် ဖွင့်ထွားသော ရင်တို့အား ကြားမှ သေးသွယ်သော ခါးအလှက ပေါင်းကူးသဖွယ် အဆင်ပြေချောမွေ့စွာ တန်ဆာဆင်ထားသည်ပင် မဟုတ်ပါလား။ မိန်းမလှတစ်ဦးအား ပိုင်ဆိုင်ခွင့်ရထားသည့် သန်းလွင်ဦးအနေဖြင့် သံသယဖြစ်စရာတွေအား မျက်မြင်ကိုယ်တွေ့ ကြုံတွေ့နေရုံသာမက ကြားခဲ့ရသည့် သတင်းစကားကလည်း သူ၏ ဒွိဟသံသယစိတ်အား တွန်းအားပေးနေဘိသို့ ရှိနေသည်ပဲလေ။

သူကြားခဲ့ရသည့် သတင်းစကားကြောင့် အိပ်မပျော်ခဲ့ရသည့် ညများနှင့်လည်း ရက်ပေါင်းများစွာ ရှိနေခဲ့သည်မှာ ကိုယ်တွေ့ခံစားခဲ့ရသည်။ ထိုသတင်းစကားပြောသည့်လူကလည်း သူနှင့်အရင်းနှီးဆုံး လူတစ်ယောက်။ ဖောက်လွဲဖောက်ပြန် မမှန်သည့်စကား ပြောကြားတတ်သည့် လူတစ်ယောက် မဟုတ်ပါချေ။ သူနှင့် ရင်းနှီးတည်ကြည်သော လူတစ်ယောက်၏ ပြောကြားခဲ့သည့် စကားလုံးများက သူနှင့်မေရီမောင်အပေါ် မလိုမုန်းထားကြားလေသွေး အမုန်းစကား မဟုတ်သည်ကတော့ သေချာသည်။ ထိုသူက စကားနည်းသလောက် တည်တည်တံ့တံ့နေတတ်သော ကိုဝင်းကျော်ဆိုသူ စကားများသာ ဖြစ်ပါလေ၏။

"ကျွန်တော် .. ကိုယ်ချင်းစာတရားနဲ့ ဒီစကားကို မပြောချင်ဘဲ ပြောရတာ ဆိုတာတော့ ယုံစေချင်တယ်။ ခင်ဗျား သုံးသပ်ကြည့်ဖို့က ခင်ဗျားဇနီးသည်ရဲ့ အလှနဲ့ အရွယ်ပဲဗျ။ ခင်ဗျားမိန်းမက မိန်းမချောတစ်ယောက်ဆိုတာ လူတိုင်းက လက်ခံထားတယ်ဆိုတာ ခင်ဗျားသိပါတယ်။ သူက မဖောက်ပြန်ချင်သည့်ထား၊ ကြားကာယောက်ျားဆိုတာ အများသားလားဗျာ"

ထိုစကားများနှင့် လက်ရှိပစ္စက္ခကာလတွေ့နေခဲ့သည့် စီးကရက်တိုများက သန်းလွင်ဦးအား၊ အတ္တသံသယပွားစရာ ဖြစ်ရပ်များပင် မဟုတ်ပါလား။ သို့ဆိုပါလျှင် အနိုက်စွနှင့် ပတ်သက်၍ မည်သို့ လုပ်ဆောင်သင့်ပါသနည်း။ နောက်ဆုံး အဖြေအဖြစ် ထွက်လာခဲ့သည်က သူတို့ နှစ်ဦးအတွက် အခိုင်မာဆုံးကြိုးတစ်ချောင်း ချည်နှောင်ထားဖို့လို အပ်နေချေပြီ။ ခိုင်မာသည့်ကြိုးဆိုသည်က 'သံယောဇဉ်' ဆိုသည့် နှောင်ကြိုး။ ထိုသံယောဇဉ်နှောင်ကြိုးအား ဖန်တီးပေးနိုင်သည်က နှစ်ဦးသွေးသားဖြင့် ပေါင်းစပ်ဖြစ်ပေါ်လာမည့် ရင်သွေးသန္ဓေသား၊ သို့မဟုတ် သံယောဇဉ် နှောင်ကြိုးတစ်မျှင်။

(၂)

ကုမ္ပဏီမှတာဝန်များ ပြီးဆီးသဖြင့်၊ အိမ်သို့ ခပ်စောစောပင် ပြန်ရောက်လာနိုင်ခဲ့သည်။ အချိန်စောပြန်လာခဲ့သဖြင့် သန်းလွင်ဦးအနေဖြင့် စိတ်ထဲဝယ် ပျော်မြူးနေခဲ့သည်။ သို့လင့်ကစား သူ့စိတ်ထဲ ပျော်မြူးနေသည့် စိတ်များအား အိမ်ရောက်သည်နှင့် ရိုက်ချိုးပြစ်လိုက်ဘိသို့ လွင့်စဉ်ပျောက်ကွယ်သွားရတော့သည်။ သန်းလွင်ဦး အိမ်အတွင်း ဝင်ရောက်လိုက်သည်နှင့် အိမ်ခန်းအတွင်းမှ ဇနီးဖြစ်သူ မေရီမောင်၏ ရှိုက်ငိုနေသောအသံကို ကြားလိုက်ရတော့သည်။ သူ၏စိတ်ပျော်ရွှင်မှုများအားလုံး လေထဲဝယ် လွင့်ပါးပျောက်ကွယ်သွားရချေပြီတကား။

ဇနီးဖြစ်သူမေရီမောင် ဘာကြောင့် ငိုကြွေးနေရသနည်းဆိုသည် သိလိုစိတ်ဖြင့် အိမ်ခန်းတွင်းသို့ အပြေအလွှားပင် စိုးရိမ်ကြောင့်ကြစိတ်ဖြင့် ဝင်ရောက်သွားခဲ့သည်။ အိပ်ခန်းအတွင်း၌ မေရီမောင်တစ်ယောက် ဝမ်းလျားမှောက်လျက်သားဖြင့် ဝမ်းနည်းကျေကွဲစွာ ငိုကြွေးနေပါပကောလား။ စိုးရိမ်စိတ်အပြည့်ဖြင့် သန်းလွင်ဦးက မေးခွန်းထုတ်လိုက်ပါလေ၏။

"မေရီ ... မေရီ ဘာဖြစ်လို့လဲ ဟင်။ မောင့်ကိုလည်း ပြောပြစမ်းပါဦးကွာ"

သန်းလွင်ဦးက စိတ်မချမ်းမြေ့သော လေသံဖြင့် ပြောရင်း ဇနီးသည်၏ပခုံးအား ပွေ့ပိုက်ရင်း မေးလိုက်သည်။ မေရီမောင်က ရှိုက်သံသဲ့သဲ့ဖြင့် သူ့အား ပြန်ဖြေလိုက်ပါလေ၏။

"စောစောကပဲ မေရီ့အစ်မက ဖုန်းလာတယ်။ မေမေ အသည်းအသန်ဖြစ်နေလို့ အသက်ကို မီချင် အမြန်လာခဲ့လို့ အကြောင်းကြားတ မောင်။ မေရီတော့ ဘာလုပ် မှန်းကို မသိတော့ဘူး။ ဘာလု ရမလဲ မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . . မေရီရယ်၊ ဒီလောက်လည်း စိုးရိမ်စိတ်တွေ ဖြစ်မနေပါနဲ့ကွာ။ သတ္တဝါတစ်ခု ကံတစ်ခု ပဲပေါ့။ နောက်ပြီး မေရီ့မမက မင်းပဲခူးကိုမလာတာကြာနေလို့ အမြန်လာအောင် တမင်လှည့်စားပြောလိုက်တာကော မဖြစ်နိုင်ဘူးတဲ့လား။ အရမ်းလည်း စိုးရိမ်စိတ်တွေမထားပါနဲ့ကွာ"

မည်သို့ပင်ဖြစ်စေ လင်ယောက်ျားတစ်ယောက်အနေဖြင့် မိမိဇနီး၏ ပူပင်သောကအား ဖြေသိမ့်ပေးရမည်သာ ဖြစ်ပါသည်။ သူ၏ နှစ်သိမ့်စကားက အောင်မြင်သွားသည်ဟု ဆိုရခြိမ့်မည်။ မေရီမောင်၏ငိုရှိုက်သံတို့က တစ်စတစ်စ လျော့ကျသွားခဲ့ရသည်ကတော့ အမှန်ပင်။

"မောင်ပြောသလိုပဲ ဖြစ်ပါစေလို့ မေရီ ဆုတောင်းရတော့မှာပဲလေ။ ဒါပေမဲ့ ပဲခူးကိုတော့ မေရီသွားချင်တယ် မောင်ရယ်။ ဒါလေးတစ်ခုတော့ မေရီ့ကို သွားခွင့်ပေးပါနော်"

"ဩော် . . . မေရီရယ်၊ ဒီကိစ္စအတွက် မောင့်ကို ခွင့်တောင်းစရာလိုသေးလို့လားကွာ။ သွားပါ၊ မင်းအမေဆီမရောက်တာလည်း ကြာပြီပဲမဟုတ်လား။ မောင့်ကိုတော့ မေရီပဲခူးရောက်မှ အခြေအနေကို ဖုန်းနဲ့ဆက်လိုက်ပေါ့"

သန်းလွင်ဦးက မေရီ့ကိုယ်လုံးလေးအား နွေးထွေးစွာ ထွေးပိုက်ရင်းပြောလိုက်သည်။ မေရီမောင်က အငိုမျက်လုံးများကြားမှ အပြုံးမျက်နှာလေးဖြင့် သူမ၏မျက်နှာလေးအား သန်းလွင်ဦး ရင်ခွင်တွင်းသို့ ထိုးသွင်းလိုက်လေတော့သည်။ သူတို့နှစ်ယောက်၏ ယုယကြင်နာနေမှုတို့အား စူးစူးစိုက်စိုက် ကြည့်နေသူတစ်ဦးကိုမူ သန်းလွင်ဦးတို့နှစ်ယောက် သတိမမူမိကြပါချေ။ ထိုတစ်ဦးဆိုသည်က အခြားမဟုတ်ပါလေခဲ့။ တစ်ယောက်တည်း အထီးကျန်နေရသူ မေရီမောင်အတွက် အဖော်သဟဲပြုနေရသည့် မွေးစုတ်ဖွား ခွေးမလေး မော်လီပင် ဖြစ်ပါသတည်း။

(၃)

နောက်ရက်တွင် အစီအစဉ်ဆွဲလျက် မေရီအောင် ပဲခူးသို့ နောက်တစ်နေ့နံနက်စောစော လိုင်းကားဖြင့် သွားရန် နှစ်ဦးသားပြောထားပြီး ဖြစ်သည်။ သို့တမင့်ငြား သန်းလွင်ဦး အနေဖြင့် မေရီမောင် ပဲခူးသွားရသည့် အကြောင်းရင်းအပေါ် စိတ်ထဲဝယ် ခိုးလိုးခုလု ဖြစ်နေရသည်။ ဒါကလည်း အကြောင်းရှိသည်ဟု ဆိုရခြိမ့်မည်လေ။ မေရီနှင့် ပတ်သက်၍ သတိပေးစကား ပြောထားခဲ့သော ကိုဝင်းကျော်စကားများကြောင့်ဟု ဆိုရပေမည်။

"အထူးသဖြင့် ခင်ဗျားမိန်းမနဲ့ စခန်းမှူး ကိုဖေမောင်တင်တို့ တတွဲတွဲဖြစ်နေတာကလားဗျ။ ဟိုလူက သူ့မိန်းမနဲ့ အဆင်မပြေဖြစ်နေတာလေ။ ဒါက ခင်ဗျားသတိထားဖို့ ပြောပြထားတာပါ။ ဘာမှမဖြစ်ရင်တော့ အကောင်းဆုံးပေါ့ဗျာ"

စင်စစ် ကိုဖေမောင်တင် ဆိုသည် က သန်းလွင်ဦးနှင့် ခင်မင်မှုရှိပြီးသား မိတ်ဆွေများသာ ဖြစ်သည်။ သန်းလွင်ဦးအတွက် သံသယဖြစ်နေသည်က ကိုဖေမောင်တင်က စီးကရက်ကြိုက်သူတစ်ဦး ဖြစ်နေသည်က တစ်ကြောင်း၊ သူ့ညှိခန်း စားပွဲ၏ အောက်မှ တွေ့ခဲ့ရသော စီးကရက်တိုများက သူ့အတွက်စဉ်းစားစရာများ ဖြစ်လာတော့သည်။ ထိုသို့ စဉ်းစားချိန်ရစေရန်အတွက် ကနေ့မှ သူရုံးစောစောဆင်းခွင့်ရခဲ့သည်။ ထုံးစံအတိုင်း သူနှင့် မေရီတို့ အိမ်သော့အား တစ်ယောက်တစ်ချောင်း ယူထားသည့်အတွက် အိမ်အတွင်းဝင်ရောက်ရေးက မထောင့်သာ။ ယခုလည်း မေရီ အလုပြုပြင်ရေးသင်တန်းမှ မလာမီ သူက စောစီးစွာရောက်လာရင်း အတွေးနယ်ချဲ့နေခြင်းပင် ဖြစ်ပေသည်။

ထိုစဉ်မှာပင် သူတို့အိမ်တွင် မွေးမြူထားသော ခွေးမလေးမော်လီက သန်းလွင်ဦးအား ဖက်လှဲတကင်း လာရောက် နမ်းရှုံ့ခြင်းများ လုပ်ဆောင်နေတော့သည်။ ထိုခဏမှာပင် အိမ်ဘက်ဆီသို့ မော်တော်ဆိုင်ကယ်တစ်စီး မောင်းလာသံကို ကြားလိုက်ရပါသည်။ ထိုဆိုင်ကယ်သံ ကြားလိုက်သည်နှင့် ခွေးမလေးမော်လီမှာ အိမ်ရှေ့သို့ အမောတကော ပြေးထွက်သွားတော့သည်။ ခွေးလေးမော်လီ ပြေးထွက်သွား၍ အချိန်အတိုင်းအတာအားဖြင့် တကယ့်ကိုတိုတောင်းလှသော အချိန်ပိုင်းလေးမှာပင် ဖြစ်ပါလေ၏။ မေရီ၏ထိတ်လန့်တကြား အော်ဟစ်လိုက်သည့်အသံ၊ ခွေးလေးမော်လီ နာနာကြည်းကြည်း ခံစားမှုကြောင့် ထွက်ပေါ်လာသည့် ညည်းညူသံနှင့်အတူ မော်တော်ဆိုင်ကယ်အား ပြင်းပြင်းထန်ထန်ဘရိတ်အုပ်လိုက်သည့်အသံတို့က တစ်ပြိုင်နက်တည်းဆိုဘိသို့ ထွက်ပေါ်လာတော့သည်။

ထိုစုပေါင်းထွက်ပေါ်လာသည့် အသံတို့ကြောင့် သန်းလွင်ဦး[illegible] မနေသာတော့ဘဲ အိမ်တွင်း[illegible]ပြင်ဘက်



www.burmeseclassic.com

www.burmeseclassic.com

သို့ ပြေးထွက်လိုက်ရတော့သည်။ အပြင်ဘက်မှာက မျက်နှာအား လက်ဝါးဖြင့် အုပ်ကာ မချင့်မရဲ ငိုရှိုက်နေသော မေရီ၊ ဆိုင်ကယ်ပေါ်တွင်မူ မျက်နှာပျက်စွာဖြင့် အံ့အားသင့်နေပုံရသည့် စခန်းမှူးဦးဖေမောင်တင်အား သန်းလွင်ဦး၏ အမြင်အာရုံတွင်းသို့ ဝင်ရောက်လာသည်။ ထို့နောက်မှ ဆိုင်ကယ်ဘီးများ အောက်ဝယ် သွေးအလိမ်းလိမ်းဖြင့် ခွေးလေးမော်လီ၏ ရုပ်အလောင်းအား စိတ်ထိခိုက်စွာ တွေ့လိုက်ရပြန်သည်။ သူတွေ့လိုက်ရသည့် မြင်ကွင်းကတော့ မကောင်း။

မေရီက ခွေးကလေး၏ သွေးစွန်းနေသော အလောင်းအားကြည့်ကာ မချိတင်ကဲဖြင့် ငိုရှိုက်နေသည့် အဖြစ်အား စခန်းမှူးဦးဖေမောင်တင်ကသော်လည်းကောင်း၊ သန်းလွင်ဦးကသော်လည်းကောင်း စိတ်မကောင်းစွာ ကြည့်နေရုံမှတစ်ပါး အခြားမရှိတော့သလိုပင်။ သည်မှာပင် ဦးဖေမောင်တင်ထံမှ စိတ်မချမ်းမြေ့သောလေသံက ထွက်အန်ကျလာတော့၏။

"ကျွန်တော့်တစ်သက်မှာ ဒီအဖြစ်က အဆိုးဝါးဆုံးနဲ့ စိတ်မကောင်းအဖြစ်ရဆုံးပါပဲဗျာ။ ကျွန်တော့်မှာ စိတ်မကောင်းပါဘူးလို့ ပြောရုံရှိတာက လွဲလို့ တခြားပြောစရာစကား ရှာမတွေ့အောင်ပါပဲ"

သန်းလွင်ဦးအနေဖြင့် စိတ်မချမ်းမသာ ခံစားလိုက်ရသည့်အဖြစ်နှင့်အတူ မကျေနပ်မှုတစ်စုံတစ်ရာက ယှဉ်းလေးခိုရင်း ကပ်ပါလာသည်ဟု တွေးလိုက်မိပါလေ၏။ သန်းလွင်ဦးက သူ့ရင်တွင်းမှ ဖြစ်ပျက်ခံစားမှု ပေါက်ကွဲမလာမီ မေရီအား ပွေ့ပိုက်ဖေးမလျက် အိမ်တွင်းသို့ ခေါ်ဆောင်လာခဲ့တော့သည်။ ဦးဖေမောင်တင်က ခွေးလေးမော်လီ၏ အလောင်းအား မချိလျက် သူတို့နှစ်ယောက်နောက်မှ လိုက်ပါလာခဲ့လေတော့သည်။ နောက်ပြီး ခွေးလေးမော်လီ၏ သက်မဲ့ရုပ်အလောင်းအား အိမ်၏ နောက်ဘက်ရှိ မာလကာပင်ခြေသို့ ပို့ဆောင်ပေးလိုက်လေသည်။ ထို့နောက်မှ အိမ်တွင်းရှိ သန်းလွင်ဦးတို့ဇနီးမောင်နှံရှေ့တွင် ဝင်ထိုင်လိုက်ရင်း စိတ်မချမ်းမြေ့သောလေသံဖြင့် –

"ဖြစ်ချင်တော့ ကနေ့မှ စခန်းကိုပြန်အလာမှာ မေရီရဲ့ အလှပြင်သင်တန်းကျောင်းနားရောက်လို့ မေရီက အိမ်အပြန်မှာ လမ်းကြုံနေတာနဲ့ ဆိုင်ကယ်နဲ့လိုက်ပို့ရင်း ခုလိုစိတ်မကောင်းစရာအဖြစ်ကို ကြုံတွေ့ခဲ့ရတာကလား။ မော်လီက သူ့အရှင်သခင် မေရီအနံ့ကို ရလို့ အိမ်ထဲက အပြေးထွက်ကြိုဆိုလိုက်တဲ့အချိန်မှာ ခုလို တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားရတာကို တကယ့်ကိုစိတ်မကောင်း ဖြစ်မိပါတယ်လို့ပြောရင်း ကိုသန်းလွင်ဦးနဲ့ မေရီတို့ကို အနူးအညွတ် တောင်းပန်ပါတယ်ဗျာ"

"ဖြစ်ပြီးတာတွေကို ပြောမနေပါနဲ့တော့ရှင်။ တစ်ခုတော့ မောင့်ကို တောင်းဆိုချင်တယ် မောင်။ မော်လီလေးကို အိမ်နောက်ဖေး မာလကာပင်အောက်မှာ မြေမြှုပ်ပေးပါနော်။ သူ့ကို တခြားနေရာမှာ သွားမထားချင်လို့ပါနော်"

မေရီမောင်၏ တောင်းဆိုချက်ကို သန်းလွင်ဦးက ခေါင်းညိတ်ပြရင်း သဘောတူလိုက်ပါလေ၏။

"အေးဗျာ၊ လမ်းမှာ မေရီပြောပြလို့ ပဲခူးက သူ့အမေ နေထိုင်မကောင်းလို့ဆိုတာလည်း သိလိုက်ရပြီ။ အိမ်အပြန်ကျပြန်တော့လည်း ခင်ဗျားတို့ သံယောဇဉ်ရှိတဲ့ခွေးလေး ကျွန်တော့် ဆိုင်ကယ်နဲ့ အက်ဆီးဒင့်ဖြစ်သွားခဲ့တာကို စိတ်မကောင်းဖြစ်မိပါတယ်ဗျာ"

"ဟုတ်တယ် ကိုဖေမောင်တင်ရေ့။ အဲဒါမနက်ဖြန်မနက် အစောဆုံးကားအမီ ကျွန်တော်လိုက်ပို့ပေးရမှာ။ နောက်မှ အခြေအနေကို ကြည့်ပြီး ကျွန်တော်လိုက်သွားရမယ် ဆိုပါတော့ဗျာ"

"ကားဂိတ်ကို ကျွန်တော် လိုက်ပို့ပေးရမလား။ မနက်အစောဆိုတော့ လိုင်းကားတွေ မထွက်သေးဘူးလေ"

"နေပါစေတော့ဗျာ။ ကျွန်တော့် ကုမ္ပဏီက ဆိုင်ကယ်နဲ့ပဲ လိုက်ပို့လို့ရပါတယ်"

သူတို့ ယောက်ျားသားနှစ်ဦး စကားပြောဆိုဆဲမှာပင် မေရီမောင်က အိမ်ခန်းထဲသို့ ဝင်ရောက်သွားတော့၏။ သည်တော့မှ ဦးဖေမောင်တင်က နှုတ်ဆက်ကာ သူ့ဆိုင်ကယ်ဖြင့် ပြန်ထွက်သွားလေတော့သည်။ သန်းလွင်ဦးက စိတ်မကောင်းဖြစ်ကာ အိမ်ခန်းထဲသို့ ဝင်ရောက်သွားသော မေရီထံ ချဉ်းကပ်သွားသည်။ မေရီကတစ်ဖက်သို့လှည့်ရင်း လဲလျောင်းနေသည်ကို တွေ့လိုက်ရသည်။ ကြည့်စမ်းပါဦးတော့။ တစ်ဖက်သို့ စောင်းလျက်သား မေရီ၏ အနေအထားက ပုရိသယောက်ျားသားတွေအဖို့ ရင်ဖိုစရာကောင်းလှသည်ကတော့အမှန်။ မေရီ အလှမှာ သားသမီးရတနာ မထွန်းကားသေး၍လား မဆိုတတ်။ သူမ၏ ရှိက်ဖိုကြီးငယ် အသွယ်သွယ်တို့က

www.burmeseclassic.com

www.burmeseclassic.com

အမြင်အာရုံဝယ် ကြည့်လို့တင့်တယ်နေဆဲပါတကား။

သန်းလွင်ဦးက သက်ပြင်းတစ်ချက်အား ချလိုက်မိတော့၏။ သက်ပြင်း၏နောက်ကွယ်တွင် သံသယစိတ်များ၊ မေရီ၏အလှတို့က သူ့အတွက် အန္တရာယ်များ ဖြစ်လာနိုင်သည်ကို တွေးလိုက်မိပြန်သည်။ ထို့နောက်ဝယ် သူ၏အံသွားများအား တင်းတင်းကြိတ်ရင်း မော်လီ၏ ဝိညာဉ်မဲ့ခန္ဓာကိုယ်အား မြေမြှုပ်ရန်အတွက် မာလကာပင်ခြေရင်း၌ ပေါက်ပြားဖြင့်မြေများကို တူးဆွနေလိုက်လေတော့သည်။

(၄)

ရက်များကား တစ်ပတ်သီသီပင် စွန်းခဲ့ချေပေ့ါ။ သန်းလွင်ဦးအနေဖြင့် ထိုရက်များအား တစ်ဦးတည်းအထီးကျန်ဘဝဖြင့် နေခဲ့ရသည်သာဖြစ်သည်။ ဇနီးသည်မရှိသည့် လင်ယောကျ်ားများအတွက် နေ့စာနှင့် ညစာတို့အား အပြင်စားသောက်ဆိုင်တွင်သာ အချိန်ကုန်ခဲ့ရသည်မှာ သိပ်တော့ မဆန်းလှပါ။ တစ်ယောက်တည်း အပြင်စားသောက်ဆိုင်တွင် ထိုင်ခဲ့ရသည်ဆိုတော့လည်း ညစာမစားမီ အသောက်လေးကို အဖော်ပြုလာတတ်သည်မှာ အပြစ်ဟု မဆိုသာပါချေ။ မေရီမရှိလေတော့ သူမ၏ ဟင်းချက်လက်ရာများကို တောင့်တမိပြန်သည်။ သို့ပေမင့် သန်းလွင်ဦးကတော့ တောင့်တချက်များအား အသိဖြင့်ဖြေဖျောက်ရင်း လုပ်ငန်းခွင်တွင်းမှာပင် စိတ်ကိုဖြေသိမ့်နေလိုက်ပါလေ၏။

မေရီမရှိသည့် နောက်ပိုင်းရက်များ၌ ကိုဖေမောင်တင်ကိုလည်း မတွေ့မိဘဲဖြစ်နေသည်။ သူပျောက်ချက်သားကောင်းနေသည်ကိုက သန်းလွင်ဦးအနေဖြင့် သူ၏သံသယကို ပိုမိုကြီးထွားလာခဲ့ရသည်ဟုပင် ဆိုရပြီမို့မည်။ ခုတော့ သူတွေးထင်မိသည့်အတိုင်း ဖြစ်နေပါပေါ့လားဟု မိုက်မိုက်မှားမှားပင် သဘောထားလိုက်သည်။ အနီအကြောင်းအချက်များက သူ့အစာအိမ်အတွင်းသို့ အရက်တော်တော်များများ လောင်းထည့်မိခဲ့သည်။ ထိုညက သန်းလွင်ဦးမှာ အတော်လေး မူးအောင်သောက်မိသည်လေ။ သို့ပေမင့် သူ့ဂုဏ်သိက္ခာအတွက်တော့ အသိတရားရှိသည်ဟု ဆိုရပြီမို့မည်။ အိမ်အပြန်တွင် တက္ကဆီတစ်စီးကို ငှားရမ်းပြန်လာခဲ့သည်။ သူပြန်ရောက်၍မရှေးမနှောင်းမှာပင် ပျောက်ချက်သားကောင်းလှသော ကိုဖေမောင်တင်တစ်ယောက် ဆိုင်ကယ်ဖြင့် သူ့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့သည်။ ဒုလုံချြေး မှူးဦးဖေမောင်တင်အား မြင်လိုက်ရသည်နှင့် သန်းထွန်းဦးမှာ သူ့စိတ်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာရင်း –

"ဩော် . . . ခင်ဗျားက ခုမှပဲ ရောက်လာတော့တာပဲကိုး။ ဘာလဲ ကျုပ်မိန်းမမေရီကို လာရှာတာလား၊ ဟားဟားဟား"

ဦးဖေမောင်တင်က သန်းလွင်ဦး စကားကြောင့် အူကြောင်ကြောင်ဖြစ်သွားသည်။ နောက်မှ အရက်သောက်ထားသော သန်းလွင်ဦးအား တွေ့မြင်လိုက်သည်မို့ လေသံအေးအေးဖြင့် ပြောလိုက်ရတော့သည်။

"ကိုသန်းလွင်ဦး . . . ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲဗျ။ ကျွန်တော် ခင်ဗျားတို့အိမ်မရောက်လာတာက ပဲခူးဘက်ကို ခရီးထွက်နေရလို့ပါဗျာ"

"ဩော် . . . ဩော် ခင်ဗျားက အခွင့်ကောင်းရပြီဟဲ့လို့ဆိုပြီး ပဲခူးကို လိုက်သွားသေးသပေါ့လေ။ ဒါပေမဲ့ ထင်ထားသလို ခင်ဗျားတို့နှစ်ယောက် မတွေ့ခဲ့ကြရဘူးမဟုတ်လား။ ဘယ်တွေ့ကြရမလဲလေ . . . ဟား . . ဟား ဟား"

အရက်မူးမူး စိတ်မူးမူးဖြင့် သူ့အားပြောလိုက်သော စကားများကို ဦးဖေမောင်တင်က စဉ်းစားမရအောင် ဖြစ်သွားရဘိခြင်းရယ်လေ . .။ ဒီလူ အရက်မူးမူးဖြင့် ဘာတွေပြောနေဘိသနည်းဟု အဖြေရှာမရဘဲ ဖြစ်နေတော့သည်။

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ ကိုသန်းလွင်ဦး။ ကျွန်တော်တော့ ဘာမှနားမလည်ဘူး။ ကျွန်တော် ပဲခူးကိုသွားခဲ့တယ်ဆိုတာက ခင်ဗျားမိန်းမ မေရီဆီကို သွားတာ မဟုတ်ပါဘူးဗျာ။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုတာက ၂၄ နာရီလုံးလုံး တာဝန်ကိုထမ်းဆောင်နေရတာကလား။ ပဲခူးကိုသွားရတဲ့အကြောင်းရင်းကလည်း တာဝန်အရ ပဲခူးဘက်မှာ ဝရမ်းပြေးတစ်ယောက်ကို သွားဖမ်းတဲ့ကိစ္စကြောင့်ပါ။ ခင်ဗျားထင်သလို ရဲတပ်ဖွဲ့ဝင်တွေဟာ ကိုယ်သွားချင်တဲ့ ဒေသကို ကိုယ်သွားခွင့်ရတဲ့ အချိန်မှာ ဌာနက ထွက်ခွာသွားခွင့်



www.burmeseclassic.com

www.burmeseclassic.com

မရှိပါဘူးဗျာ။ အဲ ... ဒါပေမဲ့ မေရီရဲ့ အမေ နေထိုင်မကောင်းဖြစ်တယ်ဆိုတာ သိထားတာမို့ ခရီးလည်းကြုံနေတာနဲ့ အဲဒီအိမ်ကိုတော့ ကျွန်တော် ရောက်ခဲ့တာအမှန်ပဲ''

ထိုစကားလုံးများက သန်းလွင်ဦး၏ ဝိုက်မျဉ်းခြင်းအား ပုတ်နှိုးလိုက်ဘိသို့ လန့်ဖျပ်ထိတ်လန့်သွားရတော့သည်လေ။ သူ့နှုတ်ဖျားမှ စကားလုံးများ ပြန်ထွက်မလာတော့ဘဲ မျက်လုံးအပြူးသားနှင့်သာ ကိုဖေမောင်တင်အား ကြည့်နေလေတော့၏။ ခဏအကြာမှသာ သူ့ပါးစပ်မှ အထစ်ထစ်အငေါ့ငေါ့ဖြင့် မပီမသစကားလုံးများ ထွက်ပေါ်လာသည်။

''ဘာလဲ ... ဘာလဲ၊ ဒါဖြင့် ခင်ဗျားက ကျုပ်မိန်းမမေရီကို အဲဒီအိမ်မှာ တွေ့ခဲ့တယ်လို့ ဆိုလိုတာလား။ ဒါဆို ... ဒါဆို''

''မနေစမ်းပါဦး ခင်ဗျားဘာတွေလျှောက်ပြောနေတာလဲ။ ခင်ဗျား ထင်သလို ကျုပ် ခင်ဗျားမိန်းမ မေရီကို သူ့အမေအိမ်မှာ မတွေ့ခဲ့ရဘူး။ သူ့အမေက မေရီ့ကို ဖုန်းနဲ့အကြောင်းကြားခေါ်ခဲ့တာကို ရောက်မလာကောင်းလားဆိုပြီး အပြစ်တင်နေတာဗျ။ သူ့အမေက ခုတော့ နေထိုင်ကောင်းသွားပါပြီလေ။ ဒါပေမဲ့ ခင်ဗျားမိန်းမ လွန်ခဲ့တဲ့တစ်ပတ်လောက်ကတည်းက ပဲခူးကိုသွားပြီလို့ ပြောလိုက်တော့ သူတို့အားလုံး အံ့အားသင့်ကုန်ကြတာကလား။ ဒါကြောင့်မို့ မေရီ ခုထိပဲခူးကို ဘာလို့ မသွားခဲ့သေးတာလဲ၊ ဟိုကမျှော်နေကြတယ်ဆိုတာကို ကျွန်တော်က လာပြောတာပါ''

''ခင် ... ခင်ဗျား ခုပြောနေတာတွေဟာ အမှန်ပဲလား ကိုဖေမောင်တင်။ ကျုပ်ကို အမှန်အတိုင်းပြောစမ်းပါဗျာ။ ဒီအတိုင်းဆိုရင်တော့ ကျုပ်ရူးရတော့မှာ အမှန်ပဲ''

ကိုသန်းလွင်ဦး၏အဖြစ်ကို ကြည့်လျက် ကိုဖေမောင် တင်မှာ ထူးထူးခြားခြားကိုပင် အံ့အားသင့် တုန်လှုပ်သွားခဲ့သည်ကတော့ အမှန်ပင်။ ကြည့်လေ၊ ကိုသန်းလွင်ဦးက သူ့စကားဆုံးသည်နှင့် ရှိုက်ကြီးတငင် ငိုကြွေးနေပါရောလား။

''ကိုသန်းလွင်ဦး ... ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ။ ကျွန်တော်က အမှန်တွေမပြောဘဲ ဘာဖြစ်လို့လိမ်ပြောနေရမှာတဲ့လဲ''

ကိုသန်းလွင်ဦးကို ကြည့်ရသည်မှာ အရူးတစ်ယောက်နှင့်ပင် တူနေချေသေးတော့သည်။ တစ်စုံတစ်ရာအမှားအယွင်းလုပ်ခဲ့ဘိသို့ ဝမ်းပန်းတနည်းဖြစ်နေပုံရပါလေ၏။

''ဟုတ်တယ်၊ လိမ်ပြောနေတာက ခင်ဗျားမဟုတ်ဘူးဗျ။ လိမ်ပြောနေတာက ကျွန်တော်။ မှားသွားပြီဗျာ၊ ကျွန်တော်မှားသွားပြီ။ ကျွန်တော့်အမှားက ဘယ်လိုမှ ပြင်ဆင်လို့မရတဲ့အမှားကြီးဗျ။ ကျွန်တော့်ရဲ့ အတ္တသံသယနဲ့ ဒွိဟစိတ်တွေကို မေရီမောင်က ညတိုင်းမျက်ရည်စက်လက်နဲ့ ရင်းပြခဲ့တာကလားဗျာ။ သူ့ကို၊ သူ့ကို ဘယ်လိုမှ တောင်းပန်လို့မရတော့ပါဘူးဗျာ''

''ခင်ဗျား ဘာတွေပြောနေတာလဲဗျ။ ကျွန်တော်တော့ ဘာမှ နားမလည်နိုင်အောင်ဘဲ။ စိတ်အေးအေးထားပြီး ကျွန်တော့်ကို ပြောပြပါလား ကိုသန်းလွင်ဦး''

သည်တော့မှ ကိုသန်းလွင်ဦးက ငိုကြီးချက်မအသံဖြင့် ဒုလုံခြုံရေးမှူး ကိုဖေမောင်တင်အား ပြောပြလေတော့သည်။

''ဟုတ်တယ် ... ခင်ဗျား နားမလည်နိုင်အောင် ကျုပ်က လုပ်ခဲ့တာလေ။ မေရီ့ကို ဘယ်မှသွားလို့မရအောင်၊ ဘယ်သူနဲ့မှလည်း မတွေ့နိုင်အောင် ကျွန်တော် လုပ်ခဲ့မိတာကလား။ ဟင်း ... ဟင်း ... သူဘယ်သွားလို့မှမရအောင် ကျွန်တော် လုပ်ခဲ့မိပြီဗျာ''

သန်းလွင်ဦး၏ မှား၍သော်လည်းကောင်း၊ ရူး၍သော်လည်းကောင်း၊ သူပြောခဲ့သည့်စကားများအပေါ် ဒုလုံခြုံရေးမှူး ကိုဖေမောင်တင်အနေဖြင့် နားလည်သဘောပေါက်လိုက်သလိုလို ဖြစ်သွားလေတော့၏။ စင်စစ် ကိုသန်းလွင်ဦးမှာ အတ္တသံသယများ စွန်းထင်နေခဲ့သည်ပဲထင့်။ သူ့စိတ်ထဲတွင်လည်း အတော်လေး စိတ်မကောင်းဖြစ်သွားရသည်ကတော့ အမှန်ပင်။ မြတ်စွာဘုရားဟောကြားခဲ့သည့် စိတ်သည်သာ လူတစ်ယောက်အတွက် အရေးကြီးဆုံးဟူသည်မှာ သွေးထွက်အောင်မှန်နေပါရောလား။

''ကျေးဇူးပြုပြီး ... ကျွန်တော့်နောက်လိုက်ခဲ့ပါဗျာ။ မေရီ မရှိတဲ့နောက် ကျွန်တော့်ဘဝဟာလည်း အဓိပ္ပာယ်မဲ့ပြီး အထီးကျန်ဆန်တဲ့အဖြစ် ရောက်သွားပါပြီ''

ဒုလုံခြုံရေးမှူး ကိုဖေမောင်တင်မှာ စိတ်မကောင်းစွာဖြင့်ပင် သန်းလွင်



www.burmeseclassic.com

www.burmeseclassic.com

ဦး ခေါ်ဆောင်ရာနောက်သို့ လိုက်သွားခဲ့ရတော့၏။ သန်းလွင်ဦးက သူတို့အိမ်နောက်ဖေးရှိ မာလကာပင်ခြေအရောက်ဝယ် ခြေစုံရပ်လိုက်လေတော့သည်။ မာလကာပင်ခြေတွင် ခွေးလေးမော်လီမြှုပ်ထားသည့် မြေပုံမို့မို့လေးအား လက်ညှိုးထိုးလျက် –

"ကျွန်တော့်ရဲ့ အတ္တသံသယစိတ်တွေကြောင့် ကျွန်တော်နှစ်နှစ်ကာကာချစ်ခဲ့ရတဲ့ ကျွန်တော့်ဇနီးမေရီမောင်ကို အဲဒီညမှာပဲ ကျွန်တော်ကိုယ်တိုင်သတ်ပြီး သူချစ်တဲ့ခွေးလေးမော်လီနဲ့အတူ မြေမြှုပ်ပြစ်လိုက်မိတယ်ဗျာ။ တရားဥပဒေအရ ကျွန်တော့်ကိုဖမ်းပါတော့ ဦးဖေမောင်တင်။ မေရီမရှိတဲ့ ဘဝမှာ အသက်ရှင်မနေချင်တော့ပါဘူးဗျာ"

သန်းလွင်ဦးဖြစ်ရပ်ကို သိလိုက်သည်နှင့် ဒုရဲအုပ်ဖေမောင်တင်မှာ သံဝေဂများစွာ ရလိုက်တော့သည်။ မိန်းမချော၊ မိန်းမလှတစ်ဦးအား ပိုင်ဆိုင်ခွင့်ရထားသည့် ယောကျ်ားသားတစ်ဦးမှာ မိမိဇနီးမယားအပေါ် အချစ်ကြီးလွန်းအားများသည်နှင့် မိမိဇနီးဆုံးရှုံးသွားမည့် စိုးရိမ်ကြောင့်ကြစိတ်များကြောင့် မှားယွင်းသော အတ္တသံသယစိတ်များ ဖြစ်ပေါ်လာတတ်သည်ကိုလည်းကောင်း၊ တစ်ဖန် ထိုသူတစ်ပါး၏ ချောမောလှပသော မိန်းမသားတစ်ယောက်အပေါ် ခင်မင်မှုဖြင့် ပြုမူဆက်ဆံခဲ့သော မိမိကိုယ်တိုင်သည်လည်း အမှားတစ်ခုအား ကျူးလွန်လိုက်ဘိသို့ပင်။ ထိုအကြောင်းတရား၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသောဖြစ်ရပ်မှာ မည်သို့မျှ ပြုပြင်၍မရနိုင်သော အမှားများသာ ဖြစ်နေပေသည်။

မည်သို့ပင်ဆိုစေ ကိုသန်းလွင်ဦးနှင့် သူ့ဇနီး မေရီမောင်တို့သာမက သူအပါအဝင် လူသားသုံးဦးတို့မှာ စိတ်မချမ်းမသာ ခံစားကြရသည်ကတော့ အမှန်ပင် ဖြစ်နေချေသည်လေ။ လူ့လောကဝယ် အပေါင်းအသင်း၊ လူနှင့်လူချင်း ဆက်ဆံခင်မင်ကြရာဝယ် သတိထားဆင်ခြင်ရမည့် အကြောင်းအရာများ ဖြစ်နေသည်ကို သဘောပေါက်နားလည်လိုက်မိလေတော့သည်။

"ဖြစ်ခဲ့ရတဲ့ အကြောင်းတွေနဲ့ ပတ်သက်ပြီး စိတ်မကောင်းဖြစ်မနေပါနဲ့ဗျာ။ လောကမှာ ဖြစ်ချင်တာကို မဖြစ်ရသလို၊ မဖြစ်ချင်တာလည်း ဖြစ်တတ်ကြရတဲ့သဘောတရား တွေရှိနေတာကလား။ ခင်ဗျားအတွက် တရားဥပဒေဘက်ကနေ တတ်အားသမျှ ကူညီဆောင်ရွက်ပေးဖို့ ကတိပြုပါတယ်ဗျာ။ ကဲ ... ကျွန်တော်တို့ စခန်းကို သွားကြရအောင်လား"

ဒုရဲအုပ်ဖေမောင်တင်က စိတ်သောကရောက်နေသော ကိုသန်းလွင်ဦး၏ ပခုံးအား နွေးထွေးစွာ ပွေ့ဖက်လျက်။ မေရီမောင် လဲလျောင်းတည်ရှိရာ မြေပုံအနီးမှ အသာအယာ တွဲခေါ်လာခဲ့လေတော့သည်။

မေတ္တာရည်လျက်

**သိဏ်းသန်းအောင် (မြင်းခြံ)**

၀၉-၄၀၂၅၂၃၈၇၃


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**

**အဆောင်ဓာတ်လုံး**

**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှုပြီး လူတိုင်းလိုအပ်သော ဝီယ–လာဘ–မေ–ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့် ကြုံကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်း ပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့် ...

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ+မေ၊ လာဘ၊ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက ...

နေ့စဉ် နံနက် ၉း၁၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂–လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း– ၀၉–၂၅၁၀၂၂၃၃




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကျောက်ဆောင်ပေါ်က

# အထီးကျန် သရဲမလေး

■ မင်းဟိန်းထိဝ်

(ယခင်လမှ အဆက်)

ဦးကျော်အောင်၏ ယုတ်မာခြင်း ထိုမျှနှင့်ပင် မပြီးသေးပေ။ မိခင် သူအား အပိုင်စီးလိုက်ပြီးနောက် ရစ်ဝိုင်းသာသာ ဖွံ့ဖြိုးအရွယ် သမီးဖြစ်သူ နန်းမြင့်သူလေးကိုပါ မျက်စောင်း လာပြန်သည်။

နန်းမြင့်သူအား စသလိုလိုနောက် လိုလိုနှင့် နဖူးနမ်းခြင်း၊ လက်မောင်း လေးများကို ဆုပ်နယ်ခြင်းအထိပင် စ်ကြိမ်မက များလာလေသည်။

နန်းမြင့်သူက အလိုမတူ ဆန္ဒမပါ သော အမူအရာကိုပြကာ ငြင်းပယ် ချင်တိမ်း၍ နေလာသောအခါ မိခင် သမီးမြင်သာသည်အထိ ကျင့်ပြ လေ၏။ (ဤကဲ့သို့ ယုတ်မာပြ မှာ သမီးဖြစ်သူ၏စိတ်ကို လှုပ်ရှား စေရန် ရည်ရွယ်ခြင်းပင် ဖြစ်နိုင် ကြောင်းကို မိခင်ဖြစ်သူက သိ၏။)

ထို့နောက် သမီးကိုအပ်ရန်အထိ အတင့်ရဲပြီး မက်လုံးပေးကာ မိခင် သူအား ပြောလာလေသည်။

"ငါက နင့်သမီးကို အပျော်ကြံ ချောင်နှိုက်မှာ မဟုတ်ပါဘူး။ နင်တို့ ဆိုင်ခန်းတစ်ခန်း ပေါင်ထားရတာ ယ်မဟုတ်လား။ ငါ အဲဒီဆိုင်ခန်း ကို ရွေးပေးမယ်လေ။ အရင်းအနှီးလည်း ထည့်ပေးမှာပေါ့။ ပြီးတော့ နင့်သမီးကို လည်း ရွှေတစ်ဆင်စာ ပေးဦးမယ်။ ဒီလောက်ဆိုရင် အဆင်မပြေဘူးလား"

ယခင်က စကားစပ်မိ၍ ဆိုင်ခန်း ပေါင်ထားရသည့်အကြောင်းကို ဦးကျော် အောင်အား ပြောပြဖူး၏။ ယခု ဦးကျော် အောင်က ထိုစကားကို အစဖော်ပြီး အပိုင်ကိုင်ကာ ပြောလိုက်ခြင်းဖြစ်သည်။

ဒေါ်ခင်မြသူ မျက်ရည်တောက် တောက် ကျသွားလေ၏။ ထို့နောက် တရှိုက်ရှိုက်ဖြင့် ငြိမ်၍သာနေ၏။

ဦးကျော်အောင်ကမူ အပိုင်တွက် ကာ စီးမိုးကြည့်နေ၏။ ထို့နောက် ဆက် ပြောသည်။

"ငါက အဲလောက် ပံ့ပိုးပေး လိုက်ရင် နင်တို့သားအမိဘဝအတွက် အထောက်အကူ ရသွားမှာပဲ။ အဲဒါ နင် ထည့်မတွက်ဘူးလား"

ဒေါ်ခင်မြသူက ခေါင်းကို တွင် တွင်ခါ၏။

"နင် အဲလောက်ထိ မငြင်းသင့် ဘူးကွ။ အခု နင့်သမီး ဒီရိုးမထဲမှာ ငါနဲ့ ဖြစ်ခဲ့တာလည်း ဘယ်သူမှသိမှာမဟုတ် ပါဘူး။ နင့်သမီးလည်း အရွယ်ရောက် နေပြီပဲ။ ငါကလည်း နင်တို့သားအမိကို ရာသက်ပန်ယူဖို့ စိတ်မကူးမရှိပါဘူး။ အလွန်ဆုံး ဒီနေရာမှာ ဆက်နေရင် နောက်တစ်နှစ်ပေါ့။ ပြီးတော့ ကိုယ့် လမ်းကို လျှောက်ကြမှာပဲ။ ဒီတော့ နင့်သမီး ငါနဲ့ဖြစ်ခဲ့တာကို တစ်ယောက် မှ မသိနိုင်သလို ဘဝအတွက်လည်း တစ်ဆုပ်တစ်ခဲရသွားမှာပဲ။ အဲဒါလည်း နင်ထည့်တွက်ဦးလေ။ ဒီအတိုင်းသာ ဆိုလို့ကတော့ နင့်သမီးလည်း လမ်း ဘေးက ကောင်တစ်ကောင်နဲ့ညားပြီး လမ်းဘေးအဆင့်နဲ့ စခန်းသွားရမှာပဲ။ အဲဒါလည်း နင်တို့ဘဝကို နင်တို့ အသိ ဆုံးပါ"

ဒေါ်ခင်မြသူ မျက်ရည်ကို သုတ် လိုက်ပြီး ပြော၏။

"မဖြစ်နိုင်ပါဘူး အစ်ကိုကြီးရယ်။ အချိန်ကျတော့လည်း သူ့ဘဝသူ ဖန် တီးသွားမှာပါ။ မုံပေးလည်း ချမ်းသာ ချင်မှ ချမ်းသာတာပါ။ မပေးလည်း သူ့ဟာနဲ့သူ ဖြစ်ချင်ဖြစ်သွားကြတာပါ ပဲ။ ဒါကြောင့် သူ့ဘဝသူ ဖန်တီးပါစေ။ ကျွန်မ ကိုယ့်သမီးလေးကို ပေါင်စား ရောင်းစားတဲ့အလုပ်ကိုတော့ မလုပ်ပါ ရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"နင်က အဲလို ယူဆသသလား။ နင့်စကားက စိတ်ဝင်စားစရာ ကောင်းသလိုတော့ ရှိပါတယ်။ ဒါပေမဲ့ အဲဒီအထဲက တစ်ခုကိုတော့ ပြောချင်တယ်။ ရောင်းစား၊ ပေါင်စား ဆိုတာနဲ့ ပတ်သက်ပြီးပေါ့။ ဒီတော့ တည်းခိုခန်းတို့ ဟိုတယ်တို့က ဟာတွေကို ဘယ်လိုပြောမှာလဲ။ ဘွဲ့ရပညာတတ်တွေလည်း ပါတယ်လေ။ ရုပ်ရည်ဆိုလည်း အထူးပြောစရာမရှိဘူး။ နင့်သမီးနဲ့ နှိုင်းလို့တောင် မရပါဘူး။ မိဘတွေကလည်း သူတို့ အဲလိုလုပ်နေကြတာကို မသိဘဲနေမှာ မဟုတ်ပါဘူး။ ဘဝအတွက် ပိုက်ဆံရှာတာလေ။ အရင်းအနှီးစုတာလေ"

"ဒါလည်း သူ့ဘဝနဲ့ သူပေါ့ အစ်ကိုကြီးရယ်။ ကျွန်မ ဘာမှမပြောလိုပါဘူး"

"နင်ကတော့ နင့်သမီးကို ငါပြောတာ လက်မခံနိုင်ဘူးပေါ့"

ဒေါ်ခင်မြသူ ခေါင်းညိတ်၏။

ဦးကျင်အောင် ဒေါ်ခင်မြသူအား စိုက်ကြည့်နေရင်း ခနဲ့ပြုံး တစ်ချက်ပြုံးသည်။ ထို့နောက် ပြောသည်။

"ငါက ငွေတွေ ပုံပေးမယ်လို့ ပြောတာတောင် နင်က လက်မခံဘူးဆိုရင် နင့်သဘောလို့ပဲ ပြောရတော့မှာပဲ။ ဒီနေရာဟာ တောနက် ရိုးနက်ကြီးနော်။ ငါ တစ်ပြားမှမပေးဘဲ အခု နင့်သမီးကို ဆွဲကျင့်ပစ်လိုက်လို့ရတယ်။ ဆွဲကျင့်ရုံနဲ့ မနေဘဲ သတ်ပစ်လို့လည်း ရတယ်။ အဲဒါ နင်သဘောပေါက်။ ကျင်အောင်ဆိုတဲ့ကလူကို နင်သိတယ် မဟုတ်လား။ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်ပဲလုပ်တယ်။ ဘယ်တော့မှ ပျက်အောင်မလုပ်ဘူး။ အလျှော့လည်းမပေးတတ်ဘူးဆိုတာလေ"

ဒေါ်ခင်မြသူ မျက်ရည်တောက်တောက်ကျလျက် စဉ်းစားရလေပြီ။ သည်အတိုင်းသာဆိုလျှင် ဦးကျင်အောင်သည် သမီးလေးအား အကြမ်းဖက်ပေတော့မည်။ သမီးလေးကလည်း အလိုတူနိုင်ဖွယ်မရှိပေ။ ထိုအခါ မဖြစ်သင့်သော အရာများ တစ်ခုပြီးတစ်ခု ဆက်ဖြစ်လာပေလိမ့်မည်။ ထိန်း၍ရနိုင်မည်ပင် မထင်တော့။ ထို့ကြောင့် ဒေါ်ခင်မြသူသည် ထွက်ပေါက်အနေဖြင့် ကောက်ကာငင်ကာ တစ်စုံတစ်ခုကို ပြောလိုက်ရလေသည်။

"ဒီလိုဆိုရင်လည်း အစ်ကိုကြီးရယ် တစ်လလောက်တော့ အချိန်ပေးပါဦး"

"ဘာကို တစ်လအချိန်ပေးရမှာတုံး။ ငါက နင့်ကို အလျှော့ပေးပြီး ခွင့်တောင်းနေရမယ့် သဘောလား"

"ဒီလိုတော့ မဟုတ်ပါဘူး အစ်ကိုကြီးရယ်။ ကျွန်မ သမီးလေးကို နားချချင်သေးလို့သာ ပြောရတာပါ"

ဦးကျင်အောင် စိုက်ကြည့်နေရင်းက ဆတ်ခနဲ တစ်ချက်ခေါင်းညိတ်၏။ ထို့နောက် ပြောသည်။

"တစ်ပတ်ဆိုရင်ကော"

"တစ်ပတ်တော့မလုပ်ပါနဲ့ အစ်ကိုကြီးရယ်။ တစ်လလောက်တော့ နားချခွင့်ပြုပါ"

"ကောင်းပြီ နင့်စကားပဲ တည်ပါစေ"ဟု ခပ်ပြတ်ပြတ် ပြောထားခဲ့ပြီး ဦးကျင်အောင် လှည့်ထွက်သွား၏။

ဒေါ်ခင်မြသူလည်း တဝကြီး ငိုပစ်လိုက်လေသည်။ သို့သော် ငိုနေ၍ မပြီးသေးပေ။ သည်လူယုတ်မာကြီး (ဦးကျင်အောင်)၏ စက်ကွင်းမှ သမီးလေး လွတ်ကင်းအောင် ကြံစည်ရပေဦးမည်။

ဒေါ်ခင်မြသူ အခန်းထဲမှ ထွက်လာခဲ့၏။ ထို့နောက် သမီးလေးအား လိုက်ရှာသည်။ ကလေးစိတ် မပျောက်သေးသော သမီးလေးသည် တဲအိမ်ကြီး၏ရှေ့ မြက်ခင်းပြင်တွင် တစ်ယောက်တည်း အိုးပုတ်ကလေးများဖြင့် ဆော့ကစားနေသည်ကို တွေ့ရသည်။ ဒေါ်ခင်မြသူသည် သမီးလေးအား တစ်အောင့်ကြာအောင် စိုက်ကြည့်နေ၏။ ထို့နောက် ငို၏။ သမီးလေးကား ဘာမျှမသိရှာ၊

"သမီးလေး လာဦးကွယ်"ဟု ပြောကာ ခြံထောင့်တစ်နေရာသို့ ခေါ် လာခဲ့သည်။ သမီးလေးသည် မိခင် မျက်နှာမကောင်းသည်ကို မြင်၍ထ ၏။ နားမလည်သော အမူအရာဖြ ငေးကြောင်ကြည့်နေ၏။ ဒေါ်ခင်မြ က သမီးလေးအား ကျစ်ကျစ်ဖက်က တစ်ချက် နမ်း၏။ ထို့နောက် ဖြ ကြောင်းကုန်စင်ကို ပြောပြလိုက်သ သည်။

"အမေ့သမီးလေးကိုတော့ ဦးက အောင် အပိုင်ကြံနေပြီ။ တစ်လအတွ သမီးလေးကို ဝကွက်အပ်ရမယ်တဲ့ တော့ သားအမိနှစ်ယောက်လုံး မယ ငယ်ဖြစ်ရမယ့်အဖြစ်မျိုးကို ဘယ်သေ မှ အမေ အဖြစ်မခံနိုင်ဘူး"

နန်းမြင့်သူသည် မျက်လုံး ပြူးဝိုင်းနေရာမှ ဆတ်ခနဲ ခေါ်ည ၏။



www.burmeseclassic.com

www.burmeseclassic.com

“ဒီတော့ သမီးလေး ဒီလိုလုပ်ပါလား။ ဒီလူယုတ်မာကြီးစက်ကွင်းက လွတ်မြောက်အောင် မကွေးကိုသော်လည်း ပြေးသွားလိုက်။ ဟိုမှာ မောင်လေးနဲ့ အဘိုးအဘွားတွေ ရှိကြတာပဲ။ ဖြစ်ကြောင်းကုန်စင်တွေကို အမှန်အတိုင်းပြောပြလိုက်ရင် အဘိုးအဘွားတွေကလည်း လက်ခံကြလိမ့်မယ်လို့ ထင်တယ်…။ မန္တလေးသွားလို့တော့ အဆင်ပြေမှာမဟုတ်ဘူး။ အမေ့ဆွေမျိုးတွေလည်း မန္တလေးမှာ တစ်ယောက်မှ မရှိကြဘူး။ အမေတို့က တောကတက်လာပြီးသာ မန္တလေးမှာနေရင်း သမီးလေးရဲ့အဖေနဲ့ အကြောင်းပါကြတာပါ။ ဒါတော့ သမီးလေးလည်း သိပါတယ်။ ဒါကြောင့် မကွေးကို ပြေးတာကပဲ အဆင်ပြေလိမ့်မယ်လို့ ထင်တယ်”

“ဒီလိုဆိုရင် အမေကော ကျန်နေခဲ့မှာလား”

“အမေက ဒုက္ခိတပဲ ဘယ်ပြေးလို့ရမှာလဲ။ ကျန်နေခဲ့ရမှာပေါ့”

“အမေကျန်နေခဲ့ရင် သမီးကို တစ်ပတ်လှည့်နဲ့ ပြေးခိုင်းလိုက်ရကောင်းလားဆိုပြီး ဟိုလူယုတ်မာကြီးက သတ်ချင် သတ်ပစ်မှာ”

“အဲဒါလည်း အမေ စဉ်းစားမိပါတယ်။ ဒါပေမဲ့ အမေ သေရင်သေပါစေ။ သမီးလေး လွတ်မြောက်ဖို့ပဲ လိုပါတယ်။ ဒါကြောင့် ဒီရက်ပိုင်းအတွင်း သမီးလေး မကွေးကို ပြေးဖြစ်အောင် ပြေးသွားလိုက်ပါလား”

နန်းမြင့်သူ သက်မတစ်ချက်ကို ချ၏။ ထို့နောက် ပြောသည်။

“သမီးရော အမေပါ လွတ်မြောက်နိုင်မယ့် အခြားနည်းလမ်းလေးများ မရှိတော့ဘူး။ အဲဒါလည်း စဉ်းစားကြည့်ပါဦး။ တစ်လဆို အချိန်ရသေးတာပဲ”

ဒေါ်ခင်မြသူ တစ်အောင့် စဉ်းစားလိုက်ပြီး -

“ဒါဆိုရင် သမီး ကောင်လေးတစ်ယောက်နဲ့သော်လည်း လိုက်ပြေးသွားပါလား။ ကိုယ့်အဘိုးအရွယ်လောက်ရှိတဲ့ လူယုတ်မာကြီးတစ်ယောက်ဆီမှာ မယားငယ်ဖြစ်ရမှာနဲ့စာရင် ဘယ်ဘဝပဲရောက်ရောက် ရွယ်တူကောင်လေးတစ်ယောက်နဲ့ ညားတာကပဲ တော်ဦးမယ်။ အရွယ်လေးလည်း ရောက်နေပြီပဲ။ ရွယ်တူကောင်လေးတစ်ယောက်နဲ့ လိုက်ပြေးသွားတယ်ဆိုရင် ဟိုလူယုတ်မာကြီးလည်း ဘာမှမတတ်နိုင်တော့ဘူးပေါ့”

နန်းမြင့်သူ သက်မတစ်ချက်ကို ချ၏။ စဉ်းစားကြည့်သော်လည်း မည်မည်ရရ ဘာမျှအကြံမရပေ။

“သမီးက ဘယ်ကောင်လေးနဲ့ လိုက်ပြေးရမှာလဲ။ သမီးမှာ ရည်းစားမှ မရှိတာ။ ပြီးတော့ အခုဆိုရင် အလုပ်ပြုတ်လို့ဆိုပြီး အလုပ်သမားတွေလည်း အရပ်ပြန်နေကြလို့ ကိုအေးချမ်းကြီး တစ်ယောက်ပဲ စခန်းစောင့်ကျန်တယ်လေ”

“အေး…အဲဒါလည်း ဟုတ်တယ်။ ဒီတော့ သမီး မောင်အေးချမ်းနဲ့ဆိုရင်ကော မဖြစ်နိုင်ဘူးလား”

“ကိုအေးချမ်းကိုတော့ စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ ကိုအေးချမ်းက သမီးကို ကြိုက်ပါ့မလား။ ရည်းစားဖြစ်နေကြတာလည်း မဟုတ်ဘူးလေ”

“လက်ရှိ သမီးလေးရဲ့ အခြေအနေကို ပြောပြပေါ့။ ပြီးတော့ အမေ့ သမီးလေးက ရုပ်ရှိတယ်လေ။ ဒီတော့ အပျို၊ လူပျိုအချင်းချင်းပဲ၊ ကိုယ်ချင်းစာတဲ့အနေနဲ့သော်လည်း ဖြစ်လာနိုင်ပါတယ်။ အဲဒီလို ဖြစ်သွားကြတဲ့ ဇာတ်လမ်းတွေလည်း ရှိခဲ့ဖူးတာပဲ”

နန်းမြင့်သူ တစ်အောင့်လေးငြိမ်ပြီး စဉ်းစားနေပြန်သည်။ ထို့နောက် ပြောသည်။

“ဒီလိုဆိုရင် သမီးက ကိုအေးချမ်းကို ယူပါလို့ ဘယ်လိုစပြောရမှာလဲ။ သမီးမပြောတတ်ဘူး”

“အဲလိုပဲ ပြောချလိုက်ပေါ့ကွယ်။ ကိုအေးချမ်း သမီးကိုယူပါလို့။ ဒီတော့မှ မောင်အေးချမ်းက သမီးလေးကို မေးချင်မေးလာလိမ့်မယ်။ ဘာကြောင့်ယူခိုင်းရတာလဲဆိုပြီးတော့ပေါ့။ မောင်အေးချမ်းက မမေးတောင် သမီးလေးက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်လေ။ အဆင်မပြေသလိုတော့ ကြည့်ပြောရမှာ။ သူသနားလာအောင်၊ စိတ်ဝင်စားလာအောင် ဆိုတာမျိုးပေါ့ သမီးရယ်”

နန်းမြင့်သူ ဆတ်ခနဲ ခေါင်းညိတ်၏။ ထို့နောက် သက်မချ၏။

ဒေါ်ခင်မြသူက မျက်ရည်ကိုသုတ်ပြီး သမီးလေးအား ဖက်ကာနမ်း၏။

အားနွဲ့သော သားအမိတို့၏အဖြစ်သည် ရင်နာဖွယ်ကောင်း၏။ ထို့ကြောင့် အချိန်ယူပြီး စဉ်းစားရမည့်ကိစ္စကြီးကို ပင် တက်သုတ်ရိုက်ပြီး စီစဉ်ကြရလေသည်။

ပင်လယ်ဒီလှိုင်းကြီးများပမာ ရိုးမတောင်တန်းကြီးများသဖွယ် အနိမ့်



www.burmeseclassic.com

www.burmeseclassic.com

အမြင့်မညီသော လူ့ဘဝသည် တစ်ခါ တစ်ရံ မထင်မှတ်သော အဖြစ်များ မခေါ်ပင်ချေ ဖြစ်ပေါ်လာတတ်သော ကြောင့် ထိန်းမနိုင်သိမ်းမရ ဖြစ်သွား တတ်၏။ ဘဝပျက်၊ စီးပွားပျက် လူညွှန့် တုံး နောက်ဆုံးတွင် လုံးလုံးကြီး အဖတ် ဆယ်၍မရတော့တဲ့ ဘဝတစ်ခုလုံး စုန်း စုန်းမြုပ်သွားသည်အထိလည်း ဒုနှင့်ဒေး ရှိကြ၏။

ထို့ကြောင့် မိမိတို့ လက်ရှိရထား သော ဘဝကိုပင် တစ်ရံတစ်ခါ နား လည်ရန် ခက်လေ၏။ ဘဝသည်ကား ဆန်းကြယ်မြဲ ဆန်းကြယ်လျက်သာရှိ လေသည်။

☆ ☆ ☆

နန်းမြင့်သူက ရှိုက်၍ နေ၏။ မောင်အေးချမ်း၏ လက်မောင်းကိုလည်း ဖွဖွလေး ဆုပ်ထား၏။ မောင်အေးချမ်း က နန်းမြင့်သူ၏ မျက်ရည်များကို သုတ် ပေးပြီး သူ၏ ပင်ကိုသဘောကို ပြောပြ လိုက်သည်။

"ကို နန်းမြင့်ကို အမှန်အတိုင်း ပြောမယ်။ ကို မိန်းမယူဖို့ စိတ်ကူးတော့ မရှိဘူး။ ဒါပေမဲ့ နန်းမြင့်အတွက် အဆင် အပြေဆုံး နည်းလမ်းကိုတော့ ကို ဖန် တီးပေးနိုင်လိမ့်မယ်လို့ထင်တယ်။ အချိန် လည်း တစ်လတောင်ရသေးတယ် ဆို တော့ နန်းမြင့် ဟိုလူကြီး (ဦးကျင် အောင်)ဆီမှာ ဘဝမနစ်မွန်းစေရဘူးလို့ ကတိပေးရဲပါတယ်"

"ကိုက ဘယ်လို ဖန်တီးပေးမှာ လဲ။ နန်းမြင့်ကို မယူချင်လို့ တမင် ပြောတဲ့သဘောများလား"

"နန်းမြင့်ကို ယူပါ့မယ်လို့ တိတိ ကျကျ ကတိမပေးချင်သေးဘူး။ နန်း မြင့်ဘဝ မနစ်မွန်းစေရဘူးလို့ ကတိပေး ပြီးပြီပဲ။ ဒီရက်ပိုင်းအတွင်းမှာ ကို စဉ်း စားပေးပါ့မယ်"

"ဘယ်လိုစဉ်းစားပေးမှာလဲ . . . အစ်ကိုရယ်။ ကို စဉ်းစားမယ့်အကြောင်း နန်းမြင့်ကို ပြောပြပါလား"

မောင်အေးချမ်း သက်မတစ်ချက် ကို ချလိုက်၏။ နန်းမြင့်သူ၏ အဖြစ် ကိုလည်း အတော်လေးပင် သနားနေမိ ပြီ။ ထို့ကြောင့် နန်းမြင့်သူအတွက် ဘဝ ချင်း အလဲအထပ်လုပ်လို စိတ်ပင်ဖြစ် နေမိသည်။

ယခင်က ဦးကျင်အောင်ကိုလည်း ယခုလောက်အထိ ယုတ်မာမိုက်ရိုင်း လိမ့်မည်ဟု မထင်ခဲ့ပေ။ အရွယ်နှင့် အကျင့် ကွာခြားလွန်းသည်။ အမြင်နှင့် တခြားစီဖြစ်နေသည်။

"နန်းမြင့်အတွက် ပထမထွက် ပေါက်အနေနဲ့ နန်းမြင့်တို့သားအမိနှစ် ယောက်လုံး ဦးကျင်အောင်လက်တွင်း က လွတ်မြောက်အောင် ကြံဆောင် ပေးမယ်။ နန်းမြင့်တို့ သားအမိနှစ် ယောက်လုံးကို တစ်နေရာသို့ ခေါ်တုတ် သွားပြီး နေရေးစားရေး အဆင်ပြေတဲ့ အထိ ကိုက လုပ်ပေးမယ်ပေါ့။ ဒုတိယ ထွက်ပေါက်အနေနဲ့ ကို ဦးကျင်အောင် ကို သတ်ပစ်မယ်။ အဲဒီ နှစ်မျိုးလုံးမှ အဆင်မပြေဘူးဆိုရင် ကို နန်းမြင့်ကို ခိုးပြေးမယ် ဒါပဲ"

"အားကိုးပါတယ် အစ်ကိုရယ်။ အခုလိုကြားရတာ နန်းမြင့်အဖို့ ဝမ်း မြောက်ဝမ်းသာ ဖြစ်လို့လည်း မဆုံးပါ ဘူး။ ဒါပေမဲ့ အစ်ကိုပြောတဲ့အထဲမှာ နောက်ဆုံးနည်းလေးကို ရွေးလိုက်ပါ လား။ ဒီတော့ ကိုနဲ့ နန်းမြင့်တို့ တစ် သက်ပတ်လုံး ပျော်ပျော်ရွှင်ရွှင် နေကြရ မယ်လေ။ ပထမထွက်ပေါက်ကိုလည်း သိပ်ပြီး နန်းမြင့် ဝမ်းမသာချင်ဘူး။ ကို က နန်းမြင့်ကို ယူမယ်လို့မှ မပါတာ။ ဒုတိယ ဦးကျင်အောင်ကို သတ်ပစ် မယ်ဆိုတာကျတော့ ပိုလို့တောင် နန်း မြင့် လက်မခံချင်ဘူး။ ဘာဖြစ်လို့လဲဆို တော့ လူတစ်ယောက်ကို သေအောင် သတ်ရမယ့်ကိစ္စ လွယ်တာမှ မဟုတ် တာ"

"ဘာလို့ မလွယ်ရမှာလဲ နန်းမြင့် ရဲ့။ ဒီနေရာက မြို့နဲ့ အလှမ်းဝေးတဲ့ ရိုးမတောကြီးထဲမှာပါ။ ဒါကြောင့် ဥပဒေ ပြင်ပလိုတောင် ဖြစ်နေတာ။ လူတစ် ယောက်ကို သတ်မယ့်ဟာ ဘာမှမခက် ပါဘူး။ ရဲရဲကြီး သတ်ရဲဖို့ပဲ လိုပါတယ်"

"ကိုကိုက အဲဒီလူယုတ်မာကြီး ကို လျှော့တွက်နေသလား။ လူယုတ်မာ ကြီးက အသက်ကြီးပေမယ့် တကယ့် မပျက်စီးသေးတဲ့ လူကြီးတစ်ယောက် နော။ အမြဲတမ်း ရိမ်းဆွဲလိုက်၊ ဘားလွဲ လိုက်၊ ကြိုးခုန်လိုက်၊ သိုင်းကစားလိုက် နဲ့ လူငယ်တစ်ယောက်လို လေ့ကျင့် နေတာ။ ပြီးတော့ သိုင်းလည်း ကျွမ်းပုံ ရတယ်"

"ရတယ်လေ သူသိုင်းကျွမ်းရင် ကိုယ်လည်းသိုင်း။ လက်ဝှေ့တွေ ရတာ ပဲ။ ဦးကျင်အောင်လို လူအိုကြီးတစ် ယောက်နဲ့ ယှဉ်သတ်ရမှာကို နည်းနည်း လေးမှ မကြောက်ပါဘူး"

"ပြီးတော့ အဲဒီလူယုတ်မာကြီးက



www.burmeseclassic.com

www.burmeseclassic.com

ဘယ်နေရာသွားသွား လမ်းလျှောက်သွားရင်တောင်မှ ဓားမြှောင်၊ ခြောက်လုံး ပြူး နှစ်မျိုးလုံးကို ဆောင်သွားတတ်တယ်။ ဓားပေါက်ကျွမ်းသလို သေနတ်ပစ်လည်း ဖြောင့်တယ်။ ဒါကြောင့် ကိုကို အဲဒီလူယုတ်မာကြီးနဲ့ ယှဉ်သတ်မယ့်ဟာတော့ နန်းမြင့် မလိုလားဘူး။ ကိုကို တစ်ခုခုဖြစ်သွားမှာကို နန်းမြင့် စိုးရိမ်တယ်။ ဒါကြောင့် ကိုပြောခဲ့တဲ့အထဲက နောက်ဆုံးနည်းလေးရွေးလိုက်ပါလား။ ကိုဆိုရင် အမေကလည်း သဘောတူတယ်လေ။ နန်းမြင့်လည်း ကိုကို့ကို အရမ်းပဲ ချစ်နေမိတာ အမှန်ပါ။ နန်းမြင့်က ကို့ကိုချစ်တယ်ဆိုတာ မယုံဘူးလား"

နန်းမြင့်သူက ရှက်နေ၍ ထင်သည်။ မျက်နှာလေးဝှက်ပြီးသာ ပြောနေသည်။ နန်းမြင့်သူက မောင်အေးချမ်းအား ချစ်နေမိသည်ဟု ပြောသည်ကို ယုံသည်။ မောင်အေးချမ်းသည် ဤနေရာ၌ ရာချီသော လုပ်သားများစွာကို ဦးဆောင်လုပ်ကိုင်နေသည့် အောင်မြင်နေသော အလုပ်သမားခေါင်းလေးတစ်ယောက်ဖြစ်သည်။ သန့်ပြန့်စွာ ဝတ်ဆင်ပြီး တည်တည်တံ့တံ့နေသည်။ ရုပ်ရည်လည်းသင့်သည်။

ထို့ကြောင့် အချစ်သွေး ဝင်မြူးစ အပျိုဖျန်းမလေးတစ်ယောက်အနေဖြင့် မောင်အေးချမ်းအား စိတ်ဝင်စားသည်။ ချစ်နေမိသည်ဟု ဆိုသည်ကို သံသယဖြစ်ဖွယ် မရှိပေ။

သို့သော် မောင်အေးချမ်းအနေဖြင့် မိန်းမယူရန် စိတ်ကူးမရှိ။ နန်းမြင့်သူကိုလည်း အတော်ကြီးပင် သနားနေမိပြီ။ အဘိုးအရွယ်လူယုတ်မာကြီး ဦးကျင်အောင်၏ လိင်ကျွန်အဖြစ်သို့ ကျရောက်သွားရမည်ကိုလည်း မလိုလားပေ။ ထို့ကြောင့် ယခုအလုပ်ပြုတ်ခိုက် ခေတ္တရွာပြန်နေကြသော မောင်အေးချမ်း၏ သူငယ်ချင်းများရောက်လာချိန်၌ ဦးကျင်အောင်ကို သတ်ဖြတ်ရန်သာ ဆုံးဖြတ်လိုက်မိသည်။

မောင်အေးချမ်းမှာလည်း လက်မရွံ့ မိုက်ရူးရဲများရှိသည်။ ထိုကိစ္စမျိုးတွင် အတွေ့အကြုံလည်းရှိကြသည်။ နှုတ်လုံပြီး လက်ရဲဇက်ရဲလည်းနိုင်ကြသည်။ မောင်အေးချမ်းနှင့် ပတ်သက်လာလျှင် ဘာမဆိုလုပ်ရဲသည့် အစားထဲကလည်း ဖြစ်သည်။

သည်ရိုးမထဲ၌ အလုပ်သမားခေါင်းဆောင်လုပ်နေရသော မောင်အေးချမ်းအဖို့ လိုအပ်လျှင် အသုံးချရန် ကြိုတင်မိတ်ဖွဲ့ပြီး အတွင်းကျကျ ပေါင်းသင်းထားခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် စိတ်ချရသော အနေအထားမှာ ရှိသည်။

"စိတ်ချပါ နန်းမြင့်။ ကိုက အေးအေးလေးနေပေမယ့် ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တဲ့ လူတစ်ယောက်ပါ။ နန်းမြင့်ဖြစ်ချင်နေတဲ့ အရာတွေထဲက ရှစ်ဆယ်ရာခိုင်နှုန်းဟာ အောင်မြင်နေပြီလို့ပဲ မှတ်လိုက်ပါ။ အခုတော့ နန်းမြင့် အိမ်ပြန်လိုက်ဦး။ နောက်တော့ ဖြစ်ချင်တာတွေကို ဖြစ်လာအောင် ဆက်လုပ်ကြတာပေါ့"

နန်းမြင့်သူ ဆတ်ခနဲ ခေါင်းညိတ်၏။ ထို့နောက် မောင်အေးချမ်းအား ဖွဖွလေး သိုင်းဖက်ထားကာ ခဏလေး ငြိမ်နေ၏။ ထို့နောက် -

"ကိုကို နန်းမြင့်ကိုမွှေး။ ပြီးတော့ နန်းမြင့်လည်း ကိုယ့်ကို ပြန်မွှေးမယ်"

ဟု ဆိုသည်။

မောင်အေးချမ်း နန်းမြင့်သူ ကျေနပ်အောင် နဖူးပြင်လေးကို ဖွဖွလေး မွှေးလိုက်၏။ နန်းမြင့်သူ၏ ကိုယ်လေး တွန့်သွားသည်။ ထို့နောက် နန်းမြင့်သူ မောင်အေးချမ်းအား ပြန်မွှေးသည်။ ထိုအခါလည်း နန်းမြင့်သူ တုန်ရှိက်ကာ မျက်ရည်များပင် စို့ဝိုင်းသွားသည်ကို တွေ့ရသည်။

နန်းမြင့်သူ ရည်းစားဖြစ်ဖူးဟန် မရှိပေ။ ရည်းစားမဖြစ်ဖူး၍ ကောင်လေးများနှင့်လည်း တွေ့ထိဖူးဟန်လည်း မရှိပေ။ ထို့ကြောင့်လည်း ယခုကဲ့သို့ အမူအရာပျက်သွားခြင်း ဖြစ်ပေလိမ့်မည်။

မောင်အေးချမ်းအနေဖြင့် ရွယ်တူကောင်မလေးအချို့နှင့်ရော အပျိုကြီးအချို့နှင့်ပါ ရည်းစားဖြစ်ဖူးသည်။ သို့သော်လည်း စိတ်ပါဝင်စား၍ မဟုတ်ဟု ဆိုနိုင်သည်။ အားနာချစ်ကသာ များသည်။ ထို့ကြောင့် စွဲလမ်းခြင်းအားနည်း၍ နှစ်ယောက်ချင်း တွေ့ကြလျှင်လည်း သိပ်ပြီး တုန်လှုပ်မှုမရှိခဲ့ဖူးပေ။

နန်းမြင့်သူ ပြန်သွားပြီးနောက် မောင်အေးချမ်း ယုတင်ပေါ်မှာ လှဲအိပ်လိုက်၏။ နန်းမြင့်သူတို့ သားအမိ အကြောင်းကို ဆက်စဉ်းစားသည်။

တစ်နည်းနည်းဖြင့် နန်းမြင့်သူတို့ သားအမိကို ဦးကျင်အောင်၏ လက်ထဲမှ လွတ်မြောက်အောင် ကယ်ထုတ်ရ ပေလိမ့်မည်။ ဦးကျင်အောင်၏ စိတ်မာခြင်းသည် လက်ခံနိုင်ဖွယ်မရှိသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ကိုယ်နှင့်မဆိုင်သလို ကြည့်နေရန်လည်း မသင့်ပေ။

ကာယထုတ်ရာ၌လည်း ဦးကျင်အောင်ကို သတ်ပစ်ရမည့်သဘောရှိသည်။ သတ်လျှင်လည်း ကြိုးဆင်သတ်ရပေလိမ့်မည်။ ပြဿနာဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် ဗိုန်းဒိုင်းကြဲပြီးမှ သတ်လျှင်လည်း လွယ်လိမ့်မှာ မထင်ပေ။

ဦးကျင်အောင်က ယှဉ်တော်ကောက်ကာနီး ဖြစ်သလို မိုက်ရူးရဲဆန်သည့် အကြောင်းကိုလည်း သိထား၍ အသက်ခြောက်ဆယ်ကျော် အရွယ်ဖြစ်သည့်တိုင်အောင် လျှော့တွက်ရန် မသင့်ပေ။ ကိုယ်ခံပညာ ကျွမ်းဗုံရဲလိုလို အား သေနတ် (တိုရှည်)များ အမြဲဆောင်ထားသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ပြဿနာဖြစ်လျှင် သူသေကိုယ်သေချကြရမည့် သဘောရှိသည်။

သူသေကိုယ်သေ ရင်ဆိုင်သတ်ဖြတ်ကြခြင်းမှာ လူမိုက်တို့၏ အလုပ်သာဖြစ်သည်။ ယခု ဦးကျင်အောင်ကို အချိန်ယူ အကွက်ချပြီး သတ်ဖြတ်နိုင်သည့် အခြေအနေမှာ ရှိသောကြောင့် အသက်စွန့်ပြီး သူသေကိုယ်သေသတ်ရန်လည်း မလိုပေ။ အဆင်ပြေသလို စီမံပြီး အနိုင်နှင့်ပိုင်းလိုက်ရုံသာရှိသည်။

ဦးကျင်အောင်ကို သတ်ဖြတ်ရန် အထိ ကြံစည်နေမိသော်လည်း မောင်အေးချမ်းအနေဖြင့် နန်းမြင့်သူလေးအား သနားမိသည်မှလွဲ၍ တကယ်တမ်း လက်ထပ်ယူရန် စိတ်ကူးမရှိပေ။ အခြားမိန်းကလေးများကိုလည်း ထိုနည်းလည်းကောင်း အိမ်ထောင်ပြုရန် စိတ်ကူးမရှိသောကြောင့် တစ်ဦးတစ်ယောက်ကိုမျှ စွဲစွဲလမ်းလမ်းမဖြစ်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော်လည်း မောင်အေးချမ်းသည် ဖင်ကိုစိတ်ကို ဖြောင့်ဖြောင့်တွေး ရလေ့ရှိသောကြောင့် မုန်းစရာကောင်းသူများကို မုန်းပြီး ချစ်ခင်သနားဖွယ်ကောင်းသူများကိုလည်း ချစ်ခင်သနားတတ်သည်။

ဒီလိုချစ်ခြင်းသနား ဖြစ်ခဲ့ဖူးသည်မှာမှန်လည်း ထိုအကြောင်း နှစ်ချက်ကြောင့်သာဖြစ်သည်။ မိမိအား တစ်ကြိမ်မက နှုတ်ကြည်အောင်၊ ခေါ်သွားတွက်အောင် ကျူးကျော်စော်ကားလာလျှင် အချိန်ယူပြီး ရသည့်နည်းဖြင့် အနိုင်ပိုင်းလိုက်သည်။

အနိုင်ကျင့်၍ရတိုင်း တစ်ကြိမ်မက အနိုင်ကျင့်ခံနေရများကို တွေ့ရ၊ မြင်ရ၊ ကြားရလျှင်လည်း သနားခြင်းမှ အကာ ဝင်ပြောမိ၍၊ သို့တည်းမဟုတ် ကူညီမိ၍ ကိုယ်တိုင် ပြဿနာထဲသို့ ပါဝင်သွားဖူးသည်မှာလည်း တစ်ကြိမ်မက ရှိခဲ့ဖူးသည်။

ယခုလည်း မောင်အေးချမ်း နန်းမြင့်သူတို့သားအမိ ကိစ္စမှာ ဝင်ပါရပါတော့မည်။ နန်းမြင့်သူတို့ သားအမိ ဦးကျင်အောင်၏ ရက်ကွင်းမှ လွတ်မြောက်ပြီး အဆင်ပြေသော ဘဝလေး တစ်ခုကို ရရှိပိုင်ဆိုင်သည်အထိ မောင်အေးချမ်း (ဖြစ်သည့်နည်းဖြင့်) ဖန်တီးရပေတော့မည်။

ဤကိစ္စသည်လည်း လွယ်မည်တော့ မဟုတ်ပေ။ ဆိုခဲ့သည့်အတိုင်း တစ်ဖောက်ကာနီး ဦးကျင်အောင်သည် ဇရပ်ပိုင်းဆီသို့ ရောက်မှနေသည့်တိုင်အောင် လူသန်ကြီးတစ်ယောက်ဖြစ်ပြီး အတွက် မုဆိုးပစ်ခတ် ကျွမ်းကျင်သောကြောင့် အထူးအလွယ်တကူ ရပေလိမ့်မည်။

☆☆☆

ခြံထဲတွင် တစ်ချက်ကြား၍ ကြည့်လိုက်ရာ နန်းမြင့်သူ ဖြစ်နေ၏။ နန်းမြင့်သည် ချည်ထည်ဝတ်စုံ ဆန်ဆန်ဝတ်ဆင်ထားပြီး နှုတ်ခမ်းပါးပါးလေးကို အပြုံးလေးဖြင့် ခြင်းတောင်းကြီး တစ်ခုကိုကိုင်ပြီး ပြုံးနေသည်။

မောင်အေးချမ်းမှာ စာရေးစားပွဲအုပ်ကြီးကိုပိတ်ပြီး စားပွဲမှာ ထိုင်စောင့်လိုက်သည်။ နန်းမြင့်သူ ခပ်သွက်သွက်လေး လျှောက်လာပြီး မောင်အေးချမ်း၏ အနားမှာ ကပ်၍ထိုင်သည်။ ထို့နောက် မောင်အေးချမ်း၏ လက်မောင်းကို ဖွဖွဖက်ပြီး မျက်နှာလေး မော့ကာ ရင်းရင်းနှီးနှီး ပြောသည်။

"မနေ့က နန်းမြင့် ပြန်ရောက်သွားတော့ အမေ့ကို ပြောပြလိုက်တယ်"

"ဘာကိုလဲ နန်းမြင့်"

မောင်အေးချမ်းက မေးလိုက်သည်။

"နန်းမြင့် ကိုကိုနဲ့ ရည်းစားဖြစ်သွားကြပြီလို့ပေါ့"

"ဟာ"

မောင်အေးချမ်း အံ့သြသွားသည်။

"ဟုတ်တယ်လေ။ နန်းမြင့် ကိုကိုကို နှိုးနှိုးကြည့်နေတာ ကြာပြီလေ။ အခုတော့ တကယ်ချစ်သွားကြပြီပဲ"

"ဒီတော့ နန်းမြင့်အမေက ဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အရမ်းဝမ်းသာတာပဲတဲ့။ ပြီးတော့ ဘယ်တော့ ယူကြမလဲဆိုပြီးလည်း မေးတယ်။ ဒီရက်ပိုင်းအတွင်း ယူဖြစ်အောင် ယူလိုက်ကြတဲ့"

မောင်အေးချမ်း သက်မတစ်ချက်ကို ချလိုက်၏။

"ကိုကိုလည်း နန်းမြင့်ကို ပြန်ဖက်လေ"

ဟု ဆိုကာ နန်းမြင့်သူသည် မောင်အေးချမ်း၏ဝေါက်ကို အောဘက်သို့ လှမ်းယူကာ ဖက်လိုက်၏။ မောင်အေးချမ်းလည်း နန်းမြင့်သူ ကျေနပ်အောင် ပွေ့ဖက်ထားလိုက်သည်။

"အရမ်းပျော်တာပဲ ကိုကိုရယ်။ နန်းမြင့်တို့ ဒီရက်ပိုင်းအတွင်း ယူလိုက်ရအောင်နော်"

မောင်အေးချမ်း ဘာမျှမပြောမိဘဲ တွေနေသည်။ နန်းမြင့်သူ ဆတ်ခနဲ မောင်အေးချမ်း၏မျက်နှာကို မော့ကြည့်သည်။

"ကိုကို ဘာတွေ စဉ်းစားနေတာလဲ"

"မဓောလွန်းဘူးလား နန်းမြင့်"

နန်းမြင့်သူ အနည်းငယ် ငေးနေသည်။ ထို့နောက် ချက်ချင်း ပြန်ပြောသည်။

"ချက်ချင်းကြီး စီစဉ်ရတာမို့ပါ ကိုကိုရဲ့"

"နန်းမြင့်ဘက်က ကြည့်ရင်တော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ကိုယ့်ဘက်က ကြည့်ရင် အရမ်းကြီး စောလွန်းနေတယ်။ ကိုယ့်မိဘတွေကိုလည်း ဘာမှ အသိမပေးရသေးဘူးလေ"

မောင်အေးချမ်းက သည်စကားကို တမင်ပြောလိုက်ခြင်းသာ ဖြစ်၏။ ဆိုခဲ့သည့်အတိုင်း မောင်အေးချမ်း အိမ်ထောင်ပြုလိုစိတ် မရှိပေ။ နန်းမြင့်သူတို့ သားအမိကို သနားကရုဏာ ဖြစ်နေမိ၍ ကယ်တင်ရန် စိတ်ကူးမျှသာရှိသည်။

သို့သော် ဤသည်ကို လင်းလင်းကြီး ပြောလိုက်လျှင်လည်း နန်းမြင့်သူ စိတ်ထိခိုက်သွားနိုင်သည်။ ထို့ကြောင့် ပင် အချိန်ဆွဲလို၍ ပြောလိုက်ရသည်။

ရှာထို့ ခေတ္တပြန်နေကြသော ဒီသူငယ်ချင်းများ ပြန်ရောက်လာကြမှ အခြေအနေကြည့်၍ စီစဉ်ရမည် ဖြစ်သည်။ တစ်နေရာသို့ နန်းမြင့်သူတို့ သားအမိကို ကယ်ထုတ်သင့်က ထုတ်ရမည်။ ကြိုတင်ပြီး ဦးကျင်အောင်ကို ရှင်းသင့်လည်း ရှင်းပစ်မည်တဲ့ . . .

"ကိုကို့မိဘတွေက အဝေးကြီးမှာလား"

"အင်း . . . ဒီကနေ နှစ်ရက်လောက် သွားရမှာ။ ဝေးလွန်းလို့တော့ မဟုတ်ဘူး။ ခရီးထောက်လို့ပါ"

"ဒါဆိုရင် ကိုကို ဒီနေ့သွားလိုက်ပါလား"

"စခန်းမှာ အစောင့်မရှိဘဲ ထားသွားလို့ ဘယ်ဖြစ်ပါမလဲ နန်းမြင့်ရဲ့"

"အေး . . . အဲဒါလည်း ဟုတ်သားပဲ။ ဒီတော့ ကိုကိုရယ်၊ ကိုကိုနဲ့ နန်းမြင့်တို့ရဲ့ အချစ်ရေး ဖြောင့်ဖြူးနိုင်ပါတော့မလား။ တစ်လဆိုတဲ့ အချိန်ဟာ ဘာမှ မကြာဘူးလေ။ တော်ကြာ ပြည့်သွားတော့မှာပဲ။ ပြီးတော့ ဟိုလူယုတ်မာကြီး ဦးကျင်အောင်က ပြောလို့ရတာမဟုတ်ဘူး။ အခုတောင်မှ နန်းမြင့် သူနဲ့ မျက်နှာချင်းမဆိုင်ရဲလောက်အောင် ဖြစ်နေမိတယ်။ သူ့အကြည့်တွေက အရမ်းကြောက်စရာကောင်းလာနေတယ်လေ"

"သူက တစ်လဆိုပြီး ကတိပေးထားတာပဲ မဟုတ်လား။ သူ ကတိဖောက်မှာ သူ့မဖျက်လောက်ပါဘူး။ ငါ့သူငယ်ချင်းတွေလည်း ဒီရက်ပိုင်းအတွင်း ရောက်လာကြမှာပါ။ ဒီတော့မှ ကြည့်လုပ်မယ်။ နန်းမြင့် စိတ်အေးအေးလေးထားပြီးပဲ နေပါ"

နန်းမြင့်သူ သက်မတစ်ချက်ကို ချ၏။ ထို့နောက် အင်ကြောင်းမဲ့ ကြမ်းကြားကို လက်သည်းဖြင့် ခြစ်ပွတ်၍ နေသည်။ ထို့နောက် ပြောသည်။

"ကိုကို့သူငယ်ချင်းတွေ မြန်မြန်ရောက်လာကြပါစေလို့ ဆုတောင်းရတော့မှာပဲ"

"စိတ်ချ နန်းမြင့်၊ နန်းမြင့်တို့ သားအမိအတွက် အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးဝို့မယ်လို့ ကိုကတိပေးပြီးပြီပဲ။ သူငယ်ချင်းတွေလည်း ဒီရက်ပိုင်းအတွင်း ရောက်လာကြမှာ သေချာတယ်။ လုပ်ငန်းလည်း သိမ်းသေးငဘာမှ မဟုတ်တာ။ ဘယ်ကြာကြာနေလို့ရမလဲ"

နန်းမြင့်သူ၏ အသက်ရှူသံကို ကြားနေရ၏။ တစ်ချက်တလေ ပြင်း၏။ တစ်ချက်တလေတိုး၏။ နန်းမြင့်သူ မည်မျှအထိ စိတ်လှုပ်ရှားနေသည်ကို သိနိုင်၏။

"နန်းမြင့်သဘောသာ ဆိုရင်တော့ ချက်ချင်းတောင် ယူလိုက်ချင်တယ်။ အချိန်ကြာလေ . . . နန်းမြင့်အတွက် အန္တရာယ်များလေပဲ။ ဒါကြောင့် ဖြစ်နိုင်ရင် ချက်ချင်း ဆုံးဖြတ်ချင်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com

လား ကိုကိုရယ်"

မောင်အေးချမ်း သက်မတစ်ချက်ကို ချလိုက်မိပြန်သည်။ နန်းမြင့်သူဘက်က ကြည့်လျှင်လည်း အန္တရာယ်များနေသည်မှာ အမှန်ပင်ဖြစ်၏။ လူယုတ်မာတို့၏ သဘော၊ ပေးထားသောကတိကို အတည်ပြု၍ကား မရနိုင်ပေ။

"ကိုကို့မှာ နန်းမြင့်ကို ယူမယ့်အရေးနဲ့ ပတ်သက်ပြီး အဟန့်အတားလေးများ ရှိနေသလား"

"ဘာကိုလဲ နန်းမြင့်"

"နန်းမြင့် တစ်ခု သိမြင်ဖူးတာလေး ပြောပါရစေနော်"

"ဘာများလဲ ပြောပါ"

"ကိုကို မြို့ကိုဆင်းတိုင်း မြို့မပွဲရုံက အစ်မကြီးနဲ့ တွဲနေကြတာကို နန်းမြင့်တစ်ကြိမ်မက တွေ့ဖူးတယ်။ နန်းမြင့်လည်း သူ့ပွဲရုံမှာ မကြာခဏ ဈေးဝယ်ဖူးတယ်လေ။ အဲဒီ အစ်မကြီးနာမည်က မခင်တင့်တဲ့"

မောင်အေးချမ်း အသံထွက်အောင် ရယ်လိုက်မိ၏။

(မခင်တင့်နှင့် ပတ်သက်သောအကြောင်းကို "အတိတ်အကြောင်းပြောင်းသည်မရှိ" အမှတ်-၃ အမည်ဖြင့် ပြစ်မှုမဂ္ဂဇင်းတွင် ရေးသားခဲ့ရာ ထိုဇာတ်လမ်း၌ မခင်တင့်နှင့် မခင်ယုမေဟု အမျိုးသမီးဇာတ်ဆောင်နှစ်ယောက်ထားပြီး ရေးခဲ့သည်။ ဘဝဖြစ်စဉ် ဇာတ်လမ်းတွဲကြီးဖြစ်သည်။ နောက်လည်း ထိုကဲ့သို့သော ဇာတ်လမ်းမျိုး ရှိသေးသည်။ ရင်တွင်းဖြစ် ဇာတ်လမ်းများဖြစ်နေသောကြောင့် သေရွာသို့ ယူမသွားလို၍ အလျဉ်းသင့်သလို ရေးသားရန်လည်း စိတ်ကူးရှိသည်။)

"ငါ မခင်တင့်နဲ့တွဲတာ မဟုတ်ပါဘူး နန်းမြင့်ရယ်။ မခင်တင့်က ငါ့ကိုဖက်တာ၊ နမ်းတာမျိုးတော့ ရှိပါတယ်။ အဲဒါက သူ့ဝါသနာလို့ပဲ ပြောရမယ်ထင်တယ်"

နန်းမြင့်သူ တစ်ချက်ပြုံး၏။ နန်းမြင့်သူ၏အပြုံးကို သရော်ပြုံးဟု သိနိုင်သည်။

"အချစ်မပါဘဲ တွဲတာ၊ နမ်းတာရယ်လို့ ရှိလို့လား ကိုကိုရယ်။ အဲဒီအစ်မကြီးက အသက်ကြီးပေမယ့် ကိုကို့ထက် သုံးလေးနှစ်အပြင် ပိုမကြီးလောက်ပါဘူး။ ပြီးတော့ အပျို၊ လူပျိုချင်းလေ"

မောင်အေးချမ်း ဘာမျှမပြောမိ။

"အဲဒါ နန်းမြင့် သိချင်တယ်"

"ဘာလို့သိချင်တာလဲ နန်းမြင့်"

"နန်းမြင့်က ကိုကိုနဲ့ ချစ်နေကြပြီပဲလေ။ ဒီတော့ သိချင်တာပေါ့"

"ကို မခင်တင့်နဲ့ သမီးရည်းစားမဟုတ်ဘူးလို့ပဲ သိထားလိုက်ပါ"

"ကိုကို့စကားကြီးကလဲ"

မောင်အေးချမ်း ပြုံး၏။ နန်းမြင့်သူလည်း ရောရောင် ပြုံး၏။

"ကိုကိုက နန်းမြင့်ကို အရေးပေါ် အချစ်ဇာတ်လမ်းကြီး ဆင်လိုက်တယ်လို့ ထင်နေသလား။ လုံးဝမဟုတ်ဘူး။ နန်းမြင့် ကိုကို့ကို ချစ်နေမိတာကြာပြီ။ ဒါကြောင့် မနေ့က ပြောခဲ့တာပဲ။ ကိုကို သူငယ်ချင်းတွေနဲ့ လမ်းလျှောက်ထွက်တိုင်း၊ ဘောလီဘောပုတ်နေကြတိုင်း၊ ပြီးတော့ အခြားအချိန်တွေမှာရောက နန်းမြင့် ခိုးခိုးကြည့်မိတယ်လေ။ အဲဒါ တိတ်တခိုးဆိုတာမျိုး ချစ်နေမိလို့ပေါ့။ အဲဒါ ကိုကိုယုံသလား"

"ယုံပါတယ်"

"ဘယ်လို ယုံတာလဲ"

"ယောက်ျားလေးနဲ့ မိန်းကလေးအနေနီးရင် တစ်ယောက်နဲ့တစ်ယောက်တွေ့ဖန်မြင်ဖန်များလာကြရင် ချစ်သွားတတ်ကြတာပေါ့"

"ကိုကိုရော နန်းမြင့်ကို ခိုးမကြည့်ဘူးလား"

မောင်အေးချမ်း ခေါင်းညိတ်၏။

"ဘာဖြစ်လို့လဲ၊ မချစ်လို့လား"

"ကိုက နန်းမြင့်ကို အပျိုလို့တောင် မထင်သေးဘူးလေ။ ဒီတော့ ဘာလို့ အညောင်းခံပြီး ခိုးကြည့်နေမှာလဲ"

နန်းမြင့်သူ အသံတိတ်စွာဖြင့် ကိုယ်လေးသိမ့်သိမ့်တုန်အောင် ရယ်၏။ ထို့နောက် တံတောင်ဖြင့် ဖွဖွလေး တွတ်ပြီး ပြောသည်။

"ခုတော့ နန်းမြင့် ဖွင့်ပြောပြလို့ အပျိုဖြစ်ပြီလို့လည်း သိပြီ။ ပြီးတော့ နန်းမြင့်ကလည်း အပြန်ချစ်ရေးဆိုထားတော့ ကိုကို ဘယ်လိုခံစားရသလဲ"

"သိပ်ပြီး များများစားစားတော့ မခံစားချင်သေးဘူးလေ"

"ဘာဖြစ်လို့"

"ကို ပြောပြီးပြီပဲ။ နန်းမြင့်တို့သားအမိကိစ္စကို သူငယ်ချင်းတွေရောက်လာကြပြီးမှ ဆုံးဖြတ်ပေးမယ်လို့"

"မရေရာလိုက်တာ ကိုကိုရယ်၊ ကိုကို့စကားကြီးက တကယ့်အဖြေရှာမရတဲ့ ပုစ္ဆာကြီးတစ်ခုလိုပါလား"

ဟု ပြောကာ နန်းမြင့်သူ မကျေနပ် ဖြစ်သွား၏။

"ဒါကြောင့်ကို နန်းမြင့်ကိုပြောတာပေါ့။ ရှစ်ဆယ်ရာခိုင်နှုန်း ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com

ထားသေးတယ်။ နန်းမြင့် စိတ်အေးအေးထားပြီးပဲ နေဦးလို့လေ"

နန်းမြင့်သူ တစ်အောင့်လေး ငြိမ်နေ၏။ ထို့နောက် ဆက်ပြန်သည်။

"ကိုကို့စကားအရဆိုရင် ကိုကိုနဲ့ အစ်မကြီး မခင်တင့်တို့ တကယ်ညည်းစားဖြစ်နေကြတာ မဟုတ်ဘူးပေါ့နော်"

မောင်အေးချမ်း ခေါင်းညိတ်၏။

"နန်းမြင့်ကတော့ . . . ကိုကို့ကို တကယ် အသည်းနှလုံးနဲ့ ချစ်တာပါ။ ချစ်ဦးသူလည်း အစစ်ပါပဲ။ နန်းမြင့်က နှစ်မှ အပျိုဖြစ်တာဆိုတော့ အရင်ချစ်ခဲ့ဖူးသူဆိုတာလည်း မရှိပါဘူး။ ဒါကြောင့် ကိုကိုက အေးစက်စက်ကြီး သပ်နေပေမယ့် နန်းမြင့်ကတော့ ကိုကို့ကိုယူဖို့ ဆုံးဖြတ်လိုက်ပါပြီ"

နန်းမြင့်သူ ငြိမ်နေ၏။ မောင်အေးချမ်း ပြောလာမည့်စကားကို စောင့်နေဟန်ရှိသည်။ မောင်အေးချမ်းလည်း ဘာမှမပြောဘဲ နေသည်။ နန်းမြင့်သူက မောင်အေးချမ်းကို မခင်တင့်နှင့် သံသယရှိနေပုံရသည်။

"အစ်မကြီးမခင်တင့်က ကိုကို့ကို အတော်လေး ချစ်နေပုံပဲနော်"

မောင်အေးချမ်း ဘာမျှမပြော။

"ဒါပေမဲ့ အဲဒီအစ်မကြီးက ကိုကို့ထက် အသက်ကြီးတော့ လင်မယားဖြစ်ထိုက်ပါဘူး။ မိန်းမဆိုတာ အရွယ်ကလွယ်တယ်လေ။ ဒီတော့ မကြာခင် အဘွားကြီးဖြစ်သွားမှာ"

မောင်အေးချမ်း ရယ်ချင်စိတ်ကို အောင့်ထား၏။ နန်းမြင့်သူ ဘာကိုရည်ရွယ်ပြီး ပြောနေမှန်းလည်း ရိပ်မိ၏။ ကလေးစိတ် မပျောက်သေးတော့ သူ့လိုရာဆွဲပြောနေ၏။ ထို့ကြောင့် မောင်အေးချမ်း သနားချစ် ချစ်သွားမိသည်။ ရုပ်လေးကလည်း အချိုးအစားကျပြီး ဖြူဖြူဖွေးဖွေး ဝကစ်ကစ် ချစ်စရာလေးဖြစ်သည်။

"ဒီတော့ မခင်တင့်နဲ့ တကယ်ချစ်နေကြတာ မဟုတ်ဘူးဆိုရင် ကိုကို သူ့ဆီမှာ အဖက်အနမ်း မခံနဲ့နော်"

မောင်အေးချမ်းက ခေါင်းညိတ်၏။

"ခပ်ကင်းကင်းလေးပဲ နေပေါ့။ သူနဲ့ အတွေ့အထိလေးတွေလည်း မေ့ပစ်လိုက်နော်"

မောင်အေးချမ်းက ခေါင်းညိတ်၏။

"နန်းမြင့်ကတော့ ကိုကိုနဲ့ ယူဖြစ်သွားရင် အရမ်းပျော်မှာပဲ။ တိတ်တခိုး ချစ်နေခဲ့ရတာတွေ အားလုံးကို သင်ပုန်းချေလိုက်ပြီး ဒီရခိုင်ရိုးမကြီးရဲ့ တောတန်းတောင်စွယ်တွေမှာ လျှောက်သွားနေကြမယ်လေ။ စမ်းရေအတူသောက်မယ်။ ပန်းကောက်မယ်။ ကိုကိုက နန်းမြင့်ခူးပေးတဲ့ ပန်းလေးတွေကို ပန်ပေးလေ။ နန်းမြင့်က ကိုကိုသောက်မယ့်ရေကို လက်ခုပ်လေးနဲ့ ခပ်တိုက်မယ်။ ပြီးတော့ ဒန်းစီးကြမယ်။ အရမ်းပျော်စရာကြီးနော်"

နန်းမြင့်သူက ကလေးစိတ်အတိုင်း သူ့စိတ်ကူးတည့်ရာ လျှောက်ပြောပြီး တွေးပျော်နေ၏။ မောင်အေးချမ်းကလည်း သူ၏ အပျော်စိတ်ကလေးများ အနှောင့်အယှက်မဖြစ်စေရန်အတွက် သူ့အလိုလိုက်ပြီး ခေါင်းညိတ်၍သာနေ၏။

"နန်းမြင့်ဆို ဒီရခိုင်ရိုးမကြီးထဲ ရောက်တာ ကြာပြီဖြစ်ပေမယ့် တဲအိမ်ကြီးပတ်ဝန်းကျင်ကလွဲလို့ ဟိုဒီ သိပ်ပြီးတောင် မသွားရဲပါဘူး။ အသိမိတ်ဆွေဆိုတာလည်း မရှိဘူးလေ။ ပတ်ဝန်းကျင်နဲ့ အဆက်ဖြတ်ထားတဲ့ တစ်နေရာကိုသာရောက်နေရတော့ တကယ့်အကျယ်ချုပ် ကျနေရသလိုပါပဲ။ ဒါအပြင်ဆိုလို့ မြို့ကို ဈေးဝယ်သွားဖူးတာလောက်ပဲ ရှိတာပါ"

နန်းမြင့်သူသည် သူ့စိတ်မှာရှိသော စကားများကို ပွင့်ပွင့်လေး ပြောရဲလာသလို မောင်အေးချမ်းနဲ့လည်း ပိုမိုနီးကပ်နေရဲလာ၏။ ပြတင်းပေါက်မှ ရခိုင်ရိုးမကြီးကို မြင်နိုင်သမျှ ကြည့်ပြီးလည်း ကြည်နူးနေပုံရ၏။

မောင်အေးချမ်းကိုလည်း ချစ်သူရည်းစားတစ်ယောက်လို နီးနီးကပ်ကပ် နေရဲလာသလို အဖေ၊ အစ်ကိုကြီးများကဲ့သို့လည်း နေ၏။ မောင်အေးချမ်းမှာ နန်းမြင့်သူ ပျော်ရွှင်ကြည်နူးနေသည်ကို ကြည့်ပြီး သနားကရုဏာဖြစ်နေမိ၏။

နန်းမြင့်သူကို သနားကရုဏာ စိတ်ပိုလာသည်နှင့် အမျှ ဦးကျင်အောင်ကိုလည်း သာ၍ပင် ဒေါသထွက်လာပြီး အာဃာတလည်း ဖြစ်လာနေ၏ . . .။ မောင်အေးချမ်း၏ သူငယ်ချင်းများနှင့် ဝိုင်းကြံလျှင် ဦးကျင်အောင် ခံနိုင်ဖွယ် မရှိပေ။ ရက်ပိုင်း နာရီပိုင်းအတွင်းမှာပင် ကိစ္စတုံးသွားနိုင်သည်။

(ဆက်ရန်)

မင်းဟိန်းဓိဝိ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ငြိုးမာန်ဖွဲ့တဲ့ ကျိန်စာ

## အိမ်နိုင်း (Oasis)

အာကာလ ညအမှောင်က ပတ်ဝန်းကျင်တစ်ခုလုံးကို အနက်ရောင်ကမ္ဗလာ ခြုံလွှမ်းထားလျက်။ မိုးစက်ပေါက်တို့ကလည်း ကမ္ဘာမြေပြင်ထက်သို့ တဖောက်ဖောက်နှင့် ကျဆင်းနေသံမှာ ညဦးယံ သံစဉ်တေးသွားတစ်ပုဒ်ကို တီးခတ်နေသယောင်ယောင်။ ထိုအချိန်တွင် ကြီးကျယ်ခမ်းနားလှသော အိမ်ကြီးတစ်ဆောင်ရှေ့၌ မိန်းမပျိုတစ်ဦးမှာ ဒူးထောက်ကာ ထိုင်လျက်။ ရှည်လျားသော ဆံနွယ်တို့မှာလည်း မိုးစက်များဖြင့် စိုရွှဲကာ ကပ်နေလျက် မျက်နှာနှင့် ကျောပြင်ထက်သို့ ကပိုကယို ကျဆင်းနေကြသည်။ သူမ၏ လက်ထဲမှာလည်း တစ်စုံတစ်ခုကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလျက်ရှိသည်။ သေချာ သတိထား၍ကြည့်မည်ဆိုပါက ထိုမိန်းမပျို၏ မျက်နှာမှာ ချောမောလှပမှုနှင့် မလိုက်ဖက်စွာပင် တင်းမာခက်ထန်လျက် မျက်ဝန်းတို့ကလည်း နာကြည်းမှုကြောင့် အရောင်လက်နေသလိုလို။ မိန်းမပျို၏လက်ထဲရှိ တင်းကျပ်စွာ ဆုပ်ကိုင်ထားသော အရာမှာတော့ ဓားမြှောင်တစ်ချောင်းပါပေ။ သူမကတော့ ထိုမဟာနွယ်စံအိမ်ကြီး၏ သခင်မလေး စောနန်းဒေဝီပင် ဖြစ်ပေသည်။

“ငါ့သွေး၊ ငါ့သား၊ ငါ့ခန္ဓာနဲ့ ကျိန်ဆိုတယ်။ ငါတို့မျိုးရိုးစဉ်ဆက် တန်ဖိုးထားစောင့်ရှောက်ခဲ့တဲ့ တော်ဝင်စိန်တုံးကြီးနဲ့ ဘိုးဘွားပိုင်ရတနာတွေကို မတော်လောဘနဲ့ လုယက်ယူဆောင်သွားရုံတင်မက ငါတို့မိသားစုတစ်ခုလုံးကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ မြို့စားစဝ်ခွန်ဖဦးဆောင်တဲ့ လူယုတ်မာတစ်စုအား ငါ့ဝိညာဉ်၏ လိုက်လံလက်စားချေ ဒဏ်ခတ်မှုကို ခံစားရပါစေ။ ငါ၏ခွင့်လွှတ်မှုကို မရမချင်း ဘဝပေါင်းများစွာ သံသရာအဆက်ဆက် ငါ၏ ကျေးကျွန်များအဖြစ် ငါ့ဝိညာဉ်ထံပါးခစားရပါစေ။ ငါတို့ မျိုးရိုးစဉ်ဆက် ရတနာဖြစ်တဲ့ တော်ဝင်စိန်တုံးကြီးကို လက်ဝယ်ထားရှိကြသူများသည်လည်း ဘေးအန္တရာယ်အမျိုးမျိုးဖြင့် တွေ့ဆုံကြပါစေ။ ငါ၏ခွင့်လွှတ်မှု မရမချင်း ကမ္ဘာတည်သရွေ့ ငါ၏ကျိန်စာ တည်တံ့ပါစေသား”

မဟာနွယ်စံအိမ်ကြီး၏ သခင်မလေး စောနန်းဒေဝီမှာ ကျိန်စာတစ်ခုအား နာကြည်းစွာဖြင့် ရေရွတ်တိုင်တည်လိုက်အပြီးမှာတော့ သူမလက်ထဲမှ ဆုပ်ကိုင်ထားသော ဓားမြှောင်အားကိုင်မြှောက်ကာ ရင်ဝဆီသို့ ထိုးစိုက်ချလျက် သူမကိုယ် သူမ အဆုံးစီရင်လိုက်လေတော့သည်။ စောနန်းဒေဝီ၏ ခန္ဓာကိုယ်လေး မြေပြင်ထက်သို့ လဲကျသွားသည့်အချိန်မှာပဲ လျှပ်စီးတို့ တဖျတ်ဖျတ်လက်ကာ မိုးချိန်းသံအကျယ်ကြီးတစ်ချက်ကို ကြားလိုက်ကြရလေသည်။ ကောင်းကင်ကြီးကပင် သူမ၏ အမုန်းကျိန်စာကို အားဖြည့်ပေးနေလေရော့သလား မသိပါချေ။

“မဟာနွယ်စံအိမ်”

ထိုစံအိမ်ကြီးမှာတော့ မျိုးရိုးစဉ်ဆက် ချမ်းသာလာသော သူဌေးကြီးဦးခွန်မြတ်သာနှင့် ဇနီးဒေါ်နန်းကြာဖြူ၊ သမီးလေး စောနန်းဒေဝီ၊ အိမ်တော်ထိန်း ဒေါ်ကြေးမုံတို့ နေထိုင်ကြလေသည်။ မဟာနွယ်၏ အရှင်သခင် ဦးခွန်မြတ်သာတို့ မိသားစုမှာ မျိုးရိုးစဉ်ဆက် အတော်ပင်ချမ်းသာသည် ဆိုသော်ငြား ဟိတ်ဟန်မရှိ၊ မာနမရှိကြ။ အဆင့်အတန်းလည်း မခွဲခြား။ စိတ်ရင်းစေတနာ အလွန်ပင်ကောင်းမွန်ကာ အလှူအတန်းလည်း ရက်ရောကြသဖြင့် ထိုနယ်တစ်ဝိုက်မှာတော့ လူချစ်လူခင် များလှပေသည်။

ထို့အပြင် သမီးလေး စောနန်းဒေဝီ၏ ချောမောလှပလွန်းသော အလှအပကြောင့်လည်း မဟာနွယ်စံအိမ်မှာ ထိုနယ်တစ်ကြောတွင် လူသိများ ထင်ရှားလှပေသည်။

“စဝ်ခွန်ဖ”

ထိုနယ်၏ မြို့စားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီး လူမှုပေါင်းသင်းဆက်ဆံရေး ကျယ်ပြန့်လွန်းကာ လူရည်လည်လွန်းသည့်သူ တစ်ယောက်။ အပြင်ပိုင်းမှာ အပြောချိုသလောက် နောက်ကွယ်မှာ လူမိုက်များစွာ လက်သတ်မွေးပြီး ထိုနယ်၏ အုပ်ချုပ်ရေးကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားသူ။ သူမကျေနပ်သူ၊ သူ့ကိုအာခံသူများကို လူမသိ သူမသိ ပိရိသေသပ်စွာ လက်စဖျောက် ရှင်းလင်းပစ်တတ်သူတစ်ဦး။

မြို့သူမြို့သားများမှာလည်း စံခွန်ဖ၏ လုပ်ရပ်များကို ရိပ်မိကြပေမယ့် ပိရိသေသပ်လွန်းလှသောကြောင့် စံခွန်ဖ၏ မကောင်းမှုလုပ်ရပ်များကို သက်သေပြစရာ ရှာမရခဲ့ကြသလို ကြမ်းတမ်းရက်စက်လွန်းလှသော သူ၏တပည့်များရန်ကို ကြောက်ကြသဖြင့်လည်း မည်သူမှ သူ့ကို အာခံရဲသည့်သူ မရှိပေ။

ယခုလည်း စံခွန်ဖတစ်ယောက် မဟာနွယ်စံအိမ်ကြီးဆီသို့ ဂုဏ်ခြား ဆိုသလိုပင် သွားရောက်လည်ပတ်နေလေသည်။ အကြောင်းမှာ မဟာနွယ်အရှင်သခင် ဦးခွန်မြတ်သာထံ၌ လွန်စွာ အဖိုးထိုက်တန်သော တန်ဖိုးဖြတ်ဖို့ရန်ပင် ခက်ခဲသော ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းစောင့်ရှောက်လာသည့် စိန်တုံးကြီးရှိသည်ဆိုသည့်အကြောင်းကို သူ၏ အဆက်အသွယ်များမှတစ်ဆင့် သိရှိလာခဲ့သည် မဟုတ်ပါလော။ ထို့ကြောင့်ပင် စံခွန်ဖတစ်ယောက် အကြံအစည်ဖြင့် မဟာနွယ်သို့ ဝင်ထွက်ကာ သွားလာနေခြင်းပင် ဖြစ်သည်။ နဂိုကပင် ရိုးသားကာ စိတ်သဘောထား ကောင်းမွန်လှသော မဟာနွယ်၏ အရှင်သခင်များမှာတော့ စံခွန်ဖ၏အကြံအစည်ကို မသိကြရှာ။ ထိုသို့ ရိုးသားဖော်ရွေမှုများကပင် သူတို့အတွက် ကြမ္မာဆိုးများ ဖြစ်လာမည်ဟုသာ ကြိုသိခဲ့ပါလျှင်...။

"ဦးရီးရေ..ဒီမှာ တောင်ဆိတ်ဆီအစစ်လေး ကျုပ်တပည့် မုဆိုးတစ်ယောက်ဆီကရလို့ လာပေးတာဗျ။ သူက အဆစ်အမြစ်ကိုက်ခဲတာတွေအတွက် တယ်ကောင်းဆိုပဲဗျ။ ဦးရီးလည်း အသက်အရွယ်လေးရလာတော့ အဆစ်အမြစ်တွေ ကိုက်ခဲနေမှာပဲဆိုတာ တွေးမိလို့လေ။ ခရောင်းတန်းမှာ ရောင်းနေတဲ့ တောင်ဆိတ်ဆီက အရောအနှော တယ်များသကိုး ဦးရီးရဲ့။ ဒါကြောင့် ကျုပ်က အခုလို တောင်ဆိတ်ဆီစစ်စစ်လေး ရလာတော့ ဦးရီးကို သတိတရ လာပေးရတာပဲဗျ"

"တကူးတကကွယ်၊ အားနာစရာ။ ကျေးဇူးအများကြီးတင်ပါတယ် မြို့စားမင်းရယ်"

"ဩော်...တကူးတကရယ်လို့ ဘယ်ဟုတ်ပါ့မလဲ ဦးရီးရဲ့။ ဒီလူနဲ့ဒီလူ အားနာစရာလည်း မလိုပါဘူး။ နောက်လိုအပ်တာရှိလည်း ကျုပ်ကိုပြော ဟုတ်ပြီလား။ ဘာမှ အားနာစရာမလိုဘူး။ နောက်ပြီး ကျုပ်ကိုလည်း မြို့စားမင်း၊ မြို့စားမင်းနဲ့ မခေါ်ပါနဲ့ဗျ။ ရင်းရင်းနှီးနှီး ခွန်ဖလို့ပဲ ခေါ်ပါ"

"ကောင်းပါပြီ မောင်ခွန်ဖရယ်။ ကျေးဇူးတင်ပါတယ်။ ဦးရီးတို့အိမ်ကိုလည်း ကိုယ့်ဆွေကိုယ့်မျိုးလို သဘောထားပြီး ဝင်နိုင်ထွက်နိုင်ပါတယ်ကွယ်"

●●●

"မယ်မယ်ရယ်...နန်းတော့ အဲဒီ စံခွန်ဖဆိုတဲ့သူကို ကြည့်လို့မရပါဘူး။ မျက်လုံးတွေကိုက ရိုးသားမှုမရှိသလို"

"ဟဲ့...ဘယ်လိုပြောလိုက်တာလဲ သမီးလေးရယ်။ မောင်ခွန်ဖက သူများတွေအမြင်သာ ဆိုးတယ်ထင်ရပေမယ့် မယ်မယ်တို့အပေါ်မှာတော့ အလွန်ကောင်းရှာပါတယ်ကွယ့်။ နောက်တစ်ခါ အဲလိုမပြောပါနဲ့ သမီးရယ်။ သူ တစ်ဖက်သားအပေါ် အားနာစရာ"

"ဟုတ်ကဲ့ပါ မယ်မယ်။ မယ်မယ်တို့ ခမည်းတော်တို့ မကြိုက်ရင် နောက်တစ်ခါ နန်းသတိထားပါ့မယ်။ ဒါပေမဲ့ နန်းကတော့ အဲ့လူကို သဘောမကျတာ အမှန်ပဲ"

"ဩော်...တယ်ခက်ပါလားသမီးရယ်"

ရိုးသားလှသော ဦးခွန်မြတ်သာနှင့် ဒေါ်နန်းကြာဖြူတို့ကတော့ စံခွန်ဖ၏ မင်းသားခေါင်းဆောင်းထားသော ဘီလူးရုပ်ကိုမမြင်။ စံခွန်ဖ၏ မာယာပရိယာယ်များ ဖုံးလွှမ်းနေသော စကားလုံးများနှင့် အပြုအမူများအောက်မှာ စံခွန်ဖကိုပင် ပြန့်ပြီး အားနာနေမိသေးသည်။ ဦးခွန်မြတ်သာတို့ ထိုသို့ ရိုးသားလေလေ...စံခွန်ဖအတွက်တော့ သဘောတွေ့လေလေပင် ဖြစ်ပေတော့သည်။

တစ်ရက်...

မဟာနွယ်စံအိမ်၏ ကြမ္မာဆိုးများ အစပျိုးလာသောနေ့။

ထိုနေ့က...

"မိုးတွေကလည်း ဒီနေ့မှ အရမ်းကိုသည်းနေပါလား ဒေါ်ကြာဖြူရေ၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com

တံခါးတွေ သေချာပိတ်ပြီးပြီလား စစ်ဦးနော်။ တော်ကြာ မိုးတွေပက်နေဦးမယ်"

"စိတ်ချပါ သခင်မကြီး၊ ကျွန်မပြတင်းပေါက်တွေရော အိမ်တံခါးမကြီးကိုပါ သေသေချာချာ အကုန်စစ်ပြီးပါပြီရှင်"

"ဩော်...အင်း...အင်း...ကောင်းပါပြီ ဒေါ်ကြေးမုံရေ။ ကဲ..ကဲ၊ ဒေါ်ကြေးမုံလည်းနားတော့ ဟုတ်လား။ ဒါနဲ့ ကိုခွန်မြတ်သာနဲ့ သမီးလေးရော ဘာလုပ်နေလဲ"

"သခင်ကြီးက စာဖတ်ခန်းထဲမှာပါ။ မမလေး နန်းလေးကတော့ ထုံးစံအတိုင်း သူ့အခန်းထဲမှာပဲပေါ့ သခင်မကြီးရဲ့"

"ဩော်...ဟုတ်ပါပြီ ဒေါ်ကြေးမုံရေ ကျေးဇူးပါပဲနော်"

ထိုအချိန်တွင်...

"ဒေါက် ဒေါက် ဒေါက်"

"ဦးဦးရေ...ဦးရီး တံခါးခဏလောက် ဖွင့်ပါဦးဗျ။ ကျွန်တော် ခွန်ဖပါ။ အပြင်သွားရင်း ဒီနားမှာ ကားပျက်သွားလို့ပါဗျ"

"ဟင်...မောင်ခွန်ဖဆိုပါလား။ ဒေါ်ကြေးမုံရေ...တံခါးဖွင့်ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ သခင်မကြီး"

ထိုအချိန်တွင် ဦးခွန်မြတ်သာလည်း စာကြည့်ခန်းထဲမှ ထွက်လာပြီး-

"နန်းရေ..အပြင်က ချော်သံကြားသလားလို့။ ဘယ်သူတွေများလဲကွယ်"

"ဩော်...မောင်ခွန်ဖတို့ပါ။ သွားရင်းလာရင်း ကားပျက်လာကြလို့တဲ့လေ။ မိုးတွေကလည်း အရမ်းသည်းနေတော့ မိုးလာခိုကြပုံရတယ် မောင်ကြီးရယ်"

"ကျွဲ..."

"ကဲ...ကဲ...ဝင်ကြ၊ ဝင်ကြ။ ဘယ်လိုများဖြစ်လာရတာလဲ မောင်ခွန်ဖရယ်။ တစ်ကိုယ်လုံးလည်း စိုရွှဲလို့ပါလား"

"မပြောချင်တော့ပါဘူး ဦးဦးရယ်။ ကိစ္စလေးရှိလို့ အပြင်သွားတာ။ လမ်းမှာ ကားကပျက်နေတယ်လေ။ မိုးကလည်း ရွာချတော့ ဒုက္ခဖြစ်ကုန်တာပေ့ါ။ တော်သေးတာပေါ့ ဦးရီးရယ်။ ဒီနားကျမှ ကားပျက်ပေလို့သာပဲ။ မဟုတ်ရင် ကျုပ်တော်တော်ဒုက္ခများနေဦးမယ်။ ခုတော့ ဦးရီးတို့အိမ်နဲ့လည်း နီးနေပြီဆိုတော့ ပါလာတဲ့ ကျုပ်တပည့်သုံးယောက်ပါ အတူခေါ်ပြီး ခုလိုပြေးလာရတာပဲဗျို့။ ကျုပ်တို့ ဒီမှာ မိုးစဲသွားတဲ့ထိ နေပါရစေ ဦးရီးရေ၊ ဖြစ်ရဲ့လားခင်ဗျ"

"ဩော်...ဒါများ ခွင့်တောင်းနေစရာတောင် မလိုပါဘူး မောင်ခွန်ဖရယ်။ အေးအေးဆေးဆေး နေကြပါ။ ဒါနဲ့ ရေစိုအဝတ်တွေ လဲလိုက်ကြပါလား။ တော်ကြာ အအေးမိပြီး ဖျားနာကုန်မှဖြင့် ခက်နေမယ်ကွယ့်"

"ရပါတယ် ဦးရီးရယ်။ ခုလို ညကြီးမိုးချုပ် အကူအညီလာတောင်းရတာပဲ အားနာလှပါပြီ။ ကျုပ်တို့အတွက် စိတ်မပူပါနဲ့ခင်ဗျာ"

"ကောင်းပါပြီ မောင်ခွန်ဖရယ်။ ဒါဖြင့်လည်း သက်သာသလိုသာ နေကြပါကွယ်၊ ဟုတ်ပြီလား။ ဒေါ်ကြေးမုံရေ မောင်ခွန်ဖတို့အတွက် စားစရာသောက်စရာလေး တစ်ခုခု စီစဉ်ပေးလိုက်ပါကွယ်"

ဦးခွန်မြတ်သာတစ်ယောက်ကတော့ နဂိုကပင် စိတ်ရင်းစေတနာကောင်းမွန်သူပီပီ စဝ်ခွန်ဖတို့အပေါ် အိမ်ရှင်ဝတ္တရားကျေပွန်စွာနှင့် ဧည့်ဝတ်ကျေပွန်စွာပင် ဧည့်ခံလျက် ရှိနေပေသည်။ မကြာမီ ကျရောက်လာတော့မည့် ကြမ္မာဆိုးတစ်ခုကိုသာ စဝ်ခွန်ဖတို့အုပ်စု သယ်ဆောင်လာခဲ့သည်ကို သိခဲ့ပါလျှင်မူ ယခုကဲ့သို့ပင် ဧည့်ဝတ်ကျေပွန်နိုင်ပါလေမည်လော...။

အကြံသမား ခွန်ဖတစ်ယောက်ကတော့ အိမ်၏အခြေအနေကို မသိမသာအကဲခတ်ရင်း ပါလာသောတပည့်များကို မျက်စပစ်ကာ အချက်ပြလိုက်သည်မှာတော့ -

"ဟေ့...အားလုံး ဒီမှာထိုင်ကြစမ်း။ အော်မယ်မကြံနဲ့နော်။ ဇက်ပြုတ်သွားမယ်"

"ဟင်...မောင်ခွန်ဖ၊ မင်း...မင်းဟို့ ဒါဘာလုပ်တာလဲ"

"တိတ်စမ်း...ဦးခွန်မြတ်သာ၊ စကားမများနဲ့။ ဟိုကောင်တွေ စောနန်းဒေဝီကိုပါ ဒီကိုသွားခေါ်လာခဲ့စမ်း။ သွား...မြန်မြန်"

"ဟုတ်ကဲ့ မြို့စားမင်း"

ဦးခွန်မြတ်သာက -

"မောင်ခွန်ဖ...မင်း အကြံပက်စက်လှချည်လားကွယ့်...ဟင်၊ မင်းကို ငါတို့က ကိုယ့်သွေးသား အရင်းလိုသဘောထားပြီး ခင်မင်ပေးခဲ့တာ မင်းမို့လုပ်ရက်တယ်ကွယ်"

ဒေါ်နန်းကြာဖြူကလည်း -

"မောင်ခွန်ဖရယ်၊ မင်းလိုချင်တာ

www.burmeseclassic.com

www.burmeseclassic.com

ငါတို့တွေ ပေးပို့မယ်။ သမီးလေးနန်းကိုတော့ လွှတ်ပေးလိုက်ပါကွယ်"

"တိတ်စမ်း . . . စကားမများနဲ့။ ဘာမှအပိုတွေ မကြားချင်ဘူး။ ကဲ . . . ဦးခွန်မြတ်သာ၊ ကျုပ်လိုရင်းကိုပဲပြောမယ်။ ခင်ဗျားဆို့ဆီမှာရှိတဲ့ တော်ဝင်စိန်တုံးကြီးနဲ့ ဘိုးဘွားပိုင် ရတနာတွေကို ကျုပ်တို့ လိုချင်တယ်။ မသေချင်ရင် ကျုပ်တို့လက်ကို အသာတကြည်အပ်ပါ"

"ဘာကွ။ မင်း ဘာစကားပြောတာလဲ မောင်ခွန်ဖ။ ဒီစိန်တုံးက ငါတို့ မျိုးရိုးစဉ်ဆက် အသက်နဲ့ထပ်တူ တန်ဖိုးထား စောင့်ရှောက်ခဲ့ရတဲ့ တော်ဝင်ရတနာတစ်ပါးကွ။ မင်းလိုလူနဲ့ ထိုက်တန်မယ်လို့များ ထင်နေလားဟင်"

"ဟုတ်တယ် ဦးစဝ်ခွန်ဖ။ ရှင့်လို ကျေးဇူးကန်းပြီး ကောက်ကျစ်ယုတ်မာတဲ့ အရိုင်းအစိုင်းတစ်ယောက်နဲ့ ကျွန်မတို့ရဲ့ တော်ဝင်ရတနာက ထိုက်တန်မယ်များ ရှင်ထင်နေသလား . . . ငွှဲ"

"တိတ်ကြစမ်း။ ဟား . . . ဟား၊ စောနန်းဒေဝီ . . . မင်းလေးကလည်း အစွာလေးပါလားကွ။ အေး . . . ငါကလည်း အဲဒါမျိုးမှ ကြိုက်တာကွ။ မင်းနဲ့ငါ ပြီးမှ စာရင်းရှင်းမယ်၊ ကဲ . . . ဟော့ကောင်တွေ၊ မီးခံသေတ္တာထဲမှာ စိန်တုံးကြီးနဲ့ ဘိုးဘွားပိုင်ရတနာတွေ ရှိတယ်ဆိုတာ ငါအတိအကျသိထားတယ်။ မီးခံသေတ္တာဖျက်ပြီး သွားယူကြကွာ။ မြန်မြန်လုပ်ကြ . . . သွား"

"မောင်ခွန်ဖရယ် . . . ဒေါ်ကြီးတောင်းပန်ပါတယ်ကွယ်။ တခြားပစ္စည်းတွေ မင်းတို့ အကုန်ယူသွားပါ။ စိန်တုံးကြီးကိုတော့ မလုပ်ပါနဲ့ကွယ်"

"ဟော့ကောင် . . . ခွန်ဖ၊ မင်းလိုကောက်ကျစ်ယုတ်မာတဲ့ သူက ငါတို့ရဲ့ တော်ဝင်ရတနာနဲ့ မထိုက်တန်ဘူးကွ။ အနူလက်နဲ့ ရွှေခွက်နိုက်ချင်တဲ့ကောင် တော်ဝင်ရတနာတော့ မရဘူးဟေ့၊ ဒါပဲ ရမယ်ကွ"

ပြောပြောဆိုဆို ဦးခွန်မြတ်သာ တစ်ယောက် ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ နံရံမှ ငှက်ကြီးတောင်ဓားကို ပြေးဆွဲလိုက်သည့်မှာတော့-

"ဟာ . . . ဒီအဘိုးကြီး သေချင်နေပြီထင်တယ်၊ ကဲကွာ . . . သေစမ်း"

"ရှပ် . . . ဖွပ်"

"အမလေး . . . ကိုခွန်မြတ်သာ"

"သခင်ကြီး . . ."

"ခမည်းတော် . . . ခမည်းတော်"

"မင်း . . . မင်း ငါ့ယောက်ျားကို သတ်တယ်၊ ကဲ . . . သေစမ်း"

မျက်စိရှေ့တွင် ခင်ပွန်းဖြစ်သူ ရက်ရက်စက်စက် အသတ်ခံလိုက်ရသည်ကို မြင်လိုက်ရသော ဒေါ်နန်းကြာဖြူတစ်ယောက် ဦးခွန်မြတ်သာလက်ထဲမှ ငှက်ကြီးတောင်ဓားကို ဆွဲယူကာ စဝ်ခွန်ဖထံ ပြေးဝင်လာခိုက်စဉ်မှာတော့-

"ဟား . . . ဒီလောက်တောင်ဖြစ်လုတာ ဒီအဘွားကြီး . . . ကဲကွာ၊ ခင်ဗျား ယောက်ျားနောက် လိုက်သွားပေတော့။ ရော့ . . . သေစမ်းကွာ၊ တမလွန်မှာ ပျော်ပျော်ကြီးပေါင်းကြဟေ့ . . . ဟား ဟားဟား"

"အမလေး . . . မယ်တော်၊ မယ်တော်၊ ခမည်းတော်"

"အမလေး . . . သခင်ကြီး၊ သခင်မကြီး . . . လာကြပါဦးရှင်၊ လုပ်ကြပါဦး။ ဒီမှာ ဓားပြတိုက်နေလို့ပါ လာကြပါဦး"

"ဟာ . . . ဒီမိန်းမကြီးတော့၊ သေစမ်းကွာ . . . ကဲ"

"ရှပ် . . . ရှပ်"

"အား . . ."

"ဟင် . . . စဝ်ခွန်ဖ၊ ရှင် . . . ရှင်လူယုတ်မာ၊ လူသတ်သမား။ ရှင့်ကို ကျွန်မ လုံးဝမကျေနပ်ဘူး။ ရှင့်ကို ကျွန်မ သတ်မယ်၊ သတ်မယ်"

"ဟားဟားဟား . . . ဒီမှာ စောနန်းဒေဝီ၊ မင်းလို နုနုနွဲ့နွဲ့ မိန်းမလှလေးက ငါ့ကိုသတ်မယ် ဟုတ်လား။ ငါ့ကို မသတ်ခင် မင်းလေးကို ငါက နိဗ္ဗာန်ဘုံ အရင်ပို့ပေးမယ် . . . လာခဲ့စမ်း"

"ဟင် . . . ခွန်ဖ . . . နင် . . . နင် မယုတ်မာနဲ့နော်၊ မယုတ်မာနဲ့"

"ဟားဟား . . . မကြောက်ပါနဲ့ အချောအလှလေးရယ်။ ငါက မင်းကို နိဗ္ဗာန်အရောက်ပို့ပေးမလို့ပါကွ . . . ဟား ဟားဟား"

ကာမဘီလူးစီးနေသည့် ခွန်ဖတစ်ယောက် စောနန်းဒေဝီ၏ ခန္ဓာကိုယ်လေးအား အတင်းအဓမ္မ ဆွဲလဲကာ ယုတ်မာရန် ကြံစည်လေတော့သည်။

"ဟင် . . . စဝ်ခွန်ဖ၊ နင့်ကို ငါပြောနေတယ် ငါ့ကိုလွှတ်စမ်း။ ခုလွှတ် ကဲဟာ . . . ကဲဟာ"

နန်းဒေဝီမှာ ရှိသမျှအားလေးနှင့် စဝ်ခွန်ဖလက်မှ လွတ်အောင် အတင်းရုန်းကန်ရင်း လက်လှမ်းမီရာ စဝ်ခွန်ဖ၏မျက်နှာသို့ သူ၏လက်သည်းရှည်များဖြင့် ကုတ်ဖဲ့ပစ်လိုက်လေသည်မှာတော့-

"အား . . . ကောင်မ ရာရာစစ



www.burmeseclassic.com

www.burmeseclassic.com

နင်ကများ ငါ့အသားကို နာကျင်အောင် လုပ်တယ် ဟုတ်လား။ သေစမ်း. . . သေစမ်း"

"ဖြန်း. . .ဖြန်း"

စောနန်းဒေဝီ၏ လက်သည်းချက်ကြောင့် မျက်နှာတွင် စပ်ဖျဉ်းဖျဉ်း ဖြစ်သာသဖြင့် ခွန်ဖတစ်ယောက် သူ့မျက်နှာ သူစမ်းကြည့်လိုက်မိစဉ်မှာတော့ လက်သည်းဒဏ်ရာမှ စိမ့်ထွက်လာသော သွေးစများကို တွေ့လိုက်လေရာ ဆောင်းခနဲ ဒေါသထွက်သွားပြီး စိတ်ထိန်းနိုင်တော့ဘဲ စောနန်းဒေဝီ၏ ဖြူဖွေးနုဖတ်နေသော ပါးပြင်နှစ်ဖက်အား ညှာမတာပင် ရိုက်ချပစ်လိုက်သည်။ ထိုမျှပင်မကသေး ဒေါသအရှိန် မပြေနိုင်သော ခွန်ဖတစ်ယောက် စောနန်းဒေဝီ၏ လည်တိုင်ကြော့ကြော့လေးအား သူ၏လက်နှစ်ဖက်ဖြင့် အားကုန်ညှစ်ထားလိုက်သည်။

"သေ. . .သေ. . .သေလိုက်စမ်းကောင်မ။ ငါ့အသားနာအောင်လုပ်တဲ့ အကျိုးဆက်ပဲ၊ မှတ်ပြီလား။ သေစမ်းကွာ"

"အ. . .အ. . .အစ်. . .အစ်"

စောနန်းဒေဝီမှာ ရှိသမျှအားကုန်သုံးကာ စဝ်ခွန်ဖလက်မှ လွတ်မြောက်ရန် အစွမ်းကုန် ကြိုးစားရုန်းကန်ပါသော်လည်း ခွန်အားချင်း မမျှသောကြောင့်ပင် ရုန်းရင်းကန်ရင်းဖြင့် တဖြည်းဖြည်း မျက်လုံးများပြာဝေလာကာ ငြိမ်ကျသွားလေတော့သည်။

"ဟား. . .ဟား. . .ခုတော့ သေပြီမှတ်လား။ အေးတာပဲ။ မှတ်ထား အဲဒါ. . .ငါ့ကို ကလန်ကဆန်လုပ်တဲ့ အကျိုးပဲ။ ဟောကောင်တွေ. . .စိန်တုံးကြီးနဲ့ ရှိရှိသမျှရတနာတွေ အကုန်ထည့်ပြီးပြီဆိုရင် မြန်မြန်သွားကြမယ်ဟေ့၊ လာကြ"

စဝ်ခွန်ဖတို့လူစု ထွက်သွားပြီး နာရီဝက်ခန့်အကြာမှာတော့ -

"အား. . .ကျွတ် ကျွတ် ကျွတ်"

ညည်းညူသံနှင့်အတူပင် စောနန်းဒေဝီ၏ ခန္ဓာကိုယ်လေးမှာ လူးလွန့်လာခဲ့ပေသည်။

သူတို့ သေပြီးအမှတ်နှင့် ထားပစ်ခဲ့ပေမယ့် အမှန်မှာတော့ စောနန်းဒေဝီမှာ သတိလစ်သွားခဲ့ခြင်းပင်။

"ဟင့်. . .ဟင့်. . .ခမည်းတော်၊ မယ်မယ်. . .အဖြစ်ဆိုးလိုက်တာရှင်။ နန်း အစကတည်းက ဒီလူ့ပုံစံကို သဘောမကျပါဘူးလို့ အတန်တန်ပြောခဲ့ရက်နဲ့။ ခုတော့. . .အဟင့်ဟင့်၊ ဘယ်သူမှမရှိဘဲ နန်းတစ်ယောက်တည်း ဘယ်လိုနေခဲ့ရမှာလည်း မယ်မယ်ရယ် အီး. . .ဟီး. . .ဟင့်"

သနားစဖွယ် စောနန်းဒေဝီမှာ သူမ၏မိခင်နှင့် ဖခင်တို့ ရုပ်အလောင်းကိုဖက်ကာ ရင်ကွဲမတတ်ပင် ငိုကြွေးလျက် ရှိနေပေသည်။ အတန်ကြာ ငိုကြွေးအပြီးမှာတော့ တစ်စုံတစ်ရာကို စိတ်ပိုင်းဖြတ်လိုက်သည့်အလား မျက်ရည်စများကို လက်ခုံနှင့် ခပ်ကြမ်းကြမ်းပင် ပွတ်သုတ်ပစ်လိုက်သည်။

"တွယ်တာစရာ ဘယ်သူမှ မရှိတော့တဲ့ဘဝမှာ နန်းလည်း မနေချင်တော့ပါဘူး ခမည်းတော်နဲ့ မယ်တော်။ ဒါပေမဲ့ နန်း အဲ့ဒီ စဝ်ခွန်ဖဆိုတဲ့သူကို ဘယ်လိုမှ မကျေနပ်နိုင်ဘူး။ နန်းတို့မိသားစုကို ပြိုကွဲအောင်လုပ်ခဲ့တဲ့အပြင် နန်းတို့ရဲ့ တော်ဝင်ရတနာ စိန်တုံးကြီးကိုပါ ယူဆောင်သွားခဲ့တဲ့ စဝ်ခွန်ဖနဲ့ အပေါင်းအပါတွေကို နန်းပြန်ပြီး လက်စားချေမယ်၊ နန်း လက်စားချေရလိမ့်မယ်"

ယခုတော့ စောနန်းဒေဝီ၏ မျက်နှာမှာ အမုန်းတရားတို့ဖြင့် တင်းမာခက်ထန်နေလျက်။ မျက်ဝန်းများမှာလည်း နာကြည်းမုန်းတီးမှုကြောင့် အရောင်တဖျတ်ဖျတ် လက်နေသယောင်ပင်။ ထို့နောက်. . .စောနန်းဒေဝီမှာ သူမအတွက် ခမည်းတော်ပေးထားခဲ့ဖူးသော ဓားမြှောင်ကို ယူဆောင်ကာ စံအိမ်ရှေ့သို့ အားတင်းကာ လျှောက်လှမ်းလာခဲ့လေသည်။

စံအိမ်ရှေ့ မြက်ခင်းပေါ်အရောက်တွင်တော့ ဒူးထောက်ထိုင်ချလိုက်ရင်း သူမတို့မိသားစုအတူ ပျော်ရွှင်စွာ နေခဲ့ကြဖူးသည့် စံအိမ်ကြီးကို မော့ကြည့်ကာ မျက်ရည်များက ပါးပြင်ထက်သို့ အတားအဆီးမရှိ တလိမ့်လိမ့် ကျဆင်းလာကြသည်။ တဖွဲဖွဲ ကျဆင်းနေသော မိုးရေစက်များကလည်း သူမ၏ရင်ထဲမှ အပူကို အေးချမ်းသွားအောင် မစွမ်းဆောင်ပေးနိုင်ပါချေ။ အတန်ကြာ အားရအောင် ငိုရှိုက်အပြီးမှာတော့ မိုးရေများနှင့်စိုကပ်ကာ မျက်နှာပေါ် ကပိုကယိုကျနေသော ဆံနွယ်များကို သပ်တင်လိုက်ရင်း ရင်ဘတ်ထဲမှ အမုန်းတရားများက ကြောက်မက်ဖွယ်ရာ ကျိန်စာစကားလုံးများအဖြစ် ထွက်ကျလာခဲ့လေတော့သည်။

"ငါ့သွေး၊ ငါ့သား၊ ငါ့ချွေးနဲ့ ကျိန်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတယ်။ ငါတို့မျိုးရိုးစဉ်ဆက် တန်ဖိုးထားစောင့်ရှောက်ခဲ့တဲ့ တော်ဝင်စိန်တုံးကြီးနဲ့ ဘိုးဘွားပိုင် ရတနာတွေကို မတော်လောဘနဲ့ လုယက်ယူဆောင်သွားရုံတင်မက ငါတို့မိသားစုတစ်ခုလုံးကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ မြို့စားစဝ်ခွန်ဖဦးဆောင်တဲ့ လူယုတ်မာတစ်စုအား ငါ့ဝိညာဉ်၏ လိုက်လံလက်စားချေ ဒဏ်ခတ်မှုကို ခံစားရပါစေ။ ငါ၏ခွင့်လွှတ်မှုကို မရမချင်း ဘဝပေါင်းများစွာ သံသရာအဆက်ဆက် ငါ၏ကျေးကျွန်များအဖြစ် ငါ့ဝိညာဉ်ထံပါး ခစားရပါစေ။ ငါတို့မျိုးရိုးစဉ်ဆက် ရတနာဖြစ်တဲ့ တော်ဝင်စိန်တုံးကြီးကို လက်ဝယ်ထားရှိကြသူများသည်လည်း ဘေးအန္တရာယ်အမျိုးမျိုးဖြင့် တွေ့ဆုံကြပါစေ။ ငါ၏ခွင့်လွှတ်မှု မရမချင်း ကမ္ဘာတည်သရွေ့ ငါ၏ကျိန်စာ တည်တံ့ပါစေသား"

ရင်ဘတ်ထဲမှ အမုန်းတရားများကို ကြောက်မက်ဖွယ် ကျိန်စာအဖြစ် ပြောင်းလဲကာ ကျိန်ဆို၍ သူမခမည်းတော် ပေးထားခဲ့ဖူးသော ဓားမြှောင်ဖြင့် မိမိကိုယ်မိမိ ထိုးစိုက်ကာ သတ်သေသွားသော မဟာနွယ်၏ အရှင်သခင်မလေး စောနန်းဒေဝီ၏ ကျိန်စာများ တကယ်ပင် အသက်ဝင်လာလေမည်လော ဆိုသည်ကိုတော့…။

• • •

စဝ်ခွန်ဖနှင့် တပည့်သုံးဦးကတော့ တော်ဝင်စိန်တုံးကြီးနဲ့ ရတနာများကို လုယက်ယူဆောင်သွားပြီးနောက် အောင်ပွဲခံသည့်အနေဖြင့် စဝ်ခွန်ဖ၏ဗိမ်တွင် စားပွဲသောက်ပွဲများပင် ကျင်းပလျက်ရှိနေပေသည်။

"ဟား…ဟား။ စားကြသောက်ကြကွယ့်။ ခုလို အောင်မြင်မှုရတာဟာ မင်းတို့တစ်တွေရဲ့ စွမ်းဆောင်မှုကြောင့်လည်း အများကြီးပါဝင်နေတယ်။ အဲဒီတော့ ဒီရတနာတွေကို ထုခွဲရောင်းချပြီးတာနဲ့ မင်းတို့တွေကို ကျုပ်က ထိုက်ထိုက်တန်တန် ဆုချမယ်၊ ဟုတ်ပြီလား"

"ကျေးဇူးကြီးလှပါပေတယ် မြို့စားမင်းရယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျ"

ထိုအချိန်တွင် -

"ဒေါက်. ဒေါက် ဒေါက်"

"တံခါးခေါက်သံပါလား။ ဒီချိန်ကြီးမှ ဘယ်သူများပါလိမ့်။ ဟေ့…တစ်ယောက် အိမ်ရှေ့တံခါး သွားဖွင့်ကြည့်စမ်းကွာ"

"ကျို…"

"ဟင်…ဘယ်သူမှလည်း မရှိပါလား"

တံခါးသွားဖွင့်သော စဝ်ခွန်ဖ၏ တပည့်တစ်ဦးမှာ အပြင်တွင် မည်သူမှ မတွေ့သဖြင့် ဇဝေဇဝါဖြင့် အိမ်အပြင်ထွက်ကာ ဟိုဟိုဒီဒီ လျှောက်ကြည့်လိုက်စဉ်မှာတော့ ဖြူဖြူအရိပ်တစ်ခုကို ခြံထဲတွင် ဖျတ်ခနဲ တွေ့လိုက်ရလေသည်။

"ဟင်…ဘာပါလိမ့်"

ရွေ့လျားနေသလိုလို၊ မျောလွင့်နေသလိုလိုထင်ရသော ထိုအရိပ်ရှိရာသို့ နောက်မှ ထက်ကြပ်မကွာ လိုက်လံကာ ကြည့်ရှုရင်း ခြံထဲတစ်နေရာအရောက်မှာတော့ ထိုအရိပ်သဏ္ဌာန်က ရပ်တန့်သွားပြီး တဖြည်းဖြည်း သူ့ဘက်ကို မျက်နှာလှည့်လာသည်မှာတော့ -

"ဟင်…စောနန်းဒေဝီ၊ သ…သရဲ…သရဲ"

စောနန်းဒေဝီ၏ **အေးစက်စက်**အပြုံးနှင့် ခက်ထန်သော **မျက်နှာထား**ကို မြင်လိုက်ရလေသည်။ **ကြောက်လန့်**တကြားဖြင့် ထွက်ပြေးဖို့ရာအတွက် နောက်သို့ ပြန်လှည့်အပြေးမှာတော့-

"ရှီ…"

"ဖောက်…"

"အ…"

ခြေကျင်းဝတ်ဆီမှ ပူခနဲဖြစ်သွားသော အသိနှင့်အတူ သူ ခွေခနဲလဲကျသွားလေသည်။ ချက်ချင်းပင် အမြင်အာရုံတို့က ပြာဝေလာကာ လဲကျသွားလေတော့သည်။ သူ့ရဲ့ ဝိုးတဝါးအမြင်အာရုံထဲမှာတော့ ကျေနပ်သော အပြုံးတစ်ချက်ကိုပြုံးကာ မြွေတစ်ကောင်နှင့်အတူ တရွေ့ရွေ့ ကျောခိုင်းထွက်ခွာသွားသော စောနန်းဒေဝီ၏ ပုံရိပ်ကို မြင်လိုက်ရအပြီးမှာတော့ သူ၏အသိစိတ်တို့လည်း တဖြည်းဖြည်း မှောင်အတိကျသွားလေတော့သည်။

"ဟာ…ဟိုကောင် ဘယ်သွားနေတာပါလိမ့်၊ ကြာလှချည်လား။ လိုက်သွားကြည့်ကြစမ်း"

"ဟုတ်ကဲ့၊ မြို့စားမင်း"

စဝ်ခွန်ဖ၏ တပည့်နှစ်ဦးမှာ ခြံထဲသို့ဆင်းကာ လျှောက်ကြည့်လိုက်စဉ်မှာတော့ သူတို့အဖော်၏ အဆိပ်တက်ကာ တစ်ကိုယ်လုံး ပြာနှမ်းနေသော အသက်မဲ့ခန္ဓာကိုသာ တွေ့လိုက်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မြို့စားမင်း…မြို့စားမင်း၊ ဒီမှာ ဒီကောင်သေနေပြီ။ မြွေကိုက်သွားတာ ထင်တယ်ဗျ"

"ဟော…ဒီကောင်က ခြံထဲထိ ဘာဆင်းလုပ်တာပါလိမ့်။ နောက်ပြီး ငါ့ခြံဝင်းထဲမှာရော ဘယ်က မြွေက ရောက်လာရတာတုံး။ ကဲ…ကဲ ခုမှ တော့ အဲ့ဒါတွေထားလိုက်တော့။ ဒီ ကောင့်အလောင်းကိုသာ မင်းတို့ သွား ပြီး မြေမြှုပ်လိုက်တော့ ဟုတ်ပြီလား။ ကဲ…သွားကြ၊ သွားကြ"

နောက်တစ်နေ့ည -

"လူယုတ်မာခွန်ဖ…ငါ နင်တို့ကို လက်စားချေဖို့ ပြန်လာပြီ၊ ခု နင့်တပည့် တစ်ယောက်တော့သေပြီ။ တဖြည်း ဖြည်းနဲ့ နင့်အလှည့် ရောက်လာတော့ မယ်။ ငါ့ရဲ့ကျိန်စာသင့်ပြီး နင်တို့အားလုံး တစ်ယောက်ပြီးတစ်ယောက် အသေ ဆိုးနဲ့ သေစေရမယ်။ နင်တို့ရဲ့ ဝိညာဉ် တွေကလည်း ငါ့ရဲ့ ခွင့်လွှတ်မှုမရမချင်း ကျွတ်မလွတ်ဘဲ ငါ့ရဲ့ကျေးကျွန်တွေ အဖြစ် ငါ့ခြေရင်းမှာ ခစားရမယ်… ဟား…ဟား…ဟား"

"ဟင်…မင်း…မင်း၊ စောနန်း ဒေဝီ…မင်း…မင်းက သေသွားပြီပဲ။ အား…မလာနဲ့ ငါ့ဆီမလာနဲ့။ သွားစမ်း သွားစမ်း…အား"

စဝ်ခွန်ဖတစ်ယောက် အိပ်ပျော် သွားရာမှ အိပ်မက်ဆိုးများ မက်ပြီး ယောင်ကတမ်း အော်ဟစ်ကာ နိုး လာရသည်။ တစ်ကိုယ်လုံးလည်း ချွေး စေးများဖြင့် ရွှဲနစ်ကာ လူကလည်း တုန်ကယင်နေ၏။ အိပ်မက်၊ ဟုတ် သည်။ သူ စောနန်းဒေဝီကို အိပ်မက် မက်သည်ပဲ။ အိပ်မက်ထဲမှ စောနန်းဒေ ဝီ၏မျက်နှာမှာ အစွမ်းကုန် တင်းမာ ခက်ထန်နေလျက် မျက်ဝန်းများက လည်း သွေးအေးရက်စက်ကာ တန်ပြန် ကလဲ့စားချေလိုသည့် အမုန်းတရားတို့ ဖြင့် တောက်လောင်လျက်။ အတော်ပင် ကြောက်စရာကောင်းသည့် အိပ်မက်ပါ ပေလား။

ဒီရက်ပိုင်း စဝ်ခွန်ဖ ညဘက်တွေ မှာ ကောင်းကောင်း မအိပ်ရပေ။ အိပ် ပျော်သွားသည်နှင့် တစ်ပြိုင်နက်တည်း အိပ်မက်ထဲတွင် စောနန်းဒေဝီက သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ဒေါသ တကြီးဖြင့် ကြိမ်းမောင်းနေလေ့ရှိတာ ကြောင့် သူ လန့်လန့်နိုးလာရသည်။ နောက်ပြီး သူ့ပဲ စိတ်စွဲလမ်းနေလွန်း၍ လား မသိ။ တစ်ခါတစ်ရံ သူ့စံအိမ်တော် ထဲတွင် ဖျတ်ခနဲ ဖျတ်ခနဲ ဖြူလွလွ အရိပ်သဏ္ဍာန်တစ်ခုကို သူတွေ့နေရ သည်။

တစ်ပတ်ခန့်အကြာ -

"မြို့စားမင်း၊ မြို့စားမင်း"

"ဟဲ့…ဟုန်ဖ၊ မနက်စောစော စီးစီး ဘာတွေများဖြစ်လာရတာတုံး၊ ပြောစမ်း"

"ဟို…ဟိုကောင် သေပြီ မြို့စား မင်း"

"ဘာ…ဘယ်လိုဖြစ်တာတုံး၊ ငါ့ကို သေချာပြောစမ်း။ ဟုန်ဖ မင်းတို့ အတူ တစ်အိမ်တည်းနေကြတာမဟုတ် ဘူးလားကွ…ဟင်"

"ဟုတ်တယ် မြို့စားမင်း။ မနက် နာရီပြန် သုံးချက်တီး ကျော်ကျော် လောက်က သူ့အခန်းထဲကနေ ဗလုံး ဗထွေးနဲ့ ထိတ်လန့်တကြားအော်သံတွေ ကြားရတယ်။ အဲ့ဒါနဲ့ သူ့အခန်းတံခါးကို သွားခေါက်တော့လည်း ဘာမှတုံ့ပြန်သံ မကြားရတာနဲ့ ကျွန်တော် သူ့အခန်း တံခါးကို တွန်းဖွင့်ပြီး ဝင်သွားလိုက် တယ်။ အဲ့ဒီမှာတင်ပဲ သူ့အိပ်ရာပေါ်မှာ တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးပြီး မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ သေနေ တာကို တွေ့ရတာပါပဲ။ မသေခင်မှာ တစ်ခုခုကို အပြင်းအထန် ထိတ်လန့် ကြောက်ရွံ့သွားတဲ့ပုံပဲ"

"ဘာ…ဘယ်လို…အပြင်း အထန် ထိတ်လန့်ကြောက်ရွံ့သွားတဲ့ပုံ ဟုတ်လား"

"ဟုတ်ပါတယ် မြို့စားမင်း၊ ပြီး တော့လေ…ဟို…ဟို…ကျွန်တော် လည်း…ဟို"

"ဟာ…တဟိုဟိုနဲ့ ဘာဖြစ်နေ တာတုံး။ ပြောစရာရှိတာ မြန်မြန်ပြော စမ်း"

"ဟုတ်ကဲ့ပါ မြို့စားမင်း။ ပြီးတော့ လေ ကျွန်တော်လည်း ညက ဟိုမဟာ နွယ်စံအိမ်က သခင်မလေးကို အိပ်မက် မက်တယ်ခင်ဗျ"

"ဘာ…မင်း ဘာပြောလိုက် တယ်။ မဟာနွယ်သခင်မလေး ဟုတ် လား။ စောနန်းဒေဝီကို ပြောတာလား"

"ဟုတ်…ဟုတ်ပါတယ် မြို့စား မင်း။ စောနန်းဒေဝီပါ။ ည…ညက အိပ်မက်ထဲမှာ စော…စောနန်းဒေဝီ ကျွန်တော့်ဆီ ရောက်လာတယ်။ ကျွန် တော်တို့တစ်တွေကို လက်စားပြန်ချေ မယ်။ အကုန်လုံးကို တစ်ယောက်ပြီး တစ်ယောက် သေစေရမယ်ဆိုပြီး လက် ညှိုး ငေါက်ငေါက်ထိုးပြီး ကြိမ်းဝါးသွား တယ်။ ကြောက်စရာကောင်းလိုက်တာ မြို့စားမင်းရယ်။ ပြီး…ပြီးတော့လေ၊



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ၊ ဆက်ပြောစမ်း"

"ခုဖြစ်တဲ့ ကိစ္စမှာလည်း သူ. . သူ မသေခင်က ထိတ်လန့်တကြားနဲ့ ဗလုံးဗထွေး အော်ဟစ်လိုက်တဲ့အသံတွေရယ်၊ ခုသေသွားတော့လည်း. . . အပြင်းအထန် ထိတ်လန့်ကြောက်ရွံ့တဲ့ အမူအရာတွေရယ်ကို တွေ့ရတာ. . . ဟို. . . ဟိုလေ. . . စော. . . စောနန်းဒေဝီ လက်ချက်လို့ပဲ ကျွန်တော်ထင်တယ်"

"တိတ်စမ်း. . . ဟုန်ဖ။ အဓိပ္ပာယ်မရှိတဲ့ စကားတွေ လာမပြောစမ်းနဲ့။ သွား။ မင်း ငါ့ရှေ့က ခုထွက်သွားစမ်း။ ငါ ကြာရင် လုပ်မိတော့မယ်၊ သွား. . . သွားစမ်း"

စဝ်ခွန်ဖတစ်ယောက် တပည့်ဖြစ်သူ စိုင်းဟုန်ဖပြောသည့် အကြောင်းအရာများကို နားထောင်ရင်း သွေးပျက်မတတ် ထိတ်လန့်သွားရလေသည်။ ဒါ. . . ဒါဆို စောနန်းဒေဝီကို အိပ်မက်မက်တာ သူတစ်ယောက်တည်းမဟုတ်ဘူးပေါ့။ ခုဆို သူ့တပည့်နှစ်ယောက်လည်း အသက်ဆုံးရှုံးရပြီးပြီ။ ဒါ. . . ဒါဆို. . . နောက်တစ်ခေါက် ဘယ်သူ့အလှည့်ဖြစ်မလဲ။ တကယ်ပဲ စောနန်းဒေဝီ၏ ကျိန်စာတွေ သူတို့အပေါ် သက်ရောက်နေလေပြီလား။

"ဘာ. . . မင်းတို့ ဘာပြောလိုက်တာလဲ၊ ပြန်ပြောစမ်း"

"ဟုတ်ပါတယ်၊ စိုင်းဟုန်ဖ သေသွားပါပြီ မြို့စားမင်း။ ဘာကြောင့်လဲဆိုတာ မသိပေမဲ့ သူကိုင်နေကျ ဓားနဲ့ပဲ သူ့ကိုယ်သူ အဆုံးစီရင်သွားတာလို့ ယူဆရပါတယ် မြို့စားမင်း"

"ဟုန်. . . ဟုန်ဖက ဘာလို့ အဲလို လုပ်ရတာလဲ။ ဘာအကြောင်းကြောင့်လဲ"

"အဲ့ဒါတော့ သေချာမသိပေမဲ့ စိုင်းဟုန်ဖ မသေခင် သုံးလေးရက်လောက်ကတည်းက သူတစ်စုံတစ်ခုကို ထိတ်လန့်ကြောက်ရွံ့နေတဲ့ပုံ ဖြစ်နေပါတယ်။ မျက်လုံးတွေကလည်း ဂနာမငြိမ်ဘဲ ထိတ်လန့်နေသလိုပါပဲ။ ကျွန်တော်တို့တွေ မေးကြည့်ကြပေမယ့်လည်း ဘယ်လိုမှ မေးလို့မရပါဘူး မြို့စားမင်း။ အဲ. . . တစ်ခုတော့ရှိတယ်ခင်ဗျ။ တစ်ခါတစ်ရံမှာ သူနှုတ်ကနေပြီး သူလာနေပြီ၊ သူလာနေပြီ ဆိုပြီးတော့ ရေရွတ်နေတဲ့အသံကိုတော့ ကြားမိတယ် မြို့စားမင်း"

"ဘာ. . . သူလာနေပြီ၊ သူလာနေပြီ ဟုတ်လား"

စဝ်ခွန်ဖတစ်ယောက် ချွေးသီးချွေးပေါက်များ ကျလာကာ အကြီးအကျယ်ပင် ထိတ်လန့်တုန်လှုပ်နေချေပြီ။ ယခုဆို မဟာနွယ်စံအိတ်ကို ဝင်ရောက်လုယက်တုန်းက သူနှင့်အတူ ပါလာခဲ့သော တပည့်သုံးယောက်လုံး သေကုန်ကြလေပြီ မဟုတ်လား။ ဒါ. . . ဒါဆို မကြာမီ စောနန်းဒေဝီရဲ့ ကျိန်စာက သူ့ထံရောက်လာတော့မှာပေါ့။ သူ သူတကယ်ပဲ သေရတော့မှာလား။

• • •

သူတကယ်ပဲ သေရတော့မှာလား။

စဝ်ခွန်ဖ။

သူ ဒီရက်ပိုင်းမှာ နေ့နေ့ညည ချောက်ချားနေရသည်။ ညဘက်တွေမှာလည်း မျက်လုံးမှိတ်လိုက်တာနဲ့ပဲ စောနန်းဒေဝီ၏ ဝိညာဉ်က ရောက်လာတတ်သဖြင့် သူကြာလာတော့ မအိပ်ရဲတော့။

နေ့ခင်းဘက်တွေတောင်မှလည်း သူ့ကို တစ်နေရာရာကနေ တစ်ယောက်ယောက်က လိုက်လံကြည့်ရှုနေသလို အမြဲခံစားနေရသည်။ မဖြစ်တော့။ သူ ဒီစိန်တုံးကြီးကို အမြန်ဆုံး ရောင်းထုတ်ပစ်မှပင် ဖြစ်ချေတော့မည်။ သို့မှသာ စောနန်းဒေဝီ ဝိညာဉ်၏ ခြောက်လှန့်ခံရခြင်းမှ ကင်းဝေးစေနိုင်လိမ့်မည်ဟု ထင်သည်။

ထို့ကြောင့်ပင် သူ၏ အဆက်အသွယ်တချို့ဖြင့် နယ်စပ်မှ ကျောက်ကုန်သည်များထံသို့ စိန်တုံးကြီးရောင်းရန်အတွက် စဝ်ခွန်ဖ စီစဉ်လေတော့သည်။ နက်ဖြန်ဆိုလျှင်ပင် ကုန်သည်တစ်ဦးနှင့် စိန်တုံးကြီးအား ဈေးစကားပြောရန် ချိန်းဆိုထားပြီးလေပြီ မဟုတ်ပါလား။ ထိုနေ့ည -

"စဝ်ခွန်ဖ. . . ရှင်က ကျွန်မတို့ရဲ့ တော်ဝင်ရတနာကို ရောင်းထုတ်ပစ်ဖို့ ကြံစည်နေပြီပေါ့လေ။ ဟား. . . ဟား ဟား. . . ရှင့်ဆီမှာ စိန်တုံးကြီးမရှိတော့ တာနဲ့ပဲ ရှင် ကျွန်မလက်က လွတ်မယ် များ ထင်နေသလား။ ဝေးသေးတယ် စဝ်ခွန်ဖ။ ကျွန်မ ရှင့်အသက်ကို လာ နုတ်ယူတော့မယ်။ ရှင် အဆင်သင့်သာ ပြင်ထားပါလေ။ ဩော် . . . ပြီးတော့ ရှင့်ကို တစ်ခုပြရဦးမယ်။ ဟိုမှာကြည့် စမ်း စဝ်ခွန်ဖ"

စောနန်းဒေဝီ လက်ညှိုးညွှန်ပြရာ အခန်းနံရံကို သူ ကြည့်လိုက်မိသော တော့ နံရံပေါ်မှာ တဖြည်းဖြည်းနှင့်ပေါ် လာသည့် ပုံရိပ်များက မဟာနွယ်စံအိမ်



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ မဟာန္တယ်စံအိမ်ထဲတွင် စောနန်းဒေဝီ၏ အစေအပါးအဖြစ် အလုပ်အကျွေးပြုနေရသော သေဆုံးခဲ့ပြီးဖြစ်သည့် သူ၏တပည့်သုံးယောက်တို့၏ ပုံရိပ်များ။ ကြည့်နေရင်းမှာပင် ပုံရိပ်များက တဖြည်းဖြည်းနှင့် ပြန်လည်မှေးမှိန်ပျောက်ကွယ်သွားလေတော့သည်။

“ဟင်···ဒါ···ဒါက”

“ဟား···ဟား···ဟား။ ဟုတ်တယ် စဝ်ခွန်ဖ။ အဲ့ဒါ ရှင့်တပည့်သုံးယောက်လေ။ ရှင်မြင်တယ်မဟုတ်လား။ နောက်ဆိုရင် ရှင်လည်း ကျွန်မရဲ့ အစေအပါးတစ်ယောက် ဖြစ်လာတော့မယ်။ ကျွန်မရဲ့ ခွင့်လွှတ်မှုမရမချင်း ရှင်တို့ ဝိညာဉ်တွေ လွတ်မြောက်ခြင်းမရှိစေရဘဲ ကျွန်မရဲ့ အစေအပါးအဖြစ် ရှိနေစေရမယ်··ဟားဟားဟား။ မကြာတော့ပါဘူး စဝ်ခွန်ဖရယ်။ ရှင့်အသက်ကို ကျွန်မ လာယူတော့မယ်၊ လာယူတော့မယ်···ဟားဟားဟား”

“အား···အား”

စဝ်ခွန်ဖ အထိတ်တလန့်နှင့် ယောင်ယမ်းကာ အော်ဟစ်ရင်း လန့်နိုးလာရသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးစေးများဖြင့် စိုရွှဲလို့။ စောနန်းဒေဝီ၏ကျိန်စာကနေ လွတ်မြောက်နိုင်ဖို့ သူ ဘယ်လိုလုပ်ရမလဲ။ ဒီကျိန်စာကနေ လွတ်မြောက်စေနိုင်မယ့် နည်းလမ်းရော တကယ်ပဲ မရှိတော့ဘူးလား။

နောက်နေ့မနက် ရောက်တော့ ချိန်းဆိုထားသည့် ကျောက်ကုန်သည်နှင့် တွေ့ဆုံကာ စိန်တုံးကြီးကို ပြလိုက်တော့ အရည်အသွေး ကောင်းလွန်းလှသော စိန်တုံးကြီးကို ကြည့်ရင်း ထိုကုန်သည်၏ မျက်နှာမှာ သဘောကျတပ်မက်သည့် အရိပ်အယောင်များ တဖွားဖွား ပေါ်ပေါက်နေသည်ကို စဝ်ခွန်ဖ တွေ့လိုက်ရသည်။ ဈေးစကား ညှိနှိုင်းကြတော့လည်း သူလိုချင်သည့်ပမာဏ အတိုင်းပင် ထိုကုန်သည်က ထိုက်ထိုက်တန်တန်ပေးကာ စိန်တုံးကြီးအား ဝယ်ယူသွားလေတော့သည်။

စဝ်ခွန်ဖတစ်ယောက် အလွန်ပင် ကျေနပ်နေရလေသည်။ သူလိုချင်သည့် ငွေကြေးပမာဏနှင့်လည်း စိန်တုံးကြီးမှာ ရောင်းထွက်သွားလေပြီ။ ထို့ထက်ပို၍ ကျေနပ်စရာကောင်းတာက နေ့နေ့ညည သူ့ကို အမြဲခြောက်လှန့်နေတတ်သည့် စောနန်းဒေဝီ၏ ဝိညာဉ်ကို မတွေ့ရတာလည်း ခုဆို နှစ်ရက်ပင် ရှိသွားလေပြီ။ စိန်တုံးကြီးနှင့်အတူ စောနန်းဒေဝီ၏ ဝိညာဉ်မှာ အတူလိုက်ပါသွားခဲ့လေပြီလားပင်မသိ။ ထိုသို့ဆိုလျှင်တော့ သူ့အတွက် အတိုင်းထက်အလွန်ပင် ဝမ်းမြောက်စရာ ကိစ္စပင်တည်း။

အိမ်အပေါ်ထပ် လသာဆောင်မှာထိုင်၍ တပည့်ဖြစ်သူ စီစဉ်ထားပေးသော အရက်နှင့်အမြည်းကို ဖြည်းဖြည်းချင်း အရသာခံသောက်ရင်း စဝ်ခွန်ဖတစ်ယောက် မျက်စိစုံမှိတ်ကာ သူဆွဲထားသော အစီအစဉ်များကို ပြန်တွေးနေမိသည်။

နောက် သုံးရက်၊ လေးရက်ဆိုလျှင် စိန်တုံးကြီးရောင်း၍ ရထားသော ပိုက်ဆံများနှင့်အတူ စောနန်းဒေဝီတို့၏ ဘိုးဘွားပိုင် ရတနာများနှင့်တကွ သူပိုင်ဆိုင်သမျှ စည်းစိမ်တို့ကိုပါ ယူကာ တခြားနယ်သို့ ပြောင်းရွှေ့နေထိုင်ရန် အတွက်လည်း သူစီစဉ်ထားပြီးလေပြီ။ စောနန်းဒေဝီ၏ အရိပ်အငွေ့အသက်များရှိရာ ဒီမြို့ကို သူစွန့်ခွာသွားတော့မည်။ နေရစ်ပေတော့ စောနန်းဒေဝီရေ။

“မင်း ဘာတတ်နိုင်သေးလဲ စောနန်းဒေဝီရယ်···ဟားဟား။ မင်း ဘယ်လောက်ထိလိုက်နိုင်မလဲ···ဟားဟား”

ထိုအချိန်တွင် သူ့တစ်ကိုယ်လုံး စိမ့်ခနဲဖြစ်သွားသော ခံစားမှုနှင့်အတူ ကြက်သီးမွေးညင်းများ ထလာသောကြောင့် ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်မိစဉ်မှာတော့ -

“ဟင်···မင်း···မင်း···စော စောနန်းဒေဝီ၊ မင်း···မင်းက စိန်တုံးကြီးနဲ့အတူ လိုက်···လိုက်သွားပြီမဟုတ်ဘူးလား”

“ဟားဟား···ရှင် တော်တော်ရယ်စရာကောင်းတာပဲ စဝ်ခွန်ဖရယ်။ ရှင့်ဆီမှာ စိန်တုံးကြီးမရှိတော့တာနဲ့ပဲ ရှင် ကျွန်မလက်က လွတ်မတဲ့လား။ ဝေးသေးတယ် စဝ်ခွန်ဖ။ ဒီမယ်စဝ်ခွန်ဖ၊ ကျွန်မခွင့်ပြုချက်မရှိဘဲ စိန်တုံးကြီးကို လက်ဝယ်ထားရှိတဲ့သူ မှန်သမျှလည်း ဘေးဒုက္ခအမျိုးမျိုးတွေ့စေရမယ်။ နဲ တော့ ရှင့်အလှည့်ရောက်ပြီ။ ကျွန်မ ရှင့်အသက်ကို ခုလာယူတာပဲ ··· ဟားဟားဟား”

“မင်း···မင်း···ရှေ့မတိုးလာနဲ့နော်၊ သွား···ထွက်သွားစမ်း”

“ဟားဟား··ဘယ်လိုလဲ စဝ်ခွန်ဖရဲ့။ သူများအသက်ကို သတ်တုန်းကတော့ ရှင် အဲ့လိုအမူအရာလား။ ရှင် ကျွန်မမိဘတွေကို ကြက်ကလေး ငှက်ကလေးသတ်သလို သတ်ခဲ့တာလေ။ ခု ရှင့်အလှည့်ကျမှ ကြောက်နေပြီလား ဟားဟားဟား”

ကြောက်မက်ဖွယ် တင်းမာခက်

www.burmeseclassic.com

www.burmeseclassic.com

ထန်နေသော မျက်နှာထားနှင့် လက်ညှိုး ငေါက်ငေါက်ထိုးကာ သူ့ထံ တရွေ့ရွေ့ ချဉ်းကပ်လာနေသော စောနန်းဒေဝီကို ကြည့်ရင်း စဝ်ခွန်ဖတစ်ယောက် အတိုင်းအဆမရှိ ထိတ်လန့်ကြောက်ရွံ့မှုကို ခံစားရကာ ချွေးသီးချွေးပေါက်များပင် ကျလာရသည်။

"မင်း...မင်း...မလာနဲ့နော်၊ မလာနဲ့။ ရှေ့ဆက်မတိုးခဲ့နဲ့လို့ ပြောနေတယ်နော်...အ...အား"

အထိတ်တလန့်ဖြင့် ဘေးဘီဝဲယာ မကြည့်မိဘဲ နောက်သို့ တဖြည်းဖြည်းနဲ့ ဆုတ်သွားသော စဝ်ခွန်ဖတစ်ယောက် အရှိန်လွန်ကာ လသာဆောင် ဝရံတာမှနေ၍ အောက်သို့ ပြုတ်ကျသွားလေသည်မှာတော့ အတော်ပင်မြင့်သည့် ဝရန်တာမှ ပြုတ်ကျသည့်အရှိန်ကြောင့် အကြောများဆွဲ၍ အသက်ငင်ကာ ပါးစပ်မှ သွေးများ ပွက်ခနဲအန်ထွက်လာပြီးနောက် သေဆုံးသွားသော စဝ်ခွန်ဖ၏ အလောင်းကို ကြည့်ရင်း အားရကျေနပ်စွာပြုံးကာ လှည့်ထွက်သွားသော စောနန်းဒေဝီ၏ ပုံရိပ်ကိုသာ စဝ်ခွန်ဖတစ်ယောက် မြင်နိုင်ခဲ့မည်ဆိုပါလျှင်...။

တစ်ဖက်မှလည်း စိန်တုံးကြီးကို ဝယ်ယူသွားသော ကျောက်ကုန်သည်မှာ အရည်အသွေးကောင်းလွန်းလှသော စိန်တုံးကြီးကိုကြည့်ရင်း စီးပွားရေးသမားပီပီ သူပြန်လည်ရောင်းချပါက ရရှိလာမည့် အမြတ်အစွန်းများကို မြင်ယောင်ရင်း တစိမ့်စိမ့်နှင့် ပီတိဖြစ်စွာ ပြုံးလိုက်မိလေသည်။ ထို့နောက် ကတ္တီပါဘူးထဲမှာ စိန်တုံးကြီးကို တယုတယထည့် သိမ်းလိုက်ရင်း ထိုကတ္တီပါဘူးကိုလည်း သူ့ခေါင်းအုံးအောက်သို့ ထည့်ကာ အိပ်ရာဝင်ခဲ့လေတော့သည်။

အိပ်နေရင်းမှာပင် အိပ်မက်လိုလို တကယ်လိုလိုနဲ့ သူ့အခန်းတံခါးဖွင့်သံကို သူကြားလိုက်ရပြီး မီးခိုးငွေ့လိုလို ဘာလိုလို ဖြူဖြူအခိုးအငွေ့များ သူ့အိပ်ခန်းထဲမှာ ပြည့်ဖုံးသွားရသည်။ ထိုဖြူဖြူအငွေ့များ စဲသွားချိန်မှာတော့ သူ့ခုတင်ဘေးမှာ မတ်တတ်ရပ်နေသည့် အလွန်ချောမောလှပသော မိန်းကလေးတစ်ဦးကို တွေ့လိုက်ရလေသည်။

"မင်း...မင်းဘယ်သူလဲ"

သူ မေးခွန်းမေးလိုက်မိပေမယ့် စကားသံတွေဟာ သူ့နှုတ်ဖျားကနေ တကယ်ပဲ ထွက်ကျလာခဲ့တာလား၊ မလာခဲ့ဘူးလားဆိုတာကိုတော့ သူဝေခွဲမရပေ။

"ကျွန်မနာမည် စောနန်းဒေဝီပါ။ ကျွန်မက ဒီစိန်တုံးကြီးရဲ့ နဂိုမူလပိုင်ရှင်ပါ။ ရှင်ဝယ်ယူခဲ့တဲ့ မြို့စားစဝ်ခွန်ဖဟာ ကျွန်မတို့မိသားစုကို ရက်ရက်စက်စက် သတ်ဖြတ်ပြီး ဒီစိန်တုံးကြီးနဲ့ ဘိုးဘွားပိုင်ရတနာတွေကို လုယူသွားခဲ့တယ်။ ခုတော့ အဲဒီလူယုတ်မာတွေကိုလည်း ကျွန်မ လက်စားချေပြီးပြီ။ အဲဒီတော့ ရှင့်ကို ကျွန်မ မေတ္တာရပ်ခံချင်တာက ဒီစိန်တုံးကြီးကို သူ့ရဲ့ နဂိုမူလနေရာဖြစ်တဲ့ ကျွန်မတို့ရဲ့ မဟာနွယ်စံအိမ်ကြီးဆီကို ပြန်ပို့ပေးပါ။ အဲလိုမှမဟုတ်ပဲ ရှင် ဒီစိန်တုံးကြီးကို ပြန်မပို့ဘဲ မတော်လောဘနဲ့ ယူဆောင်ထားမယ်ဆိုရင်တော့ ဘေးဒုက္ခတွေ့ရလိမ့်မယ်။ ဒါ ကျွန်မ ရှင့်ကို လာသတိပေးတာပါပဲ"

ပြောပြီးပြီးချင်း မိန်းမပျိုလေးမှာ အခန်းအပြင်သို့ ချာခနဲ လှည့်ထွက်သွားလေသည်။ သူဖျတ်ခနဲ သတိဝင်လာမိတော့ -

"ဟင်...ငါ...ငါ အိပ်မက်မက်နေတာလား။ ထူးဆန်းလိုက်တာ။ အိပ်မက်ဆိုပေမယ့် တကယ်လက်တွေ့ဖြစ်နေသလိုပါပဲလား။ အိပ်မက်ထဲက အတိုင်းဆို ငါ...ငါ...ဘယ်လိုလုပ်ရမလဲ။ အို...အဲဒါတွေ အယုံအကြည်မရှိပါဘူး။ တကယ်လို့ အဲမိန်းကလေးသာ ပိုင်ရှင်အစစ် ဖြစ်ခဲ့ရင်လည်း ခုချိန်မှာ သူက သေသွားပြီလေ။ အဲဒါဆို ဒီစိန်တုံးကြီးဟာ ပိုင်ရှင်မဲ့ ဖြစ်နေမှာပေါ့။ အဲ့ဒီတော့ ဘာပဲဖြစ်ဖြစ် ငါဒီစိန်တုံးကြီးကို ပြန်မပေးနိုင်ဘူး။ ဟုတ်တယ်၊ ဒါ ငါဝယ်ထားတာ ဖြစ်တဲ့အတွက် ငါ့စိန်တုံးပဲ။ ဘယ်သူ့ကိုမှ မပေးနိုင်ဘူး"

ကျောက်ကုန်သည်ကြီးမှာ သူမက်ခဲ့သော အိပ်မက်ကို တွေးရင်း တစ်ယောက်တည်း တောင်စဉ်ရေမရအတွေးများ စွာဖြင့် တွေးနေမိလေတော့သည်။ သို့ပေမဲ့ သူဒီစိန်တုံးကြီးကို အဆုံးရှုံးမခံနိုင်ပါချေ။ သူ့ရဲ့ ကုန်သည်လုပ်သက်အရ ဒီစိန်တုံးကြီး၏ အဖိုးထိုက်တန်မှုကို သူသိနေသည်မဟုတ်ပါလား။

ထိုအမျိုးသမီးကို အိပ်မက်မက်သည့် နေ့မှစ၍ သူ ညစဉ် ကောင်းကောင်း အိပ်မပျော်ပေ။ ညတိုင်းလိုလိုပင် အိပ်မက်ထဲမှာ ထိုစောနန်းဒေဝီဆိုသည့် မိန်းကလေးက သူ၏စိန်တုံးကြီးကို နဂိုမူလနေရာသို့ ပြန်ပို့ပေးရန်နှင့် မပို့ပေးပါက ဘေးဒုက္ခရောက်မည့်အကြောင်း လာရောက်ပြောဆိုကြိမ်းဝါးနေသောကြောင့် သူညစဉ် ထိတ်လန့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း…မဖြစ်တော့ဘူး။ ဒီစိန်တုံးကြီးကို အမြန်ဆုံး ရောင်းပစ်မှပဲ ဖြစ်တော့မယ်"

ထိုနေ့က သူ့လှုယုံတပည့်တစ်ယောက်ကို စိန်တုံးကြီးအကြောင်း ပြောပြတိုင်ပင်ရင်း ညရောက်တော့ ထုံးစံအတိုင်းပင် စိန်တုံးကြီးကို ကတ္တီပါဘူးနှင့်ထည့်ကာ သူ့ခေါင်းအုံးအောက်ထည့်၍ အိပ်ရာဝင်ခဲ့လေသည်။ မည်မျှအိပ်ပျော်သွားသည်ရယ် မသိ။ လည်ပင်းဆီမှ အေးစက်စက် အထိအတွေ့ကြောင့် သူနိုးလာတော့ သူ့လည်ပင်းကို ဓားဖြင့်ထောက်ထားသော သူ့လှုယုံတပည့်ဖြစ်သူအား တွေ့လိုက်ရလေသည်။

"ဟင်…မင်း…မင်း…ဒါဘာလုပ်တာလဲ"

"စကားမများနဲ့။ ကျုပ်ကို ခင်ဗျားဆီမှာရှိတဲ့ စိန်တုံးကြီး ထုတ်ပေးစမ်း"

"မင်း…မင်း ယုတ်မာလှချည်လားကွ…ဟင်။ ငါ မင်းအပေါ် ဒီလောက်ယုံကြည်ခဲ့တာ မင်းမို့ ငါ့အပေါ် သစ္စာဖောက်ရက်တယ်"

"တိတ်စမ်း…အဘိုးကြီး။ စကားမများနဲ့။ လောကမှာ အရေးအကြီးဆုံးက ချမ်းသာဖို့ပဲ။ ခင်ဗျားမှာ ဒီလောက်တန်ဖိုးကြီးတဲ့ စိန်တုံးကြီးရှိနေမှန်းသိမှတော့ ကျုပ်က ခင်ဗျားအပေါ် ဘာအကြောင်းကြောင့် သစ္စာစောင့်ထိန်းစရာ လိုသေးလို့လဲ။ အဲ့စိန်တုံးကြီးသာ ကျုပ်ရခဲ့ရင် ကျုပ် ဒီတစ်သက် စားမကုန်အောင် ချမ်းသာပြီဗျ။ ချမ်းသာပြီ ဟားဟားဟား…"

"ဒီမှာ ပေ့ကောင်၊ ငါမွေးတဲ့ မြောက်ကမျှား ငါ့ပြန်ခြောက်ရတယ်လို့ကွာ။ ငါ အသေသာခံသွားမယ်။ မင်းလို ကောင်လက်ထဲ ငါ့စိန်တုံးကြီးတော့ အပါမခံဘူးပေ့"

"ဟာ…ဒီလောက်တောင် ကဆန်ကဆန်လုပ်ချင်တဲ့ အဘိုးကြီး ရော့ကွာ…သေစမ်း"

"ရှပ်…ရွှတ်…စွပ်"

"အား…"

ကုန်သည်ကြီး၏တပည့်မှာ စိန်တုံးကြီးအကြောင်း ကြားသိရပြီးနောက် လောဘဇောတက်ကာ သခင်ဖြစ်သူအား လုပ်ကြံသတ်ဖြတ်၍ စိန်တုံးကြီးအား ယူဆောင်သွားလေတော့သည်။ လှုယုံတပည့်ဖြစ်ခဲ့သဖြင့် အရေးကြီးပစ္စည်းများကို ခေါင်းအုံးအောက်တွင်ထားကာ အိပ်တတ်သည့် ကုန်သည်ကြီး၏အကျင့်ကို သိထားသူဖြစ်သည့်အတွက် စိန်တုံးကြီးကိုရှာရသည်မှာ သူ့အတွက်တော့ မခက်ခဲလှပေ။ အကယ်၍များ စိန်တုံးကြီးကို ယူဆောင်ကာ ထွက်သွားသည့် သူ့ထံသို့ တစ်နေရာမှနေ၍ မျက်ဝန်းတစ်စုံက ခက်ထန်စွာ စိုက်ကြည့်နေခဲ့သည်ကို သူသိခဲ့ပါလျှင်မူ…။

•••

စိန်တုံးကြီးကို ယူဆောင်ကာ ထွက်သွားသည့် သူ့ထံသို့ တစ်နေရာမှနေ၍ မျက်ဝန်းတစ်စုံက ခက်ထန်စွာ စိုက်ကြည့်နေခဲ့သည်ကို သူသိခဲ့ပါလျှင်မူ…။

စိန်တုံးကြီးကို ယူဆောင်သွားခဲ့သော ကုန်သည်ကြီး၏ တပည့်ဖြစ်သူမှာလည်း ထိုနေ့ညက အလားတူစွာပင် စောနန်းဒေဝီကို အိပ်မက်မက်လေသည်။ အိပ်မက်ထဲမှာတော့ ထုံးစံအတိုင်းပင် စောနန်းဒေဝီက စိန်တုံးကြီးကို မူလနေရာသို့ ပြန်ထားပေးရန်အတွက် ပြောကြားပြီး ပြန်မထားပေးပါက ဘေးဒုက္ခတွေ့စေမည့်အကြောင်း လာရောက်သတိပေးပြော ကြားသွားလေသည်။

သို့သော်လည်း လောဘဇောတက်နေသော သူ့အတွက်ကတော့ စောနန်းဒေဝီ၏ သတိပေးစကားများမှာ အချည်းနှီးသာပင်။ ဟုတ်သည်လေ။ ဒီစကားလုံးများအတွက်လောက်နှင့်တော့ သူစိန်တုံးကြီးကို လက်လွှတ်မခံနိုင်ပါချေ။ ဒီစိန်တုံးကြီးကို ပိုင်ဆိုင်ရဖို့အတွက် သူ့သခင်ကိုပင် သူလုပ်ကြံသတ်ဖြတ်ခဲ့ရသည်ပင် မဟုတ်ပါလား။ နောက်တစ်နေ့ မနက်လင်းတာနဲ့ ချက်ချင်းပင် နယ်စပ်မြို့လေးတစ်မြို့သို့ ခရီးသည်တင်ကားတစ်စီးဖြင့် သူခရီးထွက်ခဲ့လေသည်။ ဟိုရောက်လျှင် လူမျိုးခြားကုန်သည်တစ်စုနှင့် ဆက်သွယ်ကာ စိန်တုံးကြီးကို သူရောင်းမည်။ ပြီးလျှင် တခြားတစ်နေရာသို့ အပြီးတိုင်ပြောင်းရွှေ့ကာ ဇာတ်မြှုပ်နေထိုင်မည်။ စိန်တုံးကြီးကို ရောင်းချကာ တစ်သက်စားမကုန်သော စည်းစိမ်များဖြင့် လောကီစည်းစိမ်ကို ပြည့်ပြည့်ဝဝ ခံစားရတော့မည့်အချိန်များ မကြာမီ ရောက်လာတော့မည်ဟု တွေးလိုက်မိတော့ သူ့သဘောတွေကျကာ ပါးစပ်ပင်မစေ့နိုင်တော့။ သူလိုက်ပါလာသော ခရီးသည်တင်ကားကြီးမှာလည်း တရွေ့ရွေ့နှင့် ခရီးဆက်ခဲ့တာ ယခုဆို ရွှေရောင်တောင်စောင်းအကွေ့ သုံးလေးခုကို ကျော်ပြီးတာနှင့် သူသွားလိုသည့် နယ်စပ်မြို့ကလေးသို့ပင် ရောက်ပေတော့



www.burmeseclassic.com

www.burmeseclassic.com

မည်။ ထိုအချိန်မှာပဲ -

"ဟာ…"

"အမလေး…လုပ်ကြပါဦး"

"ဘုရား…ဘုရား၊ ကယ်ပါ"

"ကျွီ…"

"ဘုန်း…"

"အမလေး…ဟိုမှာ လူတစ်ယောက် လွင့်ကျသွားပြီ၊ လုပ်ကြပါဦး"

တစ်ခဏချင်းမှာပဲ အာမေဍိတ်သံများ ဆူညံသွားရလေသည်။ အကြောင်းကား သူစီးလာသောကားမှာ တောင်စောင်းကွေ့ကိုပတ်ကာ တက်ဖို့အလုပ် လမ်းပေါ်သို့ ကမူးရှူးထိုးပြေးတက်လာသော ဘယ်ကရောက်လာမှန်းမသိသည့် နွားနက်ကြီးတစ်ကောင်ကို ရှောင်ရင်း ဘရိတ်အုပ်လိုက်လေရာ ကားမှာ ယမ်းခါသွားလေတော့သည်။ ဒရိုင်ဘာလုပ်သူ၏ အချိန်မီ ထိန်းသိမ်းလိုက်နိုင်ခြင်းကြောင့် တခြား ဆိုးဆိုးဝါးဝါး ဘာမှမဖြစ်ခဲ့သော်လည်း စိန်တုံးကြီးထည့်ထားသော လွယ်အိတ်ကိုပိုက်ရင်း ကားနောက်ဖျားတွင် ထိုင်လိုက်လာသော ကုန်သည်ကြီး၏တပည့်ဖြစ်သူမှာတော့ ကားယိမ်းခါသွားသည့် အရှိန်ကြောင့် လွင့်စဉ်ကျကာ နေရာမှာပဲ ပွဲချင်းပြီး သေဆုံးသွားလေတော့သည်။

ရင်ခွင်ထဲ ပိုက်ထားခဲ့သော လွယ်အိတ်မှာလည်း မလှမ်းမကမ်းသို့ လွင့်စဉ်ကျသွားလေရာ စိန်တုံးကြီးထည့်ထားသော အိတ်ရှုံ့လေးမှာ တစ်ဝက်တစ်ပျက် ထွက်ပေါ်လာတော့သည်။ ထိုအိတ်ရှုံ့လေးကို မသိမသာကောက်ယူ၍ အိတ်ထဲထည့်သွားသော လူတစ်ယောက်ကိုတော့ မည်သူကမျှ သတိမထားမိကြပါချေ။

စိန်တုံးကြီးထည့်ထားသော အိတ်ရှုံ့လေးကို ကောက်ယူသွားခဲ့သည့်သူမှာလည်း စောနန်းဒေဝီ၏ ကျိန်စာများကြား ဘေးဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ရကာ စိန်တုံးကြီးအား လက်လွှတ်လိုက်ရပြန်လေသည်။ သည်လိုနှင့်ပင် မဟာနွယ်၏ တော်ဝင်စိန်တုံးကြီးကို ပိုင်ဆိုင်သမျှ လူတိုင်းမှာလည်း အန္တရာယ်အမျိုးမျိုးဖြင့် ကြုံတွေ့ခဲ့ရပြီး စိန်တုံးကြီးမှာလည်း ပိုင်ရှင်အဆက်ဆက် ပြောင်းလာခဲ့သည်မှာ ယခုဆိုလျှင် မြေပြန့်မှ သူဌေးကြီး ဦးဒီပလက်ထက်သို့ ရောက်ရှိနေခဲ့ပြီပင် ဖြစ်သည်။ သူဌေးဦးဒီပမှာ စိတ်ရင်းစေတနာ ကောင်းမွန်လှပြီး အလှူအတန်း ရက်ရောလွန်းလှသောကြောင့် ထိုနယ်တစ်ကြောတွင် လူချစ်လူခင် များလှပေသည်။ ယခုလည်း လူတစ်ယောက်မှ ဒုက္ခရောက်နေလွန်းလို့ ကူညီပါဆိုပြီး အသနားခံကာ ထိုစိန်တုံးကြီးကို အတင်းရောင်းသွားခဲ့သဖြင့် ထိုသူကို သနားမိ၍သာ သူဝယ်ယူလိုက်ခဲ့ခြင်းပင်။ ထိုစိန်တုံးကြီးကို သူဝယ်ယူခဲ့ပြီး နောက်တစ်နေ့ညမှာပင် -

"သူဌေးမင်း…သူဌေးမင်း"

သူအိပ်ပျော်နေစဉ် နံဘေးမှနေ၍ တဖွဖွခေါ်နေသော အမျိုးသမီးတစ်ဦး၏ အသံကြောင့် သူနိုးလာခဲ့ရသည်။ ဘေးဘီဝဲယာကို ကြည့်လိုက်မိတော့ သူ့ခုတင် နံဘေးမှာ သူ့ကို ရပ်ကြည့်နေသော အလွန်ချောမောလှပသည့် မိန်းကလေးတစ်ဦး။

"ဟင်…မင်း…မင်းက ဘယ်သူလဲ။ ဘယ်လိုလုပ် ငါ့အခန်းထဲကို ရောက်နေရတာလဲ မိန်းကလေး"

"ကျွန်မနာမည် စောနန်းဒေဝီပါ။ ကျွန်မက ဒီစိန်တုံးကြီးရဲ့ မူလပိုင်ရှင်ဖြစ်ပါတယ်။ ဒီစိန်တုံးကြီးဟာ ကျွန်မတို့ မဟာနွယ်စံအိမ်မိသားစုရဲ့ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းပြီး တန်ဖိုးထား စောင့်ရှောက်ခဲ့ရတဲ့ တော်ဝင်ရတနာပဲ ဖြစ်ပါတယ်။ တစ်ညမှာ မြို့စား စဝ်ခွန်ဖဆိုတဲ့သူ ဦးဆောင်တဲ့ အပေါင်းအပါသုံးယောက်တို့ဟာ မတော်လောဘဇောတွေတိုက်ပြီး ကျွန်မတို့မိသားစုကို ရက်ရက်စက်စက် သတ်ဖြတ်ပြီး ဒီတော်ဝင်စိန်တုံးကြီးနဲ့ ဘိုးဘွားပိုင်ရတနာတွေကို လုယက်ယူဆောင်သွားခဲ့ကြပါတယ်။

ကျွန်မကိုလည်း သေပြီအထင်နဲ့ ပစ်ထားခဲ့ကြပေမယ့် တကယ်တမ်းတော့ ကျွန်မ မသေခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မရဲ့ မိသားစုဝင်အားလုံး ဆုံးရှုံးလိုက်ရတဲ့အတွက် ကျွန်မလည်း ဆက်ပြီး အသက်မရှင်ချင်တော့ပါဘူး။ ဒါကြောင့်ပဲ ကျွန်မကိုယ်ကျွန်မ အဆုံးစီရင်ပစ်ခဲ့ပါတယ်။

မိသားစုတစ်ခုလုံး ကျွန်မရှေ့မှာတင် ရက်ရက်စက်စက် အသတ်ခံခဲ့ရတဲ့အတွက် စဝ်ခွန်ဖကို နာကြည်းတဲ့စိတ်နဲ့ပဲ ကိုယ့်ကိုကိုယ် အဆုံးမစီရင်ခင်မှာ ကျိန်စာတိုက်ခဲ့ပါတယ်။ ခုဆို စဝ်ခွန်ဖနဲ့ အပေါင်းအပါတွေကို လက်စားချေ ဒဏ်ခတ်ပြီးတဲ့အပြင် သူတို့ရဲ့ ဝိညာဉ်တွေကိုလည်း ကျွန်မရဲ့ အစေအပါးအဖြစ် အလုပ်အကျွေး ပြုစေခဲ့ပြီးပါပြီ။ ဒီစိန်တုံးကြီးဟာလည်း ကျိန်စာသင့် ရတနာတစ်ပါးဖြစ်တဲ့အတွက် ကျွန်မရဲ့ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ပိုင်ဆိုင်ထားသူမှန်သမျှဟာ ဘေးဒုက္ခအမျိုးမျိုးနဲ့ ရင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်တွေ့ကြုံရမှာပဲ ဖြစ်ပါတယ်။ အရင်က စိန်တုံးကြီးကို လက်ဝယ်ထားရှိတဲ့ သူမှန်သမျှကိုလည်း ဒီစိန်တုံးကြီးကို ရလာနေရာ ပြန်ပို့ပေးဖို့အတွက် ကျွန်မ အကြိမ်ကြိမ် သတိပေးခဲ့ပေမယ့် လွန်ခဲ့တာ တန်ဖိုးမဖြတ်နိုင်လောက်အောင် ထိုက်တန်လှတဲ့ ဒီစိန်တုံးကြီးကို ဘယ်သူကမှ လက်လွှတ်မခံနိုင်ခဲ့ကြပါဘူး။ ဒါကြောင့်လည်း ပိုင်ဆိုင်ထားသူ မှန်သမျှ ဘေးဒုက္ခအမျိုးမျိုးနဲ့ တွေ့ခဲ့ကြပါတယ်။ ဒါကြောင့် သူဌေးမင်းကိုလည်း ကျွန်မ မေတ္တာရပ်ခံချင်ပါတယ်။ သူဌေးမင်းဟာ စိတ်သဘောထား ကောင်းမွန်ပြီး အလှူအတန်း ရက်ရောသူတစ်ဦးအဖြစ် ကျွန်မ သိထားပြီးဖြစ်တဲ့အတွက် မေတ္တာရပ်ခံ တောင်းဆိုချင်တာက ဒီစိန်တုံးကြီးကို ကျွန်မတို့ မဟာနွယ်စံအိမ်ရှိရာနေရာကို ပြန်ပို့ပေးပါပဲ။

ပြီးရင် နောက်ထပ်တစ်ခုလည်း တောင်းဆိုချင်ပါသေးတယ်။ အခုဆိုရင် ကျွန်မရဲ့ ရန်ငြိုးတွေလည်း ပြေဖို့အချိန် ရောက်လာခဲ့ပါပြီ။ ဒါကြောင့်ပဲ သူဌေးမင်းက ကျွန်မတို့ကို ငဲ့ညှာထောက်ထားပြီး ကူညီတဲ့အနေနဲ့ မဟာနွယ်စံအိမ်ရဲ့ လှမ်းမကမ်းက တောင်ကုန်းပေါ်မှာ ဒီစိန်တုံးကြီးကို ဌာပနာပြီး စေတီတစ်ဆူ တည်ထားပေးပါ။ ပြီးရင် ကျွန်မနဲ့ ကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တွေကို ရည်စူးပြီး အမျှပေးဝေပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ကျွန်မကို ကူညီပေးပါရှင်"

စောနန်းဒေဝီမှာ သူမ၏ အတိတ်က အကြောင်းအရာနှင့် စိန်တုံးကြီးအကြောင်းကို ရှည်လျားစွာ ရှင်းပြပြောဆိုပြီးနောက် သူမ၏ မျက်ဝန်းများမှာလည်း အတိတ်ကို သတိရသွားသည့် အလား ရီဝေစိုစွတ်ကာ မျက်ရည်စလေးများပင် တွဲခိုလာရပေသည်။ သူဌေးကြီးဦးဒီပမှာလည်း စောနန်းဒေဝီ ပြောပြသော အကြောင်းအရာများကို နားထောင်ရင်း စိတ်မကောင်းကြီးစွာပင် ဖြစ်ရလေသည်။

"စိတ်ချပါ မိန်းကလေး။ မင်းဆန္ဒရှိတဲ့အတိုင်း ငါဖြည့်ဆည်းပေးပါ့မယ်။ မဟာနွယ်စံအိမ်ရှိတဲ့ နေရာကိုသာ ငါ့ကို လမ်းညွှန်ပြပေးပါလေ"

ထိုနေ့ညက စောနန်းဒေဝီမှာ မဟာနွယ်စံအိမ်ရှိရာ အရပ်ကို ညွှန်ပြရင်း သူ့ကို ကျေးဇူးတင်စကား အခါခါ ပြောကြားကာ ပျောက်ကွယ်သွားလေတော့သည်။

နောက်ခြောက်လခန့် ကြာသော အခါ. . .

မဟာနွယ်စံအိမ်ကြီးနှင့် မလှမ်းမကမ်း တောင်ကုန်းပေါ်တွင် ထုံးဖြူဖြူနှင့် သပ္ပာယ်လှစွာသော စေတီတစ်ဆူ၏ ထီးတော်တင်မင်္ဂလာပွဲကို စည်ကားလှစွာပင် ကျင်းပနေလေသည်။ အငြိုးအတေးများ ပြေပျောက်စေရန်အတွက် ရည်ရွယ်၍ ထိုစေတီတော်၏ အမည်နာမကိုလည်း "မျက်တော်ပြေစေတီ" ဟု ခေါ်တွင်စေခဲ့လေသည်။ ထို "မျက်တော်ပြေစေတီတော်"၏ ထီးတော်တင် ရေစက်သွန်းချမင်္ဂလာပွဲမှာတော့ သူဌေးကြီးဦးဒီပက စောနန်းဒေဝီနှင့် မကျွတ်မလွတ်သေးသော ဝိညာဉ်များအား ရည်စူးကာ အမျှအတန်းပေးဝေခဲ့လေသည်။

"ယခုပြုရသော ဤကောင်းမှု၏ အဖို့ပါကကို စောနန်းဒေဝီနှင့်တကွ မကျွတ်မလွတ်သေးသော ဝိညာဉ်များအား ရည်စူး၍ အမျှအတန်း ပေးဝေပါတယ်။ သာဓုခေါ်ဆိုကြပါကုန်လော့။ (အားလုံး ကြားကြားသမျှ. . .အမျှ. . အမျှ . . .အမျှ ယူတော်မူကြပါကုန်လော)[၃] (သာဓု သာဓု သာဓု)[၃]"

အမျှပေးဝေပြီး နောက်မှာတော့ ကြည်လင်သော မျက်နှာထားများနှင့် သာဓုသုံးကြိမ် ခေါ်ဆိုကာ စေတီတော်အား ဦးသုံးကြိမ်ချပြီးနောက် သူ့အားလည်း ကျေးဇူးတင်သော မျက်ဝန်းများ ဖြင့်ကြည့်ကာ တဖြည်းဖြည်း ပျောက်ကွယ်သွားသော စောနန်းဒေဝီ၊ စဝ်ခွန်ဖနှင့် အပေါင်းအပါများ၏ ဝိညာဉ်များကို သူဌေးကြီးဦးဒီပ တွေ့မြင်လိုက်ရပေသည်။

"ကောင်းရာမွန်ရာ သွားပါလေတော့ စောနန်းဒေဝီရေ။ နောင်ဖြစ်လေရာ ဘဝတိုင်းမှာ ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ မကြုံပါစေနဲ့လို့ ကျုပ်ဆုတောင်းပေးလိုက်ပါတယ်ကွယ်။ ဆုတောင်းပေးလိုက်ပါတယ်"

စောနန်းဒေဝီတို့၏ ကျွတ်လွတ်သွားပြီဖြစ်သော ဝိညာဉ်များကိုကြည့်ရင်း ဆုတောင်းစကား ဆိုနေလေသော သူဌေးကြီးဦးဒီပ၏ ရင်တွင်းမှ ဆုတောင်းစကားများကိုတော့ ကျွတ်လွတ်သွားပြီဖြစ်သော စောနန်းဒေဝီတစ်ယောက် မကြားနိုင်တော့ပါချေ။

ဖတ်ရှုအားပေးကြသော စာဖတ်သူတစ်ဦးချင်းစီကို အထူးပင် ကျေးဇူးတင်လျက်. . .

ချစ်ခြင်းများနှင့်

**အမ်နိုင်(Oasis)**



www.burmeseclassic.com

www.burmeseclassic.com

# မသာတစ်ခေါက် ကျောင်းဆယ်ခေါက်

## အရာခံဗိုလ်သစ်လွင်

“မရဏံမေစုဝံ - ငါ၏ သေခြင်းတရားသည် မြဲ၏။ ဇီဝိတံမေအစုဝံ - ငါ၏ အသက်ရှင်ခြင်းတရားသည် မမြဲ” ဟု မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့လေသည်။

လူ့ဘဝမှာ လူတွေဟာ သေမျိုးဖြစ်လို့ ကွေးသောလက်မဆန့်မီ ဆန့်သောလက် မကွေးမီ အချိန်မရွေး သေနိုင်သည်ကို သတိပြုသင့်ပေသည်။ သို့ပေမဲ့ လူတွေဟာ သေရမှာကို မေ့လျော့နေပြီး ဘယ်တော့မှ မသေတော့မည့်ဟန်ဖြင့် ဥစ္စာတွေ ရှာဖွေသိုမှီးပြီး မာနတံခွန်တွေ ထောင်လွှားပြီး ဂုဏ်တုဂုဏ်ပြိုင် အနိုင်ကြဲနေကြသည်ကို တွေ့ရပေသည်။

မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဆိုသည့် စကားအတိုင်း မသာတစ်ခေါက်ပို့သည့်အတွက်ကြောင့် သံဝေဂရဖွယ်ရာ ကိစ္စအဝဝတို့သည် ဘုန်းတော်ကြီးကျောင်းသို့ ဆယ်ခေါက်သွားရောက်သည်နှင့် ညီမျှသော သဘောသဘာဝတရားကို ရှေးပညာရှိစာဆိုတော်များက ရေးသားသီကုံးခဲ့သည်ကို ယနေ့ထက်တိုင် မေ့ပျောက်၍မရနိုင် ဖြစ်ပေသည်။ ဤစာသားများကို ဖတ်ရှုရသောအားဖြင့် အသိတရား၊ သတိတရား ရှိဖို့တော့ လိုအပ်ပေသည်။ မနေရလို့ သေရတော့မည်ဆိုရင်လည်း အသိ သတိနဲ့ သေရင် ဘယ်တော့မှ အပါယ်မကျတော့ဘူးဟု မှတ်ပါ။ လူ့ဘဝ၊ လူ့လောကမှာ မသွားဘဲ နီးနီးလာတာက သုသာန်။ သွားပါလျက် ဝေးနေတာကတော့ နိဗ္ဗာန် စသည်များသည် တကယ့်ဖြစ်ပျက်နေသော သာဓကတစ်ရပ်ပင် ဖြစ်၏။ အထူးပင် သံဝေဂတရား ရမိပါတော့သည်။ သေခြင်းတရားကိုပင် ဤသို့လျှင် နေ့စဉ်နေ့တိုင်း သတိတရား အာရုံပွားများကြပါလို့ အထူးပင် တိုက်တွန်းအပ်ပေသည်။ ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြများလှပြီ။ ခဏမစဲ အိုစမြဲ ငါလည်းသေဘက် နီးခဲ့ပြီ။ မသေသေးမီ ပါရမီ ငါသည်ဖြည့်မှ သင့်တော်တော့မည် ဖြစ်ပ သည်။

### မိမိဘဝကူးကောင်းစေရန်

စကြဝဠာအနန္တတွင် ရှိကြကုန်သော ဝေနေယ သတ္တဝါအားလုံးတို့သည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သေကြ ရမည် ကေန်ဖြစ်ပါသည်။ အိုခြင်းသဘော၊ နာခြင်းသဘော သေခြင်းသဘော၊ တရားတို့သည် သတ္တဝါတိုင်း သတ္တဝါတိုင် တစ်နေ့ မလွဲမသွေ ရှောင်လွှဲမရ ကြုံကြရမည်မှာ မလွဲကေ ဖြစ်ပါတော့သည်။ ထိုသို့သေသောအခါ နိဗ္ဗာန်မရောက် စပ်ကြား ကျင်လည်ရမည်။ ဘဝများအား မရေမတွက်နိ အောင် များပြား၍ မဆုံးနိုင်အောင် လည်ပတ်ရဦးမည် ဖြစ်သည်။ ထိုသို့ဘဝများတွင် ကောင်းသောဘုံဘဝသို့ ရောက ရှိဖို့ ကောင်းအောင် မိမိသည်သာလျှင် ကြိုးစားရမည်သ ဖြစ်ပါသည်။ ကောင်းသောကုသိုလ်ကံအလုပ်များကို ကြိုးစ ပြုလုပ်ကာ မကောင်းသော အကုသိုလ်တရားများကို ဖယ်ရှ ရမည် ဖြစ်ပါသည်။ နောက်ဆုံးအချိန်တွင် ကောင်းသော ကပ်ကာ မိမိသွားရမည့်ဘဝကို သိရှိရပြီး ဘဝကူးပြောင် ချိန်တွင် ညင်သာစွာ ငြိမ်သက်မှုရှိပြီး လားရာဂတိ ကောင် သောသူ ရှိသလို မကောင်းသောအကုသိုလ်တရားများ နိမိတ်ထင်ဟပ်မှုကြောင့် မိမိလားရာကိုမြင်ကာ ထိတ်လ ညည်းညူအော်ဟစ်ကာ သေဆုံးကာ ဘဝကူးရသူများလည် ရှိကြပါသည်။ ဤသို့ ဘဝများမမြင်ရလေအောင် ကြိုတ ကောင်းမှု ကြိုးစားပြုလော့။ သတိသံဝေဂရကြစေရန် အ ကောင်း ဉာဏ်လောင်းကာ ရေးသားတင်ပြလိုက်ပါ လူ့ဘဝလူ့လောကတွင် လူတို့သည် အသု မျိုး ဒုမင်္ဂလာကျက်သရေ မင်္ဂလာမရှိသော ကိစ္စတ ဟု ထင်မြ



www.burmeseclassic.com

www.burmeseclassic.com

သူဆကြပေသည်။

ရပ်ကွက်ထဲ၌ အသုဘအလောင်း လမ်းဘေး၌ ပြင်ဆင်ထားသည်ကိုတွေ့ရင် အဝေးကပင် ရှောင်ကွင်း၍ သွားကြသည်ကို တွေ့ရပေသည်။ သူလည်း အသုဘတရားနှင့် တွေ့ကြုံရင် ငါလည်း တစ်နေ့မဟုတ် တစ်နေ့ ဒီလမ်းကို သွားရမှာပါလားလို့ သတိသံဝေဂရဖို့ ကောင်းပေသည်။ ယခု တော့ ဒီလိုမဟုတ်ပေ။ လူ့ဘဝတစ်သက်လုံး မသေတော့မည့် သဘောကို လူတွေက ခံယူနေကြသည်ကို တွေ့ရပေသည်။ ဆိုသည်မှာ သေခြင်းတရားနှင့် ဘယ်သူမှ ရှောင်လွှဲလို့မရ ပါ။ ခန္ဓာရရှိသည့်သတ္တဝါတိုင်း သေမျိုးနှင့် ရင်ဆိုင်ရမည်ဖြစ် သည်။ သေခြင်းတရားကို အထွတ်အမြတ်ထား ပူဇော် ထိုက်ရှိကြသော သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား သော်မှ မလွန်ဆန်သည်ဖြစ်မြဲဓမ္မတာ ထုံးစဉ်လာအတိုင်း ပရိနိဗ္ဗာန်စံဝင်တော်မူသည့်အတွက် အထူးသံဝေဂတရားရဖို့ ကောင်းပေသည်။

> မိမိတို့သည် ကွယ်လွန်သူ
> ကောင်းရာသုဂတိသို့ ရောက်စေဖို့အတွက်
> ဘုရားရှင်အမှူးပြုသော
> ရဟန်းသံဃာတို့အား
> ကွယ်လွန်သူအတွက် ရည်မှန်းပြီး
> အလှူဒါနပြုကြသည်ကို တွေ့ရပေသည်။
> ဗုဒ္ဓဘာသာဝင်တစ်ဦး၏
> ရည်မှန်းချက်ပန်းတိုင်သည် နိဗ္ဗာန်သို့
> မျက်မှောက်ပြုရန်မှာ သမထ၊
> ဝိပဿနာလမ်းသာ ရှိပါသည်။

သတ္တလောကတွင် ကျင်လည်နေထိုင်ကြကုန်သော သတ္တဝါတိုင်း သတ္တဝါတိုင်းတို့သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သေကြရမည်ဖြစ်ပြီး ၎င်းသေကြရာတွင်း တစ်ဦးနှင့် တစ်ဦး မတူညီကြောင်း ကိုယ်ပြုထားသော ကံကံ၏အကျိုး တရားအပေါ်မှာ မူတည်ပြီး သေခြင်းတရားလေးမျိုးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

၁။ သက်တမ်းကုန်၍သေရခြင်း

၂။ ကံကုန်၍ သေရခြင်း

၃။ သက်တမ်းနှင့်ကံ နှစ်ပါးလုံးကုန်၍ သေရခြင်း

၄။ အခြားသူ၏ပယောဂ တစ်ခုခုကြောင့်သေရခြင်း

**၁။ သက်တမ်းကုန်၍ သေရခြင်း**

သက်တမ်းရှိသမျှကာလပတ်လုံး နေထိုင်ရပြီးကာမှ သေဆုံးရခြင်းကို အာယုက္ခယမရဏဟု ခေါ်သည်။ အသက် တစ်ရာတမ်းရှိသည့် ကာလဝယ် ပျမ်းမျှ အနှစ်တစ်ရာမျှ နေထိုင်ရပြီးနောက် သေဆုံးရခြင်းဖြစ်သည်။ မြတ်စွာဘုရား ရှင်သော်မှ သက်တမ်း ၈၀ သာနေခဲ့ပြီး ပရိနိဗ္ဗာန်စံဝင်ခဲ့ သည်ကို မှတ်သားခဲ့ပါသည်။

**၂။ ကံကုန်၍သေရခြင်း**

ကုသိုလ်ကံရှိသမျှသာ နေရပြီးနောက် သေဆုံးရခြင်း ကို ကမ္မက္ခယမရဏဟုခေါ်သည်။ ကံကုန်ပြီဆိုပါက ဆက် လက်၍ နေချင်သည့်တိုင်အောင် နေ၍မရပေ။ အရွယ်ကောင်း တုန်းဘဝမှာလည်း သေကြရပေသည်။ အမိဝမ်းတွင်းမှ ကျွတ် လွတ်ပြီး နို့စို့အရွယ် လေးဘက်သွားအရွယ်မှာလည်း ကုသိုလ် ကံကုန်နေသည့်အတွက်ကြောင့် သေဆုံးရသည်။

**၃။ သက်တမ်းနှင့်ကံ နှစ်ပါးလုံးကုန်၍ သေရခြင်း**

သက်တမ်းရှိသမျှ ကုသိုလ်ကံရှိသမျှ အသက်ရှင်နေ ထိုင်ရပြီး သက်တမ်းကုန်သည့်အခါတွင်လည်းကောင်း၊ ကံ ကုန်ခဲ့သွားလျှင်လည်းကောင်း သေဆုံးရခြင်းကို ဥတယက္ခယ မရဏဟုခေါ်သည်။

အထက်ပါ သေခြင်း၄မျိုးကို ဘုရား၊ ရဟန္တာ၊ ပစ္စေ ကဗုဒ္ဓအရှင်မြတ်တို့သော်မှ မလွန်ဆန်နိုင်ပေ။ အဆိုပါသော



www.burmeseclassic.com

www.burmeseclassic.com

ခြင်းသုံးမျိုးသည် သေရိုးသေစဉ် ဓမ္မတာ မရဏာသေခြင်းတရားပင် ဖြစ်ပါသည်။

၄။ အခြားသူ၏ပယောဂတစ်ခုခုကြောင့် သေရခြင်း

သက်တမ်းတွေ ရှိပါလျက်သားနှင့် ကုသိုလ်ကံတွေ ရှိပါလျက်နှင့် သက်တမ်းနှင့်ကုသိုလ်ကံတို့ မကုန်သေးပါပဲနှင့် သေချိန်မရောက်သေးသည့်တိုင် အခြားသူ၏ ပယောဂတစ်ခုခုကြောင့် အသေဆိုးနှင့် သေရခြင်းကို ဥပစ္ဆေဒကမရဏာဟု ခေါ်သည်။

## လူ့ဘဝ ကွယ်လွန်ပြီးနောက်ဝယ်

လူ့ဘဝတွင် သေခြင်းလေးမျိုးအနက် တစ်မျိုးမျိုးဖြင့် သေဆုံးကွယ်လွန်ပြီးနောက် လားရာဂတိ ငါးမျိုးအနက် ကုသိုလ်ကံ အကုသိုလ်ကံအလျောက် တစ်ပါးပါးသို့ လားရမည် ဖြစ်ပါသည်။ လားရမည့်ဂတိငါးမျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဒေဝဂတိ - နတ်ဘုံ၊ ဗြဟ္မာဘုံသို့လားရခြင်း
၂။ မနုဿဂတိ - လူ့ဘုံသို့လားရခြင်း
၃။ တိရစ္ဆာန်ဂတိ - တိရစ္ဆာန်ဘုံသို့လားရခြင်း
၄။ ပေတဂတိ - ပြိတ္တာဘုံသို့လားရခြင်း
၅။ နိရယဂတိ - ငရဲဘုံသို့လားရခြင်း

စသည်တို့ ဖြစ်ကြသည်။

မိမိတို့အသည် ကွယ်လွန်သူ ကောင်းရာသုဂတိသို့ ရောက်စေဖို့အတွက် ဘုရားရှင်အမှူးပြုသော ရဟန်းသံဃာတို့အား ကွယ်လွန်သူအတွက် ရည်မှန်းပြီး အလှူဒါန ပြုကြသည်ကို တွေ့ရပေသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ရည်မှန်းချက်ပန်းတိုင်သည် နိဗ္ဗာန်သို့ မျက်မှောက်ပြုရန်မှာ သမထ၊ ဝိပဿနာလမ်းသာ ရှိပါသည်။ အသုဘရှုပွားခြင်းသည် ဝိပဿနာကမ္မဋ္ဌာန်း စင်စစ်ဖြစ်၍ ထိုကမ္မဋ္ဌာန်းပွားများသူ၏ နှလုံး၌ သံဝေဂဉာဏ် ကိန်းအောင်းနေချိန်ဖြစ်ရာ လောဘ၊ ဒေါသ၊ ကိလေသာ အညစ်အကြေးများ ကင်းကွာနေချိန်လည်း ဖြစ်ပါသည်။ ဆွမ်းပို့ခြင်း၊ ဘုရားဖူးခြင်း ကိစ္စမျိုးဖြင့် ဘုန်းတော်ကြီးကျောင်းသို့ ဆယ်ခေါက်ရောက်ရှိသူပင် ထိုကမ္မဋ္ဌာန်းနှင့် ထိုဉာဏ်မျိုး ဖြစ်ပွားခွင့် ကြုံချင်မှကြုံနိုင်ပါသည်။ အသုဘ လိုက်ပို့ရင် အသုဘကမ္မဋ္ဌာန်းရှုပွားခွင့်၊ သံဝေဂဉာဏ် ဖြစ်ပွား ခွင့်ကို အမှန်တကယ်ရရှိနိုင်သဖြင့် ရှေးရှေးစာရေးဆရာကြီး များက မသာတစ်ခေါက် ကျောင်းဆယ်ခေါက်ဟူ၍ နှိုင်းယှဉ် တရား စကားပုံတစ်ခု စာဖတ်ပရိသတ် သံဝေဂတရား ရရှိ စေရန် ရေးသားတင်ပြအပ်ပါသည်။

## တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကမင်းကွန်းဆရာတော်ဘုရား၏ သံဝေဂလင်္ကာသိမှတ်စရာ

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့
ကိုယ်ကဉ္စုံ၊ ဖြစ်လိုတုံလည်း
တစ်ဖုံဆင်ကွဲ၊ သူတစ်နဲဖြင့်
ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို
ပညာစက္ခု၊ မြော်ထောက်ရှု၍
ယခုပင်လျှင်၊ မဒိုခင်က
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။
ယခုပင်လျှင်၊ မနာခင်က
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။
ယခုပင်လျှင်၊ မသေခင်က
ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။
ရတုချိန်ထောက်၊ ဉာဏ်ခါရောက်မှ
ချုပ်ပျောက်ခန္ဓာ၊ သေစိမ့်တာဟု
သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်
မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်
တစ်စက်ကမှ၊ မရှိကြဘူး
အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ
ဘုရားစကား၊ လိုက်နာပွားကာ
တရားလက်မလွှတ်ကြစေနှင့်။ ။

**အရာခံဗိုလ်သစ်လွ**

09-254383



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ရှင်ကောင်းလျှင် အိမ်ဖော်မဆိုးပါ

ခင်ယော(ရှုပ)

အခန်း (၁)

၁၉၅၃ ခု၊ မကွေးတိုင်း၊ မြိုင်မြို့တွင် ဖေဖေ မြို့အုပ်တာဝန်ထမ်းဆောင်သည်။ မင်းကတော်က သမီးသုံးယောက်နှင့် စတုတ္ထကိုယ်ဝန်ဆောင်ထားချိန် ဖြစ်သည်။ သမီးကြီး "မျိုးမျိုး"က ခြောက်နှစ်၊ ဒုတိယသမီး "စိုးစိုး"က သုံးနှစ်၊ တတိယသမီး "တိုးတိုး"က တစ်နှစ်ခွဲ ဖြစ်သည်။

အိမ်အလုပ်ကို တစ်ယောက်တည်းမနိုင်ပါ။ အိမ်ဖော်ခေါ်ရသည်။ မြိုင်မြို့နယ် ဗိဗ္ဗာန်မကျေးရွာမှ မုဆိုးမသမီးကြီး "သန်းတင်" ရောက်လာသည်။ အပျိုပေါက်လေးညိုချော ဆံတောက်ကလေးနှင့် ဖြစ်သည်။ သန့်သန့်ရှင်းရှင်း နေတတ်သည်။ သနပ်ခါးပါးကွက်လေးနှင့် ကလေးထိန်းတော်သည်။ အိမ်အလုပ်ကို မပြောရဘဲ လုပ်သည်။ မင်းကတော်ကလည်း သမီးကြီးလို ဂရုစိုက်သည်။

တစ်နေ့၊ ကလေးသုံးယောက်ကိုထိန်းရင်း မီးပူတိုက်သည်။ မီးသွေးထည့်ရသည့် ကြေးမီးပူ ဖြစ်သည်။ မီးပူတိုက်ပြီးအထည်များကို "တိုးတိုး"က ဖွနေသည်။ အကြီးနှစ်ယောက်က အရုပ်များနှင့် ဆော့နေသည်။ "တိုးတိုး"ကိုမနိုင်တော့ အနားရှိ ထင်းရှူးသေတ္တာထဲထည့်ပြီး ပိတ်ထားလိုက်သည်။ မျိုးမျိုးက

"မေမေ…မေမေ မမသန်းက တိုးတိုးကို သေတ္တာထဲ ထည့်ထားတယ်"

မင်းကတော်ရောက်လာပြီး သေတ္တာထဲက ထုတ်ယူရသည်။

"သန်းတင် နောက်ဒါမျိုးမလုပ်ရဘူး။ ကလေး သေနိုင်တယ်။ မနိုင်ရင် ကြီးကြီးကိုပြော။ မကြောက်နဲ့၊ နင်ဖြစ်ချင်တာလည်းပြော"

မြိုင်မြို့တွင် စတုတ္ထသမီး မြိုင်မြိုင်နှင့် ပဉ္စမသမီး နိုးနိုးကို မွေးဖွားသည်။

၁၉၅၅ ခု၊ မတ်လ။ ငွေတိုက်ဝန်ရာထူးတိုးဖြင့် မကွေးတိုင်း၊ မင်းဘူးမြို့သို့ ပြောင်းရသည်။ ရုံးနှင့်နီးသည့်နေရာတွင် ဌားနေသည်။ ပေ ၁၀၀ ပတ်လည်ခြံဝင်းထဲရှိ ပေ ၃၀ × ပေ ၅၀ နှစ်ထပ်အိမ်ကြီး အပေါ်ထပ်တွင် ဌားနေရသည်။ အောက်ထပ်က ဒိစတြိတ်ကောင်စီရုံးမှ စာရေးကြီးဇနီးမောင်နှံ တူနှင့် တူမတို့ နေသည်။ သားသမီး မရှိပါ။ တက္ကသိုလ်ကျောင်းသားတူနှင့် ကိုးတန်းကျောင်းသူ တူမ ဖြစ်သည်။ တူက မကွေးတက္ကသိုလ်တွင် မနက်သွား၊ ညပြန် ကျောင်းတက်သည်။ မီးဖိုက ခြံဝင်းထဲရှိ အိမ်နောက်ဘက်တွင် သီးသန့်ရှိသည်။ ရေတွင်း၊ အိမ်သာကလည်း အဝေးတစ်နေရာတွင်ရှိသည်။

မမသန်းက ချောတော့ အိမ်ရှင်တူက ပိုးပန်းသည်။ မေမေ့မှာ နေ့နေ့ညည မမသန်းအောက်ဆင်းတာနှင့် မျက်စိဒေါက်ထောက် ကြည့်နေရသည်။ ပြဿနာမဖြစ်ခင် နှမြောစွာဖြင့် ပြန်ပို့ရသည်။ ငါးစ်သက်လုံး နေမည့်ကလေး ငိုပြန်သွားသည်။ တစ်ပတ်လောက်အထိ ကလေးတွေက "မမသန်း"ကို လိုက်ရှာသည်။ လူကောင်းလေးရပြန်တော့ ပတ်ဝန်းကျင်က အဖျက်ပေါ်သည်။

နဂါးပွက်တောင်ခြေရင်းရွာက အသက် ၅၀ အဘိုးကြီးနှင့် အဘွားကြီးလင်မယားက မနက် ၆ နာရီလာ၊ ညနေ ၆ နာရီပြန်၊ ထမင်းကျွေး၊ လခ ၁၅ ကျပ်ဖြင့်ရသည်။ အဆင်ပြေသည်။ မင်းဘူးမြို့တွင် ဆဋ္ဌမသားလေး "မင်းမင်း"နှင့် သတ္တမသမီးထွေး "ထွေးထွေး"ကို မွေးသည်။ သားသမီး ခုနစ်ယောက်ရသည်။

မကြာမီ ဂန့်ဂေါနယ်ပိုင် အကြောင်းကြားသည်။ ၎င်းနယ်ပိုင်သည် အုပ်ချုပ်မှု ဆိုးသည်။ ကျေးရွာသူကြီးများက မကြိုက်ကြ။ အလံနီခေတ် ပုံတောင်ပုံညာ၊ ယောဆော၊ ထီးလင်း၊ ဂန့်ဂေါဒေသများတွင် အလံနီကွန်မြူနစ်ပါတီ "သခင်စိုး"၏ အမာခံဒေသ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ည ဂန့်ဂေါနယ်ပိုင်အိမ် မီးရှို့ခံရသည်။ နယ်ပိုင်ကိုသတ်ရန် ဖြစ်သည်။ နယ်ပိုင်မှာ မိသားစုမပါဘဲ တစ်ယောက်တည်း တာဝန်လာထမ်းဆောင်သည်။ အိမ်မီးရှို့တော့ နယ်ပိုင်က ထွက်ပြေးပြီး အိမ်ဘေးမှ ရေကန်ကြီးထဲရှိ ဗေဒါပင်များကြားတွင် ပုန်းနေ၍ အသက်ဘေးမှ လွတ်မြောက်သည်။ နောက်နေ့ ထိတ်လန့်ကြောက်ရွံ့စွာ အလုပ်မှထွက်ပြီး မြို့ကိုပြန်သွားသည်။ ဂန့်ဂေါအမတ်က ဖေဖေကို ဂန့်ဂေါနယ်ပိုင်အဖြစ် တောင်းဆိုသည်။ "ယောနယ်က စုန်းကဝေ ပေါပါတယ်။ မလိုက်ရဲပါ"ဆိုပြီး အယူအဆလွဲများဖြင့် အိမ်ဖော်တွေက မလိုက်ခဲ့ပါ။

ယောနယ်မှာ အဖော်ရာရပြန်သည်။ မင်းရွာသူလေး အပျိုဖော်ဝင်စ "မြင့်ကြီး"ကို ရသည်။ အသက်နှင့်မမျှအောင် ရင့်ထော်နေသည်။ မိဘတွေမရှိကြတော့၊ ပျော်လျှင်ပျော်သလောက်နေမည်။ ဖျင်အင်္ကျီပွကြီးနှင့် ယောထဘီဝတ်ထားသည်။ မျက်နှာပြောင်နှင့် ဆံပင်ကို ငယ်ထိပ်တွင် ဆံထုံးကြီးထုံးထားသည်။

ခပ်ကြမ်းကြမ်း၊ အားကိုးရသည်။ ထင်းခွဲနိုင်သည်။ ထမ်းပိုးနှင့် ရေနှစ်ပုံး အသာလေးထမ်းနိုင်သည်။ ကလေးများကို နိုင်အောင်ထိန်းနိုင်သည်။ စိတ်အခန့်မသင့်လျှင် ကလေးများကို ခေါင်းခေါက်တတ်သည်။ မင်းကတော်က မြင်တော့

"မြင့်ကြီး ခေါင်းမခေါက်ရဘူး။ ဖင်ကိုရိုက်ပါ" ပြောသည်။ မင်းကတော် စိတ်စေတနာကောင်းတော့ အိမ်ဖော်ကောင်းနှင့် တွေ့သည်။ "မြင့်ကြီး"ကိုလည်း သမီးကြီးတစ်ယောက်လို သဘောထားသည်။ မြင့်ကြီးက ကလေးများနှင့် ကစားသည်၊ အိပ်ရာဝင်ပုံပြင်များ ပြောပြတတ်သည်။ ပုံပြင်များက စုန်းကဝေအကြောင်းများ ဖြစ်သည်။

## အခန်း (၂)

၁၉၆၁ ခု။ မကွေးတိုင်း၊ စလင်းမြို့သို့ နယ်ပိုင်ဝန်ထောက်တာဝန်ဖြင့် ပြောင်းရသည်။ ပေ ၁၀၀ × ပေ ၂၀၀ ပတ်လည် နယ်ပိုင်နှစ်ထပ်အိမ်ကြီးတွင် နေရသည်။ ခြံဝိုင်းထဲတွင် သရက်၊ မာလကာ၊ ဆီးသီးပင်၊ မန်ကျည်းပင်ကြီးများ၊ နှင်းဆီ၊ ရွက်လှ၊ စံပယ်၊ ငွေပန်းရုံများ ရှိသည်။ အကြီးငါးယောက် ကျောင်းနေပြီ။ ဝန်ထောက်မင်းနှင့် မင်းကတော်က ကလေးအငယ် နှစ်ယောက်နှင့်တစ်ခန်း၊ သမီးကြီး ငါးယောက်နှင့် မြင့်ကြီးက တစ်ခန်းအိပ်သည်။ မြင့်ကြီးက ဘာမှပြောစရာမလို။ အိမ်ကိစ္စ၊ ကလေးကိစ္စအားလုံး စိတ်ချရသည်။ မခိုးတတ်၊ အကျင့်စာရိတ္တ ကောင်းသည်။ မင်းကတော် စိတ်အေးချမ်းသာရှိသည်။

၁၉၆၃ ခု၊ မင်းဘူးမြို့ကို အခွန်ဝန်ထောက်ရာထူးဖြင့် ဒုတိယအကြိမ် ပြောင်းရသည်။ မြင့်ကြီးက -

"အကျွန် ဒေါ်ကြီးတို့နှင့် မန်းဘူး (ယောသံ မင်း = မန်း)ကို မလိုက်တော့ပါ။ စလန်း(စလင်း)မှာ နေခဲ့မှာ"

"နင်က ငါတို့နှင့်မလိုက်ဘဲ ဘယ်မှာနေမှာတုံး"

"ဒေါ်မူတို့အိမ်က သူ့သမီး ရန်ကုန်မှာရှိတာ၊ ရန်ကုန်ရောက်ဖူးအောင် ပို့ပေးမှာ"

မင်းကတော် တအားအံ့ဩသည်။ နယ်ပိုင်အိမ်က အိမ်ဖော်ကိုပင် မြူဆွယ်ရဲသည်။ မင်းကတော် စိတ်ဆိုးသည်။ "ဒေါ်မူ"ဆိုသည်မှာ ခြံနှစ်ခြံကျော်၊ ပွဲရုံအိမ်မှဖြစ်သည်။ မြင့်ကြီးက အငယ်ဆုံးလေးကို ကျောပိုးပြီး ထိန်းရင်း သွားလည်နေကျဖြစ်သည်။

"ငါတို့နဲ့ တစ်သက်လုံးနေမယ်ပြောပြီး ဂန့်ဂေါကလိုက်လာတာ။ ငါတို့နဲ့ပဲ လိုက်ခဲ့ရမယ်" ဝန်ထောက်မင်း သိသွားသည်။

"သူ့မှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိတယ်။ သူ့စိတ်ကြိုက် မလိုက်ချင်တာ မခေါ်နဲ့။ နေခဲ့ပါစေ။ မြင့်ကြီး··ကောင်းတာဆိုးတာ နင့်ကံပဲ။ အိမ်ပေးလည်တာကိုက ငါတို့အမှားပဲ"

မင်းဘူးရောက်တော့ ကလေးအားလုံး ကျောင်းတက်နေပြီ။ မင်းကတော် အိမ်ဖော်မရှာတော့။ မင်းဘူးမှ မင်းတပ်ပြောင်းရသည်။

၁၉၆၈ ခု ဝန်ထောက်မင်း ရန်ကုန်ကို အခွန်ဝန်ထောက်ရာထူးဖြင့် ပြောင်းလာရသည်။ ပေ ၂၅ × ၆၀ ပေ နှစ်ထပ်တိုက်အောက်ထပ်တွင် ငှားနေသည်။ အစိုးရအိမ်မရ

## အခန်း (၃)

၁၉၇၄ ခု၊ ကရင်ပြည်နယ် သံတောင်မြို့တွင် ဝန်ထောက်မင်း။ သမီးကြီးက အထက်တန်းပြဆရာမ တာဝန်ကျသည်။ ၁၀ တန်းကျောင်းသားလေး စောသာထူး ၁၀ တန်းဖြေပြီးချိန် မိဘနှစ်ပါး မိုင်းဗုံးထိပြီး ဆုံးသွားသည်။ ညီမလေး ခုနစ်တန်းကျောင်းသူ စောမာလာကို မျှစ်ပြီး ရာကျေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မိဘများရှိစဉ်ကတည်းက စောသာထူးက ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် အစစ ကူညီပေးနေသည်။ ၁၀ တန်းအောင်စာရင်းထွက်တော့ "ပညာရေးတက္ကသိုလ် ရန်ကုန်" တက်ခွင့်ရသည်။ ခရစ်ယာန်ဘုန်းကြီးများက စောသာထူးကို ကျောင်းထားပေးသည်။

"ဆရာမ၊ ကျွန်တော် ပညာရေးတက္ကသိုလ်တက်တုန်း ဆရာမဆီမှ ညီမလေးကို အပ်ခဲ့ချင်ပါတယ်။ ဆရာမ ခိုင်းချင်တာခိုင်းပါ။ ထမင်းကျွေးပြီး စောင့်ရှောက်ပေးပါ။ ကျွန်တော်ဘွဲ့ရအလုပ်ရပြီးတာနှင့် ညီမလေးကို ပြန်လာခေါ်ပါ့မယ်"

"မင်းညီမကို ရန်ကုန်က မေမေ့အိမ်ကို ပို့ပေးမယ်။ မေမေကလည်း အသက်ကြီးတော့ အဖော်လိုတယ်။ ဝိုင်းလုပ်ဝိုင်းစားပေါ့။ မင်းကြိုက်တဲ့အချိန် သွားတွေ့၊ ကြိုက်တဲ့အချိန် ပြန်ခေါ်ပါ"

စိုးစိုး၊ တိုးတိုး၊ မြိုင်တို့ တက္ကသိုလ်တက်နေချိန်ဖြစ်သည်။ မေမေနှင့်အတူ တစ်အိမ်လုံး အလုပ်လုပ်ရသည်။ တန်းတူ သားသမီးတွေစားသလို စားရသည်။ အဝတ်အစား ဆင်ပေးသည်။ ဒါပေမဲ့ မာလာ ပျော်ပုံမရ။ မေမေ သဘောကျအဆင်ပြေသည်။

တစ်လတစ်ခါလောက် စောသာထူး မာလာကိုလာတွေ့သည်။ မာလာအတွက် အင်္ကျီအသစ်များ ဝယ်လာတတ်သည်။ အစ်ကို ပြန်ခါနီးတိုင်း "ညီမလေးကို မြန်မြန်လာခေါ်ပါ" မာလာရောက်တာ ငါးနှစ်ပြည့်ပြီ။ စောသာထူး ဘွဲ့ရပြီး လိပ်သိုရွာတွင် တွဲဖက် အ•ထ•က ဆရာအလုပ်ရသည်။ ပြောထားတဲ့ကတိအတိုင်း မာလာကို ပြန်လာခေါ်သည်။ မာလာက မေမေ့အတွက် အများကြီးကူညီသည်။ ဘာမှလုပ်ကြည့်စရာမလို။ ဒီတော့ ပြန်မထည့်ချင်ပေမဲ့ ပြန်ထည့်လိုက်ရသည်။

"မာလာ"က အစ်ကိုနှင့် ပြန်လိုက်ရမည်ဆိုတော့ နေစဉ်တစ်လျှောက်လုံး မတွေ့ဖူးသည့် အပြုံးကလေးကို မာလာ့မျက်နှာပေါ်မှာ တွေ့ရသည်။ မေမေက မာလာအပြန် တစ်ကျပ်သား ဘတ်ဆွဲကြိုးလေးကို လည်ပင်းတွင်ဆင်ပေးလိုက်သည်။ နောက်ထပ် မာလာ့အကြောင်း မကြားတော့ပါ။ မာလာ ပျော်နေမှာပါ။

## အခန်း (၄)

၁၉၈၂ ခု၊ တိုးတိုး အိမ်ထောင်ကျပြီး သားနှစ်ယောက်ရပြီ။ စစ်ဗိုလ်နှင့် အိမ်ထောင်ကျပြီး ခင်ပွန်းသည် ရှေ့တန်းထွက်ချိန် ခင်ပွန်းသည်မိဘများနေသည့် မော်လမြိုင်တစ်ဖက်ကမ်း ညောင်ပင်ဆိပ်ရွာကြီးမှာ နေသည်။ ၁၅ နှစ်အရွယ် အေးအေးက တောထဲမှ ထင်းခြောက်များကိုကောက်သည်။ တစ်နိုင်စာရွက်ပြီး ရွာဈေးမှာ လာရောင်းသည်။ တိုးတိုးက နေ့စဉ်တွေ့နေတော့ -

"အေးအေး မိဘတွေကော"

"အဖေက အေးအေးငယ်ငယ်ကတည်းက တောင်ပေါ်မှာ အလုပ်သွားလုပ်တယ်။ ဒီနေ့အထိ ပြန်မလာဘူး။ အမေက နောက်ယောက်ျားနဲ့ ကလေးသုံးယောက်"

"နင် ရန်ကုန်က ငါတို့အမေအိမ်မှာ အလုပ်သွားလုပ်မလား။ ထမင်းကျွေး၊ အဝတ်ဆင်၊ မုန့်ဖိုးလည်း ရမယ်"

ကျွန်မတို့အိမ်ကို အေးအေး ရောက်လာသည်။

အကြီးတွေက အိမ်ထောင်အသီးသီးကျ အိမ်ခွဲသွားကြပြီ။ ဖေဖေ၊ မေမေ၊ ထွေးထွေးတို့လင်မယားနှင့် သူငယ်တန်း သားလေးတို့သာ အိမ်မှာနေတော့သည်။ ထွေးထွေးတို့လင်မယားက အလုပ်သွား၊ သားလေးက ကျောင်းသွားနှင့် နေ့ခင်း ဖေဖေ၊ မေမေ၊ အေးအေးတို့ပဲ ရှိသည်။

အေးအေးက သမဝါယမမှာ ခွဲတမ်းရသည့် ဆန်၊ ဆီ၊ ဆပ်ပြာ၊ သကြား၊ နို့ဆီတို့ တစ်ခါတစ်ရံ သွားထုတ်ရသည်။ တစ်အိမ်လုံး ထမင်းချက်၊ အဝတ်လျှော်၊ ကြမ်းတိုက်ပြောစရာမလို။ အကုန်လုပ်တတ်သည်။ သားသမီးတွေ အမေ့အိမ် လာလည်အိပ်သည့်အခါ ရုပ်ရှင်ကောင်စီရုံးကို ဆွေ့ဘရင်းတိုင်တော့လည်း အေးအေး သွားသည်။ နောက်တော့ ကောင်စီရုံးက စာရေးနှင့် အေးအေး ကြိုက်နေတာ သိရသည်။

၁၉၉၁ ခု၊ အေးအေးက သူ့ချစ်သူနှင့် ယူတော့မည်ကို ဖွင့်ပြောလာသည်။ နမြောပေမယ့် ဘာမှမတတ်နိုင်။ မပေးစားရင်လည်း ထွက်ပြေးမယ့်အတူတူ ထည့်ပေးလိုက်တော့သည်။ ထွေးထွေးက အလုပ်တစ်ဖက်နှင့် ကသီလင်တနိုင်ပြီ။ ဖေဖေကလည်း အသက် ၇၇ နှစ်ရှိပြီ။ မေမေကလည်း ၇၅ နှစ်ကျော်လာပြီ။ ခြောက်လလောက်နေတော့ တိုးတိုးက ၁၃ နှစ်အရွယ် ကောင်လေးတစ်ယောက် ပို့ပေးလာသည်။ ထမင်းကျွေး၊ အဝတ်ဆင်၊ သုံးလတစ်ကြိမ် သုံးပ ကျပ်ကို



www.burmeseclassic.com

www.burmeseclassic.com

ရွာမှာရှိသည့် မိဘတွေထံ ပို့ပေးရသည်။ ဖေဖေ့အတွက် လမ်းလျှောက်ဖော်၊ ထမင်းချက်ချိန် ပန်းကန်ဆေး၊ တံမြက်စည်းလှည်း၊ ကြမ်းတိုက်ပေးသည်။ ထမင်းဟင်းက ထွေးထွေးချက်တော့ အဆင်ပြေသည်။ အကူအညီအများကြီးရသည်။ သားနှင့်ရွယ်တူမို့ ကစားဖော်ရသည်။ နှစ်တန်းအထိ ကျောင်းနေခဲ့ဖူးတော့ ရွှေသွေးဂျာနယ်၊ တေဇဂျာနယ်တို့ ပေါင်းဖတ်ရင်း သတင်းစာအထိ ဖတ်နိုင်သွားသည်။ ဖေဖေ့အတွက် အများကြီး အထောက်အပံ့ရသည်။

ကလေးဆိုတော့ ဆော့ချင်သည်။ အလုပ်စိတ်မဝင်စား။ နိုင်းရင်လုပ်သည်။ ထွေးထွေးအလုပ်သွားလို့ နိုင်းထားခဲ့ရင် မေ့တတ်သည်။ နောက်တော့ -

“အေးထွန်း။ နင်က မေ့တတ်တယ်။ မှန်ကြည့်ဖို့တော့ အမြဲသတိရတယ်။ မှန်မှာ လုပ်စရာရှိတာ စာရေးထားခဲ့မယ်။ အကြီး အလုပ်သွားတုန်း ကောင်းကောင်းလုပ်ထားနော်”

တံမြက်စည်းလှည်းထားပါ၊ ကြမ်းတိုက်ထားပါ။ ဓားသွေးထားပါ စသည်တို့ ရေးပြီး မှန်မှာ စာရွက်လေး ကပ်ထားခဲ့တော့ အဆင်ပြေသည်။

ဖေဖေ အသက် ၇၉ နှစ်မှာ ဆုံးသွားသည်။ မေမေက အသက် ၇၇ နှစ်။ မေမေက တဖြည်းဖြည်းနှင့် မေ့တတ်လာသည်။ အေးထွန်းနှင့် နေ့ခင်း နှစ်ယောက်တည်းနေခဲ့ရင်း အေးထွန်းကို ကြောက်သည်ဟု ပြောလာသည်။ ကျွန်မ နိုင်းခဲ့လို့ အေးထွန်း နေ့ခင်း မီးဖိုထဲမှာ ဓားသွေးနေသည်။ မေမေက ရေချိုးခန်းဝင်ဖို့ မီးဖိုထဲသွားရင် အေးထွန်းက ဓားသွေးရင်း လူအသံကြား၍ ဓားကိုကိုင်ပြီး နောက်လှည့်သည်ကို မေမေက

“အေးထွန်းက မေမေ မီးဖိုထဲဝင်တော့ ဓားကြီးကိုင်ပြီး မေမေ့ကို လှည့်ကြည့်နေတယ်။ မေမေ အေးထွန်းနှင့် နှစ်ယောက်တည်း နေ့ခင်း မနေချင်ဘူး”

မကြာခဏ ပြောလာတော့ အေးထွန်းကို ညောင်ပင်ဆိပ် ပြန်ပို့လိုက်ရသည်။ ကျွန်မ အိမ်အလုပ်၊ ရုံးအလုပ်နှင့် ပင်ပန်းတော့သည်။

## အခန်း (၅)

၂၀၀၈ ခုနှစ်၊ မေမေဆုံးသည်။ သားက BE နောက်ဆုံးနှစ်၊ နေ့ခင်း အိမ်မှာဘယ်သူမှ မရှိ။ မိသားစု သုံးယောက် နေတော့သည်။ အိမ်ဖော်မခေါ်တော့။ ခေတ်တွေမီလာတော့ အဝတ်ကို အဝတ်လျှော်စက်နှင့်လျှော်။ အိမ်သန့်ရှင်းရေး အလုပ်ပိတ်ရက်လုပ်။ ဈေးများများဝယ်ပြီး ရေခဲသေတ္တာထဲ ထည့်ထား အဆင်ပြေပါသည်။

၂၀၁၅ ခု။ သားကအိမ်ထောင်ကျ အိမ်ခွဲသွားပြီ။ လင်မယားနှစ်ယောက်တည်း နေရသည်။

ယခုတစ်လော သတင်းစာများတွင် အိမ်ဖော်တွေကို ရက်ရက်စက်စက် နှိပ်စက်ကြသည့်သတင်းများ ကြားရသည်။ တချို့အိမ်ဖော်တွေကလည်း လစ်တာနှင့် အိမ်ရှင်၏အဖိုးတန်ပစ္စည်းများကို ခိုးယူထွက်ပြေးကြသည်။ ပွဲစားနှင့်ရသည့် အိမ်ဖော်များကိုတော့ သုံးလေးလထားပြီး လာပြန်ခေါ်သွားကြသည်။ ငွေပိုရသည့် တခြားနေရာ ပို့ပြန်သည်။ ခေတ်ကမကောင်းပါ။

၂၀၁၈ ခု။ အခု အသက်ကြီးလာတော့ အလုပ်လုပ်ရတာ ပင်ပန်းလာတော့ အိမ်ဖော်ငှားချင်ပေမယ့် မငှားရဲ။

မေမေ့လက်ထက်က အိမ်ဖော်တွေက မေမေကလည်း သမီးတွေနှင့် တန်းတူဂျွေး၊ သမီးတွေ ကျောင်းအားရက် အိမ်မှာ ဝိုင်းကူလုပ်ရသည်။ အိမ်ဖော်တွေကို တန်းတူဆက်ဆံခံရတော့ အိမ်ဖော်တွေ ပျော်ကြသည်။ ဒါပေမဲ့ ကျွန်မတို့ကျောင်း သွားတာကိုကြည့်ပြီး ကျောင်းနေချင်ကြသည်။

အိမ်ဖော် ကောင်းတာရှိသည်။ ဆိုးတာရှိသည်။ အိမ်ရှင် ကောင်းတာရှိသည်။ ဆိုးတာရှိသည်။

တကယ်တော့ ဘဝကံအကျိုးပေးမကောင်းလို့ အိမ်ဖော်လုပ်ရသည့် ကလေးများသည် ပတ်ဝန်းကျင်၊ ဘဝ အကြောင်း နားမလည်သည့်၊ ဗဟုသုတနည်းပါးကြသည်။

အိမ်ဖော်လေးများကို ညွှန်ကြားပြသသူက အရေးကြီး မည်ထင်သည်။ မေမေ့ကိုတော့ ချီးကျူးပါသည်။ သားသမီးချင်း ကိုယ်ချင်းစာပြီး ချော့တစ်ခါ၊ ခြောက်တစ်လှည့်။ လိမ္မာ တဲ့သူလေးတွေဖြစ်အောင် ထိန်းသိမ်းနိုင်သည်။ မေမေလည်း အိမ်ဖော်ကောင်းလေးများနှင့် တွေ့သည်။

အကြောင်းကြောင်းကြောင့် သူတစ်ပါးအိမ်မှီခိုနေ[illegible] ရမည့် ကလေးများ ကံကောင်းကြပါစေဟု ဆုတောင်းမေတ္တာ ပို့သမိပါတော့သည်။

ခင်ယော(ရွှေ[illegible])

09[illegible]5012868



www.burmeseclassic.com

www.burmeseclassic.com



# မီးတိုင်အောက်က စောင့်နေတဲ့ လူတစ်ယောက်

မင်းသိခ

ကျုပ်အနေနဲ့ ပြောရဦးမယ်ဗျာ။ ကျုပ်အမေနဲ့ ကျုပ်အဖေဟာ သားသမီးဆိုလို့ ကျုပ်တစ်ယောက်တည်းကိုပဲ မွေးခဲ့တာပါ။ ပြီးတော့ ကျုပ်ကို ဘယ်များတာကိုမှ မကြိုက်ပါဘူး။ အိမ်မှာ မြဲစေချင်လို့ 'မောင်အိမ်မြဲ' လို့ နာမည်ပေးခဲ့ပါတယ်။

ဒါပေမဲ့ ကျုပ်ကတော့ အဲဒီ နာမည်နဲ့ ပြောင်းပြန်ပဲဗျ။ လူမှန်း သိတတ်စကတည်းက အိမ်ကို မကပ်ခဲ့ပါဘူးဗျာ။ ဆယ်တန်းကို ရောက်တဲ့နှစ်မှာပဲ ကျုပ်ဟာ ဆယ်တန်းဖြေပြီးတဲ့နေ့မှာ အိမ်က အပြီးအပိုင် ထွက်ပြေးသွားခဲ့တယ်။ ပြီးတော့ ဆိုးပေ့ဲ မိုက်တဲ့ လူတွေနဲ့မှ ရွေးပြီးပေါင်းမိတယ်။ အဲဒီတော့ ကျုပ်ကိုယ်တိုင်လည်း ဆိုးပေ့ မိုက်ပေ့ဆိုတဲ့ လူတစ်ယောက် ဖြစ်လာတာပေါ့။

ဒါပေမဲ့ ကျုပ်အဖေက ကျုပ်ကို မရမက လိုက်ရှာပြီး အိမ်မှာ ခေါ်ထားပြန်တယ်။ ဆန်းတာတစ်ခုတော့ ရှိတယ်ဗျို့။ စာကောင်းကောင်း မကျက်ဘဲနဲ့ စာမေးပွဲ ဖြေခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ဟာ ဆယ်တန်းအောင်နေတယ်ဗျ။ ကျုပ်တို့ခေတ်မှာတုန်းက အခုခေတ်လို ပထမနှစ်၊ ဒုတိယနှစ် ခေါ်လေ့မရှိဘူးဗျ။ တက္ကသိုလ် စရောက်တဲ့နှစ်မှာ အိုင်အေဂျူနီယာပဲ။ ပထမနှစ်လို့ မခေါ်ဘူး။ အဲဒီနှစ်မှာပဲ ကျုပ်တို့လမ်းထဲက မိန်းကလေးတစ်ဦးနဲ့ ချစ်ကြိုးသွယ်ခဲ့တယ်။ အဲဒီမိန်းကလေးက ကျောက်မြောင်းဈေးထဲမှာ အထည်ဆိုင်ဖွင့်တယ်။ သူ့နာမည်က 'တင်တင်' တဲ့။ ကိုယ်လုံးကိုယ်ပေါက် လှတယ်၊ မျက်နှာ သွယ်တယ်၊ သွားက အလွန်ညီတယ်၊ လျှာ၊ အာ၊ နှုတ်ခမ်း အလွန်နီတယ်၊ အသားအရောင်ကလည်း ဝင်းဝါတယ်၊ အသံကလည်း အေးတယ်၊ ခြေဆံ လက်ဆံ သွယ်တယ်၊ ဆံပင်က နက်ပြီး ရှည်တယ်၊ မျက်ဝန်းကျယ်တယ်၊ မျက်တောင်၊ မျက်ခုံးလှတယ်။ ဒီလောက် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြရရင် တော်ပါပြီဗျာ။ အတိုချုံးရင်တော့ တင်တင်ဟာ မိန်းမချောကစ်ယောက်ပဲပေါ့။

တင်တင်က မိန်းမချောတစ်ယောက်ဖြစ်တယ်ဆိုတော့ ကျုပ်ကကော ဘယ်လိုလူစားဖြစ်တယ်ဆိုတာ ပြောပြရဦးမယ်။ အီဖေကိုယ်လည်း ခေသူမှ မဟုတ်ဘဲ။ အရပ်အမောင်းကောင်းတယ်၊ ရင်အုပ်ကျယ်တယ်၊ အသံသြဇာရှိတယ်၊ မျက်နှာကလည်း မိန်းမလျှာလို လှတာမဟုတ်ဘူး၊ ယောကျ်ားပီပီသသနဲ့ ကြည့်ကောင်းတာ၊ နှုတ်ခမ်းမွေး သဲ့သဲ့ထားတယ်။ အဲဒီတော့ ကျုပ်နဲ့ရွယ်တူ မိန်းကလေးတွေရဲ့ ပါးစပ်ဖျားမှာ 'ကိုအိမ်..ကိုအိမ်နဲ့..' တစ်အိမ်တည်း ဖြစ်နေပြန်တာပေါ့။ အဲဒီထဲမှာမှ တင်ဝင်က ချစ်ကံကောင်းသူဆုကြီးကို ပေါက်သွားတာ။ အခုခေတ်စကားနဲ့ ပြောရရင်တော့ မဟာကံထူးရှင်ဆုကြီးပေါ့ဗျာ။ တစ်ခါများ နှစ်ယောက်သား ကန်တော်ကြီးစောင်းမှာ ချိန်းတွေ့ကြတာ ရဲတစ်ယောက်က ဘာဘာညာညာထင်ပြီး အရေးပဋ္ဌပလို့ လာသေးတယ်။ ကျုပ်တို့နှစ်ယောက်ကိုလည်း မြင်ရော 'ရှေ့သွားနောက်လိုက် ညီပါပေတယ်' ဆိုပြီး ချီးမွမ်းထောပနာပြုပြီး လွှတ်လိုက်တယ်။ တစ်ခုတော့ ပြောရဦးမယ်။ တင်တင်ကို ကျုပ်ချစ်တာ အပေါ်ယံကြောချစ်ခဲ့တာ မဟုတ်ဘူး။ နှလုံးသားမှာ ကျောက်ထက်အက္ခရာတင်ပြီး နှစ်နှစ်နှောနှော ချစ်ခဲ့တာ။

ဒါပေမဲ့လည်းဗျာ၊ အချစ်စစ်အချစ်မှန်ဆိုတာ ဘယ်အခါမှ မဖြောင့်ဖြူးဘူးဆိုတဲ့ သီချင်းစာသားအတိုင်း ကျုပ်တို့ရဲ့ အချစ်ဟာလည်း မဖြောင့်ဖြူးခဲ့ပါဘူး။ တင်တင့်အမေကြီးက ကျုပ်ကို နည်းနည်းမှ ကြည့်မရဘူးဗျ။ 'အိမ်မြဲဆိုတဲ့အကောင်ကို ငါ့သမီးက မျက်စိကျပြီး လိုက်သွားရင်တော့ ကြွက်သတ်ဆေးကို သက်စေ့သောက်ပြီး သေမယ်' လို့ ကြိမ်းတယ်ဗျ။ အဲဒါက သူ့အမေကြီး ကြိမ်းတာ။ သူ့အဒေါ် ဒေါ်ခင်ရီဆိုတဲ့ မိန်းမကြီးက 'ငါ့တူမ ဟင်တင်သာ အိမ်မြဲဆိုတဲ့အကောင်နောက် လိုက်သွားလို့ကတော့ ငါ့လျှာကို ငါကိုက်ဖြတ်ပြီး ငုတ်တုတ်သေမယ်' တဲ့ဗျ။

ကျုပ်အနေနဲ့ ဒီအကြောင်းတွေကို ပြန်ပြီး စားမြုံ့ပြန်ရတာ စိတ်မချမ်းသာပါဘူးဗျာ။ ဒါကြောင့် တိုတိုနဲ့ လိုရင်းပဲ စကားကြောဖြတ်လိုက်တော့မယ်။ တင်တင်ဟာ အလွန်သတ္တိနည်းတဲ့ မိန်းကလေးဗျ။ သူ့အမေကြီး ကြွက်သတ်ဆေး သောက်သေမှာကို စိုးတယ်ဗျ။ အဲဒီတော့ ဒီဇာတ်လမ်းမှာ အဓိကဇာတ်ကောင် 'တင်တင်' ဆိုတဲ့ မိန်းကလေးရယ်၊ သူ့အမေကြီးရယ်၊ ကျုပ် အိမ်မြဲရယ်ပေါ့ဗျာ။

အဲဒီတော့ ဒီဇာတ်လမ်းမှာ ဖြ[illegible] ဖော်ဖြစ်ဖက် သုံးဦးသားရှိတဲ့အန[illegible] ဂံကွက်ကြား မိုးရွာပြီး ကျွန်တော်မျ[illegible] 'ငအိမ်မြဲ' အပေါ် ကျွန်တော်ချစ်[illegible] တင်တင်က 'ကိုအိမ်မြဲ ရှင့်ကို တင်တ[illegible] မယူနိုင်ဘူး၊ မေ့ပစ်လိုက်ပါတော့' တဲ့ အိမ်မြဲဆိုတဲ့ကောင် ဘယ်လောက်ဆွေ[illegible] သွားမယ်ဆိုတာ ဒင်း မသိရှာဘူး[illegible] အဆွေးကြီး ဆွေးသွားတယ်ဗျာ။

ကျုပ်က စာရေးဆရာ မဟု[illegible] တော့ ရေးလည်း မရေးပြတတ်ဘူး[illegible] ရင်ထဲမှာတော့ အနှစ်ရှစ်[illegible]ောင်းရှာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာဖျက်မိုးလိုပဲ။ ကျုပ်ရဲ့ နှလုံးသားထဲမှာ မျက်ရည်မိုးတွေ ရွာခဲ့ရတယ်။ အဟုတ်ပါ။

အဲဒီအဖြစ်အပျက်တွေကြောင့် ကျုပ်ဟာ အရက်ပြင်းပြင်းကို ရေမရောဘဲ သောက်တတ်လာတယ်။ စီးကရက်ကို ဖွာပြီး မီးခိုးတွေကို မှုတ်ထုတ်ပေါတယ်။ ပြောရဦးမယ်။ အိုင်အေကျူနီယာကနေ ဆက်ပြီးကျောင်းမတက်တော့ဘူး။ ကျောင်းလည်း ထွက်ပစ်လိုက်တယ်။ ကျုပ်ရင်ထဲမှာ လွမ်းမိုးတွေ ရွေပြီး မပြေခင်မှာပဲ ကျုပ်ရဲ့ မိဘနှစ်ပါးဟာ ရှေ့ဆင့် နောက်ဆင့် ဆိုသလို ဆုံးပါးသွားခဲ့ကြတယ်။ ကျုပ်လည်းပဲ တင်တင်နဲ့ ဝေးအောင်ဆိုပြီး မိဘတွေ ထားခဲ့တဲ့ အိမ်ကြီးကို လျှော့ဈေးပေါ့ဈေးနဲ့ရောင်းပြီး သင်္ဘောသားအဖြစ်နဲ့ ပင်လယ်ပြင်ကို ဖြတ်ခဲ့ရတယ်။ တစ်ခါတလေ ကျုပ်လိုက်တဲ့ သင်္ဘောက တိုင်းပြည်တစ်ပြည်မှာ အကြာကြီး နေရတယ်။ ဥပမာပေါ့ဗျာ ဒေါက်တင်တဲ့အခါမျိုးမှာ နေရတာပေါ့။ သင်္ဘောကုမ္ပဏီမှာ ပြဿနာတက်တဲ့အခါမျိုးမှာလည်း တိုင်းပြည်တစ်ပြည်ရဲ့ ဆိပ်ကမ်းမြို့ကြီးတစ်မြို့မှာ အကြာကြီး နေရတာပေါ့။

အဲဒီလိုနေရတဲ့အခါမျိုးမှာ အခြားအခြား သင်္ဘောသားတွေကတော့ စိတ်ညစ်ကြတာပေါ့။ ကျုပ်ကတော့ စိတ်မညစ်ရေးချ မညစ်ဘူး။ အဲဒီမြို့မှာရှိတဲ့ ဂျပိုးတေလေတွေနဲ့ ပေါင်းတယ်။ သူခိုးသူဝှက်တွေနဲ့ မိတ်ဆွေဖွဲ့တယ်။ မကောင်းမှုမှန်သမျှ ဖိဖိစီးစီး သင်ယူခဲ့တယ်ဗျာ။ ကိုယ့်တိုင်းပြည်လည်း ပြန်ရောက်ရော ကျုပ်ဟာ လုံးဝအဖတ်ဆယ်လို့ မရတော့ဘူး။ လူကောင်းစာရင်းမှာလည်း မရှိတော့ဘူး။ လူဆိုးစာရင်း ဝင်သွားပြီပေါ့ဗျာ။

တစ်ခုပြောထားရဦးမယ်။ လူဆိုးဖြစ်သွားတဲ့အခါမှာ နာမည်က 'အိမ်မြဲ' မဟုတ်တော့ဘူးဗျ။ တစ်မျိုး ပြောင်းထားပြီ။ ဒုစရိုက်လောကမှာ 'စွယ်စုံမောင်မောင်' ရယ်လို့ လူသိများတယ်ဗျ။ ခါးပိုက်နှိုက်တယ်ဗျာ။ သူများအိမ်ပေါ် တက်ခိုးတယ်ဗျာ။ အဖော်ကောင်းရင် ဓားပြတိုက်တယ်ဗျာ။ ကလေးကို ခမည်းပေးထားတဲ့ နားဆွဲကလေးကို ဖြုတ်ယူတဲ့ အမှုမျိုးကနေ သိန်းပေါင်းများစွာ ရလိုက်တဲ့ ဓားပြမှုကြီးအထိ ကျုပ်ဟာ ကျူးလွန်ခဲ့ပြီးပြီ။

တစ်ခုတော့ ရှိတယ်ဗျို့။ ကျုပ်နဲ့ လက်တွဲလုပ်တဲ့ လူတွေ ရဲက ဖမ်းမိတဲ့အခါ ရဲက မရမက စစ်တာပေါ့ဗျာ။ အဲဒီအခါမှာ သူတို့ရဲ့ ခေါင်းဆောင်ဟာ စွယ်စုံမောင်မောင် ဆိုတဲ့လူဖြစ်တယ်ဆိုတာ မဖော်တဲ့လူတစ်ယောက်မှ မရှိဘူး။ ဒါပေမဲ့ ရဲက ကျုပ်ကို မျက်ခြည်ပြတ်နေတယ်။ နာမည်နဲ့ လူနဲ့ လွဲနေတယ်။ အဲဒါကြောင့် ကျုပ်ဟာ ထောင်နန်းမစံရသေးတာပေါ့။ ပြီးတော့လည်း ပြောရဦးမယ်။ ကျုပ်ကျက်စားခဲ့တာက ရန်ကုန်မြို့ မပါဘူး။ နယ်မြို့တွေမှာ ကျက်စားခဲ့တာပေါ့ဗျာ။

ဒါပေမဲ့ ဒီနှစ်ဆောင်းအဝင်မှာ ဘယ်လိုဖြစ်တယ်မသိဘူး။ တင်တင့်ကို အရမ်းသတိရတယ်။ သတိရမယ့်သာ သတိရတာပါဗျာ။ တင်တင်ဟာ ကျုပ်နဲ့ တန်းဖြုတ်ပြီးတဲ့နောက်မှာ သူ့အမေ သဘောကျတဲ့ ယောကျ်ားတစ်ယောက်နဲ့ ယူလိုက်ရတယ်။ ဒါပေမဲ့ အဲဒီယောကျ်ားနဲ့ မမြဲပါဘူး။ ဆီးချိုရောဂါနဲ့ အဲဒီယောကျ်ားဟာ ကွယ်လွန်အနိစ္စ ရောက်သွားရှာတယ်။ ကြေးချင်းတိုက်ပြီး ပြောတာတော့ မဟုတ်ပါဘူး။ တင်တင်က တစ်ခုလပ်မနော်။ ငအိမ်မြဲဆိုတဲ့ ကျုပ်ကတော့ 'မ' ဆိုလို့ ယင်မတောင် မသန်းဖူးသေးတဲ့ လူပျိုအစစ်ဗျ၊ ဟေ ဟေ့..။

ပြောလက်စနဲ့ ဆက်ပြောရဦးမယ်။ ဆောင်းဝင်လာတဲ့အခါမှာ တင်တင့်ကို ဘာလို့သတိရတာလဲဆိုတော့ သူနဲ့ ကျုပ် ချစ်သူဖြစ်ကြရတာ အဲဒီဆောင်းရာသီပဲဗျ။ ကျုပ်က သူ့ကို သဇင်ပန်းကလေး လက်ဆောင်ပေးဖူးတယ်။ ဟဲ...ဟဲ...ပြောရဦးမယ်၊ သဇင်ပန်းလို့ အများခေါ်နေကြတဲ့ ပန်းဟာ ရှေးအခါက သန့်စင်ပန်းလို့တောင် ခေါ်တယ်တဲ့ဗျ။ နှင်းတွေ လှိုင်လှိုင်ကျတဲ့အခါမှ ဝေဝေဆာဆာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တဲ့ ပန်းမျိုးဗျ။ ကဲဗျာ၊ သည်ဆောင်းဟေမာန်ဆိုတဲ့သီချင်း ခင်ဗျားတို့လည်း ရပါတယ်။ ကျုပ်ကတော့ အကြိုက်ဆုံးပဲ။ ရှမ်းပြည်နယ်ကို ယူဆောင်ဆက်သွင်းဆိုတဲ့ အပိုဒ်ကလေးနားက အတော့်ကို နွဲ့နွဲ့လေး ဆိုရတာဗျ။ ဟဲ…ဟဲ‥သူခိုး ဓားပြ ဆိုလို့ အထင်မသေးနဲ့နော်။ အနုပညာဘက်ကလည်း သိပ်ပြီးမဆိုးလှဘူးဗျ။ ကျုပ်တို့ခေတ်က တယောဆရာကြီးတွေဆီမှာ လက်ကျလက်န မီအောင် သင်ထားတဲ့ တယောသမားဗျ။ တင်တင်တို့ အိမ်တံခါးပိတ်ပြီး အိပ်တဲ့အခါမှာ သည်ဆောင်းဟေမာန်သီချင်းကို တယောနဲ့ တိုးခဲ့တာပေါ့ဗျာ။ ထိုးရုံတင် မဟုတ်ဘူးဗျို့။ ကျုပ်ရဲ့ အသံဝါကြီးနဲ့ သည်ဆောင်းဟေမာန်ခါ ဆိုတဲ့အပိုဒ်ကို ငိုသံပါကြီးနဲ့ ဆိုခဲ့တာပေါ့ဗျာ။

ဂိုတိုပြောမယ်ဗျာ။ သိပ်ပြီး သတိရလာတော့ တင်တင်တို့အိမ်မှာ တယ်လီဖုန်း ရှိတယ်။ တယ်လီဖုန်းနံပါတ်ကို ရှာပြီးတော့ တင်တင့်ဆီကို တယ်လီဖုန်း ဆက်လိုက်တယ်။ အောက်ကျခံပြီး ဆက်လိုက်တာပေါ့ဗျာ။ တစ်ခါလောက်တော့ တွေ့ပါရစေလို့ တောင်းပန်ရတယ်။ ကျွန်တော့်အသည်းနှလုံးကို တင်တင့်ခြေထောက်အောက်ကို ထိုးထည့်ပြီး အသနားခံခဲ့ရတာပါ။

အဲဒီတော့ တင်တင်က ကျွန်တော့်ကို ပြန်ပြီးစကားပြောတယ်။ 'ကိုအိမ်တဲ့ ဘယ်တော့တွေ့ရမှာလဲ၊ ဘယ်နားမှာ တွေ့ရမှာလဲ' တဲ့။ ကျွန်တော်ဖြင့်ဗျာ ဝမ်းသာလုံးဆို့ပြီး လဲမသွားအောင် မနည်းကို ထိန်းထားရတယ်။ ပြီးတော့ အထစ်ထစ်အငေါ့ငေါ့နဲ့ 'အခုလာမယ့် ဒီဇင်ဘာလ ၂၅ ရက်၊ မမှားနဲ့နော်၊ အဲဒီနေ့ဟာ ခရစ္စမတ်နေ့ ည ၈ နာရီ၊ မင်္ဂလာဒုံ ခရေပင်လမ်းခွဲ လမ်းဆုံနားက မီးတိုင်အောက်မှာ စောင့်နေမယ်၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ လာပြီးတွေ့စေချင်တယ်' လို့လည်း အသနားခံလိုက်သေးတယ်။ ကျွန်တော်က အဲဒီတုန်းက မန္တလေးကနေ ဆက်လိုက်တာ။ ဆက်တဲ့နေ့က ဒီဇင်ဘာလ ၂၀ ရက်နေ့။ ကျုပ်က ရန်ကုန်ကို ရထားနဲ့ ဆင်းလာခဲ့တယ်။ ၂၁ ရက်နေ့မှာ ရန်ကုန်ကို ရောက်လာခဲ့တယ်။ ၂၅ ရက် ခရစ္စမတ်နေ့ ည ၈ နာရီမှာတော့ ကျုပ်ဟာ မင်္ဂလာဒုံ ခရေပင်လမ်းခွဲက ဓာတ်မီးတိုင်အောက်ကို ရောက်နေပြီဆိုတာ အသေအချာပေါ့ဗျာ။

ပြီးတော့ ကျုပ် အသည်းနင့်အောင် ချစ်ခဲ့ရတဲ့ ကျုပ်ရဲ့ချစ်သူ တင်တင်နဲ့ တွေ့ရဖို့ကလည်း မြေကြီးလက်ခတ်မလွဲပေါ့ဗျာ။ အဲဒီတော့ ဘယ်လောက်အူမြူးနေမယ်ဆိုတာ စဉ်းစားသာကြည့်ကြပေတော့ဗျို့။ ဟော…ဟော့…။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီးနောက် ဒီဇင်ဘာလ ၂၅

ရက်နေ့ ခရစ္စမတ်ည ၈ နာရီတွင်
မင်္ဂလာဒုံ ခရေပင်လမ်းခွဲနဲ့ အနီးဆုံး
လူသွားလမ်း ပလက်ဖောင်းပေါ်ရှိ
ဓာတ်မီးတိုင်အောက်၌ ဘောင်းဘီ
ကုတ်အင်္ကျီတို့ကို ဝတ်ဆင်လျက်
သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက်
ဆောင်းထားသော အရပ်မြင့်မြင့် လူ
တစ်ယောက်သည် ဓာတ်တိုင်ကိုမှီလျက်
ရပ်နေသည်ကို တွေ့ရမည် ဖြစ်၏

ထိုသူသည် သူ၏အနီးမှ ဖြတ်
သွားသော မော်တော်ကားများပေါ်သို့
စိတ်အားထက်သန်စွာ လှမ်း၍ကြည့်
နေ၏။ ထို့အတူ အနီးမှ ဖြတ်သွား
များကိုလည်း စေ့စေ့စပ်စပ် လိုက်
ကြည့်နေ၏။ ၈ နာရီထိုးပြီးသောအ
၌ သူနှင့် သက်တူရွယ်တူခန့်ရှိ မိန်း
တစ်ဦးသည် ကြိမ်ခြင်းကလေး
လက်တစ်ဖက်က ကိုင်လျက် အခြ
သော လက်တစ်ဖက်တွင် ခြောက်
အရွယ် ကလေးမလေးကို ဆွဲ
သူ၏အနီးသို့ ရောက်လာပြီး
လိပ်စာပါသော စာအိတ်ကလေး
ထိုးပြလျက်…

"တောကလာတာပါရှင်၊
လိပ်စာကို ဘယ်လိုသွားရမလဲ"

ဟု မေးလိုက်လေ၏။
လည်း ထိုလိပ်စာကို ကြည့်ပြီး
စိတ်ထဲ၌ ထိုမိန်းမအား သံသယ
ကာ ကြည့်ရှုလိုက်လေ၏။
သည် တစ်ခါက ချစ်သူ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သော တင်တင်ဆိုသည့် မိန်းမတစ်ဦးကို စောင့်မျှော်နေခြင်းဖြစ်၏။ သို့ရာတွင် ယခု သူ၏ရှေ့မှောက်တွင် လာရောက်မေးမြန်းနေသော မိန်းမမှာ တင်တင်မဟုတ်ကြောင်း သိနေ၏။ အဘယ်ကြောင့်ဆိုသော် တင်တင်သည် လှ၏။ ထိုမိန်းမသည် မလှပေ။

"ခင်ဗျားမေးတဲ့လိပ်စာက ဒီဘက်မှာ မဟုတ်ဘူးဗျ၊ ဟိုဘက်ကို ပြန်သွားရမယ်၊ ကန်တော်မင်ဈေးဘက်ကနေ သွားရမယ်"

ဟု ပြောလိုက်ရာ ထိုမိန်းမလည်း ကလေးမလေးကို လက်ဆွဲလျက် ခရေပင်လမ်းခွဲရှိ တစ်ဖက်သော ပလက်ဖောင်းဆီသို့ ခပ်သုတ်သုတ် ကူးသွားလေ၏။ အတော်လှမ်းလှမ်းသို့ရောက်လျှင် ယာဉ်ထိန်းရဲတစ်စုကို တွေ့ရလေ၏။ သူသည် ထိုရဲများဆီသို့ သွားကာ

"ဒီမှာရှင်...ဒီမှာ...သိပ်ကို အရေးကြီးပါတယ်၊ ရဲတပ်ဖွဲ့က အလိုရှိနေတဲ့ လူဆိုးဝရမ်းပြေး စွယ်စုံမောင်မောင်ဆိုတာ ရှင်တို့ ကြားဖူးတယ် မဟုတ်လား"

ဟု ပြောလိုက်လျှင် ယာဉ်ထိန်းရဲတစ်စုလည်း မျက်လုံးပြူး၍သွားလေ၏။ ထိုအခါ မိန်းမက...

"အဲဒါ တခြားလူမဟုတ်ဘူး၊ ယောပိုခတ်တိုင်အောက်မှာ ဆေးလိပ်သောက်နေတဲ့ ဦးထုပ်နဲ့လူပါ"

ဟု ပြောလိုက်လျှင် ယာဉ်ထိန်းရဲများလည်း စခန်းကို တယ်လီဖုန်းဆက်သူဆက်၊ ထိုသူ့အနီးသို့ မယောင်မလည် ကပ်သူက ကပ်ကြပြီးလျှင် ထိုသူအား ဝိုင်းဝန်းဖမ်းဆီးလိုက်ကြလေ၏။ ထိုသူသည် အဖမ်းခံရသော အခါ၌...

"ကျွန်တော် ဂါတ်ကို လိုက်ဆိုရင်လည်း လိုက်ခဲ့ပါမယ်၊ မပြောပါဘူး၊ ခဏလေးတော့ ဆက်ပြီးစောင့်ပါရစေဗျာ၊ ကျွန်တော့်ရဲ့ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ ကျွန်တော့်ချစ်သူကို ဆက်ပြီးစောင့်ပါရစေဗျာ၊ သူလာဖြစ်အောင် လာမှာပါ"

ဟု ဆို့နှင့်သံကြီးဖြင့် ပြောလိုက်လေ၏။ အမှန်စင်စစ် သူ့အား စာအိတ်ပေါ်မှ လိပ်စာကို ပြ၍ လာမေးသော မိန်းမမှာ သူ၏ချစ်သူ တင်တင် ဖြစ်၏။ တင်တင်သည် အိမ်မြဲ၏ သတင်းကို အစဉ်သဖြင့် နားစွင့်နေသူဖြစ်၏။ ထို့ကြောင့် အိမ်မြဲသည် ဓားပြကြီးဖြစ်သွားပြီး နာမည်မှာလည်း အိမ်မြဲ မဟုတ်တော့၊ စွယ်စုံမောင်မောင် ဟူသော နာမည်ရထားကြောင်းကိုလည်း သိပြီးဖြစ်၏။ ထို့ကြောင့် တင်တင်သည် သူ၏ချစ်သူကို ဒုစရိုက်လောကတွင် ဆက်၍ကျင်လည်ခွင့် မပေးတော့ဘဲ ဥပဒေဘောင်အတွင်းသို့ သူကိုယ်တိုင် ဆွဲသွင်းလို၏။ ပြီးလျှင် အပြစ်ရှိက အပြစ်ဒဏ်ကို ကျခံစေလို၏။ အပြစ်ဒဏ်ကျခံပြီး လူကောင်းပကတိဖြစ်သွားမှ မောင်အိမ်မြဲနှင့် တင်တင်တို့ ပေါင်းကြလေသတည်းဟု အဆုံးသတ်လိုက်၏။ ထို့ကြောင့် သူသည် ထိုသို့ ပြုလုပ်လိုက်ခြင်း ဖြစ်၏။

"အိမ်မြဲမှာလည်း ချစ်သူ တင်တင်ကို လှတုန်းဝတုန်းအရွယ်တွင်သာ တွေ့ခဲ့ဖူး၏။ ထို့ကြောင့် တင်တင်မှန်း မသိရှာခဲ့ပေ။ ဤသို့ဖြင့် အချစ်ကြီး ချစ်တတ်သော အိမ်မြဲသည် အချုပ်ခန်းအတွင်းသို့ ဝင်သွားသော အခါ၌...

"ရက်စက်လှချည်လား တင်တင်ရယ်၊ ငါ မင်းကို စောင့်နေခဲ့ပါတယ်၊ မင်း ငါ့ကို လာမတွေ့ဘူးကွယ်"

"မင်း ငါ့ကို လာမတွေ့ဘူးကွယ်..."

"မင်း ငါ့ကို လာမတွေ့ဘူးကွယ်..."

"မင်း ငါ့ကို လာမတွေ့ဘူးကွယ်..."

ဟု ရေရွတ်ရင်း ရူးသွပ်သွားရှာလေတော့သတည်း။

*သဗ္ဗေသတ္တာ ကမ္မဿကာ*

*ဖတ်စရာဂျာနယ်၊ အမှတ်(၃)*
*(၄-၃-၂၀၀၅)*



www.burmeseclassic.com

www.burmeseclassic.com

# အဘိုးကျား

မောင်ဝေဘာထိန်

ကျွန်တော်၏အမည်မှာ မောင်အောင် ဖြစ်ပါသည်။ ထိုအချိန်က အသက် ၃၀။ ၁၉၉၀ ခုနှစ် ဖြစ်ပါသည်။ အလုပ်က ဓာတ်ဆီဆိုင်တွင် အလုပ်လုပ်ပါသည်။ ထိုစဉ်က ဓာတ်ဆီဆိုင်တွင် အလုပ်လုပ်သော ကျွန်တော်သည် တစ်နေ့ ဝင်ငွေ ငါးရာကျော် ရှိပါသည်။ ထိုအချိန် ထိုအခါက တစ်နေ့ ဝင်ငွေငါးရာကျော် ဆိုသည်မှာ အလွန်ပင် ကံကောင်းသူများ အခွင့်အရေးရသူများသာ ဖြစ်ပါသည်။ တစ်ရာနှစ်ဆယ့် ခြောက်ကျပ် တစ်လရသူများခေတ်တွင် ကျွန်တော်သည် တစ်နေ့ ဝင်ငွေ ငါးရာကျော် ရရှိသည်မှာ အလွန်ထူးခြားကံ ကောင်းလှသူတစ်ဦး ဖြစ်ပါသည်။ ထိုအချိန်က ဓာတ်ဆီ၊ စက်ဆီ ချောဆီများကို အစိုးရက ကိုင်သည်မို့ ယခုခေတ်လို ဝယ်ချင်တိုင်း ဝယ်၍မရပါ။

ကားရှိသူများ ဆီစာအုပ်ဖြင့်သာ ဝယ်ယူခွင့်ရသော အချိန် ဆီဆိုင်က မန်နေဂျာမပြောနှင့် နေ့စားနှင့် မန်နေဂျာ က ခေါ်ယူဆီထည့်ခိုင်းသူသည်ပင် အဆင်ပြေလှ၏။ မည်သို့ မည်ပုံ ဝင်ငွေရသည်ကို မပြောလုံပေဘူးပါ။ ထိုသို့ ငွေအဆင် ပြေသော ကျွန်တော်သည် ကျောင်းသားဘဝကပင် မယ်ဒ လင်၊ ဖုံးမင်း၊ ဂီတာ စသည်များကို တီးခတ်တတ်ပါသည်။ ယခုအချိန်တွင်တော့ အဆိုပါ တူရိယာပစ္စည်းများကို ကျော်၍ မဟာဆန်ဆန် စောင်းတီးလေ့ကျင့်သင်ကြားခဲ့ပါသည်။

ကျွန်တော်၏ ဆရာဖြစ်သူမှာ စောင်းသိန်းဖေ ဖြစ်ပါ သည်။ ဆရာသည် အတီးပင်မက အဆို အရေးဘက်တွင်ပါ ကျွမ်းကျင်သူဖြစ်၍ မြန်မာ့အသတွင် ဓာတ်ပြားများစွာ ရရှိခဲ့ သလို ဆရာ၏သီချင်းများကလည်း ပေါက်မြောက်လှပါသည်။ တစ်နေ့တွင် ဆရာက ကျွန်တော့်အား အင်းတိုင်သို့ သွား ရောက်မည်ဆိုသဖြင့် ဆရာနှင့်အတူ အင်းတိုင်သို့ ရောက်ရှိခဲ့ ပါသည်။ အင်းတိုင်ရောက်ရှိပြီး ခြေလျှင်ခရီးဖြင့် ဆက်လ ၍ တောစပ်သို့ နှစ်ဦးသား လျှောက်ခဲ့ကြပါသည်။ လက်စွဲ တော်စောင်းမှာလည်း ကျွန်တော်တို့နှင့် တစ်ပါတည်း ပါရှိခဲ့ ပါသည်။ မှောင်ရီပျိုးစအချိန်တွင် အင်းတိုင်တောတွင်းသို့ ရောက်ရှိခဲ့ပြီး ဆရာနှင့်အတူ ဇရပ်လိုလို ကျောင်းပေါင်း တစ်ခုလိုလို နေရာတွင် နားလိုက်ကြပါသည်။

ထိုဇရပ်လိုလို ကျောင်းပေါင်းလိုလို နေရာတွင် နေထိုင်သူကား "အဘိုးကျား" ဆိုသူ အသက် ၇၀ ကျော်ခန့် အဘိုးတစ်ယောက် ဖြစ်ပါသည်။ အဘိုးကျားသည် ဆရာနှင့် စကားစမြည်ပြောကြရင်း ရေးဟောင်းနှောင်းဖြစ်များထိ ပြော ကြဆိုကြပါသည်။ ကျွန်တော်၏ ဆရာက "ဘိုးကျား" ကို "ကျော်ကျော်တစ်ယောက် ရောက်မလာဘူးလား။ ကျွန်တော်နဲ့ မတွေ့တာတော့ ရှစ်နှစ်၊ ကိုးနှစ်လောက် ရှိပြီခင်ဗျ" အဘိုး ကျားက "ဟုတ်လား။ ဒီကောင် မနက်ပေါက်ချလာလိမ့်မယ် ကွ" ဟု ပြောသံကြားရပြီး ထိုညတွင် ဆရာနှင့် ကျွန်တော် သည် အဘိုးကျား ညှော်ခံသော အစားအသောက်များကို စားသောက်ကြရင်း ပါ [illegible] နှင့် ဆရာတစ်လှည့်၊ ကျွန်တော်တစ်လှ [illegible] သည်။ လပြည့်ည ဖြစ်သည်နှင့်အညီ မီးလ [illegible] သာညတွင် မောင်း သံနှင့် တေးဆိုရသည့် ခံ [illegible] စွာပင် ကြည်နူးစရာ ဖြစ်တော့၏။

ညဉ့်နက်သန်းခေါင်ကျော်ထိ သီချင်းများ တီးမှုတ် ဖျော်ဖြေကြပါသည်။ သီချင်းသီဆိုကြပြီး အိပ်ရာဝင်ချိန်တွင် ဆရာက ကျွန်တော့်အား အဘိုးကျားသည် ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့နှင့် သူငယ်ချင်းဖြစ်ကြောင်း ပြောပြပါသည်။ ကျွန်တော့်အနေနှင့် ဆရာပြောသည်ကိုသာ နားဆင်နေရ သော်လည်း စိတ်တွင်း၌မူ ယုံကြည်မှု မရှိလှပါ။ ကျောင်းသား ဘဝကတည်းက ကျွန်တော်သည် သိပ္ပံပညာကိုသာ အလေး ထားယုံကြည်မှု ရှိပါသည်။ ဝိဇ္ဇာပညာကိုကား လက်တွေ့မကျ လှသဖြင့် ယုံကြည်မှု မရှိလှပေ။

နံနက်မိုးလင်းသောအခါ ကျွန်တော် အိပ်ရာမှထကာ မျက်နှာသစ်ပြီး ဆရာ၊ အဘိုးကျားတို့နှင့် ရေနွေးကြမ်းသောက် နေစဉ် ညှော်သည်တစ်ဦး ကျွန်တော်တို့နားနေရာ ကျောင်း [illegible] သို့ တက်လာလေသည်။ တက်လာသူပုဂ္ဂိုလ်မှာ [illegible] ရပ်



www.burmeseclassic.com

www.burmeseclassic.com

မကောင်းကောင်း။ အရုပ်မနိမ့်မမြင့်၊ အသားလတ်လတ်ဖြစ်ပါသည်။ အဘိုးကျားက -

"ဟော・・・တွေ့လား ကိုသိန်းဖေ။ ကိုကျော်ကျော် ရောက်လာပြီလေ"

"ဟာ・・・အဘိုးကျား ညကပြောတာ မှန်လိုက်တာ။ ကိုကျော်ကျော်ရေ၊ အဘိုးကျားက ဒီမနက် ခင်ဗျားရောက်လာမယ်လို့ ပြောတယ်ဗျ"

ကိုကျော်ကျော်က ပြုံး၍ အဘိုးကျားနှင့် ကျွန်တော်၏ ဆရာအား ဝမ်းပမ်းတသာစကားများ တစ်ဖောင်ကြီး ပြောကြလေ၏။

အဘိုးကျားနှင့် ကိုကျော်ကျော် တစ်နေရာတွင် လမ်းလျှောက်စကားပြောနေကြစဉ် ကျွန်တော်၏ ဆရာက

"အဲဒီ ကိုကျော်ကျော်ဆိုတာ・・・ဆရာဝန်ကွ မောင်အောင်ရ"

"ဟုတ်ကဲ့ ဆရာ၊ ဘယ်ဆေးရုံကလဲခင်ဗျ"

"ခုတော့ ဆရာဝန် မဟုတ်တော့ဘူးကွ။ ဆမလက်မှတ် သိမ်းခံရလို့ ကုန်သည်အလုပ်ပဲ လုပ်တော့တယ်"

"ဗျာ・・・ဆရာဝန်လက်မှတ်သိမ်းခံရတယ်။ ဘယ်လိုကြောင့်များလဲ ဆရာရယ်"

"အေး・・・ဒီလိုကွ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကိုကျော်ကျော် အဘိုးကျားဆီလာတော့ အဘိုးကျားက မင်းဒီကပြန်သွားရင် ကလေးမွေးမယ့် လူနာတစ်ယောက်ကို ဆေးကုဖို့ လာခေါ်လိမ့်မယ်။ အဲဒီလို လာခေါ်ရင် မလိုက်နဲ့။ အကြောင်းပြပြီး ရှောင်လိုက်။ တကယ်လို့ မင်းလိုက်သွားရင် ဒုက္ခရောက်လိမ့်မယ်လို့ ပြောလိုက်တယ်။

ကိုကျော်ကျော် ပြန်သွားပြီး အိမ်ရောက်တော့ ရေမိုးချိုး ထမင်းစားပြီး အနားယူနေတုန်း အိမ်ရှေ့ကားရပ်သံကြား၏။ လူတစ်ယောက် တက်လာပြီး သူ့ဇနီး ကလေးမွေးခါနီးလို့ ဆရာကူညီဖို့ ပြောသတဲ့။ ကိုကျော်ကျော်ကလည်း အားနာတတ်တဲ့လူဆိုတော့ အဘိုးကျားပြောလိုက်တာကို မေ့သွားပြီး ဆေးအိတ်ဆွဲလို့ လိုက်သွားတာပေ့ါ။ သို့သော်လည်း ကံမကောင်းစွာဘဲ ကိုကျော်ကျော်ကုလိုက်တဲ့ မီးဖွားမယ့် လူနာဟာ ဆုံးသွားတယ်တဲ့။ အဲဒါနဲ့ လိုရင်းပြောရရင် သူ့ကို လာခေါ်တဲ့ လူနာရှင်ဟာ အရာရှိကြီးတစ်ယောက်ပဲ။ အလွန်ပဲ ပေါက်ပေါက်ရောက်ရောက်ရှိတယ်တဲ့။ အဲဒါနဲ့ အဲဒီပုဂ္ဂိုလ်ကြီးက သူ့ဇနီးဆုံးတာကို ကုတဲ့ဆရာဝန်ညံ့လို့ ဆရာဝန်

အပြစ်ဆိုပြီး တိုင်လို့ ကိုကျော်ကျော်လည်း ထောင်ထဲရောက်သွားလေရဲ့။

အဘိုးကျားက ကိုကျော်ကျော် ထောင်ထဲရောက်တဲ့အချိန် ထောင်ထဲထိ သွားတွေ့တယ်တဲ့။ ထောင်ကလွတ်ဖို့ အစီရင်လည်း လုပ်ပေးခဲ့တယ်။ အဲဒီလိုနဲ့ ကိုကျော်ကျော် ထောင်ကလွတ်ခဲ့တယ် ဆိုပါတော့ကွာ။ ဒါပေမဲ့ ဆရာဝန်လက်မှတ်တော့ သိမ်းခံလိုက်ရတာပေါ့ကွာ။ ဟော・・・အဘိုးကျားတို့လည်း ပြန်လာကြပြီ။ ကဲ・・・မောင်အောင်၊ တို့လည်း ဒီနေ့ပြန်ကြမယ်နော်။ မင်းလည်း အခွင့်အရေးရတုန်း အဘိုးကျားဆီက တစ်ခုခုတောင်းပေါ့ကွာ"

အဘိုးကျားနှင့် ကိုကျော်ကျော်တို့သည် ကျွန်တော်တို့နားသို့ ဝင်ထိုင်ကာ ရေနွေးကြမ်းသောက်ရင်း စကားပြောကြလေ၏။

ကိုကျော်ကျော် ပြန်မည်ဆို၍ ကျွန်တော်၏ဆရာက တောစပ်သို့ လိုက်ပို့လေ၏။ ထိုသို့ လိုက်ပို့စဉ် ကျွန်တော်နှင့် အဘိုးကျားတို့ ရေနွေးကြမ်းသောက်ရင်း ကျန်ခဲ့ကြ၏။ ကျွန်တော်ကား ကျွန်တော့်ဆရာ ပြောသည်များကို ယုံရခက်ခက် ဖြစ်နေသော်လည်း လူငယ်ပီပီ ရသည့်အခွင့်အရေးလက်မှ မလွတ်ရလေအောင် ကျွန်တော့်ဆရာ၏စကားအတိုင်း အဘိုးကျားအား "အဘခင်ဗျား။ ကျွန်တော့်ကိုလည်း အဘလို အသက်ရှည်ပြီး အနာကင်းအောင် စောင့်ရှောက်ပါခင်ဗျား"ဟု စိတ်ထဲရှိသည်ကို အဘကျားအား ပြောချလိုက်တော့၏။ အဘကျားဆို၍ နာမည်သာဆန်းသည်။ လူပုံစံကဘာမှမထူးခြားပါချေ။ သာမန် စွပ်ကျယ်လက်ရှည်၊ မျက်နှာသုတ်ပဝါတစ်ထည် လည်ပင်းပတ်၊ လုံချည်တိုတိုဝတ်ထားသူ အသက် ၇၀ ကျော် အဘိုးတစ်ယောက်ပုံစံသာ ဖြစ်၏။

ကျွန်တော်က ထိုသို့ အဘကျားအား ပြောလိုက်သောအခါ အဘကျားက "အေးကွယ် ကူညီရတာပေါ့။ ဟောဟိုမှာ ပုတီးတွေ့တယ်မှတ်လား"

အဘပြောသောအခါ ကျွန်တော်၏ မလှမ်းမကမ်းနေရာတွင် သာမန်ပုတီးတစ်ကုံးကို တွေ့ရလေ၏။

"ဟုတ်ကဲ့ခင်ဗျ"

"အေး・・・အဲဒီပုတီးကိုယူပြီး တို့ကျောင်းရှေ့က [illegible]ရားထိုင်တဲ့ဂူလေးတွေ တွေ့တယ်မှတ်လား။ အဲဒီမှာ [illegible]ပုတီးကို ယူပြီး တစ်ပတ်စိပ်ကွာ"

"ဟုတ်ကဲ့ ဘာတွေရွတ်ပြီး စိပ်ရမှာလဲ အဘရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"အရပ်၊ ဝိနေဘိုးပြီး ပုတီးတစ်လုံးချ။ တစ်ပတ်ပြည့်အောင်စိပ်ကွာ"ဟု ဆိုသဖြင့် ကျွန်တော်လည်း ပုတီးလေးကို လှမ်းကောက်ယူရာ ပုတီးကလေးမှာ တော်တော်နှင့် ကောက်ယူ၍မရပေ။ မျက်မြင်တွင် ၁၀၈ လုံး ပုတီးကလေးသာ ဖြစ်သော်လည်း လက်တွေ့ကောက်ယူလိုက်သောအခါတွင်မူ တော်တော်နှင့် ကောက်ယူ၍မရဘဲ အလွန်ရှည်သော ကြိုးခွေ တစ်ခုကို ကောက်ယူနေရသကဲ့သို့ ဆွဲယူ၍မဆုံး ရှိနေတော့၏။ ထိုအခါ ကျွန်ုပ်သည် အလွန်ပင် အံ့အားသင့်ကာ ဤ ၁၀၈ လုံးသော ပုတီးတစ်ကုံးသည် ပေတစ်ထောင်မျှရှည်သော ကြိုးတစ်ခွေကို ဆွဲယူနေရသကဲ့သို့ ခံစားနေရကာ စိတ်ရှည်စွာဖြင့် ပုတီးကို မဆုံးဆုံးအောင် လက်တွင်ရစ်ကာ ပတ်ယူနေရ၏။

အချိန်အတော်ကြာမှ ဤပုတီးလေးတစ်ကုံးကို ရယူနိုင်တော့၏။ ထိုအခါမှ ကျွန်ုပ်သည် အဘပြောသော တရားထိုင်သည့် ဂူထဲသို့ဝင်ကာ တစ်ပတ်ပြည့်အောင် စိပ်လိုက်ရာ ညနေစောင်းသွားပါတော့သည်။

အိမ်သို့ပြန်ရောက်သောအခါ ကျွန်ုပ်သည် အဘိုးကျားအကြောင်း စဉ်းစားနေမိ၏။ "ဦးကျော်ကျော် မနက်လာမည်ကို အဘယ်ကြောင့် ကြိုတင်ပြောနိုင်သလဲ။ ၁၀၈ လုံးသော ပုတီးလေးတစ်ကုံးကို ကျွန်ုပ် ကောက်ယူလိုက်သောအခါ အဘယ်ကြောင့် တော်တော်နှင့် မရနိုင်သလဲ"ဟူသော အတွေးများကို ကျွန်တော် ထပ်ကာတလဲလဲ တွေးမိသော်လည်း မည်သို့မျှ ကောက်ချက်မချနိုင်ခဲ့ပေ။ အဘိုးကျားကား ထူးခြားသူဖြစ်သည်ကတော့ အမှန်ပင်။ နောက် ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့နှင့် သူငယ်ချင်းဆိုသည်ကော ဟုတ်ရဲ့ ...။

ကျွန်တော် အဘိုးကျားဆီမှ ပြန်လာပြီး တစ်လခန့် အကြာတွင် ကျွန်တော်၏ စောင်းဆရာ ဦးသိ ... "မောင်အောင်၊ ရှေ့လာမယ့် တနင်္ဂနွေနေ့မနက်စော ... တက္ကသိုလ်ရိပ်သာလမ်း ကန်ဖျားကျောင်းမှာ ဆရာတော်ကြီးကို ကျောင်းအပ်ပွဲရှိတယ်။ အဲဒီပွဲမှာ ဆရာ စောင်းနဲ့ ရတုသီဆိုပူဇော်ရမယ်ကွ။ ဒါကြောင့် မင်းလည်းလိုက်ခဲ့ရလိမ့်မယ်"ဆိုသဖြင့် ဆရာနှင့်ကျွန်တော်သည် တနင်္ဂနွေနေ့ နံနက်စောစွာ အင်းလျားကန်စောင်းရှိ ကန်ဖျားကျောင်းသို့ ရောက်ရှိလာခဲ့ကြပါသည်။

ဆရာနှင့် ကျွန်တော်တို့ ရောက်ရှိပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကြသောအခါ ဆရာတော်ကြီးက "ဒကာကြီးဦးသိန်းဖေ၊ အဘိုးကျားရော ပါမလာဘူးလား"ဟု မိန့်သဖြင့် ဆရာက မပါကြောင်း လျှောက်ထားရာ ဆရာတော်ကြီးက "ပါတယ်ဒကာကြီးရဲ့။ ကျောင်းဝမှာ စောင့်နေတယ်။ သွားခေါ်လိုက်ပါ"ဟု မိန့်ပြန်သဖြင့် ဆရာက ကျွန်တော့်အား "ကဲ···မောင်အောင်၊ အဘိုးကျားကို သွားခေါ်ကွာ"ဟု ဆိ... သဖြင့် ကျွန်တော်သည် ဆရာပြောသည့်အတိုင်း ကျောင်းဝ... ထွက်ကာ အဘိုးကျားဆီသို့ လျှောက်ခဲ့ပါသည်။ ကျွန်တော်နှ... ဆရာ ကျောင်းသို့အလာတွင် မည်သူတစ်ဦးတစ်ယောက်... မပါ။ အဘယ်ကြောင့် ဆရာတော်က အဘိုးကျားလာသည်ဟု... မိန့်သည်မှာ ထူးခြားလှ၏ဟု စဉ်းစားမိတော့၏။

ကျွန်တော် စဉ်းစားရင်း ကျောင်းဝသို့ လျှောက်လာ... ရာ ကျောင်းဝသို့ အရောက်တွင် အဘိုးကျားသည် တိုက်ပုံနှ... ပုဆိုးတို့ကိုဝတ်လျက် မတ်တတ်ရပ်၍ တစ်စုံတစ်ယောက်အာ... စောင့်နေဟန် တွေ့ရလေ၏။ ကျွန်တော်ကား အဘိုးကျား... အမှတ်မထင် တွေ့လိုက်ရသဖြင့် လွန်စွာအံ့ဩမိပါ၏။ သို့နှ... ကျွန်တော်သည် အဘိုးကျားအား ကျောင်းဝမှ ကျောင်းတွင်... သို့ ခေါ်ဆောင်လာရပါတော့သည်။ အဘိုးကျားသည် ဘယ်... တုန်းကလာသနည်း။ ဤပွဲကို မည်သို့သိသနည်း ကျွန်တော်... ဘာမျှမမေးမိပေ။ အံ့ဩဝမ်းသာလျက် အဘိုးကျားအား ဆရာ... တော်ကြီးရှေ့သို့ ခေါ်ဆောင်ကာ နေရာပေးလိုက်ရလေ၏။

ဆရာတော်ကြီးရှေ့တွင် လက်အုပ်ချီလျက် အဘိုး... ကျားကို ဆရာတော်ကြီးက အသေအချာ ခါးကိုညွတ်ကာ... အားပါးတရ ကြည့်ရှုရင်း "သြော်···အဘိုးကျား၊ အဘိုးကျား... ကျုပ် ငါးနှစ်သား ကိုရင်ဘဝထဲက ဒီရုပ်ဒီရည် အဘိုးကျား... ခု ကျုပ်အသက် (၈၀) ကျော်နေပြီ။ ခုထိလည်း ဒီရုပ်ဒီရည်... အတိုင်း အဘိုးကျားပါပဲလားဗျာ"ဟု ရေရွတ်လိုက်လေ၏။

"ကဲ···အဲဒါပဲ စာရေးဆရာရေ၊ ကျုပ်တွေ့ခဲ့ဖူး... အဘိုးကျားဆိုတဲ့ အဘိုးကျား မထူးဆန်းဘူးလားဗျာ"

"ဒီလောက် ပုဂ္ဂိုလ်ထူးနဲ့ တွေ့တာကိုများ ဘာအ... အရေး ဘာဆေးမှမတောင်းတာ အံ့ပါရဲ့ဗျာ"

"သြော်···ဒါကတော့ ဆရာရယ်။ ပြောလည်း... စရာပေါ့။ ကျွန်တော်ကလည်း ဆရာတို့ စာရေးဆရာတွေ... သိပ်ပွဲသမားစစ်စစ်လေဗျာ။ ဒါကြောင့် ယုံရခက်... ... ခက်နေရင်း အခွင့်အရေးတွေ လက်လွှတ်... ...တာပေါ့ဗျာ"

**မောင်တော်ထိ...**



www.burmeseclassic.com

www.burmeseclassic.com



# ထွဋ်ခေါင်သော်တာ

## ရည်ရည်မွန်(မန္တလေး)

"တောက်"

အချိန်အခါမဟုတ် နွေခေါင်ခေါင်ကြီး မိုးရွာရတယ်လို့၊ နွေခေါင်ခေါင်မဟုတ်ပါဘူး။ နွေကို မရောက်သေးတာ။ ခုမှ ဆောင်းကုန်မလို့ ကြံတုန်း။ မှန်တိုင်းရှိလို့ဆိုလားပဲ။ ကျုပ်ဆိုတဲ့ကောင်က မိုးဆို လွှတ်မုန်းတာ။ အဲဒီလောက်ထိ။ ဘာဖြစ်ရမလဲဗျာ။ မိုးရွာရင် အိမ်ထဲမှာပဲ ကုပ်နေရတော့တယ်။ တော်ရုံတန်ရုံ အပြင်သွားစရာရှိတဲ့ ကိစ္စတွေ လုံးဝရပ်ထား။ တစ်အိမ်လုံးရှိတဲ့ အသုံးအဆောင်ကအစ အဝတ်အစားတွေထိ စိုထိုင်းထိုင်းနဲ့။ ဒါတောင်ကျုပ်က တစ်ကိုယ်တည်း လူပျိုကြီးမို့ သန့်ပြန့်နိုင်လွန်းလို့။ အိမ်ထောင်သည် ကလေးငယ်တွေရှိတဲ့ အိမ်ဆိုရင် ဘယ်လောက် စိတ်ညစ်စရာကောင်းလိုက်မလဲ။

ကျုပ်က ဌာနမှာ ရုံးအုပ်ကြီး။ တတ်နိုင်ပါဘူးဗျာ။ မွေးသနွေဆိုတာ ဖျောက်လို့ရခဲ့တာကိုး။ ကျုပ်က ငယ်ငယ်ကတည်းက အသန့်သိပ်ကြိုက်တာ။ ကျုပ်အဝတ်အစားဆို ကော့နေမှ။ ယောကျာ်းဖြစ်ပြီး အိမ်ခန်းအလုပြင်အလုဆင်တာလည်း ဝါသနာပါလိုက်သေး။ ဒီတော့ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို သတ္တုခွက်ကြီးခံပြီး သောက်တတ်တဲ့ ကျုပ်အမေနဲ့ ငေးငါးရက်မှ ရေတစ်ခါချိုးချင်တဲ့ ကျုပ်အဖေတို့ ကျုပ်နဲ့ လာမရောကြတာ အဆန်းလား။



www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင် မိန်းမရမှာ မဟုတ်ပါဘူး။ ဒီလောက် အသန့်ကြိုက်နေတာ"

ကျုပ်ငယ်ငယ်ကတည်းက အဖေက အဲဒီလို မှတ်ချက်ချခဲ့တာ။ အဖေ့ဗေဒင် မှန်နေပြီလား မသိဘူး။ အခုအသက်လေးဆယ်နား ကပ်တဲ့အထိ ကျုပ်မှာ ချစ်ရမယ့်သူ မပေါ်သေးဘူး။ မနက်မိုးလင်းရင် အိမ်ရှေ့ တံမြက်စည်းလှဲ၊ အိမ်ထဲ ကြမ်းတိုက်၊ ပန်းချီကားတွေ ဖုန်သုတ်၊ မှန်ပြတင်းပေါက်တွေသုတ်၊ နောက်ဖေးမီးဖိုချောင် သန့်ရှင်းရေးလုပ်နဲ့ ဘယ်မလဲ အားလပ်ချိန်။ ရုံးတက်ချိန်က ၉ နာရီခွဲမို့သာ။ နောက်ပြီး မိန်းကလေးတွေလို ဖီးလိမ်းပြင်စရာ မလိုလို့သာ။ နို့မို့ဆို ရုံးမီတဲ့ရက် တစ်ရက်မှရှိမှာမဟုတ်ဘူး။ တစ်ခါတစ်ခါလည်း ကျုပ်စဉ်းစားမိတယ်။ တစ်ခုခုတော့ လွဲနေပြီလို့။

ကျုပ် အသန့်အပြန့်ကြိုက်လွန်းတာ ဘေးလူတွေကို မထိခိုက်ပေမယ့် စိတ္တဇကြီးလို ကျုပ်ကိုယ်မှာ ပူးကပ်နေတာတော့ မကောင်းဘူးဗျာ။ ကျုပ်လည်း ဘယ့်နယ်လုပ်ရမှန်း မသိတော့ဘူး။

"ကိုထွဋ်ရာ . . . ခင်ဗျားဟာက လွန်လွန်းတယ်။ ယောကျ်ားလေးပဲ။ တော်ရုံသန့်ရင် ဖြစ်ပါတယ်ဗျ"

အလုပ်စားပွဲချင်းကပ်လျက် ဌာနစုမှူး ကိုအောင်ဖေက ကျုပ်ကိုကြည့်ပြီး စိတ်မသက်သာသလို ဆိုတယ်။ ကျုပ်နဲ့ ငယ်ပေါင်းမဟုတ်ပေမယ့် တစ်ဌာနတည်းမှာ အတူတွဲလုပ်လာတာ ကြာပြီဆိုတော့ ကျုပ်အကြောင်း အူမချေးခါး အကုန်သိနေလို့ပေါ့။

"ကျုပ်ကိုကျုပ်လည်း စိတ်ကုန်နေပြီ။ ကျုပ်ဟာက စိတ်ရောဂါကြီးလိုဖြစ်နေတော့တာ။ တချို့က ကျုပ်ကို ကွယ်ရာမှာ အတင်းတုတ်ကြမှာဗျ"

ကိုအောင်ဖေက လူရိုးမို့ ရင်းရင်းနှီးနှီးဖွင့်ပြောမိတာ ကျုပ်ဆိုတဲ့ကောင်က အသန့်ကြိုက်တဲ့အပြင် လူကိုလည်း ရွေးပေါင်းသေးတာ။ သေချာတယ် ကျုပ်ရှေ့မှာ မပြောဘူးထားပါ။ ကွယ်ရာမှာတော့ ကျုပ်ကို ဂေါနေပြီပြောကြမှာပဲ။ ရာသီတွေထဲမှာ ကျုပ်အချစ်ဆုံးက ဆောင်းဗျ။ ဘယ်လောက်အေးအေး၊ နှင်းဘယ်လိုဝေဝေ ကျုပ်ကတော့ သဘောကျတယ်။ ရာသီဆောင်းက ကျုပ်ကို စိတ်ချမ်းမြေ့စေတယ်။ အဲ.. မိုးနဲ့ နွေကတော့ ကျုပ်ကို စိတ်အနှောင့်အယှက် အလွန်ပေးတဲ့ ရာသီတွေ။ ခင်ဗျားတို့သိတဲ့အတိုင်း နွေနဲ့ မိုးဆိုတာကလည်း လင်မယားလို အမြဲတမ်းတွဲလျက်မဟုတ်လား။ ပုံမှန်ရွာရင် ကျုပ်ဒီလောက် စိတ်မပျက်ပါဘူး။ လေပြင်းပါတိုက်ရင်တော့ သေချင်လောက်အောင် ကျုပ်စိတ်ညစ်တော့တာ။ ဝင်းပြောင်နေအောင်တိုက်ထားတဲ့ ညေ့ခန်းကြမ်းပြင်ဟာ ချက်ချင်း ဖုန်အလိမ်းလိမ်းဖြစ်၊ ကျုပ်ပန်းချီကားတွေ ဖုန်တက်။ မှန်ပြတင်းတွေကို မိုးရေပြောက်ကွက်တွေနဲ့ မိုးရွာပြီးနောက်တစ်ရက် ကျုပ်အလုပ်များပြီသာမှတ်။ အဲတော့ ကျုပ်မိုးကိုမုန်းတာ ရောဂါကြီးတစ်ခုလို ဖြစ်နေတော့တာ။

"ရုံးအုပ်ကြီးရေ..ဒါ မြစ်ကြီးနားက ပြောင်းလာတဲ့ ငွေစာရင်းအရာရှိမလေး မေသော်တာတဲ့။ သော်တာ သူကစီမံဌာနက ရုံးအုပ်လူပျိုကြီး ကိုထွဋ်ခေါင်"

"ဟုတ်ကဲ့..သော်တာ့ကို အမြင်မတော်တာရှိရင် ဆုံးမပါ"

ရုံးအလုပ်တွေနဲ့ အိမ်မှုကိစ္စတွေထဲမှာပဲ နစ်နေတဲ့ သဘာဝလွန် အသန့်ကြိုက်လူပျိုကြီး ရင်တစ်ချက်ခုန်သွားတယ်။ ကိုအောင်ဖေ ကျုပ်ကို အစွံထုတ်နေပြီ။ အမှတ်တွေ ဘယ်ထိပေးထားမှန်း မသိဘူး။

သော်တာက တစ်ပတ်အတွင်း ကိုကြီး၊ ကိုကြီးနဲ့ ကျုပ်အနားက မခွာတော့ဘူး။ လက်ဖက်ရည်ဆိုင် ထိုင်လည်း အတူတူ။ ထမင်းစားကြတော့လည်း အတူတူ။ တစ်ခါတလေ ပိတ်ရက်တွေမှာ သော်တာက ကိုအောင်ဖေနဲ့ ကျုပ်အိမ်ကို လာလည်တတ်သေးတယ်။

"ကိုကြီးအခန်းက အပြတ်သားနားတာပဲ။ ပန်းချီကားတွေ သော်တာသဘောကျတယ်"

အဲဒီစကားလေးတစ်ခွန်း ကြားလိုက်တာနဲ့ ကျုပ်ဆိုတဲ့ ကောင်က လွှတ် ပျော်တော့တာ။ ဆယ့်နှစ်လရာသီ ဖင်ကြီးတကုန်းကုန်းနဲ့ ကြမ်းတိုက်ထားရတဲ့ အမောတွေ ချက်ချင်း ပျောက်ပဲ။ ကော်ဖီတွေ မုန့်တွေနဲ့ ညေ့ခံရင်း ကျုပ်အိမ်အလှကို တစ်နေကုန် ကြွားတော့တာ။

"ကိုကြီးကိုရတဲ့ မိန်းမကတော့ ကံကောင်းတာပဲနော်၊ အဆင်ပြေပဲ တက်နေလိုက်ရုံပဲ"

သော်တာရဲ့ ရေ[illegible]မြောင်းပေး စကားအောက်မှာ ကျုပ်က တပြုံးပြုံး။



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်ဖေကလည်း **နဂိုကတည်းက** ကျုပ်ကို **စွဲစေချင်နေတာဆိုတော့** အနောင့်မလွတ် အသွားမလွတ်တွေ ပြောပြောနဲ့ ကျုပ်တို့စကားဝိုင်းက စိုပြည်သို့။ တစ်ရုံးလုံးကလည်း လူပျိုကြီး ကျုပ်ကို စေတနာရှိတဲ့သူရော၊ မရှိတဲ့သူရော သော်တာနဲ့ အမြန်ယူစေချင်ကြတယ်။ ကျုပ်လူရင်းဖြစ်တဲ့ ကိုအောင်ဖေအပါအဝင် ကျုပ်အပေါ် မေတ္တာရှိတဲ့သူတွေကတော့ မိန်းမအလုပ်တွေရော၊ ယောက်ျားအလုပ်တွေပါ မိနေတဲ့ ကျုပ်ကို ဝင့်ကျွတ်ပါစေဆိုတဲ့ ဆန္ဒနဲ့ပဲ။ ကျုပ်ကို မေတ္တာပျက်တဲ့သူတွေကတော့ ဒီလိုတွေးမယ် မထင်ဘူး။

ဒီလောက် ဇီဇာကြောင်တဲ့ အလှကြိုက်၊ အသန့်ကြိုက်ကြီး မိန်းမရပြီး သီဖတ်သီကြီး ဖြစ်ပါစေဆိုတဲ့ ဆန္ဒနဲ့ပဲလေ။ အင်း...ကျုပ်ဘက်ကလား ကျုပ်လည်းယောက်ျားပဲဗျာ။ ယောက်ျားစိတ်ရှိတာပေါ့။ သော်တာလို မိန်းမလေးကို စိတ်မဝင်စားပါဘူးလို့ပြောရင် ပြောတဲ့သူက အရူးမို့ပေါ့။ မျက်နှာရော ကိုယ်လုံးကိုယ်ပေါက် ဘာမှပြောစရာမရှိဘူး။ သူ့ရာထူး သူ့အသိုင်းအဝိုင်းဆိုတာတွေကလည်း နိမ့်တဲ့အထဲကမဟုတ်တာ။ သော်တာအမေနဲ့ အစ်မတွေကို ကျုပ်လည်း မြင်ဖူးတာပဲဗျာ။ သားသားနားနားတွေပါ။ ဒါပေမဲ့ ကျုပ်ဆိုတဲ့ကောင်က ဦးပေါ်ဦး လျှောက်ထုံးထဲက "ရွှေညာဏ်တော်စူးရောက်တယ်" ဆိုတဲ့ စကားလိုပဲ သူများ မတွေးတာ တွေးတယ်၊ သူများမလုပ်ချင်တာဆို ကန့်ကြိုက်တဲ့ကောင်။ သော်တာကို လက်ထပ်တာ ဘာမှမခက်ပါဘူး။ ခပ်ရိုင်းရိုင်းပြောရရင် "အိမ်ခါးပန်းကကြက် ဘယ်အချိန် ရိုက်ချက်ချက်" ဆိုသလိုမျိုးပေါ့။

"ကိုထွင့်ရဲ့ ဘယ်တော့လဲဗျ။ ကျုပ်တို့ ဘယ်နေ့စားရမှာလဲ"

"ဖြည်းဖြည်းပေါ့၊ ကိုယ့်လူတို့ရာ။ ပွဲကျ သေချာပြီးသားပါ"

"စဉ်းစား ကိုထွင့်ရေ၊ ယောက်ျားလေးဆိုတော့ ရေတိမ်နစ်မှာပူရတယ်။ မမှားသင့်တာ မမှားရအောင် အချိန်ယူစဉ်းစား"

ကိုအောင်ဖေရဲ့ အငေါ်တူးစကားကြောင့် ကျုပ်ပြုံးမိတယ်။ သူလည်း ဘေးတီးရတာ မောလှရောပေါ့။ သော်တာနဲ့ပတ်သက်ပြီး တစ်ညလုံး မအိပ်တဲ့ ကျုပ် အတွေးနယ်ချဲ့ဖူးတယ်။ ဒီလိုဗျာ။ သူ့ကို ကျုပ် လက်ထပ်လိုက်ပါပြီတဲ့။ ကျုပ်ရင်ခွင်မှာ သူ့ကိုထားပြီး ချစ်တဲ့အကြောင်းတွေ၊ ကြင်နာတဲ့ အကြောင်းတွေပြောမှာ အလွန်ဆုံးကြာရင် ခြောက်လ၊ တစ်နှစ်ပေါ့။ အဲဒီကကျော်ရင် ကလေးတစ်ယောက်ပြီးတစ်ယောက် မွေးမယ်။ ထားပါ။ သိပ်မမွေးချင်ရင်လည်း သားဆက်ခြားလို့ ရပါတယ်။ ဒါပေမဲ့ နှစ်ယောက်လောက်တော့ မွေးမှ။ ဟာဗျာ...အဲဒီလို မရယ်ပါနဲ့။ ကျုပ်အတွေးကို မကွယ်ဝှက်ဘဲပြောပြတာကို ခင်ဗျားတို့ကျေနပ်။

မွေးလာတဲ့ကလေးအတွက် တာဝန်တွေပိုလာမယ်။ အနီးလျှော်တာ မီးပူတိုက်တာကအစ သူနဲ့ကျုပ် တစ်လှည့်စီ လုပ်ရတော့မှာ။ သေချာတာက ကျုပ်ချည်းပဲ ဖြစ်ဖို့များတယ်။ ဘာလို့လဲဆိုတော့ ကျုပ်က သိပ်စိတ်မြန်တဲ့ကောင် မဟုတ်လား။ စွပ်ကျယ်တစ်ထည်တောင် ကျုပ်က အကြွေးထားတာမဟုတ်ဘူး။ လျှော်စရာရှိရင် ချက်ချင်းထလျှော်တာ။ သူများတွေလို ရုံးပိတ်ရက်မှ စုလျှော်တာမျိုး မလုပ်ဖူးဘူး။ နောက်ပြီး ကလေးတွေ ကစားတဲ့အရွယ်ရောက်လာရင် ကျုပ် တယုတယ မြတ်မြတ်နိုးနိုး ပြင်ဆင်ထားတဲ့ အိမ်အပြင်အဆင်လည်း ပြောင်းပြန်ဖြစ်သွားနိုင်တယ်။ အခုလို စားပွဲပေါ်မှာ အလှတင်ပန်းအိုးတို့၊ ကိန္နရီ ကိန္နရာရုပ်တုတို့ ထားလို့ ရချင်မှရမယ်။

ယောက်ျားလေးမွေးရင် ဘောလုံးကန်တာ၊ ပေါက်တာ လုပ်လို့ ကျုပ်ပန်းချီကားတွေထိမှန်၊ ကျကွဲ။ မှန်ကွဲတွေ တစ်အိမ်လုံးပြန့်၊ ဟား...မလွယ်ပါလား။ ဒါ...ကျုပ်အတွေးနဲ့ ကလေးမွေးကြည့်လိုက်တာ။ နောက်ပြီး သူ့ဘက်က ဆွေမျိုးတွေ လာကြဦးမယ်။ ခဏတစ်ဖြုတ် နှစ်ရက်သုံးရက်အလည်လာရင်တော်သေးတယ်။ ကျုပ်အိမ်မှာနေပြီး ကျောင်းလာတက်မှာမျိုး၊ ဆေးလာကုမှာမျိုးဆို ဘယ့်နှယ်လုပ်မလဲ။ ကျုပ်ဆိုတဲ့ကောင်ကလည်း သူများအကြောင်း သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး။ ဘယ်သူ့သိန်းဆုကြီးပေါက်ပေါက် ကျုပ်နှင်းဆီပင်က အညှောင့်သစ်လေးထွက်လာတာလောက် ကျုပ်က စိတ်ဝင်စားတာ မဟုတ်ဘူး။ ကျုပ်ရင်ထဲရှိတာကို အမှန်အတိုင်း ဖွင့်ချတာပါဗျာ။ စိတ်နယ်လွန်နေပြီလို့ ခင်ဗျားတို့ထင်ချင်



www.burmeseclassic.com

www.burmeseclassic.com

ဆို၊ ရှူးနေပြီလို့ ပြောချင်ပြော။ ကျုပ် ဦးနှောက်ကတော့ ပုံမှန်ပဲ။ ကျုပ် ဘယ် သူ့အပေါ်မှ မတရားတာ မလုပ်ဘူး။ ကျုပ်ကြောင့် ဘယ်သူမှ ဒုက္ခမရောက် ဖူးဘူး။ ခုချိန်ထိ ကျုပ်စိတ်ဟာ သန့် ရှင်းနေတုန်း။

"တစ်ရုံးလုံးကလည်း မေးလှပြော လှပြီ။ ဟိုက မိန်းမသား။ ကိုထွင့်ပြော တော့ ကျုပ်ကြောင့် ဘယ်သူမှ ဒုက္ခ မရောက်ဖူးဘူးဆို"

ကိုအောင်ဖေဆီက အဲဒီလိုစကား မျိုး ကြားရပြီးနောက် မကြာခင်ရက်ပိုင်း မှာပဲ သော်တာကို လက်ထပ်ဖို့ ကျုပ် ဘာသာ အတည်ပြုလိုက်တယ်။ ကျုပ် ရဲ့ ညတန်းရှည် စဉ်းစားပွဲကြီး ခထာ ရပ်ထား။ နောင်ခါလာ နောင်ခါချေး။ လက်ထပ်ပြီးမှ သော်တာကို ပြင်စရာ ရှိတာပြင်ရုံပဲလို့ လွယ်လေးလို ကျုပ် တွေးလိုက်တယ်။ နီးစပ်ရာ ဘုန်းကြီး ကျောင်းမှာ မင်္ဂလာဆွမ်းကပ်ဖို့ စီစဉ် ရတယ်။ အိမ်ထောင်မှုပစ္စည်းက သိပ် ဝယ်စရာ မလိုပါဘူး။ ကျုပ်မှာ အသုံး အဆောင်တော်တော်များများ ရှိတာပဲ ဟာ။ ကျုပ်အခန်းထဲက ခုတင်ကို အပြင်ထုတ်ပြီး နှစ်ယောက်အိပ်ခုတင် အသစ်တစ်လုံး ဝယ်လိုက်တယ်။ မွေ့ ရာ၊ ခေါင်းအုံးတွေက ကိုအောင်ဖေတို့ စုပြီး လက်ဖွဲ့ကြမှာ။ ဒါကတော့ ကျုပ် တို့ဌာနဆိုင်ရာ ဝန်ထမ်းထုံးစံပါပဲ။

သတို့သမီး၊ သတို့သား လိုအပ် တဲ့ပစ္စည်းဝယ်ပြီး လက်ဖွဲ့ကြပြီးမှ လစာထဲက တစ်ယောက်ဘယ်လောက် ဆိုပြီးဖြတ်။ လောလောဆယ် အဆင် ပြေတဲ့လူကစိုက်ထား။ လက်မထပ်ခင် တစ်ပတ်အလိုမှာ ကျုပ်တို့နှစ်ယောက် အခန်းကို စိတ်ကြိုက်ပြင်ကြတယ်။ ကျုပ်က ဇာချဲ့တတ်သူဆိုတော့ ပစ္စည်း တွေ ဟိုနေရာရွှေ့ ဒီနေရာမ လုပ်ရတာ ပေါ့။ ကိုအောင်ဖေက ဘာကူရဦးမလဲ မေးပေမယ့် ကျုပ်ငြင်းလိုက်ပါတယ်။ ကျုပ်က သဘောရိုးနဲ့ပေါ့။ ဒါကို ဒီလူ ဘယ်လိုတွေးပြီး တဟားဟားရယ်နေ တယ်မသိဘူး။ လူတွေဗျာ တောတော် ခက်တာပဲ။ ကျုပ်က သူတို့ထင်သလို မဟုတ်ပါဘူး။ နောက်တစ်ပတ်ဆိုရင် ကျုပ်ဇနီးဖြစ်တော့မယ့် သော်တာ့ အပေါ်မှာ ကျုပ် အဲဒီလို သိမ်ဖျင်းတဲ့ အမူအကျင့်တွေ မပြုပါဘူး။ ကျုပ်တို့ နှစ်ယောက် ပစ္စည်းတွေ ရွှေ့လိုက်၊ မလိုက်၊ သယ်လိုက်၊ နားလိုက်၊ ကော်ဖီ သောက်လိုက်နဲ့ လုံးချာလည်နေတာ။

"ကိုကြီး . . .ဒီနားမှာ သံတစ် ချောင်း ရိုက်ပေးဦး။ သော်တာ့အကျႌ တွေ ဒီဘက်မှာ ချိတ်မှာ"

သူပြောသလို ကျုပ်လုပ်ပေးလိုက် ပါတယ်။ အဲဒီမှာ ပြဿနာက စတာပဲ။ တစ်မနက်လုံး ပြေးလွှားလုပ်ကိုင်နေရ တာမို့ ချွေးထွက်သန်တဲ့ ကျုပ်မှာ ဝတ် ထားတဲ့ စွပ်ကျယ်တစ်ထည်လုံး ရွဲနစ် နေပေမယ့် အလှမပျက်တဲ့ သော်တာ့ မျက်နှာလေးကို ကျုပ်စိုက်အကြည့် သော်တာက ရှက်ပြုံးကလေးနဲ့ သူ့ ရင်ဘတ်ကြားက လက်ကိုင်ပဝါဆွဲ အထုတ်မှာ အပေါ်ကြယ်သီး (နှိပ်သီး) ပြုတ်ထွက်သွားတယ်။ ကျုပ်မျက်လုံးကို ကျုပ်မယုံကြည်နိုင်လောက်အောင်ပါပဲ။ စက္ကန့်ပိုင်းအတွင်း ကျုပ် လက်တွေကို အမြန်လှုပ်ရှားပစ်လိုက်တယ်။ ဖျတ်ခနဲ ဆောင့်ဆွဲလိုက်လို့ ကြယ်သီး(နှိပ်သီး) ခြောက်လုံး ပြုတ်ထွက်သွားချိန်မှာတော့ သူ့ရင်ဘတ်ပေါ်မှာ အံ့ဩစရာကောင်း လောက်အောင် ခရုသင်းကွက်ကြီးတွေ က နေရာယူနေတယ်။

"ဟာ. . ."

ကျုပ်ခေါင်းကြီး ချာချာလည်သွား တယ်။ ခေတ်ပေါ်ပုံစံ လည်ဟိုက်တွေ ဘယ်တော့မှမဝတ်တဲ့ အမြဲတမ်း မြန်မာ ပုံ ကော်လာပိုင်းတွေ မချွတ်တမ်းဝတ် တတ်တဲ့ သော်တာ။ ဝန်ထမ်းနှစ်ပတ် လည်နေ့ အပျော်ခရီး ချောင်းသာကို သွားတော့ ရေကူးဝတ်စုံနဲ့ ရေချိုးဖို့ ငြင်းခဲ့တဲ့ သော်တာ။

"ကိုကြီး အဲဒီလောက် အသ ကြိုက်နေရင် သော်တာ နှုသွားရင် ချ နိုင်ပ့ါမလား"

လို့ ကျုပ်ကို အကြိမ်ကြိမ်မေးဖူး တဲ့ သော်တာ။ ဘာတွေလဲ. . .ဘာတွေ ဖြစ်ကုန်ပြီလဲ။ ကံကြမ္မာက ကျုပ်အပေ အဲဒီလောက်ကို မညှာတာပါလား အိုဗျာ . . .ကျုပ် . . .ကျုပ် . . .ဘ ဆက်လုပ်ရတော့မှာလဲ။

ရည်ရည်မွန်(မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



# မျက်ရည်၏ အဓိပ္ပာယ်

**စံထိုက်သူ**

ဈေးသည် တစ်စတစ်စ စည်ကားလာနေသည်။ ရောင်းသူ၊ ဝယ်သူ၊ ပစ္စည်းသယ်သူ၊ ဈေးထဲမှ ဖြတ်သွားသူ စသည်ဖြင့် အသံပေါင်းစုံလည်း ညံစီနေသည်။ လိပ်သည်းကျောက်ခင်းထားသော လမ်းမဘေးမှာ ပန်းပျိုးပင်၊ သစ်သီးပျိုးပင်ကလေးများ စီရရီချလျက် ဈေးသွားဈေးလာများကို မျှော်လင့်မျက်ဝန်းများနှင့်ကြည့်ရင်း ဈေးခေါ်ရသည်မှာလည်း အလေ့အကျင့်မရသေး၍ အဆင်သိပ်မချောသေး။ နားထောင်ရသည်မှာ တစ်ခုခု လိုနေသေးသည်။ နံဘေးမှ ပဲပင်ပေါက်၊ ပဲပြားသည် ကောင်လေးက -

"အဘ အသံကို လွှတ်ပြီးတော့ အော်ရတယ်ဗျ။ အဘအသံက တစ်ခုခုကို ထိန်းထားသလို ဖြစ်နေတယ်။ ပေါ့ပေါ့ပါးပါးလေးပဲထား"

ကောင်လေးက ငယ်သေးပေမယ့် ကိုယ့်ထက် အတွေ့အကြုံများသည်။ ကိုယ်က ခုမှ ဈေးခေါ်သင်ရတုန်း။ ကျင့်ရတုန်း။

"ကဲ . . . ပဲပင်ပေါက်ပဲပြားတွေ၊ ပဲသွေးတွေ လတ်မှလတ်၊ လတ်လတ်တွေဗျ။ ကြော်မယ်၊ ချက်မယ်၊ [illegible]မ မွှေမယ် ကြိုက်သလိုစားမလို့"

"ဖြည်းဖြည်းအော်ပါ" ပဲပြားရယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟိုမှာ ဖြစ်သွားတဲ့သူတွေ လန့်ကုန်ပြီ။ ငါတို့ဘက်ကို လူမလာဘဲနေဦးမယ်။ တော်ကြာ နေ့တွက်ကိုက်အောင်မရောင်း ရရင်ဒုက္ခ"

ဘယ်ဘက်ခြမ်းမှ ခရမ်းချဉ်သီး သည် ကောင်မလေးက ပြောသည်။ ထို ကောင်မလေးကတော့ ပဲပြားသည် ကောင်လေးထက် အသက်ကြီးပုံရလေ သည်။

"အစ်မကလည်း ကျယ်ကျယ် အော်မှ လူများများကြားပြီး မေ့လျော့ နေတာရှိရင် သတိရမှာပေါ့ဗျာ။ ဘာ ဝယ်ရမှန်းမသိ ဖြစ်နေတာ။ ပဲပင်ပေါက်၊ ပဲပြားကြော်လေးစားရရင် ကောင်းမှာပဲ ဆိုတာမျိုးပေါ့"

"နင် ဈေးမရောင်းပဲ ကွက်စိပ် ပေါစားပါလား။ အောင်မြင်မှာပဲ။ ငါး ဆယ်သားလား အစ်မ"

ခရမ်းချဉ်သီး ကောင်မလေးက ဈေးဝယ်သူကို ချိန်တွယ်ပေးရင်း ဆက် ပြောသည်မှာ...

"သိလား အဘ။ ဒီကောင် ဈေး ရောင်းကာစက ဘာသံမှကိုမထွက်တာ။ ဈေးလဲမခေါ်ရဲ ဈေးမေးရင်လည်း မဖြေ ရဲနဲ့ ဝယ်သူလာရင်ကို သူ့မျက်နှာက သွေးဆုတ်နေတာ။ ဝယ်သူလာရင် ပျော် ရမှာကို သူက ပြောင်းပြန်"

"အဲဒါကတော့ဗျာ ဈေးစရောင်း ခါစဆိုတော့ ရှက်သေးတာကိုးဗျ။ ဈေး ဝယ်ကို ခေါ်ရမှာလည်းရှက်၊ ကိုယ့် ပစ္စည်းကိုယ် ကြော်ငြာရမှာလည်းရှက်"

ကောင်လေးပြောမှ ကိုယ့်လိုအပ် ချက်ကိုယ်သိသွားရသည်။ ဈေးခေါ်သံ တစ်မျိုးဖြစ်နေသည်မှာ ရှက်စိတ် ကြောင့်ဟု သုံးသပ်ရသည်။ ဒါကြောင့် ပီပီပြင်ပြင် အဆင်ချောချောမဖြစ်တာ ဖြစ်ရမည်။ ဈေးရောင်းကာစမှာ တွေ့ရ သည့် ဗဟုသုတပေါ့ဟု စိတ်ထဲမှာ တွေး မိသည်။

"နှင်းဆီပင်က ဘယ်လောက်လဲ အဘ"

ဈေးဝယ်ကောင်မလေးက မေး လျှင် ရုတ်တရက် မေ့နေသေးသည်။ ပြီးမှ ကမန်းကတမ်းနှင့် -

"တစ်ပင်ငါးရာ သမီး။ အပွင့် လည်းလှတယ်။ ကြီးလည်း ကြီးတယ်။ မွှေးလည်းမွှေးတယ်။ အရောင်စုံရှိတယ် သမီး။ ကြိုက်တဲ့အရောင်ကို ရွေးယူရုံပဲ"

ကောင်မလေးက မတ်တတ်ရပ် နေရာမှ ထိုင်ချလိုက်ပြီး နှင်းဆီပင် ပေါက်များကို ရွေးနေသည်။

"အဖြူရောင်နဲ့ မိတ်ကပ်ရောင် နဲ့ပေးပါ"

"ရှိတယ်။ နှစ်ရောင်စလုံးရှိတယ်။ ဒီအိတ်ကလေးကို ဓားနဲ့ခွဲချပြီးတော့ ပန်းအိုးထဲမှာ ထည့်စိုက်ရုံပဲ"

ပန်းပင်လေးများကို အိတ်ထဲ ထည့်ပေးရင်း ပြောတော့ ကောင်မလေး က ပြုံးပြီး ခေါင်းညိတ်သည်။ ပြီးတော့ ပိုက်ဆံထုတ်ရှင်းပြီး ထွက်သွားသည်။

"အဘက ဈေးသည်အသစ်လို့ သာပြောတယ်။ ကြော်ငြာတတ်လိုက် တာ။ ညွှန့်နေတာပဲ။ အဘ အရင်တုန်း က ဘာလုပ်သလဲဟင်"

ကောင်မလေး ထွက်သွားတော့ ပဲပင်ပေါက်သည် ကောင်ကလေးက မေးသည်။ ဘယ်လိုဖြေရမှန်းမသိသဖြင့် ခေတ္တငြိမ်သက်သွားပြီးမှ အမှန်အတိုင်း ဖြေတာကောင်းမည်ဟု တွေးမိသည်။

"အရင်တုန်းက အဘက ရှေ့နေ ပေါ့ကွာ။ ပင်စင်ယူပြီးတော့မှ အေးအေး ဆေးဆေး အပင်လေးတွေစိုက်ရင်း အကြံရပြီး ပျိုးပင်တွေရောင်းဖြစ်တာ"

"ဒါဆိုရင် အဘက ဘော့စ်ပဲ။ ပင်စင်လည်းရတယ်။ ဒီကဝင်ငွေလည်း ရတယ်။ အဘမှာ သားသမီးတွေ ရှိ သလားဟင်"

"ဟယ်...ပဲပင်ပေါက် နင်ဈေး ရောင်းမှာလား။ အဘကို ဗျူးမှာလား။ ဟိုမှာ ဝယ်သူလာနေပြီ ရောင်းလိုက်ဦး"

ခရမ်းချဉ်သီးသည် ကောင်မလေး က ခပ်စူးစူးအော်လျှင် ပဲပင်ပေါက် သည်ကောင်လေးက ဟဲခနဲရယ်ပြီး ဈေးလှည့်ရောင်းသည်။ ပြီးတော့ သူ့ကို ဆက်မေးပြန်လေသည်။

"စိတ်ဝင်စားလို့ပါ အဘရဲ့။ အဘ က ရှေ့နေကြီးလည်း ဖြစ်သေးတယ်။ ပျိုးပင်ပေါက်တွေလာရောင်းနေလို့ သား သမီးမရှိဘူးလားလို့ မေးတာပါ။ သား သမီးတွေဟာ အဘကို ဒီလိုပဲ..."

ကောင်လေးက ဘာဆက်ပြောရ မှန်းမသိသလို ဆက်ပြောရမှာကို အား နာသလို စကားရပ်သွား၏။

သားသမီးတွေက အိမ်ထောင်ရှိ သူတွေရော၊ မရှိသူရော သူတို့ဘာသာ ပြေလည်ပြည့်စုံကြပြီးသား။ အဘိုး ကြီး၊ အဘွားကြီး နှစ်ယောက်သားက လည်း ပင်စင်လစာများနှင့် အိမ်တစ် ခြမ်းငှားရသော လစာနှင့် လောက်ငပြီး သား။ ဒါတွေပြောရင် ကြွားရာရောက် လေမလား။

"သားသမီးတွေကျ ရှိတော့ရှိပါ



www.burmeseclassic.com

www.burmeseclassic.com

ဂါယ်။ ဒါပေမယ့် အဘကလည်း ပန်းပင်လေးတွေ ပျိုးထောင်ရတာကို သဘောကျလို့ ကိုယ်နဲ့ဝါသနာတူတဲ့ သူတွေကို သက်သက်သာသာနဲ့ လိုချင်တာရစေချင်တယ်ကွာ။ ပြီးတော့ . . .”

ပြောရင်ကောင်းမလား၊ မပြောဘဲ ထားရင် ကောင်းမလား စဉ်းစားရင်း စကားဆရပ်သွား၏။ ကောင်လေးက စိတ်ဝင်စားစွာ စောင့်နေသည်။

“ပြီးတော့ ဒီလိုလာရောင်းခြင်းအားဖြင့် မင်းတို့တွေနဲ့ မိတ်ဆွေဖြစ်ရတယ်ကွာ။ မကောင်းတာ ဘာရှိသလဲ”

ထိုစကားကြောင့် ကောင်လေးက ဟက်ဟက်ပက်ပက် ပြုံးသည်။

“အဘက ရှေ့နေလို့ မပြောရဘူး။ စကားတတ်တယ်။ ကျွန်တော်တို့လို လမ်းဘေးဈေးသည်နဲ့ မိတ်ဆွေဖြစ်ရတော့ ဘာအကျိုးအမြတ်ရှိမှာမို့လို့လဲ”

“ဟ . . . အကျိုးအမြတ်ရှိမှပဲ အပေါင်းအသင်းလုပ်ရတော့မှာလားကွ။ မင်းတို့မှာလည်း မင်းတို့ပညာနဲ့ မင်းတို့အရည်အချင်းရှိတာပဲ။ ခုန မင်းပဲပြောတယ်။ ဈေးဝယ်ခေါ်ရတဲ့ပုံစံ။ ကိုယ့်ဘာသာဆိုရင် ဘယ်သိနိုင်မှာလဲ။ အဲဒါ သူ့ပညာနဲ့ သူကွ”

ကောင်ကလေး သဘောကျစွာဖြင့် တဟဲဟဲရယ်နေသည်။ ခရမ်းချဉ်သီးသည် ကောင်မလေးကလည်း လေးစားစွာကြည့်ရင်း ခေါင်းညိတ်ထောက်ခံနေသည်။

ဈေးကွဲ၍ ဆိုင်တွေသိမ်းကြသောအခါ ပျိုးပင်ကလေးများကို တွန်းလှည်းပေါ်တင်သည်။ တွန်းလှည်းတွန်းဖို့ပြင်တော့ ပဲပြားသည်ကောင်လေးက -

“ကျွန်တော် ကူတွန်းပေးမယ် အဘ။ အိမ်က ဘယ်နားမှာလဲ။ ဈေးနဲ့ဝေးသလား။ ဝေးရင် နောက်နေ့တွေမှာ မနက်စောစောကို ကျွန်တော် လာကူတွန်းပေးမယ်”

“ရပါတယ်ကွ။ လှည်းက သိပ်မလေးပါဘူး။ တွန်းနေမကျလို့ ကိုးရိုးကားယား ဖြစ်နေတာပါ”

“ကျွန်တော် လာခဲ့ပါ့မယ် အဘရာ။ ကျွန်တော့်မိဘလို သဘောထားပြီး ကျွန်တော်ကူညီချင်လို့ပါ”

ကောင်လေးကို တစ်ချက်တော့ စိုက်ခနဲ ကြည့်ဖြစ်လိုက်သည်။ သားအငယ်ဆုံးထက် ငယ်မည့်ပုံရ၏။ သားအကြီးက မွေးထားသည့် မြေးအကြီးဆုံးထက်လည်း အသက်ကြီးမည့်ပုံ။ နှစ်ဆယ်စွန်းစွန်းတော့ရှိမည်။

ဘာပဲဖြစ်ဖြစ် သူ့စေတနာကို လက်ခံလိုက်တာက သူ့ကို ကျေနပ်စေလိမ့်မည်။

ကောင်လေးက စကားတွေပြောရင်း၊ တွန်းရင်းနှင့် အိမ်ပြန်ရောက်လာကြသည်။

“ဘယ်လိုလဲ ဈေးသည်ကြီး၊ အဆင်ပြေရဲ့လား”

“ပြေသလား မပြေသလားဆိုတာ မိတ်ဆွေတစ်ယောက်ရလာတာပဲ ကြည့်တော့ အဘွားကြီးရေ။ လာ . . . ကောင်လေး၊ ရေသောက်ဦး၊ ရေပဲတိုက်စရာရှိတယ်”

“ရေပဲ အကောင်းဆုံးပါပဲ အဘရာ။ မြန်ကောင်းသက်သာပေါ့”

“ဒီကောင် ဟာသဉာဏ်တော့ ကောင်းတယ်”

“ဒီလိုပဲ ပျော်စရာရှာရတာပေါ့ အဘရာ။ ကျွန်တော်တို့က ဘဝသမားတွေကိုး။ ဒါက အဘ်သားသမီးတွေလား”

ကောင်လေးက နံရံမှာချိတ်ထားသော ဓာတ်ပုံများကို ကြည့်ရင်းမေးသည်။ အမျိုးသမီးဓာတ်ပုံ တစ်ခုကိုတော့ ကောင်လေးစိုက်ကြည့်ပြီး -

“ပြန်ဦးမယ် အဘ။ ကျွန်တော် ပြန်မှ မနက်စာချက်ရမှာ”

“အတူတူပါပဲကွာ။ တို့တွေလည်း အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်တည်း အေးရာအေးကြောင်းပဲ”

“သွားပြီ အဘ”

ကောင်လေး ခြင်းတောင်းကလေး ဆွဲပြီး ထွက်သွားသည်ကို ခေါင်းတညိတ်ညိတ်နှင့် ငေးကြည့်မိကြသည်။

***

“အဲဒါ ဆရာမ ကျွန်တော် ဘယ်လိုပြောရမှန်းမသိလို့ ဒီလောက်ကြာသွားတာ။ အဘက မိုးတွင်းရောက်ရင်တော့ မရောင်းတော့ဘူးလို့တော့ ပြောတယ်”

ကြားရသမျှသည် နားထဲမှာ တထိန်းထိန်းနှင့် ဆူညံပေါက်ကွဲလျက် ရင်ထဲမှာ ဘလုပ်လုပ်တုန်လာသည်။ အာခေါင်ခြောက်လာ၍ တံတွေး ခဏခဏမျိုချသော်လည်း မလျော့ပါ။ မသက်သာ။ ကောင်လေးကို မျက်လုံးပြူးနှင့်ကြည့်ရင်း ဘာမေးရမှန်းမသိသလို ပါးစပ်ဟစိဟစိဖြစ်ကာ ဘာမှထွက်မလာနိုင်ချေ။

တော်တော်ကြာမှ . . .



www.burmeseclassic.com

www.burmeseclassic.com

"မင်းသိတာ ဘယ်လောက်ကြာပြီလဲ"

ဒီစကားလေးထွက်ဖို့ကိုတောင် တော်တော်ကြီး ကြိုးစားရသည်။

"တစ်လလောက်ရှိပြီ ဆရာမ"

ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားလျက် ကျေးဇူးတင်ပါတယ်ကွယ်ဟုတော့ တုန်ချည့်ချည့် တုံ့ပြန်လိုက်ဖြစ်သည်။

အဖေနဲ့အမေ ပင်စင်လစာနဲ့ မလောက်ဘူးလား။ ဒီလောက်တောင်ပဲ ကျပ်တည်းသွားရသလား။ သားသမီးတွေက ကိုယ့်တစ်ကိုယ်စာ အဆင်ပြေကြတယ်ဆိုပေမယ့် များပြားစွာ ပိုလျှံခြင်းမရှိ၍ အဖေအမေကို လှည့်မကြည့်နိုင်ကြ။ တခြားမောင်နှမတွေဆီကလည်း ဘာသံမှမကြားရသဖြင့် အဆင်ပြေနေတယ်ပဲ ထင်မိသည်။ ကိုယ်ကလည်း အိမ်နှင့်ကျောင်း ဝေးသဖြင့် အဆောင်မှာ လာနေခြင်း ဖြစ်သည်။ စာမေးပွဲကိစ္စရှုပ်နေသဖြင့် အိမ်မပြန်ဖြစ်တာ အတော်ကြာနေပြီ။ ကောင်လေးက အဆောင်နားက ပင်မင်းဆိုင်မှာ နေ့လယ်ပိုင်း အလုပ်ဝင်လုပ်ရင်း ဟိုဟိုဒီဒီ နိုင်းစေရင်းနှင့် ခင်မင်နေသည်မို့ ပြောပြရဲခြင်းဖြစ်သည်။ ဒါတောင်မှ သူက လူရှင်းတာကိုစောင့်ပြီး အလိုက်တသိပြောပြခြင်း။

ငယ်ငယ်ကတည်းက အဖေဆုံးမထား၍ သမ္မာအာဇီဝအလုပ်မှန်သမျှကို ရှက်စရာကောင်းသည်ဟု မမြင်ခဲ့။

ဒါပေမယ့် ယခု ခန္ဓာကိုယ်တစ်ခုလုံး ထူပူနေတာသည် ဘာကြောင့်ပါလဲ။

ကောင်လေး လာပြောသွားသည့် ညနေစောင်းကတည်းက စိတ်နှင့်လူနှင့် မကပ်ပဲ တစ်ညလုံး အိပ်မပျော်ပဲနှင့် မနက်အစောကြီးနိုးနေခဲ့သည်။ ကျောင်းသွားဖို့ ပြင်ဆင်ရင်း စိတ်မပါတော့ဘဲ ခြေထောက်များဆွဲခေါ်ရာသို့ အလိုက်သင့် လိုက်သွားမိတော့...

သာမန်ရပ်ကွက်ဈေးကလေး၏ အသွင်အပြင်မှာ အနည်းငယ်တော့ သေးနုပ်ဒလသည်။ ကျောင်းသွားဖို့ ပြင်ဆင်ပြီးမှ ထွက်လာသဖြင့် ဒီဈေးနှင့် ဒီအသွင်က ထူးခြားစွာ ကွဲပြားနေသည်။

ခပ်လှမ်းလှမ်းမှ ရပ်ကြည့်မိတော့ ဈေးနှင့်အထာကျနေသော အဖေ့ကို တွေ့ရသည်။ ပြုံးရွှင်တက်ကြွလျက် သိမ်ငယ်ရိပ်တစ်မျှင်မျှ မရှိသော ဇရာအိုသည် ပျိုးပင်ပေါက်များအကြောင်းကို ဝေဝေဆာဆာရှင်းပြရင်း ရောင်းချနေ၏။

မြင်ကွင်းသည် ရုတ်တရက် ဝေဝါးသွားပြီး ပါးပြင်တစ်လျှောက် ပူနွေးမှုကို ခံစားရသည်။ ဖွေးဥသော လက်ချောင်းများက ကြွေရောင်တောက်ပနေသော ပါးပြင်ကို ပွတ်သပ်လိုက်ပြီး မျက်တောင်တဖျပ်ဖျပ်ခတ်လိုက်သဖြင့် မြင်ကွင်းက အနည်းငယ် ပြန်ကြည်လာသည်။

"ဆရာမ"

"အဖေ"

"သမီး"

ပဲပြားသည်ကောင်လေး၏ အသံတိုးတိုး။ ပြီးတော့ အဖေ့ရဲ့ အံ့သြတကြီး အသံ။ ပြီးတော့ အဖေ သိသိသာသာ မျက်နှာပျက်သွားသည်။ တက္ကသိုလ်ဆရာမတစ်ယောက်ရဲ့ အရှိန်အဝါက အဖေ့ပျိုးပင်ပေါက်တွေရှေ့မှာ မေးမှိန်သိမ်ငယ်နေတာတော့ အမှန်ပဲ။

အဖေ့ဘေးပတ်ဝန်းကျင်ရှိ ဈေးသည်များက ဒီမြင်ကွင်းကို သိသိသာသာ လှည့်ကြည့်စပ်စုကြ၏။

"သမီး ဘယ်လိုလုပ်ပြီး"

"သမီး အိမ်အတွက် တစ်ခုခု ဝယ်ဖို့လာရင်း..."

ဒီတော့မှ ပဲပြားသည်ကောင်လေး အသက်ရှုချောင်သွားသလို ပင့်သက်ရှိုက်သည်။

အဖေက ခဏချင်းမှာပင် ပျက်သွားသောမျက်နှာကို တည်ငြိမ်ခြင်းသို့ ပြောင်းလဲလိုက်နိုင်သည်။

"သမီး ရှက်သွားသလား"

"ဟုတ်ကဲ့၊ ဒါပေမယ့်..."

"သမီးတို့ကို အဖေ ဟိုးအရင်ကတည်းက ဆုံးမခဲ့တယ်လေ။ သမ္မာအာဇီဝလုပ်ငန်းမှန်ရင် ရှက်စရာမလိုဘူးဆိုတာ"

"သမီးရှက်တာက အဖေဈေးရောင်းတာကို မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကို ရှက်တာပါ"

အဖေ ဘာပြောရမှန်းမသိသလို တိတ်သွား၏။ သို့သော် ချက်ချင်းပင် စကားပြန်ပြောနိုင်သည်။ (အဖေက ရှေ့နေကောင်းတစ်ယောက်ဖြစ်သည်။)

"ကိုယ့်ကိုယ်ကိုလည်း ရှက်စရာမလိုဘူး သမီး။ သမီးက အဖေတို့ကို ပြည့်စုံအောင်မထားနိုင်လို့လည်း ရှက်စရာမလိုဘူး။ သမီးလိမ်လိမ်မာမာနဲ့ သိက္ခာရှိရှိ နေတယ်။ သမီးကြောင့် အဖေတို့ အရှက်မရခဲ့ရဘူး။ ဂုဏ်ပဲယူခဲ့ရတယ်။ ဒီလောက်ဆိုရင် တော်ပါပြီသမီး။ အဖေတို့ ကျေနပ်တယ်။ ဒီပျိုး



www.burmeseclassic.com

www.burmeseclassic.com

ပင်ပေါက် ရောင်းတယ်ဆိုတာလည်း မိတ်ဆွေလိုချင်တဲ့သဘော ခဏတစ်ဖြုတ် ဈေးထဲမှာ လာရောင်းတာ။ ဒီမှာ ဖောက်သည်တွေရသွားရင် အိမ်မှာပဲ ရောင်းတော့မှာ။ တော်ကြာ မိုးချုပ်ပြီဆိုရင်လည်း အဖေ ဈေးထဲမှာ ရောင်းတော့မှာ မဟုတ်ဘူး။ နောက်ပြီး ဒီမှာ အဖေ မိတ်ဆွေသစ်တွေတိုးပြီး ဗဟုသုတအသစ်တွေတောင် ရနေသေးတယ်"

အဖေက ခပ်ပြုံးပြုံးပြောကာ ဘေးမှ ဈေးသည်များနှင့် မိတ်ဆက်ပေးနေသေးသည်။ အလိုက်သင့် ပြုံးပြရင်း အသိချင်ဆုံး မေးခွန်းတစ်ခုကို မေးဖို့ အားယူလိုက်သည်။

"အဖေ ပျော်သလား"

မေးခွန်းအဆုံးမှာ မျက်ရည်တစ်ပေါက် လျှောခနဲ စီးကျသွားသည်။ အဖေက ထိုမျက်ရည်အတွက် နှစ်သိမ့်ခြင်း မပြုပါ။ ခေါင်းကို ခပ်သွက်သွက်ညိတ်ပြီး အဖြေပေးသည်။

"ပျော်တယ်သမီး။ ဒီလောက်ဆိုရင် သမီးကျေနပ်ရောပေါ့။ အိမ်ကိုသွားမှာဖြင့်လည်းသွား။ မေမေတော့ အံ့ဩနေတော့မှာပဲ။ အဖေက ခဏနေရင် ပျိုးပင်တွေသိမ်းပြီး ပြန်ခဲ့မယ်"

"သမီး စောင့်သိမ်းပေးမယ်လေ"

ဒီတော့ ပဲပင်ပေါက်သည် ကောင်လေးက ခပ်သွက်သွက် ဝင်ပြောသည်။

"ကျွန်တော် ကူသိမ်းပေးနေကျပါ ဆရာမ။ ကျွန်တော် အဘနဲ့အတူ ပြန်နေကျပါ"

အဖေက သွားပါဆိုပေမယ့် ခြေထောက်တွေက ရွေ့လျားမရဘဲ မြေကြီးကို ဖက်တွယ်ထားကြ၏။ တော်တော်ကြီး အားယူပြီးမှ ခြေတစ်လှမ်း ရွေ့သွားသည်။ ကြိုးစားရွေ့လျားရသော ခြေလှမ်းငါးလှမ်းမြောက်တွင် နောက်ဘက်ဆီမှ ဈေးရောင်းသံကို ကြားနေရသည်။

"အဘ ခရမ်းသီးပင် ရှိလား"

"ရှိပါ့ဗျာ"

"ဘယ်လောက်လဲဟင်"

"တစ်ပင်ငါးရာ ကြိုက်တာရွေးယူဗျာ"

"သုံးပင်ပေး အဘ။ မလျှော့တော့ဘူးလား"

"ဒီဈေ အနည်းဆုံးလေကွာ။ မင်းကလည်း ဝယ်နေကျကို။ ဒီဈေးမျိုး ဘယ်နေရာမှ မရဘူး။ ပစ္စည်းကောင်းဈေးမှန်"

နောက်ဘက်သို့ လှည့်ကြည့်လိုက်လျှင် ပျိုးပင်များကိုယူပြီး ထွက်သွားသော ကောင်ကလေးနှင့် ပိုက်ဆံများကို အိတ်ထဲသို့ထည့်လိုက်သည့် အဖေ့ကို တွေ့ရသည်။

အဖေ့မျက်နှာသည် လတ်ဆတ်စွာ ပြုံးရွှင်လျက်။ အဖေ့လှုပ်ရှားမှုများသည် တက်ကြွစွာ ဖျတ်လတ်လျက်။

ထိုမြင်ကွင်းသည် ရင်ထဲကို လှိုက်လှိုက်ခါလျက် မျက်ရည်ပေါက်ကြီးများ ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးကျစေလေသည်။

**စံထိုက်သူ**

၀၉-၇၉၀၅၇၁၂၇၇


# ပဋ္ဌာန်းရွှေကျမ်းရတနာဒီပံ
# ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

---- ဆက်သွယ်ရန် ----

**ရှောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉-၂၅၁၀၂၂၃


www.burmeseclassic.com

www.burmeseclassic.com



# တိုက်ဆိုင်မှုလေလား စိတ်မှာစိုးတဝါး

ဆွေကြည်အေး

(၁)

ကိုဦးသည် ပြည်နယ်ရုံးရှေ့က နေ ကားလေးကို ဗြုန်းခနဲ နောက်ဆုတ်လိုက်ရာ –

"ဒုန်း"ခနဲ မြည်သံကြားသည်နှင့် ချက်ချင်း ဘရိတ်အုပ်ပြီး နှုတ်မှလည်း –

"ဟာ ... သွားပြီ။ ဘာနဲ့ခိုက်မိတာပါလိမ့်"

ဟု ရေရွတ်ရင်း ကားစက်ကို ရပ်ပြီး ဆင်းကြည့်လိုက်၏။

"ဒုက္ခပါပဲ။ ရေကန်ပေါင်ကို ဝင်တိုက်မိပြီ။ ဒါပေမယ့် ကန်ပေါင်နံဘေးက ကြွေပြားတွေပဲ့မသွားလို့ တော်ပါသေးရဲ့။ ကားနောက်ပိုင်း ချိုင့်သွားတာပြင်ရင် တစ်သိန်းလောက်တော့ ကုန်တော့မယ်ထင်တယ်။ ငါ့နှယ့်နော်။ ဒီနေရာမှာ ကားရပ်ပြီး နေ့တိုင်း ဒီလိုပဲ နောက်ဆုတ်နေကျဟာ။ ဒီက... ရောက်တာပဲ ရှစ်နှစ်ရှိနေပြီ။ ဒီနေ့... ဘယ်လိုဖြစ်တာပါလိမ့်"

ဘာပဲဖြစ်ဖြစ် ကိုလင်းတို့ ဘော... ဒီရုံကို သွားပြမှဖြစ်မှာပါဆိုပြီး သွား... လိုက်တော့ ကိုလင်းက သေသေ... ချာ ကြည့်ပြီး –

"တစ်သိန်းခွဲကျမယ် ဆရာ... တဲ့။



www.burmeseclassic.com

www.burmeseclassic.com

(၂)

ယနေ့။ ကဆုန်လပြည့်နေ့။ ညောင်ရေသွန်းရန် ကိုဦးနှင့် အေမီတို့ နှစ်ယောက်သား ထွက်လာကြ၏။

"ကိုဦး ... ဖြည်းဖြည်းမောင်းနော်။ ဒီနေ့ ကားတွေ၊ ဆိုင်ကယ်တွေ တအားရှုပ်တာပဲ"

"အေးပါကွာ။ ဒီမြို့မှာလည်း စ်သောက်(လိုင်စင်မဲ့)တွေကလည်း ပေါ၊ ယာဉ်စည်းကမ်းမသိတဲ့သူတွေက လည်း များတော့ ယာဉ်တိုက်မှုတွေ များလာပြီ"

ပြောပြောဆိုဆို ကားကို မင်း လမ်းမကနေ ညာဘက်ရှိ ဘုန်းကြီး ကျောင်းရှိရာ လမ်းထဲသို့ ချိုးကွေ့ဝင် လိုက်သည်။ ငှိလမ်း၏ တစ်ဖက်တစ် ချက်မှာက အုတ်တံတိုင်းမြင့်မြင့် ကာ ထားသော ခြံကြီးတိုက်ကြီးတွေကို ကျော်ပြီးမှ ဘုန်းကြီးကျောင်းမုခ်ဦးသို့ ဝင်ရမည်။ ဘုန်းကြီးကျောင်းရှေ့တွင် ကန့်လန့်ဖြတ်လမ်းကြားတစ်ခု ရှိနေ သည်။ ထိုလမ်းကြားလေးကို မရောက် Slowdown ရှိသည့်အတွက် ကား အရှိန်ကို လျှော့လိုက်စဉ်မှာပင် အေမီ က -

"ကိုဦး ဟွန်းတီးလိုက်ပါဦး"

လို့ သတိပေးလိုက်တဲ့အတွက် ကိုဦးလည်း ဟွန်းနှစ်ချက် ခပ်နာနာ တီးပြီး လမ်းကြားကို အဖြတ်တွင် -

"ဒုန်း"

"ဟာ ... ဆိုင်ကယ်ကို ခိုက်မိ သွားပြီ"

မြောက်မှ တောင်သို့ ရုတ်တ ရက် အရှိန်ပြင်းပြင်း မောင်းနှင်လာ သော နားတွင် သီချင်းနားကြပ်တပ်ပြီး သီချင်းနားထောင်လာသော ဆိုင် ကယ်စီးဦးထုပ် ဆောင်းမထားသော ဆိုင်ကယ်က ကားဟွန်းသံကိုမကြား ဘဲ ရှေ့ကအဖြတ်မှာ ကားနှင့်ခိုက်မိပြီး ဆိုင်ကယ်ရောလူပါ လဲသွားပါချေပြီ။ အေမီ အလန့်တကြားနှင့်ဆင်းပြီး -

"ဘယ်နားခိုက်မိသွားလဲ လူ လေး"

ဟု မေးရာ ဆိုင်ကယ်သမား လေး သူ့ဘာသာ ထလာ၏။ ညာ ဘက်ခြေမျက်စိနားတွင် အနည်းငယ် ပွန်းသွား၏။ ဆိုင်ကယ်ညာဘက်ခြေ နင်း ကျိုးသွားပြီး ဒူးက ညာဘက် ထိပ်တွင် လက်တစ်ဝါးစာခန့် ပဲ့ထွက် သွား၏။ နားမှ နားကြပ်ကို ဆွဲဖြုတ် ရင်း သူ့အမှားကို သိဟန်တူသော လူ ငယ်က ဘာမှမပြောသော်လည်း အေမီ က လက်မွေ့အိတ်ထဲက တစ်သောင်း တန်နှစ်ရွက်ကို ထိုလူငယ်၏ လက်ထဲ ထည့်ပေးရင်း -

"ခြေထောက်က အနာမယင်း အောင် ဆေးထိုးလိုက်။ ဒူးကာရော ခြေနင်းပါလဲလိုက်နော်။ တော်ပါသေး ရဲ့။ လူကို ကြီးကြီးမားမား မခိုက်မိလို့"

ဟု ပြောလိုက်သောအခါ ထိုလူ ငယ်လည်း ဘာမှမပြောဘဲ ဆိုင်ကယ် ကိုစီးပြီး ထွက်သွားလေတော့၏။ ကား နားသို့ ပြန်ရောက်သွားသောအခါ ရှေ့ အင်ဂျင်ကို ကာထားသော အကာ တစ်ခုလုံး ပြုတ်ထွက်သွားသည်ကို စိတ်ဆင်းရဲစွာ မြင်တွေ့ရလေတော့ သည်။

ဘုန်းကြီးကျောင်းဝင်းထဲရှိ အလှူ ခံဌာနတွင် ငွေလှူပြီး ဗောဓိညောင်ပင် ကို ရေသပ္ပာယ်ကာ ကိုလင်းတို့ ဝပ်ရှော့သို့ သွားပြရပြန်၏။ ကိုလင်းက ကားကို သေသေချာချာ ကြည့်ပြီး -

"ပြန်လဲထုရမယ်။ ဆေးလည်း မှုတ်ရမယ်။ ကလစ်တွေလည်း စုပ်ရ မယ်။ ငါးသောင်းလောက်ကျမယ်"တဲ့။

ဘယ်သူမှားမှား။ လူကိုကြီးကြီး မားမား မခိုက်မိတာရယ်၊ စုစုပေါင်း ခုနစ်သောင်းလောက်ပဲကုန်မှာမို့ တော် ပါသေးရဲ့ဟု တွေးရင်း သက်ပြင်းကို သာ ချမိလေတော့သည်။

(၃)

ယနေ့ဈေးနေ့။ အချိန်က မနက် ၇ နာရီ ၄၅ မိနစ်။

"တော်တော် နေမြင့်နေပြီပဲ။ ဒီ အချိန်ဆို ကျောင်းပို့တဲ့ကားတွေ ဆိုင် ကယ်တွေ၊ ဈေးလာတဲ့ ကားတွေနဲ့ တော်တော်ရှုပ်မှာ။ နောက်ကျရင် ပို ဆိုးမှာ။ ဈေးကို မြန်မြန်သွားမှပါ"

ဟု စဉ်းစားရင်း ခြံထဲမှ ကားကို မောင်းထွက်လိုက်၏။ အေမီတို့ ခြံ သည် ၎င်းရပ်ကွက်၏.အနောက်မြောက် ထောင့် စွန်းလမ်းလေးခွဆုံရာတွင်ရှိ၍ လမ်းနှစ်ဖက်ပေါက်၏။ မြောက်ဘက် က လမ်းမှာ လမ်းပြင်နေသောကြောင့် အောက်ဘက်သို့ ချိုး၍မရ။ အထက် ဘက်တွင် ကန်ထရိုက်တိုက် ဆောက် နေသဖြင့် လမ်းပေါ်တွင် သဲပုံ၊ အုတ်ပုံ များဖြင့် သွားရန်မသင့်။ အိမ်ရှေ့လမ်း မှာ လမ်းကျယ်ပြီး ကားလေးစီးခန့် သွားသာရန် ကျယ်၏။ သို့သော် မျက် နှာချင်းဆိုင်တိုက်ရှေ့တွင် ကုန်ကား ကြီးများ ရပ်ထားလေ့ရှိ၏။ အေမီတို့ ခြံ၏ လမ်းမဘေးတွင် အေမီကိုယ်တိုင် ဝက်သစ်ချ၊ ပိတောက်၊ သင်းရှုး၊



www.burmeseclassic.com

www.burmeseclassic.com

အော်ရေးသျှ၊ မပေါ့ဟာဂနီပင်စသည့် အရိပ်ရပင်များ တန်းစီ၍ စိုက်ထား၏။ လိုင်စင်မဲ့ ကားပေါသော မြို့ဖြစ်သဖြင့် မြောက်ဘက်သို့သွားသော လမ်းကျဉ်းကျဉ်းပေါ်တွင် ကားများတန်းစီပြီး ရပ်ထားလေ့ရှိသဖြင့် ကာတစ်စီးသာ သွားနိုင်ပြီး နှစ်စီးဆုံလျှင် ရှောင်ရန်ခက်လေတော့၏။

ဈေးနောက်ကျမှာစိုးသည့် အေမီက လမ်းညာဘက် ခြမ်းအတိုင်း ရှေ့ကို မောင်းထွက်လိုက်ချိန်မှာ မြောက်မှ တောင်သို့ လမ်းပြောင်းပြန်မောင်းရင်း မျက်နှာချင်းဆိုင်မှ လာနေသည့် ကားတစ်စီး။ အေမီက ရှေ့တည့်တည့်သို့ သွားမည်ဟု အချက်ပြသော်လည်း နောက်ဆုတ်မပေး။ လမ်းဘယ်(သို့) ညာသို့ ခေတ္တကွေ့ပေးပြီး အေမီ့ကားဖြတ်သွားပြီးမှ သူ့ကားက ပြန်နောက်ဆုတ်ကာ တောင်ဘက်သို့ ဆက်သွားလျှင်ရသော်လည်း အချက်လည်းပြန်မပြဘဲ ပေကပ်နေလေ၏။ အေမီ့ကားဘေးတွင် ကားတစ်စီးရှောင်ရန် လမ်းရှိသော်လည်း အနောက်ဖက်အိမ်ရှေ့က ကုန်ကားနှင့် လွတ်မည်မထင်။

ထို့ကြောင့် အေမီက စိတ်ကောင်းထားကာ နောက်သို့ ဆုတ်ပေးမိ၏။ ကိုယ်က မိန်းမသားဖြစ်ပြီး လမ်းမှန်နေပါလျက် လမ်းလည်းမှား ယောကျ်ားသားလည်းဖြစ်ပြီး လျှော့မပေးသည့် အသားနီစပ်စပ် မျက်နှာပြားပြားနှင့် လူကို စိတ်တိုပြီး အရှိန်နှင့် နောက်ဆုတ်လိုက်ရာ လမ်းဘေးက ဝက်သစ်ချပင်ကြီးကို ကားနောက်ဘက် ညာဘက်ခြမ်းဖြင့် ဝင်တိုက်မိလေတော့သည်။

မိုက်ရိုင်းသောလူက သူ့ကားကို နောက်ဆုတ်ပေးရင်း သစ်ပင်ကို ဝင်တိုက်မိသွားသော အေမီ့ကားကိုလှည့်၍ပင် မကြည့်။ ကျေးဇူးတင်ကြောင်း တီခနဲ တစ်ချက်တောင် ဟွန်းမတီးဘဲ အရှိန်ပြင်းစွာ မောင်းသွားလေ၏။ ထိုနေ့က ညာဘက်နောက်မီးခွက်အတွင်း တစ်သိန်းခုနစ်သောင်း။ ပြန်ထုခ၊ ဆေးမှုတ်ခက ခုနစ်သောင်း။ စုစုပေါင်း နှစ်သိန်းလေးသောင်း။

(၄)

အေမီတို့မြို့ကနေ မိုင်တစ်ရာကျော်ဝေးသော မြို့ရှိ ကိုကျော်ကျော်နှင့် ဖြူဖြူတို့ ဇနီးမောင်နှံက သူတို့ မပြောင်းခင် အလည်လာရန် မကြာခဏ ဖုန်းဆက်၏။ အေမီနှင့် ဖြူဖြူမှာ သူငယ်တန်းမှသည် ဘွဲ့ရသည်အထိ အလွန်ခင်သော ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်ကြသည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ရုံးပိတ်ရက်စနေနေ့ မနက်သွား။ ဘုရားတွေဖူး။ တစ်ညအိပ်ပြီး တနင်္ဂနွေနေ့ ညနေစောင်းအမီ ပြန်လာကြမည်ဟု တိုင်ပင်ကာ စနေနေ့ မနက် ၈ နာရီခန့်တွင် အိမ်မှ ထွက်လာကြ၏။

နေ့လယ်တွင် တရုတ်စားသောက်ဆိုင်တစ်ဆိုင်၌ နေ့လယ်စာ စားပြီး ဆက်ထွက်လာကြ၏။ မိုးရေတိုက်စား၍ လမ်းပခုံးစောင်းများ ပိုနက်လာပြီး လမ်းကကျဉ်းလာသည်။ တစ်နေရာတွင် မျက်နှာချင်းဆိုင်မှ လာသော နက်ပြာရောင် Honda Fit ကားနှင့် နှစ်စီးစလုံး အရှိန်မလျှော့ဘဲ မောင်းကြရာ ဖန်းခနဲ နောက်ကြည့်မှန် နှစ်ခု

တိုက်မိကြ၏။ ဘယ်ဘက်ခြမ်းက
အေမီ့ပါးမှာ ပူခနဲဖြစ်သွား၏။ ကိုဦးက
"ဟာ . . . ဘက်မှန်ကွဲသွားပြီ
လမ်းပခုံးအထိ ချမောင်းလျက်နဲ့ကွာ"
ဟု ရေရွတ်သော်လည်း ကားကို
မရပ်။ ဟိုဘက်ကား၏ နောက်ကြည့်
မှန်လည်း ကွဲသော်လည်း အရှိန်ပြင်း
ပြင်းဖြင့် ဆက်မောင်းသွား၏။ အေမီ
က ပါးကို စမ်းကြည့်လိုက်ရာ လက်မှာ
သွေးစများ တွေ့ရ၍ လန့်သွားပြီး –
"ကိုဦး . . . ကားခဏရပ်ပါဦး
အေမီ့ပါးမှာ သွေးတွေထွက်နေတယ်
မှန်စရှသွားတယ်ထင်တယ်"
ဟု ပြောမှ ကားကိုရပ်ပြီး အေမီ
ပါးကိုကြည့်ရာ မှန်ကွဲစငယ်များ စင်ပြီး
သွေးထွက်နေသော နေရာသုံးနေရာ
တွေ့ရ၏။ ဒဏ်ရာက မနက်သဖြင့်
ကံကောင်းလှ၏။ လိုရမည်ရ ယူလာ
သော ဘီတာဒိုင်းနှင့် ပလက်စတစ်
သောကြောင့် တော်သေးသည်။
နောက်တစ်နေ့ အပြန်လမ်းမှာ
တော့ကိုဦးက သတိထားပြီး ကား
မှန်မှန်မောင်းလေ၏။ မိုင် ၂၀ ကျော်
အရောက်တွင် အေမီတို့ရှေ့၊ တောင်
ပေါ်အဆင်းလမ်းအတိုင်း ကုန်ကား
ကြီးတစ်စီး ကွေ့ဆင်းလာသည်
တွေ့ရ၍ အကွေ့မရောက်ခင်မှာ
အေမီက –
"ကိုဦး ဟွန်းတီး . . . ဟွန်းတီး
ခဏရပ်ပေးလိုက်ပါဦး"
ဟု သတိပေးလိုက်မိ၏။ ကို
လည်း အကွေ့မရောက်ခင်မှာပင် ဟွ
လည်းတီး၊ လမ်းဘေးသို့လည်း
ရပ်လိုက်၏။ သို့သော် တော
နေ အရှိန်ဖြင့်ဆင်းလာသော ၂၂



www.burmeseclassic.com

www.burmeseclassic.com

ကားကြီးသည် တံတောင်ဆစ်ချိုးကွေ့ လိုက်ရာ –

"ဝုန်း ... ဒိုင်း"

ဟု မြည်ကာ အေမီ့နံဘေး ကား၏ ဘယ်ဘက်ခြမ်း ရှေ့ပိုင်းကို တိုက်မိကာ နောက်ခြမ်းကိုပါ ဆက်ပြီး တိုက်မိလေတော့၏။ လူတွေကတော့ ဘာမှမဖြစ်။ အေမီက ကားပေါ်က ဆင်းပြီး ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ကုန်ကားကြီးနားသို့ စိတ်တိုတို ဖြင့်သွားရာ ကားဒရိုင်ဘာ လူငယ်လေးခမျာ မျက်နှာပျက်ပျက်ဖြင့် ဆင်းလာ၏။

"ကားကို ဘယ်လိုမောင်းတာလဲ။ တို့က ကားကို ရပ်ပေးထားပြီး ဟွန်းလည်းတီးလျက်နဲ့ ဝင်တိုက်ရတယ်လို့။ အန်တီ့ကို မင်းရဲ့ ယာဉ်မောင်းလိုင်စင်ပေးပါ။ ဒီကားကို ဝယ်ထားတာ ငါးလပဲ ရှိသေးတယ်။ မင်းပဲ ဝယ်လိုက်တော့ကွာ"

ဟု ဒေါ်တာသကြီး ပြောမိလေတော့၏။ ကားဆရာလေးမှာ မျက်နှာငယ်လေးဖြင့် –

"မလုပ်ပါနဲ့ အန်တီရယ်၊ ကျွန်တော်က ဒရိုင်ဘာပါ။ လိုင်စင်လည်း ယူလာမိဘူး။ အန်တီ ကျွန်တော့်ကို မှတ်မိဘူး ထင်တယ်။ အန်တီတို့အိမ်နဲ့ ဘေးချင်းကပ်လျက်က ညောင်ပင်ကြီးရှိတဲ့ အိမ်ကပါ။ အခုပဲ အဖေ့ဆီ ဖုန်းဆက်လိုက်ပါ့မယ်။ အန်တီတို့ ရောက်တာနဲ့ စိတ်တိုင်းကျ ကျေနပ်တဲ့အထိ လိုက်ပြင်ပေးပါလိမ့်မယ်။ ကျွန်တော် ဘီလပ်မြေတွေကို ဒီနေ့ညနေ အရောက်ပို့ရမှာမို့ စိတ်လောသွားလို့ပါ။ တောင်းပန်ပါတယ် အန်တီ"

ဟု ရည်မွန်စွာ ရှင်းပြတောင်းပန်လေ၏။ အိမ်နီးချင်းများဖြစ်နေသဖြင့် စိတ်ကိုလျှော့ကာ ကားကို ဆက်ထွက်လာရင်း စကားမပြောနိုင်ဘဲ တွေးလာမိ၏။

ယခုခြံကို အေမီတို့ ဝယ်ထားသည်မှာ ရှစ်နှစ်ခန့်ရှိပါပြီ။ ဝယ်စဉ်တုန်းက ခြံဝင်းကျယ်ကျယ်။ ထောင့်ကွက်။ လမ်းနှစ်ဖက်ပေါက်။ အိမ်ကို ကြိုက်လွန်း၍ ဝယ်မိရာ ခြံချင်းကပ်လျက် တောင်ဘက်ခြံထဲတွင် ညောင်ပင်ရှိနေသည်ကို သတိမထားမိကြ။ ဝယ်ခါစက အပင်က သိပ်မကြီးသေးသဖြင့် ရန်ကုန်ကနေ အလည်လာသော ကိုဦး၏ အမေလည်း ဘာမှမပြော။ ဒုတိယအကြိမ် လာလည်တော့မှ ခြံထဲကို လျှောက်ကြည့်ရင်း အေမီတို့အိမ်နှင့် ၂၅ ပေခန့်သာ ဝေးသော ညောင်ပင်ကြီးကို တွေ့သွားလေ၏။

"ဟိုဘက်ခြံထဲက ညောင်ပင်ကြီးက တအားကြီး လာတယ်နော်။ ဝယ်ခါစက အဲလောက်မကြီးသေးဘူး။ ဒီမှာက မိုးများတော့ မိုးတွင်းဆို လေနဲ့ မိုးနဲ့၊ သားတို့ အိမ်ဘက်ကို လဲကျရင် အိမ်ပြိုနိုင်တယ်။ လူလည်းအန္တရာယ်ရှိတယ်"

ဟု သတိပေးခါမှ အေမီကြောက်လာ၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် မြို့၏ တောင်ဘက်စွန်းက စစ်တပ်ရှေ့က ကုက္ကိုပင်ကြီး ညမိုးသည်းသည်းမှာ လဲကျပြီး သစ်ပင်အောက်တွင် ရပ်ထားသော ကားနှစ်စီးပြားသွားလေ၏။ ညအချိန်မို့ ကားပေါ်တွင် လူမရှိ၍ ဒဏ်ရာရသူမရှိ။ အမေပြန်သွားပြီး တစ်ပတ်အကြာမှာဖြစ်လို့ တော်ပေသေးသည်။ တောင်လေလာ၍ မိုးရွာလျှင် ညောင်ပင်ကြီးမှာ အေမီတို့ အိမ်ဘက်သို့ လဲကျနိုင်၏။ သို့ဖြစ်လျှင် အိမ်ပြိုကာ အေမီတို့နှစ်ယောက်စလုံး သေနိုင်လေ၏။ အရှေ့အရပ်သို့ လဲကျလျှင်တော့ ထိုခြံထဲမှ အပင်ကြီးအောက်ရှိ အိမ်ငယ်လေးမှာ လုံးဝပြိုကျမှာ အသေအချာ။ ထိုအိမ်လေးတွင် အေမီတို့ထက် အသက်ငယ်ပုံရသော လင်မယားကိုတွေ့ရ၏။ နှစ်ယောက်စလုံး နေ့စဉ် အလုပ်သွားကြ၏။ သူတို့၏ သားလေးက ကုန်ကားမောင်းကြောင်း စကားစပ်မိဖူး၏။ တစ်ခါတစ်ရံ သူတို့ ခြံရှေ့တွင် ကုန်ကားကြီးရပ်ထားတာ မြင်ဖူးသော်လည်း အမှုမဲ့ အမှတ်မဲ့။

အခြေအနေကို မသိသေးသဖြင့် အေမီတို့နှစ်ယောက်သား စည်ပင်သာယာသို့ သွားပြီး သစ်ပင်ခုတ်ခွင့်ရရန် လျှောက်လွှာတင်ကြသည်။ တာဝန်ရှိသူနှစ်ယောက် လိုက်ကြည့်ပြီး ခွင့်ပြုသောအခါမှ ထိုခြံထဲက အိမ်ရှင်လင်မယားထံ ခွင့်တောင်းရ၏။ ဇနီးဖြစ်သူက –

"ခုတ်ပါ ဆရာမရယ်။ ကျွန်မတို့လည်း နေစရာမရှိလို့သာ နေရတာ။ ဘယ်အချိန်များ လဲကျမလဲ မသိဘူးဆိုပြီး အိပ်ကောင်းခြင်း မအိပ်ရပါဘူး။ ခြံပိုင်ရှင်တွေကိုလည်း လှမ်းပြီး ခွင့်တောင်းပါ့မယ်။ သူတို့လည်း ခွင့်ပြုမှာပါ။ ကျွန်မတို့မှာ ငွေကြေးအင်အားမရှိတော့ ဘာမှမတတ်နိုင်ဘဲ ကြောက်ကြောက်နဲ့ နေနေရတာပါ"

ဟု ခွင့်ပြုလေသည်။

ညောင်ပင်ခုတ်မည့်အဖွဲ့ ခေါင်းဆောင်မှာ ကယားလူမျိုး၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ။ တိုင်းရင်းသား ဖြစ်သော်လည်း စကားပြောမလွန်



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၏။ အတွေ့အကြုံများမှန်း သိသာ၏။

"ဆရာမ။ ပင်စည်ကို ၈ ပေလောက်ချန်ပြီး ကိုင်းတွေ အကုန်ခုတ်ပေးမယ်ဗျ။ ပတ်ပတ်လည်မှာ နတ်နေကိုင်းလေးကိုင်း ချန်ထားပေးမယ်။ ဆရာမတို့က ကန်တော့ပွဲတစ်ပွဲ။ ကျွန်တော်တို့က တစ်ပွဲထိုးမယ်။ ကျွန်တော်တို့အဖွဲ့မို့ ခုတ်ရဲတာ။ တစ်မြို့လုံး လိုက်ရှာကြည့်။ ဘယ်သူမှ မခုတ်ရဲဘူး။ အရမ်းအန္တရာယ်များပါတယ် ဆရာမ"

ဆိုပါလား။ ခုတ်ခကို မေးလိုက်တော့ အေမိမှန်းထားသည်ထက် ငါးဆခန့်များနေ၏။ အေမို့စိတ်ထဲတွင် အိမ်ပေါ်ကို သစ်ပင်ကြီးပြိုကျလို့ အိမ်ပြင်ရလျှင် ဒီထက်ပိုကုန်မည်။ လူတွေကို ခိုက်မိလျှင်တော့ ပြီးပါလေရောဟု တွေးကာ သဘောတူလိုက်ရသည်။ ခုတ်ပေးမည့်သူ မောင်မင်းကြီးသားတွေကိုပင် ကျေးဇူးတင်၍မဆုံ။

ထိုသူ ညွှန်ကြားသည့်အတိုင်း ကန်တော့ပွဲထိုး။ ခြံထဲက အမျိုးသမီးက သပြေပန်း၊ ပေါက်ပေါက်နှင့် အမွှေးတိုင်ထွန်းကာ တောင်းပန်မည်ဟု ပြောသဖြင့် အေမိလည်း ရေတော်ခွက်၊ ပေါက်ပေါက်ပွင့်၊ မုန့်၊ သပြေပန်းနှင့် အမွှေးတိုင်များကို မိမိအိမ်ဘက်ကနေ ညောင်ပင်ကြီးမှ မြင်အပ်မမြင်အပ် ပုဂ္ဂိုလ်များအား ရည်မှန်းလှူဒါန်းပါ၏။ မေတ္တာသုတ်များ နေ့စဉ်ရွတ်၍ မေတ္တာပို့ကာ အမျှအတန်းဝေပါ၏။ အေမိတို့ အိမ်ရှေ့တွင် စိုက်ထားသော ဝက်သစ်ချပင်၊ မဟော်ဂနီပင်၊ သြရေးသျှုပင်များပေါ်သို့ ပြောင်းရွှေ့စံမြန်းကြပါရန်လည်း ပန်ကြားခဲ့ပါသည်။

ညောင်ပင်ကြီး၏ အောက်နားက ကိုင်များကို(နတ်နေကိုင်း)များ ချန်ပြီး အရင်ချိုင်ကြ၏။ ချိုင်မည့်ကိုင်းကို ကြိုးများဖြင့်ချည်ပြီး အောက်ကလူများက ဗိုင်းထိန်းကြကာ ခေါင်းဆောင်က အပေါ်သို့တက်၍ ချိန်းဆောဖြင့် ဖြတ်ပြီး ဖြည်းဖြည်းချင်း အောက်သို့ ဆွဲချရသည်။ ဂရုတစိုက်လုပ်နေသည့်ကြားက နတ်နေကိုင်းအဖြစ် ချန်ထားရန် ရည်ရွယ်ထားသည့် ကိုင်းများပေါ်သို့ အပေါ်ကကိုင်းများကျိုးကျသဖြင့် နောက်ဆုံးတွင် အနောက်တောင်ထောင့်က နတ်နေကိုင်းတစ်ကိုင်းသာ ကျန်လေတော့သည်။

တကယ်တမ်း ခုတ်ပြီးချိန်တွင် ပင်စည်အမြင့် ၁၂ ပေခန့်နှင့် နတ်နေကိုင်းတစ်ကိုင်းသာ ကျန်သော ညောင်ပင်ကြီးကို ကြည့်မိတိုင်း အေမို့စိတ်ထဲ မကောင်း။

ညောင်ပင်ကြီးကို ခုတ်နေသည့်ရက်များက နေ့စဉ် လှူဒါန်း၊ မေတ္တာပို့ အမျှဝေခဲ့သော်လည်း နောက်ပိုင်းမှာတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေခဲ့မိချေပြီ။ ခုတ်ပြီးသည်မှာ လေးလကြာပြီဖြစ်ခါ ထိုအချိန်အတွင်း လေးကြိမ်တိုင့်တိုင် ကားကို ခိုက်မိခဲ့လေသည်။ နောက်ဆုံးတစ်ကြိမ်မှာ အပြင်းထန်ဆုံးအဆိုးဆုံး။ ဟိုဘက်ခြံက နှစ်သိန်းခွဲအကုန်အကျခံကာ ကားကို ပြင်ပေးရပေသည်။

သေသေချာချာ စဉ်းစားကြည့်လိုက်တော့ အေမိတို့ နှစ်ယောက်စလုံး ခေတ်ပညာတတ်အရာရှိများဖြစ်၍ ယုံကြည်ကိုးကွယ်ရာ ဘုရား၊ တရား၊ သံဃာမှ လွဲ၍ ရိုးရာဓလေ့ထုံး စံများကို မသိ။ မလုပ်ဆောင်မိခဲ့။ အခုတော့ အေမိ အသိတရားရခဲ့လေပြီ။

မနက်ဖြန်ကျလျှင် ဈေးသို့ ကိုယ်တိုင်သွားပြီး ကန်တော့ပွဲအတွက် လိုအပ်မည့်ပစ္စည်းများ ဝယ်မည်။ ဗောဓိညောင်ပင်ကြီးအား စောင့်ရှောက်နေသည့် မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်များအား ကန်တော့ပွဲတင်ကာ ထပ်မံတောင်းပန်တော့မည်။ နေ့စဉ်ဘုရားရှိခိုးမည်။ ဆွမ်းတော်တင်၊ ပန်း၊ ရေချမ်း ဆီမီးများ ကပ်လှူပြီးတိုင်းလည်း မေတ္တာပို့ အမျှဝေတော့မည်။ ယခုဝါဆိုလ။ မိုးဖြိုင်ဖြိုင်ရွာပြီဖြစ်၍ ညောင်ပင်ငုတ်တိုကြီးလည်း အခက် အလက်အရွက်များဖြင့် ပြန်လည် ဝေဆာနေပြီ ဖြစ်သည်။ သို့ဖြစ်၍ အမျက်အာဃာတမထားဘဲ ခွင့်လွှတ် ပါရန် တောင်းပန်ရပေမည်။

ကားမောင်းသက် ၂၆ နှစ် အတွင်း တစ်ခါမျှမဖြစ်ဖူးသောကြောင့် အသိတရားရကာ အေဗီလည်း မဝင် ဖြစ်တာ ကြာပြီဖြစ်သော မိုးကုတ် ဝိပဿနာတရားစခန်းတွင် ၁၀ ရက် တရားစခန်း ဝင်တော့မည်။ ကိုဦးက် လည်း ဒုလ္လဘရဟန်းခံပြီး တရာ စခန်းဝင်ဖို့ တိုက်တွန်းရမည်။ နောက် များမှာလည်း နှစ်ယောက်စလုံး ပို သတိကြီးစွာထားပြီး ကားမောင်းရ တော့မည်ဟု ဆုံးဖြတ်ချက်ချမိပါတော့ သည်။

ဆွေကြည်[illegible]အ
၀၉-[illegible]၃၄၉၆၀



www.burmeseclassic.com

www.burmeseclassic.com



# ဝိဇ္ဇာတစ်ပါး၏ သင်ကြားချက်များ

နေပင်လုံ

**၁။ တပည့်နိုင်မာ ဆရာလာ**

ကျွန်ုပ်သည် ရှေ့ဖြစ်ပြောခြင်း အလုပ်မှအနားယူကာ ဂျကာတာမြို့ ဆာရီပစိဖစ် (SARI PACIFIC) ဟိုတယ် အပေါ်ဆုံးထပ်၌ ကောစာရီကျင့်နေသည့် အခါကဖြစ်သည်။ မှတ်မှတ်ရရ ၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁ ရက် မနက်ခင်း။

နှစ်သစ်ကူးအခါဖြစ်၍ တစ်ညလုံး လှုပ်ရှားသက်ဝင်နေသော မြို့ကြီးသည် မနက်အရုဏ်တက်ခါမှ ငြိမ်သက်သွားတော့သည်။ မိုးမြူများ ပါးပါးခြုံ၍ ပြားပြားဝပ်လျက်ရှိသော မြို့မြင်ကွင်းကို ၁၈ ထပ်အမြင့် ပြတင်းပေါက်မှ အုပ်မိုး၍ မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုလို နေသွားလမ်းကြောင်း မြောက်ဘက်သို့ ပြောင်းစအခါတွင် ကျွန်ုပ်တို့ ဂန္ဓာရီပုဂ္ဂိုလ်များ အကျင့်စခန်း ဝင်ကြရပါသည်။ ထိုမနက်တွင်မှ ကျွန်ုပ်မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက သီတင်းသုံးဖော်များနှင့်အတူ ဆွေးနွေးခဲ့ဖူးသော "တပည့်ခိုင်မာ ဆရာလာ"ဆိုသော စကားလုံးက အတိအကျ မနောအာရုံမှာ အခါခါ ထင်လျက်ရှိပါသည်။

"တောက် . . .တောက် . . . တောက်"

အခန်းတံခါးခေါက်သံ သဲ့သဲ့ ကလေးကြားသဖြင့် ထဖွင့်ကြည့်လိုက်ရာ ရွှေဝါရောင်ဝင်းလျက်ရှိသော အဝတ်ဖြင့် တိဘတက်အနွယ်ဝင် ပုဂ္ဂိုလ်တစ်ဦးကို တွေ့လိုက်ရပါသည်။

"ဝေဖန်စောကြောလိုတဲ့ ဇောနဲ့ လှုပ်သွားတဲ့စိတ်က လေးကို ခဏလေး သည်းခံထိန်းလိုက်ပါ"

ထိုပုဂ္ဂိုလ်၏ အသားအရေမှာ ဆင်စွယ်ရောင် မလိုင်သွေးပေါက်လျက်ရှိပြီး မျက်နှာကိုယ်ရောင်ကိုယ်ဝါကို ကြည့်ခြင်းအား ဟတ္ထယောဂနှင့် စခန်းပြီးမြောက်ထားသူဖြစ်ကြောင်း ကျွန်ုပ်အတတ်သိလိုက်သည်။ ကျွန်ုပ်ရှိရာ ဂျကာတာမြို့လယ် ဟိုတယ်ကြီး၏အပေါ်ဆုံးထပ်သို့ မည်သည့်အကြောင်းကြောင့် မည်သို့မည်ပုံ ရောက်ရှိလာရသည်ကိုလည်း သိချင်စိတ် တဖွားဖွားဖြစ်မိသည်။

သို့ရာတွင် အထက်ပါပုဂ္ဂိုလ်များနှင့် တွေ့ကြုံရသည့် အခိုက်တွင် ယင်းသို့သော အရေးမပါ အရာမရောက်သည့် အမေးများဖြင့် အချိန်မကုန်စေလင့် ဆိုသော ဂမ္ဘီရ ဥပဒေသ ရှိပါသည်။ ထိုဥပဒေသကို ယခင်က ကျွန်ုပ်မကြားဖူးသော်လည်း ထိုအခိုက်လေးမှာ ဖျတ်ခနဲ အာရုံဖြင့်သိလိုက်ရပါသည်။ (နောက်ပိုင်း ယင်းဥပဒေသ အမှန်ပင်ရှိကြောင်း လေ့လာသိရှိရပါသည်။)

သို့နှင့် ကျွန်ုပ်အခန်းတွင်းရှိ ဆက်တီခုံပေါ်တွင် နေရာပေးပြီး ဦးခိုက်မိပါသည်။ ထိုအခိုက်မှာပင် ကျွန်ုပ်၏အာရုံ၌ ဂမ္ဘီရပညာဆိုင်ရာ မေးစရာအချက်များ တစ်ခုချင်း တစ်ခုချင်း ဆက်ကာစီကာ ပေါ်လာ၏။ ထိုသို့ပေါ်လာသည့်အခါတိုင်း အဖြေပါရ၏။ အချို့အဖြေကို ပုဂ္ဂိုလ်ကြီးကိုယ်တိုင် နှုတ်မှပြောသည်။ အချို့ကိုမူ အာရုံမှာ အလိုလိုအဖြေပေါ်ပြီး ပြေလည်သွားသည်။ ဤသို့ဖြင့် ကျွန်ုပ်မှာ တစ်ချိန်လုံး နှုတ်ဆိတ်ငြိမ်သက်လျက်သာ ရှိတော့၏။

"ကဲ. . .လောကအကျိုးအတွက် မင်းဆောင်ရွက်ရမည့် အပိုင်းကဏ္ဍနှင့်ပတ်သက်ပြီး သိချင်တာတွေ သိရပြီ။ သိသင့်တာတွေလည်း ပြောခဲ့ပြီ။ ကျုပ်ပြန်ကြွသွားပြီးတော့မှ လိုအပ်တာရှိရင်လည်း ထပ်ဆက်သွယ်တာပေါ့။ ပထမအကြိမ် အဆက်ရဖို့ပဲ လိုတာပါ။ တစ်ခါ လမ်းပေါက်ပြီးရင် နောက်လိုအပ်သလို ဆက်နိုင်ပါတယ်"

ကျွန်ုပ်မှာ ဆရာသခင်၏ ကိုယ်ရိပ်ကို ခိုနေ၍ စိတ်အာရုံများ အထူးနီးကြားလန်းဆန်းနေရာမှ ပုဂ္ဂိုလ်ပြန်ကြွတော့မည်ကို သိလိုက်ရသည်နှင့် လှုပ်ခနဲ တုန်သွားသည်။ နှလုံးသွေးလည်း အတိုးမြန်သွားသည်။

"ကျွန်တော်ရှေ့ဆက်ရမည့် လမ်းခရီးကိုလည်း သိခွင့်ရှိသလောက် သိပါရစေ"

ကျွန်ုပ်၏ စိတ်လှုပ်ရှားမှုနှင့်အတူ လွင့်ပါသွားသော စိတ်စကားလုံးများသာ ဖြစ်ပါသည်။

"မင်း မကြာခင် တောင်တွေ အများကြီးတက်ရတော့မယ်"

"တောင်တွေ . . .ဟုတ်လား။ ကောင်းပါလေ့။ တိဗက်လား။ ဆွစ်ဇ လန်လား"

ကျွန်တော် ရည်စူးထားသော နေရာများ ဖြစ်၏။ သည်တော့မှ အလွန် တရာ နားလည်ရခက်သော အပြုံးများ ဖြင့် ဆရာသခင် ဖြေပါသည်။

"မင်းတို့ သာမန်ဗေဒင်ဆရာတွေ ဟာ ဂြိုဟ်တွေ၊ နက္ခတ်တွေရဲ့ အနေ အထားက ဖော်ထုတ်ပေးနိုင်တဲ့ အသိ ထက် ပိုပြီး ဘာမှ မသိလာနိုင်ဘူး တောင်တက်တယ်ဆိုတာက သည် ထက် ကျော်လွန်မြင့်မားတဲ့ အသိထု တွေ သိလာနိုင်အောင် နားလည်လက်ခံ လာနိုင်အောင် မင်းရဲ့ စိတ်သမာဓိ အဆင့်ကို အမြင့်တကာ့အမြင့်ဆုံးထိ တက်ဖို့ တင်ဖို့ပြောတာ"

"ဒါဆို ဆရာသခင် အခုကြွလာ တာက" (ကျွန်ုပ် စိတ်လှိုင်း)

"အေး . . .တပည့်ခိုင်မာတော့ ဆရာလာ ဆိုတာလို မင်း အခုတောင် တက်ဖို့ အသင့်ဖြစ်နေပြီ။ အဲဒီတော့ တွေ အဆင့်ဆင့်တက်ပြီးတဲ့ ... မင်းကိုယ်ရဲ့ နောက်တစ် ... ကို မင်းတွေ့



www.burmeseclassic.com

www.burmeseclassic.com

သိမ့်မယ်"

"ကျွန်တော့်ကိုယ်ရဲ့ နောက်တစ်ခြမ်း ဟုတ်လား။ အဲဒါ ကျွန်တော့်ကိုယ်ထဲက အတွင်းမနောဓာတ်ကို ပြောတာလား"

ကျွန်ုပ်၏ စိတ်လှိုင်းများ သွက်သွက်ကလေး လှုပ်ခါသွား၏။

"မဟုတ်သေးဘူးကွယ့်။ ဒါက တခြား။ လောလောဆယ် မင်းနားလည်အောင် ပြောရရင် မင်းရဲ့ခန္ဓာကို ရုပ်ခန္ဓာ ဖွဲ့ကြည့်လိုက်။ သာမန်လူတွေဟာ နေ့စဉ် စားစရာ၊ သောက်စရာ၊ နေစရာတွေနဲ့ အသက်ဆက်ရှင်သန်နေတဲ့ ဒီရုပ်/နာမ်ခန္ဓာတွေကိုပဲ မြင်ကြတယ်။ ဒါတွေကိုပဲ ငါစားတယ်။ ငါသောက်တယ်၊ ငါကြံတယ်လို့ တွေးထင်ယူဆပြီး ကုသိုလ်၊ အကုသိုလ်တွေ လုပ်နေကြတယ်။ တကယ်တော့ အဲဒါ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာရဲ့ တစ်ခြမ်းပဲ။ နောက်တစ်ခြမ်းက နေ့စဉ် စားစရာ၊ သောက်စရာ၊ နေစရာတွေနဲ့ မဆိုင်ဘူး။ အနန္တစကြဝဠာတိုက် အသောင်းသောင်းမှာ ပျံ့လွင့်တည်ရှိနေပြီး အသစ်ဖန်ဆင်းလို့လည်း မရ ဖျောက်ဖျက်ပစ်လို့လည်း မရတဲ့ စွမ်းအင်တွေကို ရယူရှင်သန်တဲ့ စွမ်းအင်တွေကို ရယူရှင်သန်နေတဲ့ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာပါ။ မင်းရဲ့ ရုပ်/နာမ်ခန္ဓာကြီးမှာ ပြင်ပလောကဓာတ်ကြီးထဲက စွမ်းအင်တွေကို သူ့နေရာနဲ့သူ သူ့(စက္ကရ)နှင့်သူ ရယူပြီး ရှင်သန်နေရတဲ့ ရုပ်နာမ်ခန္ဓာ တစ်စိတ်တစ်ဒေသရှိနေတယ်။ အဲဒါကို တောင်တက်ပြီး အသိထူးရတဲ့ ပုဂ္ဂိုလ်တွေသာ မြင်နိုင်တယ်"

"ဒါဆို ကျွန်တော်တို့ သာမန်လူသားတွေ သိမြင်လုပ်ဆောင် အသုံးချနေတာ ကျွန်တော်တို့ ကိုယ်ခန္ဓာရဲ့ တစ်ခြမ်းပဲပေါ့"

"ဟုတ်တယ်။ နောက်တစ်ခြမ်းက လက်ရှိ၊ ကိုယ်နဲ့ တစ်သားတည်း ကပ်လျက်ရှိနေပြီးသား။ ဒါကို မမြင်နိုင်၊ မသိနိုင်ကြလို့သာပါ။ ဒါကြောင့် သူ့ကို အမြှာကိုယ်လို့ တချို့က ခေါ်ကြတာ"

ဤအပိုင်းတွင် ကျွန်ုပ်သည် နားလည်သလို မလည်သလိုနှင့်သာ ပကတိ ငြိမ်သက်နေမိပါသည်။ တစ်ဖက်မှလည်း ကျွန်ုပ်သိကျွမ်းထားသော ဂြိုဟ်နက္ခတ်ဆိုင်ရာ အချက်အလက်များနှင့် မစပ်ဆိုင်ဘဲ သမာဓိအဆင့်မြင့်ခြင်းဖြင့် ရှေ့ဖြစ်ဟောနေခြင်းကိုလည်း သံသယဝင်မိသည်။ နောက်ဆုံး မမျိုသိပ်နိုင်တော့ဘဲ မေးလိုက်မိသည်။

"ဆရာသခင် စိတ်သမာဓိကို ဘုံအဆင့်မြင့်တက်သွားသည့်အခါ ဖြစ်ပြီးသော အတိတ်ကို သိနိုင်တာတော့ သဘောပေါက်ပါပြီ။ မဖြစ်သေးတဲ့ အနာဂတ်ကို မြင်တွေ့ရတာ ဖြစ်နိုင်ပါ့မလား။ အထင်အမြင်မှား မဖြစ်နိုင်ဘူးလား"

"သြော် . . . ဒါလား။ တို့လောကီဘုံသားတွေအဖို့တော့ ဖြစ်ရပ်နှစ်ခုအရင်မြင်တာနဲ့ နောက်ဖြစ်တာကို အချိန်ဆိုတဲ့ သတ်မှတ်ချက်နဲ့ တိုင်းတာပြောဆိုကြတာကိုး။ တကယ်တော့ အချိန်ဆိုတာ တကယ်ရှိတာမှမဟုတ်တဲ့။ ဒီကမ္ဘာကြီးပေါ်မှာ တစ်နေရာနဲ့တစ်နေရာ၊ အရှေ့နဲ့အနောက် အချိန်တွေ တူကြတာ မဟုတ်ဘူး။ ဒီကမ္ဘာကြီးအပြင်ထွက်သွားရင်တော့ ပြောမနေနဲ့တော့။ ဘယ်အချိန်နဲ့ တိုင်းတာမလဲ။ စိတ်သမာဓိ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်သွားပြီး ပရမတ္ထသဘာဝတွေကို သိမြင်သဘောပေါက်လာတဲ့အဆင့်မှာ အချိန်ဆိုတာ မရှိဘူး။ ဒီတော့ အတိတ်ရယ်၊ အနာဂတ်ရယ်လို့လည်း မရှိတော့ဘူး။ အမြဲတမ်း ပစ္စုပ္ပန်ပဲရှိတယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်လို့ တို့လူတွေ သိထားတာတွေဟာ ဝိပ္ပလ္လာသတရားထင်မှတ်မှားနေကြတာပဲ။ တကယ်တော့ အားလုံးအတူတူ ပစ္စုပ္ပန်ချည်းပါ။ ဒီအကြောင်းကို သေသေချာချာ လေးလေးနက်နက် ဆက်တွေးပါ။ ဉာဏ်တွေ ပွင့်လာလိမ့်မယ်"

"သာမန် လူသားတွေအဖို့တော့ ခုနေခါ အလျား၊ အနံ၊ ထုဆိုတဲ့ သုံးဘက်မြင် (3-Dimansion) အတိုင်းအတာပဲ သိနိုင်ကြတယ်။ သက္ကရာဇ် ၂၀၀၀ ကျော်ရင် စတုတ္ထအမြင် (4 th Dimension) တွေကိုပါ နားလည်နိုင်တဲ့ အသိထူးတွေ ရနိုင်တယ်"

"ဒီအကြောင်းတွေ မင်းတို့နားလည်နိုင်ဖို့ လွယ်တဲ့ဥပမာ ပေးရရင် မင်း ခဏခဏဆိုနေတဲ့ ဘာဘရာစထရေဆန်ရဲ့ ကောလ်အောန်ကလီးယားဒေး(BAR-BRA STREISAND'S CALLED ON A CLEAR DAY) ကို တစ်ခေါက်ပြန်ဆိုလိုက်စမ်းပါ။ အဲဒီမှာ အဖြေရှင်းသွားမယ်"

(ကျွန်ုပ်မှာ ဆရာသခင်၏ [illegible] မောက်၌ သီချင်းပြန်ဆိုရမည့် [illegible] ကြောင့် ရက်သွေးဖြာကာ [illegible]ယ်သွမ်း



www.burmeseclassic.com

www.burmeseclassic.com

သွေးမိလိုက်သည်။ တကယ်တော့ ဒီသီချင်းကို စာသွားအလွန်ကြိုက်မိသဖြင့် ကျွန်ုပ် အခါခါ ဆိုခဲ့ဖူး၏။ ဒါကို ဆရာသခင်က သိနေပါသည်။

"လုပ်ပါ။ သူတော်ကောင်းတွေမှာ ရှက်စရာ နှစ်မျိုးပဲ ရှိတယ်။ အကုသိုလ်အမှုပြုရမှာကို ရှက်၊ နောက် ကုသိုလ်အမှု မပြုရမှာကို ရှက်။ ဒါပဲ။ အခု မင်းပြုရမှာက မဟာကုသိုလ်"

ဟုတ်ပါသည်။ သီချင်းအမည်ကို က -

**"အဝိဇ္ဇာကင်းသောနေ့"**

"မင်းကိုယ်မှာရှိတဲ့ တန်ခိုးစွမ်းအင်တွေကို ဘယ်သူသိမှာလဲ"

"ခွဲစိတ်ခန်းက ဆရာလည်း ကိုယ်မှာရှိတဲ့အကုန် မသိနိုင်ပါ"

"ပိတ်ဆီးထားတဲ့ အဝိဇ္ဇာကန့်လန့်ကာ အသာမကြည့်ပါမှ"

"အံ့မခန်းစရာ . . .၊ မင်းခန္ဓာမှာ အသေအချာတွေ့ရမှာ"

"တောင်ကြီးတွေဟာ . . .မင်းပဲ၊ ပင်လယ်ပြင်ဟာ မင်းပဲ၊ သောင်ကမ်းခြေဆိုတာလည်း မင်းကလေးပါပဲ"

"နီးနီးဝေးဝေး မကြားဖူးသေးတဲ့ လောကကမ္ဘာ၊ ထာဝရမြင်နိုင်ကြားနိုင်တော့မှာ အဝိဇ္ဇာကင်းတဲ့ အဲဒီတစ်နေ့မှာသာ"

သီချင်းဆုံးသည်နှင့် နှလုံးသွေး တစ်ချက်ခုန် ကာလမျှ ဆရာသခင် ငြိမ်သက်သွားသည်။ ပြီးမှ -

"အေး . . .ဟုတ်တယ်။ အဲဒီ အဝိဇ္ဇာမောဟကြောင့်ဖြစ်တဲ့ ဝိပလ္လာသတရားတွေ ကင်းတဲ့နေ့မှာ မင်းတို့ အသိထူး အမြင်ထူးတွေ ရကြမှာ"

ဆရာသခင်က ကျေနပ်စွာ ပြောနေသလောက် ကျွန်ုပ်မှာ မွေးရာပါ ပုစဉ်းရင်ကွဲသံဖြင့် ဘာဘာရာစထရေဆန်၏ သီချင်းကို ဆရာရှေ့မှောက်၌ ဆိုပြရသည့်အဖြစ်ကြောင့် "ရှက်အားနာ"စိတ်များ ဖြစ်သွားသည်။

"မင်းအသံက ဘာဘာရာနဲ့ ဘာလို့တူရမှာတုံး။ ငှက်အားလုံးရဲ့ မြည်သံဟာ ဥဩသံပဲဖြစ်နေရင် တောကြီးတစ်ခုလုံး အလွန်ပျင်းစရာကောင်းပြီး အကျည်းတန်သွားမှာပေါ့။ မင်းအသံက လေးပေါက်ခွဲသံမျိုးပါ။ မင်းတို့ဂီတဆရာကြီး ပေါလ်(PAUL WINTER) ဟာ ဒီလေးပေါက်ခွဲသံတွေ များများသုံးပြီး ရေထဲကလင်းပိုင်တွေ၊ ဝေလငါးတွေကတဲ့တေး၊ ဝံပုလွေတွေ၊ သိမ်းငှက်တွေအတွက် နှစ်ပါးသွားတေးတွေ သီကုံးခဲ့တယ် မဟုတ်လား။ အေး . . .တို့တိုင်းပြည်က လေးပေါက်ခွဲသံကို အဲဒီသတ္တဝါတွေ ကောင်းကောင်း နားလည်ခံစားနိုင်တဲ့ သတ္တိရှိတယ်"

သည်တော့မှ ကျွန်ုပ်မှာ စိတ်ပေါ့ပါးသွားပါ၏။

"တို့လူ့ပြည်က အချိန်နဲ့ အနီးစပ်ဆုံးပြောရရင် ဒီနှစ် ဒီဇင်ဘာလ ခရစ္စမတ်ရက်လောက်မှာ မင်းရဲ့ အမြွာကိုယ်ကို ပြန်တွေ့လိမ့်မယ်"

"ပြန်တွေ့မယ် ဟုတ်လား။ ကျွန်တော် တစ်ခါမျှ မတွေ့ဖူးသေးပါဘူး။ တွေ့ရင် ခုတစ်ခါ ပထမဆုံးပဲဖြစ်မှာပေါ့"

"ဒီတစ်ဘဝတည်း မတွေ့နဲ့လေ။ သံသရာခရီးတစ်လျှောက် ဘဝထိုထိုမှာ ဘယ်နှစ်ခါတွေ့ခဲ့ပြီဆိုတာ နောက်တော့ သိလာပါလိမ့်မယ်"

"ဒါဆိုရင် ဒီတစ်ခါတွေ့ရမှာကိုမှ ဘာလို့ ထူးထူးခြားခြား ပြောနေရတာလဲ။ ဒါပဟေဠိပဲ"

ကျွန်ုပ်၏စိတ်ကူးများက ကွန့်မြူးသွားသည်။

"အေး . . .အဲဒါ မင်းဘာသာမင်း ကိုယ်တိုင် အဖြေရှာမည့် ပဟေဠိတစ်ခုပဲ။ ကဲ . . .ငါသွားမယ်"

ပြောပြောဆိုဆိုပင် ဆရာသခင်မှာ ထိုင်ရာမှထလိုက်သည်။ ဒီတစ်ကြိမ်တော့ တကယ်ကြွသွားပါတော့မည်။ ကျွန်ုပ်မှာ တစ်သက်လုံး အတူနေခဲ့ရသည့် မွေးဖခင်နှင့် ရုတ်တရက် ခွဲလိုက်သလို ရင်ထဲ၌ မြက်ခနဲ ခံစားလိုက်ရ၏။

ထိုခဏမှာပင် ဆရာသခင်၏ ဂုဏ်ကျေးဇူးအစုံကို အောက်မေ့လိုက်ပြီး ဆရာမေတ္တာဓာတ်လှိုင်းများ စီးဝင်လာပါသည်။ ခရစ္စမတ်လက်ဆောင်ဖြစ်သော "အမြွာကိုယ်" (TWIN SELF) နှင့် ရင်ဆိုင်တွေ့ရမည့်အရေးကို တွေးလာ၍ ပီတိစိတ်များ နှလုံးအိမ်ကို လွှမ်းသွားပါသည်။

အခန်းတံခါးဆီသို့ ဆရာသခင် သွားသည်ကို တံခါးလိုက်ဖွင့်ပေးရ ကျွန်ုပ် နောက်မှ ကပ်လိုက်သွားသည် ထိုသို့သွားနေရာမှ ခေါင်းရင်းဘက်စား ရှေ့အရောက်၌ ဆရာသခင်က ငြိ သက်အေးဆေးစွာ ရပ်လိုက်သည် ထိုစားပွဲပေါ်တွင် ကျွန်ုပ်သွားသေ ရာ ပင့်ဆောင်ခဲ့သော ဓမ္မဟောင်းဘုရ



www.burmeseclassic.com

www.burmeseclassic.com

ဆင်းတုတော်တစ်ဆူ စံပယ်ကိန်းဝပ်လျက်ရှိ၏။ ပတ္တမြားရောင် ဖန်မီးတိုင်ဖြင့် ပူဇော်ထားသော ဖယောင်းတိုင်မှ အလင်းဓာတ်တို့သည် ဆရာသခင်၏ ဆင်စွယ်သွေးမျက်နှာပေါ်သို့ တင့်တယ်စွာ တဖျတ်ဖျတ် ကျလျက်ရှိပါသည်။

ဤဟိုတယ်တွင် တည်းခို၍ ကေတ စခန်းဝင်သည့်အခိုက် ဤစားပွဲရှေ့၌သာ ပရိတ်၊ မန္တန်များ ရွတ်ဖတ်၍ တရားထိုင်ခြင်းကို ကျွန်ုပ် နေ့စဉ်ပြုခဲ့ပါသည်။

"မျက်စိမှိတ်ထား ဖွင့်မကြည့်နဲ့"

ဆရာသခင်က ကျွန်ုပ်၏ ဦးခေါင်းပေါ်သို့ သက်ဖဝါးကို ဆန့်ဆန့်ကလေးတင်ကာ ကျွန်ုပ်မကြားဖူးသော ပရိတ်မန္တန်တစ်မျိုးကို ရွတ်ဖတ်ပေးနေပါသည်။ မန္တန်မှာ သသံခရိုက် (SASNKRIT) ဘာသာ၊ လာတင်ဘာသာ (LATIN) ကဲ့သို့သော ရှေးဟောင်းဘာသာတစ်ခုဖြစ်ဟန်တူပါသည်။

သို့ရာတွင် ကျွန်ုပ်လေ့လာဖူးသမျှ ထိုဘာသာများ မဟုတ်သည်တော့ သေချာလှ၏။ မန္တန်အဖွဲ့ ဗန္ဒမှာ နရီစည်း ချက်ကျနစွာဖြင့် ဂီတသံစဉ်ဖွဲ့စည်းမှုမျိုးဖြစ်ပြီး ရွတ်ဖတ်ရာတွင်လည်း ဥာန်၊ ကရိဏ်း၊ ဗယက်အမြင်ကျွန်ုပ်မကြားဖူးသော သံစဉ်များစွာပါဝင်ဖွဲ့စည်းထားပါသည်။

ကျွန်ုပ်လည်း ဆရာသခင်၏ သက်ယာန်စောင်းဘက်တွင် ရပ်လျက်ရှိနေရာမှ ဦးခေါင်းကို ညွှတ်ပေးရန် အာရုံပေါ်လာသည်နှင့် အသာ ဦးညွှတ်ပေးလိုက်မိသည်။ ထိုခဏမှာပင် ကျွန်ုပ်ရှူဖူးသမျှ အမွှေးတိုင်နံ့၊ လောပံနံ့ ဘယ်အနံ့နှင့်မျှမတူသော စန္ဒကူးနံ့ခပ်ပြင်းပြင်း သင်းပျံ့သွားသည်။ ထို့နောက် ကျွန်ုပ်၏ စိတ်မနောသည် မျက်စိမှိတ်ထားသဖြင့် နက်မှောင်၍နေသော မဟာရာ ကတ္တီပါကားကြီးနောက်သို့ ထိုးဖောက်ရောက်သွားပြီး သူတော်စင်အရှင်ရာဖေးလ် (SAINT RAPHAEL)၏ ဘုရားကျောင်းရှိ ခံ့ညားထည်ဝါလှပါသော ကျွန်းတံခါးကြီးကို မြင်တွေ့လိုက်ရသည်။ ထိုစေ့ထားသော တံခါးကြီး၏ နောက်မှ သီလရှင်များ၏ ခရစ္စမတ်တေးသံကို ကြည်နူးဆွတ်ပျံ့ဖွယ်ရာ ကြားနေရပါသည်။

"တိတ်တိတ်ဆိတ်ဆိတ် ညယံ ထွတ်ထွတ်မြတ်မြတ် ညယံ"

"Silent Night ... Holy Night"

တစ်စစ သီချင်းသံတိုးသွားသည်နှင့်အမျှ ဆရာသခင်၏ မန္တန်ရွတ်သံသဲ့သဲ့ကလေး ပေါ်လာသည်။ ထူးခြားသည်မှာ ကျွန်ုပ်တို့ သာမန်နားဖြင့်မကြားနိုင်လောက်အောင် တိုးလှသော်လည်း တစ်လုံးတစ်ပါဒမျှမကျန်အောင် ပီသကြည်လင်စွာ နားလည်နေရသည်။ သာမန်လူသားများ အနေဖြင့် ၂၀ မက်ဂါဟတ်ဇ် (20 MHz) အထက် လှိုင်းနှုန်းများသာ အသံများကို မကြားနိုင်ပေ။ ယခု ဆရာသခင်၏ မန္တန်ရွတ်သံမှာ ယင်း ၂၀ မက်ဂါ ပတ်ဝန်းကျင်လှိုင်းနှုန်းများကို သံစဉ်အဖွဲ့ဗန္ဒတစ်မျိုးဖြင့် သီကုံးထားဟန် ရှိပါသည်။ သာမန်နားဖြင့် မကြားနိုင်လောက်အောင် တိုးလှသော်လည်း အလွန်တရာ သဲကွဲပီသစွာ နားလည်နိုင်ပါသည်။

မန္တန်ဆုံးသွားသည်နှင့် ကျွန်ုပ်ဦးခေါင်းပေါ် တင်ထားသော လက်မှာ "ပေါ့"ခနဲ ခံစားလိုက်ရသည်။ ကျွန်ုပ်၏ မနောဓာတ်မှာလည်း စိတ်မပါ့တပါဖြင့် ပစ္စုပ္ပန်ဆီ ပြန်လည်လာလေသည်။ သည်တော့မှ မျက်လုံးဖွင့်ကြည့်လိုက်ရာ ဆရာသခင်ကို မတွေ့ရတော့ပေ။

ကျွန်ုပ်သည် တရားထိုင်၍ သမာဓိအရှိန်ကောင်းနေစဉ် ရုတ်တရက်ထလိုက်ရဘိသကဲ့သို့ ကိုယ်ရောစိတ်ပါ သွက်သွက်လှုပ်ခါနေပါသည်။ တစ်ခန်းလုံးကိုလည်း မျက်လုံးကစားကြည့်လိုက်၏။ ဘာဆိုဘာမှ ထူးခြားသည့်လက္ခဏာ မတွေ့ရ။ အခန်းတံခါးဖွင့်သံကိုမျှ မကြားရ။ ဟိုတယ်အခန်းတံခါးများမှာ ဖွင့်လိုက်သည်နှင့် အထဲမှ သိနိုင်ရန် သံစဉ်ခလုတ်များ တပ်ဆင်ထားသည်။

လှုပ်ရှားနေသော စိတ်များ ငြိမ်သက်သွားစေရန် ခုတင်ခြေရင်းမှ ကြည်ပြာပန်းခက်ကလေးများ ထိုးထားသည့် စောင်ပါးကို အသာဆွဲ၍ ပြတင်းပေါက်ကို မျက်နှာပေးထားသော ဆိုဖာပေါ်သို့ မှီချလိုက်ရသည်။ ထို့နောက် တစ်ကိုယ်လုံး ငယ်ထိပ်ဆံဖျားမှ ခြေသည်းဖျား၊ လက်သည်းဖျားတိုင်အောင် ဖြန့်ကြက်လျက်ရှိသော ပွေးကြော၊ လေကြောများကို လျှော့ထားလိုက်၏။ ပြီးမှ ဟိုအဝေး ခပ်လှမ်းလှမ်းကို လှမ်းမျှော်ကြည့်လိုက်ပါသည်။

အင်ဒိုနီးရှားနိုင်ငံ မြို့[illegible]ကာ



www.burmeseclassic.com

www.burmeseclassic.com

တာ၏ ကျက်သရေဆောင်ဖြစ်သော မာဒေးကား (လွတ်လပ်ရေး) ကျောက်တိုင်ကြီးထိပ်မှ ရွှေစင်တုံးကြီးမှာ ဝင်းဖြာလျက်ရှိပြီး နေရောင်ခြည်မှတစ်ဆင့် တစ်မြို့လုံးသို့ ရွှေရည်များ ဖြန့်ကြက်ပေးနေပါသည်။ ယင်းရွှေတုံးကြီး၏ အလေးချိန်မှာ ခြောက်တန်ကျော် ရှိပြီး မီးတောက်မီးလျှံပုံ သွန်းထုထား၏။ ရွှေ၏ သဘောမှာ တရုတ်ဘာသာဖြင့် "ယန်" ဓာတ်ဖြစ်၍ သည်းခြေကို အားပေး၏။ သို့ဖြစ်ပေရာ ကျွန်ုပ်၏မိတ်ဆွေများထဲမှ အဝလွန်သူများ သည်းခြေဖောက်ပြန်သူများအား ယင်း"မာဒေးကား"ကျောက်တိုင်ရှေ့ရှိ "မာဒေးကားရင်ပြင်"တွင် ရွှေဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင် ပိုးထည်များ ဝတ်ဆင်စေ၍ နံနက်စောစော လေရှူ၊ နေရောင်ခံ လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်စေရန် စိတ်ကူးဉာဏ်သစ်ကလေး လှစ်ခနဲ ပေါ်လာပါသည်။

ယင်းသို့သော အခိုက်အတန့် ကာလမျိုးတွင် ထိုကဲ့သို့ စိတ်ကူးများ ယခင်အခါက မပေါ်ခဲ့ဖူးပါ။

စိတ်ပျက် အားငယ်နေရသည့် အခိုက်ကလေးတွင် ယင်းသို့ အထူးအဆန်းကလေးများ ပေါ်လာရသည့် အဖြစ်ကို တွေးမိပြီး ကျွန်ုပ်ရေးရေးမျှ ပြုံးမိပါသည်။

**"စိုးကြောက်စရာ လုံးဝမရှိပါ။ ကယ်မမည့်သူပေါ်မှာ သေချာ"**

ပြုံးရင်းကပင် ငယ်ငယ်ဘဝ ဓမ္မသစ်ကျမ်းစာ သင်ခဲ့စဉ်အခါက မာသာကြီးဆိုပြသည့်အသံကို ကြားယောင်လာရပါသည်။

ယခု ကျွန်ုပ်၏ အဖြစ်အပျက်များကို အိပ်မက်လေလားဟုလည်း သံသယဝင်မိပါသည်။ သည်တော့မှ ဆရာသခင် ကျွန်ုပ် အခန်းတွင်း ဝင်လာစဉ် ကျွန်ုပ်ကိုလှမ်းပေးသွားသော ကတ်ပြားကလေးက ယခု ကျွန်ုပ်၏နံဘေး မှန်စားပွဲကလေးပေါ်တွင် အထင်းသားရှိနေသည်ကို သတိပြုမိပါတော့သည်။

လှမ်းပေးစဉ်ကတော့ သာမန်လိပ်စာကတ်တစ်ခုအမှတ်အဖြစ် ကြည့်ပင်မကြည့်မိလိုက်ဘဲ တင်ထားမိခဲ့ခြင်းဖြစ်ပါသည်။ ခုမှ ကောက်ယူကြည့်မိလိုက်ရာ ကြွေအဖြူပြောင် ကတ်ပြားပေါ်တွင် ဗေဒါရောင်ရင့်ရင့်ဖြင့် ရိုက်ထားသည့် စာက -

**"ထူးတော့မည်။ ပြင်ထား"**

ကတ်ပြားနှင့်အတူ "ရှုဘား"ချော့ကလက်မြေပဲ (Goobar) တစ်ထုပ်ကိုလည်း တွေ့ရသည်။ အောက်ထပ် ဧည့်ကြိုဆောင်တွင် ဝယ်ယူရရှိနိုင်သော အရာဖြစ်ပြီး ကျွန်ုပ် မဝယ်ဖြစ်ခဲ့သည်တော့ သေချာပါသည်။ ဘာအဓိပ္ပာယ်နှင့် ထားခဲ့ပါသနည်း။

ဖိတ်ခေါ်ခြင်း မပြုရဘဲ ရောက်လာပြီး အလွန်တရာ လေးမြတ်စွာ လက်ခံကြိုဆိုလိုက်ရသော ကျွန်ုပ်၏ ဧည့်သည်ကြီး ဆရာသခင်သည် ကျွန်ုပ်အတွက် တွေးစရာများစွာ ထားခဲ့ပါသေးတာကလား။ ကျွန်ုပ်လည်း တွေးလက်စရှိသည်နှင့် ဆက်၍ ကျွန်ုပ်လေ့လာဖူးသမျှ ဝိဇ္ဇာကြီးများအကြောင်းကိုပါ ဆက်တွေးနေမိသည်။

ဝိဇ္ဇာကြီးများမှာ သူတို့ကိုယ်ကို မြင်စေလိုသည့်အခါ သူတို့ယူထားသော ရုပ်သန္တန်၏ ရုပ်မြူတစ်ခုချင်း အတွင်းရှိ တုန်နှုန်း (ဖြစ်/ပျက်ကြိမ်)ကို သာမန်နှုန်းအတိုင်း ရှိစေပြီး ကိုယ်ပျောက်စေလိုသောအခါ၌ ယင်းဖြစ်/ပျက်ကြိမ်ကို တစ်စက္ကန့်လျှင် အကြိမ်သန်းပေါင်းများစွာ တိုးမြှင့်ပေးလိုက်ခြင်းဖြင့် သာမန်လူတို့ မြင်နိုင်ခြင်း ထိတွေ့နိုင်ခြင်း မရှိတော့ပါ။

ယခင်က ဤအကြောင်းကို ဖတ်ဖူးကြားဖူးရုံသာရှိပြီး ယခုလို ကိုယ်တွေ့ကြုံရလိမ့်မည်ဟု လုံးဝ မမျှော်လင့်မိပါ။ ယခုအဖြစ်မှာ ကျွန်ုပ် သွေးလေချောက်ချား၍ ထင်မိမြင်ရာ ယောင်မှား ခြင်းမဟုတ်။ ချော့ကလက်မြေပဲထုပ်နှင့် ကတ်ပြားကလေးများက သက်သေကျန်ရှိနေပါသည်။

ပို၍ ခိုင်ခိုင်မာမာ ဆိုနိုင်သည့် အကြောင်းမှာ ရှေ့တွင် ကျွန်ုပ်ရေးသားဖော်ပြမည့် အကြောင်းအရာများသည် ကျွန်ုပ်ကိုယ်တိုင် ရှေ့ဖြစ်ပေဟာခဲ့သည့် သက်တမ်းတစ်လျှောက် တစ်ခါမျှ တွေ့ခေါ်ခဲ့ဖူးခြင်း မရှိသည့်အပြင် အချို့ အချက်အလက်များမှာ ဗေဒင်ကျမ်း အဆူဆူတို့၌ အကိုင်းအဖျားမျှသာ ပါရှိပြီး ယင်းတို့၏ အရင်းအမြစ် အနှစ် အသားများ ဖြစ်နေခြင်းကြောင့် အထက် ပုဂ္ဂိုလ်တို့နှင့် အဆက်ရ၍ ထိုအထက် ပုဂ္ဂိုလ်များ၏ မေတ္တာဓာတ်၊ ဉာဏ် အလင်းဓာတ်ဖြင့်သာ ထင်လင်းလာနိုင် ပါကြောင်း ရဲရဲဝံ့ဝံ့ပင် ဆိုပါရစေ။

ဒီလောဂေါ နာမ် ဘဝိသ...

နေမင်းလု...



www.burmeseclassic.com

www.burmeseclassic.com

# စကြဝဠာသစ်အိုရီ မှ လောကဓာတ်ဒေသနာတော်သို့

**အောင်မြင့်မြတ် (ပြည်ရွှေဘို)**

## လူသားနှင့် စကြာဝဠာ

လူတိုင်းကမ္ဘာမြေပေါ်ရောက်လာပြီး အရာဝတ္ထုတွေကို ကြည့်မြင်တတ်စ အချိန်ကပင် လူကြီးသူမတွေက ကလေးငယ်အား ပထမဆုံး မိတ်ဆက်ပေးလိုက်တာ ဟောဟိုမှာ ဖိုးရွှေလမင်းကြီး၊ ဝါ ဝါ ဝါး။ စကားပြောတတ်စ အချိန်မှာ ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ချော့မြှူပေးရသူမှာလည်း ဖိုးရွှေလ၊ အငိုတိတ်အောင် အရိပ်ရောင်ပြရသူမှာလည်း ဖိုးရွှေလ၊ လူလားမြောက်ကြတဲ့အခါ မျက်နှာချင်းဆိုင် ချိန်းဆိုပေးရသူမှာလည်း ဖိုးရွှေလ။

ဘဝတစ်သက်စာမှာ နေထွက်ကာစ နေဝင်ချိန်အထိ ဘဝအတွက် ရုန်းကန်လှုပ်ရှားနေခဲ့ရပြီး ဘဝတစ်သက်တာ ကုန်ဆုံးလို့ နောက်ဆုံးတွေ့မြင်လိုက်ရ၊ နှုတ်ခွန်းဆက်သလိုက်သူက တောင်စွယ်မှာကွယ်လုလု မေးတင်နေတဲ့ နေမင်းကြီး။

ပူတစ်ခါ အေးတစ်လှည့် လူသားတွေကို ရာသက်ပန် ယုယစွာ ပိုက်ထွေးခဲ့ကြတဲ့ နေနဲ့လ။ "ရဝိန္ဒုဒြသနနေလပြတဲ့ မင်္ဂလာပွဲ"နဲ့ စတင်ခဲ့ရတဲ့လူသား။ လူသားနဲ့ နေလကမ္ဘာ စကြဝဠာ၊ လူသားဟာ စကြဝဠာကြီးအတွင်း ဘယ်ပုံရပ်တည် ရှင်သန်ရွေ့လျားပြီး စကြဝဠာလည်း ဘယ်လိုရပ်တည် ရှင်သန်ရွေ့လျားနေပါသလဲ။ လူသားနဲ့ စကြဝဠာ ဘယ်လိုဆက်သွယ်မှုတွေရှိနေပါသလဲ။ ကလေးဘဝကတည်းက ပထမရင်းနှီးခဲ့ရတဲ့ နေလကမ္ဘာအကြောင်း အရာတွေက စဉ်းစားလေနက်နဲလေ၊ တွေးလေဝေးလေ ဖြစ်နေကြရတယ်။ နက်နဲတာကို ဆောက်တည်ထိတွေ့လို့ရအောင်၊ ဝေးနေတာကို နီးကပ်လာအောင် လုပ်ပေးနိုင်တဲ့ အရာက မြတ်ဗုဒ္ဓဟောကြားတော်မူတဲ့ အဘိဓမ္မာတရား တစ်ခုတည်းသာ ဖြစ်ပါတော့တယ်။

နေလနက္ခတ်တာရာ စကြာဝဠာ ကမ္ဘာလောကကြီး အကြောင်းနဲ့ပတ်သက်ပြီး ကမ္ဘာ့ဘာသာတိုင်းမှာ အနည်းနဲ့ အများ မိန့်ဆိုချက်တွေရှိနေကြတယ်။ ဗုဒ္ဓဘာသာမှာလည်း ရှိတယ်။ ဒါပေမဲ့ အသေးစိတ်မဖော်ပြ၊ မြတ်ဗုဒ္ဓဟာ အပြင်ပန်းထက် အတွင်းသားကိုသာ စေ့ငုစေချင်တယ်။ ပတ်ဝန်းကျင်ထက် လူကိုသာ မဏ္ဍိုင်ပြုစေလိုပါတယ်။

မြတ်ဗုဒ္ဓဟောတဲ့ စကြာဝဠာအကြောင်း အနှစ်ချုပ်မှာ –

၁။ အနန္တလေးပါး (သတ္တဝါ၊ အာကာသ၊ စကြဝဠာနဲ့ ဗုဒ္ဓဉာဏ်တော်)

၂။ အစိန္တေယျ မကြံစည်အပ်တဲ့အရာလေးမျိုး – ဗုဒ္ဓဉာဏ်တော်အရာ၊ ဈာန်အရာ၊ ကံအရာနဲ့ စကြဝဠာကမ္ဘာလောကအကြောင်း။

၃။ စကြဝဠာကမ္ဘာလောကကြီး စတင်ဖြစ်ပေါ်ပုံ၊ လူသားတွေရဲ့ အပူလှိုင်းတွေကြောင့် ပျက်စီးပျောက်သွားရပုံ နေခုနစ်စင်း ထွက်လို့ ကမ္ဘာပျက်ရပုံတွေ။

၄။ ဗြဟ္မာ့ပြည်မှာ အရင်ဖြစ်နေတဲ့ ဖိုးသက်ရှည် ဗြဟ္မာကြီးက လောကကြီးတစ်ခုလုံး သူ့အလိုဆန္ဒအတိုင်း သူဖန်ဆင်းလို့ ဖြစ်လာရတယ် အထင်ရောက်မှု အခြားနောက်ပေါက် ဗြဟ္မာအစဉ်အဆက်တွေက လည်း အဲသလို ထင်မြင်ကြပုံတွေ။



www.burmeseclassic.com

www.burmeseclassic.com

၅။ အသေး၊ အလတ်၊ အကြီး လောကဓာတ် စကြဝဠာ သုံးမျိုးရှိပုံ၊ အင်္ဂုတ္တ–တိက–စူဠနိကာယ သုတ်မှာ တွေ့ရတယ်။ ယနေ့ခေတ် အသေးစား လောကဓာတ်လောက်ကို လူသားတွေ မကျက်စား၊ မထိတွေ့နိုင်သေးကြောင်း သိရှိရပါတယ်။

၆။ ဈာန်အဘိညာဏ်ရတဲ့ ရောဟိတဿခေါ်တဲ့ ရသေ့တစ်ပါး မြှားလောက်မြန်တဲ့ အဟုန်နဲ့ အနှစ်တစ်ရာတိုင်တိုင် မနေမနား စကြဝဠာ ကမ္ဘာလောရဲ့ အဆုံးရောက်အောင် သွားရာ စကြဝဠာကမ္ဘာလောက အဆုံးမရောက်ခင် သက်တမ်းကုန်လို့ သေခဲ့ရကြောင်း သဂါထာသံယုတ်မှာ ဟောခဲ့ပါတယ်။ စကြဝဠာအကြောင်း မြတ်ဗုဒ္ဓစာပေအမြင်နဲ့ ဆက်လက်လေ့လာလိုသူများအတွက် အရင်းအမြစ် ကျဆုံး ပိဋကတ်လမ်းညွှန်စကားဖြစ်ပါတယ်။

## သတ္တဝါတို့၏ ကျေးဇူးရှင်နေမင်း

နေစကြာဝဠာဟာ အလျားအနေနဲ့ အလင်းနှစ် ၁၀၀၀,၀၀၀ ခန့်ရှိတဲ့ ခရုဖွေပုံသဏ္ဌာန်ရှိသော နဂါးငွေ့တန်းကြယ်စုကြီး The Milky Way Glaxy ခေါ် မဟာစကြဝဠာကြီးရဲ့ အလယ်ဗဟိုမှ လက်ဝဲဖက်သို့ အလင်းနှစ်ပေါင်း ၃၀၀၀၀ အကွာအဖျားမကျ၀. ကျမှာ တည်ရှိတယ်။

နေမင်းကြီးဟာ နေကြယ်တစ်လုံးဖြစ်တယ်။ ကြယ် Star ဆိုတဲ့ စကားကို လူတွေက ကမ္ဘာထက်သေးငယ်တဲ့ ဂြိုဟ်တစ်လုံးလို့ ထင်မှတ်နေကြတယ်။ ဒါပေမဲ့ ကြယ်မှာ ကိုယ်ပိုင်အလင်းရောင်ထုတ်လွှင့်နိုင်တဲ့ စကြဝဠာကြီးတစ်ခု ဖြစ်တယ်။ ကျွန်ုပ်တို့နေဟာလည်း နေကြယ်တစ်လုံးဖြစ်တယ်။ မဟာစကြဝဠာကြီးထဲရှိ ကုဋေတစ်သောင်းသော နေကြယ်တွေထဲက ကြယ်လတ်တစ်လုံးဖြစ်တယ်။ ကျွန်ုပ်တို့ နေစကြဝဠာတစ်ခုရဲ့ ခေါင်းဆောင်ကြယ်ကြီး ဖြစ်ပါတယ်။

နေကြယ်ကြီးဟာ မိမိရဲ့ဝင်ရိုးပေါ်မှာ ၂၆ ရက်လျှင် တစ်ကြိမ်ကျ လက်ဝဲရစ်အနောက်မှ အရှေ့သို့လည်ပတ်နေတယ်။ နေကြယ်ရဲ့တစ်ရက်မှာ ကျွန်ုပ်တို့ ကမ္ဘာ ၂၆ ရက် ကြာတယ်လို့ဆိုတယ်။ နေကြယ်ကြီးဟာ မိမိနေပတ်လမ်းကြောင်းအတွင်း လည်ပတ်နေစဉ်မှာ ဂြိုဟ်ကြီး ကိုးလုံးနဲ့ အခြားဂြိုဟ်သိမ်၊ ဂြိုဟ်မွှားအဖွဲ့ဝင်တွေကလည်း နေကြယ်လည်ပတ်နေတဲ့ အလားတူ မိမိရဲ့ ဝင်ရိုးအသီးသီးပေါ်မှာ လည်ပတ်ရင်း နေကြယ်ကြီးကို တစ်ဖန် လက်ဝဲရစ် ပတ်နေကြပြန်ပါတယ်။

နေကြယ်ကြီးကို မိသားစုဂြိုဟ်တွေကပတ်၊ နေကြယ်ကြီးကလည်း မိမိဝင်ရိုးအပေါ်လည်ပတ်ရင်းက တစ်ဖန် မိခင်ကြယ်စုကြီးဖြစ်တဲ့ မဟာစကြဝဠာနဂါးငွေ့တန်းကြီးရဲ့ ဗဟိုချက်မကို အလယ်ဗဟိုထားပြီး မိမိနေပတ်လမ်းကြောင်းအတိုင်း လည်ပတ်ပြီး လိုက်နေကြတယ်။ နေပတ်လမ်းကြောင်းရဲ့ အချင်းမိုင်မှာ ကုဋေ ၇၀၀ ကျော်အထိ ကျယ်ပြန့်စွာ တည်ရှိနေတယ်။ နေကြယ်ကြီးဟာ မိမိ မိသားစုဂြိုဟ်တွေနဲ့အတူ တစ်နာရီ မိုင်တစ်သန်းခန့်နှုန်း (တစ်စက္ကန့် ၁၂ မိုင်နှုန်း)နဲ့ မဟာစကြဝဠာကြီးကို လက်ဝဲရစ်လည်ပတ်နေတယ်။ မဟာစကြဝဠာကြီးကို တစ်ပတ်ပတ်ဖို့ နှစ်သန်းပေါင်း ၂၀၀ ကြာတယ်။ တစ်ချိန်တည်းမှာ ဟာကြူလီနက္ခတ်ကြယ်တာရာကို တစ်စက္ကန့် ၁၃ မိုင်နှုန်းနဲ့ တည့်တည့်ကြီးပြေးနေပြန်တယ်။ နေကြယ်လိုပဲ အခြားကြယ်ပေါင်းကုဋေတစ်သောင်းတို့လည်း မဟာစကြဝဠာကြီးရဲ့ ဗဟိုကို လည်ပတ်လှုပ်ရှားနေကြတယ်။ တစ်ချို့ကြယ်တွေဟာ တစ်စက္ကန့်မိုင် ၅၀ နှုန်းနဲ့ ပတ်နေကြပါတယ်။

## နေကြယ်အကြောင်း သိကောင်းစရာ

နေကြယ်ကြီးဟာ မိုင် ၈၆၄၀၀၀ ရှိတယ်။ နေရဲ့ အတွင်းပိုင်းကို ပလာစမာ Plasma ခေါ် အရည်မဟုတ် အစိုင်အခဲမဟုတ်၊ အငွေ့လည်းမဟုတ်တဲ့ အလွန်သိပ်သည်းတဲ့ ဓာတ်ငွေ့လုံးနဲ့ ဖွဲ့စည်းထားလို့ ကျစ်လစ်သိပ်သည်းတဲ့ ဓာတ်ငွေ့လုံးကြီး ဖြစ်တယ်။ ကမ္ဘာနဲ့မိုင်ပေါင်း ၉၃ သန်းခန့် ကွာဝေးတယ်။ အချင်းမိုင် ၈၀၀၀ နီးပါးရှိတဲ့ ကမ္ဘာလုံးမျိုး တစ်သန်းလုံးသိန်းခန့်ကို နေရဲ့အတွင်းသို့ သွတ်သွင်းရနိုင်တယ်။ တစ်စက္ကန့်မိုင် ၁၈၆,၀၀၀ ပြေးတဲ့ နေရဲ့အလင်းရောင်ဟာ ကမ္ဘာသို့ရောက်ဖို့ ရှစ်မိုင်ခန့် လာ[illegible] တယ်။ အဆိုပါအလင်းရောင်ဟာ ပူပြင်းလှလို့ မျက်စိနဲ့ အလွတ်မကြည့်သင့်ပေမဲ့ ကမ္ဘာ့သက်ရှိ ရုပ်ဖြစ်ထွန်းမှုကို အားပေးသမို့ နေမင်းဟာ ကမ္ဘာ့မိခင် ကျေးဇူးရှင်ကြီးဖြစ်တယ်။ နေရောင်ခြည်ကိုသာ မရရှိပါက ကမ္ဘာပေါ်ရှိ သတ္တဝါတွေ၊ သစ်ပင်တွေ ပျောက်ကွယ်သွားပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

### လူသားတွေ နေထိုင်ရာအရပ်

လူသားတွေ နေထိုင်ရာအရပ်မှာ ဧရိယာအားဖြင့် စတုရန်းမိုင် ၁၉၇ သန်း ကျယ်ဝန်းတဲ့ ကမ္ဘာအပြင်ပိုင်း ကမ္ဘာ့မျက်နှာပြင်ဖြစ်တယ်။ ကမ္ဘာကြီးကို လေထုကြီးက ရစ်ပတ်သိုင်းခြုံထားတယ်။ လေထုကြီးဟာ နေထံမှ ၁/၁၀၀၀၀၀၊ ၁/၁၀၀၀၀၀၀ လက်မသာရှည်တဲ့ လှိုင်းတိုအဖြစ်နဲ့ ရောက်ရှိလာတဲ့ အပူချိန်ကို ကာကွယ်ပေးတယ်။ ကော့စမစ်ရောင်ခြည် စတဲ့ လူတွေကို အန္တရာယ်ပေးတတ်တဲ့ရောင်ခြည်တွေကို ကာကွယ်ပေးတယ်။ ဒီလိုနဲ့ လူသားတွေဟာ အပူလွန်ကဲမှုဒဏ်ကို မခံကြရပါ။ လူတွေအတွက် လေတိုက်ခတ်မှု၊ မုန်တိုင်းတိုက်ခတ်မှု၊ မိုးရွာသွန်းမှုစတာတွေကိုလည်း လေထုကဖြည့်စွက် ပြုလုပ်ပေးပါတယ်။

လေထု၊ ရေထု၊ မြေထု သုံးခုနဲ့ ပူးပေါင်းဖန်တီးမှုကြောင့် အချို့သော အရပ်ဒေသတွေဟာ လူသားတွေအသက်ရှင်နေထိုင်ဖို့ သင့်လျော်တဲ့ အစိတ်အပိုင်းကြီးတွေဖြစ်လာကြတယ်။ လူသားတွေနေထိုင်ဖို့ မသင့်လျော်တဲ့ ရေထုနဲ့ပြီးတဲ့ သမုဒ္ဒရာကြီးတွေ၊ ပင်လယ်ကြီးတွေဟာ ကမ္ဘာရဲ့ အများစုဧရိယာ ဖြစ်တယ်။ ကမ္ဘာ့မျက်နှာပြင် စုပေါင်းရဲ့ ၇၁ ရာခိုင်နှုန်းရှိတယ်။ ကျန် ၂၉ ရာခိုင်နှုန်းဟာ တိုက်မြေကြီးတွေဖြစ်တယ်။ ရေခဲဖုံးလွှမ်းနေတဲ့ ကုန်းမြေအစိတ်အပိုင်းတွေပါ ထည့်သွင်းရေတွက်ပါမှ စုစုပေါင်းကုန်းမြေရဲ့ ဧရိယာဟာ စတုရန်းမိုင်ပေါင်း ၅၇ သန်းသာရှိတယ်။ လူသားတွေဟာ ဒီမျှကျဉ်းမြောင်းလှတဲ့ မြေပြင်မှာ နေထိုင်အသက်မွေးကြရတယ်။ မိမိတို့ အသက်ရှင်ရေးအတွက် ရေ၊ မြေ၊ လေ၊ သဘာဝ ဘေးဒဏ်တွေကို ကြံ့ကြံ့ခံကာ အသက်တစ်ချောင်းကို ကာကွယ်စောင့်ရှောက်နေရပါတယ်။

### သတ္တလောကနှင့် ရုက္ခလောက

မျက်မှောက်ခေတ်ရဲ့ သက်ရှိတွေကို ခွဲခြားရင် သတ္တလောက Animal Kingdom နဲ့ ရုက္ခလောက Plant Kingdom လို့ လောကကြီးနှစ်ရပ် ခွဲခြားနိုင်တယ်။ သက်ရှိတွေဟာ အစဉ်သဖြင့် ပြောင်းလဲတိုးတက်ခြင်း (Evolution of Life) ဖြစ်လျက်ရှိသည်။ လွန်ခဲ့တဲ့နှစ်သန်း ၃၀၀၀ လောက်အချိန်ခန့်က သက်ရှိလောက စတင်ခဲ့တယ်လို့ လက်ခံထားကြတယ်။ ကလပ်စီး (တစ်နည်း) ဆဲလ် (Cell) တစ်ခုတည်းရှိတဲ့ ဘက်တီးရီးယားနဲ့ သစ်ပင်တွေဟာ ဖြစ်ထွန်းခဲ့ကြတယ်။ ဆဲလ်တစ်ခုတည်းရှိတဲ့ သက်ရှိတွေမှာ ဆဲလ်များစွာရှိတဲ့ သက်ရှိတွေအဖြစ် ရောက်ရှိဆင်းသက်လာကြတယ်။ ဒီကတစ်ဆင့် ဖွဲ့စည်းပုံအဆင့်အတန်း ပိုမိုမြင့်မားတဲ့ သက်ရှိများအဖြစ် တိုးတက်လာခဲ့တယ်။ ပထမဆုံးအပင်များအနေနဲ့ ကမ္ဘာဦးကာလက အယ်လ်ဂျေ (Algae) ပင်လေးတွေ စတင်ပေါက်ရောက်တယ်။ ဒီအယ်လ်ဂျေပင်၊ ကျောက်က ဝက်ပင်များမှ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကာ ရေညှိပင်များ၊ ဝတ်မှုန်၊ ကုန်းနေပင်များ ပေါက်ရောက်လာတယ်။ ဒီကတစ်ဆင့် တိုးတက်ပြောင်းလဲလာပြီး ပန်းပွင့်မဲ့သစ်ပင်တွေ၊ ပန်းပွင့်ပါသစ်ပင်တွေ၊ အပင်မြင့်ကြီးတွေ ဖြစ်ထွန်းလာတယ်။ ပေ ၁၀၀ လောက်ထိ မြင့်မားလာ

**လူသားတွေဟာ သဘာဝ လျှို့ဝှက်ချက်တစ်ခုဖြစ်တဲ့ စိတ်တရားအကြောင်းကို တစ်စွန်းတစ်စ စမ်းမိကြပေမယ့် အလွန်အသိခက်တဲ့အရာ၊ မမြင်နိုင်တဲ့အရာဖြစ်လို့ ခပ်ဝါးဝါးနဲ့သာ ကျွန်ုပ်တို့တစ်တွေ စခန်းသိမ်းနေခဲ့ကြရပါတယ်။**

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီနောက် အသီးမျိုးစုံသီးတဲ့အပင်များမှ ယခုမြင်တွေ့နေရတဲ့ အသီး၊ အရွက်၊ အခက်အလက်၊ အပွင့်မျိုးစုံလှပကြီးမားတဲ့ အပင်လောကကြီး ဖြစ်ပေါ်လာတယ်။ အယ်လ်ဂျေပင်မှာ မျက်မှောက်ခေတ် အပင်လောကကြီးဆီရောက်ရှိလာဖို့အတွက် နှစ်သန်းပေါင်း ထောင်နဲ့ချီလို့ ဖြတ်သန်းလာခဲ့ရတယ်။ တစ်မျိုးမှတစ်မျိုး တိုးတက်ပြောင်းလဲဖို့အတွက် အချိန်ကာလ နှစ်ပရိစ္ဆေဒ သိန်းသန်းကြာညောင်းပြောင်းရွှေ့ခဲ့ရတယ်။ တစ်စုံတစ်ဦးရဲ့ ဖန်တီးမှုကြောင့်ဖြစ်ပေါ်လာရတာ မဟုတ်ပါ။ ရာသီအလိုက်၊ မျိုးစေ့အလိုက်၊ ရေမြေသဘာဝအလိုက် ပေါင်းစပ်တိုးတက်လာရခြင်းသာဖြစ်ပါတယ်။

## လူ၏ဖြစ်စဉ် သိပ္ပံသမိုင်းအမြင်

တိရစ္ဆာန်သတ္တဝါလောကဟာ နှစ်သန်းပေါင်းများစွာချီလို့ ပြောင်းလဲတိုးတက်ခဲ့ရတယ်။ အမီးဘား သတ္တဝါလေးများမှတစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာရာက မျက်မှောက်ခေတ် မြင်တွေ့နေရတဲ့ သတ္တဝါမျိုးစုံတွေနဲ့ ဆန်းပြားလှတဲ့ သတ္တဝါလောကကြီးကို တွေ့မြင်ရတယ်။ ရေခဲခေတ်အတွင်းက သက်ရှိများ၏ တဖြည်းဖြည်း တိုးတက်လာမှုသမိုင်းရဲ့ တစ်ခုတည်းသော မျိုးစိတ်တစ်ခုဟာ ကမ္ဘာပေးမှာအထွတ်အထိပ်အဖြစ် ပေါ်ပေါက်လာခဲ့တယ်။ အဆိုပါမျိုးစိတ်မှာ Homo sapiens (ဟိုမိုစပီယင့်)ခေါ်တဲ့ လူဖြစ်တယ်။ သူဟာ အသိဉာဏ်ကြီးမားခြင်းနဲ့ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခြင်းတွေကြောင့် အထူးခြားဆုံး သတ္တဝါဖြစ်ပါတယ်။

လူဟာ နို့တိုက်သတ္တဝါတစ်ဦးဖြစ်ကာ မျိုးစဉ်တစ်ခုဖြစ်တဲ့ ပရိုင်းမိတ်(Primates) အုပ်စုမှာ ပါဝင်တယ်။ ပရိုင်းမင်းအုပ်စုမှာ ပါဝင်ကြတဲ့ သတ္တဝါများမှာ လီမား(Lemurs)၊ တာစီးယား(Tarsiers) မျောက်တွေ၊ ဝက်ဝံတွေ ဖြစ်ကြတယ်။ ပရိုင်းမိတ်ဟာ ခြေတံနဲ့ လက်တံတွေ ရှည်လျားကြီးမားကာ လက်သည်းများစွာပါရှိတဲ့ ခြေချောင်းနဲ့ လက်ချောင်း ငါးခုစီ ပိုင်ဆိုင်ကြတဲ့ သတ္တဝါတွေဖြစ်ကြတယ်။ လက်မနဲ့ ခြေမတွေဟာ တခြားလက်ချောင်းနဲ့ ခြေချောင်းတွေက ကွာဝေးနေလို့ ခြေလက်တို့နဲ့ တစ်ခုခုကို ဆုပ်ကိုင်ကိုင်တွယ်ရာမှာ အလွန်အဆင်ပြေကြတယ်။

ရှေးအကျဆုံး ပရိုင်းမိတ်တွေဟာ တတိယယုဂ်အစပိုင်းက စတင်ပေါ်ပေါက်ခဲ့တယ်။ ယခုခေတ် သစ်ပင်ပေါ်နေ (Tree Shrews) နဲ့ ဆင်တူပြီး မျက်နှာချွန်ကာ ခြေသည်းလေးစုံပိုင်တဲ့ သေးငယ်တဲ့ သတ္တဝါတွေ ဖြစ်ကြတယ်။ ဒီနောက် တဖြည်းဖြည်း အဆင့်အတန်းမြင့်မားလာတဲ့ တာစီးယားတွေ ဖြစ်လာကြတယ်။ အော်လီဂိုဆင်း အဏုယုဂ်အချိန်မှာ ရှေးကျတဲ့ တာစီးယားအနွယ်တစ်ခုအနေနဲ့ အန်သရိုပွိုင်ဒီယား (Anthropoidea) အုပ်စုတစ်ခုပေါ်လာခဲ့တယ်။

အဆိုပါအုပ်စုမှာ မျောက်များ၊ ဝက်ဝံများနဲ့ လူတွေပါဝင်ကြတယ်။ သူတို့တွေဟာ ပိုမိုကြီးမားတဲ့ ဦးနှောက်၊ ကိုင်တွယ်ရာကိုယ်လက်အင်္ဂါရပ်အနေနဲ့ တိုတောင်းကောင်းမွန်လှတဲ့လက်များ ပေါ်ပေါက်လာတယ်။ လက်စွယ်၊ ခြေစွယ်တွေအစား လက်သည်းနဲ့ ခြေသည်းတွေ ပြောင်းလဲလာတယ်။ လူနဲ့တူတဲ့ မျက်နှာပေါက်တွေကို ပိုင်ဆိုင်ခြင်းနဲ့ အခြား ပရိုင်းမိတ်တွေနဲ့ ကွာခြားတယ်။

## ဆဋ္ဌမအခန်း

သိပ္ပံပညာရပ်က အပြင်ရုပ်ကိုသာ ကြည့်ရှုလေ့လာတယ်။ အတွင်းစိတ်ကို အလေးအနက်နှိုက်ပြီး မလေ့လာနိုင်ပါ။ အဝေးကိုသာ ကြည့်ရှုသုံးသပ်တယ်။ အနီးကိုလေ့လာမှု အားနည်းတယ်။ ရုပ်ပိုင်းဆိုင်ရာတွေ ထပ်ပိုပြီး နူးညံ့သိမ်မွေ့တဲ့ သဘောတရားတွေကို လေ့လာရှာဖွေမယ်ဆိုရင် ဗဟိဒ္ဓခေါ် ပြင်ပထက် အဇ္ဈတ္တခေါ် အတွင်းကို စူးစိုက်ကြည့်ရှုရပါမယ်။ အဝေးထက်အနီးကို စူးစိုက်ရပါမယ်။ အကြောင်းက ရုပ်တရားထက် လှုပ်ရှားမှုလျင်မြန် နူးညံ့သိမ်မွေ့တဲ့ သဘာဝဓမ္မတွေဟာ သတ္တဝါတွေရဲ့ အတွင်းသဏ္ဍာန်မှာ တည်နေတာကြောင့်ဖြစ်တယ်။ အာရုံငါးပါး ထိတွေ့စမ်းသပ်လို့မရတဲ့ အလွန်နူးညံ့တဲ့ သဘာဝဓမ္မတ မျိုးဟာ ကေန်အမှန်ရှိနေသေးတယ်။ ဒီသဘာဝဓမ္မ အာရုံငါးပါးဖြစ်တဲ့ မျက်စိနဲ့ မမြင်နိုင်၊ နားနဲ့ မကြားနိုင် နှာခေါင်းနဲ့လည်း နမ်းရှုပ်စမ်းသပ်လို့ မရနိုင်၊ လျှာ လျက်ကြည့်၊ စားကြည့်လို့လည်း မသိနိုင်၊ ခန္ဓာကိုယ် ထိတွေ့ကြည့်လို့လည်း မရနိုင်၊ ဒီအရာမှာ သဘာဝတ လို့ဂုဏ်ချက်မှာ အဆင့်အမြင့်ဆုံးဖြစ်လို့ သက်မဲ့ လော



www.burmeseclassic.com

www.burmeseclassic.com

မှာ မရှိနိုင်ပါ။ သက်ရှိ ရုပ်လောကမှာမှ ထူးထူးခြားခြား ပါဝင်ပေါင်းစပ်နေတယ်။ ဒီသဘောတရားကို ခေတ်သစ် သိပ္ပံပညာရှင်တွေက ဆင့်မမြောက်အာရုံလို့ခေါ်ကြတယ်။ အချို့က သိပ္ပံနယ်လွန် သဘောတရားလို့ဆိုကြပါတယ်။

ဒါပေမဲ့ ဒီသဘောတရားမှာ အထင်အရှားရှိတယ်။ ဒီသဘာဝမှာ အရှိတရားဖြစ်လို့ အသိတရားနဲ့ လေ့လာသုံးသပ်မှ တွေ့မြင်နိုင်ပါတယ်။ လွန်စွာမှာ ပြောင်းလဲမှု မြန်ဆန်လှတယ်။ စွမ်းအင်သတ္တိကောင်းလှတယ်။ ဒီသဘောတရားကို ဗုဒ္ဓအဘိဓမ္မက နာမ – နာမ်လို့ အမည်ပေးထားတယ်။ နာမဗေဒခေါ် နာမ်တရားအကြောင်းကို မြတ်ဗုဒ္ဓက အပြည့်အစုံ အတိအကျဟောပြတော်မူခဲ့တယ်။

သဘာဝလျှို့ဝှက်ချက်တွေကို လေ့လာမယ်ဆိုရင် ရူပဗေဒသာမက နာမဗေဒနဲ့ ရူပဗေဒပညာရပ်တွေကို နားလည်ရပါမယ်။ ဒါမှသာ သဘာဝလောကရဲ့ အရှိကို အရှိတိုင်း သဘာဝကျကျ သဘောတရားမိမိ အသိမှန်ကို အမှန်သိရပေလိမ့်မယ်။ အသိမှန်ကို အမှန်သိမှ ထာဝရချမ်းသာတဲ့ သန္တိသုခ တကယ်ငြိမ်းအေးရာချမ်းသာကို ရပါလိမ့်မယ်။ သဘာဝလျှို့ဝှက်ချက်တွေ ဖော်ထုတ်နိုင်ပါလိမ့်မယ်။ သဘာဝဓမ္မဆိုတာ ဆန်းကျယ်လှ၊ လေးနက်လှ၊ ကျယ်ဝန်းလှလို့ အမှန်သိမြင်နိုင်ခဲလှပါတယ်။ ဘီစီ ၂၅၀၀ လောက်က မဇ္ဈိမဒေသရှိ သမထကျင့်စဉ်ကို ကျင့်ကြံနေကြတဲ့ ယောဂီရသေ့ရဟန်းတွေဟာ စိတ်စေတသိတ် သဘာဝတရားတွေကို အကြမ်းအားဖြင့် ခွဲခြားဝေဖန်နိုင်ခဲ့ကြတယ်။ မိမိတို့ ခန္ဓာကိုယ်တွင်းရှိ စိတ်တရားကို ကသိုဏ်းအမျိုးမျိုးနဲ့ သမာဓိရအောင်ထိန်းကာ ဈာန်တရားတွေကိုရအောင် ကြိုးစားခဲ့ကြတယ်။ ဒါပေမဲ့ နာမ်တရားတွေကို တိတိကျကျ ခွဲခြားဝေဖန်နိုင်လို့ မပြသနိုင်ခဲ့ကြပါဘူး။

ခေါမခေတ် အတွေးအခေါ် ပညာရှင်ကြီးတစ်ဦးဖြစ်တဲ့ ဒီမိုကရိတပ်က "စကြဝဠာတစ်ခုလုံးရဲ့ အခြေခံမူလဟာ အဏုမြူအစုအဝေးမျှသာဖြစ်ကြောင်း၊ ဒီအဏုမြူတွေမှာလည်း အနုအညံ့အသိမ်မွေ့ဆုံး အဏုမြူမှာ စိတ်သာလျှင်ဖြစ်ကြောင်း" မြွက်ဆိုခဲ့တယ်။ သင်္ချာပညာရှင် ရှိုပင်ဟောင်းဝါး (၁၇၀၈–၁၈၆၀)ကမူ "စိတ်ဆန္ဒဟာ တစ်လောကလုံးမှာ အရာရာကိုစိုးမိုးတယ်။ ဒီလောကကြီးအတွင်း ရှိရှိသမျှ သက်ရှိသက်မဲ့အရာအားလုံးမှာ စိတ်ဆန္ဒစွမ်းအားကြောင့်သာ ဖြစ်ပေါ်နေကြရတယ်။ မည်သည့်ဘုရားသခင် အနန္တဝိညာဉ်တော်ကြောင့်မျှ ဖြစ်ပေါ်လာကြတာမဟုတ်ပါ"လို့ တစ်လောကလုံးမှာ စိတ်ဆန္ဒသာ ပဓာနဖြစ်ပုံကို ထုတ်ဖော်မိန့်ဆိုခဲ့တယ်။ သိပ္ပံပညာရှင် ပိုက်သရိုးရပ်ကလည်း "ဒီစကြဝဠာအတွင်းရှိ သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးရဲ့ အခြေခံသဘောမှာ ဝိညာဉ်ဖြစ်ကြောင်း" ခံယူခဲ့တယ်။

ဆာကျိမ်းဂျင်းစ်က တင်ပြခဲ့ပုံမှာ "ဒြပ် (ရုပ်ဝတ္ထု) နဲ့ ဖန်တီးထားတဲ့ ဒီကမ္ဘာကြီးထဲသို့ စိတ်ဟာ မတော်တဆ ရောက်လာတာမဟုတ် စိတ်ဟာ ရုပ်ဒြပ်နယ်ကို ဖန်တီးသူ စိုးမိုးအုပ်ချုပ်သူဖြစ်တန်ရာသည်လို့ ကျွန်ုပ်တို့ သံသယဖြစ်စ ပြုလာရပေတယ်"ဆိုလိုချက်မှာ စကြဝဠာအစနဲ့အတူ မြင်မြင်သမျှဟေ့ရဲ့ ဖန်တီးဖြစ်ပေါ်လာမှုမှာ စိတ်သာပဓာနဖြစ်ကာ အရာရာမှာ စိတ်သာအစိုးရလို့ စိုးမိုးအုပ်ချုပ်နေတယ်လို့ ဆိုလိုတာပါ။ သူက ဆက်လက်ဆိုထားသည်မှာ ယနေ့သိပ္ပံပညာမဖြေရှင်းနိုင်တဲ့ အရာတွေ များပြားလာတာ မှုန်ဝါးဝါးကလေးကို မနည်းဂရုစိုက်ကြည့်မှ မြင်ရပုံ၊ ဒီမှုန်ဝါးဝါးကလေးကိုပင် မျက်စိမှောက်သွားလို့ မှားတတ် ပျောက်တတ်ပုံတွေကိုလည်း သူ့ရဲ့နက်နဲလှစွာ စကြဝဠာနိဂုံးစာအုပ်မှာ ဖော်ပြထားပါတယ်။

လူသားတွေဟာ သဘာဝလျှို့ဝှက်ချက်တစ်ခုဖြစ်တဲ့ စိတ်တရားအကြောင်းကို တစ်စွန်းတစ်စ စမ်းမိကြပေမယ့် အလွန်အသိခက်တဲ့အရာ၊ မမြင်နိုင်တဲ့အရာဖြစ်လို့ ခပ်ဝါးဝါးနဲ့သာ ကျွန်ုပ်တို့တစ်တွေ စခန်းသိမ်းနေခဲ့ကြရပါတယ်။

## သဘာဝလောကကြီးကို လေ့လာမည်ဆိုလျှင်

သဘာဝလောကကြီးဟာ ဆန်းပြားသလောက် တည်ဆောက်မှုရှင်းလင်းလှတယ်။ ဖြစ်စဉ်အမျိုးမျိုး အဖုံဖုံ စုံလင်နေပေမယ့် ဖြစ်ရပ်အားလုံးတိုင်းအတွက် ကြောင်းကျိုးဆက်စပ်မှုအပြည့်အစုံ ပါရှိနေတယ်။ အဘယ်ရုပ်တရားနာမ်တရားမျှ အကြောင်းမဲ့ဖြစ်ပေါ်လာတာမဟုတ်၊ အကြောင်းမဲ့ ချုပ်သွားတာမရှိ၊ ဖြစ်ဖြစ်သမျှ အကြောင်းရင်းခံ ရှိစမြဲဖြစ်တယ်။ ဆန်းပြားတဲ့ လောကကြီးရဲ့ ဖြစ်စဉ်ကို လေ့လာရင် လွန်စွာရှင်းလင်းကြောင်း တွေ့ရပါတယ်။

သဘာဝဓမ္မဟာ ဒီလောကကြီးမှာ အမှန်အကန်ရှိတယ်။ သဘာဝဓမ္မကို ရုပ်တရားနဲ့ နာမ်တရား၊ ရူပဗေဒနဲ့ နာမဗေဒလို့ နှစ်မျိုးခွဲခြားနိုင်တယ်။ ရူပဗေဒတစ်ခုတည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

သဘာဝဓမ္မကို ပြီးပြည့်စုံစွာ မဖော်ပြနိုင်သေးပါ။ နာမဗေဒကိုလည်း ကုန်စင်အောင် ဖော်ထုတ်တွက်ချက်ရပါမယ်။ ဒီလို ရူပနာမနှစ်ပါးစုံ ကုန်စင်အောင်သိမြင်မှသာ သဘာဝဓမ္မကို အမှန်ရှိတဲ့အတိုင်း ပြည့်ပြည့်စုံစုံသိသူလို့ ခေါ်ဆိုရပါမယ်။

နာမရူပ သဘာဝဓမ္မရဲ့ နယ်ပယ်မှာ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကလို့ လောကကြီး သုံးမျိုးရှိတယ်။ စကြဝဠာအနန္တလို့ သိနေခြင်းဟာ ဩကာသလောက တစ်ခုတည်းကိုသာ သိမြင်ခြင်းဖြစ်လို့ မပြည့်စုံသေးပါ။ ဒီထက်ဆန်းကြယ်တဲ့ သတ္တဝါအမျိုးမျိုးတွေရဲ့ ဖြစ်တည်မှုကိုလည်း လေ့လာရပါဦးမယ်။ သတ္တလောကဟာ ဆန်းပြားသလောက်ဆန်းကြယ်လှတယ်။ အာရုံငါးပါးနဲ့ သိနိုင်တဲ့ သတ္တဝါရှိသလို မသိနိုင်တဲ့ သတ္တဝါတွေလည်း ရှိနေပါသေးတယ်။ မိမိမသိတာဟာ မိမိရဲ့အားနည်းချက်သာဖြစ်တယ်။ အပြည့်အစုံလေ့လာမှုကိုတော့ ပြုရပါဦးမယ်။

သတ္တလောက၊ ဩကာသလောကတို့ကို ဆယ်သွယ်ပေးတဲ့ လောကတစ်ရပ်တည်ရှိသေးတယ်။ ဒီလောကမှာ သင်္ခါရလောကရှိကြောင်းကို အဘယ်သိပ္ပံကိရိယာတွေကမှ မဖော်ပြနိုင်လို့ အဘယ်သိပ္ပံပညာရှင်ကမှ သိနိုင်နားလည်နိုင်မှာ မဟုတ်ပါ။ သတ္တဝါတွေသန္တာန်မှာ စိတ်၊ စေတသိက်တရားတွေက ဦးဆောင်ပြုလုပ်နေကြတယ်။ ကောင်းဆိုးနှစ်ရပ် လှုပ်ရှားပြုပြင်မှုကြောင့် သတ္တလောက၊ ဩကာသလောကတွေ ပေါ်ပေါက်လာရတယ်။ ဒီအခါ သင်္ခါရလောကဆိုတာ အရေးပါဆုံး လောကကြီးတစ်ရပ်ဖြစ်လာတယ်။ လောကကြီးကို လေ့လာရင် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကကြီးသုံးရပ်တို့ ဆက်စပ်ဖြစ်ပေါ်မှုပါ ထည့်သွင်းလေ့လာရပါ့မယ်။ ဒါမှသာ ပြီးပြည့်စုံတဲ့ လေ့လာမှုဖြစ်ပါမယ်။ ပြီးပြည့်စုံတဲ့ လောကဓာတ်အကြောင်းကို အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း၊ အမြင်ကို အမြင်အတိုင်း၊ အသိကို အသိအတိုင်း တိကျခိုင်လုံကြောင်း ကျိုးကြောင်းဆက်စပ်စွာ ဟောပြောခဲ့သူမှာ မြတ်ဗုဒ္ဓဘုရားရှင်သာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့တစ်တွေ **စကြဝဠာသီအိုရီမှ လောကဓာတ်ဒေသနာတော်ကို** ဆက်လက်လေ့လာဖို့ လိုပါတယ်။

## ကိုးကွယ်ယုံကြည်မှုကို ဆန်းစစ်ဖို့

လူသားတွေဟာ ဒီလောကမှာ အသိဉာဏ်အဆင့်အတန်း အမြင့်ဆုံးသော သူတွေဖြစ်တယ်။ "မနောဥဒန္တံ ဝေတသံတိမနုဿံ" မြင့်မြတ်တဲ့စိတ်ဓာတ်ရှိတဲ့သူများဖြစ်လို့ မနုဿလို့ခေါ်ကြောင်း ပါဠိသဒ္ဒါပညာရှင်တွေက ဝိဂြိုဟ်ပြုဖွင့်ဆိုခဲ့ကြတယ်။ လူသားဘဝဆိုတာ သုံးဆယ်တစ်ဘုံလောကဓာတ်တစ်ခုမှာ အကောင်းဆုံးနေရာကို ရရှိထားသူများ ဖြစ်တယ်။ လူသားဘဝမှာ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးစုံလင်စွာနဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကို ပြုလုပ်ဖြည့်ဆည်းနိုင်ခွင့်ရှိတယ်။ မိမိဘဝကို မိမိကြိုက်သလို ဖန်တီးခွင့်ရှိတယ်။ ပဋိသန္ဓေ ကံနိမ့်ကျလို့ ဆင်းရဲနွမ်းပါးသူ မိဘဝမ်းရောက်ခဲ့ရသူဖြစ်ပေမယ့် ပဝတ္တိအခါ ပတ်ဝန်းကျင်ကောင်းနဲ့ ပေါင်းသင်းဆက်ဆံကာ စိတ်ဓာတ်မြင့်မြင့်နဲ့ အဆင့်ဆင့်ကြိုးပမ်းပါက အထက်တန်းစား ဘဝသို့ရောက်နိုင်သူ ဒုနဲ့ဒေးပေါများတဲ့ လောကဖြစ်ပါတယ်။ နတ်လောကမှာ မိမိရဲ့အတိတ်ကံအရသာ ဘဝကိုတည်ဆောက်လို့ ရတယ်။ ကာယကံ၊ ဝစီကံနဲ့ မြင့်မားအောင် ကြိုးစားလို့မရနိုင်ပါ။ ကံဘုံသက်သက်သာဖြစ်ပါတယ်။ လူ့လောကလို ကံ၊ ဉာဏ်၊ ဝီရိယ အသုံးချလို့ မရပါ။ လူ့လောကမှာသာ ထူးခြားစွာ တည်ရှိတဲ့ အခွင့်ထူးကြီးတစ်ရပ် ဖြစ်ပါတယ်။ လူနဲ့နီးစပ်တဲ့ တိရစ္ဆာန်လောကမှာပင် ဒီအခွင့်အရေးမျိုး မရနိုင်ပါ။

ကျွန်ုပ်တို့တစ်တွေ ဒီလိုအခွင့်အရေးကောင်းတွေနဲ့ ပြည့်စုံတဲ့ လောကလူသားဘဝကို ရတောင့်ရခဲရလာပြီဖြစ်လို့ ဘဝသမ္ပတ္တိနဲ့ ပြည့်စုံနေတယ်။ လူတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အသိဉာဏ်ခံယူချက်၊ ပညာရေး၊ စီးပွားရေးတွေလည်း ရှိနေပြီဖြစ်လို့ ဘောဂသမ္ပတ္တိလည်း ရှိနေပြီလို့ ဆိုရပါမယ်။ ဒီလိုအဆင့်အတန်းမြင့်တဲ့ လူသားဘဝကိုရပြီးတွေ့ကြုံဖို့ခဲယဉ်းလှတဲ့ ဗုဒ္ဓသာသနာတော်ကြီးနဲ့ တွေ့ကြုံရချိန် ယခုလို ဘဝမျိုးမှာ မိမိဘဝအတွက် အရေးပါဆုံးဖြစ်တဲ့ ကိုးကွယ်ယုံကြည်မှုကို ဆန်းစစ်ဖို့ အမြဲတမ်းလိုအပ်နေမှာဖြစ်လို့ ဘဝနဲ့လောကဝန်းကျင် အတွေးအမြင်သစ်တွေရှိဖို့ ဒီစာစုနဲ့ နှိုးဆော်သတိပေးလိုက်ပါရစေ ...။

**အောင်မြင့်မြတ်(ပြည်သို့ဘို)**

www.burmeseclassic.com

www.burmeseclassic.com



# လူကြမ်း နှလုံးကြမ်း

**ကေတုမောင်ညိုလင်း**

ကျွန်တော်တို့ **ကုန်စည်ပို့ဆောင်ရေးဌာနခွဲက** တောင်ငူမြို့၏ မြောက်ဘက် ခြောက်မိုင်ကျော်ကျော်တွင် ာည်ရှိသည့်အပြင် ရန်ကုန်-မန္တလေး လမ်းဟောင်းကြီး၏ အရှေ့ဘက် လေးဖာလုံခန့် သွားရသေးသည်။ ာို့သော် စက်ပြင်၊ ယာဉ်မောင်း၊ ရုံးအဖွဲ့သားများ စုံစုံညီညီရှိနေလျှင် ပျော်စရာတော့ကောင်းသည်။ ယခုလို ာဉ်မောင်းများ ခရီးရှည်ထွက်ပြီဆိုလျှင်တော့ ခြောက်ကပ်ကပ်နိုင်လှသည်။ အဘယ်ကြောင့်ဆိုသော် ယာဉ် ာောင်းများ ခရီးထွက်ပြီဆိုလျှင် သျှောင်နောက်ဆံထုံးပါ ဆိုသလို စက်ပြင်နှင့် ယာဉ်နောက်လိုက်များကလည်း ရီးစဉ်အလိုက် ပါသွားတတ်သောကြောင့် ရုံးအဖွဲ့သားများသာ ကျန်နေတတ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ျွန်တော်တို့ ရုံးအဖွဲ့သားများကို ရုံးစောင့်နတ်ကြီးများဟုပင် ခေါ်ခဲ့ကြလေသည်။

သည်ကနေ့လည်း ယာဉ်အုပ်စုများ ခရီးထွက်သွားသဖြင့် ဌာနခွဲရုံးကြီးမှာ တိတ်ဆိတ်နေသည်။ ထို့ကြောင့် နေ့လည်ခင်းတွင် ပျင်းပျင်းရှိသည်နှင့် ကျွန်တော်တို့ ရုံးအဖွဲ့သားများ လက်ဖက်ရည်ဆိုင်တွင် ထိုင်ဖြစ်ကြသည်။ အဖွဲ့မှာက ရုံးအုပ်ကြီး ကိုရဲခွေ၊ အကြီးတန်းစာရေး ကိုသိန်းအောင်၊ အကြီးတန်းစာရေး မျိုးမြင့်နှင့် ကျွန်တော် ဝင်ပါသည်။ ကျွန်တော်တို့ ရောက်တတ်ရာရာ ပြောဆိုနေကြစဉ် ယာဉ်နောက်လိုက် ကျားလေးက က်ထဲတွင် ဘာအရွက်တွေရယ်မသိ ဆုပ်ကိုင်ကာ လက်ဖက်ရည်ဆိုင်ထဲ ဝင်လာသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကိုမြင်တော့ ရုံးအုပ်ကြီးက စပ်စပ်စုစု လုပ်လိုက်သည်။

"ဟော့ ကျားလေး၊ မင်းလက်ထဲ ဆုပ်ကိုင်လာတဲ့ အရွက်တွေက ဘာတွေလဲကွ"

"ဒါလား ဆရာ၊ ဒါတွေက ဂိတ်ကြီးရှေ့က ညောင်ပင်က ခူးလာတဲ့ ညောင်ချဉ်ဖူးတွေပါ ဆရာ"

"ဟာ..အဲဒီညောင်ပင်မှာ နတ်စင်ရှိတာ မင်း မသိဘူးလား"

ရုံးအုပ်ကြီး ကိုရဲဆွေက ပြူးပြူးပျာပျာဖြစ်ကာ မျက်လုံးမျက်ဆံပြူးလျက် ထပ်မေးပြန်သည်။

"သိတာပေါ့ ဆရာရယ်၊ ဒါပေမဲ့ ကျွန်တော်က နတ်စင်ကို ဘာလုပ်တာမှတ်လို့၊ ညောင်ချဉ်ဖူးကိုပဲ ခူးလာတာလေ"

"အင်း...မင်းက ပေါ့ပေါ့လေး ပြောနေတယ်၊ ဟိုက မကြိုက်လို့ တစ်ခုခုလုပ်..."

"သြော်...ကိုရဲဆွေရယ်၊ ပြောရရင် ခင်ဗျားလည်း ရုံးစောင့်နတ်ကြီးပါဗျ၊ ဘယ့်နှယ် လုံ့ဖျားပုစဉ်းနားတာနဲ့ ကျီးကန်းချေးပါနေရတာလဲဗျ"

ရုံးအုပ်ကြီး စကားမဆုံးမီ ကျွန်တော်က ဝင်ပြောလိုက်သဖြင့် ရုံးအုပ်ကြီးက ကျွန်တော့်ကို မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်လာသည်။ ထို့နောက် မျက်စောင်းကြီးခဲကာ ပြန်ပြောလာသည်။

"ဒီက အကောင်းပြောနေတာ ခင်ဗျားက မဟုတ်မဟတ်တွေ ဝင်ပြောလာပြန်ပြီ၊ ဒီလူ့ရှေ့မှာ စကားအကောင်းကို ပြောလို့မရဘူး"

"ကျွန်တော်ကလည်း စကားအကောင်းပြောနေတာပါပဲဗျ၊ ခင်ဗျားက ဘေးကဝင်ကြောက်နေလို့ပါ၊ ဟိုက ခူးလာလို့ပဲ ဒီတောင်ရောက်လာနေပြီပဲဟာ၊ နတ်ကိုင်ချင်ရင် အပင်ပေါ်တက်ကတည်းက ကိုင်လိုက်မှာပေါ့"

"အေးပါ၊ ခင်ဗျားက မကြုံဖူးသေးလို့ ဒီစကား ပြောနေတာမဟုတ်လား"

"သြော်...ကြုံဖူးလို့ ပြောတာပေါ့ဗျာ၊ ဒီမှာ ကျုပ်တို့ရွာက ကိုဝင်းမောင်နဲ့ ကိုစိန်ထွန်းအကြောင်းကို ပြောပြမယ်၊ သူတို့နှစ်ယောက်က ညနေစောင်းတာနဲ့ ကျုပ်တို့ရွာမြောက်ဖျားမှာရှိတဲ့ ထန်းတောကိုသွားပြီး ထန်းရည်သောက်နေကျ၊ အဲဒီထန်းတောရဲ့ မြောက်ဘက်နားကပ်နေတဲ့ရွာက ဝက်ဖြူကုန်းရွာတဲ့၊ အဲဒီရွာက ဘိုးဘိုးကြီးနတ်စင်က ထန်းတောနဲ့ကပ်လျက် အရှေ့ဖျားမှာရှိတယ်၊ အဲဒီဘိုးဘိုးကြီးက ကြမ်းတယ်လို့ ပြောကြတယ်၊ ဘယ်လောက်အထိ ကြမ်းသလဲဆိုရင် ကိုယ့်ရွာက မသိနားမလည်တဲ့ကလေး ကိုတောင် သည်းမခံဘူး၊ အမှားလုပ်မိတာနဲ့ ကိုင်လိုက်တာပဲတဲ့ဗျ"

ကျွန်တော်က စကားစကိုဖြတ်ကာ သူတို့ကို ကြည့်လိုက်တော့ စိတ်ဝင်တစားနှင့် နားထောင်နေကြသည်ကို တွေ့ရလေသည်။

"အင်း...ဘယ်လိုကိုင်လိုက်တာလဲဗျ ကိုညီမောင်ရ၊ ခင်ဗျားက စကားကို တစ်ပိုင်းတန်းလန်းကြီးနဲ့ ရပ်ထား တာကိုးဗျ"

မျိုးမြင့်က စိတ်မရှည်နိုင်စွာဖြင့် ဝင်မေးလာသည်။

"ဘယ်လိုကိုင်လိုက်တာလဲဆို တော့ အဲဒီကလေးက ဘိုးဘိုးကြ နတ်စင်ဘေး ရှူရှူးသွားပန်းလိုက်တ ဆီးအောင့်အောင် လုပ်လိုက်လို့ ကလေ ခမျာ တစ်ညလုံး လူးလိမ့်နေခဲ့ရတယ တဲ့၊ နောက်တော့ အကျိုးအကြောင် သိလိုက်လို့ ငှက်ပျောပွဲ အုန်းပွဲ တောင်းပန်လိုက်မှ ပြန်ကောင်းသွား အထိပဲတဲ့၊ တစ်နေ့တော့ ကိုဝင်းမော နဲ့ ကိုစိန်ထွန်းတို့က ကိုရှမ်းကြီး ထ တောမှာ ထန်းရည်သောက်ရာက ကလည်းမူး၊ မိုးကလည်း ချုပ်သွ လေတော့ ကိုရှမ်းကြီးကို ရွာပြန်ပို့ခိ သတဲ့၊ ဒီတော့ ကိုရှမ်းကြီးဆိုတဲ့လူ လည်း အရွတ်အနောက်သန်တဲ့လူ တော့ ငါကတော့ လိုက်မပို့နိုင်ဘူးက မင်းတို့ ခေါ်သွားရဲရင်တော့ နတ် က ဘိုးဘိုးကြီးကို ခေါ်သွားကြပေ ပြောလိုက်သတဲ့"

အဲသည်မှာ သူတို့အားလုံး ဝင်တစားဖြစ်ကာ ကျွန်တော့်ဘက် ကိုင်းညွတ်လာကြလျက် မျိုးမြ စကားထောက်ပေးလာသည်။

"အဲဒီတော့..."

"အဲဒီတော့ သူတို့ကလ ဘာကိုမှ ဂရုမစိုက်တဲ့ လူတွေ အေးပေါ့ ခင်ဗျား လိုက်မ လည်း ဘိုးဘိုးကြီးကိုပဲ ခေါ်သွ

www.burmeseclassic.com

www.burmeseclassic.com

တော့မှာပေါ့ဆိုပြီး ဘိုးဘိုးကြီး ခင်ဗျား မြေးတော်တို့ ရွာမပြန်နိုင်တော့တဲ့ အတွက် အားနာစွာနဲ့ပဲ လိုက်ပို့ခိုင်းရပါတယ်၊ ရှေ့က ကြွတော်မူပါဆိုကာ ဘိုးဘိုးကြီးနတ်ရုပ်ကို ပွေ့ပြီး ထွက်သွားကြသတဲ့။ ဒါကို နွားကျောင်းက ပြန်လာတဲ့ နွားကျောင်းသားလေး တစ်ယောက်က မြင်တော့ ရွာလူကြီး ကို သွားပြောတဲ့အတွက် ရွာလူကြီး လည်း သူတို့နောက်ကို လူစုပြီး နောက်ကလိုက်ကြတာပေါ့၊ သူတို့က လည်း နောက်က လူအုပ်ကြီးကို မြင် တော့ အသားကုန်ပြေးပေမယ့် မလွတ် တော့မှန်း သိတာနဲ့ ဘိုးဘိုးကြီး နတ် ရုပ်ကြီးကို စစ်တောင်းမြစ်ထဲ ပစ်ချခဲ့ပြီး ဆက်ပြေးခဲ့ကြပေမယ့် နောက်ဆုံးတော့ မိသွားတယ်လေ၊ ဒါပေမဲ့ နှစ်ရှည်တစ်ရှာ နေလာသူတွေဆိုတော့ တုတ်တစ်ပြက် ဓားတစ်ပြက်တော့ မဖြစ်ကြပါဘူး"

"ဒါဆိုတော့ ဘိုးဘိုးကြီးနတ် ရုပ်ကြီးကတော့ ရေထဲနစ်သွားမှာပေါ့ နော်"

သည်တစ်ခါတော့ တစ်ချိန်လုံး အိပ်ငိုက်နေသော ကိုသိန်းအောင်က ဝင်မေးလာသည်။

"ဘိုးဘိုးကြီးက တန်ခိုးရှိတော့ ဘယ်နစ်ပါ့မလဲဗျ"

"ဟာ...ဟုတ်လား"

"ဟုတ်တယ်၊ သစ်သားရုပ်ကြီး ပဲဗျာ၊ ဘယ်နစ်ပါ့မလဲ၊ ပေါလောပေါလောနဲ့ မျောနေလို့ ဆယ်ယူလိုက်ကြတာပေါ့"

"ခင်ဗျားကတော့ ပြောရှာမယ်၊ ဒါနဲ့ပဲ **ကြေအေးလိုက်ကြရောလား**"

"**ဘယ်ကြေအေးပါ့မလဲဗျာ၊** နတ်ရုပ်ခိုးမှုနဲ့ **တရားစွဲမယ်** လုပ်ကြသေးတယ်ဗျ၊ ဒါပေမဲ့ **ဘိုးဘိုးကြီး**က တုန်တုန်ရီရီ ကြောက်**ကြောက်ရွံ့ရွံ့ကြီး** နဲ့ ရွာလူကြီးကို အိပ်မက်လာပေးလို့ မစွဲဖြစ်တော့တာတဲ့လေ"

"ဟင်...ဟုတ်လား၊ ဘိုးဘိုး ကြီးက ဘယ်လိုအိပ်မက်မျိုး လာပေး လို့ တရားမစွဲဖြစ်တာတဲ့လဲ"

ရုံးအုပ်ကြီး ကိုရဲဆွေကလည်း စိတ်ဝင်တစားနှင့် ဝင်မေးလာပြန်သည်။

"ဟော့လူတွေ၊ တရားတဘောင် တွေ ဘာတွေလည်း လုပ်မနေကြပါနဲ့ တော့ကွာ၊ အခုတောင် ဒီကောင်တွေ က ဘာအငြိုးအတေးမှ မရှိတဲ့ ငါ့ကို ရေနှစ်သတ်နေသေးတာ၊ တရားစွဲလို့ သူတို့ ထောင်ကျသွားရင်တော့ ငါ့ကို အမှုန့်ဖြစ်အောင် မောင်းဆုံထဲထည့် ထောင်းမယ့် အကောင်စားတွေကွလို့ အိပ်မက်ပေးသတဲ့ဗျ"

"ဝါး...ဟား...ဟား...ဟား"

ကျွန်တော့်စကားအဆုံးမှာတော့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်လုံး ရယ်သံ များနှင့် ဖုံးလွှမ်းသွားလေသည်။ ထို အချိန်မှာပင် လုံခြုံရေး ဦးသာဒွန်းက ကျွန်တော့်အနား လာရပ်ကာ ပြုံးပြုံး ကြီး လုပ်နေသဖြင့် ကျွန်တော်က ငုံ့ စောင်းကြည့်ကာ မေးမိလိုက်သည်။

"ဦးသာဒွန်းက ဘာများပြော စရာရှိနေသေးလို့လဲဗျ"

"သြော်...ဆရာက လူကြမ်း နတ်ကြမ်း မခံနိုင်တဲ့အကြောင်း ပြော **သွားတော့** ကျွန်တော်ကလည်း နတ် **ကြမ်းတော့** လူကြမ်း မခံနိုင်တဲ့ **အကြောင်း**ကို ကိုယ်တွေ့လေး ပြောပြ ချင်လို့ပါ"

"ဟာ...ဟုတ်လား၊ လုပ်စမ်း ပါဦးဗျ၊ ခင်ဗျားရဲ့ အတွေ့အကြုံလေး ကို..."

ထိုအခါ ဦးသာဒွန်းလည်း ကုလားထိုင်တစ်လုံးတွင် ဝင်ရောက် ထိုင်ကာ သူကြုံတွေ့ခဲ့ရသည့် အဖြစ် အပျက်ကလေးကို ဒီလို ဆရာတို့ရဲ့ဟု ဆိုကာ နတ်သံနှော၍ ပြောပြလာလေ သည်။

× × ×

ဦးသာဒွန်းက အသက်ငါးဆယ် ကျော်မှ လုံခြုံရေးဝန်ထမ်းအဖြစ်နှင့် ကျွန်တော်တို့ဌာနခွဲကို ဝင်ရောက်လာ သူဖြစ်သည်။ လွတ်လပ်ရေး ရပြီးစ အချိန်တွင် ရောင်စုံသူပုန်များ ထကြွ သောင်းကျန်းလာခဲ့ရာ ဦးသာဒွန်းက အလံနီကွန်မြူနစ် သခင်စိုးကြီး၏ အဖွဲ့ တွင် နယ်မြေတာဝန်ခံ ဖြစ်ခဲ့ဖူးသည်။ ထိုအချိန်က တပ်မတော်ထဲက ဗိုလ်ကြီး များ၊ ဗိုလ်မှူးအချို့နှင့် ရဲဘော်များက လည်း မိမိတို့ ခံယူချက်ကြောင့် တော ခိုခဲ့သူများ ရှိခဲ့သည်။ ထိုပုဂ္ဂိုလ်များ ပြန်လည်၍ အလင်းဝင်ရောက်လာ သောအခါ ဌာနဆိုင်ရာတွေမှာ နေရာ



www.burmeseclassic.com

www.burmeseclassic.com

ရလာသည့်အတွက် ဆရာသမားများ၏ ကျေးဇူးဖြင့် ဦးသာဒွန်းလည်း လုံခြုံရေးဝန်ထမ်း ဖြစ်လာခဲ့ခြင်း ဖြစ်လေသည်။

"အဲဒီအချိန်တုန်းက အလံနီကွန်မြူနစ်ပါတီ ဌာနချုပ်က ပခုက္ကူဘက်မှာဗျ။ ဒါပေမဲ့ ကျွန်တော်ကတော့ တောင်ငူမြို့ နယ်မြေတာဝန်ခံဆိုတော့ ဒီမှာပဲ နေရတာပေါ့"

"ဒါဆိုတော့ တောင်ငူမြို့နယ်တစ်ဝိုက်မှာ ဖြစ်ပွားတဲ့ တိုက်ပွဲတွေကို ဦးစီးပြီး တိုက်ခဲ့ရမှာပေါ့နော်"

ကျွန်တော်က သိလျက်နှင့် ဦးသာဒွန်း ဘယ်လိုဖြေလာမည်ကို သိချင်သဖြင့် မသိဟန်ပြုကာ မေးလိုက်ခြင်းဖြစ်သည်။

"ဟာ...နယ်မြေတာဝန်ခံဆိုပေမယ့် အဲဒီလိုတော့ တိုက်ပွဲတွေကို ဦးစီးမတိုက်ခဲ့ရပါဘူး၊ ဒါပေမဲ့ နယ်မြေအခြေအနေတွေကိုတော့ သတင်းပေးပို့ရပါတယ်"

"သြော်...ဟုတ်လား၊ ဒါနဲ့ ဦးသာဒွန်းကို အဲဒီတုန်းက ဗိုလ်လောက်စာလို့ ခေါ်ကြတယ်ဆို၊ ဘာကြောင့်လဲဗျ"

"အဲဒါကတော့ ကျွန်တော့်အရပ်က ဆရာတို့ မြင်ကြတဲ့အတိုင်း အရပ်က ငါးပေမပြည့်တဲ့အပြင် လူက ဝဝလုံးလုံး၊ ပစ္စတိုကြီး တကားကားနဲ့မို့ ဗိုလ်လောက်စာလို့ ခေါ်ခဲ့ကြတာပါ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့က ဟိုမေး ဒီမေး လုပ်နေတာနဲ့ ဗိုလ်လောက်စာ အဲ...အဲ...ဦးသာဒွန်း ပြောရမယ့် စကားကို မရောက်နိုင်အောင် ဖြစ်နေပြီ၊ ကဲ...ကဲ ဦးသာဒွန်း ပြောမယ့်စကားကိုသာ ဆက်ပြောပါတော့"

ကျွန်တော်က အတည်လိုလို၊ ယောင်သွားသလိုလိုနှင့် ဗိုလ်လောက်စာဟု သုံးနှုန်းလိုက်သဖြင့် ဦးသာဒွန်းမှာ အောင့်သက်သက် ဖြစ်သွားပုံနှင့် အဟဲကနဲ တစ်ချက်ရယ်လိုက်သည်။ ပြီးမှ သူက စကားကို ဆက်လာသည်။

"အဲဒီလိုနဲ့ တစ်နေ့မှာတော့ ဌာနချုပ်က ပါတီညီလာခံ တက်ရောက်ဖို့ စာရောက်လာတယ်ဗျ၊ အဲဒီမှာ ကျွန်တော် မိုးကြိုးအပစ်ခံရတော့တာပါပဲ"

"ဟင်...ဟုတ်လား၊ အဲဒီတုန်းက ဦးသာဒွန်း မိုးကြိုးအပစ်ခံရတယ်၊ ဒါတောင် မသေဘူးနော်"

မျိုးမြင့်က အထိတ်တလန့်ပုံစံမျိုးနှင့် ပြူးပြူးပြဲပြဲလုပ်ကာ မေးလျက် ကျွန်တော့်ကို မျက်စိမှိတ်ပြလာသည်။

"ဟာ...ဆရာတို့ကလည်း ဘယ်ကလာ မိုးကြိုးပစ်ရမှာလဲ၊ တင်စားပြီး ပြောလိုက်တာပါဗျ၊ ကျွန်တော်က ပခုက္ကူဌာနချုပ်ကို သွားဖို့ရာ လမ်းစရိတ်မရှိတာကြောင့် စိတ်ညစ်တဲ့သဘော ပြောလိုက်တာပါ"

"သြော်..သိပါဘူးဗျာ၊ ကျွန်တော်က အဟုတ်များ မိုးကြိုးပစ်သလားလို့ပါ၊ အဲဒီလို လမ်းစရိတ်မရှိတော့ သူတို့က ထုတ်မပေးဘူးလား"

"ထုတ်ပေးဖို့နေနေသာသာ သူတို့တောင် မှျစ်ပြုတ်ကို နပ်မှန်အောင် စားရရဲ့လား မသိပါဘူးဗျာ၊ ဒါကြောင့် ကျွန်တော်လည်း ကြံရာမရတဲ့အဆုံး လက်ခြောက်ဖက်အရှင်ကြီးကို အလှူခံခိုင်းမှ ဖြစ်တော့မယ်လို့ တွေးမိလိုက်တယ်"

"ခင်ဗျာ၊ လက်ခြောက်ဖက်အရှင်ကြီးကို အလှူခံခိုင်းမှ ဖြစ်တော့မယ် ဟုတ်လား"

သည်တစ်ခါ အမှန်တကယ် ပြူးပြူးပျာပျာ ဖြစ်သွားသူကတော့ မျိုးမြင့်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လက်ခြောက်ဖက်အရှင်ကြီး နတ်ကွန်းက သူနေထိုင်ရာ ရခိုင်စုရပ်ကွက်၏ အနောက်စွန်တွင် တည်ရှိနေသောကြောင့် ဖြစ်လေသည်။ လက်ခြောက်ဖက်အရှင်ကြီးကို နတ်ကြီးစင်ဟုလည်း ခေါ်ကြသေးသည်။ ထိုသို့ ခေါ်ဆိုခြင်းကတော့ နတ်ရုပ်ကြီးက ကြီးလို့ နတ်ကြီးစင်ဟု ခေါ်တာလား၊ သို့တည်းမဟုတ် ကြမ်းလွန်းလို့ နတ်ကြီးစင်ဟု ခေါ်တာလားဆိုတာကိုတော့ မသဲကွဲလှပေ။ တောင်ငူမြို့မှာတော့ အမှန်တကယ်ကို ထင်ရှားသော နတ်ကွန်းဖြစ်သည်ကတော့ သေချာလေသည်။ ရှင်လောင်းပြခြင်း၊ မိမိတို့ ဝယ်ယူထားသော ကား၊ ဆိုင်ကယ်များကိုလည်း ထိုနတ်ကွန်းတွင် ပြသရလေသည်။

"ဟုတ်တယ်လေ ဆရာရဲ့၊ ကျွန်တော်က ဘယ်ဘက်က [illegible]ငွေမရှိတာ၊ ဒီတော့ လမ်းစရိတ်လောက်



www.burmeseclassic.com

www.burmeseclassic.com

တော့ရအောင် အလှူခံခိုင်းမယ်ဆိုပြီး အဲဒီကို လှူရှင်းတုန်းသွားပြီး ရိုရိုသေသေ တောင်းပန်ရှိခိုးကာ လက်ခြောက်ဖက်အရှင်ကြီးဗျား၊ ကျွန်တော်မျိုးကြီး ညီလာခံတက်ဖို့ လမ်းစရိတ် မရှိပါသဖြင့် ညနေစောင်းလျှင် လမ်းစရိတ်ရနိုင်အောင် အလှူခံပေးပါ လက်ခြောက်ဖက်အရှင်ကြီးဗျားလို့ တိုးလျှိုးပြီး ကျွန်တော်ကတော့ လူမမြင်ကွယ်ရာ ထောင့်စွန်းမှာ တစ်ရေးတမော သွားအိပ်နေလိုက်တာဗျ"

"ဟာ…တယ်ဟုတ်ပါလား၊ အဲဒီလို အလှူခံခိုင်းတော့ လက်ခြောက်ဖက်အရှင်ကြီးက အလှူခံပေးရောလား"

ကျွန်တော်က သိချင်စိတ်နှင့် မေးလိုက်တော့ ဦးသာဒွန်းက မဲ့ရွဲ့လျက် တိုးတိုးလေး ပြန်ပြောလာသည်။

"ရှာတော့ ရှာပေးပါတယ် ဆရာရယ်"

"သြော်…ရှာပေးရင် ပြီးပြီပေါ့ ဦးသာဒွန်းရယ်၊ အခုတော့ မဲ့ရွဲ့နေလိုက်တာ"

"မပြီးလို့ ပြောနေရတာပေါ့ဗျာ"

"ဒါဖြင့်လည်း ဆက်ပြောလေဗျာ၊ အခုတော့ ခင်ဗျားစကားက ဝေ့လည်ကြောင်ပတ်နဲ့"

ရုံးအုပ်ကြီး ကိုရဲဆွေက စိတ်မရှည်နိုင်တော့သဖြင့် ဝင်ရောက်ပြောဆိုလာသည်။

"ပြောနေတာပဲလေ၊ ဆရာတို့က တစ်ယောက်တစ်မျိုး မေးနေကြတော့ လိုရင်းကို မရောက်တော့တာပါ"

"ဒါဖြင့်လည်း ဆက်ပြောဗျာ"

"အဲဒီလိုနဲ့ ညနေစောင်းတော့ ကျွန်တော် အိပ်ရာက နိုးလာတယ်၊ ဒီအချိန်လောက်ဆိုရင်တော့ လက်ခြောက်ဖက်အရှင်ကြီး ငါ့အတွက် လမ်းစရိတ် အလှူခံပေးတာ ရလောက်ပြီထင်ပါရဲ့လို့တွေးပြီး လူသူလေးပါးအရိပ်အခြည်ကို လှည့်ပတ်ကြည့်လို့ လူရှင်းတာနဲ့ အလှူခံပုံးနား အပြေးအလွှားသွားကာ ဖွင့်ကြည့်လိုက်တော့…"

ဦးသာဒွန်းကလည်း လူလည်ကြီးသားသမီးတစ်ယောက်ဟုပင် ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့က စိတ်ဝင်တစားရှိနေမှန်းသိတော့ စကားကိုဖြတ်ကာ လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ကောက်သောက်နေသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် ကျွန်တော်က စိတ်မရှည်နိုင်စွာဖြင့် မေးမိလိုက်သည်။

"အဲဒီလို ဖွင့်ကြည့်လိုက်တော့ လမ်းစရိတ်အတွက် အလှူခံရငွေတွေ အများကြီး ရလိုက်တယ် ဆိုပါတော့ ဟုတ်လား"

"ဘယ်ကလာ ပခုက္ကူညီလာခံလမ်းစရိတ်မပြောနဲ့၊ အင်ဒိုင်းရွာကို ပြန်ဖို့ ဆိုက်ကားခတောင် မပြည့်ပါဘူး ဆရာရယ်"

"ဟင်…ဟုတ်လား၊ ဘယ်လောက် ရလိုက်သလဲဗျ"

"ခြောက်ဆယ့်ငါးပြားတဲ့ ဆရာရယ်"

"ဝါး…ဟား…ဟား…ဟား"

ဦးသာဒွန်းအဖြေစကားအဆုံးမှာတော့ အရယ်သန်လှသော ကျွန်တော်တို့ ဝိုင်းတော်သားများမှာ တဝါးဝါးနှင့် ပွဲကျသွားတော့တယ်။

"အဲဒီမှာ ကျွန်တော်လည်း ဒေါ်ပွပွနဲ့ ဟင် အလှူခံတာ ဒီလောက်ပဲ ညံ့ရသလားဟာဆိုပြီး လက်ခြောက်ဖက်အရှင်ကြီးကို ပါးပိတ်ရိုက်မိလိုက်တယ်"

"ဟာ…ဟုတ်လား၊ အဲဒီတော့ လက်ခြောက်ဖက်အရှင်ကြီး ဘာဖြစ်သွားသလဲဗျ"

ကျုန်တဲ့လူတွေ ဦးသာဒွန်းစကားကြောင့် မင်တက်မိကာ မျက်လုံးအပြူးသားဖြစ်နေချိန်မှာ ကျွန်တော်က စပ်စုလိုက်ခြင်းဖြစ်သည်။ ထိုအခါ ဦးသာဒွန်းက မဲ့ရွဲ့ကာ ပြန်ပြောလာသော စကားကြောင့် စောစောက ထိတ်လန့်တုန်လှုပ်နေပုံရသော အဖွဲ့သားများမှာ ပတ်တုတ်မရအောင် ဟားတိုက်ရယ်မောလိုက်ကြပြန်ပါတော့သည်။ ဦးသာဒွန်း ပြန်ပြောလိုက်ပုံကတော့…

"လက်ခြောက်ဖက်အရှင်ကြီးကတော့ ဘာဖြစ်သွားတယ် မသိလိုက်ပါဘူး ဆရာရယ်၊ ကျွန်တော်ကတော့ ပါးကြီးရွဲ့သွားလိုက်တာ ခုနစ်ရက်လုံးလုံး မစားနိုင် မသောက်နိုင်နဲ့ အော်နေရတဲ့အဖြစ်ကို ရောက်သွားတော့တာပါပဲ ဆရာတို့ရယ်"

**ကေတုမောင်ညွှန့်ဝင်း**



www.burmeseclassic.com

www.burmeseclassic.com

# စွန့်စွန့်စားစား စတန့်မင်းသားများ

မောင်ချိုမင်း(တက္ကာရဝတီ)

စစ်ကြိုခေတ် စတန့်ရုပ်ရှင်မင်းသားများသည် ပိတ်ကားပေါ်တွင် သည်းထိတ်ရင်ဖိုစရာကောင်းအောင်ပဲ ကြမ်းကြမ်းရမ်းရမ်း သရုပ်ဆောင်နိုင်ခဲ့ကြ၏။ ထုတ်လုပ်သူ ငွေရှင်ကြေးရှင် ဒါရိုက်တာတို့ကလည်း မင်းသားလုပ်မည့်သူ၏ ရုပ်ရည်ရူပကာထက် စွန့်ရဲလုပ်ရဲသော သတ္တိမျိုးကိုသာ ဦးစားပေးရွေးချယ်တတ်ကြသည်ဖြစ်ရာ ကျော်ညွန့်၊ ချစ်ရွှေ၊ ကျော်အေး၊ တင်ငွေ၊ တင်ဖေ၊ တင်ဆွေ စသည်တို့မှာ လူကြိုက်များလှသော စတန့်မင်းသားကောင်းများအဖြစ် နယ်ချဲ့ခေတ်ရုပ်ရှင်ကြည့်ပရိသတ်က အသိအမှတ်ပြုခဲ့ကြသည်။

သူတို့လို စတန့်မင်းသားများထဲမှ ကျော်အေးကမူ စွန့်စွန့်စားစား စတန့်မင်းသားသာမက သီချင်းဆိုပါ ကောင်းခဲ့၍ ဂျပန်ခေတ်တစ်လျှောက်လုံးနှင့် စစ်ပြီးကာလ ဝင်းဝင်းကာဒေ့ပြဇာတ်ခုံများပေါ်တွင်ပါ ကျော်ဇောနာမည် အထူးပေါ်လွင်ခဲ့ပါသည်။ ကျော်ညွန့်က ဂျွမ်းဘားသမားပီပီ ဒိုင်ဗင်ထိုးကောင်းလှသလို ရဲခေါင်ချစ်ရွှေကြီးက ဖလင်ပေါ်တွင်သာမက ပြင်ပလောကတွင်ပါ ခပ်ခွန့်ခွန့်ပုဂ္ဂိုလ်၊ ချစ်ရွှေတို့ စွန့်စားလိုက်ပုံမှာ ဦးကျော်ရင်၏ မီးပုံပျံကြီးကိုပင် အသည်းယားလောက်စဖွယ်ဖြစ်အောင် တက်စီးပြပြီး ကောင်းကင်ယံပေါ် အသက်စွန့်လိုက်သွားခဲ့ပုံများကို အေဝမ်းဖလင် မြဂနိုင်ဇာတ်ကား ကြည့်ဖူးသူတိုင်း လက်ဖျားခါကြပေလိမ့်မည်။

တင်ငွေက မြင်းစီးနှင့် ဆိုင်ကယ်စီးကောင်းရုံအပြင် လေယာဉ်ပျံပင် တက်မောင်းပြလိုက်ခဲ့သေး။

တကယ်တမ်း မော်တော်ဆိုင်ကယ်စီးကောင်းပြီး စွန့်စားဝံ့သူမှာ မင်းသားတင်ဖေ ဖြစ်သည်။ ကာယဗလ တောင့်တင်းလှသော မင်းသားတင်ဖေ၏ စွန့်စားပုံကို အလျဉ်းသင့်၍ ဖော်ပြပါဦးမည်။ အသံတိတ်ခေတ် ကုန်ဆုံးခါနီး ၁၉၅၅ ခုနှစ် (ကိုးသုံးလုံး) ဇာတ်ကားတွင် တင်ဖေက စုံထောက်အဖြစ် ပါဝင်ထားသည်။

လူကြမ်းရာဘကြီးတို့ လူစုက ဒုစရိုက်မှုမျိုးစုံ ကျူးလွန်ပြီး အမိုးဖွင့်ထားသော ဂျစ်ကားဖြင့် ရှေ့မှနေ၍ တရကြမ်းမောင်းနှင်ထွက်ပြေးသွားရာ နောက်သို့ ရဲအရာရှိ တင်ဖေက ဘီအက်(စ်)အေ အမျိုးအစား မော်တော်ဆိုင်ကယ်ကို စက်ကုန်ဖွင့်၍ ထက်ကြပ်မကွာ နောက်မှ လိုက်သည်။ လူဆိုးတစ်သိုက်က နောက်မှ ဆိုင်ကယ်မလိုက်နိုင်စေရန် တာမွေလေး မီးရထားသံလမ်းအကူး ပေတစ်ရာကားလမ်းပေါ်တွင် ဓာတ်ဆီပုံး သွန်ချ၍ မီးဟုန်းဟုန်းတောက်အောင် ဖန်တီးခဲ့ကြသည်။ ထိုအခါ ဇာတ်လိုက်တင်ဖေက ဆိုင်ကယ်ကို မတ်တပ်ရပ်စီး၍ မီးတောက်မီးလျှံများကြားမှ ဂျစ်ကားပေါ်သို့ ခုန်ဘက်လိုက်သွားပုံမှာ တစ်ရုံလုံး လက်ခေါက်မှုတ် ဩဘာ



သရုပ်ဆောင်မင်းသား ရွှေဘ

www.burmeseclassic.com

www.burmeseclassic.com

သောသောညံ့ခဲ့သည်။

ဗလကောင်းကောင်းမင်းသား အေဝမ်းညွန့်မောင်ကည်း နှယ်ကြိုးခိုပြီး တောတွင်းသားအဖြစ် သရုပ်ဆောင်ရသာ မြိုင်ယံဘွားတို့ သမန်းကျားတို့ဖြင့် နာမည်ရခဲ့သည်။

တင်ဆွေသည်လည်း စတန့်မင်းသားကောင်းတစ်ဦး ထို့ကြောင့် ရွှေမြင်းမိုရ်ရုပ်ရှင်မှ ဦးဘသာ ရိုက်ကူးသောဝင် ခွန်ချိုခွန်သာလို ဇာတ်ကားတွင် ကျော်အေးနှင့် ပြိုင် ဒိုင်ဗင်ထိုးခဲ့သည်။

ဤသို့ဖြင့် လူတို့တစ်တွေ စစ်ကြိုခေတ် ရုပ်ရှင်နယ် အသီးသီး ကျင်လည်နေခဲ့ကြရာမှ ဒုတိယကမ္ဘာစစ်ကြောင့် သူတို့တစ်ခေတ် ချုပ်ငြိမ်းခံရသည်။

ရဲခေါင်ချစ်ရွှေကြီးကမူ အင်အားချင်းမမျှသည်ကို ပါလျက် တော်လှန်ရေးကာလအတွင်း ရန်သူနယ်မြေတွင်း ရဲတင်းစွာ ငွတ်အတင်းဝင်သွားသဖြင့် ကျဆုံးသွားခဲ့သည်။ ဤမင်းသားများမှာလည်း စစ်ပြီးခုံးစအချိန် အနားသူကယူ၊ နာမည်ကျ စန်းကျသူကကျနှင့် ဖြစ်နေကြပြီ။

ငကန်းသေ ငစွေပေါ်စမြဲဆိုသည့် စကားအတိုင်း ကောင်းတို့ချုပ်ငြိမ်းရာတွင် အသစ်အသစ်တို့ ပေါ်လာတတ်သည့်ဖြစ်ရာ အထက်က စတန့်မင်းသားများနေရာတွင် ကျော် ကျော်ဖေ၊ တင်ညွန့်၊ သူရ၊ ရွှေဘ၊ ဒိုင်ဗင်တင်လှ၊ ဆွေနှင့် ညွန့်ရွှေတို့ ထပ်မံပေါ်လာကြပြန်သည်။

ကျော်ဆွေ မင်းသားဖြစ်ကာစ ပဲရောက်ဖလင်မှ ဝမ်းသို့ ကူးပြောင်းချိန် အေဝမ်းထွက်ဇာတ်ကားများတွင် ကျော်ဆွေ၏ စွန့်စားခန်းမျိုးစုံကို တသွေးတမြေချစ်ရဲဘော်၊ ခွန်နှင့် သက်ပြင်းနဲ့ စံရှားတို့တွင် အသည်းယားဖွယ် ခဲ့ရ၏။

ကျော်ဆွေနှင့် မရှေးမနှောင်း တင်ညွန့် ပေါ်လာသည်။ နစ်စင်စစ် မင်းသားတင်ညွန့်မှာ ဂျပန်ခေတ်ကပင် ရုပ်ရှင် ဇာတ်နယ်ပယ်မှ ပုဂ္ဂိုလ်များနှင့် အဆွေခင်ပွန်းဖွဲ့ နယ်လှည့် ခဲ့ပြီးသူဖြစ်၍ ဆွေဗမာ ဖလင်ဦးလွန်းဖေ၏ မြှောက်စား နာမည်ရလာခဲ့သူပင်။

အေဝမ်းမင်းသားကျော်ဆွေ နာမည်အတော်ရလာပြီး ကျမှ ကျော်ဖေ မင်းသားဖြစ်လာသည်။ ကျော်ဖေကို က်တာဦးအောင်ကြီး၏ လူပေါ်လူဇော်ဇာတ်ကားမှ စတင်



ကြည့်ဖူးခဲ့ရပြီး ကျော်ဖေ စတန့်ကောင်းခဲ့သော ဇာတ်ကားမှာ ဘွဲ့ဖြူဖြစ်သည်။

နဂါးငွေ့၊ လောဘမုန်တိုင်း၊ ဆုထူးငယ်ပန်၊ မှော်ဘီ မနှင်းစိန်၊ သူခိုးတေက်ပြား၊ သားနဲ့သွေးနှင့်(ရွှေ)ဇာတ်ကားတို့ တွင်လည်း ကျော်ဖေ နာမည်အထူးပေါ်လွင်ခဲ့ပါသည်။ ကျော်ဖေနှင့်ပတ်သက်၍ မမေ့နိုင်စရာ အဖြစ်အပျက်တစ်ရပ်ကို ယခုတိုင် မှတ်မိနေပါသေးသည်။

၁၉၅၇ ခုနှစ်က ပဲရော့ရုပ်ရှင်ဒါရိုက်တာ ကိုဖေကြိုင်သည် ကျော်ဖေ၊ ရွှေကို၊ ညွန့်ညွန့်ဆွေ၊ ခင်မာလာတို့နှင့် ဗျတ်ဝိဗျတ္တ ရာဇဝင်ဇာတ်ကားကို ရိုက်ခဲ့၏။ ထိုစဉ်က ကျော်ဖေတို့ နာမည်ဟိုးဟိုးကျော်နေပြီဖြစ်ရာ မင်းသားဖြစ်စ ကကဲ့သို့ ဒိုင်ဗင်ကို မိုက်မိုက်ကန်းကန်း မထိုးတော့။ ဘွဲ့ဖြူ ဇာတ်ကားရိုက်စဉ်ကဆိုလျှင် အောက်မှ ပိုက်ခံထားသည့်တိုင် နှစ်ထပ်တိုက်အမြင့်ပေါ်မှ အသည်းယားစဖွယ် ကိုယ်တိုင် ဒိုင်ဗင်ထိုးခဲ့သေး၏။ ယခုတော့ နောက်ကွယ်မှ လူများ ခေါ်သုံးသည့်အခြေ ရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com




ထိုခေတ်ကာလ လူကြမ်းသရုပ်ဆောင်များဖြစ်ကြသော ဖေတင်၊ လှဖေ၊ ဝင်းမောင်နှင့် ဖေသောင်း (နောင်အခါ ချီးမွှမ်း)တို့မှာ မင်းသားများကိုယ်စား နောက်ကွယ်မှ စွန့်စွန့်စားစား အနာခံ၍ ဒိုင်ဗင်ထိုးပေးရရာ ဤသို့ အသက်စွန့်ရသည့်တိုင် ရသည့်ငွေက ငါးဆယ်၊ တစ်ရာကျပ်ထက် မပိုရှာ။

ဗျတ်ဝိဗျတ္တကို ရိုက်ကြပါပြီ။ ယင်းဇာတ်လမ်းမှာ လူတိုင်းသိထားကြပြီးဖြစ်သည့် ဘုန်းကြီးကျောင်းသား ညီအစ်ကိုနှစ်ဦး ဇော်ဂျီဖိုဝင်သားစားမိ၍ လူစွမ်းကောင်းများ ဖြစ်လာကာ မည်မျှအမြင့်ကိုမဆို ခုန်ပျံကျော်လွှားနိုင်သည့် နတ်ရာဇဝင်ဇာတ်ကား လူကြမ်းသရုပ်ဆောင် ဝင်းမောင်က ကျော်ဖေကိုယ်စား အင်းလျားကန်သစ်ပင်အမြင့်ကြီးပေါ်မှ ရေနက်ထဲသို့ ဒိုင်ဗင်ထိုးချရန် ဟန်ပြင်နေသည်။

ထိုနေ့ နေ့လယ်က သရက်ပင်အမြင့်ကြီးပေါ်တက်၍ မင်းသားကိုယ်စား ရေထဲ ဒိုင်ဗင်ထိုးချခဲ့သော ဝင်းမောင်တစ်ယောက် ရေထဲတွင် ဦးခေါင်းဇောက်ထိုးကျသွားကာ ပြန်ပေါ်လာခြင်း မရှိရှာတော့။ ရေငုပ်ရှာဖွေချိန် အတန်ကြာမှ ဗိုလ်... ကင်းမဲ့နေသော ဝင်းမောင်၏ ခန္ဓာကိုယ်ကို ရှာဖွေတွေ့... တော့သည်။

ညွန့်ရွှေဆိုသူမှာ ထိုခေတ် စတန့်မင်းသားများထဲတွ... ရုပ်ရည်သန့်ပြန့်သူဖြစ်၍ အောင်ဇေယျရုပ်ရှင် ပင်လယ်ဓား... ဇာတ်ကားတွင် မင်းသမီးစမ်းစမ်းမြင့်နှင့် တွဲဖက်သရုပ်ဆော... ခဲ့၏။ ယင်းမင်းသမီးမှာ ဂီတလုလင် ဦးကိုကို၏ ဇနီးဖြစ်...

ဒိုင်ဗင်တင်လှက ဒိုင်ဗင်ထိုးကျွမ်းကျင်လှသည်။ ... တန်ရုံအမြင့်ကို အောက်တွင် ပိုက်မခံဘဲ ထိုးချဝံ့သူဖြစ်... အောင်ဇေယျရုပ်ရှင်၏ မြှောက်စားမှုကို ခံခဲ့ရသည့် မင်းသ... တစ်ဦးပင်။ ဝင်နီ၊ ရှယ်လီမြ၊ စမ်းစမ်းမြင့်၊ မြင့်မြင့်ခင်တို့... တွဲ၍ စတန့်ဇာတ်ကားများ ရိုက်ခဲ့ဖူး၏။

ရဲဆွေကိုမူ ချစ်ရွှေနှင့်ဆင်သည်ဆိုပြီး ရွှေမြင့်မိုရ်ရုပ်... ဦးသန်းဖေက သဘောကျ၍ မင်းသားတင်ပေးခဲ့၏။ ရဲလုလ... ဖွဲ့နဲ့ဗမာ၊ ဗိုလ်လုပွဲ စသည့် ဇာတ်ကားတို့အပြင် ရဲဖွေပါ... သော ဇာတ်ကားများအနက် ပဲရော့ရုပ်ရှင် မေနုနှင့် တွဲခဲ့သ... မင်းဘီးလူးရာဇဝင်ဇာတ်ကားတွင် ရဲဆွေ၏ စွန့်စားခန်းများ... ရင်ဖိုစရာ ကြည့်ခဲ့ရဖူးသည်။

ဆရာဦးသုခ ရိုက်ကူးခဲ့သည့် ဗီဒီယိုဇာတ်ကား... တွင် ဘုန်းကြီးခန်းမှ သရုပ်ဆောင်ခဲ့သော ပုဂ္ဂိုလ်များလ... တစ်ချိန်က ပဲရော့ရုပ်ရှင်ထွက် စတန့်မင်းသား သူရပင်ဖြစ်...

အထက်ပါ မင်းသားများထဲတွင် သူလိုကိုယ်လို ... ဗင်လည်းကောင်း၊ ကာယဗလပါ တောင့်တင်းပြီး အ... အကြိတ်နှင့် သရုပ်ဆောင်ပီပြင်သူကို ပြပါဆိုလျှင် အခြ... မဟုတ်။ ဆင်းရဲသားနင်းပြားတို့၏ ရွှေဆောင်းဖလင်ကော်... ပေါ်တွင် နှစ်ပေါင်း ၃၀ သက်တမ်းရှည်ကြာ မင်းသားဖြ... သော ရွှေဘပင် ဖြစ်ပေသည်။

**မောင်ချိုမင်း (ကန္တာရဝ...**

**၀၉-၄၅၃၃၄၅...**



www.burmeseclassic.com

www.burmeseclassic.com



# အတုယူမှ ချစ်ရာကျမည်

**မောင်ကျေးငှက်**

နယ်ချဲ့ဖက်ဆစ်၊ တော်လှန်စစ်ဖြင့်
အမြစ်ပါဖြုတ်၊ သူတိုက်ထုတ်သည်
ဗိုလ်ချုပ်အောင်ဆန်း ပြည့်ခေါင်းဆောင်။

အောင်ဆန်းမှသည်၊ အာဇာနည်တို့
မြန်ပြည်လွတ်ရေး၊ အသက်ပေး၍
စတေးခဲ့သည်
တကယ့်တိုင်းပြည် ကျေးဇူးရှင်။

■ ပြည်သူ့ချစ်ပန်း၊ ဗိုလ်အောင်ဆန်းကို
ကြည်ညိုချစ်ခင်၊ မြတ်နိုးကြင်မှု
လုပ်ခွင်ကြိုးပမ်း၊ စည်းကမ်းလိုက်နာ
မရှာကိုယ်ကျိုး၊ ရိုးသားဖြောင့်မှန်
ထက်သန်စိတ်ဓာတ်၊ ချစ်တတ်တိုင်းပြည်
ကိုယ်ရည်မသွေး၊ နောက်ဖေးချေးဆိုင်
ကိုယ်တိုင်မြေပေါက်၊ လက်အောက်ကိုညှာ
ချွေတာခြိုးခြံ၊ ရှာကြံဗဟု
လေ့လာမှုဖြင့်၊ အတုယူမှ
ချစ်ရာကျမည်
အဖဗိုလ်ချုပ် အာဇာနည်။ ။



www.burmeseclassic.com

www.burmeseclassic.com

# အသက်ဘေးကြုံမှ နောင်တရ

(အိန္ဒိယပုံပြင်)

■ မောင်ကျေးငှ

တစ်ခါက အာသန်တောင်ကုန်းဒေသရှိ အိန္ဒိယရွာ တစ်ရွာမှာ ဂူလ်ဘိုဆိုသူ သမင်လိုက်သမားတစ်ဦး ရှိတယ်။ အတော်ဆုံးမုဆိုးမို့ လက်ဖြောင့်လေးသမားလို့တွင်တယ်။

တစ်နေ့မှာ ရွာထဲက မုဆိုးများ တောလည်ထွက် အမဲလိုက်တာ သမင်များစွာရတယ်။ အများစုက ဂူလ်ဘိုလက်ချက်ပါ။ သမင်သေများကို အရေခွာ အသားလှီးကြတဲ့အခါ အဲဒီအလုပ်ကို ကူညီဖို့ ဂူလ်ဘိုက ငြင်းတယ်။ အမဲလိုက်စဉ်က ဝေပုံကျထက် ပိုလုပ်ခဲ့ပြီးပြီလို့ အကြောင်းပြတယ်။ တခြားမုဆိုးတွေက သူ့ကို ဝေစုနှစ်ဆ ပေးပါတယ်။

ဒါကိုပင် ဂူလ်ဘိုက ဘဝင်မကျ။ အနာဂတ်တွင် သူ့ဘာသာသူ အမဲလိုက်တော့မယ်လို့ သူငယ်ချင်းများကို ပြောတယ်။ တစ်ဦးတည်း အမဲလိုက်ရင် အန္တရာယ်များလို့ သူငယ်ချင်းတွေ တားပေမဲ့ သူနားမထောင်။

နောက်တစ်နေ့ သူ့ဘာသာသူ အမဲလိုက်ထွက်တယ်။ တစ်နာရီအတွင်း သမင် ၂ ကောင် ပစ်ချနိုင်တယ်။ သူ့လို တောလည်ထွက်တဲ့ သူငယ်ချင်းများ သမင်တစ်ကောင်မှ မရ။ သူတို့ပြဿနာကို ဆွေးနွေးပြီး လေးအတတ် ပိုကျွမ်းကျင်အောင် လေ့ကျင့်ဖို့ ဆုံးဖြတ်ကြတယ်။

တစ်နေ့မှာ ဂူလ်ဘို တောလည်ထွက်တဲ့အခါ စိတ်ကူးတစ်ခုရတယ်။ သမင်ရေချိုးထားရင် သမင်နား ပိုမိုနီးကပ်စွာ ချဉ်းကပ်နိုင်တယ်လို့ တွေးတယ်။ နောက်တစ်နေ့ စမ်းသပ်ကြည့်တော့ တစ်နာရီအတွင်း သမင် ၂ ကောင် ပစ်နိုင်တယ်။ ဒီနည်းနဲ့ နေ့စဉ် သမင်များစွာရတယ်။ လူတွေက သူ့ကို နည်းလမ်းမေးတဲ့အခါ သူ့ချိန်ရွယ်ချက် အလွန်ကောင်းလို့ပါလို့ ကြွားထားပြီး တကယ့်အခြေအနေကို လျှို့ဝှက်ထားတယ်။

တစ်နေ့တော့ သူမျှော်လင့်မထားတာ ကြုံရပါပြီ။ သမင်အုပ်အလာ ချုံပုတ်ထဲက သူ့အစောင့် သူသတိမပြုတဲ့ ကျားတစ်ကောင်ကလည်း သမင်ကို စောင့်ကြည့်နေတယ်။

ဂူလ်ဘိုက သမင်ကို ၂ ချက်ဆင့် အမြန်ပစ်လိုက်တ[…] လဲကျသွားတဲ့သမင်ဆီ သူက ပျော်ရွှင်စွာ အသွား ကျား[…] လည်း သမင်ကို ခုန်အအုပ် သူနဲ့ကျား လက်တစ်ကမ်းအ[…] မှာ ရှိနေတယ်။ ဂူလ်ဘို အံ့အားသင့် မင်တက်မိသွားတ[…] လေးကိုချ ထွက်ပြေးဖို့ ကြိုးစားတယ်။ ဒါပေမဲ့ နောက်ကျသ[…] ပြီ။ ကျားက သူ့အပေါ်မိုးထားတယ်။ သူ့ကိုခုန်အုပ်တော့မ[…] အခိုက် ကျားရဲ့အသည်းနှလုံးသို့ မြားတွေ ထိုးစိုက်သွားတ[…] နာလို့ အော်သံကြီးနဲ့အတူ ကျားကြီးလဲကျသေဆုံးသွားပါ[…]

ဂူလ်ဘိုက အံ့ဩပြီး ခေါင်းရမ်းမိတယ်။ ဘယ်သူမှ[…] ကျားကို ချိန်ကိုက်ပစ်ချ သူ့အသက်ကို ကယ်လိုက်ကြတ[…] လိမ့်။ သူ့ဆီ မုဆိုးတစ်စု လာနေကြတာ မြင်ရပါပြီ။ သူ[…] စွန့်ခွာထားခဲ့တဲ့ မိတ်ဆွေများပါလား။ ကျားနဲ့ ရင်ဆိုင်တို[…] ခိုက်ရဲတဲ့ သူ့သတ္တိကို သူငယ်ချင်းများက ချီးကျူးတော့ စိ[…] မလုံမဲ ဖြစ်မိတယ်။ အံ့ဩလို့မဆုံး။ သူ့အသက်ကယ်[…] ကျေးဇူးတင်ကြောင်း သူငယ်ချင်းများကို ပြောလိုက်တ[…] သူခွဲထွက်သွားခဲ့တဲ့ အမှားကို နောင်တရကြောင်း၊ သူငယ်ခ[…] များနဲ့ ပြန်လည်ပူးပေါင်းလိုကြောင်း ဂူလ်ဘိုက ရှက်ရှက်[…] ပြောရှာတယ်။ သူငယ်ချင်းများက ဝမ်းမြောက်ဝမ်းသာ လ[…] ကမ်းကြိုဆိုကြပါတယ်။

အဲဒီနေ့ကစပြီး ဂူလ်ဘို မာနမကြီးတော့။ လက[…] မထောင်တော့။ သူတစ်ပါးကို အထင်သေး ကိုယ့်ကိုသ[…] အထင်ကြီး မဖြစ်တော့။

မောင်ကျေး[…]
09-25426328[…]

*Ref:*
(1) Indian Folk Tales
(2) မောင်ကျေးငှ၏ ပြည်ပဝတ္ထုပုံပြင်ကောက်နှုတ်ချက်ရွေးစင်



www.burmeseclassic.com

www.burmeseclassic.com

## စန်းတုူ-လဂ်ပူး

# ပုဂ္ဂိုလ်ထူးကြီးနှစ်ယောက်

ဂုရုအောင်

ယခုဖော်ပြပေးလိုက်သော ပုဂ္ဂိုလ်ကြီးနှစ်ယောက်တို့သည် မြန်မာနိုင်ငံတွင် ထူးခြားစွာ ထင်ပေါ်ကျော်ကြားကြသည့် (စာရေးဆရာကြီးများ) ဖြစ်ကြပါသည်။ ၎င်းတို့၏ ဇာတာများတွင် (လဂ်တည်) ရာသီချင်းတူညီမှု၊ (လဂ်အိမ်ရှင်ဂြိုဟ်) ရပ်တည်နေသည့် ရာသီချင်းတူညီမှု၊ (လဂ်စီးနက္ခတ်ပါဒ်) တူညီမှုတို့နှင့်တကွ (စန်းယှဉ်နက္ခတ်) တို့လည်း အလင်းဂြိုဟ်များ ဖြစ်ကြသော တနင်္ဂနွေနှင့် တနင်္လာတို့ ဖြစ်နေကြသေးခြင်းတို့ကြောင့် ဝေဖန်သုံးသပ်ရာတွင် လွယ်ကူစိမ့်သောငှာ ၎င်းတို့၏ ဇာတာများကိုလည်း ဇာတာအမှတ်(၁)နှင့် ဇာတာအမှတ်(၂) ဟူ၍ သတ်မှတ်ခွဲခြား၍ ဖော်ပြပေးလိုက်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေသည်လည်း ကျွန်ုပ်နှင့် အတူတကွ နှိုင်းယှဉ်လေ့လာ ဝေဖန်သုံးသပ်မှု သုတေသနပြုပါရန် ဖိတ်ခေါ်တိုက်တွန်းအပ်ပါသည်။

ဇာတာ နှစ်စောင်စလုံးတွင် (လ) အမှတ်ဖြစ်သော (လဂ်) တို့သည် (ကြကင့်ရာသီ)တွင် (ဖုသျှနက္ခတ် တတိယပါဒ်)နှင့် ယှဉ်ရပ်တည်နေကြပါသောကြောင့် အခြေခံအားဖြင့် တက်ကြွခြင်း၊ ပြတ်သားခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း၊ ဉာဏ်ထက်ထားတတ်ခြင်းနှင့် ပတ်ဝန်းကျင်နှင့် လုပ်ဆောင်

### ဇာတာအမှတ်(၁)




| လ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၈ | ယု |
|---|---|---|---|---|---|---|---|---|---|
| ၃ | ၀ | ၅ | ၁ | ၁ | ၂ | ၁ | ၈ | ၄ | ၇ |
| ၂ | ၁၁ | ၃ | ၁၀ | ၁ | ၁၀ | ၂၄ | ၁၆ | ၂၄ | ၁ |
| ၃၄ | ၄၅ | ၄၇ | ၀၂ | ၀ | ၅၄ | ၃၆ | ၃၃ | ၀၄ | ၀၂ |

မြန်မာသက္ကရာဇ် ၁၁၇၄ ခု၊ ကဆုန်လဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။

(ဖွား)

(ခရစ် ၂၃-၄-၁၈၁၂) မွန်းတည့် ၁၂ နာရီ (တနင်္ဂနွေထုလ၊ ၂ နှစ်၊ ၁၀ လ၊ ၃၀ ရက်)



www.burmeseclassic.com

www.burmeseclassic.com

## ဇာတာအမှတ်(၂)




မြန်မာသက္ကရာဇ် ၁၃၀၁ ခု၊ ပထမဝါဆိုလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့။

(ဖွား)

(ခရစ် ၂၅-၆-၁၉၃၉) နံနက် ၈ နာရီခန့် (တနင်္လာထူလ၊ ၂ နှစ်၊ ၀ လ၊ ၂၇ ရက်)

တတ်လျက် အပေါ်စီးရမှုလည်း ကျေနပ်တတ်ခြင်းမျိုး ရှိသည်ဟူ၍လည်းကောင်း၊ အထူးသဖြင့် (ကြကင့်ရာသီလဂ်) တို့၏ (ဘဝကံကြမ္မာ)သည် မှတ်သားစရာကောင်းလျက် တိုးတက်မှု အပိုင်းမှာရော ကျဆုံးမှုအပိုင်းများတွင်ပါ ရိုးရိုးသားသား မဖြစ်ကြရတတ်ပေဟူ၍လည်းကောင်း ဖော်ပြထားပါသည်။ (ဖုသျှနက္ခတ်)၏ သဘာဝမှာလည်း (ဖုသျှနက္ခတ်ဆယ်ငုံးမှန် ငက်ချေးခံနယ်လို။ ကျွေးမွေးစေတတ် ပွားများတတ် မှတ်ကြမိပွာယ်ဆို ဟူ၍ ဖွင့်ဆိုထားပါသည်။ တစ်ဖန်ငင်း (ကြကင့်ရာသီလဂ်)တို့၏ (အိမ်ရှင်ဂြိုဟ်တနင်္လာ)သည် (၃ တန့် လိပိဋ္ဌာန (ဝါ) စာပေရေးသားမှုဋ္ဌာန) ဖြစ်သည့် (သဟဇာဘာဝ(ဝါ)မိဒီယာသဘာဝနှင့် ဆက်စပ်နေသည့် ကိစ္စရပ်များဆိုင်ရာဋ္ဌာန)တွင် ရပ်တည်နေပါသည်။ ငင်း (သဟဇာဘာဝ)သည်လည်း အပင်ပန်းခံ၍ ကြိုးစားယူရသည့် "ဝီရိယ" ဋ္ဌာနဖြစ်လျက် "ကညာပျိုတစ်ယောက်သည် လက်တစ်ဖက်တွင် "ကောက်ဆုပ်"လက်တစ်ဖက်တွင် "မီးတုတ်"ကိုင်ပြီး လှေဖောင်စီးနေခြင်း"တည်းဟူသော (နိမိတ်ပုံလေးမျိုး)တို့ဖြင့် ဖော်ညွှန်းထားသည့် (ကန်ရာသီ)ပင် ဖြစ်၍နေပါသေးသည်။

တနင်္လာဂြိုဟ်များနှင့် ယှဉ်နေကြသည့် နက္ခတ်များနှင့် ပတ်သက်၍လည်း (ဇာတာအမှတ်-၁) တွင် (ကန်ရာသီတနင်္လာ)သည် "အလင်းဂြိုဟ်ကြီး တနင်္ဂနွေ"က စိုးမိုင်၍ထားသော "ဥတ္တရာဘာရဂုဏ္ဏီနက္ခတ် တတိယပါဒ်"နှင့်ယှဉ်၍ ရပ်တည်နေပါသည်။ ငင်းတနင်္ဂနွေသည် မင်းအစိုးရနှင့် သက်ဆိုင်သည့် (ရာဇကာရကဂြိုဟ်ကြီး) ဖြစ်လျက် (ရာသီစက်) ဇာတာတွင် (၁၀ တန့် = ကမ္မဘာဝ)ဖြစ်သော (ဒသနအိမ်) တွင် (ဥစ်)မှုနေပြီး (ဋ္ဌာနဗလ-ဒိသဗလ) အားနှစ်ပါးအပြည့်နှင့် ရပ်တည်လျက်ရှိနေပါသေးသည်။ (ဥစ်မှုသောဂြိုဟ်သည် မင်း၏ချီးမြှောက်မှုကိုခံရခြင်း၊ ဇွဲသတ္တိကောင်းခြင်းနှင့် ထင်ပေါ်ကျော်စောခြင်း စသည့် ကောင်းကျိုးများကို ဖန်တီးပေးတတ်လေသည်)ဟူ၍ "ဥပဒေသ"က ဖွင့်ဆိုထားပါသည်။ ဇာတာအမှတ်(၂)တွင် ငင်းတနင်္လာဂြိုဟ်သည် မိမိပိုင် (ဟဿတနက္ခတ်ပါဒ်ပြည့်)နှင့်ယှဉ်၍ ရပ်တည်နေပြီး ငင်းနက္ခတ်တနင်္လာဂြိုဟ်သည် (ကန်ရာသီ)တွင် ရပ်တည်နေပါသည်။

ငင်း(ကန်ရာသီ)ကိုလည်း နိမိတ်ပုံ လေးမျိုးဖြင့် ဖော်ပြထားလေရာ (အမျိုးသမီး)နိမိတ်ပုံသည် ...ထောင်



www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂျ သေးသည့် (ကညာပျို)ကိုလည်းကောင်း။ လက်တစ်ဖက်က (ကောက်ဆုပ်)နိမိတ်ပုံသည် (စားနပ်ရိက္ခာ)ကိုလည်းကောင်း။ ကျန်လက်တစ်ဖက်က (မီးတုတ်)နိမိတ်ပုံသည် (ဉာဏ်ပညာအလင်းရောင်)ကိုလည်းကောင်း။ (လေ့ဖောင်)နိမိတ်ပုံသည် (လွတ်လပ်စွာ လှုပ်ရှားသွားလာမှု)ကိုလည်းကောင်း အသီးသီး ညွှန်ပြ၍ထားပေသည်။ ထိုမှတစ်ပါးလည်း (ကန်ရာသီ=သဟာဇဘာဝ)တွင် ရပ်တည်နေသည့် တနင်္လာဂြိုဟ်သည် လဂ်အိမ်ရှင်ဂြိုဟ်လည်းဖြစ်၍နေပြန်ပါသေးသဖြင့် အကျိုးပေးမှု ဖြစ်ပေါ်နေပုံတို့မှာ (၁) ကန်ရာသီတွင် ရပ်တည်နေသည့် တနင်္လာဂြိုဟ်သည် ဇာတာရှင်အား (ကခုန်ခြင်း။ သီဆိုခြင်း။ တီးမှုတ်ခြင်း)တည်းဟူသော အနုပညာရပ်တို့တွင် ဝါသနာပါစေတတ်ခြင်း။ စာပေကျမ်းဂန်တို့ကို နှံ့စပ်တတ်သိစေတတ်ခြင်းနှင့် အသိပညာရှင်ဖြစ်စေတတ်ခြင်း ရှိပေသည်ဟူ၍လည်းကောင်း။ (၂) သဟာဇဘာဝတွင် ရပ်တည်နေသည့် တနင်္လာဂြိုဟ်သည် ဇာတာရှင်အား ဇွဲသတ္တိရှိခြင်း။ ပညာတတ်ဖြစ်စေနိုင်ခြင်းနှင့် စီးပွားရေးတွင်လည်း တိုးတက်စေတတ်ခြင်း ရှိပေသည်ဟူ၍လည်းကောင်း။ (၃) အင်္ဂါအိမ်ရှင်ဂြိုဟ်သည် သဟာဇဘာဝတွင် ရပ်တည်နေလျှင် ဇာတာရှင်အား ဇွဲလုံ့လရှိစေပြီး တိုးတက်ကြီးပွားစေတတ်ပေသည်ဟူ၍လည်းကောင်း အသီးသီး ဖွင့်ဆိုထားပါသည်။

၎င်းဇာတာအမှတ် (၂)တွင်ပင် (စန်းယှဉ်နက္ခတ်ဟုတ်သော) "ရာဇကာရကဂြိုဟ်ကြီးတနင်္ဂနွေ "သည်(ကြကင့်ရာသီလဂ်)မှ (၁၂ တန့်)ကျသည့် (မေထုန်ရာသီ)တွင် ရပ်တည်နေခြင်း၌ (တနင်္ဂနွေဂြိုဟ် မေထုန်ရာသီတွင် ရပ်တည်နေ)လျှင် ဉာဏ်ပညာနလုံးရည်နှင့် အသက်မွေးဝမ်းကျောင်းပြုရတတ်ခြင်း။ လျှို့ဝှက်နက်နဲသည့် အတတ်ပညာဘာသာရပ်တို့တွင်လည်း ကျွမ်းကျင်တတ်မြောက်တတ်ခြင်း ရှိပေသည်ဟူ၍လည်းကောင်း။ (တနင်္ဂနွေဂြိုဟ် ဗျယဘာဝ)တွင် ရပ်တည်နေလျှင် ဆုံးရှုံးကုန်ကျမှု များရတတ်ခြင်း။ ငွေဝေဖန်ခံရတတ်ခြင်း။ အရပ်တစ်ပါးသို့ အပို့ခံရတတ်ခြင်း။ အချုပ်အနှောင်သော်လည်း ခံရတတ်ခြင်း။ ကျန်းမာရေးညံ့တတ်ခြင်း ရှိပေသည်ဟူ၍လည်းကောင်း ဖွင့်ဆိုထားပါသည်။ (စန်းယှဉ်နက္ခတ်)တို့နှင့် ပတ်သက်၍လည်း (ဥတ္တရာဘဒ္ဒရပုဒ်နက္ခတ်)ကို (ပြုပြင်ဥတ္တရာဘဒ္ဒရပုဒ်ကို နှစ်လုံးစီတူပြီးညောင်စောင်းလို ကောင်းကျိုးထွေထွေ စီးပွားငွေ ယူစေတတ်၏ဆို)ဟူ၍လည်းကောင်း (ဟဿတနက္ခတ်)ကို (ဟဿတမှာ ငါးလုံးသာ ပမာလက်ဝါးလို ပုဏ္ဏားမြေးသား ဖြစ်တုံငြား လာဘ်ကား မိုးသို့စို)ဟူ၍လည်းကောင်း အသီးသီး ဖွင့်ဆိုထားပါသေးသည်။

ဖော်ပြပေးခဲ့ပြီးသည်တို့မှာ (လဂ်) (လဂ်စီးနက္ခတ်) (တနင်္လာစန်း) (စန်းယှဉ်နက္ခတ်)တို့နှင့်တကွ (အလင်းဂြိုဟ်ကြီးတနင်္ဂနွေ)၏ ရပ်တည်မှုဆိုင်ရာ အားဗလများအရ အကျိုးပေးသက်ရောက်ပုံများ ဖြစ်ကြပါသည်။ ကျန်နေသေးသည့် ပဥ္စတာရာဂြိုဟ် ငါးလုံးတို့၏ ရပ်တည်နေမှုများနှင့်တကွ (ယုဂ်များ) ဖြစ်ပေါ်နေမှု၏ အကျိုးပေးသက်ရောက်ပုံများကိုလည်း ဆက်လက် ဖော်ပြပေးလိုက်ပါသည်။

ဇာတာအမှတ် (၁) တွင် (၆ တန့် အာရိဘာဝ)နှင့် (၉ တန့်=သုဘာဘာဝ)တို့ကို စိုးပိုင်ထားသော ကြာသပတေးဂြိုဟ်ကြီးသည် (ကြကင့်ရာသီလဂ်)၏ (၁၂ တန့် = ဗျယဘာဝ) ဖြစ်သည့် (ရန်ရာသီအိမ်)တွင် (ဥစ္စဗလ ၅၁ ဝိရူပ ၅၈ အနုရူပ)နှင့် ရပ်တည်နေခြင်း။ တစ်ဖန် ၎င်းကြာသပတေးဂြိုဟ်ကြီးသည် မိမိပိုင် (မိန်ရာသီ=၆ တန့် အာရိဘာဝ)တွင် ရပ်တည်နေသော ဇနေဂြိုဟ်သို့လည်း သမသတ်အားဖြင့် ဆက်သွယ်မြင်ရှိ၍ နေသေးခြင်းတို့ကြောင့် အကျိုးပေးအားဖြင့် ကောင်းကျိုးများတွင် ဘာသာရေး၊ လူမှုရေးနှင့် ပရဟိတအရေးကိစ္စတို့တွင်လည်းကောင်း ပညာရပ်တစ်မျိုးမျိုး၌ လေ့လာသုတေသနပြုရသည့် ကိစ္စတို့တွင်လည်းကောင်း။ ငွေကြေးသုံးစွဲမှုများ ရတတ်ခြင်း။ ငွေကုန်ကြေးကျ အလွန်များသည့် အလှူမင်္ဂလာကြီးများကို ပေးလှူရတတ်ခြင်းရှိသလို မကောင်းကျိုးများနှင့် ပတ်သက်၍လည်း (မထင်မှတ်သည့်ကံကြမ္မာ)၏ တွန်းအားဖြင့် တစ်စုံတစ်ရာသော ဆိုးကျိုးဖြစ်ပေါ်ရန် ကိစ္စမျိုးတို့တွင် ပါဝင်နေတတ်ခြင်း ရှိပေသည်ဟူ၍ ဖော်ပြထားပေသည်။ (ဥစ်အားအပြည့်သည် "၆၀ ဝိရူပ" ဖြစ်ပါသည်။)

ဇာတာအမှတ် (၂) တွင် ၎င်းကြာသပတေးဂြိုဟ်ကြီးသည် (ကသစ်ရာသီ)ဖြစ်သော (၉ တန့် = သုဘာဘာဝ)တွင်



www.burmeseclassic.com

www.burmeseclassic.com

အားဖလများနှင့် ရပ်တည်နေသလို (လဂ်-စန်း) နှစ်ပါးသို့လည်း (ကိန်း တြိကောဏ)များအားဖြင့် ဆက်သွယ်မြင်ရှိ၍ နေပါသေးသည်။ အကျိုးပေးအားဖြင့် (သုဘအိမ်)၌ ရပ်တည်နေသော ကြာသပတေးဂြိုဟ်သည် ဘာသာရေးကိစ္စများတွင် အလေးဂရုပြု၍ ဆောင်ရွက်တတ်ခြင်း၊ ဉာဏ်ပညာ ထက်မြက်၍ အဆင့်အတန်းမြင့်မြင့်နှင့် လုပ်ကိုင်ရပြီး ကြီးပွားချမ်းသာတတ်ခြင်း၊ ဂုဏ်ပြုချီးမြှောက်ခံရတတ်ခြင်း၊ ရာထူးကြီးကြီးရတတ်ခြင်း၊ နေရာတိုင်းတွင်လည်း ဦးစီးဦးဆောင်မှုပြု၍ ဆောင်ရွက်ရတတ်ခြင်းရှိပေသည်ဟု၍ ဖော်ပြထားပေသည်။

အထူးသဖြင့် ဇာတာနှစ်စောင်စလုံးတွင် ယင်းကြာသပတေးဂြိုဟ်ကြီး၏ (ကိန်းအိမ်)များဖြစ်ကြသော (၄ တန့်) နှင့် (၇ တန့်)တို့၌ တနင်္လာဂြိုဟ် ရပ်တည်၍ နေပါသောကြောင့် ထူးခြားကောင်းမွန်သည့် (ကေသရီယုဂ်)ကို ရရှိနေပြန်ပါသေးသည်။ အကျိုးပေးသက်ရောက်ပုံမှာ ရန်ခပ်သိမ်းကို (ကေသရာဇာခြင်္သေ့မင်း)ကဲ့သို့ နှိမ်နင်းအောင်မြင်နိုင်ခြင်း၊ ပရိသတ်အလယ်၌ ရဲရင့်စွာ ပြောဆိုနိုင်ခြင်း၊ အလွန်ပညာရှိခြင်း၊ အလွန်ထင်ပေါ်ကျော်စောခြင်း၊ အသက်ရှည်ခြင်း၊ လောကီအာရုံ ကာမဂုဏ်တို့၌ ပျော်မွေ့ခြင်း၊ မိမိ၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်ဖြင့် ဘေးရန်ခပ်သိမ်းကို အောင်မြင်နိုင်ခြင်း စသည်တို့ ဖြစ်ကြပါသည်။

သဘာဝအားဖြင့် အလှအပတို့ကို မြတ်နိုးခင်မင်တွယ်တာတတ်သော သောကြာဂြိုဟ်သည် ဇာတာနှစ်စောင်စလုံးတွင် (၁၁ တန့် လာဘဘာဝ)ဖြစ်သည်။ (ကသစ်ရာသီ)တွင် ရပ်တည်၍နေသောကြောင့် အကျိုးပေးအားဖြင့် မင်းစိုးရာဇာတို့နှင့် ပတ်သက်သည့် ကိစ္စမျိုးတို့တွင် သိက္ခာရှိစွာ ဆောင်ရွက်နိုင်ခြင်း၊ ကာမဂုဏ်ချမ်းသာတို့နှင့် ပြည့်စုံနိုင်ခြင်း၊ ဉာဏ်ပညာရှိလျက် လုပ်နိုင်သလောက် ကောင်းကျိုးရခြင်း၊ ကြီးပွားချမ်းသာနိုင်ခြင်း ရှိပေသည်ဟု၍ ဖော်ပြထားပေသည်။ ဤတွင် ဇာတာအမှတ်(၁)၌ ၎င်းသောကြာသည် "မိတ်ဂြိုဟ် ဗုဒ္ဓဟူး"နှင့်ရော "ပျဂြိုဟ်အင်္ဂါ"နှင့်ပါ အတူတကွ ရပ်တည်လျက်ရှိနေပါသေးသောကြောင့် ကောင်းကျိုးများတွင် သန့်သန့်ရှင်းရှင်း မရှိတတ်ဘဲလျက် မကောင်းကျိုးများပါ ရောထွေးနေတတ်သေးသည်ကို ဖော်ပြ၍ နေပါသည်။ ဇာတာ အမှတ်(၂)တွင်မူ ၎င်းသောကြာဂြိုဟ်သည် တစ်လုံးတည်း သီးသီးသန့်သန့် ရပ်တည်၍ နေပါသောကြောင့် ကောင်းကျိုးများတွင်လည်း ထူးထူးခြားခြား ကောင်းနေတတ်ကြသည်ဟု၍ ဖော်ပြနေပါသည်။

ဗုဒ္ဓဟူးဂြိုဟ်သည် ယေဘုယျအားဖြင့် အထွေထွေ ဆက်သွယ်ရေးကို လွှမ်းမိုးနေသည့် (မီဒီယာဂြိုဟ်) ဖြစ်ပါသည်။ ၎င်းဗုဒ္ဓဟူးဂြိုဟ်သည် ဇာတာအမှတ်(၁)တွင် (၁၁ တန့် = လာဘဘာဝ)၌ ရပ်တည်၍နေပါသောကြောင့် အကျိုးပေးသက်ရောက်မှုအနေနှင့် အစီအမံ အကြံအစည်တိုင်းတွင် နည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်ကြိုးစားကာ လိုအင်ဆန္ဒကို ဖြည့်ဆည်းယူနိုင်ခြင်း မိတ်ဆွေတို့ကြောင့် အကျိုးရှိခြင်းနှင့် ကြီးပွားတိုးတက်လျက် အသက်ရှည်ရှည်နေရခြင်းမျိုးကို ဖန်တီးပေးသည်ဟု၍လည်းကောင်း၊ ဇာတာ အမှတ်(၂)တွင် ယင်းဗုဒ္ဓဟူးဂြိုဟ်သည် (ဒီဂရီ-အံသာ)အရ (ဘာဝစက်ဇာတာ)၌ (လဂ်)နှင့်အတူ (ဒိသဗလ)အားအပြည့်နှင့် ရပ်တည်၍နေပါသောကြောင့် ဇာတာရှင်အား စာပေဗဟုသုတနှင့် ပြည့်စုံစေနိုင်ခြင်း၊ သိပ္ပံ ဝိဇ္ဇာဆိုင်ရာ ပညာရပ်များတွင်လည်း တတ်မြောက်စေနိုင်ခြင်း လျင်သောအသိအမြင်ရှိခြင်း (ဝါ) ကြည့်တတ်မြင်တတ်သိမှတ်တတ်သည့် ဉာဏ်ပညာ အရည်အချင်းနှင့် ပြည့်စုံစေနိုင်ခြင်း၊ အနုပညာ ကဗျာစာပေတို့တွင် တတ်သိလိမ္မာခြင်း၊ စာရေးဆရာလည်း ဖြစ်စေနိုင်ခြင်းနှင့် တိုးတက်ကြီးပွားရခြင်းတို့ကို ဖြစ်စေတတ်ပေသည်ဟု၍ ညွှန်ပြထားပေသည်။

အထူးသဖြင့် ၎င်းဇာတာ အမှတ်(၂)တွင်ပ (သောကြာ-ကြာသပတေး-ဗုဒ္ဓဟူး) ဂြိုဟ်သုံးလုံးတို့သည် "ဂ ကြမ္မာ"ကို ဖန်တီးပြုလုပ် အဆုံးအဖြတ်ပြုသည့် (တနင်္လာ ဂြိုဟ်=စန္ဒလဂ်)မှ ရှုမြင်သုံးသပ်ပါလျှင် (ကိန်း-တြိကောဏ ကျသော (ကသစ်ရာသီ)များနှင့် ရပ်တည်၍နေသောကြော အလွန်လှပသည့် (သူရဿတီယုဂ်)တို့ ရရှိနေပြန်ပါသေ သည်။ ၎င်းယုတ်၏ အကျိုးပေးဖန်တီးပုံမှာ ဉာဏ်ပညာ အလွန်ထက်မြက်ခြင်း၊ ပြဇာတ်လင်္ကာ ကဗျာပြင်တို့ သီကုံးရေးဖွဲ့နိုင်ခြင်း ဂဏန်းသင်္ချာ အတွက်အချက်တို့တ



www.burmeseclassic.com

www.burmeseclassic.com

ည်း ကျွမ်းကျင်လိမ္မာခြင်း ဂါထာဗန္ဓ ဖွဲ့ဆိုရာတွင်လည်း ကောင်း၊ စကားပြေအရေးအသားတွင်လည်းကောင်း သိမ်မွေ့ ကောင်းမွန်ခြင်း၊ လောကုတ္တရာကျမ်းဂန်စာပေတို့တွင်လည်း နက်တတ်သိခြင်း၊ အလွန်ထင်ပေါ်ကျော်စောခြင်း၊ ဇနီးမယား သားသမီးတို့နှင့် ပြည့်စုံတင့်တယ်စွာ နေရခြင်း၊ အလွန် ကောင်းလျက် စီးပွားခနတိုးတက်ခါ မြတ်သောမင်းတို့၏ (သံပုဝိတော) ရှိသေစွာ ပူဇော်ခံရခြင်း စသည်တို့ ဖြစ်ပေသည်။

အထူးတလည် တင်ပြပေးအပ်သည်မှာ အရာရာ ဒိုင်းကို ခက်ခဲပင်ပန်းစွာ ကြိုးစားပြီး ရယူတတ်သည့် စနေ ဂြိုဟ်ကြီးသည် ဇာတာအမှတ် (၁) တွင် (မနေရာသီ) ဖြစ် သော (၆ တန့်=ဒုတိယာဘာဝ=ဥပစ္စည်းအိမ်)တွင် ရပ်တည်၍ နေသလို (ကြကင့်ရာသီလဂ်)မှ (၁၂ တန့်=ဗျယဘာဝ) ဖြစ်သော (မေထုန်ရာသီ)တွင် ရပ်တည်နေသည့် (ကြာသပ တေးဂြိုဟ်)နှင့်လည်း အပြန်အလှန်အားဖြင့် ဆက်သွယ်မြင်ရှိ လျက် ရှိနေသေးသောကြောင့် ကောင်းနေပြန်ပါသည်။ ဤ တွင် ၎င်းစနေဂြိုဟ်သည် (ကုမ်ရာသီ)ဖြစ်သော (၈ တန့် = မရဏဘာဝ)ကိုလည်း စိုးပိုင်ထားသေးလျက် ၎င်း(မရဏ ဘာဝ)သို့ (၃ တန့်အမြင်)နှင့် အထူးဆက်သွယ်မြင်ရှိ၍နေ ပြန်သေးသောကြောင့် ၎င်း(မရဏဘာဝ)သည်လည်း အား ကောင်း၍ နေပါသေးသည်။ ဤအချက်များကို ,အကြောင်း ပြု၍ ဇာတာရှင်သည် (၉ တန့်သခင်ဂြိုဟ်ကြာသပတေး)၏ ထုလဒသာတွင် (ဂုဏ်ထူးဆောင်) အဆင့်နှင့် အထူးတာဝန် ထမ်းဆောင်ခဲ့ရလေသည်ဟူ၍လည်းကောင်း (စနေဂြိုဟ်)၏ ထုလအန္တရဒသာတွင် "ကွပ်မျက်ခံရခြင်း"ဖြစ်ပေသည်ဟူ၍ လည်းကောင်း (ပညာရှင် ဒေါက်တာမိုလ်လေး)၏ ဇာတာနှင့် တကွ ဟောကိန်းမှ်ချက်ပေးထားသည်ကို (၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ဇောတိသဝေဒမဂ္ဂဇင်း)တွင် တွေ့ရှိရပါသည်။

၎င်းစနေဂြိုဟ်သည် ဇာတာအမှတ် (၂) တွင် (၁၀ တန့် ကမ္မဘာဝ) ဖြစ်သည့် (နိစ်ရာသီ)တွင် ရပ်တည်နေခြင်း တဖန် (နိစ်ရာသီ)ကို စိုးပိုင်သည့် အင်္ဂါဂြိုဟ်သည်လည်း စနေဂြိုဟ်ပိုင် (ဥစ်ရာသီ)တွင် ရပ်တည်၍ နေသေးခြင်းတို့ သည် အလွန်ထူးခြားသည့် (ပရိဝတ္တနယုဂ်)နှင့် (နိစ္စဘင်္ဂရာ ရယုဂ်)တို့ကို ရရှိနေခြင်းများပင် ဖြစ်ပေသည်။ အကျိုးပေးပုံ တို့မှာ (ပရိဝတ္တနယုဂ်)သည် (၁၀ တန့်နေ စနေဂြိုဟ်)၏ မကောင်းကျိုးများနှင့် (၇ တန့်နေ အင်္ဂါဂြိုဟ်)၏ မကောင်း ကျိုးများကို ပျက်ပြယ်စေသလို (နိစ္စဘင်္ဂရာရယုဂ်)သည် ပျက်ပြယ်သွားသည့် မကောင်းကျိုးများနေရာတွင် "ဖွဲလုံ့လ အားမာန်သတ္တိ"ပမာနဖြင့် ထူးထူးခြားခြား အောင်မြင်တိုးတက် ကြီးပွားရခြင်းမျိုးကို ဖန်တီးပေးတတ်ပေသည်။

ဤသို့အားဖြင့် စန်းတည်ရာသီချင်း တူညီနေကြသလို လဂ်တည်ရာသီချင်းတွင်လည်း တူညီနေကြလျှင် အထူး သဖြင့် (လဂ်စီးနက္ခတ်ပါဒ်)တို့တွင်ပါ တူညီနေကြပါသဖြင့် (စန်း တူ-လဂ်ပူး ပုဂ္ဂိုလ်ထူးကြီးနှစ်ယောက်)ဟူ၍ အမည်ပေး ထားသော ဇာတာရှင်တို့၏ အခြေခံဇာတာ (ရာသီစက်)တို့ကို ဝေဖန်သုံးသပ် သုတေသနပြုထားသည့် "နက္ခတ်ဗေဒင် ဆောင်းပါး"အဆုံးသတ်ပါပြီ။

အထူးမှတ်ချက်အားဖြင့် ဇာတာအမှတ်(၁)တွင် (ရာခု ကာရက)ဖြစ်သော (အလင်းဂြိုဟ်ကြီးတနင်္ဂနွေ)သည် လဂ် ၏ (၁၀ တန့် = ကမ္မဘာဝ)၌ (ဥစ်)မှုနေသောကြောင့် ထူးခြားစွာ ကောင်းကျိုးပေးလျက် (ဘုရင့်စာဆိုတော်) ဖြစ်ရ သည်ဟူ၍ ၎င်းဇာတာအမှတ် (၂) တွင်မူ ၎င်းတနင်္ဂနွေ ဂြိုဟ်သည် လဂ်၏ (၁၂ တန့် = ဗျယဘာဝ)၌ ရပ်တည်၍နေ သောကြောင့် ဆိုးကျိုးပေးခါ (ထောင်နန်းစံရခြင်း) ဖြစ်ရသည် ဟူ၍လည်းကောင်း အသီးသီး မှတ်ချက်ပေးအပ်ပါသည်။

ဇာတာအမှတ် (၁) ဖြစ်သော ဦးပုညသည် စလေ မြို့ဇာတိ ဖြစ်သည်။ စစ်ကိုင်းမင်းလက်ထက် မြန်မာနှစ် ၁၁၇၄ ခုနှစ် (ခရစ်နှစ် ၁၈၁၂)တွင် ဖွားသည်။ ငယ်မည် မောင်ပုတ် စည် ဖြစ်သည်။ ဦးပုည၏ဖခင်မှာ မြို့သူကြီးမျိုးရိုး ဖြစ်သည်။

ဦးပုည၏ ငယ်ဆရာများမှာ စလေမြို့မှ ခင်ကြီးစနှင့် တူမောင်းဆရာတော် ဦးဒီပတို့ ဖြစ်သည်။ အမရပူရမြို့ ဗန်းမော်ဆရာတော်ထံတွင် ပညာဆက်လက်သင်ယူသည်။ ဦးပုည၏ ရှင်သာမဏေဘွဲ့မှာ ရှင်ပုညာဘိရေ ဖြစ်သည်။

ရှင်လူထွက်ပြီးနောက် မင်းတုန်းမင်းညီတော် ကနောင် မင်းသားထံတွင် ခစားရသည်၊ နောင်တွင် မင်းတုန်းမင်းထံ ခစားရာ လဘက်ရည်တော်ဘက်တွင် (မင်းလှသင်္ခယာ)ဟူ သော ဘွဲ့နှင့် ထမ်းရွက်ရသည်။ ရွာစည်ရွာကိုလည်း စားရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မင်းတုန်းမင်းထံခစားစဉ် မြင်ကွန်း မြင်းခုံတိုင် မင်းသားတို့ ပုန်ကန်သည့်အရေး၌ အခါပေးသည်ဟု သင်္ကာမကင်းသဖြင့် မြို့ဝန်ဦးသာအိုးအိမ်တွင် ဖမ်းဆီးချုပ်နှောင်ထားရာမှ ကွပ်မျက်ခံရသည်။ မင်းတုန်းမင်းကြီးက နှမြောလှ၍ (လူကို ခွေးသတ်လေခြင်း)ဟု မိန့်ခဲ့သည်။

ဦးပုညသည် အာဝဇ္ဇန်းရှင်သည်။ တခ်ဏာပွတ္တိဉာဏ်လျင်သည်။ ပဋိဘာန်ဉာဏ်ရှင်သည်။ သို့ဖြစ်ရကား သူ့စာများသည် ရွှန်းရွှန်းဝေနေတော့သည်။ ကဗျာဉာဏ်အာဘော်ကလည်း ကလော်တိုင်းထွက်သောကြောင့်ဟု သူကိုယ်တိုင် ဆိုခဲ့ဘူးသည်။

ဦးပုညသည် လွန်ခဲ့သော နှစ်ပေါင်း ၁၇၀ ကျော်က မြန်မာဝတ္ထုဆရာကြီးလည်းဖြစ်သည်။ ပြဇာတ်ရေးဆရာကြီးလည်းဖြစ်သည်။ သူ့ဝတ္ထုများသည် ဇာတ်ကွက်ဇာတ်လမ်းအဆန်းတကြယ်ဖြစ်မှုကြောင့် ကျော်စောသည်မဟုတ်။ လူ့သရုပ်ကို ပီသအောင် ဖန်ဆင်းပြနိုင်သောဂုဏ်ကြောင့် ကျော်စောခြင်းဖြစ်သည်။ ယခုခေတ် ပညာရှိများက ဦးပုညကို အင်္ဂလိပ်စာရေးဆရာကြီး ရှိတ်စပီးယားနှင့် ခိုင်းနှိုင်းလေ့ရှိကြပေသည်။ ဦးပုညသည် မင်းညီမင်းသား မိဖုရားတို့ တိုက်တွန်းသဖြင့် ပြဇာတ်များကို ရေးသားစီကုံးခဲ့ပေသည်။ ရေးသားခဲ့သည့် ပြဇာတ်များမှာ ရေသည်ပြဇာတ်၊ ပဒုမပြဇာတ်၊ ဝေသန္တရာပြဇာတ်၊ ဝိဇယပြဇာတ်၊ ကောသလပြဇာတ်၊ ဝါသုဒေဝပြဇာတ် စသည်တို့ဖြစ်သည်။ (ဂင်္ဂါမာလခေါ် ရေသည်ပြဇာတ်ကို မင်းတုန်းမင်းကြီးနှင့် ညီတော် အိမ်ရှေ့မင်းတို့ စိတ်မကြည်ရှိကြရာမှ ပြန်လည်သင့်မြတ်သောအခါ အိမ်ရှေ့မင်းသားက တောင်းပန်ဝန်ချခန်းပါသော ရေသည်ပြဇာတ်ကို ဦးပုညအား ရေးသားဆက်သွင်းစေသည်။ ထိုရေသည်ပြဇာတ်ကို မင်းတုန်းမင်းကြီး ဖတ်ရှုရသောအခါ ညီတော် ကနောင်မင်းကို ပိုမိုချစ်လာလေသည်။ ၎င်းပြဇာတ်ကို အထူးနှစ်သက်တော်မူ၍ ရေ့တော်၌ အခါခါအထပ်ထပ် ဖတ်လျှောက်ကပြကြရသည်ဟူ၍ ဒသမတန်း မြန်မာစကားပြေ လက်ရွေးစဉ်စာအုပ်တွင် ဖော်ပြထားပါသည်။

ဇာတာအမှတ်(၂)ဖြစ်သော ဆရာကြီးမင်းသိခ်သည် ၎င်းကလောင်အမည်ကို မယူခင်က မူရင်းနာမည်ဖြစ်သော အောင်ထွန်းနှင့်တကွ အောင်စိုး(အညတြ)၊ အောင်သင်း၊ ချစ်မုန်း၊ နန်းဝေ ဟူသော ကလောင်အမည်များနှင့် ရေးသားခဲ့ပါသေးသည်။ အမှန်တကယ် စာရေးဆရာလုပ်တော့မည်ဟု ဆုံးဖြတ်ပြီးခါမှ မင်းသိခ်ဟူသော ကလောင်အမည်ကို အင်္ဂဝိဇ္ဇာ ဗေဒင်ပညာဖြင့် တွက်ချက်ရွေးချယ်ယူခြင်း ဖြစ်ပေသည်ဟူ၍ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ရောင်ပြန်မဂ္ဂဇင်းတွင် ဆရာကိုမြတ်နိုင်၏ မင်းသိခ်နှင့် စကားပြောခြင်း ဆောင်းပါး၌ ဖော်ပြထားပါသည်။

ဦးအောင်ထွန်းခေါ် စာရေးဆရာကြီး မင်းသိခ်သည် စာပေဝတ္ထုရေးသားမှုများတွင် ထူးထူးခြားခြား ကောင်းမွန်သလို ဗေဒင်လက္ခဏာယတြာ စသည့် ဂမ္ဘီရပညာရပ်တို့တွင်လည်း နှံ့စပ်တတ်မြောက်ပါသည်။ တောတောင်လျှိုမြောင်များသို့လည်း ဂန္ဓာရီခရီးအဖြစ် သွားခဲ့ပါသေးသည်။ ထို့နောက် ရန်ကုန်တိုင်း၊ မှော်ဘီမြို့ မရမ်းတလင်း အယူတော်မင်္ဂလာခြံကြီးတွင် အခြေချနေထိုင်ပြီး မနောမယဂမ္ဘီရဂျာနယ်ကို ဦးစီးဦးဆောင်ပြု၍ ထုတ်ဝေခြင်း၊ တိရစ္ဆာန်မျိုးစုံတို့ကို တစ်နှစ်တစ်ကြိမ် ဘေးမဲ့လွှတ်ခြင်း ထို့ပြင် ၎င်းထံသို့ လာရောက်ကြသော သက်ဆိုင်သူ ခုနစ်ရက်သားသမီးတို့အားလည်း ထမင်းကျွေး၍ ဗေဒင်ဟောခြင်း သင်ပေးခြင်းနှင့် လိုအပ်ပါက ယတြာချေပေးခြင်း စသည်တို့နှင့်တကွ အနီးအနား ပတ်ဝန်းကျင်ရှိ ကျောင်းသားကျောင်းသူတို့အားလည်း ငွေကြေးထောက်ပံ့သည့် ပညာရေးအလှူမင်္ဂလာများကိုပါ နှစ်စဉ်နှစ်တိုင်း ပြုလုပ်ကျင်းပပေးခဲ့လေ့ ရှိပါသည်။

ရှင်လန်းချမ်းမြေ့ကြပါစေ . . .

**ဂုရုအောင်**



www.burmeseclassic.com

www.burmeseclassic.com

## သူပုန်ဗိုလ်ပေါဒိကြီးအား

# အသေပစ်သတ်၍ ကျွန်ုပ်ဖမ်းခဲ့စဉ်က

■ ရွှေဘိုဘာမထိခင်အောင်

### အခန်း (၁)

ကျွန်ုပ် သူ့ကို အသေပစ်သတ်လိုက်ရသည်။

သူက ဦးစွာ လုံတံကြီးနှင့် ကျွန်ုပ်အား ပစ်သဖြင့် အသေပစ်သတ်လိုက်ရခြင်းပါ။

လွန်ခဲ့သည့် လေးနှစ်ကလည်း ငှက်ကြီးတောင်ဓား ဖြင့် ကျွန်ုပ်ကို အသေခုတ်သူအား အသေမသတ်ပါဘဲ ဓား ကိုင်ထားသည့် လက်မောင်းအိုးကို သေနတ်ဖြင့် ပစ်ချလိုက်ရ၏။ ကိုယ့်ဗမာအချင်းချင်း မသတ်လို၍ပါ။

ကျွန်ုပ်က နယ်ချဲ့အရင်းရှင် အင်္ဂလိပ်မျက်နှာဖြူအစိုး ရ၏ ကြေးစား "ကျွန်ပုလိပ်အရာရှိတစ်ဦး ဖြစ်နေလင့်ကစား အင်္ဂလိပ်အစိုးရအား အလိုမရှိ မကြိုက်ပါ။ ကျွန်ုပ်သည် ဒို့ဗမာအစည်းအရုံး (သခင်)အဖွဲ့ဝင် ဖြစ်ပေ၏။ အင်္ဂလိပ် အစိုးရ မသိရအောင် တိတ်တိတ်ပုန်း ဝင်ရခြင်းပါ။ သူတို့သိ သွားလျှင် အလုပ်က ချက်ချင်း ထုတ်ခံရမှာ သေချာသည်။ တကယ်မှာတော့ ကျွန်ုပ် (သခင်-ဖေခင်)သည် အင်္ဂလိပ်ရဲ့ သစာကိုယူထားပြီး အင်္ဂလိပ်အစိုးရအပေါ် သစ္စာမစောင့်ခြင်း ပင်တည်း။

မတတ်နိုင်ပြီ။

လုပ်ငန်းအပေါ်တော့ ကျွန်ုပ်က အပြတ်လုပ်၏ တာ ဝန်နှင့် ဝတ္တရားကိုတော့ဖြင့် အထိမခံနိုင်။ အင်္ဂလိပ်မျက်နှာ ဖြူတွေ တစ်ခုခုဖြစ်လျှင် ကျွန်ုပ်က ပီတိဖြစ်နေတတ်၏။ ဥပမာ - ၁၉၃၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် ညက သစ်တောမင်းကြီး မစ္စတာအဲလဗက် MR.ALBERTT အား ဓားပြဗိုလ် ဘကောင်းကြီးက ဓားနှင့် တက်ခုတ်မှုဖြစ်ရာ ရွှေဘိုခရိုင်သစ်တောမင်းကြီး လက်ပြတ်သွားရသည်။ ဓားပြ ဗိုလ်ဘကောင်းကြီးလည်း သေနတ်စာ အကျွေးခံရသည်။

အဲသဟာကို ကျွန်ုပ်က သဘောကျမှကျသနဲ့။ တကယ်တော့ ကျွန်ုပ်လည်း လူကောင်းလူမြတ် မဟုတ်ပေ။

ရွှေဘိုမြို့ပေါ်က သခင်တွေကို ရွှေဘိုခရိုင် ပုလိပ်အဖွဲ့ က ဖမ်းတော့မည်ဆိုတော့ သခင်စံမြ၊ သခင်ဗကြည်၊ သခင် ဒေါင်းညိုတို့ အဖွဲ့အား ညချင်း တိတ်တဆိတ် အပြေးခိုင်းခဲ့ ၏။ အင်္ဂလိပ်အစိုးရအား သစ္စာဖောက်လိုက်ခြင်း၊ တို့ဗမာ သခင်အဖွဲ့အပေါ် သစ္စာစောင့်သိလိုက်ခြင်းပဲ၊ ကိုယ့်လူ မျိုးကိုယ်စောင့်ရှောက်ရမှာပ။

□□□

### အခန်း (၂)

**အင်္ဂလိပ်အစိုးရက ရွှေဘိုသားတို့အပေါ် သုံးသပ်ချက်**

မြန်မာပြည်တစ်ပြည်လုံးမှာ ရှိကြသည့် ဗမာလူမျိုး အားလုံးအနက် အထက်မြန်မာပြည် ရွှေဘိုခရိုင်အတွင်းမှာ ရှိကြသည့် ဗမာလူမျိုး ရွှေဘိုသား၊ ရွှေဘိုနယ်သား၊ တော် တော်များများသည် ကျွန်ုပ်တို့အင်္ဂလိပ်အစိုးရအား ဒုက္ခအပေး ဆုံး၊ အဆိုးဆုံး၊ လူမိုက်လူဆိုး၊ လူညံ့တွေ ဖြစ်၏။ ကျွန်ုပ်တို့ အင်္ဂလိပ်အုပ်ချုပ်မှုတို့ကို အမျိုးမျိုးလှည့်ပတ်ပြီး ဒုက္ခလှလှ ကြီး ပေးကြလေ့ရှိ၏။

ရွှေဘို၊ ဝက်လက်၊ ကန့်ဘလူ၊ ရေဦး၊ ခင်ဦး၊ ဒီပဲ ယင်း၊ တန့်ဆည်၊ ကျွန်းလှ၊ မြို့နယ်ဘက်ဆီက သူပုန်ဓားပြ ပေါ်ပေါက်နေလေ့ရှိ၏။

ဘယ်လိုသတ်သတ် မကြောက်တတ်ကြချေ။ ယင်း ရွှေဘိုသား/ရွှေဘိုနယ်သားအပေါင်းတို့သည် Redindian



www.burmeseclassic.com

www.burmeseclassic.com

လူရိုင်းတွေကဲ့သို့ ကြမ်း၏။ ရမ်း၏။ မိုက်မဲ၏။ သေရဲကြ၏။ ၎င်းတို့အား အကြမ်းဆုံး ဥပဒေသစ်တစ်ခု သီးသန့် ရေးဆွဲ၍ အုပ်ချုပ်ပါမှ တော်ရုံကျပေမည်။ Divide and Rule လည်း သုံးရမည်။ ဗမာသည် ဗမာလူမျိုးဘက်က ဘက်လိုက်ယိမ်းနွဲ့ တတ်ကြသည်ကို ကျွန်ုပ်တို့ အင်္ဂလိပ်အစိုးရ သိထားသင့်၏။ သေရမှာကို မကြောက်တတ်သည့် မိုက်လုံးကြီးလှသော ရွှေဘိုသား အများအား မြှောက်ပင့်၊ ကျွေးမွေးကာ စည်းရုံးကြည့်၊ စမ်းကြည့်သင့်သေးသည်။

ဇာတိသွေး ဇာတိမာန်ကြီးလှသော ရွှေဘိုသားတို့အား ဇာတိသွေး ဇာတိမာန်ကို ရိုက်ချိုးပစ်ရမည်။ ရွှေဘိုသား၊ ရွှေဘိုသူအပေါင်း၏ အသည်းတွင်းတွင် အမြဲရှိနေလေသည်။ သူတို့၏ ရေးဘုရင် အလောင်းဘုရားဦးအောင်ဇေယျကို မြေမြှုပ်ချိုးနှိမ်ထားမှ ဖြစ်မည်။ သူပုန်တိုင်းလိုလိုသည် အလောင်းဘုရားအား အားပြုကာ မိုက်တွင်းနက်လျက် ရှိနေကြကြောင်း ကျွန်ုပ်တို့ အင်္ဂလိပ်အစိုးရ ကြိုတင်၍ သိထားရပေလိမ့်မည် ဖြစ်သည်ဟူ၏။



ဖေဖေ ဦးဖေခင် (သူရဲကောင်းဘွဲ့ရ) C.I.D အင်းစိန်၊ ၁၉၃၀

**ရွှေဘိုနယ်က သူပုန် . . . သူပုန် . . . ထ . . . ထ**

ရွှေဘိုသူဒေါ်လုရင်က အင်္ဂလိပ်လူမျိုး စက်ရှင်တရားသူကြီးအား ဓားမနှင့် ခုတ်ဖြတ်မှု၊

ရွှေဘိုသား အောင်ဒင်က ခရိုင်ဆည်မြောင်းမင်းကြီး မစ္စတာဘလူ(Mr.Blue)အား ဓားနှင့် ခုတ်မှု၊

ဒီပဲယင်းနယ် ကြည်ရွာက (ရသေ့ဗန္ဓက) ဦးဆောင်ပုန်ကန်မှု၊

ဒီပဲယင်းမြို့နယ် အရှေ့ သရက်ကန်ရွာသား ဆရာစံ (သုပဏ္ဏကဂဠုန်ရာဇာ)ဘွဲ့ခံ တောင်သူလယ်သမားခေါင်းဆောင်သူပုန်၊

ရေဦးမြို့နယ်က သူပုန်ဗိုလ်ပေါ်အိကြီးခေါင်း... သော သူပုန်အဖွဲ့၊

ကန့်ဘလူမြို့နယ်က ဓားတစ်လက်နှင့် အင်္ဂလိ... ရအား တော်လှန်သူ(မျှော်)နှင့်အဖွဲ့၊

တန့်ဆည်မြို့နယ် ဒေါင့်ကြီးရွာက အင်္ဂလိပ်... ထတော်လှန်သည့် သူပုန်ကြီး ဘကျား၊



www.burmeseclassic.com

www.burmeseclassic.com

ကနောင်မင်းတရားကြီး၏ သားတော် ထိပ်တင်မှတ်က ရွှေဘိုဘက်မှ ရပ်ကာ အင်္ဂလိပ်အစိုးရအား လူစု၍ တော်လှန်ခဲ့ရာဝယ် ရွှေဘိုသား၊ ရွှေဘိုနယ်သားတွေကို အလွန်အားကိုးခဲ့၏။ သတ္တိကောင်းပြီး သေရဲ၊ သတ်ရဲသည့် ဗမာ့သွေးရှိသူတွေ မဟုတ်ပါလား။ စစ်ကဲဦးရောက်သည် ရွှေဘို၏ အနောက်မှူးကမ်းကြီးရွာသား ဖြစ်၏။ စစ်ကဲကြီး ဦးရောက်၏ သားနှစ်ယောက်ဖြစ်သည့် ဗိုလ်လောနှင့် ဗိုလ်ဝင်းတို့ ညီအစ်ကိုသည် စားပြီး၊ တုတ်ပြီး၏။ မဟုတ်လျှင်မခံ၊ ဇာတိသွေး ဇာတိမာန် ရင့်သူပီပီ ထပ်တင်မှတ်၏ တော်လှန်ရေးသမားဖြစ်သည်နှင့်အညီ အင်္ဂလိပ်စစ်တပ်နှင့် မှူးကမ်းကြီးရွာအနီး၌ တိုက်ပွဲဖြစ်စဉ် အင်္ဂလိပ်စစ်ဗိုလ်၏ လက်တင်ဖက်ကိုဓားဖြင့် ခုတ်ဖြတ်ရဲသူမှာ မှူးကမ်းကြီးသား ဗိုလ်လောပင်တည်း။ (စကားချပ် ။ စံတော်ချိန်သတင်းစာ အကြံပေးအယ်ဒီတာ ဦးခင်မောင်ဦး(ရွှေဘို) ကလောင်အမည် (ဒီဦး)သည် နယ်ချဲ့အင်္ဂလိပ်အစိုးရအား တော်လှန်ပုန်ကန်ရင်း အသက်ပေးသွားရသူ ဗိုလ်လောနှင့် "ဘေး"တော်စပ်၏။ ရွှေဘိုဘာမထီခင်အောင်)

ရွှေဘိုခရိုင်၊ ကျွန်းလှမြို့က သူပုန်ခေါင်းဆောင် ဆရာတော်ဦးသုမန(သိုက်ဘွား) စသည် စသည်ဖြင့် ဟိုရွာကထပုန်ကန်လိုက်၊ ဒီနယ်က ထတော်လှန်လိုက်နှင့် ဦးကထောင်၊ ပဲ့ကရှေ့နှင့် အင်္ဂလိပ်အစိုးရအား ဒုက္ခလှလှပေးခဲ့ကြ တော်လှန်ခဲ့ကြသည်။

ရွှေဘိုသူ၊ ရွှေဘိုသားတွေ ညီလိုက်ပုံက အင်္ဂလိပ်အစိုးရအား ပုန်ကန်နေသူအား ဘယ်သူကမှ လက်ညှိုးထိုးကာ ဖော်ထုတ် လမ်းပြ မပေးလေချေ။

"တကာကြီး အင်္ဂလိပ်ကုလားဖြူကို ပုန်ကန်လို့ ဝရမ်းပြေးဖြစ်နေသပဆို ဘာမှမပူနဲ့။ ကျုပ်လည်း ဗမာပဲ။ ကျုပ်ရဲ့ဝေဠုဝန်ကျောင်းထဲမှာ ဖွက်ထားပေးမယ်။ ဘယ့်ကလောက်ကြာကြာ ကြာပလေ့လေစေ။ စားဖို့သောက်ဖို့ ဘာမှမပူနဲ့။ ကျုပ်တာဝန်သာယား" ရွှေဘို ဝေဠုဝန်ကျောင်းတိုက် ဆရာတော်ဦးဇဝန စကား။

"ဆရာတော် ဘုရားကို တောက်ထွန်းကို ရွှေဘိုမြို့ထဲမသွားစေပါနဲ့ ဘုရား။ အပြင်မှာတွေ့ သတင်းလာပေးတာနဲ့ တစ်ပြိုင်နက် တပည့်တော်က ဖမ်းပေးရတော့မှာပါဘုရား"

"အိမ်း...သခင်၊ သခင် ဘာမှမပူနဲ့။ တောက်ထွန်းကို ပြောထားမယ် ကြားလား"

အင်္ဂလိပ်အစိုးရ၏ လခစားကျေးကျွန်ဖြစ်နေရသူ ပုလိပ်စုံထောက် (ရာဇဝတ်အုပ်)ဖြစ်သူ ဖေခင်တစ်ယောက်ကလည်း ရွှေဘိုသားတို့၏ သွေးကို ပြလျက်တည်း။

❒❒❒

## အခန်း (၃)

## ရေဦးနယ်က သူပုန်ဗိုလ် "ပေါ်အိကြီး"ကို စုံထောက်ဖေခင်က ပစ်သတ်လိုက်ရခြင်း

ကျွန်ုပ်(ဖေခင်)သည် ၁၉၃၃ ခုနှစ်တွင် ရွှေဘို ပုလိပ်အဖွဲ့ ရာဇဝတ်အုပ် S.L.P ရာထူးနှင့်ပင် ရေဦးမြို့ ဌာနအုပ် (Police - Station Officer) P.SPO ရာထူးတာဝန်ဖြင့် ပြောင်းရွှေ့ရ၏။

ရာထူးမတိုး တာဝန်သာ တိုး၏။ အင်္ဂလိပ်လူမျိုး၏ ညစ်ကွက်၊ ရေဦးမြို့သို့ ကျွန်ုပ်ရောက်ရှိနေစဉ် သူပုန်ကြီး "ပေါ်အိ"က လူစု၍ အင်္ဂလိပ်အစိုးရအား ပုန်ကန်လျက်ရှိနေ၏။

တစ်နေ့သ၌ ရွှေဘိုခရိုင် ပုလိပ်ဝန်ကြီး (D.S.P) မစ္စတာအဲလစ်ဘရောင်း (MR. ALISS BROWN) က ကျွန်ုပ်အား ဆင့်ခေါ်လိုက်သဖြင့် ရွှေဘိုမြို့သို့ အော်စတင်ကားနှင့်သွားရသည်။ (ရေဦး - ရွှေဘို ၂၈ မိုင်ပဲ ဝေး၏။)

❒❒❒

## အခန်း (၄)

## အထူးတာဝန်ပေးအပ်ခြင်း

ရွှေဘိုခရိုင် ပုလိပ်ဝန်ကြီး၏ ရုံးခန်းသည် အလျားပေ ၂၀ × အနံ ၁၀ ပေခန့် ကျယ်၏။ ကော်ဇောအနီခင်းထား၏။ သူ့စားပွဲက ဘဲဥသဏ္ဍာန်အဖွဲ့ကို ကတ္တီပါအနီရင့်ရောင်ဖြင့် ဖုံးအုပ်ထားသည်။ စားပွဲရှည်ကြီးအပေါ်၌ စာအုပ်ထူကြီး ၄-၅ အုပ် File တွဲများ ကလောင်တန်နီ၊ ပြာ၊ နက် မင်အိုး၊ တံဆိပ်တုံးများ၊ စာရွက်၊ စာအိတ်များ စုံစုံညီညီထား၏။ ပုလိပ်ဝန်၏ ဆုံလည်ပက်လက်ကုလားထိုင်၏ အကြောဘက်မှာ ယူနီယံဂျက်အလံတော်ကို စနစ်တကျချိတ်ဆွဲထားသည့် King George ၏ ပုံ။



www.burmeseclassic.com

www.burmeseclassic.com

သူ့ရုံးခန်းထဲဝင်လျှင် (၁) သေနတ် မယူရ၊ (၂) ဖိနပ်မစီးရ၊ (၃) ဦးထုပ်ချွတ်ခဲ့ရသည်။ အပေါက်စောင့် နှစ်ဦးက ပန်ချာပီ ရိုင်ဖယ်သေနတ် ကိုယ်စီနှင့် လူ့တကာ စိုးရွံ့အောင် ဟန်ရေးပြထားတဲ့ အင်္ဂလိပ်။

မစ္စတာ အဲလစ်ဘရောင်းသည် အသက် ၅၀ အရပ် ခြောက်ပေ၊ ကိုယ်အလေးချိန်ပေါင် ၂၀၀ မျှ ရှိ၏။ အသားနီစပ်စပ်၊ သတ္တိကောင်းသူပါ။ ပြတ်သားတတ်သလို ရက်စက်တတ်၏။ သခင်တွေကို အလကားနေရင်း မုန်းနေသူ။

သူ့စားပွဲအနီး ခြေဆန့်ကာရပ်နေသည့် ကျွန်ုပ်အား တစ်ချက်ငဲ့ကြည့်လိုက်အပြီး -

"မင်း ရွှေဘိုမှာ ငါ့လက်အောက်မှာ တာဝန်ယူရစဉ် လူဆိုးတော်တော်များများကို သေနတ်နဲ့ပစ်ပြီး အရဖမ်းရဲတဲ့သူဖြစ်တဲ့အတွက် ရေဦးဌာနအုပ်ရာထူးနဲ့ ပြောင်းပို့လိုက်တာပဲ။ အဲ···အခု မင်းရဲ့နယ်မြေမှာ ငါတို့အင်္ဂလိပ်အစိုးရကို ပုန်ကန်ရဲတဲ့ ပေါ်အိခေါင်းဆောင်တဲ့ သူပုန်ပေါ်နေပြီး အဲဒါ မောင်ဖေခင် အုပ်ချုပ်ရတဲ့ နယ်ပဲ။ ကဲ···မင်းဘာလုပ်မလဲ ငါ့ကို ဘာကတိပေးမလဲ ပြော"

"ကျွန်တော် ဖမ်းပေးပါမယ်"

သူက တစ်ချက်ပြုံးဝင့်လိုက်ပြီး စားပွဲကို လက်ဝါးနဲ့ ရိုက်အပြီး "အဲဒါ ငါလိုချင်တဲ့အဖြေပဲကွ။ ရအောင်ဖမ်း။ တိုက်ပွဲဖြစ်မှာ၊ အသေသတ်ခဲ့ ဒါပဲ" တဲ့။

❐❐❐

## အခန်း (၅)
## မဟာမြိုင်သို့ နယ်မြေနင်းခြင်း တိုက်ပွဲဖြစ်ပြီ

ကျွန်ုပ်အား ရွှေဘိုခရိုင် ပုလိပ်မင်းကြီး Mr. Alis Brown က စားပြ၊ သူပုန်ခေါင်းဆောင် ပေါ်အိကြီးနှင့် အဖွဲ့အား သွားရောက်ဖြိုရန် အမိန့်ပေးသည့်နေ့မှာပင် တိုက်ပွဲအတွက် ပြင်ဆင်ရတော့သည်။

အသက်ငယ်၍ သန်စွမ်းရဲရင့်သည့် လူငယ်လူရွယ် ပုလိပ် ခြောက်ယောက်နှင့် ဆာဂျင်(တပ်ကြပ်ကြီး)တစ်ယောက် ပေါင်းခုနစ်ယောက်အား ရွေးလိုက်သည်။ ၁၀ ယောက်စာ ရိက္ခာအခြောက်များကို အိုးခွက်အပါအဝင် စီစဉ်ရသေးသည်။ အမဲခြောက်၊ ငါးခြောက်၊ ကုလားပဲ၊ ဆား၊ ကြက်သွန်နီ၊ ဖြူ၊ ဆီ၊ ငရုတ်၊ ဆန်၊ မြင်း ရှစ်ကောင်ကိုလည်း ရွေးထားသည်။ "ဝါနု"အမည်ရှိ မြင်းမလေးကို ကျွန်ုပ်စီးနေကျမြင်းမို့ ဘယ်သူမှ မကိုင်ရချေ။

ခရီးထွက်မည့်ရက် ၁၁-၁၁-၁၉၄၃ ရက် နံနက် ၇း၀၀ နာရီ။

တိုက်ပွဲဝင်မည့် ပုလိပ်ခုနစ်ယောက်အား တန်းစီစေပြီး တိုက်ရေးထွက်စကားကို ကျွန်ုပ်က ပြောသည်။ "နားထောင်၊ တို့သူပုန်ဗိုလ်ပေါ်အိကြီးနဲ့အဖွဲ့ကို ဖမ်းရမယ်။ မဟာမြိုင်ထဲမှာ အောင်းနေတယ်။ အင်အား ၂၀ ခန့် ရှိမယ်။ တောအတွင်း တိုက်ပွဲဖြစ်ရမှာ သေချာတယ်။ ပစ်ဖမ်းရမယ်။ သူတို့က လက်နက်ချမှာ မဟုတ်ဘူး။ ငါက အချက်ပေးမှ ပစ်ရမယ်။ ငါရှေ့ကနေမယ်။ ရိုင်ဖယ်သေနတ် ကျည်အတောင့် ၅၀ စီ ဘက်နက် ငါးမြှောင် စေ့ငှစွာ ပါမပါ အခုစစ်မယ်။ အနွေးထည်၊ စောင်၊ ရိက္ခာ၊ အိုးခွက် ပြည့်စုံရမယ်။ အဲ···မြင်းစာလည်း ပါရမယ်။ မှာထားမယ်။ ဆင်၊ ကျား၊ ကျားသစ်၊ မြွေ၊ မျောက်၊ ကင်းပေါတဲ့ မဟာမြိုင်ထဲဖြတ်ရမှာ သတိကြပ်ကြပ်ထား။ မြင်းတွေမလန့်အောင် ထိန်းပါ။ ကျား၊ ဆင်ကို ရှောင်ရမယ်။ မရှောင်သာမှ ငါပစ်မယ် ဆာဂျင်စိန်ရ မီးဒုတ် လက်နှိပ်ဓာတ်မီး၊ မီးခြစ်တွေ ပါရဲ့လား။ ကဲ···အားလုံးကိုစစ်မယ် အဆင်သင့်ပြင်"

နာရီဝက်မျှ သေသေချာချာစစ်အပြီး မြင်းကိုယ်စီစီးလျက် ရဲရဲဝံ့ဝံ့ နောက်မတွန့်ဘဲ ရေဦးမြို့မှ မဟာမြိုင်တောနက်ကြီးဆီသို့ ခရီးနှင်ကြသည်။

❐❐❐

## အခန်း (၆)
## တွေ့ကြ၊ တိုက်ကြပြီ

မဟာမြိုင်တောနက်ကြီးအတွင်း ကျွန်ုပ်တို့အဖွဲ့ ပေါ်အိတို့ သူပုန်အဖွဲ့အား လှည့်လည်၍ ရှာဖွေကြရာ ရှစ်ရက်မြောက် ညနေ ၅း၀၀ နာရီခန့်တွင်၌ တောတွင်း၏ တစ်နေရာဝယ် ယာယီတဲထိုးကာ ခိုအောင်းနေလေသော ပေါ်အိတို့အား တွေ့ရလေချေသည်။ အရက်သောက်ရင်း ထမင်းဝိုင်း၍ စားသောက်နေကြစဉ်···

ဆာဂျင်စိန်ရက "ရှေ့မှာ···ရှေ့မှာ" လေသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သတင်းပို့၏။

"တွေ့တယ်။ သေနတ်တွေမောင်းတင်။ ဘယ်ညာလှည့်ခွဲ ဝိုင်းစမ်း"

ကျွန်ုပ်က အမိန့်ပေးစဉ် ထင်းစီးတွေ ထမ်းရွက်လာသော သူပုန်တစ်ယောက်က ကျွန်ုပ်တို့အား မြင်သွားကာ

"ရန်သူ ရန်သူ၊ ရန်သူ ရန်သူ"

အော်ရင်း ထင်းစီးချ ပြေးလေတော့၏။

"ပစ်..."

"ဒိုင်း...ဒိုင်း...ဒိုင်း...ဒိုင်း"

တစ်တောလုံး သေနတ်သံတွေ ဟိန်းသွားသည်။ ပွဲတင်ထပ် ဆူလို့ညံလို့လေ။ ပေါ်အိတို့ကလည်း ခံပစ်သည်။

တိုက်ပွဲဖြစ်၍ နာရီဝက်ကျော်ကျော် အကြာတွင် ကျွန်ုပ်နှင့် ပေါ်အိကြီး တစ်ယောက်ချင်းချင်း ရင်ဆိုင်တွေ့ကြတော့သည်။ သူ့လက်ထဲမှာ လှံတံကြီးနှင့်ရယ်။ ကျွန်ုပ်က ခြောက်လုံးပြူးနှင့်။ ပေါ်အိကြီးက ခါးတောင်းကို မြှောင်နေအောင် ကျိုက်ထား၏။ သူ့ကိုယ်လုံးက ပေါင် ၂၀၀ မက။ အရပ် ငါးပေ ရှစ်လက်မလောက် ရှိနိုင်သည်။ မျက်နှာက ဝိုင်းစက်စက်။ ကျောက်ပေါက်မာတွေ ဗရပွနှင့်။ သူ့သျှောင်က ပိတုန်းရောင်တမျှ။

ကျွန်ုပ်အား အံကြိတ်ကာ ကြည့်နေသည်။ လှံကြီးနှင့်လည်း ချိန်ရွယ်ထားသည်။ သူ့ကို ကျွန်ုပ်ကလည်း ခြောက်လုံးပြူးနှင့် ချိန်ရွယ်လျက်ပါ။ သူနှင့် ကျွန်ုပ် ၁၅ ပေမျှပဲ ကွာသည်။

"လက်နက်ချလိုက်ပါ။ ခင်ဗျားကို မသတ်ချင်ဘူး" သူက ဘာမှမပြော။

"ဟိတ်လူ...လက်နက်ချ"စကား မဆုံးမီ -

ပေါ်အိကြီးက သူ့ညာလက်ထဲက လှံတံကြီးကို အားရပါးရ ကျွန်ုပ်ထံသို့ ပစ်လွှတ်လိုက်သည်။ ကျွန်ုပ်က တိမ်းရှောင်လိုက်ရာ အနီးက ညောင်ပင်ကြီးကို သွားရောက်စိုက်သည်။

"ဒိုင်း..."

သူပက်လက်လန်၍ လဲကျသွားရသည်။

"ကျုပ် ခင်ဗျားကို ပစ်မသတ်ချင်လို့ လက်နက်အချခိုင်းတာ။ ခင်ဗျားနားမထောင်ဘူး။ ဗမာအချင်းချင်းမို့ ကျုပ်မသတ်ရက်ဘူး"

ပေါ်အိကြီး၏ရင်ဘတ်က သွေးတွေ ဒလဟောပန်းထွက်နေလေသည်။ ရဲလို့နီလို့လေ။ ပေါ်အိကြီးက စကားမပီမသဖြင့် ပြောလိုက်သည့် နောက်ဆုံးစကားကတော့ -

"ကျုပ်...ကျုပ်...သူကြီးပါ။ ဗမာတွေကို နှိပ်စက်...နှိပ်စက်လွန်းတဲ့ အင်္ဂလိပ်ကို ကလဲ့စားချေချင်လို့ သူပုန်...သူပုန်လုပ်တာ" တဲ့ဗျား...။

ပြီး ပေါ်အိကြီး အသက်ထွက်သွားသည်။ ပေါ်အိ၏ နောက်ဆုံးစကားသည် မျိုးချစ်စကားပေမို့ ကျွန်ုပ်၏ နှလုံးကို ထိသွားကာ ကျွန်ုပ် မျက်ရည်ပေါက်ပေါက် ကျရလေတော့သည်။

(မှတ်ချက်) ။ ။ သူပုန်ဗိုလ်ပေါ်အိကြီးကို အသေသတ်၍ ဖမ်းပေးနိုင်ခဲ့၍ ရန်ကုန်မြို့နေ ပုလိပ်မင်းကြီး Mr. Well-Born က သူ့ရဲကောင်းတံဆိပ်နှင့် ဆုတော်ငွေ Rupee ၅၀ ဆုချခဲ့၏။

အကယ်၍သာ ကျွန်ုပ်၏နေရာတွင် အင်္ဂလိပ်လူမျိုးသာ ဖြစ်နေပါက ဗြိတိန်နိုင်ငံအထိ စာတင်ပေးပြီး (ဘုရင့်ဂုဏ်ပြုလွှာ၊ ရာထူး၊ ဆုတော်ငွေ ၅၀၀၀ ထက်မနည်း ချီးမြှင့်မည်မှာ သေချာသည်။ ဗမာလူမျိုး ဖြစ်နေသဖြင့် ထိုက်ထိုက်တန်တန် မချီးမြှောက်ပေ။ ထိုသည်မှာ နယ်ချဲ့အင်္ဂလိပ်မျက်နှာဖြူလူမျိုးတို့၏ ညစ်ပတ်စုတ်ပဲ့သော ဉာဏ်ဖြစ်ချေသည်။

*ဝန်ခံချက်* ။ ။ ဖေဖေဦးဖေခင် သူ့ရဲကောင်းဘွဲ့ရ၏ အင်္ဂလိပ်လို ရေးမှတ်ထားသော ရာဇဝတ်မှုနှင့်ပတ်သက်သည့် နေ့စဉ်မှတ်တမ်း မြောက်မြားစွာထဲမှ ၁၉၃၃ ခုနှစ်က ရေဦးမြို့ ဌာနအုပ်ဘဝက သူပုန်ကြီးပေါ်အိအား အသေပစ်သတ်၍ ဖမ်းပေးလိုက်ရသည့် ရာဇဝတ်မှုကို ဖတ်၍ကောင်းအောင် ဝတ္ထုဆင်ပြီး ရေးပါသည်။ ဖေဖေသည် ၁၉၅၂ ခုနှစ်က ရွှေဘိုခရိုင် ရဲဝန် *(D.S.P)* ရာထူးဖြင့် ပင်စင်ယူခဲ့၏။ ယခု ကွယ်လွန်။

**ရွှေဘိုဘာမထီခင်အောင်**

**09-45918[illegible]21**



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော် လူထုပညာရေးမှူး

သူတော်စင် မင်းအောင်

(ယခင်လမှ အဆက်)

### ချောင်းဒေါင်းရွာ ရက်ကန်းလုပ်ငန်း

ချောင်းဒေါင်းရွာကြီးသည် မြင်းခြံမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိသည်။ စွန်းလွန်းရွာကဲ့သို့ပင် မြို့၏နယ်နိမိတ်နှင့် အနီးဆုံးဖြစ်၍ မြင်းခြံထောင်ကြီး၏ဘေးလမ်းမှ ချောင်းဒေါင်းရွာသို့ သွားရသည်။ ချောင်းဒေါင်းမြောက်ရွာ၊ တောင်ရွာဟု ရွာကို နှစ်ပိုင်းခွဲပြီး ခေါ်ကြလေသည်။

ချောင်းတောင်ရွာတွင် အဓိကစီးပွားရေးလုပ်ငန်းများမှာ ချည်ထည်ရက်ကန်းလုပ်ငန်းဖြစ်သည်။ အိမ်ကြီးအိမ်ကောင်းများ၊ တိုက်များအတွက် လက်ရာကောင်းသော လက်သမားအကျော်အမော်များလည်း ထိုချောင်းဒေါင်းရွာမှ ထွက်သည်။ အထက်မြန်မာပြည်တွင် နာမည်ကျော်ကြားသော ချောင်းဒေါင်းမြေပဲယိုနှင့် နှမ်းပြစ်လုပ်ငန်းလည်း ရှိပါသည်။

ရက်ကန်းလုပ်ငန်းများတွင် ကျားဝတ်လုံချည်၊ စားပွဲခင်း၊ လက်သုတ်ပဝါ၊ ချည်ခြုံစောင်များ ရက်လုပ်ကြသည်။ ချောင်းဒေါင်းလုံချည်များမှာ ဆေးခိုင်ပြီး ချောသဖြင့် လူလတ်တန်းစားနှင့် ဆင်းရဲသားများ၊ အလုပ်သမားများ အားထား ဝတ်ဆင်ကြသည်။ နာမည်လည်းရသည်။ ထိုအခါက လုံချည်တစ်ထည်ဈေးနှုန်းမှာ နှစ်ကျပ်တစ်မတ်ဖြစ်သည်။ ရွှေတောင်ဘက်ကထွက်သော နွားရိုင်းတံဆိပ်နှင့် ဂျစ်ကားတံဆိပ်လုံချည်များမှာ လေးကျပ်ခွဲဈေးပေးရသည်။

ရက်ကန်းလုပ်ငန်းတွင် သုံးစွဲသော ချည်များကို မန္တလေးမြို့နှင့် မုံရွာများသို့ သွားရောက်ဝယ်ကြသည်။ များသောအားဖြင့် အိန္ဒိယနိုင်ငံမှထွက်သော ချည်များကို ဝယ်ယူသုံးစွဲကြသည်။ အိုင်စီအိုင် ချည်ဆိုးဆေးများကို ရန်ကုန်မှာ ဝယ်ကြရသည်။

ချည်များနှင့် ချည်ဆိုးဆေးများကို ရန်ကုန်မြို့ပြည်သူ့ထောက်ပံ့ရေးဌာနမှာ ဝယ်ယူခွင့်ရရှိရေးအတွက် ရက်ကန်း သမဝါယမအသင်း ဖွဲ့စည်းရလေသည်။ သမဝါယမ
အသင်း ဖွဲ့စည်းရေးအတွက် ကျွန်တော်နှင့် သမဝါယမ
ဝန်ထမ်းမှူးတို့ ဆွေးနွေးတိုင်ပင်ညှိနှိုင်းရသည်။ သမဝါယမ
ဌာန၏ စည်းမျဉ်းဥပဒေများနှင့်အညီ ဖွဲ့စည်းနိုင်ရေး၊
ရက်ကန်းလုပ်ငန်းသမအသင်းအတွက် အခြေခံစည်းမျဉ်း
ဥပဒေများ ထားရှိရေး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့
လိုက်နာရမည့်အချက်များ ပြည့်စုံစွာထားရှိရေးအတွက်
သမဝါယမဝန်ထမ်းမှူးက ဦးဆောင်ကူညီရေးဆွဲပေးပါ
သည်။ ဖွဲ့စည်းပြီးသောအခါ ရန်ကုန်မြို့ ပြည်သူ့ထောက်ပံ့
ရေးဌာနမှ ချည်ထုပ်များ၊ ချည်ဆိုးဆေးများကို ဝယ်ယူခွင့်
ရရှိသဖြင့် ယခင်ကပုဂ္ဂလိက ကုန်သည်များထံမှ တစ်ဦးချင်း
ဝယ်ရသည့်ဈေးနှုန်းထက် များစွာ သက်သာပါသည်။ ကုန်
ကြမ်းဈေးသက်သာသည့်အတွက် အကျိုးအမြတ် ပိုမိုရရှိ
လာပါသည်။ ယခင်က ကျားဝတ်လုံချည်တစ်ထည်လျှင်
နှစ်ကျပ်တစ်မတ်ဈေး ရောင်းနေရာမှ နှစ်ကျပ်ဈေးဖြင့်
ရောင်းနိုင်လာပါသည်။ သုံးစွဲသူများလည်း လုံချည်တစ်
ထည်လျှင် တစ်မတ်ဈေးသက်သာသွားသည်။

ထိုအခါက ဘူးနို့ဆီ၊ နို့စိမ်းဘူးတို့ဖြင့်ဖျော်သော
လက်ဖက်ရည်တစ်ခွက်ကို တစ်မတ်ပေးရသည်။ ယခုခေတ်
လက်ဖက်ရည်ဆိုင်များတွင် သုံးနေသောပန်းကန်များထက်
ကြီးသော ပန်းကန်များဖြစ်သည်။ လက်ဖက်ခြောက်လည်း
အရောအနှော အကြံအဖန်မရှိ။ အကောင်းစားများဖြစ်
သဖြင့် ယခုခေတ် "ထူးရှယ်"ထက် အရသာပိုကောင်းပါ
သည်။

❧

သမဝါယမအသင်းဖွဲ့စည်းပြီး စည်းမျဉ်းစည်းကမ်း
များနှင့်အညီ အသင်းအမှုအဆောင်များက ကြီးကြပ်
ခြင်း၊ အသင်းသားများကလည်း လိုက်နာကျင့်သုံးခြင်းဖြင့်
လက်တွေ့အကျိုးကျေးဇူးခံစားကြရပုံကို အသင်းဝင်များ



www.burmeseclassic.com

www.burmeseclassic.com

အားလုံး သိရှိလာကြလေသည်။ မိမိတို့လုပ်ငန်းအတွက် ရရှိသော ကုန်ကြမ်းများကို ကုန်ချောထုတ်လုပ်ကြခြင်းကြောင့်သာ အကျိုးကျေးဇူးကို အသင်းသားတိုင်း ရရှိခံစားကြရခြင်းဖြစ်လေသည်။

အကယ်၍သာ မိမိတို့ရရှိသော ကုန်ကြမ်းများကို ကုန်ချောမထုတ်လုပ်ကြဘဲ ချည်ထုပ်များ၊ ဆိုးဆေးများကို အပြင်သို့ရောင်းစားကြမည်ဆိုလျှင် သမဝါယမအသင်းလည်း ပျက်ပြီး ရေရှည်အကျိုးရရှိကြမည် မဟုတ်ပေ။

ထို့ကြောင့် ရက်ကန်းသမဝါယမအသင်းအတွက် ဝယ်ယူရရှိသော ချည်ထုပ်များနှင့်ဆိုးဆေးများကို အမှန်သုံးစွဲမှုရှိ မရှိ၊ ကုန်ကြမ်းများအပြင်သို့ ရောင်းချမှုရှိ မရှိတို့ သိရှိနိုင်ရန်အတွက် လစဉ်စီစစ်စစ်ဆေးသည့် တာဝန်ကိုလည်း သမဝါယမဝန်ထမ်းမှူးနှင့် ကျေးရွာလူကြီး ငါးဦးပါဝင်သော အဖွဲ့မှစည်းကမ်းထိန်းသိမ်းပြီး အမြဲစစ်ဆေးရလေသည်။

ဤကဲ့သို့ စနစ်တကျ ဆောင်ရွက်နိုင်ခဲ့သဖြင့် ရက်ကန်းသမဝါယမအသင်းသည် တိုးတက်အောင်မြင်မှု ရရှိခဲ့လေသည်။ ကျေးရွာစီးပွားရေးဝင်ငွေလည်း တိုးတက်လာလေသည်။

ရက်ကန်းသမဝါယမအသင်း၏ အောင်မြင်မှုကို အခြေပြု၍ ချောင်းဒါးရွာမှာလည်း စာကြည့်တိုက်တစ်ခုကို နတ်ထားရွာကဲ့သို့ စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့လေသည်။

အင်္ဂလိပ်ခေတ်တုန်းက ဘောလုံးကွင်းဟောင်းမှာ ချောင်းဒါးရွာထိပ်မှာ ရှိသဖြင့် ကျေးရွာလူငယ်များအတွက် ဘောလုံးအသင်း၊ ဘော်လီဘောအသင်းများ ဖွဲ့စည်းပေးပြီး ကျေးလက်ကျန်းမာကြံ့ခိုင်ရေးကို ဆောင်ရွက်ပေးပါသည်။ လူကြီးနှင့်လူလတ်များအတွက် ခြင်းလုံးဝိုင်းများလည်း ထောင်ပေးထားလေသည်။

မြင်းခြံမြို့တွင် နှစ်စဉ်ကျင်းပသော လွတ်လပ်ရေးအောင်ပွဲတွင် ဘော်လီဘောအသင်း၊ ခြင်းလုံးအသင်းများနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြလေသည်။

✦✦✦

## မြင်းခြံမှာလေ့လာစရာနေရာများ

မြန်မာ့သမိုင်းစာမျက်နှာတွင် အထင်ကရဖော်ပြပါရှိသော 'ရန္တပို'စာချုပ်နှင့် 'မြင်းခြံခံတပ်'တို့ တည်ရှိရာနေရာများကို ကိုယ်တိုင်သွားရောက် ကြည့်ရှုလေ့လာလိုသော ဆန္ဒများ မြင်းခြံသို့ တာဝန်ချထားသော အော်ဒါထွက်ကတည်းက ဖြစ်ပေါ်ခဲ့သည်။

ကျွန်တော် မြင်းခြံသို့ရောက်ရှိသော အချိန်တွင် ပတ်ဝန်းကျင်ရွာများမှာ ကွန်မြူနစ်များစခန်းချနေကြခြင်း၊ ဝင်ထွက်သွားလာ ကျက်စားခြင်းတို့ ရှိနေသဖြင့် အတင့်ရဲပြီး မသွားဝံ့သေးချေ။ အခြေအနေစုံစမ်းပြီးမှ သွားမည်ဟု အားခဲထားသည်။

မြင်းခြံခံတပ်သည် မြို့နှင့်မဝေးသောနေရာတွင် ရှိသဖြင့် ပထမဦးစွာ သွားရောက်လေ့လာဖြစ်သည်။ အဲဒီနေရာက မြန်မာ့သမိုင်း၏နောက်ဆုံးနေ့များရဲ့ အဓိကနေရာဖြစ်သည်။

"အင်္ဂလိပ်ရေတပ်ကို ခုခံမတိုက်ခိုက်ရ"ဟု မန္တလေးနေပြည်တော်မှ အမိန့်ထုတ်သည့် ကြေးနန်းကို မနာခံဘဲ မှုပ်ရှုပ်ချုံချုံ တွန်းလှန်တိုက်ခိုက်သည့် နောက်ဆုံး ခံတပ်လည်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင်သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်က ဖြစ်သည်။ ကုန်းဘောင်မင်းဆက် ၁၁ ဆက်တွင် နောက်ဆုံးမင်းဖြစ်သည်။ အရွယ်ကငယ်ငယ်၊ အတွေ့အကြုံက နုနုနယ်နယ်၊ သူ့မိဖုရားစုဖုရားလတ်က သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက် မင်းနှစ်ပါးမှာ ခစားနေကြသော မှူးမတ်များက ငယ်ရွယ်နုနယ်သော အရှင်နှစ်ပါးကို သူတို့လိုရာ ပုံသွင်းချင်ကြသည်။ တိုင်းပြည်နှင့်လူမျိုး မျက်နှာကိုမထောက်ထား၊ မစဉ်းစား။ သူတို့အတ္တအကျိုးတစ်ခုတည်းကိုသာ ကြည့်ကြပြီး သူ့ဘက်ကိုယ့်ဘက် ယက်နေကြချိန်။ မိမိတို့ဩဇာတန်ခိုးကြီးမားအောင်သာ အားပြိုင်နေကြသည်။

အမှန်တော့ ထိုအချိန်က မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်နယ်ချဲ့တို့လက်အောက် ကျရောက်ဖို့ တည်းတည်းလေးသာ လိုတော့သည့်အချိန်။ အောက်မြန်မာနိုင်ငံတစ်ခု လုံးကို အင်္ဂလိပ်တို့က သိမ်းပိုက်ထားပြီး ဖြစ်နေသည်။ မြန်မာ့ဦးစွန်း၊ မြန်မာ့ထီးနန်းရှိရာ အထက်မြန်မာနိုင်ငံကို



www.burmeseclassic.com

www.burmeseclassic.com

သိမ်းပိုက်ဖို့ အခွင့်ကောင်းကိုချောင်းနေတဲ့အချိန်။ ထိုအချိန်ကို အခွင့်ကောင်းယူပြီး ကင်းဝန်မင်းကြီးဦးကောင်းကလည်း သီပေါမင်းကိုဖြုတ်ချမည်။ သူကြိုးဆွဲသလိုကမည့် မင်းသားတစ်ပါးပါးကို နန်းတင်ရန် ကြိုးစားနေခြင်း ဖြစ်သည်။ နန်းတွင်းမှာလည်း အရေးပါ အရာရောက်သည့် ပုဂ္ဂိုလ်အချင်းချင်းက စည်းလုံးညီညွတ်မှု မရှိ။ ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ကင်းဝန်မင်းကြီးက တစ်အုပ်စု၊ တိုင်တားမင်းကြီးက တစ်အုပ်စု၊ လေ့သင်းအတွင်းဝန်မင်းက တစ်အုပ်စု သုံးအုပ်စုကွဲလျက်ရှိနေပေသည်။

ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးတို့က သီပေါမင်းကို မလိုလား၊ ထက်မြက်သော အာဏာရှင်စုဖုရားလတ်က ဘုရင်အပေါ် ဩဇာလွှမ်းမိုးနေခြင်းကြောင့် ဖြစ်သည်။ စုဖုရားလတ်ကလည်း မယ်တော်ရင်းဆင်ဖြူမရှင်ကိုပင် ဖြောင့်ဖြောင့် ဆန့်ကျင်နေသည်။ ကင်းဝန်မင်းကြီးကိုလည်း အယုံအကြည် မရှိ။ ဤသို့ဖြင့် နန်းတွင်း၌ဩဇာအာဏာ ကျဆင်းနေကြသော ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးတို့ ပူးပေါင်းပြီး သီပေါမင်းကိုနန်းချရန် ကြံစည်နေကြသည်။

အကွက်ကောင်းကို ချောင်းနေသော အင်္ဂလိပ်တို့က ထိုအခြေအနေကိုသိပြီး မြန်မာတို့ကို စစ်ကြေညာသည်။ ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးတို့က အင်္ဂလိပ်တို့ကို ဖက်ပြိုင်ပြီး စစ်မတိုက်ချင်။ ထို့ကြောင့် လွှတ်တော်အစည်းအဝေးမှာ "အင်္ဂလိပ်တို့နှင့် စစ်မတိုက်ဖို့" တင်ပြပြောဆိုကြသည်။ မိဖုရားခေါင်ကြီးစုဖုရားလတ်က လုံးဝလက်မခံ။ သတ္တိမရှိရင် ထဘီဝတ်ထားဟုပင် ရင့်ရင့်သီးသီးပြောသည်။ ကင်းဝန်မင်းကြီးကလည်း ဖွဲမလျှော့။ "စစ်တိုက်ဖို့" ကျိုးကြောင်းစုံပြပြီး ဖျောင်းဖျသည်။ စုဖုရားလတ်က မာန်မဲလိုက်တော့ ဆုံးဖြတ်ချက်ချမည့် သီပေါမင်းအလှည့်သို့ရောက်လာသည်။ စုဖုရားလတ်၏အလိုကိုသာ အမြဲလိုက်နေသော သီပေါမင်းက စုဖုရားလတ်သဘောအတိုင်းပင် "စစ်တိုက်ဖို့" ဆုံးဖြတ်လိုက်သည်။

အင်္ဂလိပ်တို့၏ အဓိကစစ်အင်အားမှာ ရေတပ်သာ ဖြစ်သည်။ ရေတပ်ဖြင့် ဧရာဝတီမြစ်စဉ်တစ်လျှောက် ဆန်တက်လာပြီး တိုက်ခိုက်လာမည်။ ထိုရေတပ်ကို ခုခံတိုက်ခိုက်ဖို့ မြန်မာ့ရေကြောင်း စစ်သေနာပတိချုပ် လေ့သင်းအတွင်းဝန်မင်းက မြင်းခြံခံတပ်ကို အဓိကမဏ္ဍိုင်ပြုပြီး ခံတိုက်ရန် စီစဉ်သည်။ တပ်စစ်သည်အင်အား ၇၀၀၀ ကျော်ရှိသည့်အနက် တစ်ဝက်ကို မြင်းခြံခံတပ်အတွင်းထားပြီး ကျန်တစ်ဝက်ကို ဝွေးချောင်းခံတပ်၊ မင်းလှခံတပ်၊ အင်းဝခံတပ်၊ စစ်ကိုင်းခံတပ်တို့မှာ ခွဲဝေတာဝန်ချထားသည်။

အင်္ဂလိပ်ရေတပ်သည် ဧရာဝတီအောက်မြစ်ရိုးတစ်လျှောက်ရှိ ခံတပ်များကို တစ်ခုပြီးတစ်ခုချေမှုန်းတိုက်ခိုက်လာပြီးနောက် မြင်းခြံဆိပ်ကမ်းနားသို့ နီးကပ်စွာရောက်လာလေပြီ။ မြင်းခြံခံတပ်မှာ ရေကြောင်းစစ်သေနာပတိချုပ်ကိုယ်တိုင် ဦးစီးကြပ်မတ်နေကြောင်းကိုလည်း သိနေပေသည်။ သတိကြီးစွာထားပြီး ချဉ်းကပ်လာနေကြသည်။

လေ့သင်းအတွင်းဝန်မင်းက ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော သူ၏လက်ရွေးစင် ဗိုလ်၊ အကြပ်၊ တပ်သားများဖြင့် မြင်းခြံခံတပ်ကို အခိုင်အမာပြုထားပေသည်။ အမြောက်ကြီးများကိုလည်း စံနစ်တကျ နေရာချစီစဉ်ထားသည်။ ရန်သူစစ်သင်္ဘောများကို မီးရှို့ဖျက်ဆီးနိုင်သည့် မီးဖောင်များကိုလည်း အသင့်ဆောက်လုပ်ထားသည်။

ထိုအချိန်မှာပဲ နေပြည်တော်ရှိ လွှတ်တော်မှ "အင်္ဂလိပ်စစ်သင်္ဘောများကို ခုခံတိုက်ခိုက်ခြင်းမပြုရ" ဟူသော ကြေးနန်းက ဝင်လာသည်။

ရေကြောင်းဗိုလ်ချုပ်ကြီးက သူ၏သွေးသောက်လက်ရုံး ဗိုလ်မင်းတို့ကိုခေါ်ယူပြီး –

"ဒီကြေးနန်းဟာ ကင်းဝန်မင်းကြီးလက်ချက်ဖြစ်တယ်။ ငါတို့အလုပ်က ကျူးကျော်လာတဲ့ရန်သူကို ခုခံတိုက်ခိုက်ဖို့ပဲဖြစ်တယ်။ ဒါကလွဲပြီး အခြားဘာမှမရှိဘူး။ ငါကတော့ နောက်ဆုတ်မည်မဟုတ်။ ကိုယ့်အရှင်၊ ကိုယ့်လူမျိုးအတွက် အသက်စွန့်တိုက်မယ်။ သွေးသောက်တို့ တိုက်ရဲလား"ဟု မေးတော့ –

"တိုက်မယ် ... တိုက်မယ်"ဟူသော အသံပြိုင်ကြွေးကြော်သံများက မြင်းခြံခံတပ်တစ်ခုလုံးကို လွှမ်းခြုံသွားလေသည်။

အင်္ဂလိပ်ရေတပ်မှ တိုက်သင်္ဘောတစ်စင်းသည် မြင်းခြံခံတပ်အနီး အမြောက်တစ်ကမ်းအကွာသို့ ရောက်ရှိလာသောအခါ မြေကတုတ်ကျင်းများမှာ အမြောက်ကြီးများ၏ ရုတ်တရက် ပစ်ခတ်သံများသည် မိုးသီးမိုးပေါက်ပမာ ဆူညံသွားသည်။ အင်္ဂလိပ်တိုက်သင်္ဘောများကလည်း တစ်စီးပြီးတစ်စီး အလှည့်ကျတက်ရောက်ကာ မြန်မာ့ခံတပ်များကို



www.burmeseclassic.com

www.burmeseclassic.com

အမြောက်စက်သေနတ်များဖြင့် ပစ်ခတ်ကြသည်။ ထိုအချိန်မှာ မီးဖောင်များကို မျှောသဖြင့် အင်္ဂလိပ်တိုက်သင်္ဘောများ တစ်စီးပြီးတစ်စီး ဆုတ်ခွာထွက်ပြေးကြသည်။

ရေကြောင်းဗိုလ်ချုပ်ကြီး လှေသင်းအတွင်းဝန်မင်းကိုယ်တိုင် မြင်းခြံခံတပ် ကတုတ်ပေါ်မှ ဓားတဝင့်ဝင့်ဖြင့် အမိန့်ပေးနေသည်။ ရန်သူကလည်း ရွှေထီးတဝင့်ဝင့်ရှိနေသော ရေကြောင်းဗိုလ်ချုပ်ကြီး ရှိရာဆီသို့ ပစ်မှတ်ထားပြီး စက်သေနတ်များဖြင့် ဒရစပ်ပစ်ခတ်ကြသည်။ လှေသင်းအတွင်းဝန်၏အနီးအနားတွင် ရန်သူ့ကျည်ဆန်တို့သည် မိုးသီးမိုးပေါက်ပမာ ကျနေသည်။ ရေတပ်ဗိုလ်ချုပ်ကြီးဘဇာကိုမျှ မမှု။ ဒီခံတပ်ကျလျှင် မြန်မာ့ထီးနန်းလည်း ရန်သူတို့လက်အောက်သို့ ကေန်ကျရောက်ပေတော့မည်။ ရန်သူ့ကျည်ဆန်တွေ တဝီဝီကြားက ဓားတဝင့်ဝင့်ဖြင့် သူ့ရဲမက်များကို အမိန့်ပေးနေသည်။ ''ပစ် . . . ပစ်'' ရဲမက်စစ်သည်များကလည်း ဒူးမထောက်၊ လက်မမြှောက်၊ ရန်သူကိုဘယ်တော့မှ အရှုံးမပေးသောစိတ်ဓာတ်ဖြင့် မနားတမ်းခုခံတိုက်ခိုက်ကြသည်။

မြန်မာ့ရေတပ်ဗိုလ်ချုပ်ကြီးသည် ရွှေထီးတဝင့်ဝင့်နှင့် အော်ဟစ်အမိန့်ပေးနေသည်မှာ ဤနေရာများဖြစ်လေသလား၊ အမြောက်ကြီးတွေ ဆင်ထားတာက ဤနေရာဖြစ်နိုင်သည်။ စစ်သည်ဗိုလ်ပါရဲမက်များက ထိုကတုတ်ကျင်းများကနေ ခုခံပစ်ခတ်တာ ဖြစ်လိမ့်မည်ဟု ကျွန်တော်သည် မြင်းခြံ ခံတပ်ကုန်းမို့မို့ပေါ်တက်ပြီး တွေးနေမိသည်။

အကယ်၍သာ မြန်မာ့တပ်မတော်ကြီးနှင့် ရေတပ်ကြီး၏လက်ဝယ်တွင် အင်္ဂလိပ်တို့ကဲ့သို့ ခေတ်မီသေနက်များ၊ **အမြောက်ကြီးများ**၊ ခဲယမ်းမီးကျောက်များ အသင့်ရှိနေမည်ဆိုလျှင် ဤမြင်းခြံခံတပ်နေရာတွင် မြန်မာ့သမိုင်းပြောင်းလဲသွားနိုင်ပေမည်။

လက်နက်ခဲယမ်းအင်အားခြင်း တူဦးတော့။ 'မြန်မာ့ဇာတိသွေး'၊ 'သတ္တိ'၊ 'စွန့်လွှတ်စိတ်ထား'ကို အင်္ဂလိပ်တို့ဘယ်နည်းနှင့်မျှ မယှဉ်ပြိုင်နိုင်။ ယခုတော့ . . .

လက်နက်အင်အား အဆမတန် သာလွန်နေသော အင်္ဂလိပ်တို့က မြန်မာ့ထီးနန်းကို အလွယ်တကူသိမ်းပိုက်လိုက်လေပြီ။ ''တောက်'' မြင်းခြံခံတပ်ပေါ်မှ ကျွန်တော့် ''တောက်''ခေါက်သံ။ ထိုအခါ မိမိသည်လည်း မြန်မာ့ရေတပ် ဗိုလ်ချုပ်ကြီး၏ သွေးသောက်တစ်ဦး ဖြစ်နေမည်လား။

ဒီအတွေးက ကျွန်တော့်ကို ကြက်သီးဖြန်းဖြန်းထစေခဲ့သည်။ မျိုးချစ်စိတ်၊ မျိုးချစ်သွေးတို့ ပြန်လည်ဆူဝေလာခဲ့လေသည်။

ဪ . . . ယခုတော့ အရာရာတို့သည် ပြောင်းလဲခဲ့လေပြီ။ တစ်ချိန်က စည်ကားလှသော မြင်းခြံဆိပ်ကမ်းနေရာမှာ သဲသောင်မြေနုများ မြင့်တက်လာပြီး ဆေးရွက်ကြီးခင်းများ၊ လူနေအိမ်ခြေများ ဖြစ်နေပေပြီ။ ဧရာဝတီမြစ်ကြောင်းသည် တစ်မိုင်ခန့်ဆုတ်ခွာပြီး စီးဆင်းနေလေသည်။

မြင်းခြံခံတပ်ဟောင်းသည် ကုန်းမို့မို့တစ်ခုအနေသာ ရှိနေတော့သည်။ ဤမြေကုန်းမို့မို့ကိုပင် လူတို့၏ တူးဆွဖြိုဖျက်ခြင်းကို ခံရကာ ဤမြေပေါ်မှ ပျောက်ကွယ်သွားပေတော့မည်။

မြန်မာဇာတိသွေး၊ ဇာတိမာန်အတွက် မြန်မာရာဇဝင်မှာ ထင်ရှားခဲ့သော သမိုင်းဝင်မှတ်တမ်းအထိမ်းအမှတ်အဖြစ် ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းထားရပါလျှင် နှောင်းခေတ်မြန်မာတစ်မျိုးသားလုံးအတွက် အကျိုးရှိနိုင်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ခေတ်သစ်မျိုးချစ်လူငယ်များ အလွယ်တကူမှတ်သားနိုင်စေရန် ကုန်းဘောင်မင်းဆက် ၁၁ ဆက် အတိုအလင်္ကာလေးကို ဖော်ပြလိုက်ပါသည်။

(၁) လောင်း – အလောင်းဘုရား
(၂) နောင် – နောင်တော်ကြီးမင်း
(၃) ဆင် – ဆင်ဖြူရှင်မင်း
(၄) စဉ့် – စဉ့်ကူးမင်း
(၅) မောင် – ဖောင်းကားစားမောင်မောင်
(၆) ဘိုး – ဘိုးတော်ဘုရားမင်း
(၇) ဘ – ဘကြီးတော်ဘုရားမင်း
(၈) သာ – သာယာဝတီမင်း
(၉) ပု – ပုဂံမင်း
(၁၀) မင်း – မင်းတုန်းမင်း
(၁၁) သီ – သီပေါမင်း

## မွေးမြူရေးလုပ်ငန်း

ထနောင်းတိုင်ရွာကြဲသည် မြင်းခြံမြို့မှ လေးမိုင်ခန့် ကွာဝေးပါသည်။ ယခင်က ကတ္တရာလမ်းရှိသော်လည်း ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးသွားသဖြင့် အပျိုလမ်း



www.burmeseclassic.com

www.burmeseclassic.com

ပိုင်းမှာ မြေသားလမ်းသာ ကျန်နေပါသည်။ နွားလှည်း၊ မြင်းလှည်းနှင့် စက်ဘီးတို့ ကောင်းစွာသွားလာနိုင်ပါသည်။

မြင်းခြံမြို့နယ် တောင်သူလယ်သမားအစည်းအရုံးတွင် ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးသိန်းမောင်သည် ထနောင်းတိုင်ရွာသားဖြစ်၍ ထနောင်းတိုင်ရွာမှာပင် နေထိုင်လေသည်။ ဦးသိန်းမောင်သည် သမဝါယမသင်တန်းမှူး သင်တန်းကို ရန်ကုန်မြို့တွင် လာရောက်တက်စဉ်က "ပွင့်ချိန်တန်လျှင်" ဦးပွ၏အိမ်တွင် တည်းခိုပါသည်။ ဦးပွမှာလည်း ထနောင်းတိုင်ရွာသားဖြစ်သဖြင့် ဦးသိန်းမောင်နှင့် ငယ်သူငယ်ချင်း ကျောင်းနေဘက်များဖြစ်ကြသည်။ ထိုအချိန်ကတည်းက ဦးသိန်းမောင်နှင့် ကျွန်တော် ရင်းနှီးခဲ့လေသည်။

ကျွန်တော် မြင်းခြံရောက်ကတည်းက သူ၏အကူအညီ များစွာရပါသည်။ ထနောင်းတိုင်မှာ မွေးမြူရေးသမဝါယမအသင်းဖွဲ့စည်းကာ နွားမွေးမြူခြင်း၊ ဆိတ်မွေးမြူခြင်း၊ ဥစားကြက်မွေးမြူခြင်းတို့ကို ကျွန်တော်နှင့် ဦးသိန်းမောင်တို့ တွဲဖက်လုပ်ကိုင်ကြသည်။ ကျွန်တော် ထနောင်းတိုင်ရောက်လျှင် သူ့အိမ်သည် ကျွန်တော့်စားအိမ်၊ သောက်အိမ်ဖြစ်လေသည်။ တစ်ခါတစ်ရံ တစ်ပတ်ခန့်ထိ ထနောင်းတိုင်မှာ နေဖြစ်သည်။ နွားခြံ၊ ဆိတ်ခြံ၊ ကြက်ခြံများကို စနစ်တကျ တစ်ခြံစီ ခွဲထားသည်။ နွားခြံနှင့် ဆိတ်ခြံများမှာ အမိုးမရှိပါ။ ခြံတိုင်များတွင် ဝါးတန်းများတန်းပြီး ဆူးပင်ကိုင်းများခုတ်၊ ဆူးကိုင်းများကို ထန်းလျှော်ဖြင့် ချည်တုတ်ခြံခတ်ထားခြင်းဖြစ်သည်။ နွားကောင်ရေ ၅၀၊ ဆိတ်ကောင်ရေ ၁၀၀၊ ကြက်ကောင်ရေ ၅၀၀ ခန့် ရှိပါသည်။ ကြက်ခြံကို ဝါးကပ်မိုး၊ ဝါးထရံကွက်ကျဲကာပြီး အခင်းမှာ ဝါးလုံးများ စီခင်းပေးထားသည်။ နွားနှင့် ဆိတ်များကို နွားကျောင်းသား၊ ဆိတ်ကျောင်းသားများဖြင့် စားကျက်မှလွှတ်ပြီး ထိန်းကျောင်းရသည်။ ကြက်ကိုတော့ ကြက်စာများ စနစ်တကျ ကျွေးရသည်။ တိရစ္ဆာန်ဆရာဝန် ဦးသိန်းဆွေမြင့်က မွေးမြူရေးခြံများကို ကြီးကြပ်ကုသ စောင့်ရှောက်ပေးသည်။

ထနောင်းတိုင်ရှိ တောင်သူများသည် ကုန်းဆေးခေါ် ဆေးလိပ်လိပ်ရာမှာ သုံးစွဲသော မြန်မာဆေးရွက်ကြီးများကို အဓိကထား စိုက်ကြသည်။ နှံစားပြောင်းလည်း စိုက်သည်။ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ ပြောင်းဖူးပင်များလည်း ရာသီအလိုက် စိုက်ပျိုးကြသည်။

အလယ်တန်းကျောင်းလည်းရှိသဖြင့် မြင်းခြံမြို့နယ်ထဲတွင် စည်ကားဖွံ့ဖြိုးတိုးတက်သော ရွာကြီးတစ်ရွာဖြစ်ပါသည်။ ကျေးရွာစာကြည့်တိုက်၊ ဘော်လီဘောအသင်း၊ ဘောလုံးအသင်း၊ ခြင်းလုံးအသင်းများကိုလည်း ကျွန်တော်တို့က စနစ်တကျဖွဲ့စည်းတည်ထောင်ပေးထားပြီး ဖြစ်လေသည်။

ထနောင်းတိုင်အင်းမှ ငါး၊ ပုစွန်များလည်းထွက်သည်။ မြင်းခြံမှာ အခြားကျေးရွာများတွင် ငါး၊ ပုစွန်မရှိပါ။ အမဲသား၊ ဝက်သား၊ ကြက်သားတို့သာရှိပါသည်။

ဆောင်းရာသီမှာ ဟင်းသီးဟင်းရွက်၊ ပြောင်းဖူး၊ ဘူးသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီးတို့ အလွန်ထွက်သည်။ မြင်းခြံသို့လှည်းများဖြင့်ပို့ပြီး ရောင်းချကြသည်။ တောင်သူများ နေ့စဉ်ဝင်ငွေရှင်သော ရာသီဟုဆိုနိုင်ပါသည်။

စိုက်ခင်းထဲက ချက်ချင်းခူးတဲ့ ခရမ်းသီးကိုမီးဖုတ်ပြီး ကြက်သွန်မြိတ် လတ်လတ်ဆတ်ဆတ်ဖြင့် ဆီဆမ်းသုပ်သော ခရမ်းသီးသုပ်၊ ပြောင်းစိုက်ခင်းထဲက ချက်ချင်းခူးပြီး ကြော်တဲ့ ပြောင်းဖူးကြော်များသည် အရသာလွန်စွာကောင်းပါသည်။ မြို့ပေါ်မှာရှိသည့် မည်သည့်ဟိုတယ်မှာမှ မရနိုင်ပါ။ ရသည်ဆိုဦးတော့ ရေခဲသေတ္တာထဲက အသီးအနှံများဖြစ်သဖြင့် စိုက်ခင်းထဲကချက်ချင်းခူးတဲ့ အသီးအနှံအရသာကို မမှီနိုင်ပါ။ လတ်ဆတ်ပြီး အဟာရဓာတ်အပြည့်အဝရှိသော အသီးအနှံများ၏အရသာမှာ တစ်သက်မမေ့နိုင်စရာများပါပေ။

ငယ်ငယ် စာသင်သားတုန်းက "မိုးခေါင်ရေရှားရပ်ဝန်းဒေသ၊ ဆူးပင်နှင့်ချုံပုတ်ပင်များသာ ပေါက်သည်"ဆိုတဲ့ စာကျက်ပြီး အဲဒီအရပ်ကလူတွေ ဘာများစားနေကြမလဲဟု ကလေးတွေးဖြင့် တွေးဖူးပါသည်။ ယခု မြင်းခြံမှာရောက်နေ တော့ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်မှာ မရှိသောအသီးအနှံ များ ပေါပေါများများထွက်နေတာ ကိုယ်တွေ့ဖြစ်ရလေ သည်။ မန်ကျီးပင်ကြီးတွေ၊ တမာပင်ကြီးတွေ၊ ထနောင်း ပင်ကြီးတွေ၊ မြန်မာကုက္ကိုလ်ပင်ကြီးတွေမှာ မြစ်ဝကျွန်းပေါ် မှာ မရှိပါ။ အလွန်ရှားပါသည်။

ကျွန်တော့်အဖေသည် တမာချဉ်ကို အလွန်ကြိုက် ပါသည်။ မြင်းခြံကစားတမာကို အညွန့်ကလေးများ၊ အ လေးများကို ဆီးချဉ်သီးနှင့်ထည့်၊ မြေအိုးလေးနှင့်ထည့်ပြီး ပို့ပေးပါသည်။ အမဲသားကောင်းကောင်းရွေးပြီး အမြော



www.burmeseclassic.com

www.burmeseclassic.com

လေးတွေညှင်းသည်။ ရှောက်ရည်အနည်းငယ်နယ်ပြီး အခြောက်လှန်းရသည်။ အမဲခြောက်နှင့် တမာချဉ်အိုးကို အဖေနှင့် အမေတို့ဆီ မကြာခဏ ပို့ပေးပါသည်။

ကျွန်တော် ရောက်သွားတဲ့အခါ အဖေက ''မင်းတို့အညာက နွားတွေက ဆီးချဉ်သီးကိုစားလို့လား မသိဘူး။ အသားမှာချဉ်နေပါလားကွာ''ဟု ပြောတော့ ကျွန်တော် ရယ်မိသည်။ ''မဟုတ်ပါဘူး အဖေရဲ့။ အမဲခြောက်ဖုတ်စားတဲ့အခါ အသားမွနေအောင် နေမလှန်းမီ ရှောက်ရည်နဲ့ နယ်ထားလို့ အချဉ်ဓာတ်ပါနေတာပါ''ဟု ရှင်းပြရသည်။

ကျွန်တော် သတ္တမတန်းကျောင်းသားတုန်းက မြန်မာကဗျာထဲမှာ ''ချိုးနှစ်ကောင် ထနောင်းပင်ညီနောင်က လွမ်းအောင်ကူခွဲ''ဆိုသည့် ကဗျာသင်ရတာကို အမှတ်ရမိသည်။ မြန်မာစာဆရာဦးဘစိန်သည် မြစ်ဝကျွန်းပေါ် ကျုံမငေးမြို့သား၊ အညာကို မရောက်ဖူးပါ။ ထိုကဗျာကို အဓိပ္ပာယ်ပြန်ပြောတော့ ထနောင်းပင်ကိုမမြင်ဖူးတဲ့ ကျွန်တော့်ဆရာက ''ထန်းနှောင်း''ဆိုတော့ ထန်းပင်အိုအိုကြီး နှစ်ပင်၊ ''ညီနောင်''ပေါ်က ချိုးကလေးရဲ့ကူသံက လွမ်းအောင်ကူခွဲနေတာပေါ့ကွာဟု ပြောပြတာကို ပြေးပြီးသတိရမိသည်။ ဆရာဦးဘစိန်သည် ကွယ်လွန်ရှာပြီ။ ပြန်တွေးမိတော့ လွမ်းမောရပါသည်။

## မြင်းခြံမြို့၏ ဘုရားပွဲတော်များ

မြင်းခြံမီးရထားဘူတာမှ မြို့ထဲသို့လာသော ပါလက်လမ်းမှာ မီးလောင်ထားသဖြင့် လူနေအိမ်များ ခပ်ကျဲကျဲသာရှိသည်။ ရန်အောင်မြင်မြတ်စွာဘုရားကြီးမှာ ထိုပါလက်လမ်းမ၏ဘေးတွင်ရှိသည်။ ဆင်းတုရုပ်ပွားတော်ကြီးမှာ တင် ပလ္လင်ခွေပုံတော်ဖြစ်ပြီး ဉာဏ်တော်မှာ ၁၂ ပေခန့်ရှိသည် ထင်ပါသည်။ အချိုးအစားပြေပြစ်ပြီး လွန်စွာသပ္ပာယ်သည်။

မြို့လယ် မိတ္ထီလာလမ်းဘေးတွင် ကိုးဆောင်ကျောင်းတိုက်ကြီး ရှိသည်။ ''ယခု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ'' ဆရာတော်ကြီး သီတင်းသုံးတော်မူသော စာသင်တိုက်ကြီးဖြစ်သည်။ ထိုကျောင်းတိုက်ကြီးအတွင်းမှာ မြင်းခြံဈေးသူ၊ ဈေးသားများ စုပေါင်းလှူဒါန်းထားသော သံတန်ဆောင်းကြီးမှာ လွန်စွာ ကျယ်ဝန်းပါသည်။ ထိုတန်ဆောင်းတော်ကြီးအတွင်းမှာ လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်မှာ အလွန်သပ္ပာယ်ပြီး အချိုးအဆစ် ပြေပြစ်လှသည်။

သပြေပင်ရပ်ကွက်၊ ဘုရားလမ်းတွင် နှစ်ကျိပ်ရှစ်ဆူစေတီတော် တည်ရှိပါသည်။ နှစ်စဉ် နယုန်လပြည့်နေ့မှာ ဂေဇက်ဝင်ဘုရားပွဲ ကျင်းပပါသည်။ မြန်မာပြည်အရပ်ရပ်မှ ဆယ့်နှစ်ပွဲလိုက် ဈေးသည်များနှစ်စဉ် လာရောက်ရောင်းချသည်။ ဘုရားလမ်းတစ်ဖက်တစ်ချက် မျက်နှာချင်းဆိုင်၍ ပွဲဈေးတန်း၊ ဆိုင်တန်းများကို ဝါးကပ်မိုး၊ ဝါးထရံကာပြီး၊ ဝါးကပ်ကြမ်းများ ကြမ်းခင်းပေးထားသည်။ ကြမ်းခင်းမှာ မြေပြင်မှတစ်တောင်ခန့်မြင့်သည်။ အဝတ်အထည်မျိုးစုံ၊ ချုပ် ပြီးအင်္ကျီ၊ ဇာဘော်လီမျိုးစုံ၊ အနွေးထည်၊ တိုက်ပုံအင်္ကျီ၊ ဂျက်ကင်များ၊ ပခုက္ကူနှင့် မုံရွာမြို့မှထွက်သော ခြုံထည်ချည်စောင်များ၊ စားပွဲခင်း၊ လက်သုတ်ပဝါမျိုးစုံ၊ ကလေးကစားစရာမျိုးစုံ၊ အလှကုန်မျိုးစုံ၊ နံ့သာဖြူ၊ ကရမက်နှင့် အမွှေးနံ့သာမျိုးစုံဆိုင်များ၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့မှ ကြေးကုန်၊ သံကုန်နှင့် အိမ်သုံးပစ္စည်းဆိုင်များ၊ ပုဂံညောင်ဦးမှထွက်သော ယွန်းထည်၊ ယွန်းအစ်၊ ဆွမ်းအုပ်မျိုးစုံ၊ မြန်မာ့မုန့်မျိုးစုံဆိုင်များ အတော်စုံလှသည်။ အညာဓလေ့မှာ တောင်သူများ၊ ကျေးရွာသူရွာသားများသည် ထိုဘုရားပွဲတော်မှ မိမိတို့လိုသော ပစ္စည်းများ တစ်နှစ်စာ ဝယ်ယူကြသည်။ အိမ်သုံးမြေအိုး၊ စဉ့်အိုး၊ ဒန်အိုးဒန်ခွက်ဆိုင်များ၊ လယ်သမား၊ တောင်သူသုံးသော ထွန်ကိုင်း၊ ထွန်တုံး၊ ထွန်သွား၊ ထယ်သွား၊ နွား နဖားကြိုး၊ ရေပုံးကြိုးမှအစ စုံလင်လှသည်။

ဇာတ်ရုံတစ်ရုံမှာ နှစ်ကျိပ်ရှစ်ဆူဘုရားအနီးတွင်ရှိပြီး၊ အခြားတစ်ရုံမှာ ပွဲဈေးတန်း၏အလယ်လောက် လမ်းဘေးအတွင်းဘက်တွင်ရှိသည်။ နာမည်ကြီးဇာတ်ပွဲများဖြစ်သော ရွှေမန်းကင်မောင်ဇာတ်အဖွဲ့၊ စိန်မဟာသဘင်ဇာတ်အဖွဲ့၊ စိန်အောင်မင်းဇာတ်အဖွဲ့နှင့် မြို့တော်သိန်းအောင်ဇာတ်အဖွဲ့များ သူ့ရက်နှင့်သူကပြကြသည်။

ဆက်ကပ်ရုံ၊ ရဟတ်၊ ရုပ်သေးရုံများမှာ မိတ္ထီလာလမ်းမကြီးအနောက်ဘက်ခြမ်း ''မင်းကျောင်းကွင်း''ကြီးအတွင်ရှိသည်။ ထိုဘုရားပွဲတော်ကို ဝါဆိုလဆန်းအ[illegible] ၁၅ ရက်ကျင်းပသည်။ လွန်စွာ စည်ကားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းကျောင်း" ဆိုသည်မှာမြန်မာနိုင်ငံတွင် ပထမဦးစွာပိဋကတ်သုံးပုံကို နှုတ်ငုံ၊ ရေးဖြေတို့မှာထူးချွန်စွာအောင်မြင်တော်မူသော တိပိဋကဓမ္မဘဏ္ဍာဂါရိက၊ ဆဋ္ဌသင်္ဂါယနာ အဖြေဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင်ဆရာတော် "ဦးဝိစိတ္တသာရာဘိဝံသ" ဆရာတော်ဘုရားကြီးငယ်စဉ်ကိုရင်ဘဝမှာ ပရိယတ္တိစာပေသင်ကြားခဲ့သော မင်းကျောင်းတိုက်ကြီး ဖြစ်လေသည်။

မြို့၏တောင်ဘက်စွန်းတွင် နိုင်ငံကျော်စွန်းလွန်းဆရာတော်ဘုရားကြီး ဘွဲ့တော် "ဦးကဝိ"သီတင်းသုံးတော်မူသော စွန်းလွန်းဂူရိပ်သာကျောင်းကြီးရှိလေသည်။ ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချပြီးနောက် ကျန်ရှိသော ရုပ်ကလာပ်တော်မှာ မပုပ်မသိုးသည့်ဆေးများ လုံးဝမထိုးဘဲ သဘာဝအတိုင်း မပုပ်မသိုးဘဲ တည်ရှိနေပါသည်။ ရုပ်ကလာပ်တော်မှာ ကျုံ့ပြီးခြောက်သွားသည်။ မျက်လုံးတော်၊ နှာခေါင်းတော်၊ နားရွက်တော်တို့မှာ လုံးဝ မပျက်စီးပါ။ ယခုအချိန်အထိရှိနေပါသည်။ မှန်ခေါင်းတော်ဖြင့် စံကျောင်းတော်စေတီတော်အတွင်းမှာ အများပြည်သူဖူးမြော်နိုင်ရန်ထားရှိပါသည်။

မြို့၏အလယ် ကွေ့ကြီးရပ်ကွက်မှာ ဘုရားသုံးဆူကျောင်းတော်ရှိသည်။ ရုပ်ပွားဆင်းတုတော်သုံးဆူဖြစ်သည်။ နှစ်စဉ် တော်သလင်းလဆန်းတွင် မြို့တွင်းသို့ဘုရားသုံးဆူဒေသစာရီ ကြွချီသောပွဲတော်မှာလည်း လွန်စွာစည်ကားလှသည်။ စည်တော်အဖွဲ့၊ ကွေ့ကြီးနရီးတီးဝိုင်းအဖွဲ့၊ "ဂျီအမ်အေ"ဟု အမည်ပေးထားသော "ကွေ့ကြီး"ခေတ်ပေါ်တူရိယာတီးဝိုင်းနှင့် "မြို့မ"ခေတ်ပေါ်တူရိယာအဖွဲ့တို့က လော်လီကားကြီးများကို အလှဆင်ပြီး ဘုရားလှည့်ပွဲတွင်ပါဝင်ကြလေသည်။

မြို့ပေါ်ရှိရပ်ကွက်တိုင်းမှ ယိမ်းအဖွဲ့များ၊ သံချပ်အဖွဲ့များ၊ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများ၊ ပါးစပ်ဆိုင်းတီးသောလူပျော်လူနောက်များမှာ များစွာပါဝင်ကြသဖြင့် မဲနှိုက်စေပြီးပေါက်မဲအတိုင်း အလှည့်ကျစီတန်း၍ တစ်မြို့လုံးသို့လှည့်လည်ကပြရင်း သံချပ်ထိုးပျော်ပါးကြလေသည်။ သံချပ်များမှာ ရပ်ကွက်အတွင်း အမြင်မတော်တာများ၊ ဆေးလိပ်ခုံအမျိုးသမီးများ၊ အပျိုကြီးများ၏အတင်းများကို အပျော်သံချပ်ထိုးကြခြင်း ဖြစ်သည်။

မြို့လူထုကလည်း ရပ်ကွက်တိုင်းမှာ မဏ္ဍပ်များထိုးပြီး အကျွေးအမွေးတို့ဖြင့် ညှော်ခံကြသည်။ လက်ဖက်သုတ်၊ (ဂျင်း)ချင်းသုတ်၊ ဝက်သားကိုပြုတ်ပါးပါးလှီးပြီး သခွားသီး၊ ကြက်သွန်နီပါးပါးလှီး၍ သုတ်ထားသော ဝက်သားသုတ်၊ မုန့်လုံးရေပေါ်၊ ထန်းသီးမုန့်၊ မုန့်စိမ်းပေါင်း စသည်တို့ဖြင့် ညှော်ခံကျွေးမွေးကြသည်။

ဘုရားသုံးဆူလှည့်ပွဲကို အစနေ့ နေ့လယ် ၁၂ နာရီမှာ စတင်ပြီး ကျောင်းတော်ရှေ့မှထွက်ကြသည်။ ထိုနေ့တစ်ညလုံး မအိပ်ဘဲ မိုးလင်းလှည့်ကြသည်။ နောက်တစ်နေ့နံနက် ၉ နာရီလောက်မှ ဘုရားကျောင်းတော်သို့ ပြန်ဝင်ကြသည်။ မြင်းခြံမြို့သူမြို့သားများ၏ အကြီးမားဆုံးပျော်ပွဲရွှင်ပွဲ ဘုရားပွဲဖြစ်လေသည်။

မြို့၏မြောက်ဘက် ပြောင်းပြာတံတားထိပ်အနီးတွင် "ရွှေဘုံသာ"စေတီတော်ရှိသည်။ ရွှေဘုံသာဘုရားပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့မှာ ကျင်းပလေသည်။ နှစ်ကျိပ်ရှစ်ဆူပွဲကဲ့သို့ မကြီးကျယ်ပါ။ ပွဲလမ်းသဘင်တော့ပါသည်။

ဝါတွင်းမှဝါကျွတ်ထိ အဖိတ်နေ့တိုင်း ဆွမ်းတော်ကြီးခံအဖွဲ့များ ရပ်ကွက်အလိုက်လှည့်ပြီး ဆွမ်းတော်ကြီးခံကြသည်။ မြို့လူထုက ဆွမ်းဆန်များ၊ သစ်သီးများ၊ မုန့်များ၊ ငွေများ လောင်းလှူကြသည်။ ဆွမ်းတော်ကြီးအဖွဲ့သားများသည် ဝတ်စုံဖြူများဝတ်ကြသည်။ တီးဝိုင်းများဖြင့်လှည့်ပြီး ဆွမ်းတော်ကြီးခံကြသည်။ အဖိတ်နေ့ညမှာ ဓ
စကြာ၊ ပရိတ်တရားတော်များ စုပေါင်းရွတ်ဖတ်ပူဇော်ကြပြီး
ဥပုသ်နေ့ အာရုံတက်တွင် မြတ်စွာဘုရားကို ဆွမ်းတော်က
ပြီး သံဃာတော်များကိုလည်း အာရုံဆွမ်းကပ်လှူကြသည်
ဝါကျွတ်သည့် သီတင်းကျွတ်လမှ တန်ဆောင်မုန်းလအထ
ရပ်ကွက်တိုင်းတွင် ရပ်ကွက်ဘုရားပွဲများ ကျင်းပပူဇော်
ကြသည်။ အချို့ရပ်ကွက်ကြီးများမှာ ဇာတ်ပွဲများပါသည်
ရပ်ကွက်သေးဆိုလျှင် အငြိမ့်တော့ပါသေးသည်။

စာတတ်၊ ပေတတ် ဆရာတော်ကြီးများ မွေးဖွား
မြို့ဖြစ်ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံကျော်စွန်းလွန်းဆ
တော်ကြီး၏ ဝိပဿနာတရား ထွန်းကားရာဒေသဖြစ်ခြ
ကြောင့်လည်းကောင်း မြင်းခြံမြို့သည် ဘာသာတရားကြ
ညီသူများဖြင့် စည်ကားလှသောမြို့ကြီးဖြစ်လေသည်။

(ရှေ့လဆက်ရန်)

သူတော်စင်မင်းအော



www.burmeseclassic.com

www.burmeseclassic.com

# မောရစ်ကောလစ် နှင့် ဂမ္ဘီရ

■ လှမိုး(ပညာရေး)

ယခင်လမှ အဆက်

၁၉၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျွန်တော်သည် စံရွှေဘူးနှင့်အတူ မြောက်ဦးမြို့သို့ သွားရောက်လာခဲ့ကြ၏။ ယခင် အခေါက်များကဲ့သို့ပင် ကျွန်တော်သည် နန်းမြို့ကြီး တည်ခဲ့ရာ ကုန်းပေါ်ရှိ ဗိုလ်တဲတွင် တည်းခိုခဲ့သည်။ ထိုဗိုလ်တဲတည်နေရာမှာ မြောက်ဦးနေပြည်တော်ခေတ်က ဘုရင့်ဘဏ္ဍာတော်တိုက် ရှိခဲ့သည့်နေရာဖြစ်သည်ဟု ဆို၏။

ထိုညတွင် ကျွန်တော်နှင့် စံရွှေဘူးသည် ညစာစားပြီး ဗိုလ်တဲ၏ ညွှန့်ခန်းထဲဝယ် မီးမှိန်မှိန်ထွန်းလျက် ထိုင်စကားပြောနေကြသည်။ ဝရန်တာသို့ ထွက်သောတံခါးမှာ ဖွင့်ထားရာ ကျွန်တော်သည် ထိုတံခါးမှနေ၍ အသင်္ဝ ကျောက်လှေကားထစ်များအထိ ဝရန်တာတစ်လျှောက်ကို မြင်နေရ၏။ ထိုစဉ်က ကျွန်တော်တို့နှစ်ယောက်သည် အင်္ဂလိပ်ကဗျာ စပ်ဆိုနည်းအကြောင်း ပြောနေကြသည်။ ထိုခဏ၌ ဗိုလ်တဲကြီးတစ်ခုလုံးသည် သိမ့်သိမ့်ခါသွားသည်။ ကျွန်တော်သည် လျှင်များ လှုပ်လေသလောဟု ထင်မှတ်မိသည်။

လှေကားထစ်များမှနေ၍ တစ်လှမ်းချင်း လှမ်းတက်လာနေသော အမယ်အိုကြီးတစ်ဦးကို မြင်နေရ၏။ လှေကားထိပ်ရောက်လျှင် သူမသည် ငြိမ်သက်စွာ ရပ်လိုက်သည်။ ညအချိန်မတော်ကြီးတွင် ဘာကိစ္စလာသနည်း။ ကျွန်တော်သည် ကောင်းစွာမြင်နိုင်ရန် ရှေ့သို့ ကုန်းကြည့်လိုက်မိ၏။ မိန်းမအိုကြီး၏မျက်နှာကို ပြတ်သားစွာ မမြင်ရသော်လည်း များစွာအိုမင်းပုံရ၏။ ကျွန်တော့်အား စိမ်းစိမ်းကြီး စူးစိုက်ကြည့်ရှုနေသည်ဟု ထင်မှတ်သည်။ ထို့နောက် သူမသည် ညာဘက်သို့ လျှောက်သွားရာမှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေ၏။

ကျွန်တော်နှင့် စံရွှေဘူးတို့သည် ထိုင်ရာမှထကာ ဝရန်တာဘက်သို့ ထွက်ကြည့်ရာ ဘယ်သူမှ မမြင်တွေ့ရ။ ကျွန်တော်တို့သည် တစ္ဆေခြောက်ခြင်းခံရပြီဟု စိတ်ထဲမှ သိလိုက်ရ၏။

အထက်ပါစာပိုဒ်သည် မစ္စတာ မောရစ်ကောလစ်ရေးသော (In to Hidden Burma) စာအုပ်မှ ထုတ်နုတ်၍ ဆီလျော်အောင် ဘာသာပြန်ဆိုခဲ့ခြင်း ဖြစ်သည်။ မောရစ်ကောလစ်သည် ထိုစဉ်က ရခိုင်ပြည်နယ်တွင် အရေးပိုင်အဖြစ် အမှုထမ်းနေစဉ် ဖြစ်သည်။

တစ္ဆေခြောက်သည်၊ သေသူက ကိုယ်ထင်ပြသည် စသော စကားများကို မနောသုတေသီတို့က နိုင်လုံသောအကြောင်းမရှိဟု ဆိုကြ၏။ သေသူသွားလာလှုပ်ရှားသည်ဆိုသည်မှာ စိတ်အာရုံ၌ ထင်မှု (Hallucination) အနေဖြင့်သာ အသိအမှတ်ပြုကြသည်။ အထူးသဖြင့် ဗြိတိသျှမနောသုတေသနအသင်းကြီးကမူ တစ္ဆေမြင်ဖူးသည်ဆိုသော လူတို့၏ တင်ပြချက်အားလုံးကို အရမ်းလက်မခံ။ သေချာတိကျစွာ စနစ်တကျ ဆန်းစစ်ခဲ့၏။ သိပ္ပံနည်းကျ စူးစမ်းလေ့လာရာမှ ထုတ်ဖော်ခဲ့သည့် အချက်များမှာမူ မောရစ်ကောလစ်နှင့် ကျွန်တော်တို့ ကြားဖူး ဖတ်ဖူးသည့် တစ္ဆေအကြောင်း ကိုယ်တွေ့ဝတ္ထုများနှင့် မတူ။

ထိုအသင်းကြီး၏ သုတေသနမှတ်တမ်းများအရဆိုသော် တစ္ဆေဟူသည် လူတို့ထင်မြင်သကဲ့သို့မဟုတ်၊ အမာခံ ရုပ်ဒြပ်ကင်းမဲ့သော အရာဟုဆို၏။ ထိတွေ့ [illegible]။ ရုတ်ေ ၁



www.burmeseclassic.com

www.burmeseclassic.com

ရက် ပေါ်လာ၍ ရုတ်တရက် ပျောက်ကွယ်သွားသည်။ ၎င်းကို ဓာတ်ပုံရိုက်၍ မရ။ ၎င်းပြောသောစကားကို အသံသွင်း၍ မရ။ ခြေသံများကို ကြားရသောအခါ လေထဲ၌ လိုင်းထလာခြင်း မရှိ။ မြင်သူ၏ စိတ်အာရုံတွင် ထင်မှုဖြစ်ပြီး မြင်ရသူများမှာ တစ်ဦးနှင့်တစ်ဦး စိတ်စိတ်ချင်း ကူးစက်သွားခြင်းဖြစ်သည်ဟု ဆိုသည်။

မစ္စတာ မောရစ်ကောလစ် တစ်ဦးတည်း မြင်ရခြင်းမဟုတ်။ ဦးစံရွှေဘူးပါ မြင်ရခြင်း ဖြစ်သည်။ သူတို့နှစ်ဦးသည် လူကြီးလူကောင်း(Gentleman) များ ဖြစ်ကြသည်။ စာဖတ်သူတို့ကို လုပ်ကြံ၍ ပြောစရာအကြောင်းမရှိ။ ထိုမိုလ်တဲကြီးမှာလည်း ယခင် ဘုရင်မင်းများလက်ထက်က ဘဏ္ဍာတော်တိုက်ဟောင်းကြီးနေရာဖြစ်သဖြင့် သာမန်လူသားတွေ နားမလည်နိုင်သော ပရလောကသားများကို အစောင့်ထားခဲ့သည်ဟု မောရစ်ကောလစ်က ယုံသည်။ ပထမဆောင်းပါးတွင်လည်း သူ မြိတ်မြို့တွင် အရေးပိုင်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကလည်း အထက်ပါဖြစ်ရပ်အတိုင်း တစ္ဆေခြောက်ခြင်း ခံခဲ့ရဖူးသည်။ မြိတ်မြို့ရှိ အရေးပိုင်အဆက်ဆက် နေထိုင်သောအိမ်သည် မြိတ်ဆိတ်ကမ်းပေါ်ရှိ တောင်စောင်းလေးပေါ်တွင် တည်ရှိခဲ့သည်။ မြိတ်မြို့တွင် နေထိုင်သူအားလုံးကမူ ဆယ်မြို့ရယ်ပိုက်နှင့် သူ့အဖွဲ့သား အားလုံး တစ္ဆေများ ဖြစ်သွားကြပြီး အထက်ဖော်ပြပါ အိမ်ကြီးတွင် ထာဝစဉ်အနေနှင့် အယုက်ပေးနေသည်ဟု ယူဆကြသည်။ မစ္စတာ မောရစ်ကောလစ် မိသားစုနှင့် ညေ့သည် ဘယ်(လ်)ဂျီယံအမျိုးသား ကလေးထိန်းအမျိုးသမီးနှင့် အစောင့်ရဲသားနှစ်ဦးပါ တစ္ဆေအခြောက်ခံရခြင်း ဖြစ်၏။ တစ္ဆေသည် ထိုအိမ်ကြီး၏ ဝရန်တာတွင် စကြံလျှောက်နေလေ့ရှိသည်။ သဏ္ဌာန်မှာ မြန်မာအဝတ်အစားကို ဝတ်ဆင်ထားသည်ဟု ထင်သည်ဟု မောရစ်ကောလစ်က သူ၏နာမည်ကျော် (In to Hidden Burma) စာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။ မစ္စတာ မောရစ်ကောလစ်အဖို့ ကျောက်ဖြူမြို့သို့ လက်ထောက်အရေးပိုင်အဖြစ် ပြောင်းရွှေ့ရခြင်းသည် စိုင်ကော်၍ ချုံပေါ်ရောက်ရခြင်းဖြစ်သည်ဟု ဆိုရပေတော့မည်။ အရှေ့တိုင်း၏ လျှို့ဝှက် နက်နဲသော ဂမ္ဘီရပညာနှင့် လောကီပညာတွေကို လေ့လာလိုသော လူတစ်ယောက်အဖို့ ရခိုင်ပြည်နယ်သည် အကောင်း ဆုံးဖြစ်သည်ဟု မောရစ်ကောလစ်က ယူဆ၏။

ဦးစံရွှေဘူးဆိုသူ ရခိုင်အမျိုးသား ပညာတတ်တစ်ဦးနှင့် ခင်မင်ရင်းနှီးရခြင်းသည် သူလေ့လာလိုသော သူသိလိုသည့် ပညာရပ်တွေကို လေ့လာနိုင်ရန် လမ်းပွင့်သွားခြင်းဖြစ်သည်။ ဦးစံရွှေဘူးထံမှ ၁၉၄၆ ခုနှစ် ရောမမြို့မှထုတ်ဝေသော ဗရင်ဂျီ ဘုန်းတော်ကြီး "မန်းရစ်၏မှတ်တမ်း"ကို ဖတ်ရှုခွင့်ရရှိခဲ့၏။ ထိုစာအုပ်မှာ အင်္ဂလိပ်ဘာသာပြန်သို့ ပြန်ဆိုရေးသားထားပြီး ပြန်လည်ရိုက်နှိပ်ထုတ်ဝေခြင်း မပြုတော့သဖြင့် ထိုစဉ်ကပင် အလွန်ရှားပါးသည့် စာအုပ်ဖြစ်သည်။ စာကြည့်တိုက်ကြီးများမှာပင် မရှိတော့။

ဗရင်ဂျီ ဘုန်းတော်ကြီး မန်းရစ်သည် ၁၆၃၀ ခုနှစ်မှ ၁၉၄၀ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် နှစ်ပေါင်းကြာမြင့်စွာ နေထိုင်သွားခဲ့သဖြင့် သူ့ခရီးသွားမှတ်တမ်းတွင် ရခိုင်ပြည်နယ်၌ ထိုစဉ်က ကျော်ကြားနေသည့် အင်းအိုင်ခါးလုည့်၊ ဂါထာမန္တရား အတတ်ပညာအကြောင်း စုစုစည်းစည်း တင်ပြထားခဲ့သဖြင့် မောရစ်ကောလစ်အဖို့ ရှားပါးသော ရတနာသိုက်ကြီးကို တွေ့ရခြင်းဖြစ်၏။

မောရစ်ကောလစ်အဖို့ ထိုအတတ်ပညာများသည် ယုံကြည်သည်၊ ကြောက်ရွံ့တုန်လှုပ်ခြင်းဖြစ်မိသည် ဆိုသည်ထက် လေ့လာမှတ်သားသင့်သော ပညာရပ်တစ်ရပ်ဟု ယူဆသဖြင့် လေ့လာသည်။ ရခိုင်ပြည်နယ် မြောက်ဦးမြို့၏ ရှေးဟောင်းသမိုင်းအကြောင်းလည်းပါသဖြင့် စိတ်ဝင်စားခြင်းလည်း ဖြစ်နိုင်သည်။

မန်းရစ်၏ ခရီးသွားမှတ်တမ်းတွင် ဖတ်ရှုခဲ့ရသည့် ဂမ္ဘီရပညာရပ်တွေအပေါ် ကောလစ်က စိတ်ဝင်စားလာသည်။ သို့ဖြစ်၍ သူနှင့် ဦးစံရွှေဘူးတို့သည် ရခိုင်ရာဇဝင်အကြောင်းနှင့် လျှို့ဝှက်နက်နဲသည့် ပညာရပ်တွေအကြောင်း ဆောင်းပါးများရေးသားကာ ထိုစဉ်က ထုတ်ဝေသော မြန်မာနိုင်ငံသုတေသနအသင်း "ဂျာနယ်"စာစောင်သို့ ပေးပို့ခဲ့ရာ ထည့်သွင်းဖော်ပြခြင်း ခံခဲ့ရသည်။ မောရစ်ကောလစ်သည် ဦးစံရွှေဘူးနှင့်အတူ မြောက်ဦးမြို့တော်ဟောင်းကြီးသို့ သွားရောက်ခဲ့ကြပြီး ရှေးဟောင်းလျှို့ဝှက်နက်နဲသည့် ပညာရပ်များနှင့် စီရင်ထားသည့် အင်းချထားသော ကျောက်ပြားကြီးများကို လေ့လာနိုင်ခဲ့သည်။ မြို့ဟောင်းကြီးကို ရန်သူများလက်မှ



www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ရန် ထိုစဉ်က စိုးစံခဲ့ကြသော မင်းတို့ အင်းအိုင်ခလှဲ့အတတ်ပညာတို့ဖြင့် စီရင်ထားခဲ့သည်ကိုလည်း အသေးစိတ်လေ့လာနိုင်ခဲ့သည်ဟု ဆိုသည်။

မြို့ဟောင်းကြီး၏ တောင်ကုန်းပေါ်တွင် ရှေးဟောင်းလောကီပညာရပ်များနှင့် စီရင်ထားသည်ဟုဆိုသော ခေါင်းလောင်းကြီးပေါ်တွင် ရေးထိုးထားသော အင်းအိုင်မန္တရားများကို လေ့လာခဲ့သည်။ ယင်းခေါင်းလောင်းကြီးကို လျှို့ဝှက်နက်နဲဆန်းကြယ်သည့် ပညာရပ်၊ အစီအရင်များနှင့် ပြုလုပ်ထားကြောင်း၊ ထူးခြားသည့်အစွမ်းသတ္တိရှိသည်ဟုဆိုကြောင်း သို့သော် ခေါင်းလောင်းသံ အစွမ်းပြနိုင်ဖို့အတွက် ထိုးရမည့်အချိန် မှန်ဖို့လိုကြောင်း၊ ဤကဲ့သို့ မှန်ကန်မှ ခေါင်းလောင်းပေါ်တွင် စီရင်ထားသော မန္တန်ကို ရွတ်ဆိုသလိုဖြစ်မည်ထင်ကြောင်းတို့ကို မောရစ်ကောလစ်သည် သူ၏ (Into Hidden Burma) တွင် အသေးစိတ် ဖော်ပြထားသည်ကို ဖတ်ရှုခဲ့ကြရသည်။

ဤကဲ့သို့ ဦးစံရွှေဘူးနှင့် တွေ့ရခြင်းသည် နောင်အခါ မောရစ်ကောလစ် ကျော်ကြားသော စာရေးဆရာကြီး ဖြစ်လာသောအခါ (The Iand of the great Image) ကို ရေးသားပုံနှိပ် ထုတ်ဝေခဲ့သည်။ (ယင်းစာအုပ်ကို ဆရာကြီးဦးလုဒင်ဘာသာပြန်ဆိုခဲ့သည်။)

အထက်ဖော်ပြပါ အကြောင်းအရာများ အသေးစိတ်ကို မောရစ်ကောလစ်သည် သူနောက်ဆုံး မကွယ်လွန်မီ ရေးသားပြုစုခဲ့သည့် (The Journey Up) စာအုပ်တွင် ရေးသားဖော်ပြခဲ့လေသည်။ မောရစ်ကောလစ်သည် ဦးစံရွှေဘူးထံမှ ရရှိခဲ့သည့် အထက်ဖော်ပြပါ ဩဂတ်စတင်ဂိုဏ်းဝင် ပေါ်တူဂီလူမျိုး ဗရင်ဂျီဘုန်းတော်ကြီး ဆီဘာရှိမန်ရစ် (Sebostiao Manrique) ၏ ခရီးသွားမှတ်တမ်းကို ဖတ်ရှုခြင်းသည် သူလေ့လာလိုသည့် ခက်ခဲနက်နဲသော မြန်မာနိုင်ငံ၏ ဂမ္ဘီရပညာများကို သိခွင့်ရသွားခဲ့ခြင်းဖြစ်၏။ မန်ရစ်၏ မှတ်တမ်းသည် ခရီးသွားမှတ်တမ်း တစ်စိတ်တစ်ဒေသဟုဆိုနိုင်သော်လည်း ထိုစဉ်က ရခိုင်ပြည်အား စိုးစံနေသည့်မင်းများသည် ဂန္ဓာရီပညာရပ်များကို အထူး ယုံယုံကြည်ကြည်နှင့် လေ့လာလိုက်စားကြသည်ကို မောရစ်ကောလစ်၏ (The Land of the great image) တွင် ထင်ဟပ်ထား၏။

မန်ရစ်ကို ခရစ်နှစ် ၁၉၅၀ ပြည့်နှစ်တွင် ပေါ်တူဂီနိုင်ငံ၊ အော်ပိုတိုမြို့၌ ဖွားမြင်ခဲ့သည်။ ငယ်ရွယ်စဉ်ကာလကပင် ဩဂုတ်စတက်ဗရင်ဂျီဂိုဏ်းသို့ ဝင်ရောက်ခဲ့ပြီး ထိုစဉ်က ပေါ်တူဂီ ဗရင်ဂျီဂိုဏ်းဌာနခွဲတစ်ခုရှိရာ အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ်၊ ဟူဂလီမြို့ (ယခု ကာလကတ္တားမြို့အနီး)တွင် နေထိုင်ခဲ့၏။ ထိုဟူဂလီမြို့မှတစ်ဆင့် ရခိုင်ပြည်အပါအဝင် စစ်တကောင်းမြို့သို့ ခရီးဆန့်ခဲ့သည်။

မြောက်ဦးမြို့တွင် စိုးစံနေသော သီရိသုဓမ္မမင်းထံ သွားရောက်ခစားခဲ့ရသဖြင့် ထိုစဉ်က နန်းတွင်းရေးများ၊ ကိုးကွယ်မှုဓလေ့ထုံးစံများ၊ ရိုးရာယဉ်ကျေးမှုများ၊ လျှို့ဝှက်နက်နဲသည့် ဂမ္ဘီရပညာရပ်များအကြောင်းကို မန်ရစ်သည် အသေးစိတ် လေ့လာခဲ့ပြီး သူ့မှတ်တမ်းတွင် ဖော်ပြခဲ့၏။ သို့ဖြစ်၍ မန်ရစ်၏ မှတ်တမ်းများမှာ လေ့လာဖွယ်၊ ဖတ်ရှုဖွယ်ကောင်းသော မှတ်တမ်းဖြစ်သဖြင့် မောရစ်ကောလစ် စိတ်ဝင်စားခဲ့ခြင်း ဖြစ်သည်။

သူကိုယ်တိုင် မန်ရစ်ပေါက်ရောက်ခဲ့ဖူးသော အရပ်ဒေသများသို့ အနှံ့အပြား သွားရောက်လေ့လာခွင့် ကြုံခဲ့ရသဖြင့် မန်ရစ်၏ မှတ်တမ်းကို စိတ်ဝင်စားလာခဲ့သည်။ ထိုစဉ်ကပင် မောရစ်ကောလစ်သည် နောင်အခါ အလျှင်းသင့်လျှင် စာတစ် စောင်၊ ပေတစ်ဖွဲ့ ရေးသည်းမည်ဟု ဆုံးဖြတ်ခဲ့သည်ဟု ဆိုသည်။

ကျွန်တော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြောက်ဦးမြို့ဟောင်းကြီး၏ ယတြာခေါင်းလောင်းတော်ကြီးသည် အမှန်အားဖြင့် အချက်ပေးတီးရသည့် ခေါင်းလောင်းကြီးမဟုတ်၊ ရန်သူများ လာရောက်တိုက်ခိုက်ပါက ထိုးစစ်ဆင်နွှဲရန် အားပေးသော ခေါင်းလောင်းကြီးဖြစ်၏။ ဂါထာမန္တန်များနှင့် အင်းအိုင်တို့၏ အစွမ်းသတ္တိဖြင့် စီရင်ထားသော ယင်းခေါင်းလောင်းသံကို ကြားရလျှင် ရန်သူတို့ ကစဉ့်ကလျားဖြစ်စေနိုင်သည်ဟု မန်ရစ်က ဖော်ပြခဲ့သည်ကို မောရစ်ကောလစ်က သူ၏ (The Lanc of the great imge) တွင် ဖော်ပြထားသည်။ ထို့ပြင် ဤခေါင်းလောင်းကြီး တီးခတ်သည့် အသံသည် ရန်သူတို့၏ ဇာတာစန်းလဂ်များကို ပြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကပြန် ဖြစ်သွားအောင် စွမ်းဆောင်နိုင်သည်ဟု ဆိုခဲ့သည်။

မောရစ်ကောလစ်သည် ယင်းသို့သော အင်းအိုင်၊ မန္တန်၊ နက္ခတ်ဗေဒင်ပညာကို ယုံကြည်စပြုနေသည့် အချိန်အခါဖြစ်သဖြင့် မန်ရစ်၏ မှတ်တမ်းကို အထူးလေးလေးစားစား လေ့လာခြင်းဖြစ်ဟန်ရှိသည်။ သူ့အတွက် ပိုယုံကြည်စရာ ဖြစ်လာရသည်မှာ တောင်ရင်းဆရာတော်၏ ဟောစာတမ်းပါ အချက်တစ်ချက်ကြောင့်လည်း ဖြစ်နိုင်စရာ ရှိလေသည်။ ဆရာတော်၏ ဟောစာတမ်းတွင် မကြာမီအတွင်း ငွေအစုလိုက် အပြုံလိုက် ရစရာပေါ်လာမည်ဟု ဖော်ပြခဲ့သည်။

ဟောစာတမ်းကို ဖတ်ရှုရစဉ်ကမူ မောရစ်ကောလစ်အဖို့ ယင်းအချက်သည် ဖြစ်နိုင်ပါမည်လားဟု သံသယရှိခဲ့သည်။ သို့သော် သူ့မြောက်ဦးမြို့တော်ဟောင်းကြီး သွားရောက်လေ့လာနေစဉ် သူ့ဇနီး၏ဘက်မှ မိသားစုအမွေများ ရရှိသည့် သံကြိုးစာကို အမှတ်မထင် ရရှိခဲ့သည်။ သူ့ဇနီးရရှိသည့် အမွေသည် ထိုခေတ်က တန်ဖိုးအားဖြင့် မနည်းလှ။ သို့ဖြစ်၍ ဆရာတော်ဟောစာတမ်းကို လေးလေးစားစား ယုံကြည်လာသူ မောရစ်ကောလစ်အဖို့ မြောက်ဦးမြို့တော်ဟောင်းကြီး၏ မှတ်တမ်းများတွင် တွေ့ရသည့် နက္ခတ်ဗေဒင်ပညာ၏အစွမ်းထက်ပုံကို ယုံကြည်သည်မှာ မဆန်းတော့ပေ။

ထိုမန်ရစ်၏ မှတ်တမ်းတွင်ပင် ရခိုင်အမျိုးသားတို့၏ လျှို့ဝှက်နက်နဲသော ဆေးပညာအကြောင်း ဖော်ပြထားခဲ့သည်။ ပြင်းထန်သော ရာသီဥတုဒဏ်ကြောင့် မန်ရစ်၌ အဖျားရောဂါ စွဲကပ်လာခဲ့သည်။ ထိုဒေသတွင် ပေါ်တူဂီလူမျိုး ဆေးဆရာဝန်တစ်ယောက်မျှ မရှိချေ။ သို့ဖြစ်၍ ဒေသခံဆေးဆရာများ၊ ဆေးများကိုလည်း မန်ရစ်က မယုံကြည်။ တစ်နေ့တက်တစ်နေ့ ဆိုးဝါးလာသော သူ့ရောဂါဝေဒနာအခြေအနေကို ရခိုင်ဘုရင်မင်းမြတ် ကြားသိရသောအခါ နာမည်ကျော် ဘုရင့်သမားတော်ကြီးတစ်ဦးကို မန်ရစ်ထံသို့ စေလွှတ်တော်မူခဲ့သည်။ ထိုသမားတော်ကြီး၏ ဆေးစွမ်းကား ထက်လှသည်။ သူဖော်စပ်ထားသော ဆေးမြစ်၊ ဆေးဥတို့မှာ အရှေ့အိန္ဒိယကျွန်းစု၊ ဂျားဗားကျွန်း၊ စီလီဘီကျွန်းများတွင်သာ တွေ့နိုင်သော ရှားပါးလှသည့် (Lucerrage) ခေါ် ဆေးမြစ်တစ်မျိုး ဖြစ်၏။ ယင်းဆေးမြစ်ကား အထူးရှားပါးလှသဖြင့် ဈေးများတွင် ဝယ်ယူ၍ မရနိုင်ဟု ဆိုသည်။

သမားတော်ကြီးသည် ထိုဆေးမြစ်နှင့် မြန်မာပြည်မှ ရှားပါးသည့် ဆေးမြစ်၊ ဆေးဥတို့ဖြင့် ဖော်စပ်ထားသော ဆေးဖြစ်သည်။ ဆေးအစွမ်းက အထူးထက်လှသည်။ မန်ရစ်တွင် စွဲကပ်နေသော ငှက်ဖျားရောဂါ ဝေဒနာမှာ ယူပစ်သကဲ့သို့ ပျောက်ကင်းသွားခဲ့၏။ ထိုဆေးမြစ်၏ အစွမ်းသတ္တိကို ပြလိုသဖြင့် ရာဇဝတ်အပြစ်ဒဏ်ခံရသော အကျဉ်းသားတစ်ဦးအား ခေါ်ခဲ့၏။ ပြီးလျှင် အဆိပ်ကျွေးစေ၏။ အကျဉ်းသားပါးစပ်မှ အမြှုပ်တစီစီထွက်၍ မြေပေါ်သို့ လဲကျသွားပြီးလျှင် လူးလိမ့်၍ သတိမေ့သွားလေတော့သည်။ ထိုအခါ သမားတော်ကြီးသည် အထက်ဖော်ပြပါ ရှားပါးသည့် (Lucerrage) ဆေးမြစ်ကို သွေး၍ တိုက်ကျွေးလိုက်သောအခါ မိနစ်ပိုင်းအတွင်း ရာဇဝတ်သားမှာ အကောင်းပကတိ ဖြစ်လာသည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေကာမူ မန်ရစ်ခမျာ သမားတော်ကြီး၏ ဆေးကြောင့် စွဲကပ်နေသော ရောဂါဝေဒနာ ပျောက်ကင်းခဲ့ရသည်။ သမားတော်ကြီးသည် သူကုသသော ကုထုံးမှာ လျှို့ဝှက်ထား၏။ တပည့်နှင့်ဆရာ လက်ဆင့်ကမ်း သင်ယူကြရသည့် လျှို့ဝှက်ပညာရပ် ဖြစ်နေသဖြင့် တိမ်မြုပ်ပျောက်ကွယ်သွားရသည်မှာ ဝမ်းနည်းဖွယ် ဖြစ်သည်ဟု ဆိုလေသည်။ အထက်ဖော်ပြပါ ဆေးမြစ်သည် မြားဆိပ်၊ မြွေဆိပ်များကိုပင် ပျောက်ကင်းစေနိုင်သည်ဟု မောရစ်ကောလစ်၏ စာအုပ်တွင် ရေးသားဖော်ပြထားခဲ့သည်။

*ဆက်လက်ဖော်ပြပါမည်။*

လှမိုး(ပညာရေး)

ကျမ်းကိုး

(၁) **The Joureny outward By M. Collic**

(၂) **The Journey up**

(၃) **Into Hidden Burma**

(၄) **Trials in Burma**



www.burmeseclassic.com

www.burmeseclassic.com



# လှပခေတ်မှီ - မြို့တော်ဆီသို့

■ မောင်အေးသန့် ■

(ယခင်လမှအဆက်)



အေဆီယားတ်တစ်(*Asiatic*)မီးသင်္ဘောကုမ္ပဏီမှ
ရန်ကုန်-ကာလကတ္တားပြေးဆွဲသော မီးသင်္ဘောတစ်စင်း

www.burmeseclassic.com

www.burmeseclassic.com

**အိန္ဒိယအလုပ်သမားများ ဝင်ထွက်မှု**

အိန္ဒိယနိုင်ငံမှ အလုပ်သမားများ ရန်ကုန်မြို့သို့ ဝင်ရောက်လာသည့် လူဦးရေစာရင်းကို ကြည့်လျှင် အောက်ပါ အတိုင်း တွေ့ရှိရပါသည်။

| ခုနှစ် | | ဝင် | | ထွက် |
|---|---|---|---|---|
| ၁၈၈၅ | - | ၅၁,၈၇၁ | - | ၄၈,၃၁၆ |
| ၁၈၈၆ | - | ၇၄,၂၈၀ | - | ၅၀,၉၆၆ |
| ၁၈၈၇ | - | ၈၇,၄၁၁ | - | ၄၉,၈၅၈ |
| ၁၈၈၈ | - | ၈၁,၆၄၈ | - | ၆၁,၉၀၂ |
| ၁၈၈၉ | - | ၈၇,၇၁၆ | - | ၆၅,၅၈၆ |

အလုပ်သမားများ၏ နေရေးထိုင်ရေး ကိစ္စရပ်များတွင် ၁၈၈၂-၈၃ ခုနှစ်၌ တန်းလျားအဖြစ် ဆောက်လုပ်ထားသော အိမ်လုံးရေ (၁၀၀)ခန့်ကို မဒရပ်မြို့မှ ကူလီများအား ငှားရမ်းထားကြောင်း၊ ထိုအငှားအိမ်များမှာ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုမရှိကြောင်း၊ ကျန်းမာရေးအရာရှိက ထောက်ပြထားသည်။ စည်းမျဉ်း ဥပဒေအရ၊ လူတစ်ဦးအတွက် နေထိုင်ရမည့် အကျယ် အဝန်းမှာ (၂၄)စတုရန်းပေ၊ (၅-ပေပတ်လည်နီးပါး) ရှိရမည်ဖြစ်သည့်အပြင် အိမ်ပိုင်ရှင်များကလည်း ပတ်ဝန်းကျင် ပရိဝုဏ်သန့်ရှင်းရေးအတွက် တာဝန်ယူဆောင်ရွက် ရမည်ဖြစ်သည်။

နေ့စဉ် နံနက် (၁၀)နာရီအချိန်တွင် အမှိုက်စွန့်ပစ်ရန်၊ ရေဝင်လေထွက် ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ ချက်ပြုတ်လျှော်ဖွပ်ရမည့် နေရာများကို စနစ်တကျထားရှိ ရန်တို့ကို သက်ဆိုင်ရာက ညွှန်ကြားထားသည်။

**ဟိန္ဒူနှင့်အစ္စလာမ်ဘာသာဝင်အချို့၏ ပဋိပက္ခ**

ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခ ပန်း (B.R. PEARN) ၏ ရန်ကုန်သမိုင်းအဆိုအရ၊ ၁၈၉၃ ခုနှစ်၊ ဇွန်လတွင် ဟိန္ဒူ-မွတ်စလင် အရေးအခင်းငယ်တစ်ခု ပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့ (၂၉)လမ်းရှိ ဟိန္ဒူဘုရားကျောင်း အပြင်ဘက်တွင် ဘက်ကရီ အစ်နေ့၌ မြို့ဝန်က တားမြစ် ထားသည့်ကြားမှ အစ္စလာမ်ဘာသာဝင်တစ်စုက နွားကို ဘာသာရေးအရ၊ ဟာလာပြုလုပ်မည့်ကိစ္စကို တောင်းဆိုခဲ့ သဖြင့် ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်တို့ အကြား ပဋိပက္ခ ဖြစ်ပွားခဲ့သည်။

ယင်းပဋိပက္ခကို ရွှေတိဂုံဘုရားကုန်းတော်ပေါ်တွင် တပ်စွဲထားသော စစ်ပုလိပ်များက လာရောက် ပစ်ခတ်ဖြိုခွဲ ခဲ့သဖြင့် အသက်ဆုံးရှုံးမှုများရှိခဲ့သည်။ ယင်းမှာ အင်္ဂလိပ် တို့အုပ်စိုးစဉ် ကာလအတွင်း အစောဆုံးဖြစ်ပွားခဲ့သော အရေးအခင်းတစ်ရပ်ပင် ဖြစ်သည်။

**ကျန်းမာရေးနှင့် သန့်ရှင်းရေးအခြေအနေ**

ရန်ကုန်မြို့တော်နေပြည်သူတို့၏ ကျန်းမာသန့်ရှင်းရေး အခြေအနေကိုကြည့်လျှင် မြေယာပြုပြင် ထိန်းသိမ်းမှု မရှိသေးသော မြို့ဆင်ခြေဖုံးရှိ လူအများ အပြားနေထိုင်ရာ အရပ်တွင် ဆိုးရွားလွန်းလှသည်။ အထူးသဖြင့် ပုဇွန်တောင် ရပ်ကွက်သည် အဆိုးဆုံး ဖြစ်သည်။

မြို့နေပြည်သူအချို့သည် ဒီရေအတက်အကျ ရှိသော ပုဇွန်တောင်ချောင်းကမ်းပါးတွင် ဝါးအိမ်ငယ်များဖြင့် နေထိုင် ကြရာ ဒီရေတက်လျှင် အိမ်အောက်သို့ ရေများဝင်ရောက် သည်။

ရေကျလျှင် ရွှံ့ပုပ်အနံ့များဖြင့် လှိုင်နေတော့သည်။ ထိုမှတပါး ထိုအရပ်နေပြည်သူများက ဝက်များကို များစွာ မွေးထားကြသည့်အပြင် အိမ်သာများမရှိသဖြင့် ကျန်းမာရေး ရှုထောင့်မှကြည့်လျှင် နေထိုင်ရန် မသင့်လျော်သော အရပ်ဒေသပင်ဖြစ်သည်။

ထိုစဉ်က ပုဇွန်တောင်ရပ်ကွက်သာမက ရန်ကုန် အနောက်ပိုင်းတွင် လမ်းမတော်၊ အရှေ့ပိုင်းတွင် ဗိုလ်တထောင်၊ အရှေ့မြောက်ဘက်တွင် သိမ်ဖြူနှင့် တာမွေ အရပ်ဒေသများတွင်လည်း ကျန်းမာရေးနှင့် ညီညွတ်မှု



www.burmeseclassic.com

www.burmeseclassic.com

မရှိကြောင်း၊ ထောင်ပေါင်းများစွာသော လူများမှာ အနိမ့်ပိုင်း လယ်ကွင်းများ၊ ချောင်း မြောင်းရှံ့နွံ့စိမ့်မြေများတွင် နေထိုင်ကြရကြောင်း ၁၈၈၈-၈၉ မြူနီစီပယ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အခြားကျန်းမာရေးအတွက် ရတက်မအေးရသော အခြေအနေတစ်ရပ်မှာ ရန်ကုန်မြို့တော် ဝန်းကျင်တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေကြခြင်းပင်ဖြစ်သည်။

၁၈၉၁ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ် နယ်နိမိတ်အတွင်းစိုက်ပျိုးကေ (၁၄၃၁)ကေ ရှိခဲ့သည်။

၁၈၉၃ ခုနှစ်တွင် အထက်ပန်းဆိုးတန်း၊ သိမ်ဖြူလမ်း (စတောကိတ်-STOCADE)၊ မြန်မာ့ ဂုဏ်ရည်လမ်း (ကာလ်ဗတ် CULVERT) လမ်းများနှင့် ကမ်းနားလမ်းအကြား၊ အထက်ပန်းဆိုးတန်း၊ ကန်တော်မင်ဘောင်ဒရီလမ်း (CANTOMENT BOUNDARY R.D) နှင့် ကန်တော်ကြီးပန်းခြံ (DALHOUSIE PARK) အကြားရှိ တရုတ် စိုက်ပျိုးရေးဥယျာဉ်ခြံများတွင် မိလ္လာနှင့် ကျင်ငယ်ရေများကို အသုံးပြုစိုက်ပျိုးခြင်း မပြုရန်ကိုပင် အစိုးရက တားမြစ်ရသည့် အခြေအထိဆိုက်ခဲ့သည်။

ရန်ကုန်မြို့တော်တွင် အစောဆုံးလာရောက် နေထိုင်အခြေချကြသော တရုတ်လူမျိုးများမှာ ကတ္တူလေ့သမားများ၊ မွေးမြူရေးလုပ်ငန်း လုပ်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ကြသည်။ နောက်ပိုင်းတွင် ပန်းပဲ၊ လက်သမား၊ ပန်းရံ လုပ်ငန်းများကိုလည်း လုပ်ကိုင်လာခဲ့ကြသည်။

ပမာအားဖြင့် ရန်ကုန်မြို့တွင် ထင်ရှားသော ပရဟိတဝါသနာရှင် တရုတ်သူဌေးကြီး ချန်မာဖီ [ယခင်က အလုံတွင် ချန်မာဖီ အိမ်ရှိရာလမ်း (ချန်မာဖီလမ်း)၊ ယခု နှင်းဆီလမ်း အမည် ရှိခဲ့ဖူးသည်။] သည် မကြီးပွားမီအချိန်က ပန်းရံသမားတစ်ဦး ဖြစ်ခဲ့ဖူးသည်။

ယနေ့ ရွှေတိဂုံဘုရား ရင်ပြင်တော် အောင်မြေ အနီးတွင် စုလစ်မွန်ချွန်းတို့ဖြင့် တည်ဆောက်ထားသော ဘုံ (၇)ဆင့်ပါ အာရုံခံ ပြာသာဒ် တန်ဆောင်းတစ်ခု တည်ရှိသည်။

ထို တန်ဆောင်းတွင် မြန်မာမှု မြန်မာ့ဟန်ဖြစ်သော ဘုရင်၊ ဝန်ကြီး၊ နတ်ရုပ်စသော ပန်းပုလက်ရာများ၊ ဗုဒ္ဓဝင်မှ သိဒ္ဓတ္ထ မင်းသားတောထွက်ခန်း၊ ကြာချည်လုပ်ခန်း၊ ဘုရား ဖြစ်တော်မူခန်း၊ မာန်စစ်သည်များကို အောင်တော်မူခန်း၊ ဥရု ဝေဠ ကဿပကို ချွေချွတ်တော်မူခန်း စသည့် ပြောင်မြောက်သော ပန်းပုလက်ရာများကို တွေ့ရှိနိုင်သည်။

ထို အာရုံခံတန်ဆောင်းမှာ သူဌေးကြီးချန်မာဖီနှင့် ဇနီး ဒေါ်အေးမြတို့၏ ကုသိုလ်ကောင်းမှုဖြစ်သည်။ ချန်မာဖီသည် ၁၈၆၀ ပြည့်နှစ်များတွင် တရုတ်ပြည် အမွိုင်မှ မလက္ကားရေလက်ကြားကိုဖြတ်၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာသူဖြစ်သည်။ ပထမ သမ္ဗာန်သမားဘဝ၊ ထိုမှ ကုန်သည်ကြီးဘဝသို့ ရောက်ရှိလာသူ သူဌေးကြီးတစ်ဦးဖြစ်သည်။

ယင်းအခြေအနေတွင် ရန်ကုန်မြို့တော်အတွင်း ကျောက်ရောဂါ၊ ပုလိပ်ရောဂါ၊ ကာလဝမ်း ရောဂါ၊ ဝမ်းပျက် ဝမ်းလျှောနှင့် အူရောင်ငန်းဖျား ရောဂါများ ဖြစ်ပွားနေသဖြင့် အသေအပျောက်နှုန်းမှာလည်း မြင့်မားနေခဲ့သည်။

ပမာအားဖြင့် ၁၈၈၄ ခုနှစ်မှ ၁၈၈၉ ခုနှစ်အတွင်း လူ (၁၀၀၀) တွင် သေဆုံးမှုနှုန်းမှာ ၃၁·၈၇% ရှိခဲ့သည်။ ထို့ကြောင့် ၁၈၉၀ မှ ၁၈၉၉ ခုနှစ်အတွင်း မြေအောက်မိလ္လာပြွန်စနစ်ဖြင့် အညစ်အကြေးစွန့်ပစ်ရန် စက်ရုံ (SEWAGE PLANT) တစ်ခု တည်ထောင်ပြီး ဖြစ်သော်လည်း လူသေဆုံးမှုနှုန်းမှာ လူ(၁၀၀၀) လျှင် ၃၃·၇၈% ရှိနေပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

စင်စစ်အားဖြင့် ရန်ကုန်မြို့သူ မြို့သားများ ရောဂါထူပြောလာခြင်း၊ အသေအပျောက်များခြင်းတို့မှာ နေထိုင်ရာ ဒေသဝန်းကျင်တွင် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိခြင်း၊ ရွှံ့နွံ့ထူသော အနိမ့်ပိုင်းတွင် နေထိုင်ကြရခြင်း၊ အညစ်အကြေး စွန့်ပစ်မှုကအစ၊ ရေစီးရေလာကောင်းအောင် စနစ်တကျဖောက်လုပ် ထားသော ရေမြောင်းများမရှိခြင်း၊ သန့်ရှင်းသော သောက်ရေ၊ သုံးရေလုံလောက်စွာ မရရှိခြင်း၊ လူဦးရေ ထူထပ်လာခြင်း စသည်တို့ကြောင့်ပင် ဖြစ်သည်။

၁၈၅၀ ပြည့်လွန်နှစ်များနှင့် ၁၈၆၀ ပြည့်နှစ်လွန်များအချိန်က ရန်ကုန်မြို့လယ် ကွက်ကွက် ကလေးမျှကိုသာ မြေမျက်နှာပြင်ကို မြေဖို့ မြှင့်တင်နိုင်ခဲ့သည်။

ကျန်ရပ်ကွက်များမှာ တောင်ကုန်းများမှ လွဲ၍ ရေဝပ်သော အနိမ့်ပိုင်းတွင် လူအများနေထိုင်ကြရသည်။ ပမာအားဖြင့် ဗိုလ်ချုပ်လမ်းနှင့် မဟာဗန္ဓုလလမ်းအကြားရှိ သိမ်ဖြူလမ်းပင်လျှင် မြေနိမ့်ပိုင်းတွင်တည်ရှိပြီး ရွှံ့နွံ့ထူထပ်စွာ ရှိနေပေသေးသည်။

ထို့ပြင် ရန်ကုန်မြို့၏ လူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် ရာထောင်ချီ၍ တိုးတက်များပြားလာသည်နှင့်အမျှ မြို့တွင်းရှိ အိမ်ခန်း ဈေးနှုန်းများမှာလည်း ကြီးမြင့်လာသည်။

ဤသို့ဖြင့် ဆင်းရဲသားများမှာ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော ဆင်ခြေဖုံးရပ် ကွက်များသို့ ရွှေ့ပြောင်းနေထိုင်ကြရသည်။

ယင်း အခြေအနေတွင် အင်္ဂလိပ်အစိုးရက မြေအရောင်း၊ အငှားချထား၍ ရန်ပုံငွေရှာဖွေကာ တိုးတက်လာသော မြို့နေလူထုနေထိုင်နိုင်ရန် မြေနေရာ ပြုပြင်ဖော်ထုတ်သည့် လုပ်ငန်းများကို အစဉ်တစိုက် ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

**ရေဒုက္ခ**

ရန်ကုန်မြို့တော် လူဦးရေသည် လွန်ခဲ့သော ဆယ်စုနှစ်ကာလက ၁-သိန်း၊ ၃-သောင်း၊ ၄-ထောင် ရှိခဲ့ရာမှ တစ်သိန်း ၈သောင်းအထိ တိုးတက်လာခဲ့သည်။ လူဦးရေတိုးတက်လာမှုနှင့်အတူ ရေ အခက်အခဲက ကပ်ပါလာသည်။

၁၈၉၀ ပြည့်နှစ်၊ နွေရာသီသည် ရေရှားပါးမှုကို အထူးကြုံတွေ့ကြရ သောနှစ်ဖြစ်သည်။ ရေကိုဆင်ခြေဖုံးရပ်ကွက်များသို့ပင် တိုးချဲ့ပေးဝေနိုင်ခြင်း မရှိခဲ့ချေ။ ဒေါပုံဘက်ကမ်းတွင် နေထိုင်သူများသည် ရန်ကုန်ဖက်ကမ်းတွင် စိုက်ထူပေးထားသော ရေတိုင်မှ ရေကိုလာရောက်သယ်ယူကြရသည်။

ပုဇွန်တောင်ရပ်ကွက်တွင်လည်း ရေမလုံလောက်သည့်အပြင် ဒလဘက်ကမ်းတွင် ကျန်းမာရေးနှင့်မညီညွတ်သောရေကို ကန်များမှလည်းကောင်း၊ ကြည့်မြင်တိုင်တွင် ရေတွင်းများမှ ရေကိုလည်းကောင်း ရယူသုံးစွဲနေရဆဲပင် ဖြစ်သည်။

သို့ဖြင့် အစိုးရသည် ကော်မတီတစ်ရပ်ဖွဲ့စည်း ကာထိုကော်မတီက ရွှေတိဂုံကုန်းတော်၏ ကောင်စွယ် (? ဂေါ်ရာကုန်း)တွင် ပင်မရေလှောင်တမံတစ်ခု တည်ဆောက်ရန် ဆုံးဖြတ်ခဲ့သည်။ ထို ကုန်းပေါ်ရှိ ကန်သို့ အင်းလျားနှင့် ကန်တော်ကြီး အကြားရှိ ဗဟိုစခန်းမှ ရေမောင်းတင်၍ ရန်ကုန် တစ်မြို့လုံးကို ရေပေးဝေရန် စီမံခဲ့သည်။

၁၈၉၄ ခုနှစ်တွင် ရွှေတိဂုံကုန်းတော် ရေလှောင်ကန် ရေကို မြို့တွင်းသို့ စတင်ဖြန့်ဝေပို့လွှတ်ခဲ့သော်လည်း ရေအခက်အခဲမှာ ရှိမြဲရှိနေပေသေးသည်။ နောက်ဆုံးတွင် အာဏာပိုင်တို့က လှော်ကား (သာစုကန်)တွင် ရေလှော ကန်တစ်ခု တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဆက်ပါဦးမည် . . .

မောင်ဆွေးသန်



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာရှင်(ရွှေပြည်သာ) နှင့် အီယန်သင်းဆုန်၏ ဓမ္မခရီး

ဆလိုင်းရွှေလင်း

သူမအမည်က Iang Tin Sung ဖြစ်သည်။ မြန်မာလို အနီးစပ်ဆုံး အသံထွက်ရလျှင် အီယန်သင်းဆုန် ဖြစ်၏။ သူမကိုမသိတာဟုလည်း ခေါ်ကြသည်။ သူမ၏ မိဘနှစ်ပါးလုံးမှာ စိတ်ထားမြင့်မြတ် ကောင်းမွန်သူများ ဖြစ်သည်။ ဖခင်က ဦးလျဉ်မှုဦး (U Lain hmung)၊ မိခင်က ဒေါ် Nly Hling။ မွေးချင်း လေးဦးအနက် သူမက အကြီးဆုံး။ ၁၇-၉-၇၇ တွင် ဟားခါး၌ သူမကို မွေး၏။

ဘာသာခြားအဖြစ် မွေးဖွားလာခဲ့ရသော သူမသည် မိဘနှင့် အသင်းတော်တို့၏ သွန်သင်ချက်အတိုင်း အရာရာတိုင်းမှာ ဘုရားအလိုတော်အတိုင်း ဖြစ်သည်ဟု ယုံကြည်အားကိုးနေခဲ့ပါသည်။ ဖန်ဆင်းရှင်ကို တကယ်အားကိုးပြီး၊ လေးလေးနက်နက် သေသေချာချာ ဆုတောင်းခဲ့ဖူးသည်။ ဆုတောင်းချက်ကို ပစ်ပယ်လစ်လျူရှု မထားပါနှင့်၊ အရေးယူပြုပေးပါ)ဟု အဓိပ္ပာယ်ထွက်သော စကားမှာ "နားညောင်းတော်မူပါ"ဟု ဖြစ်သည်။ ဘုရားရှင် နားညောင်းတော်မူပါဟုလည်း အကြိမ်ကြိမ် ဆုတောင်းခဲ့ဖူးသည်။

သို့သော် လက်တွေ့ဖြစ်ရပ်တွေက ဆန့်ကျင်ဘက်တွေချည်း။ အကျင့်စာရိတ္တကောင်းမွန်သော၊ အသင်းတော်က လူကြီးဖြစ်ခဲ့သော၊ အစိုးရဝန်ထမ်း ဖခင်ကြီးမှာ သူမ ၁၀ နှစ်သမီးအရွယ် ၁၉၈၇ တွင် ကွယ်လွန်သွားသည်။ ဖခင်ကွယ်လွန်ပြီးနောက် လူမမည်သားသမီး လေးဦးကို ပင်ပန်းခံ ရှာဖွေကျွေးမွေးခဲ့သော၊ မိခင်ပီသသော၊ ဖန်ဆင်းရှင်ကို အစဉ်အမြဲဆက်ကပ် ဆုတောင်းခဲ့သော မိခင်ကြီးမှာလည်း ဖခင်ကွယ်လွန်ပြီး ၁၀ နှစ်အကြာ ၁၉၉၈ တွင် ကွယ်လွန်သွားခဲ့ပြန်သည်။ မိခင်သေပုံကလည်း စိတ်ထိခိုက်ဖွယ် ဖြစ်၏။ မိခင်ကို တိုက်ရိုက်လုပ်ကြံသည်မဟုတ်သော်လည်း၊ နှုတ်ပိတ်သည့်အနေဖြင့် အသတ်ခံရခြင်းဖြစ်သည်။ မိခင်က အကောင်းဘက်သို့ချည်း ဆုတောင်းခဲ့ပေမယ့် ဖြစ်လာတာက အဆိုးတွေချည်း။

သူမအဖို့ မေးစရာတွေ၊ ဆင်ခြင်တွေးဆစရာတွေက များ၍များ၍လာသည်။ စိန္တာမယဉာဏ်ဟု ဆိုနိုင်ပါလိမ့်မည်။ သက်ရှိဘုရားရှင် ဖြစ်တာမှန်လျှင် သူမတို့ကို ဘာကြောင့် မိဘမဲ့ဖြစ်စေခဲ့သလဲ။ အရာရာတိုင်းသည် ဖန်ဆင်းရှင်အလိုတော်အတိုင်း ဖြစ်တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။ နားညောင်းတော်မူပါဟု စိန်ခေါ်၍အကြိမ်များစွာ ဆုတောင်းခဲ့ဖူးပါလျက် ထူးမခြားနားဖြစ်ခဲ့ရာ နားညောင်းမည့်သူကော တကယ်ရှိပါရဲ့လား။ တကယ်အားကိုးခဲ့ပါလျက် အားကိုးရကျိုးမနပ်သည်မှာ ဘာ့ကြောင့်လဲ။ အကောင်းတွေချည်း ဆုတောင်းခဲ့ပါလျက်၊ ကြုံလာသမျှတွေက အဆိုးတွေချည်းဖြစ်နေတာ ဘာ့ကြောင့်လဲ။ ဝဋ်ကြွေးဆိုတာရှိနေသလား။ ချမ်းသာသူမိဘဝန်းကျင်မှ မွေးလာသူရှိသလို၊ မွေးပြီးပြီးချင်း အစွန့်ပစ်ခံရသူလည်း ရှိနေရာ ဒါတွေကကော ဖန်ဆင်းရှင်၏ အလိုတော်တွေပဲလား။ ကျန်းမာဟောင်းနှင့် ကျမ်းသစ်ဆန့်ကျင်နေတာ ဘာကြောင့်လဲ။

သူမ၏ ပတ်ဝန်းကျင်တွင် လူဝင်စားတွေရှိနေခြင်းကလဲ ဆင်ခြင်တွေးဆမှုကို ပို၍လေးနက်စေခဲ့သည်။ ဘာသာခြားတို့အဖို့ သေပြီးလျှင် ခရစ်တော်၌အိပ်ပျော်သည်ဟု ဆိုကြသည်။ လူဝင်စားဆိုတာ လုံးဝ လက်ခံခြင်းသူများ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်။ သို့သော် ဟားခါးတွင် လူဝင်စားဆိုတာအမှန်ပင် မွေးဖွားခဲ့ဖူးသည်။ ဘာသာခြားတွေက ကျမ်းချက်အရ လူဝင်စားကို လက်မခံကြသော်လည်း၊ ပြင်ပလောက၌မူ ယုံကြည်သင့်သလောက် ယုံသူများလည်း ရှိနေ၏။ ဘာသာခြားဝါဒအရ တစ္ဆေဆိုတာမရှိပေမဲ့၊ မိဘတွေ၏ ဝိညာဉ်ဆိုတာလည်း ယုံသူက ရှိနေကြသည်။

သူမအသက် ၁၈ နှစ်သမီးတွင် မင်းတပ်ဇာတိဖွား ကိုနိုင်းမာန်နှင့် အိမ်ထောင်ပြုသည်။ ကိုနိုင်းမာန်သည် ဗုဒ္ဓဘာသာ ဖြစ်၏။ သူတို့ဇနီးမောင်နှံသည် မိမိတို့ယုံကြည်ရာ သာသာကို လွတ်လပ်စွာ ကိုးကွယ်နေခဲ့ကြသည်။ သမီးတစ်ယောက်၊ သားနှစ်ယောက် ထွန်းကားသည်။

သူမအဖို့ ကံကောင်းသည်ဟု ဆိုရမည့်အချက်မှာ ရတနာမွန်၊ သာထွန်းပြန့်၊ မြတ်မင်္ဂလာစသော ဗုဒ္ဓဘာသာ စာစောင်များကို ဖတ်ရှုနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ကံနှင့် ကံအကျိုးပေးဆိုင်ရာ စာမူကောင်းကောင်းများကို ဖတ်ရှုခွင့်ကြုံခဲ့သည်။ ဖန်ဆင်းရှင်က အရာရာကိုဖန်ဆင်းတာတော့ မဟုတ်နိုင်ကြောင်း တဖြည်းဖြည်း သိမြင်လာခဲ့သည်။ အစပိုင်း၌ ဗုဒ္ဓဘာသာဘုန်းကြီးများကို ဘယ်လိုမှလေးစားနိုင်ခြင်း မရှိခဲ့ပါ။ သူမမေးသော မေးခွန်းများကို လိုရင်းရောက်အောင် မဖြေဘဲ ဝေ့လည်ကြောင်ပတ် ဖြေခဲ့ကြ၍ဖြစ်သည်။

ဘာသာရေးစာစောင်များကို ဖတ်ရှုရသဖြင့် လူဝင်စားကိစ္စ သဘောပေါက်လာသည်၊ ကံနှင့် ကံအကျိုးပေးကို နားလည်လာသည်။ မေတ္တာရှင်(ရွှေပြည်သာ)၏ ဘဝနှင့် ရင်းရသော အတွေးအမြင်များစာအုပ်ကို ဖတ်ရှုရသောအခါတွင်မူ ရတနာသုံးပါးကို အကြွင်းမဲ့ဆည်းကပ် ကိုးကွယ်နိုင်သော စွမ်းအားသတ္တိများ ရှိလာပါပြီ။ မေတ္တာရှင် (ရွှေပြည်သာ)ကိုလည်း အလွန်ပင် ကြည်ညိုလေးစားမိသည်။ မေတ္တာရှင် လူဝတ်မလဲမီက ကြည်ညိုလေးစားသလို၊ လူဝတ်လဲပြီးနောက်၌လည်း ကျေးဇူးရှင်အဖြစ် ကြည်ညိုနေမြဲပါဟု ၁၅-၅-၂၀၁၆ တွင် မအီယန်သင်းဆုန်က စာရေးသူအား ရှင်းလင်းပြတ်သားစွာ ပြောဆိုသည်။ မေတ္တာရှင်၏ စာပေနှင့် တရားတော်များက အချိန်မရွေး ဖတ်ရှုနာယူသူတို့အား ကောင်းကျိုးဖြစ်စေမြဲဖြစ်၍ ကြည်ညိုခြင်းဖြစ်သည်ဟု ဆိုသည်။ လူ့ဘဝတွင်လည်း မေတ္တာရှင်သည် ကောင်းမှုများသာ လုပ်နေမည်ဟု မသိတာ ယုံကြည်နေသည်။

သူမသည် ၂၀၀၀ ပြည့်နှစ်မတိုင်မီကတည်းက ဗုဒ္ဓ



အီယန်သင်းဆုန်

တရားတော်များကို ယုံကြည်သက်ဝင်နေခဲ့သော်လဲ၊ ၂၀
ပြည့်နှစ်တွင်မှ သရဏဂုံဆောက်တည်၍ ဗုဒ္ဓဘာသာ
အဖြစ် ရဲဝံ့ပြတ်သားစွာ ခံယူလိုက်သည်။

သူမ ဗုဒ္ဓဘာသာဝင် ခံယူလိုက်သည့်အတွက်
မျိုးနှင့် အသိုင်းအဝိုင်းတို့က သူမကို စိတ်ဆိုးကြသ
သူမ၏ တုံ့ပြန်စကားမှာ "ဆွေမျိုးတွေ နာကြည်းတာ
ခံနိုင်ပါတယ်။ ဒါပေမဲ့ ဒေါသထွက်စိတ်ဆိုးတာကို
မဖြစ်စေချင်ပါဘူး"ဟု ဖြစ်သည်။ ၂၀၁၃ ခုနှစ်၊
၁၀ ရက်တွင် ကန်ပက်လက်မြို့၌ ဗုဒ္ဓဂုဏ်ပြေ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

အရှင်အဂ္ဂဓမ္မ(နိကမ)က မအီယန်သင်းဆုန်အား တွေ့ဆုံမေးမြန်ရာ၌ ထိုသို့ဖြေကြားလိုက်ခြင်း ဖြစ်သည်။ ခင်ပွန်းက ဗုဒ္ဓဘာသာဖြစ်လို့ ခင်ပွန်းရဲ့ အဓမ္မစည်းရုံးမှု ဆွဲဆောင်မှု၊ ခြိမ်းခြောက်မှုတို့ကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်လာရခြင်း မဟုတ်ကြောင်းလည်း သူမက အတိအလင်းဖြေဆိုသည်။ မိမိယုံကြည်ရာကို လွတ်လပ်စွာ ကိုးကွယ်ကြစတမ်းဟု ကတိရှိထားခဲ့ကြသဖြင့် သူမ ဗုဒ္ဓဘာသာဝင် ခံယူလာသော်လည်း ဦးနိုင်းမာန်က ပိုမို ဝမ်းမြောက်ဟန်ပင် မရှိ။ သို့သော် မှတ်မှတ်ရရစကား တစ်ခွန်းတော့ ပြောပါသည်။

"မင်း စာဖတ်တယ်ဆိုတော့ စာထဲက အမှန်တရားကို ဖော်ထုတ်နိုင်သားပဲ"

အမျိုးတွေက သူမကို "မှားပါတယ်"ဟု ပြောစေချင်ကြသည်။ သူမကလည်း မမှားမှန်း သိသောကြောင့် ဆက်ဆံရေးက အဆင်မပြေ။ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်လာသူတို့၏ ကြမ်းတမ်းခက်ခဲသောအဖြစ်ကို အမည်ခံမိရိုးဖလာ ဗုဒ္ဓဘာသာတို့က မသိနိုင်။ သိရန်လည်း အားမထုတ်။

ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီးနောက် သူမ စိတ်မကောင်းဖြစ်ရသော အချက်တစ်ချက်က ဗုဒ္ဓဘာသာဝင်တို့၏ နွေးထွေးသော လက်ကမ်းကြိုဆိုမှုကို မရရှိခဲ့ခြင်းပင် ဖြစ်၏။ အမှန်တော့ ရတနာမှန်စာစောင်နှင့် မေတ္တာရှင် (ရွှေပြည်သာ)၏ စာအုပ်များကို ဖတ်ရာမှတစ်ဆင့် ဆင်ခြင်သုံးသပ်၍ မိမိ၏ကိုယ်ပိုင် ဆုံးဖြတ်ချက်ဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့ခြင်း ဖြစ်သည်။ ခင်ပွန်းရာထူးတက်ဖို့ သို့မဟုတ် မိမိအခွင့်အရေး တစ်စုံတစ်ရာရဖို့ မျှော်လင့်၍ ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့ခြင်း မဟုတ်။ သို့သော် သူမသည် လူသားတစ်ယောက်ဖြစ်၍ အမျိုးတွေ၏ ပစ်ပယ်မှုကြောင့် အထီးကျန်တာကို ဝမ်းနည်းမိသလို၊ ဗုဒ္ဓဘာသာဝင်တို့၏ နွေးထွေးသော လက်ကမ်းကြိုဆိုမှုကိုတော့ လိုလားတောင့်တမိသည်မှာ အမှန်ပါဟု မအီယန်သင်းဆုန်က ရီဝေသော မျက်လုံးများဖြင့် လှစ်ဟဖော်ထုတ်ခဲ့သည်။ ဟိုဘာသာမှာတုန်းက အားမငယ်ခဲ့ရဘဲ ဗုဒ္ဓဘာသာဝင်ဖြစ်လာမှ အားငယ်လာတတ်တာလည်း အသိသာကြီးပါ။

အပြင်မှာ တွေ့ရသော သံဃာနှင့် ဗုဒ္ဓတရားတော်တွင် တွေ့ရသော သံဃာ၏ကွာခြားချက်ကိုလည်း သူမ သိလာရသည်။ ဦးစွာတွေ့ရသော အပြင်ကသံဃာတော်များကို ရုတ်တရက် မကြည်ညိုနိုင်တာကတော့ အမှန်ပါ။ သူမသည် တတ်စွမ်းသလောက် လှူခဲ့ဖူးသည်။ အလှူရှင်၏ လှူဖွယ်ဝတ္ထုက ညံ့ချင်ညံ့နေမည်၊ အလှူခံကလည်း ကြိုက်ချင်မှကြိုက်မည်။ သို့သော် လှူသူ၏စေတနာကို အသိအမှတ်ပြု၍ ဝမ်းမြောက်ဝမ်းသာ နွေးထွေးပျူငှာစွာ လက်ခံစေချင်သည်မှာ သူမ၏ ဆန္ဒ။ သို့သော် ထိုသို့ဖြစ်မလာပါ။ အလှူရှင်ကွယ်ရာမှာ လှူဖွယ်ဝတ္ထုကို လွှင့်ပစ်ချင်လည်း လွှင့်ပစ်ပါ၊ သို့သော် ရှေ့မှာတော့ လက်ခံစေလိုပါ၏။

ဆင်းရဲသူကိုတစ်မျိုး၊ ချမ်းသာသူကိုတစ်မျိုး ခွဲခြားဆက်ဆံမှုတွေကိုလဲ သူမကြုံခဲ့ရဖူးသည်။ ဗုဒ္ဓဓမ္မအချို့ကိုသာ လက်ခံနိုင်သေးသော စမ်းတဝါးဝါးကာလများဆီက အမှတ်တရ ဖြစ်ရပ်တွေပေါ့။ ပရမတ္ထသံဃာတော်တို့၏ ဂုဏ်တော်ကို ဖတ်ရှုလေ့လာ သဘောပေါက်ရသောကြောင့် သံဃာတော်များကို သံဃာရတနာ၏ ကိုယ်စားလှယ်များဟု ကြည်ညိုလာလေသည်။ သူမ၏ ချင်းအမည်ကို ခေါ်ရခက်လှသည်ဟု မိန့်ဆိုဖူးသော ပုဂ္ဂိုလ်တစ်ဦးကို စာရေးသူသတိပြုမိတော့ ဖြူးဆရာတော်၏ တရားတော်ကိုကြားယောင်လာသည်။ ဖြူးဆရာတော်က (မြန်မာအသံထွက်တွေသာ ပီအောင်မဆိုကြတာ၊ သူတို့ပထွေးစာ အင်္ဂလိပ်စာကျတော့ပီပ)ဟု သတိပေးဖူးသည်။ ချင်းအမည်တွေကိုကျတော့ ခက်လှချည်ရဲ့ဟု ထင်ရာမြင်ရာဆိုနေပြီး၊ နိုင်ငံတကာ အခေါ်အဝေါ်တွေကို ကရုတစိုက်ပြောဆိုနေသူအချို့လည်း ရှိနေပြန်သည်။

"ကျွန်မဆွေမျိုးတွေ ကိုးကွယ်တဲ့ ဘာသာကို မှားတယ်လို့ ပြောတာမဟုတ်ပါဘူး။ အမှန်ဆုံး၊ သဘာဝအကျဆုံးဘာသာဟာ ဗုဒ္ဓဘာသာဖြစ်ကြောင်း သဘောပေါက်လာတာလို့ ပြောချင်တာပါ"ဟု သူမက လေးလေးနက်နက်ဆို၏။

"ဟိုဘာသာကို ပြန်ဝင်ရင် လိုအပ်မှုအားလုံး၊ လိုလားမှုအားလုံး ပြည့်စုံသွားမယ်။ သားချင်းဆွေမျိုးထဲမှာ အရေးပါအရာရောက်နေသူတွေ အများကြီး၊ ပြည်တွင်းမှာရော၊ ပြည်ပမှာပါလေ။ သားတွေလည်း မြင့်မြင့်မားမား ပညာသင်ရမယ်။ ဒါပေမဲ့ ဘေးပတ်ဝန်းကျင်က ဘယ်လောက်ပေးပေး၊ အမြဲတမ်းတော့ အလကားမပေးနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ သိတယ်။ ဒီဘဝမှာပဲ ခံစားရပြီး၊ သံသရာအတွက် စိတ်မချရဘူး။ ဒါကြောင့် ကျွန်မရော သားသမီးတွေပါ ဗုဒ္ဓဘာသာကိုပဲ ကိုးကွယ်ချင်ပါတယ်။ သားသမီးတွေကို လည်း ပြောဖြစ်ပါတယ်။ ချင်းဖြစ်ရလို့၊ ရှန်းကန်ရလို့ အားငယ်နေဖို့ မလိုသလို (မာန်)ထောင်ဖို့လည်း မလိုဘူးလို့"

ဗုဒ္ဓဘာသာမှ အခြားဘာသာသို့ ပြောင်းသွားကြသူများလည်းရှိရာ မအီယန်သင်းဆုန်က ဤသို့မှတ်ချက်ပေးလိုက်သည်။ "အခွင့်အရေး(သို့) မျှော်လင့်ချက် တစ်စုံတစ်ရာကြောင့် ဗုဒ္ဓဘာသာကို ကိုးကွယ်လာကြသူများဟာ ဗုဒ္ဓတရားကို တကယ်လေးလေးနက်နက် ယုံကြည်သူတွေ မဟုတ်ကြပါဘူး။ ဗုဒ္ဓရဲ့အတွင်းက အနှစ်သာရကို သိသူဟာ သံသရာတစ်လျှောက်မှာ ချမ်းသာဖို့၊ စိတ်ချရဖို့အတွက် ယုံကြည်ကိုးကွယ်ကြတာပါ။ ဗုဒ္ဓတရားရဲ့ အနှစ်သာရကို မသိသူတွေကသာ အခြားဘာသာကို ပြောင်းကြတာပါ"

ဗုဒ္ဓတရားတော်က လေးနက်မှန်ကန်သော်လည်း၊ ဘာသာခြားတို့၏ သာသနာပြုနည်းများက ဗုဒ္ဓဘာသာတို့၏ သာသနာပြုနည်းများထက် မနိုင်းယှဉ်သာလောက်အောင် ကောင်းမွန်နေကြောင်း မအီယန်သင်းဆုန်က အပြုသဘောဖြင့် ထောက်ပြသည်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပညာသင်လာခဲ့သော ချင်းလူငယ်တစ်ယောက် ၁၀ တန်းအောင်ပြီးနောက် ဘာသာခြားသို့ ဝင်ရောက်သွားကာ တရားဟောဆရာ ဖြစ်သွား၏။ ဤသို့သော ဖြစ်ရပ်များကို ခဏခဏ ကြားရ၏။ ဗုဒ္ဓဘာသာအဖို့ သမင်မွေးရင်း ကျားစားရင်းဖြစ်ရသော သံဝေဂရဖွယ်၊ သင်ခန်းစာယူဖွယ် ဖြစ်ရပ်များဖြစ်သည်။ ဤသို့သောဖြစ်ရပ်တွင် အကြောင်းနှစ်ချက်ရှိသည်ဟု စာရေးသူ သုံးသပ်မိသည်။ ပထမအကြောင်းအရင်းက ဘာသာခြားများက စားဝတ်နေရေး၊ ပညာသင်ကြားရေးကို အခမဲ့ရသောနေရာ၌ အခွင့်အရေးယူရုံသက်သက် လာနေကြခြင်းကြောင့် ဖြစ်သည်။ ဒုတိယအကြောင်းရင်းက ဗုဒ္ဓဘာသာဘက်က မေတ္တာဖြင့် ယှဉ်၍ ထိထိရောက်ရောက် နွေးနွေးထွေးထွေး သာသနာမ ပြုနိုင်မှုကြောင့် ဖြစ်သည်။

မအီယန်သင်းဆုန်ကမူ မိမိတို့ဗုဒ္ဓဘာသာဘက်က ချို့ယွင်းအားနည်းချက်များကို အချိန်မီပြုပြင်ဖို့ အကြံပြုသည်။

"နေမကောင်းဘူးဆိုပါတော့ တစ်ဦးတည်းက လူလွှတ်ပြီး ငါးသောင်း လှူနိုင်းတာထက် အဖွဲ့ဝင်တွေစုပြီး ၅၀၀၀ ပဲ သွားလှူကြတာက လူနာအတွက်ပိုပြီး ခွန်အားဖြစ်စေတယ်။ အားပေးစကားပိုင်းပြောကြတာ၊ ဆုတောင်းပေးကြတာ အားရှိသွားတယ်။ ငွေထက်နွေးထွေးမှုက ပိုပြီးပျော်ရွှင်စေတယ်။ အဲဒါကို သတိပြုဖို့လိုပါတယ်"

ဘာသာခြားတို့သည် ဘုရားရှိခိုးကျောင်း၌ အပတ်စဉ်တွေ့ဆုံမှုရှိပြီး အလွန်စည်းလုံးညီညွတ်ကြသည်ကို သူမက ပြောပြ၏။ ဗုဒ္ဓဘာသာဝင်များမှာမူ ဝါတွင်းကာလ၊ သင်္ကြန်ကာလလောက်မှာသာ တွေ့ဆုံနိုင်ကြကြောင်း၊ ထိုသို့တွေ့ဆုံကြသော်လည်း ဘာသာရေးသီးသန့်သာဖြစ်၍ လူမှုဒုက္ခများကို မျှဝေဖြေရှင်းနိုင်သော အဖွဲ့အစည်းပုံစံမဟုတ်ကြောင်း၊ စည်းရုံးမှုနှင့် နွေးထွေးမှုအားနည်းလှသည်ဟု ခံစားရကြောင်း သူမက ရှင်းပြသည်။

စီမံခန့်ခွဲမှု အတတ်ပညာ (အုပ်ချုပ်မှု) ညံ့ဖျင်းလှသောကြောင့် ငွေကြေးနှင့် ပစ္စည်းဥစ္စာများ အလေအလွင့်များ၍ ဆုံးရှုံးနစ်နာခဲ့ကြောင်းလဲ ထောက်ပြသည်။ လူကိုလူလိုမြင်တတ်၍ မေတ္တာဖြင့်ဆက်ဆံတတ်ဖို့၊ အမိန့်အာဏာဖြင့် ပြောဆိုပြုမူခြင်းထက် နှလုံးသားထဲ ထိရောက်အောင် ဆက်ဆံတတ်ဖို့လိုကြောင်း သာဓကတစ်ခုဖြင့် သူမက ရှင်းပြသည်။

"အချို့အလှူတွေမှာက လူကြီးတွေကိုပဲ ဦးဦးဖျားဖျား ကျွေးကြတယ်။ ဆင်းရဲသူ၊ အဖိနှိပ်ခံတွေထက် ချမ်းသာသူ၊ ရာထူးရှိသူကို ဦးစားပေးပြီး ကျွေးတယ်။ အဲသလို ခွဲခြားဆက်ဆံတာဟာ ဗုဒ္ဓသာသနာကို ထိခိုက်ပါတယ်။ လူကြီးတွေက ဗုဒ္ဓသာသနာ ခိုင်မာပြီးသားဆိုတော့ ပြဿနာမရှိဘူး၊ ဘာသာလည်း မပြောင်းတော့ပါဘူး။ လူငယ်တွေကတော့ သူတို့ကို နှိမ်တယ်လို့ ခံစားရတဲ့အခါမှာ စိတ်ဒဏ်ရာရသွားပြီး ဘာသာပြောင်းသွားနိုင်တယ်။ အဲဒါကြောင့် လူငယ်တွေကို ဂရုစိုက်ဖို့၊ မေတ္တာနဲ့ ဆက်ဆံဖို့လိုပါတယ်။ စိတ်ဒဏ်ရာတွေရပြီး၊ ဗုဒ္ဓဘာသာကို ကျောခိုင်းသွားနိုင်ပါတယ်။ သူတို့ရင်ထဲမှာ ဗုဒ္ဓတရားတွေ မခိုင်မာသေးတော့ အစစအရာရာ သတိပြုဖို့လိုပါတယ်"

(မှတ်ချက် ။ စာရေးသူသည် အလှူပွဲများ၌ဘုရား မျှတမှုအဖြစ်ဆုံး၊ အမြန်ဆုံး၊ ဝေယျာဝစ္စ ဒုက္ခအနည်းဆုံး၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ပြိုင်နက် ကျွေးမွေးနိုင်သော သီရိလင်္ကာ ဗုဒ္ဓဘာသာဝင်တို့၏ ကျွေးမွေးနည်းကို တင်ပြခဲ့ဖူးသည်။ အကျဉ်းချုပ် ဖော်ပြပါဦးမည်။ စားလိုသူတို့သည် ဇလုံ တစ်လုံး၊ ဇွန်းတစ်ချောင်း၊ မတ်ခွက် တစ်ခွက်ကိုယူကာ တန်းစီရသည်။ ထမင်းအိုးကြီးနားရှိ လူတစ်ဦးက တန်းစီသူတို့၏ ဇလုံများထဲသို့ ထမင်းကို ထည့်ပေးသည်။ နောက်တစ်ဦးက ဟင်းများကို ထည့်ပေးသည်။ အခြားတစ်ဦးက မတ်ခွက်ထဲသို့ အရေ သောက်ဟင်းကို ခပ်ထည့်ပေးသည်။ ထမင်းဝိုင်းများ ခင်းမထားပါ။ သင့်လျော်ရာတွင် ထိုင်၍စားကြသည်။ မဝသေးပါက ထပ်၍တန်းစီနိုင်သည်။ ရာထူးရှိသူ၊ မရှိသူ၊ ငွေကြေးရှိသူ၊ မရှိသူ မခွဲခြားဘဲ စားကြသည်။ ထမင်းဝိုင်းပြင်ပေးစရာမလို၊ ပုဂံများစွာ ဆေးစရာမလို၍ ဝေယျာဝစ္စ ဒုက္ခ အနည်းဆုံးဖြစ်သည်။)

တစ်ဦးက ငွေငါးသောင်းဖိုးပေးလှူပေမယ့် တစ်ဖက်သားကို အထင်သေးသော မျက်လုံး၊ နှိမ်သောသဘောထားဖြင့် ပေး၏။ အခြားတစ်ဦးကမူ ၅၀၀၀ ဖိုးသာ ပေးလှူပေမဲ့ ခင်မင်နွေးထွေးစွာဖြင့် မိဘကသားသမီးကို ပေးသကဲ့သို့ ပေး၏။

ထိုသူနှစ်ယောက်တွင် ဒုတိယလူက မေတ္တာဖြင့် ဆက်ဆံသူ၊ လူကိုလူလိုဆက်ဆံသူ၊ နှလုံးသားထဲ ထိရောက်အောင် စီမံနိုင်သူဖြစ်၍ အောင်မြင်သည်မှာ အထူးချဲ့ကားရေးသားဖွယ် မလိုပေ။ မအီယန်သင်းဆုန်က ဗုဒ္ဓဘာသနာပြုများကိုလည်း ထိုသို့အောင်မြင်စေလိုသည်မှာ တကယ့်စေတနာ ဖြစ်ပါသည်။ သူမသည် ဗုဒ္ဓသာသနာပြု ပရဟိတလုပ်ငန်းများတွင် အပင်ပန်းခံ၍ ဆောင်ရွက်လာခဲ့သည်။ ဆောင်ရွက်ဆဲလည်း ဖြစ်သည်။ ထို့ကြောင့်လည်း အတွင်းကျကျ သိနေခြင်း ဖြစ်သည်။

"နောက်တစ်ခု အရေးကြီးတာက ဝေယျာဝစ္စလုပ်တဲ့သူတွေကို အနိမ့်စား၊ အောက်တန်းစားလို့ အချို့ကထင်ကြတယ်။ ငွေကြေးအလှူ မလှူနိုင်ပေမဲ့၊ လုပ်အားအလှူ လှူနေကြသူတွေရဲ့ ကောင်းမှုကိုလည်း ဟောပေးကြစေလိုပါတယ်။ လူတွေရဲ့ဘဝထဲ ဝင်နိုင်အောင် သင်ပေးကြစေလိုပါတယ်"ဟုလည်း ဆိုပါ၏။

စာရေးသူ မကြာခဏ ရေးသားဟောပြောခဲ့သော ပါယာသိမင်းနှင့် မင်းမှုထမ်းတို့အကြောင်းကို သူမအားထပ်ပြောပြခဲ့ပါသည်။ ပါယာသိမင်းကြီးမှာ ဘာသာမဲ့ဖြစ်နေရာမှ ရဟန္တာကြီးတစ်ပါး၏ ကျေးဇူးဖြင့် ရတနာမြတ်သုံးပါးကို ကိုးကွယ်လာနိုင်ခဲ့သည်။ သံဃာတော်များအား ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးရန် မင်းမှုထမ်းတစ်ဦးကို တာဝန်ပေးသည်။ ထိုမင်းမှုထမ်းသည် ရတနာသုံးပါးကို အလွန်ကြည်ညိုဆည်းကပ်သူဖြစ်၍ မင်းကြီး၏အလှူကို စနစ်တကျ အလေအလွင့်မရှိအောင် စီမံသည်။ သံဃာများ ချမ်းသာအောင် ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိကဒါနမြောက် ရိုရို သေသေ လှူဒါန်းသည်။ သူတို့ နှစ်ဦးစလုံးသေ၍ နတ်ပြည်တွင် နတ်သားဖြစ်ကြ၏။ မင်းမှုထမ်းသည် စေတနာပါပါ အပင်ပန်းခံ၍ အလေအလွင့်မရှိအောင် ရိုရိုသေသေကပ်လှူခဲ့သောကြောင့် ပါယာသိနတ်သားထက် ပို၍တန်ခိုးကြီးသော နတ်သားသွားဖြစ်သည်။ ဝေယျာဝစ္စလုပ်တတ်လျှင် ငွေကြေး ဥစ္စာလှူသူထက်ပင် ပို၍ကုသိုလ်ရသော သာဓက ဖြစ်ရပ်တည်း။

နေ့ရက်က ၂၀၁၆ ခုနှစ်၊ မေလ ၁၅ ရက်၊ တနင်္ဂနွေနေ့။ အချိန်က နေ့ခင်း ၁ နာရီ။ နေရာက ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ၉၆၉ နတ်မတောင် ဟိတဓရ ပရဟိတကျောင်း။ စာရေးသူသည် ဝေယျာဝစ္စ အဖွဲ့ခေါင်းဆောင် အီယန်သင်းဆုန်နှင့် စကားပြောကောင်း နေလိုက်သည်မှာ အချိန်တော်တော် ကြာသွားသည်။ ၂၀၁၄ တွင် စတင်တည်ထောင်သော ၉၆၉ ဆရာတော် အရှင်ဝိမလာဘိဝံသ၏ နတ်မတောင် ဟိတဓရဂေဟာတွင် ကျောင်းသူ ၆၀ ဦးနှင့် ကျောင်းသား ၁၀ ဦးခန့်ကို ကျွေးမွေး၍ ပညာသင်ကြားပေးလျက်ရှိသည်။

မအီယန်သင်းဆုန်၏ သာသနာရေးဆိုင်ရာ အပြုသဘော အကြံပြုချက်များကို သီးသန့်ဆောင်းပါးတစ်ပုဒ် ထပ်ရေးမှ ပြည့်စုံမည်ဖြစ်ပါသည်။

ဆလိုင်းရွှေလင်း



www.burmeseclassic.com

www.burmeseclassic.com

# တန်ခိုးရှင်

မောင်အောင်မြင့် (မိတ္ထီလာ)

တန်ခိုးရှင်
ကိုးကွယ်ရာကို ဒီပါဇမ္ဗူ
ရွှေပြည်သူတို့ ဆုယူရွှင်လန်း
တင်လှူဒါန်းသည့် တိမ်ပန်းပဇ္ဇုန်
ချိန်းမဲ့သုန်သည်
ကဆုန်ရွှေညောင်ရေသွန်းတည်း။

(နဝဒေး)

ကဗျာကဝိစာဆို နဝဒေး၏ အထက်ပါ တန်ခိုးရှင် ကဗျာကို ဖတ်မိချိန်တွင် လွန်ခဲ့သော ၅၃ နှစ်ခန့် ၁၉၆၄ ခုနှစ်၊ ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်၌ မျက်မြင်ကြုံ တွေ့ခဲ့ရသည့် အံ့ဖွယ်တန်ခိုးရှင် ဘုရားနှစ်ဆူ၏ တန်ခိုး ကြီးမားပုံအဖြစ်အပျက်ကို ရေးသားရန် ဖြစ်ပေါ်ခဲ့ရပါသည်။

စာရေးသူသည် ကျန်းမာရေးမှူးဖြစ်သည့်အလျောက် ခရိုင်အတွင်း ၁၀ နှစ်ပြည့် ဝန်ထမ်းများ ခရိုင်ခြားသို့ ပြောင်း ရွှေ့ရသည့် ကျန်းမာရေးဦးစီးဌာန၏ ဝန်ထမ်းရေးရာမူအရ မိတ္ထီလာခရိုင်မှ မန္တလေးခရိုင်သို့ ပြောင်းရွှေ့လာခဲ့ရာ မန္တလေး ခရိုင်၊ အမရပူရမြို့နယ်(ရွှေကြက်ယက်) ကျန်းမာရေးဌာနသို့ "မဲနိုက်"အဆုံးအဖြတ်ဖြင့် ရောက်ရှိလာသူ ကျန်းမာရေး ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။

မိမိ(စာရေးသူ)မှာ အိမ်ထောင်ရှိသော်လည်း ဇနီး သည်မှာ ကျန်းမာရေးဝန်ထမ်း (သားဖွားဆရာမ)တစ်ဦးဖြစ်၍ ထိုအချိန်က ရန်ကုန်တွင် အဆင့်မြင့်သင်တန်း (ကျန်းမာရေး ဆရာမ)သို့ တက်ရောက်နေခိုက်ဖြစ်သောကြောင့် မိမိနှင့်အတူ မိသားစုပါ မလာနိုင်ပဲ တစ်ဦးတည်းသာ ရွှေ့ပြောင်းလာခဲ့ရ ခြင်း ဖြစ်ပါသည်။

ရွှေကြက်ယက် ကျန်းမာရေးဌာနသို့ ရောက်ရှိပြီး တစ်လခန့်အကြာ မိမိဒေသမှ လူငယ်တစ်ဦးအား မိမိအတွက် ကူဖော်(ထမင်းချက်၊ အဝတ်လျှော်၊ အိမ်စောင့်) ဝေယျာဝစ္စ ဆောင်ရွက်ပေးရန် ခေါ်ယူရောက်ရှိလာသဖြင့် မိမိ၏ စားရေး နှင့် လူမှုရေးအတွက် ကူညီမှုရရှိပါသည်။ သို့ရာတွင် မိမိ ခေါ်ယူခဲ့သည့် လူငယ်မှာ လူငယ်တို့ဘာဝ စွန့်စားလိုစိတ်၊ လူအများအထင်ကြီးခံလိုစိတ်များကြောင့် နေ့ခင်းတိုင်း ရေချိုး ချိန်တွင် မြစ်ဆိပ်တွင် ရေမချိုးဘဲ ရွှေကြက်ယက်ဘုရား ရင်ပြင်အစွန်းမှ ဧရာဝတီမြစ် "ရွှေကြက်ယက်"ဝဲအတွင်းသို့ ဒိုင်ပင်ထိုး ကျွမ်းပစ်ရေချိုးမှုကြောင့် အသက်အန္တရာယ် စိုးရိမ် ရသဖြင့် ရောက်ပြီး နှစ်လခန့်အကြာတွင် ၎င်း၏နေရပ်(ရွာ) သို့ ပြန်ပို့လိုက်ရသဖြင့် စားဝတ်နေရေးအတွက် မိမိကိုယ် တိုင် ဆောင်ရွက်ရသည်။

သို့ရာတွင်...ရွှေကြက်ယက် ကျန်းမာရေးဌာနသို့ ရောက်စ တစ်ဦးတည်းရှိစဉ် မိမိဌာနမှ ဝန်ထမ်းဆရာမများနှင့် အတူ ရွှေကြက်ယက်(ကိုးသင်းရပ်)မှ ဦးဘအေး-ဒေါ်ဝင်းထိန် မိသားစုနှင့် စိန်တုံးရပ်မှ ကျောင်းဆရာ ဦးညီမောင် မိသား တို့မှ မိမိ၏စားဝတ်နေရေးနှင့် အခြားလူမှုရေး(ဝေယျာဝစ္စ များကို ကူညီပံ့ပိုးပေးကြသဖြင့် အခက်အခဲ သိပ်မရှိလှပါ။

ဤသို့ဖြင့် ရွှေကြက်ယက် ကျန်းမာရေးဌာနတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကိုးသင်းမှ ဦးဘအေး (ငှက်ခတ်သူ) ဒေါ်ဝင်းထိန်တို့မိသားစု သားသမီးများနှင့်အတူ စိန်တုံးရပ်မှ ဆရာဦးညီမောင်(မူလတန်းပြဆရာ)တို့ မိသား တစ်အိမ်သားလုံးနှင့်လည်း ညီအစ်ကိုမောင်နှမများနှင့်မခြား ခင်မင်ရင်းနှီးမှု ရှိလာကြသဖြင့် မိမိ၏ စားဝတ်နေရေး၊ အခြားလူမှုရေး၊ အိမ်၏ဝေယျာဝစ္စကိစ္စများ ကူညီပံ့ပိုးပေး ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် ဆရာဦးညီမောင်၏ ယောက္ခမကြီး၏ ကျန်းမာရေးကူညီစောင့်ရှောက်ပေးနိုင်မှုကြောင့် ကျေးဇူးတင်သည့်အနေဖြင့် ၎င်းတို့၏မိသားစု သားအရင်းပမာ အသိအမှတ်ပြု ကူညီထောက်ပံ့မှု ရရှိသလို ဦးညီမောင်၏ဇနီးနှင့် ခယ်မတို့ကလည်း အမေကြီးနည်းတူ သံယောဇဉ်တွယ်ကာ ခင်မင်မှုခံရသည်။ မှတ်မှတ်ရရ ဆေးကုသပေးမှုကို ကျေးဇူးဆပ်သည့်အနေဖြင့် အမရ ပိုးတွဲလုံခြည်တစ်ထည် လက်ဆောင်ပေးရာ မိမိက လက်မခံ ငြင်းသော်လည်း အမေကြီး စိတ်မကောင်းမှာဖြစ်၍ နောက်ဆုံး လက်ခံခဲ့ရပြီး ၎င်းတို့ ကျေနပ်ဝမ်းသာအောင် ဝတ်ပြရခဲ့မှုကို ယခုတိုင် မြင်ယောင်အမှတ်ရနေမိသည်။

ယခု ဤဆောင်းပါးရေးနေချိန် ၂၀၁၈ ခုနှစ် နှစ်ပေါင်း ၅၄ နှစ်ခန့် ကြာနေပြီဖြစ်ရာ ထိုအချိန်က မိမိအား မိသားစုပမာ ကူညီစောင့်ရှောက်ပေးခဲ့ကြသော ဦးဘအေး၊ ဒေါ်ဝင်းထိန် သားသမီးများနှင့် ဆရာ ဦးညီမောင်၊ အမေဒေါ်---နှင့် မိသားစုများထံ မရောက်ဖြစ်တော့၊ လူ့ဘဝ၌ ရှိမှရှိကြသေးရဲ့လား ဆိုပြီး အထူးသတိရနေမိပါသည်။

## ရွှေကြက်ယက် တန်ခိုးကြီးဘုရားနှစ်ဆူနှင့် ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်

ရွှေကြက်ယက်ကျန်းမာရေးဌာနတွင် တာဝန်ကျခိုက် ၁၉၆၄ ခုနှစ်၊ ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်တွင် အဆိုပါ ဦးဘအေး၊ ဇနီးသားသမီးများနှင့် ဆရာဦးညီမောင်၊ ဇနီး၊ ခယ်မတို့နှင့်အတူ ရွှေကြက်ယက်မှ လူနာမိသားစုတို့၏ ဖိတ်ခေါ်မှုကြောင့် ၎င်းတို့ဆန္ဒအရ ညောင်ရေသွန်းပွဲတော်သို့ လိုက်ပါခွင့် ရရှိခဲ့သည်။

ရွှေကြက်ယက်/ရွှေကြက်ကျ ဘုရားနှစ်ဆူမှာ ရွာ၏ အရှေ့ဖျားနှင့် အနောက်ဖျားရှိ ကုန်းတော်ပေါ်တွင် တည်ရှိပြီး ရပ်ကွက်သုံးခု ခြားလျက်ရှိပါသည်။ ရွှေကြက်ကျဘုရားမှာ ရွာအနောက်ဖျား ရေဝတီရေဆိပ်အနီး ကုန်းတော်ပေါ်တွင် တည်ရှိပါသည်။ (ထိုဘုရားကုန်းတော်ခြေရင်းတွင် ရေဝတီ ရွှေကြက်ယက်ဝဲ ရှိပါသည်။)

စိန်တုံးရပ်နှင့် ကိုးသင်းရပ် (ရွှေကြပ်ယက်) ကဆုန် ညောင်ရေသွန်း ပျိုဖြူအဖွဲ့သည် ရပ်ကွက်အပိုင်းလိုက်

**ကဆုန်လပြည့်နေ့ ကဆုန်ညောင်ရေသွန်းပွဲ ပြုလုပ်ပြီးတိုင်း မိုးကြိုးထစ်၊ လျှပ်စီးလက်မှုနှင့်အတူ မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး ဘုရားရင်ပြင်တော် သန့်ရှင်းပေးကြောင်း သိရှိရသည်။**

ကဆုန်လပြည့်နေ့ ကဆုန်ညောင်ရေသွန်းကြရာ စိန်တုံးရပ် အဖွဲ့မှ လုပျိုဖြူ ၂၀ ခန့်က ရေချမ်းအိုးကိုယ်စီဖြင့် ရွာအနောက်ဘက်ရှိ ရွှေကြက်ကျ ဘုရားကုန်းတော်ပေါ်သို့ ညနေ ၄ နာရီခန့်တွင် တက်ရောက်ကြပြီး ရွှေကြက်ကျ ဘုရားရင်ပြင်မှ ရှေးဦးစွာ ဝတ်ပြုဆုတောင်းပြုလုပ်ပြီးမှ ဘုရားရင်ပြင်တော်ရှိ ဗောဓိညောင်ပင်အား ရေသွန်းလောင်းပေးကြ၊ လိုရာဆုတောင်းကြသည်။ ထိုအချိန်မှာ ၅ နာရီခန့်သာရှိပြီး ရပ်ရှစ်ခွင် မိုးကောင်းကင်တစ်ခုလုံး ကြည်လင်တောက်ပ တိမ်ကင်းစင်လျက်ရှိကြောင်း တွေ့မြင်ရသည်။

မိမိတို့ ရွှေကြက်ယက် ကိုးသင်းနှင့် စိန်တုံးအဖွဲ့ ရွှေကြက်ကျဘုရားကုန်းတော်ပေါ်ရှိ မဟာဗောဓိရွှေညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပြီး ဘုရားကုန်းတော်ပေါ်မှ ညနေ ၆ နာရီခန့်တွင် ဆင်းပြီး မိမိတို့နေအိမ်ရောက်ရှိချိန်တွင်မူ မိုးကောင်းကင်တစ်ခုလုံး နေရောင်ခြည်တောက်ပ၊ တိမ်ကင်းစင်နေရာမှ မိုးသားတိမ်မည်းများ ရပ်ရှစ်ခွင် တစ်ပြင်လုံး ရွှေ့လျားရောက်ရှိ ဖုံးအုပ်လာမှုနှင့်အတူ မိုးကြိုးထစ်သံ၊ လျှပ်စီးလက်မှုများ မီးမောင်းထိုးလိုက်သလိုနှင့် ရုတ်ခြည်းပြောင်းလဲသွားပြီး ခဏအကြာတွင် သည်းထန်စွာ



www.burmeseclassic.com

www.burmeseclassic.com

မိုးရွာသွန်းမှု ဖြစ်ပေါ်လာရာ မိမိတို့ ကဆုန်လပြည့် ကဆုန်ညောင်ရေသွန်းအဖွဲ့တို့ အိမ်အရောက်စောသဖြင့် မိုးလွတ်ရုံသာ ရှိတော့သည်။

ဤသို့ ရုတ်တရက် တစ်နာရီခန့်ကြာ မိုးသည်းထန်စွာ ရွာသွန်းလိုက်သော မိုးရေတို့ကြောင့် လွန်ခဲ့သော တစ်နာရီကျော်က ကဆုန်ညောင်ရေသွန်းပွဲကျင်းပရာ ရွှေကြက်ယက်ဘုရားရင်ပြင်တော်ရှိ အညစ်အကြေးအမှိုက်များ မိုးရေနှင့်အတူ မျောပါလျက် ဘုရားရင်ပြင်တော်တစ်ပြင်လုံး အညစ်အကြေးအမှိုက်များ သန့်ရှင်းသွားမှုကို နောက်တစ်နေ့နံနက်တွင် တွေ့မြင်ရသဖြင့် မိမိအဖို့ ပထမဦးဆုံး တွေ့မြင်ရသော အဖြစ်အပျက်တစ်ခုလို နှစ်စဉ်နှစ်တိုင်း ယခုလို ကဆုန်လပြည့်နေ့ ကဆုန်ညောင်ရေသွန်းပွဲ ပြုလုပ်ပြီးတိုင်း မိုးကြိုးထစ်၊ လျှပ်စီးလက်မှုနှင့်အတူ မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး ဘုရားရင်ပြင်တော် သန့်ရှင်းပေးကြောင်း သိရှိရသည်။ ထို့အတူ ရွှေကြက်ယက်ဘုရားတွင်လည်း ရွှေကြက်ကျဘုရားရင်ပြင်ကဲ့သို့ မိုးရေဖြင့် ဆေးကြောသန့်စင်ကြောင်းဖြင့် သမိုင်းဝင် တန်ခိုးကြီး ရွှေကြက်ယက်/ရွှေကြက်ကျ ဘုရားများအဖြစ် ထင်ရှားနေဆဲဖြစ်ကြောင်း သိရသည်။ ထူးခြားမှုတစ်ခုမှာ အဆိုပါ ရွှေကြက်ယက်/ရွှေကြက်ကျ တန်ခိုးကြီးဘုရားနှစ်ဆူအား ကဆုန်လပြည့်နေ့ ကဆုန်ညောင်ရေသွန်းမှု၊ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပြီးနောက်တွင် တစ်ထွာခန့် ကင်းခြေများကြီးတို့ ထွက်ပေါ်လာသည်။ သို့ရာတွင် လူသတ္တဝါတို့အား အန္တရာယ်မပြုကြောင်း ကြားသိရပါသည်။

တန်ခိုးရှင်

(၁) ပွဲတော်ညောင်ရေ သွန်းမြဲပေတည့်
စိန္တေဆင်းလှ မြတ်ဗုဒ္ဓနှင့်
ရှက်လှစိမ်းဝေ ညောင်ဗုဒ္ဓေအား
ဆုချွေရည်မှန်း စိမ်းစိုလန်းဖို့
စီတန်းညီညာ ပျိုကညာတို့
ပိုက်ခါအိုးသေး ရေသန့်အေးဖြင့်
သွန်းပေးလောင်းလှူ တောင်းဆုယူကြ
ပြည်သူအများ နိုင်ငံသားတို့
ခံစားမျှဝေ ငြိမ်းအေးစေ။

(၂) သွန်းလောင်းပေးရေ လှပျိုမေတို့
ဆုချွေပြန်ကြ ထိုခဏတွင်
ဖြူလှပြာလွင် ထက်ကောင်းကင်ဝယ်
ရွှေလျှင်လှုပ်ရှား တိမ်မဲများဖြင့်
ဖုံးသွားမြင်ရ မိုးလုံးပ။

(၃) မကြာမီပင် ရပ်ရှစ်ခွင်ဝယ်
တိမ်စင်ညစ်နွမ်း ငြိုးမာန်စွမ်းဖြင့်
ဖုံးလွှမ်းပြည့်လျက် မိုးလုံးနက်သည်
ဆင်းပျက်ရုပ်သွင်အာကာပြင်။

(၄) မုန်တိုင်းပမာ မိုးညိုရွာသွန်း
ပြင်းထန်လွန်းလှ မိုးကြိုးခသည်
ပီသမြည်ဟီး ရိုက်စည်တီးဖွယ်
ရုတ်ခြည်းကြားရထိုခဏ။

(၅) ရင်ပြင်တဝှမ်း မိုးရေလွှမ်း၍
ညစ်နွမ်းဝန်းကျင် ရှင်းသန့်စင်သည်
တွေ့မြင်သိရ ထူးဆန်းလှကား
ကြီးစွစွမ်းအင် တန်ခိုးရှင်ဖြစ်
မည်တွင်သိရရွှေကြက်ကျ။

(မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျန်းမာရေးဌာနတွင် ၁၉၆၄ ခုနှစ်က ကျန်းမာရေးမှူးတာဝန်ထမ်းဆောင်ခဲ့စဉ်က ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်အပြီး မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရားရင်ပြင်တော်ဝန်းကျင်တွင် မိုးရေများဖြင့် ဆေးကြောသန့်စင်မှုမြင်ကွင်းကို "တန်ခိုးရှင်"ဆောင်းပါးအတွက် ရေးစပ်ပါသည်။)

မောင်အောင်မြင့်(မိတ္ထီလာ)

www.burmeseclassic.com

www.burmeseclassic.com

# မိုးကုတ်
# ဝိပဿနာ
# ဝါတွင်းခုနစ်ရက်
# စခန်းပွဲ



**ကမ္မဋ္ဌာနာစရိယ ဆရာတော်**
**အရှင်သောဘိတ(ပရဟိတလမင်း)**
**ကံကြီးကျောင်းတိုက်**

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ရုံးသပြေကန်စံပြကျေးရွာ ကံကြီးကျောင်းတိုက်၌ ဝါတွင်း ခုနစ်ရက် ရားစခန်းပွဲကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း သစ္စာတရားတော်များကို ဟောကြား ပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသည့် ဓမ္မမိတ်ဆွေ ယောဂီသူတော်စင်များ ၁၃၇၀ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ က်နေ့ ညနေ ၄ နာရီအရောက် တရားစခန်းပွဲဖွင့်ရာ ကံကြီးကျောင်းတိုက်သို့ လာရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ ဆောင်ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| တရားစခန်းဖွင့်မည့်ရက် | - | ၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆုတ် ၇ ရက်၊ (၂၊၉၊၂၀၀၈) တနင်္ဂနွေနေ့။ |
| အချိန် | - | ညနေ ၄ နာရီ အရောက်လာရန်။ |
| နေရာ | - | ကံကြီးကျောင်းတိုက်၊ ရုံးသပြေကန်စံပြကျေးရွာ၊ သန်လျင်မြို့နယ်။ |
| ဆက်သွယ်ရမည့်ဖုန်းနံပါတ် | - | ဆရာတော် အရှင်ကေသရ ၀၉၇၉၉၄၄၅၆၁၆ - ၀၉၇၉၉၄၅၇၇၃၅ |

**မှတ်ချက်** ။ ။ ဆွမ်းစားစရိတ်၊ ရိပ်သာဝင်ကြေး (အခမဲ့)၊ ရေမီးအစုံ စီစဉ်ထားပါသည်။

**လမ်းညွှန်** - ၃၄ ခရမ်းသုံးခွ ကားများစီး၍ သူဌေးကွင်းရွာမှာဆင်းပြီး ဆိုင်ကယ်ကယ်ရီစီးရန်။

**ရိပ်သာကော်မီတီ**

**မိုးကုတ်ဓမ္မရိပ်သာ၊ ကံကြီးကျောင်းတိုက်၊ ရုံးသပြေကန်စံပြကျေးရွာ။**

www.burmeseclassic.com

www.burmeseclassic.com




# ပူဖောင်းယတြာ လုပ်ကြည့်ပါ

## တက်လူမျိုးသစ်

“အရပ်ထဲမှာလည်း အရပ်ထဲအလျောက်၊ လုပ်ငန်းခွင်မှာလည်း လုပ်ငန်းခွင်အလျောက် အနှိမ်ခံနေတယ်။ ဒီလိုမျိုး ဘဝကနေ ဘယ်တော့မှ ကျွတ်မယ် မသိပါဘူး”

“ခုတစ်လော ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေ တစ်ခုမှ အပေါက်အလမ်းမတည့်ဘူးဗျာ။ ကံမရှိ ဉာဏ်ရှိတိုင်းမွဲ လေဦးမလား မပြောတတ်ပါဘူး”

“စီးပွားရေးအခြေအနေကတော့ မြင်တဲ့အတိုင်းပဲ။ တကယ့်ကို ဘေးကျပ်နံကျပ်။ ဟူး…သေသာသေလိုက်ချင်တော့တယ်”

“အနှောင်အဖွဲ့တွေ သိပ်များတယ်ဗျာ။ လူကို ပိတ်လှောင်မွန်းကျပ်နေတာပဲ။ တောင်ပံတွေသာ ပါလို့ကတော့ မြေပြင်နဲ့ ကင်းလွတ် ဝေဟင်လေဟာပြင်ထဲကို ခုန်ထွက်ပြီး ပျံဝဲပစ်လိုက်ချင်တော့တာပဲ”

“လူတစ်စု ပူမှုရယ်တဲ့ ဆယ်ကုဋေ” ဟူ၍ တင်စားပြောဆိုကြသည်မှာ လွန်အံ့မထင်။ အမှန်တကယ်လည်း လူရယ်လို့ ဖြစ်လာပြီဆိုကတည်းက အနှောင်အဖွဲ့တွေ များလွန်းလှသည်။ အခက်အခဲတွေ၊ အတားအဆီးတွေကလည်း ပေါမှပေါ။ လူမှုရေးအခက်အခဲ၊ စီးပွားရေးအခက်အခဲ၊ ကိုယ်ရေးကိုယ်တာအခက်အခဲ၊ ငွေကြေးအခက်အခဲ မည်သို့ပင် အခက်အခဲတွေ ကြုံတွေ့ရစေကာမူ ရင်ဆိုင်ဖြေရှင်း ကျော်လွှားရမည်ပင်။ ပူပင်သောကတွေ ကင်းငြိမ်းနိုင်ဖို့ရာ အချို့က လောကုတ္တရာအလုပ်တွေ လုပ်ကြ၏။ လွန်စွာမှ ကောင်းမွန်လှချေ၏။ အချို့ကျတော့လည်း လောကီအစီအရင်ဖြင့် ရင်ဆိုင်ကျော်လွှားကြချေ၏။

ဤ္ဌ ဘေးကျပ်နံကျပ် ကြုံနေရမှုများ၊ ထွက်ပေါက်ပိတ်သလို ဖြစ်နေသူများ၊ စီးပွားရေးအလုပ်အကိုင် အဆင်မပြေလွဲချော်နေမှုများ၊ အထက်သို့ တက်လှမ်းလိုရာ၌ အဆင်မပြေ ဖြစ်နေကြသူများအတွက် လောကီအစီအရင် ယတြာလေးတစ်ခုကို တင်ပြချင်ပါသည်။ ၎င်းယတြာမှာ “ပူဖောင်ယတြာ”ဖြစ်ပါသည်။ ပူဖောင်းဆိုရာဝယ် သာမန်ပူဖောင်မဟုတ်ဘဲ မိုးပျံပူဖောင်းဖြစ်ပါသည်။ လုပ်ကိုင်ရမည်မှာ မိုး ပူဖောင်းပေါ်၌ ဆေးပင်ဖြင့် (အရပ်ံ သိဒ္ဓိ) ဟူ၍ရေးက ပူဖောင်းချည်သောကြိုးအား မိမိ၏ အရပ်နှင့်တိုင်း၍ ဖြ ချည်ရပါမည်။ ပြီးနောက် သရဏဂုံသုံးပါးကို ဆောက်တ လျက် လိုရာဆုအား တောင်းခံလျက် သစ်ပင်များ၊ ဓာတ်တ ဓာတ်ကြိုးများ၊ အဆောက်အအုံများ ကင်းလွတ်ရာနေရာ ရွေးလျက် လေဟာနယ်တွင်း လွှတ်တင်လိုက်ပါ။ အကျိုး များ ခံစားရတတ်ပါ၏။

**တက်လူမျိုးသ**



www.burmeseclassic.com

www.burmeseclassic.com

# အပူမီးငြိမ်းစေ

# ရွှေထီးမိုးလို့ ယတြာချေ

ဝင်းဇော်(သုံးဆယ်)

တစ်နေ့သ၌ အဘိုးအင်္ဂဝိဇ္ဇာဆရာသိန်းထံသို့ ရပ်ကွက်လမ်းထဲတွင် နေထိုင်သော ကိုဝေလွင်ဆိုသူသည် ရောက်ရှိလာလေ၏။ ကိုဝေလွင်သည် အသက် ၅၀ ကျော် အရွယ်ရှိပြီ ဖြစ်၏။ အဘိုးဆရာသိန်းသည် ကိုဝေလွင်၏ မိဘများနှင့် ခင်မင်သူဖြစ်ရာ ကိုဝေလွင်နှင့် ခင်မင်ရင်းစွဲရှိသူများဟု ဆိုရမည်ပင်။

"ဦးလေးဆီကို မလာစဖူး အလာထူးတယ်ဆိုတော့ အကြောင်းထူးတော့ရှိတာ သေချာတယ်"

အဘိုးဆရာသိန်းက ကိုဝေလွင်၏ မျက်နှာကိုကြည့်ရင်း ပြောသည်။ ကိုဝေလွင်က ပြုံးပေမယ့် အသက်မဝင်သလို မြင်တွေ့ရသည့် ကိုဝေလွင်၏မျက်နှာ မရွှင်မပျဖြစ်နေသည်ကို သတိပြုမိသည်။ အဘိုးဆရာသိန်းက ကိုဝေလွင်၏ ဇာတာကို အရင်စစ်ဆေးနေသည်။

"မောင်ဝေလွင်ရဲ့စိတ်ထဲမှာ မရွှင်မပျဖြစ်နေတယ် မဟုတ်လား"

"ဟုတ်တယ် ဦးလေးသိန်း၊ စိတ်ထဲမှာ မရွှင်မပျဖြစ်နေတာ ကြာပါပြီ။ တအုံ့နွေးနွေးနဲ့ ဘာလုပ်လုပ် စိတ်မပါသလိုပဲ"

"မောင်ရင်တို့လင်မယား အဆင်မပြေဖြစ်နေတာ ကြာပြီလား"

"လေးငါးခြောက်လရှိပြီဆိုပါတော့။ ကျွန်တော်တို့ အိမ်ထောင်ကျတာ ၁၃ နှစ်ရှိပြီ။ ငယ်ပေါင်းမဟုတ်ဘဲ အသက်ကြီးမှ အိမ်ထောင်ဘက်ဖြစ်ကြတယ်ဆိုပေမယ့် စိတ်တူကိုယ်တူ ပေါင်းဖက်လာကြတာပါ။ ဟင်း... လွန်ခဲ့တဲ့လေးငါးခြောက်လကစပြီး တစ်ဦးနဲ့တစ်ဦး စကားပြောတာကအစ အဆင်မပြေတော့ဘူး။ သူပြောတာကိုလည်း ကျွန်တော်က အကောင်းမထင်ဘူး။ ကျွန်တော်ပြောတာကိုလည်း သူက အကောင်းမထင်ဘူး။ စကားများရန်ဖြစ်ရတာလည်း မကြာခဏပဲ။ ကြာတော့ ကျွန်တော်က သူ့ကို စကားပြောချင်စိတ်ကို မရှိတော့ဘူး။ စကားပြောမိတာနဲ့ စကားများရတော့တာပဲ။ စကားမပြောဘဲ နေတာတောင် ကြာပြီ။ စိတ်ညစ်နေရတာပေါ့။ အဲဒါကြောင့် ဦးလေးသိန်းဆီကိုလာပြီး ဇာတာစစ်ဆေးကြည့်တာ။ ဇာတာညံ့နေတယ် မဟုတ်လား"

ကိုဝေလွင်က စိက်မကောင်းစွာဖြင့် ပြောသည်။

"မင်းတို့လင်မယားနေ့တွေက ရန်ဘက်တွေလည်း မဟုတ်ပါဘူး။ အလွန်တည့်ခဲ့တဲ့ လင်မယားက တစ်ဦးအပေါ် တစ်ဦး အကောင်းမမြင်ဘူးဆိုတာကတော့ အံ့ဩစရာပဲကွ။ အင်္ဂဝိဇ္ဇာပညာမှာ ဓာတ်ရိုက်ဓာတ်ဆင်နည်းတွေ အများကြီး ရှိပါတယ်။ သမရိုးကျ ဓာတ်ရိုက်ဓာတ်ဆင်နည်းတွေရှိသလို အင်္ဂဝိဇ္ဇာဆရာက ထွင်ပြီးသုံးရတဲ့ ဓာတ်ရိုက်ဓာတ်ဆင်နည်းတွေလည်း ရှိတာပဲ။ ရာထူးတိုးတက်အောင်၊ စီးပွားရေးတိုးတက်အောင်၊ ဈေးရောင်းကောင်းအောင်၊ အချုပ်အနှောင်က လွတ်မြောက်အောင်၊ အနှောင့်အယှက်တွေက ကင်းလွတ်အောင်၊ ကွဲကွာနေတဲ့ လင်မယားတွေ ပြန်ပေါင်းအောင်၊ အချင်းချင်း မသင့်မြတ်တာတွေ သင့်မြတ်အောင် ဓာတ်ဆင်ဓာတ်ရိုက်ပေးရတာပေါ့။

အဲဒီဓာတ်ရိုက်ဓာတ်ဆင်နည်းတွေကို သုံးတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

**ထီးရိုးနဲ့ ယပ်တောင်ရိုးကို ဇာပိတ်ဖြူစနဲ့ လုံခြုံအောင် ရစ်ပတ်ရမယ်။ ပြီးရင် ထီးနဲ့ယပ်တောင်ကို ပန်းအိုးထဲမှာ စိုက်ထူထားရမယ်။ အုတ်ခဲကို ရွှေစက္ကူနဲ့ လုံခြုံအောင်ပတ်ပြီး ပန်းအိုးတင်တဲ့ အောက်ခံအဖြစ် ထားရမယ်။**

ပညတ်ပါတယ်။ ဓာတ်ပါတယ်။ ကတ်ကင်းပါတယ်။ နဝင်းပါတယ်။

မောင်ရင်တို့လင်မယား အစဉ်အမြဲ မသင့်မတင့်ဖြစ်နေတာဟာ ပြောရမယ်ဆိုရင် အ‌ပူမီးတွေဝင်နေတာပဲ။ ငါတို့ အင်္ဂဝိဇ္ဇာပညာမှာ ဂြိုဟ်ကြီးရှစ်လုံး ရှိတယ်။ ပါပဂြိုဟ်နဲ့ သောမဂြိုဟ်တို့ဆိုတာပဲ။ ပါပဂြိုဟ်က လေးလုံး၊ သောမဂြိုဟ်က လေးလုံးဆိုပါတော့။ ပါပဂြိုဟ်က အပူဂြိုဟ်၊ သောမဂြိုဟ်က အအေးဂြိုဟ်။ အပူကို အအေးဖြစ်အောင် ဓာတ်ရိုက်ဓာတ်ဆင်ရမယ်။ အဲဒါဆိုရင် မင်းတို့ လင်မယားနှစ်ယောက်စလုံး အပူတွေငြိမ်းပြီး အေးချမ်းသွားလိမ့်မယ်"

"ဟုတ်ကဲ့ ဦးလေးသိန်း"

"ယတြာဆောင်ရွက်ရာမှာ ထီးတစ်လက်၊ ယပ်နှစ်ချောင်း၊ ပန်းအိုးတစ်လုံး၊ အုတ်ခဲအသစ်တစ်လုံး၊ ဇာပိတ်ဖြူရှည်တစ်စ၊ ငွေတစ်ရာကျပ်တန်အသစ် တစ်ဆယ့်တစ်ရွက် လိုအပ်တယ်"

"မှတ်ထားပါတယ် ဦးလေးသိန်း"

"ထီးလုပ်တဲ့အခါ ရွှေစက္ကူကို အသုံးပြုရမယ်။ ထီးရိုးကိုတော့ ဝါးပိုးဝါးကို ခွဲခြမ်းစိတ်ဖြာပြီး လုပ်ရမယ်။ ထီးအရွယ်အစားကတော့ အချင်း ကိုးလက်မရှိရမယ်။ ထီးကိုဖွင့်ထားတဲ့ အနေအထားလုပ်ရမှာနော်။ အဲဒီဖွင့်ထားတဲ့ ရွှေထီးရဲ့ အဖျား စတွေမှာ ငွေတစ်ရာကျပ်တစ် တစ်ဆယ့်တစ်ရွက်ကို ဆယ့် တစ်နေရာမျှတပြီး အပ်ချည်ဖြူနဲ့ ချည်နှောင်ထားရမယ်။ ယပ်နှစ်ချောင်းကိုလည်း ရွှေစက္ကူနဲ့ပဲ လုပ်ရမယ်။ ယပ်အရိုးကလည်း ဝါးပိုးဝါးကိုပဲ သုံးရမယ်။

ထီးရိုးနဲ့ ယပ်တောင်ရိုးကို ဇာပိတ်ဖြူစနဲ့ လုံခြုံအောင် ရစ်ပတ်ရမယ်။ ပြီးရင် ထီးနဲ့ယပ်တောင်ကို ပန်းအိုးထဲမှာ စိုက်ထူထားရမယ်။ အုတ်ခဲကို ရွှေစက္ကူနဲ့ လုံခြုံအောင်ပတ်ပြီး ပန်းအိုးတင်တဲ့ အောက်ခံအဖြစ် ထားရမယ်။

အဲဒီယတြာကို ဆောင်ရွက်ပြီးရင် ပရိတ်ကြီး ၁၁ သုတ်ကို ၁၁ ခေါက် ရွတ်ဆိုရမယ်။ အဲဒါဆိုရင် မင်းတို့လင်မယားရဲ့ ရင်ထဲမှာ ကိန်းအောင်းနေတဲ့ အပူတွေက အေးငြိမ်းသွားပြီ။

ထီးဆိုတဲ့ စနေနံကို အအေးသဘောသုံးတယ်။ ရာဟုနံယပ်ကို အအေးသဘောသုံးတယ်။ အုတ်ဆိုတဲ့ တနင်္ဂနွေကို ခိုင်မြဲစေချင်တာမို့ အောက်ခံအဖြစ်သုံးတာ။ ဇာဆိုတဲ့ အင်္ဂါနံ၊ ရွှေစက္ကူဆိုတဲ့ ဗုဒ္ဓဟူးနံတွေကို အပူကို အေးစေလိုတဲ့အတွက် သုံးတာပါ။ ငွေတစ်ရာကျပ်တန် ဆယ့်တစ်ရွက်က အပူဆယ့်တစ်မီးကို ငြိမ်းစေချင်လို့သုံးတာ။ အဲဒီယတြာ ဆောင်ရွက်ထားတာကို ဘုရားစင်ပေါ်မှာ တင်ထားပြီး လှူထား လို့လည်း ရပါတယ်"

"ဟုတ်ကဲ့ပါ ဦးလေးသိန်း။ အခုပြောတဲ့ယတြာကို ချေပါ့မယ်"

ကိုဝေလွင်သည် အဘိုးဆရာသိန်းကို စာအိတ်ဖြင့် ဉာဏ်ပူဇော်က ငွေလှူဒါန်းပြီး ပြန်သွားပါသည်။ မကြာ ကိုဝေလွင်တို့ ဇနီးမောင်နှံတို့ ဘုရားဖူးသွားကြသည်ဆိုသည့် သတင်းကို ကြားရသည်။ အပူမီးငြိမ်းစေ ရွှေထီးမိုးလို့ ယတြာ ချေဆိုသည့်အတိုင်း အဘိုးဆရာသိန်း၏ ယတြာက အစွမ်း ထက်ကြောင်း ပြလိုက်ခြင်းဖြစ်ပါသတည်။

**ဝင်းဇော်(သုံးဆယ်**

၀၉-၂[illegible]



www.burmeseclassic.com

www.burmeseclassic.com

# အစွမ်းထက်သော ဘဲဥယတြာ

ဂမ္ဘီရဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်စာရေးသူသည် ရန်ကုန်မြို့ ပုဇွန်တောင်အနီး ရွှေဘုန်းပွင့်စေတီသို့ ရောက်ရှိသွားပါသည်။ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးသောအခါ ရွှေဘုန်းပွင့်ဘုရားအနီး ဗေဒင်ဟောခန်းများအနက်မှ မိတ်ဆွေဗေဒင်ဆရာအချို့ထံ ဝင်ရောက်နှုတ်ဆက်ပါသည်။

ဆရာဦးအုန်းဟန် B.A (Philosophy) ဆန်းကျမ်းလက္ခဏာနှင့် နက္ခတ္တဗေဒပညာရှင်ထံ ရောက်သောအခါ ဗေဒင်စာအုပ်တစ်အုပ် လက်ဆောင်ပေးပါသည်။ စာအုပ်အမည်မှာ လက်တွေ့အသုံးချ မြန်မာ့လက်ဆန်းပညာ၏ အစွမ်းထက်သော ဘဲဥယတြာနှင့် ကျန်းမာရေးအတွက် အဆောင်ယတြာများဖြစ်ပါသည်။ ဆရာဦးအုန်းဟန်မှ ဗေဒင်ဟောလက်စကို ခေတ္တရပ်ကာ စာရေးသူနာမည်ရေး၊ လက်မှတ်ထိုး၊ တံဆိပ်တုံးရိုက်ကာ မေတ္တာစေတနာနှင့် ပေးပါသည်။ မိတ်ဆွေနှစ်ယောက် ဖုန်းဆက်မှာထား၍ နှစ်အုပ် ဝယ်ယူအားပေးလိုက်ပါသည်။ အိမ်ရောက်မှ သေချာဖတ်ကြည့်ပါသည်။ လွယ်ကူထိရောက်သော ယတြာဖြစ်ပါသည်။ စာရေးသူအနေဖြင့် တနင်္ဂနွေဂြိုဟ်သက်ရောက်နေ၍ တနင်္ဂနွေနှင့် ကြာသပတေး (၁ + ၅) နိစ် မိနေပါသည်။ ကျွန်ုပ်အနေဖြင့် ဆန်းကျမ်း သုံးတန်ပေါ်နိစ် ပညာအရ မအူပင်ကိုင်းရလျှင်ကိုင်းကို အသုံးပြုပြီး မရပါက (ဘဲဥ) ၅–၁ အသုံးပြုကာ အညံ့များချေပါသည်။




ခုနစ်နေ့သားသမီးများ တနင်္ဂနွေသက်ရောက် ဆန်းကျမ်း သုံးတန်ပေါ်နိစ်ပညာအရ ဘဲဥတစ်လုံးကို ခြေရင်းမှာ ထားအိပ်ပြီး နောက်တစ်နေ့ အမှိုက်ပုံသို့ စွန့်ပစ်ရပါသည်။ ယခု ဆရာဦးအုန်းဟန်မှ ဘဲဥယတြာအစွမ်းထက်ပုံကို ပြည့်စုံစွာရေးသားဖော်ပြပေးထားပါသည်။ ဥပမာ (၇) စနေနေ့ သားသမီးတစ်ဦးဦး ကြာသပတေးဂြိုဟ်သက်ရောက်နေပါက ဘဲဥယတြာချေပေး၍ ရပါသည်။ အပြိုင်အဆိုင် အတိုက်အခံနှင့် ဘဲဥယတြာ အောက်ပါအတိုင်း ဖော်ပြပေးထားပါသည်။ ကြာသပတေးသက်ရောက်နေသော စနေသားသမီး –

၃ ၆<br>
၂ ၅<br>
၁ ၄<br>
———<br>
၇ ၃<br>
၆ ၂<br>
[၅ ၁] ဘဲဥ<br>
၄ ၇

အပြိုင်အဆိုင် အတိုက်အခံများကို ဖယ်ရှားရာ၌ ဘဲဥယတြာသည် အစွမ်းထက်၏။ ထို့ကြောင့် ဇာတာရှင်အား ဘဲဥခွဲသည့်ယတြာကို ပြုလုပ်စေသည်။

၅–၁ သည် နိစ်ပြုကြိုးမဟုတ်၍ ဘဲဥအိုးကို ဇာတာရှင်နှင့်ညအိပ်ရန်မလို။ နိစ်ကြီး ၅–၁ အရ ကြာသပတေးနေ့တွင် ဘဲဥယတြာကို တစ်နေ့တည်း အပြီးလုပ်ခိုင်းလိုက်၏။ အတိုက်အခံ ပြုလုပ်နေသူ၏နာမည်ကို ဘဲဥမှာ စာရေးရသည်။

ဘဲဥယတြာကို ဇာတာရှင်တွင် တစ်စုံတစ်ရာ ပြဿနာမရှိဘဲ သုံးစွဲ၍မရပါ။ ဒ. ကြောင်းတစ်စုံတစ်ရာ ဖြစ်ပေါ်နေမှသာ အသုံးပြုရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ဘဲဥယတြာအသုံးပြုနည်း

- ယတြာတွင် အသုံးပြုမည့်ဘဲဥကို ဦးစွာရေဆေးပါ။ ပြီးလျှင် အဝတ်သန့်ဖြင့် သန့်စင်ပါ။ သို့မှသာ စာရေးရာ၌ ထင်သာမြင်သာ ရှိပါမည်။
- စာရေးမည့်သူသည် ဗုဒ္ဓဘာသာဝင်ဖြစ်လျှင် ဘုရားရှေ့တွင် ထိုင်ပါ။ ငါးပါးသီလခံယူလျှင် ပိုကောင်းပါသည်။ လူမျိုး၊ ဘာသာမရွေး ဆောင်ရွက်နိုင်ပါသည်။
- ဗုဒ္ဓဘာသာဝင်မဟုတ်လျှင် မိမိတို့ဘာသာအရ မြင့်မြတ်ရာ နေရာတွင် ထိုင်နိုင်ပါသည်။
- ဘဲဥပေါ်စာရေးရာတွင် စာလုံးမကြီးလွန်း၊ မသေးလွန်း ပီပြင်ထင်ရှားအောင် ရေးပါ။ ဘောပင်သုံးလျှင် အဆင်ပြေပါမည်။
- စာရေးနေစဉ် စကားမပြောရ၊ နေရာမပြောင်းရ။ စိတ်တည်ငြိမ်အောင်ထားပြီး မိမိရေးမည့်စကားလုံးများပေါ်တွင် အာရုံစိုက်ထားပါ။ ဖျက်ရာ၊ ပြင်ရာမရှိစေရ။
- စာရေးမည့်နေရာတွင် မြေအိုးငယ်တစ်လုံး၊ ပလတ်စတစ်အိတ် အဖြူရောင်ကို သုံးနိုင်သည်။ ပြီးမှ ပလတ်စတစ်အိတ် အမည်းတွင် ထည့်ပြီး အမှိုက်ပုံတွင် စွန့်ပစ်ရန် ဖြစ်သည်။
- ပလတ်စတစ်အိတ်အမည်း အသုံးပြုခြင်းဖြင့် လူသူလေးပါး မမြင်နိုင်၊ မြင်တွေ့လျှင် စပ်စုတတ်သူနှင့် တွေ့လျှင် ရှင်းပြနေရဦးမည်။ ဘဲဥ (၅-၁)၊ မြေအိုး (၅-၁) ဓာတ်တူနံတူ ဖြစ်၏။ အိတ်ဖြူ (၁-၅)၊ အိတ်မဲ (၁-၅)၊ အမှိုက်ပုံ (၁-၅) ဘဲဥ၏ ကက်ကင်းဓာတ်များ ဖြစ်၏။ ဆောင်ရွက်နည်း ဆက်လက် ဖော်ပြပေးပါမည်။

မိမိသည် ဦးဘဆိုသောသူနှင့် အမှုပြဿနာဖြစ်ပြီး စိတ်သောကရောက်နေရပါက -

ဘဲဥတွင်စာရေးသားပုံ -

**ဦးဘနှင့် ဖြစ်ပေါ်နေသော**

**အမှုအခင်းများ**

သို့မဟုတ် ဦးဘ၏အမှုအခင်းနှင့် ပတ်သက်သော အပူသောကများဟူ၍ ရေးရပါမည်။ တနင်္ဂနွေ၊ တနင်္လာ သက်ရောက်တွင် ဘဲဥတွင် လိုအပ်တာရေးပြီး အိပ်ရာခြေရင်းတွင်တစ် ညထားအိပ်ရပါသည်။ နောက်တစ်နေ့မနက် ယူ၍ အမှိုက်ပုံသို့ စွန့်ပစ်ရပါမည်။ အခြားသက်ရောက်တွင် တနင်္ဂနွေနေ့၊ ကြာသပတေးနေ့တွင် တစ်ရက်တည်းနှင့် အပြီးပြုလုပ်ပေးပါ။

စွန့်ပစ်သောအခါ ဦးဘနှင့်ဖြစ်ပေါ်နေသော အမှုအခင်းများ အမြန်ပြီးစေ၊ အမြန်ပြတ်စေ၊ အပူသောကများ အေးငြိမ်းပါစေ စသည်ဖြင့် ပြောဆိုပြီး စွန့်ပစ်ရပါမည်။

အိမ်ထောင်ရေး အငယ်အနှောင်း၊ လူမှုရေးကိစ္စရပ်များတွင် မစန်းစန်းနှင့်ပတ်သက်သော အပူသောကများ၊ မစန်းစန်းနှင့်ပတ်သက်သော ပြဿနာများ၊ မစန်းစန်းနှင့် ပတ်သက်သော အနှောင့်အယှက်များဟု လိုအပ်သလိုရေးရမည်။

**ဒေါ်စန်းနှင့် ပတ်သက်သော**

**အပူသောကများ**

ဘဲဥကို မိမိခြေရင်းမှာ တစ်ရက်တာထား ခြေရင်း ဘက်မှာ ကြွပ်ကြွပ်အိတ်နှင့်ထည့်ပြီး ညနေစောင်းမိုးချုပ်မှာ

www.burmeseclassic.com

www.burmeseclassic.com

အမှိုက်ပုံ၊ ရေမြောင်းထဲသို့ သွားရောက်စွန့်ပစ်ရပါမည်။ စာရေးသူထံသို့ တနင်္ဂနွေသမီးတစ်ဦးအတွက် မေးခွန်းလာမေးသည်။ သူမသည် တနင်္လာသက်ရောက်နေပါသည်။




သူမသည် စာရွက်စာတမ်းကိစ္စအတွက် အချုပ်အနှောင်ခံနေရသည်။ ထို့ကြောင့် သူမ၏အင်္ကျီနှင့်ဓာတ်ပုံ ခြေရင်းတွင် ဘဲဥတစ်လုံးထားခိုင်းလိုက်သည်။ ဘဲဥမှာ "မဥမ္မာ အချုပ်အနှောင် အမှုအခင်းပြဿနာများ"ဟု ရေးခိုင်းလိုက်သည်။

နောက်တစ်နေ့မနက် ထိုဘဲဥကိုယူ၍ "မဥမ္မာနှင့် ပတ်သက်သော အမှုကိစ္စများ၊ အချုပ်အနှောင်ကိစ္စများ အမြန်လွတ်မြောက်စေ"ဟု ပြောဆိုပြီး အမှိုက်ပုံစွန့်ခိုင်းလိုက်သည်။

မကြာမီရက်ပိုင်းအတွင်း အာမခံရကာ အချုပ်အနှောင်မှ လွတ်မြောက်လာပါသည်။ (ယခုအခါ အမှုပြီးပြတ်သွားပါသည်။ အချုပ်ထဲလည်း ပြန်မရောက်တော့ပါ။)

ဘဲဥယတြာ တကယ်စွမ်းပါသည်။ ရောဂါဝေဒနာနှင့် ပတ်သက်လာလျှင် –

ဒေါ်နု အသည်းရောဂါနှင့် ပတ်သက်သော "အပူသောကများ (သို့မဟုတ်) ဒေါ်နု၏အသည်းရောဂါနှင့် ပတ်သက်သော ခံစားချက်များ" အဆင်ပြေသလိုရေးပါ။ (ဘဲဥ)မှာ ပျောက်စေ၊ ပြေးစေ၊ နိုင်စေဟု မရေးရပါ။ ပစ်သောအခါမှသာ ပြောဆိုပြီး ပစ်ရပါမည်။

ဘဲဥစွန့်ပစ်ရာတွင် ဘဲဥတွင်ရေးသားထားသော ဝါကျနောက်တွင် "နင်နဲ့အတူပါသွားစေ"ဆိုပြီး စွန့်ပစ်ရပါမည်။

## ဒေါ်နု အသည်းရောဂါနှင့် ပတ်သက်သော အပူသောကများ

တစ်ဖန် တနင်္ဂနွေသက်ရောက်တွင် (၅+၁) နိစ်ပြကြိုးမိနေသည်။ မယားကြီးဖြစ်သူက မယားငယ်ကိစ္စအတွက် စိတ်ညစ်နေရသည်။

ဘဲဥတွင် "မ-----နှင့်ပတ်သက်သောအပူသောကများ"(မယားငယ်အမည်) ရေးရမည်။ ဘဲဥကိုမြေအိုးလေးဖြင့် ထည့်ရမည်။ ဘဲဥကိုစွန့်ပစ်ရာတွင် "မ---နှင့်ပတ်သက်သော အပူသောက၊ ရန်များ နင်နဲ့အတူပါသွားစေ"ဆိုပြီး အိုးကွဲအောင်စွန့်ပစ်ရမည်။ အိုးကွဲမှ အိုးစားကွဲမည် ဖြစ်၏။ (၁+၅) (၅+၁) နိစ်ပြကြိုးဖြစ်၍ ဘဲဥမြေအိုးကို ဇာတာရှင်နှင့် တစ်ညအိပ်ပြီးမှ စွန့်ပစ်စေ၏။ သို့သော် အရေးပေါ်ကိစ္စဖြစ်လျှင် မည်သည့်နေ့မဆို ချက်ချင်းပြုလုပ်နိုင်သည်။

ဘဲဥအစွမ်းထက်ယတြာ အပြည့်အစုံသိလိုပါက ဆရာဦးအုန်းဟန်၏ အစွမ်းထက်သောဘဲဥယတြာစာအုပ် ဝယ်ဖတ်ရန်အကြံပြုပါသည်။ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**

၀၉-၄၂၀၀၄၇၇၆၉



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီးဒေါက်တာမင်းသိန်း ပညာအမွေခံ

# ဆရာမကြီးဒေါက်တာစောယုနွယ်၏ တပည့်များ

ဆရာကြီးဒေါက်တာမင်းသိန်း၏ ကော့သ ပန်းဥယျာဉ်ကြီးတွင် ရနံ့သင်းသော ပန်းကလေးများရှိခဲ့ပါ၏။ ဥယျာဉ်မှူးကြီး မရှိသည့်နောက်တွင် ပျိုးပင်အသစ်ကလေးများအား ဆရာမဒေါက်တာစောယုနွယ်နှင့် ကော့သ ဆရာများက ပြုစုပျိုးထောင်ပေးခဲ့ရာ ယခုအခါတွင် ရနံ့သင်းသော ပန်းပွင့်ကလေးများ ထပ်မံပေါ်ထွက်လာပြီဖြစ်၏။ ထိုဝန်းကလေးများသည် ယခင် ပန်းကလေးများကဲ့သို့ပင် ပွင့်သောပန်းများမွှေး၍ မွှေးသော ပန်းများ လုပနေကြပြီ၊ ထိုပန်းကလေးများ၏ သင်းပျံ့သော ရနံ့ကို စိတ်ချလက်ချ ခံစားနိုင်စေရန်၊ ၎င်း ပန်းကလေးများ၏ နေရာများကို ရောင်ပြန်မဂ္ဂဇင်းမှ ဖော်ပြလိုက်ပါသည်။

၁။ **ဆရာလှိုင်ဘွားဦး** ♦ ဆိုင်အမှတ်-၅၊ ကျိုက္ကဆံစေတီတော်၊ အနောက်ဘက်မုခ်(ယက္ခညီနောင်အနီး) ,
**ဖုန်း-၀၉-၄၃၀၅၇၄၅၅**

၂။ **ဆရာမြတ်သူကောင်း** ♦ အခန်း(၆)၊တိုက်(၂၈၃)၊ ရပ်ကွက်(၂)၊ ရန်အောင်လမ်း၊ ရန်ကင်းမြို့နယ်။ **ဖုန်း-၀၉-၅၁၅၃၄၅၇**

၃။ **ဆရာမမျိုးသိင်္ဂီ** ♦ အမှတ်-၃၃/က၊ ဒုတိယထပ်၊ နွယ်နီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**ဖုန်း-၀၉ ၄၄၈၀၁၃၄၃၇**

၄။ **ဆရာသာထူးစံ** ♦ သုဓမ္မာ၊သုနန္ဒာလမ်းဆုံအနီး၊အမှတ်(၃)လမ်းမကြီး၊သုနန္ဒာမှတ်တိုင်၊မ/ဥက္ကလာပ၊ **ရန်ကုန်၊**
**ဖုန်း-၀၉ ၂၅၀ ၃၆၀၄၇၆**

၅။ **ဆရာမခင်စုစုသော်** ♦ ရေးဘူတာ မီးရထားဝင်းရေးမြို့နယ်၊ မွန်ပြည်နယ်။ **ဖုန်း-၀၉-၂၆၅၄၆၉၅၂၉၊ ၀၉ ၃၁၃၃၁၂၉၅**

၆။ **ဆရာမနင်းဦးရွှေရည်** ♦ အမှတ်-၄၉၊ ကန်သာယာလမ်း၊ရပ်ကွက်ကြီး(၁)၊၁၂-ရပ်ကွက်၊လှိုင်သာယာ။
**ဖုန်း-၀၉ ၃၁၃၀၃၇၈၈**

၇။ **ဆရာမရွှေယမုံဦး** ♦ မီးရထားကြီးကြပ်ရေးတိုက်(၂)၊အခန်း(၁၂)၊အနောက်ကြို့ကုန်း၊ရန်ကုန်-အင်းစိန်လမ်းမကြီး
**ဖုန်း-၀၉ ၃၁၀၇၂၆၆၅**

၈။ **ဆရာထက်အောင်ရှိုင်း** ♦ အမှတ်(၃၇)၊ခြောက်ထပ်ကြီးဘုရား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ **ဖုန်း-၀၉-၅၁၅၃၅၃၅**

၉။ **ဆရာမချောဆွေဇင်သင်း** ♦ အိမ်နံပါတ်-၉၇၉၊ ဗေယျာမြိုင်လမ်း၊ ၅၇-ရပ်ကွက်၊ တောင်ဒဂုံ။ **ဖုန်း-၀၉-၅၀၀၆၂၆၂**

၁၀။ **ဆရာDr.ထွန်းအောင်ရဲလင်း** ♦ ဥပါတသန္တိစေတီတော်၊ တောင်ဘက်မုခ်။ **ဖုန်း-၀၉-၄၂၈၃၂၅၆၅၈**

၁၁။ **ဆရာကျော်ဇင်သွေး** ♦(C)ဘလောက်၊ (၁၄)လမ်းထိပ်၊ ယုဇနဥယျာဉ်မြို့တော်။ **ဖုန်း-၀၉-၉၇၃၃၂၅၇၆ ၁**

၁၂။ **ဆရာကျော်စစ်သွေး** ♦ တိုက်-၂၂၊ အခန်း-၂၁၊ တော်ဝင်အိမ်ရာ-၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း

၁၃။ **ဆရာမသင်းနုစံ** ♦ ၁/၇-လမ်း၊ အမှတ်-၂၁၈၊ မြို့သစ်၊ အင်းစိန်။ **ဖုန်း-၀၉-၈၅၇၄၀၇၆၂၃၊၀၉-၇၈၈၀၀၂၉၀၉**

၁၃။ **ဆရာမစောလဲ့နွယ်** ♦အမှတ်-၂၅၊ ဗေယျာသုခလမ်း၊ စမ်းချောင်းမုန့်လက်ဆောင်းတောင်ရပ်ကွက်၊ **ဖုန်း-၀၉-၄၂၁၀၆**

၁၄။ **ဆရာမအေးခန့်မွှန်** ♦အိမ်အမှတ်-၁၂၊ လုံးချင်း၊ ပုဇွန်တောင်၊ မီးရထားအိမ်ယာဝင်း၊ ပုဇွန်တောင်ဘူတာအ
ဖုန်း- ၀၉ ၃၁၀၄၀၅၆၂၊၀၉-၇၈၀‹ ‹၇

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓါနီးအကျိုး ကားမဝီး ပဋ္ဌာန်းယမိုက် ကားမတိုက်

ကြည်တင့်နိုင်

ကျွန်တော်တွင် ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ လူမှန်းသိတတ်စအရွယ်တိုင် ထူးဆန်းသည့် ဝါသနာ ခလေ့စရိုက်တစ်ခုရှိ၏။ အဆိုပါအကျင့်ကား ကောင်းမွန်သော အကျင့်စရိုက်ဟု ဆိုရမည်ဖြစ်သည်။ အကြောင်းကား ဂါထာ၊ မန္တန်၊ မန္တရားများကို ရွတ်ပွားပူဇော်တတ်သည့် ခလေ့ရှိခြင်းပင်တည်း။ အခက်အခဲ၊ အကျပ်အတည်း ဘေးရန်တစ်စုံတစ်ရာ ကြုံတွေ့လာတိုင်း သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်၏။ သမ္ဗုဒ္ဓေဂါထာကား ကိုးနှစ်သားအရွယ်မှစ၍ အလိုလိုရွတ်ဖတ်တတ်လာ၏။ သင်ပေးခဲ့သူမရှိချေ။ အဆိုပါ သမ္ဗုဒ္ဓေဂါထာတော်၏ အကျိုးအာနိသင်ကြောင့် ပြန်မလော့ မြစ်မလယ်တွင် ရေယိုနေသော လှေငယ်လေးနှင့် ပင်လယ်ပြင်မုန်တိုင်းဒဏ်မှ လွတ်မြောက်ခဲ့ရသည်။ အောင်လံမြို့တွင် နေထိုင်ခဲ့စဉ်ကာလ ကျောင်းဆရာတစ်ဦးဖြစ်သူ ဦးလှဖေမှ ကျွန်တော်၏ဇာတာပေါ်ဝယ် ဘားမဲ့ဆရာတော်ဘုရားမှ အင်းဝဘုရင်မင်းခေါင်၏ သရဖူဝယ် ရေးထိုးစေခဲ့သည့် ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဂါထာတော်ကို ရေးပေးခဲ့သဖြင့် ထိုဂါထာတော်ကို နေ့စဉ် စွဲစွဲမြဲမြဲ ရွတ်ဖတ်ပူဇော်ခဲ့ရာ အောင်လံမြို့နယ်၊ ရွှေပန်းတောကျေးရွာတစ်ရွာ၌ လှည်းပေါ်မှ မြေပြင်ပေါ်သို့ ဇောက်ထိုးပြုတ်ကျခဲ့ရာ ခန္ဓာကိုယ်မှ တစ်ပတ်ကျွမ်းလည်၍ မြေပြင်ပေါ်သို့ အလိုက်သင့် ဘေးမသီရန်မခ ကျသွားခဲ့သည်ကို အံ့သြဖွယ်ရာ ကြုံတွေ့ခဲ့ရဖူးပါသည်။ ၁၉၈၈ ခု၊ ရှစ်လေးလုံး အရေးတော်ပုံကာလတွင် မြန်မာတစ်ပြည်လုံး ဒီမိုကရေစီ တောင်းဆိုမှု ဆန္ဒပြပွဲတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေစဉ်ကာလ ညဉ့်တစ်ညဉ့်၌ တစ်ညဉ့်လုံး ကျွန်တော်အိပ်မပျော်ဘဲ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်မှ လူမမြင်ရဘဲ အသံဖြင့် ဂါထာတစ်ပုဒ်ကို အလွတ်ရစေသည်အထိ ကျက်မှတ်စေခဲ့ပါသည်။ ထိုဂါထာတော်မြတ်မှာ "ဉုံ – ဗုဒ္ဓစက္ခု ကိုယ်လုံးခြုံစေသော်၊ ဓမ္မစက္ခု ကိုယ်လုံးခြုံစေသော်၊ သံဃာ့စက္ခု ကိုယ်လုံးခြုံစေသော်"ဟူ၍ ဖြစ်ပါသည်။ လွန်ခဲ့သော ငါးနှစ်ခန့်တွင် စာရေးဆရာမကြီး ကမ္ဘာလှည့် ဒေါ်တင်တင်စိန် (မဟာသဒ္ဓမ္မဇောတိကဓရ)၏ မြတ်ပုဂံ ဖိုတယ်သို့ ရောက်ရှိခဲ့စဉ် လောကနန္ဒာဘုရား ရင်ပြင်တော်ဝယ် လှည့်လည်ပူဇော်နေရင်း နှုတ်မှ ပဋ္ဌာန်း ၂၄ ပစ္စည်းကို ရွတ်ဖတ်ပူဇော်နေရာမှ အောက်ပါဂါထာမြတ်ကို အလိုလိုဖွင့်ဟရွတ်ဖတ်နေမိပါသည်။

**နမောတေ ဗုဒ္ဓါယျ၊ အရဟံ၊ သိဒ္ဓိဘဂဝါ**
**ဘဂဝါ သိဒ္ဓိအရဟံ၊ နမောတေဗုဒ္ဓယျ။**
ဟူ၍ ဖြစ်ပါသည်။

ဤအကြောင်းဖြစ်စဉ်များကို ရေးသားတင်ပြနေခြင်းမှာ ရတနာသုံးပါး၏ ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃဂုဏ်တော်များကို ယုံကြည်စွာ ရွတ်ဖတ်ပူဇော်ခြင်းသည် မမျှော်လင့်သော ဘေးအန္တရာယ်ဆိုးကျိုးများမှ အလိုအလျောက် ကာကွယ်ပေးနိုင်သည်ဟူသော ကောင်းကျိုးကို စာဖတ်သူများ ရရှိစေလိုသော စိတ်စေတနာကြောင့် ဖြစ်ပါသည်။ တစ်ဆက်တည်းပင် ပဋ္ဌ ် ဒေသနာတော်၊ ပစ္စယ – နိဒ္ဒေသ ပါဠိတော်ကို ရွတ်ဖတ်ပူဇော်ခဲ့သည့် အကျိုးအာနိသင်ကြောင့် မသေကောင်း မပျောက်ကောင်း ဖြစ်ရပ်ဆိုးတစ်ခု လွတ်ကင်းခဲ့ရပုံကို ပြန်ပြောင်းရေးသားလိုသောကြောင့်လည်း ဖြစ်ပါသည်။ ပဋ္ဌာန်းဒေသနာတော်မြတ်ကို နံနက်အိပ်ရာထတိုင်း နေ့စဉ်ရွတ်ဖတ်ပူဇော်လာခဲ့သည်မှာ နှစ်အားဖြင့် ကြာမြင့်ခဲ့ပါပြီ။

မှတ်မှတ်ရရ ထိုနေ့သည် ၂၀၁၇ ခုနှစ်၏ နောက်ဆုံးနှစ်ကုန်ရက် ၃၁–၁–၂၀၁၇ ဗုဒ္ဓဟူးနေ့ ဖြစ်ပါသည်။ စာရေးဆရာကြီးတင့်တယ်၏ နှစ် ၁၁၀ အမှတ်တရစာအုပ်တွင် ပါဝင်ရေးသားခဲ့သည့် ကွယ်လွန်သူ စာရေးဆရာ မောင်လွမ်းနွယ်(အောင်လံ)၏ စာမူခနှင့်စာအုပ်ကို ထုတ်



www.burmeseclassic.com

www.burmeseclassic.com

ယူရန် ဆရာမကြီးဒေါ်ခင်မျိုးဝင်းထံမှ ဖုန်းဝင်လာကြောင်း၊ စာရေးဆရာအုန်းမြင့်ဦးမှ အကြောင်းကြားလာခဲ့ပါသည်။ ဆရာမကြီးမှာ လေထန်ကုန်းလက်ဖက်ရည်ဝိုင်းမှ စောင့်နေပါသည်။ သူနှင့်အတူ သွားကြမည်။ ဆရာအောင်ချစ်စိုး (လသာ)လည်း လာမည်ဟု ပြောသဖြင့် ကျွန်တော်သည် အုန်းမြင့်ဦး ရှိရာ သိမ်ဖြူလမ်း စာအုပ်ဈေးပွဲတော်ရှိ စားသောက်ဆိုင်ရှိရာသို့ သွားရောက်ခဲ့ပါသည်။ သို့သော် ကျွန်တော်သည် စာရေးဆရာအုန်းမြင့်ဦးဆီသို့ မရောက်ပါ။ အကြောင်းကား သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်း မီးပွိုင့်တွင် ကျွန်တော့်အား မောင်ဇော်ဦးအမည်ရှိ မောင်းနှင်လာသည့် ကားအမှတ်--- မှ ဝင်ရောက်တိုက်လိုက်သောကြောင့် ဖြစ်ပါသည်။ မီးပွိုင့်မှ လူကူးမီးစိမ်းပြ၍ လမ်းကူးလိုက်မိသော်လည်း သိမ်ဖြူလမ်းမှ ကွေ့ဝင်လာသော ကားသည် ကျွန်တော့်အား တိုက်မိလိုက်ခြင်း ဖြစ်ပါသည်။

မိမိကိုကားနှင့် တိုက်မိပြီဟု သိသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် စိတ်မှ ပဋ္ဌာန်း ၂၄ ပစ္စည်းကိုသာရွတ်နေမိသည်။ လမ်းမပေါ်သို့ ဘေးတစောင်းအနေအထားဖြင့် ကျွန်တော် ပက်လက်လန်ကျသွားသည်။ ဦးခေါင်းနှင့်လမ်းပေါ် လဲကျသွားသည်။ ကျွန်တော့်ခေါင်းကိုကိုင်၍ ပြန်ထနိုင်သည်။ ထူးခြားချက်ကား လက်မောင်းနှင့် နံဘေးတစ်ချက်တွင် အနည်းငယ်ပွန်းပဲ့သည်မှလွဲ၍ ဒဏ်ရာအပြင်းအထန်မရခဲ့။ ခေါင်းတွင် လက်သီးလုံးခန့် အဖုကြီးဖြစ်လာသည်။

လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦးမှ ယာဉ်ထိန်းရဲသို့ အကြောင်းကြားရန် ပြောလာသည်။ ကျွန်တော် လက်ကာပြလိုက်သည်။ အကြောင်းမှာ ကားနှင့်တိုက်လိုက်မိသည့် တက္ကစီကားမောင်းသူမှာ ကိုယ်လွတ်ရုန်း မောင်းနှင်မပြေးဘဲ ကျွန်တော့်အား ကြင်နာစွာဖေးမကူညီနေပြီး နီးစပ်ရာ ဆေးရုံဆေးခန်းသို့ ခေါ်ဆောင်ကုသပေးရန် တောင်းပန်စကား ပြောကြားနေသောကြောင့် ဖြစ်ပါသည်။

ယာဉ်တိုက်မှုအန္တရာယ် တစ်စုံတစ်ရာဖြစ်ပွားခဲ့လျှင် လူမဆန်စွာ မောင်းနှင်ထွက်ပြေးသွားသော တက္ကစီမောင်ကားသမားများ ရှိတတ်သည်။ ကျွန်တော့်အား တိုက်မိသော ကားကို မောင်းနှင်သူမှာ ဤသို့မဟုတ်ချေ။ မိမိပြစ်မှုအတွက် သူ့တာဝန်ယူရဲသည်။ ဤကဲ့သို့ စိတ်ထားကို ကျွန်တော် လေးစားသည်။

မောင်ဇော်ဦးသည် ဒေါပုံမြို့နယ်တွင် နေကြောင်း သူ၏ ဖုန်းနံပါတ်မှာ --- ဖြစ်ကြောင်း၊ မိခင်အိုကြီးနှင့် ကင်ဆာရောဂါ ခံစားနေရသော သူ၏ညီမကို ဆေးကုနေရကြောင်း မောင်းသည့်ကားမှာ သူငယ်ချင်းတစ်ဦးထံမှ နေ့တွက်ဖြင့်ယူပြီး မိသားစုဘဝကို ရုန်းကန်နေသူဖြစ်ကြောင်း သူပြောပြသည်။

ကျွန်တော့်အား ပုဇွန်တောင်၊ ရေကျော်ရပ်ကွက်၊ YMBA အသင်းခန်းမရှေ့ရှိ မိုးသီးဆေးခန်းတွင် ဦးခေါင်းအား ဓာတ်မှန်ရိုက် စစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးများ ကုသပေးခဲ့ပါသည်။ ကံအားလျော်စွာ ကားတစ်စင်းလုံး ဝင်ရောက်တိုးမိသော်လည်း ဦးခေါင်းတွင် မည်သည့်ဒဏ်ရာမှ ကြီးကြီးကျယ်ကျယ်မဖြစ်ခဲ့ဘဲ ဓာတ်မှန်တွင် အခြေအနေအားလုံး ကောင်းမွန်ခဲ့ပါသည်။

ဤဖြစ်စဉ်သည် အသက်အန္တရာယ် ထိခိုက်ပျက်စီးနိုင်သည့် အခြေအနေ၊ ခြေကျိုး၊ လက်ကျိုး ကျိုးသွားနိုင်သည့် အခြေအနေများ ဖြစ်ပွားလာနိုင်သည်မှာ ရာနှုန်းပြည့်ဖြစ်လာနိုင်ပါသည်။ သို့သော် ပဋ္ဌာန်းအကျိုးကြောင့် ကျွန်တော့်အား ကားမတိုးနိုင်ခဲ့ပါ။ ပဋ္ဌာန်းယမိုက်ကြောင့် ကားမတိုက်နိုင်ခဲ့ပါ။

နိုင်ငံတော် သံဃာမဟာနာယကဥက္ကဋ္ဌ ကျေးဇူးရှင် ဗန်းမော်ဆရာတော်ဘုရားကြီးမှ ပဋ္ဌာန်းဒေသနာတော်မြတ်ကို ပူဇော်ခြင်းသည် ဤဘဝ၊ နောက်ဘဝ ဘဝအဆက်ဆက် ထူးချွန်ထက်မြက်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊ ကြုံတွေ့ဆဲ၊ ကြုံတွေ့လတ္တံ့သော ဘေးအန္တရာယ်အသွယ်သွယ်တို့ကို လွန်မြောက်နိုင်ခြင်း၊ ဆောင်ရွက်သမျှ ကောင်းကျိုးအဝဝတို့ ပြီးစီးအောင်မြင်နိုင်ခြင်း၊ မကောင်းကျိုးဖြစ်စေမည့် အပြစ်ကျူးလွန်ခြင်းတို့မှ ရှောင်လွှဲနိုင်ခြင်း၊ အဆုံးဘဝ၌ နိဗ္ဗာန်ကို လွယ်ကူလျင်မြန်စွာ မျက်မှောက်ပြုရခြင်း စသည့်အကျိုး တရားတို့ကို ရရှိစေနိုင်ပါသည်ဟု ခိုင်မာစွာ ညွှန်းဆိုဟောကြားတော်မူခဲ့ပါသည်။

မှန်ပါသည်။ ပဋ္ဌာန်းဒေသနာတော်မြတ်ကို နေ့စဉ်မှန်မှန် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အန္တရာယ်မှန်သမျှ၊ ဘေးရန်မှန်သမျှ ရှောင်လွှဲ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝလာနိုင်မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါသည်။

ပဋ္ဌာန်းအကျိုး၊ ကောင်းမှုတိုး၏
ပဋ္ဌာန်းအကျိုး၊ ကားမတိုးနိုင်

ပဋ္ဌာန်းယမိုက် ကားမတိုက်နိုင်ပါဟု ကိုယ်တွေ့ဖြစ်ရပ်မှန်ကို တင်ပြရေးသားလိုက်ရပါသည်။

ကြည်တင့်နိုင်
၀၉-၄၄၅၁၂၀၄၃၆



www.burmeseclassic.com

www.burmeseclassic.com

# ဇာတိဇာတ်မြွန်စေရာ

# နဝင်း ကနက္ကဒဏ်ထီး လှူပါ

## မော်တင်သိန်းဇော်မိ

ထီးလှူဒါန်းက ပူချမ်းမသိ၊ ကြေးညှိမတင်၊ ကင်းစင်ရန်ဘေး၊ ကင်းဝေးနှောင့်ယှက်၊ မပျက်ရှိသေ၊ အရေနှင့်ယ်၊ စင်ကြယ်နလုံး၊ ဆောင်သုံးရိပ်ဖြူ၊ ဤရှစ်ဆူ ထီးလှူအကျိုးမှတ် ဟူသော လှူဒါန်းရကျိုး အကျိုးရှစ်ပါးကို လှူဒါန်းသူအနေနှင့် ခံစားရတတ်ကြောင်းကို ကျမ်းမြတ်လာတို့၌ အတိအလင်း အထင်ကရပင် ဖွင့်ဆိုထားပါသည်။ "ထီး"လှူဒါန်းကြသည် ဆိုရာ၌ ဘုရားစေတီပုထိုးများတွင် ရွှေထီး၊ ငွေထီး၊ ကြေးထီး၊ သံထီး၊ ကျောက်ထီးများ လှူဒါန်းခြင်း၊ ရဟန်းသံဃာတော် သီလရှင်နှယ်ဝင်များကို သာသနာနွယ်ဝင်များကိုင်၊ လူပုဂ္ဂိုလ်သုံး ထီးများ လှူဒါန်းခြင်း၊ နေအိမ်ဘုရား ရုပ်ပွားတော်မြတ်၊ ကျောင်းနှင့် ဓာတ်ခန်းနတ်ခန်းတို့၌ ရွှေထီး၊ ငွေထီး၊ ကြေးထီး၊ ထီးဖြူ ကနက္ကဒဏ်ထီးများ ကပ်လှူလှူဒါန်းခြင်းဖြင့် သာသနိက သာသနာ့နယ်မြေ၊ ဇရပ်၊ နားနေဆောင်၊ လူသွားလမ်း၊ ကွင်းပြင်၊ ကားဂိတ်၊ ရေဆိပ်၊ လှည်းဆိပ်တို့၌ အရိပ်အာဝါသများ ရရှိစေရန် လှူဒါန်းခြင်းများ အမျိုးမျိုးရှိပါသည်။ "ထီး"ဆိုသည့် အသုံးအဆောင်ပစ္စည်း၏ သရုပ်သကန် စွမ်းအင်နှင့် ဓာတ်သဘောမှာ နေပူရှိန်ဒဏ်၊ ဆီးနှင်း၊ မိုးပေါက်၊ ဘေးဘယာ ရာသီဥတုဒဏ်နှင့် အမိုက်သရိုက်တို့ကို ကာကွယ်ပေးသည့် ဂုဏ်ရည်စွမ်းပကားများကို ရယူဆောင်သပေးခြင်းသာ ဖြစ်ပါသည်။ ထီးလှူက တူသောအကျိုးများ ပေးစွမ်းရရှိကာ ကျမ်းမြတ်လာပါအတိုင်း အကျိုးရှစ်ပါးများနှင့်အတူ ကံကြမ္မာဆိုင်ရာ အေးချမ်းလုံခြုံသော အရိပ်အာဝါသ အေးရိပ်ထူးများကို ရရှိခံစားရနိုင်ပါသည်။ လောကီလာများအရမှု ထီးကို အထူးသဖြင့် စားဝတ်နေရေး၊ ဘဝကိုယ်ရေး ပင်ပန်းဆင်းရဲသူများ၊ ပြစ်ဒဏ်တစ်စုံတစ်ရာကို ကျခံရန်ရှိသူများ၊ ရပ်ဝေးသို့ သွားရောက်လုပ်ကိုင်မည့်သူများနှင့် ဦးခေါင်းပိုင်းဆိုင်ရာ ရောဂါဝေဒနာဆိုးရှိသူများအနေနှင့် လှူဒါန်းသင့်ကြပါသည်။ ထို့အတူ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ကျောက်၊ ပိတ်ထည်သား "ကနက္ကဒဏ်"ထီးတို့အနက် အထူးသဖြင့် "ကနက္ကဒဏ်"ထီး



www.burmeseclassic.com

www.burmeseclassic.com

သည် **တနင်္လာနံ ၂ နှင့် စနေနံ ၇** တို့ ပါရှိကာ ပေါင်းသော် ကိုးနဝင်းကြေမည် ပေါက်သည့် အမည်၊ ပညတ်၊ **နံ့ဓာတ်များ** ရှိ၍ ကိုးနဝင်းကို ယုံကြည်အားထား လှူဒါန်းတတ်သူများ အနေနှင့်လည်း လှူဒါန်းနိုင်ကြပါသည်။ ဗဟုသုတအရရော၊ ကိုယ်တွေ့ လေ့လာတွေ့ရှိချက်များအရပါ "ကနက္ကဒဏ်"ထီး ကို သက္ကရာဇ်စွ ဂါရဝ၊ အတိဂါရဝ ကြီးမားထက်သန်စွာနှင့် တယုံ တကြည် တထွတ်တမြတ် မပြတ်တမ်းဆိုသလို ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်း၊ ဓာတ်ခန်း၊ နတ်ခန်း၊ သာသနာ့ အဆောက်အအုံတို့၌ လှူဒါန်းသူ အလှူရှင်ပုဂ္ဂိုလ်များ ဖြစ် ကြသည့် ဝန်ထမ်း၊ ပြင်ပ ကိုယ်ပိုင်လုပ်ငန်းရှင်၊ အရောင်း အဝယ်လုပ်သူနှင့် ပညာရှင်တို့သည် **ရာထူးဌာနန္တရကြီးမား ခြင်း၊ စီးပွားရေးနှင့် အရောင်းအဝယ်များ ကောင်းမွန်ခြင်း၊ ရောက်ရာ၌ အဆင်ပြေအေးချမ်းရခြင်း၊ ပြစ်ဒဏ်မှ သက် သာခြင်း၊ ဘေးရန်ကင်းရှင်းခြင်း၊ လူမှုဘဝနှင့် မိရိုးဖရိုး ဆွေရိုးမျိုးရိုး၊ အပေါင်းအသင်းရိုးများရရှိခြင်း၊ ဦးခေါင်း ပိုင်းဆိုင်ရာရောဂါ ဝေဒနာဆိုးများ ပပျောက်သက်သာခြင်း နှင့်အတူ ကံဇာတာကံကြမ္မာကံ ရိုးများလည်း အတက် မြန်တတ်ကြသည်ကို** မှတ်သားတွေ့ရှိရပါသည်။ "ကနက္က ဒဏ်"ထီးများအနေနှင့် ဗဟုသုတရ၊ အနိမ့်ဆုံး အသေးဆုံး ခုနစ်လက်မမှအထက် အကြီးဆုံး ၃၆ လက်မခန့်အထိရှိ ကြောင်း လေ့လာသိရှိရပါသည်။ "ကနက္ကဒဏ်"ထီးဖြူတော် များကို အများအားဖြင့် မြတ်စွာဘုရားရှင် ရုပ်ပွားတော်မြတ် **တို့၏ လက်ဝဲတော်နှင့် လက်ယာတော်ထံပါး** နေရာမြတ် တော်တို့၌ တစ်ဖက်တစ်ချက်စီ (စုံ) သဘောမျိုး နှစ်လက် လှူဒါန်းထားတတ်လေ့ရှိကြပါသည်။ ထိုသို့ လှူဒါန်းထား ဆက်ကပ်ထားတတ်ကြရာတွင် နဝင်းကြေမည့်သဘော "ကနက္ကဒဏ်"ထီးကို ငွေပဒေသာသဘော နဝင်းကြေ သဘောဖြစ်အောင် တစ်ထောင်တန်ငွေကြေးစက္ကူ ကိုးရွက်ကို ပတ်လည်ကိုင်းတံခြေ ကိုးခုနေရာ၌ ချိတ်ဆွဲ ပူဇော်ထားတတ် ကြပါသည်။ **တစ်နည်းအားဖြင့် ငွေ ၂ နှင့် ထီး ၇ ပေါင်း (၉) နဝင်းသဘော အပေါ်ဆုံးက ရွှေရောင်ရွှေချ ထီးအုပ်တံခွန်၊ အောက်မှကပ်လျက်ရှိသော ပြန့်ကားလှပ ကျက်သရေမင်္ဂလာရှိ တင့်တယ်လှသော အဖြူရောင်ထီး ရွက်တော်၊ အလယ်က ရွှေရစ်၊ ငွေရစ်များပါ ထီးရိုးတံ အရှည်၊ အောက်ဆုံးက အနီရောင်နှင့် ငွေမင်သုတ် တိုင် ခြေပိတ်ခုံတို့နှင့်** ကြည်ညိုဖွယ်ရာ အလွန်အထူးကောင်းလှ သော "ကနက္ကဒဏ်"ထီးတော်များကို တတ်အားသရွေ့ လှူ ဒါန်း၊ ကုသိုလ်ယူလျက် တူသောအကျိုးပေးများကို တုံ့ပြန် ဝိပါက်၊ စံစား ခံစားနိုင်ကြပါမည့်အကြောင်း နှစ်ဖြာသော အကျိုးကိုမျှော်၍ လေးမြတ်စွာ အကြံပြုတင်ပြအပ်ပါသည်။ ဗေဒင်ရှုထောင့်လာများအရမှ **မိမိအသက်ပိုင်းအရ ရောက်ရှိ ဆဲသက်ပိုင်း၏ ဂြိုဟ်အိမ်ဖြစ်ရာ ဂြိုဟ်ထောင့်ရှိ ဘုရား ရှင်ရုပ်ပွားတော်မြတ်များအား "ကနက္ကဒဏ်" ထီးတော် များကို** လှူဒါန်းဆုတောင်းပါက ဂြိုဟ်စီး ဂြိုဟ်နင်းများ ပျောက်ကင်းလွတ်ကင်းကာ ကံမြင့်၊ ကံတင့်၊ ကံကောင်း တတ်ပါသည်။ ရောက်ရှိဆဲ သက်ပိုင်းကံဇာတာများ ကောင်းမွန် တတ်ပါသည်။

**၂ ၇ ၂ ၇**

**က န က္က ဒဏ်**

↕ ↕

**၂ ၇**

**ကံ တက်**

ကက်ကင်းနှင့် နဝင်းဓာတ်သဘော

**ဝန်ခံချက်** ။ ။ သမ္မတသက်န်းတိုက် မိသားစု ဓမ္မဒါနအလှူတော် လှူပုဂ္ဂိုလ်များနှင့် ဒုလ္လဘရဟန်းသာမဏေ များ သိမှတ်ဖွယ်ရာအဖြာဖြာ ကျမ်းမြတ်ပါ ထီးလှူရကျိုးရှုပ်ပါး ဓမ္မလက်ာမွန်ကို ကိုးကားမှီငြမ်းပါကြောင်း ဝန်ခံတင်ပြအပ် ပါသည်။

မော်တင်သိန်းဇော်



www.burmeseclassic.com

www.burmeseclassic.com

## သီဟသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ . . . .

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .



အမှတ် (၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀
၀၉-၇၈၉၉၅၉၅၆၇

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း



တနင်္ဂနွေ သားသမီး

သင်သည် ယခုကာလတွင် စိတ်ပျော်ရွှင်စရာတွေ ဖြတ်သန်းရမယ့်ကာလ ဖြစ်ပါတယ်။ ပြိုင်ပွဲတွေ ဝင်ပြိုင်ရင်လည်း ဆုတံဆိပ်တွေ ရပါလိမ့်မယ်။ လုပ်ငန်းသစ်များ လုပ်ကိုင်ရတတ်တယ်။ ထိုလုပ်ငန်းများသည် အကျိုးပေးသော လုပ်ငန်းများ ဖြစ်နေတတ်တယ်။ အလှူအတန်းပြုလုပ်ခြင်း၊ မင်္ဂလာပွဲ စီစဉ်ရခြင်းမျိုး ပြုလုပ်ရတတ်တယ်။ ငွေရှာရ လွယ်ကူသလောက် စုဆောင်း၍ မရ ဖြစ်နေတတ်တယ်။ ငွေဝင်လျှင် လက်ထဲမှာ မထားဘဲ ရွှေဝယ်ထားလိုက်ပါ။ ယခုကာလတွင် စနေနံ ပစ္စည်းများ ဝင်လာပါက ခိုက်တတ်ပါတယ်။ ဆရာသမားကဲ့သို့ ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ မြေနှင့် ပတ်သက်သောကိစ္စ၊ အမွေနှင့်ပတ်သက်သောကိစ္စ ကြုံတွေ့ရတတ်တယ်။ သင်၏အိမ်သို့ ဘုန်းကြီးတစ်ပါး ကြွလာသော နိမိတ်တွေ့ပါကလည်းကောင်း၊ ပန်းချီကားတစ်ချပ် ရောက်လာသော နိမိတ်တွေ့ပါကလည်းကောင်း ငွေများစွာ ဝင်လာတတ်ပါတယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် အစားမှားခြင်း၊ ဆေးမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဖြူရောင်(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ ဗုဒ္ဓဟူး

**ညံ့သောရက်**

သောကြာ၊ အင်္ဂါ

**ကံကောင်းသောနံပါတ်**

၄၂၊ ၄၇၊ ၂၅

**အထူးသတိပြုရန်**

ယခုကာလတွင် အမှုအခင်းဖြစ်နေသူကို ငွေချေးခြင်း၊ အာမခံပေးခြင်းမျိုး မပြုလုပ်ပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ကော်ရည်ခေါက်ဆွဲ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း



တနင်္လာ သားသမီး

သင်သည် ယခုကာလတွင် အနည်းငယ် ညှိုးတတ်ပါတယ်။ လုပ်သမျှ အလုပ်တွေ အလွဲလွဲအချော်ချော် ဖြစ်တတ်တယ်။ ပင်ပန်းသလောက် မအောင်မြင်ဘူး ဖြစ်တတ်တယ်။ ကိုယ့်အပူတင် မဟုတ်ဘဲ မိသားစုအပူ၊ ပတ်ဝန်းကျင်အပူတွေကပါ ကိုယ့်ကို ဟပ်စေပါတယ်။ မိသားစုဝင်တွေလည်း ကျန်းမာရေးညှိုးလို့ ဆေးခန်းတွေ မကြာခဏ သွားရတတ်တယ်။ ရပ်ဝေးက သက်ကြီးရွယ်အိုတွေ ဆေးဝါးကုသဖို့ မိမိအိမ်ကို လာတည်းလျှင် လက်မခံပါနှင့်။ ရုတ်တရက် ကျန်းမာရေးညှိုးပြီး ဆုံးပါးသွားတတ်ပါတယ်။ ခရီးတွေ မကြာခဏ သွားရတတ်တယ်။ ခရီးကောင်းတွေ ဖြစ်ပါတယ်။ ယခုကာလတွင် ကူးသန်းရောင်းဝယ် သွားလာခြင်းမျိုးတော့ မပြုလုပ်သင့်ပါ။ ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါဝင်နေရင် ဇနီးမယားနှင့် စကားအခြေအတင် ပြောရခြင်း၊ အခြားအမျိုးသမီးများနှင့် စွပ်စွဲပြောဆိုခြင်းမျိုး ကြုံတွေ့ရပါတတ်တယ်။ ငွေလည်း ဆုံးရှုံးတတ်တယ်။ စက်ပစ္စည်း ဒုက္ခပေးတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်ခြင်း၊ ပေါင်နှံရခြင်းများ လုပ်ရတတ်တယ်။ ငွေဒလဟောထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းမျိုး ဖြစ်တတ်တယ်။ သင်သည် စနေနေ့ညတွင် အကျႌဟောင်း၊ လုံချည်ဟောင်းကိုဝတ်ပြီး အမျိုးသားဆိုလျှင် ဘုန်းကြီးကျောင်း၊ အမျိုးသမီးဆိုလျှင် မယ်သီလရှင် ကျောင်းကိုသွားပြီး တစ်ည အိပ်လိုက်ပါ။ နောက်တစ်နေ့တွင် ညကဝတ်ထားတဲ့ အကျႌတွေကို လမ်းဆုံလမ်းခွမှာ သွားစွန့်ပစ်လိုက်ပါ။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ထီးနီ(၁၀)ခုတို့ကို လှူပေးပါ။ အညှို့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

သောကြာ၊ တနင်္ဂနွေ

**ညှိုးသောရက်**

အင်္ဂါ၊ စနေ

**ကံကောင်းသောနံပါတ်**

၁၆၊ ၆၀၊ ၁၃

**အထူးသတိပြုရန်**

ယခုကာလတွင် မိမိကိုယ်ပေါ် အတောင်ရှိသော သတ္တဝါ အညစ်အကြေး စွန့်ခြင်းမျိုး ကြုံပါက အစစအရာရာ အဆင်ပြေပါလိမ့်မယ်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ဘုရားတွင် အုန်းသီးစိတ်များ၊ အုန်းဆွမ်းများကို မကြာခဏ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း



အင်္ဂါ သားသမီး

သင်သည် ယခုကာလတွင် ကောင်းကျိုးတွေ ခံစားရမှာ ဖြစ်ပါတယ်။ မိမိဒိမ်၊ မိမိရဲ့ ပတ်ဝန်းကျင် မြောက်အရပ်၊ တောင်အရပ်တို့မှ လာဘ်လာဘများ ဝင်လာလိမ့်မယ်။ ကျောက်မျက်ရတနာတွေ ဝယ်ယူခြင်း၊ တူးဖော်ခြင်း၊ ပြည်ပခရီးဝေးသွားဖို့ အခွင့်အရေးတွေ ရနိုင်တဲ့ကာလဖြစ်ပါတယ်။ အတတ်ပညာနဲ့ ပတ်သက်ပြီး သင်တန်းကောင်း တက်ရခြင်း၊ ပညာကောင်း ရခြင်းမျိုး ဖြစ်တတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ အတိုက်အခံလေးတွေတော့ အနည်းငယ် ရှိပါတယ်။ စပ်တူရှယ်ယာလုပ်ငန်းလည်း ပေါ်လာတတ်တယ်။ အဖိုးတန် စက်ပစ္စည်းများ ဝင်လာတတ်တယ်။ ယခုကာလတွင် ငွေရှာရလွယ်သလောက် ငွေဝင်ငွေထွက်ကြမ်းနေတတ်ပါတယ်။ ဆွေမျိုးသားချင်းထဲမှ ကျန်းမာရေး မကောင်းတဲ့သတင်း ကြားရတတ်ပါတယ်။ ဘာအခက်အခဲပဲရှိရှိ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေနဲ့ ပတ်သက်ပြီး ရပိုင်ခွင့်တွေ ရှိနေမယ့်ကာလ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကန္တက္ကဒါန်ထီး(၁၅)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

အင်္ဂါ၊ ကြာသပတေး

**ညံ့သောရက်**

စနေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၅၆၊ ၅၃၊ ၃၄၊ ၃၅

**အထူးသတိပြုရန်**

ယခုကာလတွင် အသုဘပို့ခြင်း မပြုရ။ သချိုင်းမြေ လုံးဝမနင်းရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ကိတ်မုန့် ၂ ချပ်နှင့် နွားနို့ ၇ ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း



ဗုဒ္ဓဟူး သားသမီး

သင်သည် ယခုကာလတွင် မိမိနေအိမ်ကို ပြင်ဆင်မွမ်းမံရခြင်း၊ အိမ်နေရာပြောင်း ရွှေ့ရခြင်းမျိုး ကြုံရတတ်တယ်။ အိမ်အသစ်ဆောက်လျှင်လည်း အကျိုးပေးသော အိမ်မျိုးဖြစ်တတ်တယ်။ လုပ်ငန်းနဲ့ ပတ်သက်ပြီး လက်ရှိအလုပ်အပြင် အဆက်အသွယ်သစ်များ ပေါ်လာတတ်တယ်။ လုပ်ငန်းအသစ်များလည်း ပေါ်လာတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူဆိုရင် လုပ်ငန်းတွေ တိုးချဲ့လုပ်ရတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ ရာထူးတက်ခြင်း၊ ပူးတွဲတာဝန်ထမ်းဆောင်ရတာမျိုး ကြုံရတတ်တယ်။ အိမ်ထောင်မရှိသေးသူများအဖို့ အိမ်ထောင်ကျတတ်သောကာလ ဖြစ်တယ်။ ဘုရားဆင်းတုတော်၊ မာတ်တော်၊ ရှင်သီဝလိရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြား၊ ဘာသာခြားတွေ မစတတ်တယ်။ အလုပ်အကိုင်ကောင်းတယ်ဆိုပေမယ့် အတိုက်အခံ ရှိတယ်။ မိမိအထက်လူကြီးသို့မဟုတ် မိမိဖခင်မှ အထင်အမြင် လွဲမှားတတ်တယ်။ အိုးပိုင် အိမ်ပိုင်ရနိုင်သောကာလ ဖြစ်သောကြောင့် မိမိနေထိုင်ရာ အိမ်ခြံဝင်းအတွင်း သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံမထားပါနှင့်။ မိတ်ဆွေရင်းက အထင်လွဲမှားတတ်တယ်။ အမြင့်မှ လိမ့်ကျခြင်း၊ ကိုယ်ခန္ဓာမှာ အနာလေးတွေပေါက်ခြင်းမျိုးဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ဂြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ အင်္ဂါ

**ညံ့သောရက်**

တနင်္လာ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၁၃၊ ၃၁၊ ၁၆

**အထူးသတိပြုရန်**

ယခုကာလတွင် ငွေဝင်လာလျှင် မြေဝယ်ခြင်း၊ အိမ်ကြီးကြီးကျယ်ကျယ်ဆောက်ခြင်းမျိုး မပြုလုပ်ပါနှင့်။ အိမ်အနီးတွင် ဆိုင်သစ်တစ်ခုဖွင့်သော နိမိတ်တွေ့ပါက အကြံအစည်များ အောင်မြင်ပါလိမ့်မယ်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ဘုရားတွင် အုန်းဆွမ်း မကြာခဏ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း



ကြာသပတေး သားသမီး

သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ လုပ်သမျှ လုပ်ငန်းတွေ အခက်အခဲနဲ့ တွေ့ရပြီး အဆင်မပြေမှုလေးတွေ ကြုံရတတ်ပါတယ်။ ယခုကာလတွင် အလုပ်အပြောင်းအလဲ မလုပ်ပါနှင့်ဦး။ အထက်လူကြီး ငြိုငြင်တတ်တယ်။ ကိုယ့်ကို မနာလိုသူတွေက ပြစ်တင်ပြောဆိုခြင်းမျိုး ခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါရင်တော့ ပိုပြီးဂရုစိုက်ပါ။ အလုပ်အကိုင် ငွေကြေးဝင်တာ ညံ့ပေမယ့် စုတ်ကောင်းလာဘ်ကောင်း ဝင်ခြင်း၊ အချစ်ရေးကောင်းခြင်းမျိုး ဖြစ်တတ်တယ်။ အိမ်ထောင်ရှင်များအဖို့ သားသမီးရတနာ ထွန်းကားတတ်ပါတယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် ပြုလုပ်ပါ။ ပြည်ပနဲ့ အဆက်အသွယ်ကောင်း ရရှိမယ်။ မြေတစ်ကွက် ဝင်တတ်ပါတယ်။ မြေကွက်နဲ့ ပတ်သက်ပြီးတော့ ငွေဝင်ကိန်း ရှိပါတယ်။ ပညာရပ်တစ်ခု သင်ကြားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ မကြာခဏ ကြွက်တက်ခြင်း၊ ခြေသည်းလက်သည်း ပုပ်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဝါရောင် (၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**အထူးသတိပြုရန်**

ယခုကာလတွင် ရွှေငွေပေါင်နှံခြင်း၊ ချေးငှားခြင်း၊ အာမခံလုပ်ခြင်းများ လုံးဝမပြုလုပ်ပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

ပဌာန်းဒေသနာတော်ကို မကြာခဏ ရွတ်ဖတ်သရဇ္ဈာယ်ပေးပါ။

**ကံကောင်းသောရက်**

ကြာသပတေး၊ စနေ၊ ဗုဒ္ဓဟူး

**ညံ့သောရက်**

တနင်္လာ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၅၃၊ ၇၅၊ ၇၄၊ ၅၂

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း



သောကြာ သားသမီး

သင်သည် ယခုကာလတွင် လက်ရှိအလုပ်ကနေ တခြားကို ပြောင်းချင်စိတ်တွေ ပေါ်လာတတ်တယ်။ မပြောင်းပါနှင့်။ နောက်ပြောင်းတဲ့အလုပ်က အကျိုးမပေးပါဘူး။ မထင်မှတ်တဲ့ခရီးတွေ၊ မရည်ရွယ်တဲ့ခရီးတွေ သွားရတတ်တယ်။ သူတစ်ပါးကိစ္စကြောင့် သွားရတာ ဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်နေတဲ့သူအဖို့ အလုပ်မှာ ပျက်စီးဆုံးရှုံးမှုတွေ များနေတတ်ပါတယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ဖြေရှင်းရခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်တိုင်းမကျခြင်း၊ စိတ်ဝမ်းကွဲခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲတွေ ပြုလုပ်ဖို့ ကြံရွယ်ထားရင် အထစ်အငေါ့ ကြုံရတတ်တယ်။ ရက်ရွှေ့ပြီးမှ ပြုလုပ်ရတတ်တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ ပညာရပ်တစ်ခု ထူးထူးခြားခြား သင်ကြားရတတ်တယ်။ ထိုထိုရင် ကံကောင်းတဲ့ကာလ ဖြစ်ပါတယ်။ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ယခုကာလတွင် အိမ်ပြင်၊ အိမ်ဆောက်ခြင်း၊ အိမ်ပေါင်ခြင်း၊ အရောင်းအဝယ်လုပ်ခြင်း လုံးဝမလုပ်ပါနှင့်။ အဆင်မပြေတတ်ပါ။ အပျော်ခရီး လုံးဝမသွားပါနှင့်။ အသွားအလာ ဆင်ခြင်မှသာ ကံကောင်းပါမယ်။ ကျန်းမာရေးလည်း နည်းနည်းညံ့တတ်တယ်။ ခြေထောက်၊ ကျောတို့မှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ သွားတစ်ချောင်းကလည်း ဒုက္ခပေးပါလိမ့်မယ်။ အိမ်မှာ နေရတာ မပျော်ဘဲ အကြောင်းအမျိုးမျိုးနဲ့ စိတ်ဆိုင်းမကျဘူး ဖြစ်နေတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ သောကြာ

**ညံ့သောရက်**

ကြာသပတေး၊ စနေ

**ကံကောင်းသောနံပါတ်**

၃၆၊ ၅၇၊ ၅၈၊ ၅၄

**အထူးသတိပြုရန်**

မိမိအိမ်အနီးအနား၌ အလှူမင်္ဂလာပျက်သွားခြင်း၊ အလှူမင်္ဂလာတွင် ခိုက်ရန်ဒေါသဖြစ်ခြင်းမျိုး ကြုံပါက သင့်အတွက် ကျန်းမာရေးညံ့ခြင်း၊ အိမ်ထောင်ဖက် ကျန်းမာရေးညံ့ခြင်းများ ဖြစ်တတ်တယ်။

**ကံကောင်းပြီး လာဘ်ရှင်စေရန်**

မဟာမြတ်မုနိဘုရားကို ရည်စူးပြီး ထောပတ်ထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း



စနေ သားသမီး

သင်သည် ယခုကာလတွင် အလျှုအတန်းတွေ မုချပြုလုပ်ရပါလိမ့်မယ်။ အလှူသေးသေးလေး လုပ်မယ်ဆိုပေမယ့် မမျှော်လင့်ဘဲ အလှူကြီး ဖြစ်သွားတတ်တယ်။ ရုတ်တရက် ငွေတွေ ဝင်လာတတ်တယ်။ အလုပ်ကြောင့်လည်း ရတတ်တယ်။ ကံတရားကြောင့်လည်း ရတတ်ပါတယ်။ သာမန်အခြေအနေမျိုးကနေပြီး စီးပွားတက်ကာ ကိုယ်ပိုင်လုပ်ငန်း၊ ကုမ္ပဏီများ ထူထောင်နိုင်တဲ့အထိ ဖြစ်တတ်တယ်။ မိမိလုပ်ငန်းကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ငွေအလွယ်ရနိုင်တဲ့ ဖြတ်လမ်းနည်းဖြင့် ငွေရှာခြင်းမျိုး မပြုလုပ်သင့်ပါ။ လူမျိုးခြား၊ နိုင်ငံခြားနဲ့ ပတ်သက်တဲ့ကိစ္စများ အထူးအကျိုးပေးတဲ့ကာလဖြစ်တယ်။ ခရီးထွက်မယ်ဆိုရင် ဒီကာလမှာ ထွက်ဖြစ်အောင် ထွက်လိုက်ပါ။ အတိုက်အခံတွေ ပေါ်နေတတ်တယ်။ ဝန်ထမ်းဆိုရင် အလုပ်မှ ထွက်ချင်စိတ် ပြောင်းချင်စိတ် ပေါ်လာလိမ့်မယ်။ စာရွက် စာတမ်းကိစ္စ၊ စာချုပ်ကိစ္စတွေအတွက် လက်မှတ်ရေးထိုးမယ်ဆိုရင် ညံ့သွားတတ်တယ်။ ဆီးရောဂါ၊ မျက်စိရောဂါနှင့် ပတ်သက်ပြီး ဒုက္ခပေးတတ်တယ်။ ယခုကာလတွင် ဘာပဲကြုံကြုံ ဘာပဲဖြစ်ဖြစ် တစ်ခါတည်းနဲ့ မပြီးဘဲ နှစ်ခါ နှစ်ခါ ထပ်ပြီးဖြစ်တတ်ပါတယ်။ သားသမီးနှင့် ပတ်သက်ပြီး အနည်းငယ် ပူရတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်း၊ ဝမ်းဗိုက်တို့တွင် ဒုက္ခပေးတတ်တယ်။ ရုတ်တရက် အရိုးကျိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တနင်္ဂနွေကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့် (၁၅)ညွန့်၊ ကနက္ကဒါန်ထီးဖြူ(၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ

**ညံ့သောရက်**

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

**ကံကောင်းသောနံပါတ်**

၂၂၊ ၃၃၊ ၂၃၊ ၃၂

**အထူးသတိပြုရန်**

မျက်နှာချင်းဆိုင်အိမ်၊ ခေါင်းရင်းအိမ်တို့တွင် မင်္ဂလာဆောင်၊ အလှူရှိရင်သော်လည်းကောင်း၊ မိမိအိမ်ကို ကိုယ်ဝန်ဆောင်သည်လာရောက်ပြီး မီးဖွားသော နိမိတ်တွေ့ရင်သော်လည်းကောင်း ငွေများ အစုလိုက် အပုံလိုက်ရတတ်ပါတယ်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် နန်းကထိုင်မုန့် ကပ်လှူပေးပါ။

www.burmeseclassic.com

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း



ရာဟု သားသမီး

သင်သည် ယခုကာလတွင် ကောင်းကျိုးလေးတွေ ခံစားရမှာ ဖြစ်ပါတယ်။ လုပ်ငန်းသစ်လုပ်ဖို့အတွက် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ရတတ်တယ်။ လုပ်သလောက်တော့ အမြတ်အစွန်း မရနိုင်သေးပါဘူး။ အလုပ်တွေ ဟိုဟာလုပ်ရမလို ဒီဟာလုပ်ရမလိုနဲ့ အချိန်ကုန်သွားတတ်တယ်။ လုပ်ငန်းကစ်ခုကို ငွေများစွာ ရင်းနှီးပြီး မလုပ်ပါနှင့်ဦး။ စပ်တူလုပ်ရမယ့်ကိစ္စတွေ ပေါ်လာတတ်တယ်။ စက်ပစ္စည်းများ ဝင်လာလိမ့်မယ်။ စက်ရုံတည်ဆောက်ဖို့ ကိစ္စတစ်ခုလည်း ပေါ်ပေါက်လာတတ်တယ်။ မသွားချင်တဲ့ခရီးတွေ၊ သူတစ်ပါးအတွက် သွားရတဲ့ခရီးတွေ ပေါ်လာတတ်တယ်။ စန်းပွင့်တဲ့ကာလ ဖြစ်သောကြောင့် အပျို၊ လူပျိုတွေ ဂရုစိုက်ပါ။ ယခုရောက်ရှိနေတဲ့ကာလတွင် တပေါင်းလနှင့် ကဆုန်လများ ပါဝင်နေရင် ငွေဝင်ပါလိမ့်မယ်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းမှာ ထိခိုက်ဒဏ်ရာရခြင်း၊ မကြာခဏ ခေါင်းကိုက်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့် ...ည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ...န်းညွန့်(၁)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ဗုဒ္ဓဟူး၊ သောကြာ

**ညံ့သောရက်**

တနင်္ဂနွေ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၆၅၊ ၆၃၊ ၄၆၊ ၄၃

**အထူးသတိပြုရန်**

မိမိအိမ်အနီးအနားတွင် အိမ်ဖျက်ချခြင်း၊ အိမ်အမှုဖြစ်ခြင်း၊ မိန်းမအရှုပ်အထွေး ပြဿနာမျိုး ကြုံတွေ့ရလျှင် သင့်အတွက် ညံ့တတ်ပါတယ်။ ထိုသို့ ကြုံတွေ့ရပါက ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် မကြာခဏ မုန့်လုံးရေပေါ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၈-ခုနှစ်၊ စက်တင်ဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလု
လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မ
ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေ
ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတ
အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်
လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကော
အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက…

**ဒေါက်တာစောယုနွ**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၇၉၉၅၉၅

## တနင်္ဂနွေသားသမီးများအတွက်

အလုပ်ပြောင်းလုပ်ရခြင်း၊ နေအိမ်ပြောင်းနေရခြင်းနှင့် ကြုံမည်။ စီးပွားရေး အဆင်ပြေမည်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ဖက်နှင့် ကတောက်ကဆ ဖြစ်တတ်သည်။ ပျော်ရွှင်ပွဲများနှင့် ပတ်သက်ပြီး ဇိတ်ကြားမှုများခံရမည်။ မင်္ဂလာသတင်းများ ကြားရမည်။

**ယတြာ**

မိတ်ဆွေများအား ကျောက်ကျေ
ဝယ်ကျွေးလိုက်ပါ။

## တနင်္လာသားသမီးများအတွက်

အလုပ်အတွင်း ထိခိုက်ဒဏ်ရာ ရတတ်သည်။ သတိပြုပါ၊ တဝ်သိုက်ခြင်း၊ အပူလောင်ခြင်း ကြုံရတတ်သည်။ အစွပ်အစွဲခံရတတ်သည်။ မိမိ အလုပ်မှအပ အပြင်သို့ ထွက်ခြင်းကို ရှောင်ပါ။ အစစ်အဆေး ခံရတတ်သည်။

**ယတြာ**

သရက်သီးဖျော်ရည်တစ်ဘူး
အသက်ကြီးသူတစ်ဦးအား

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ခရီးထွက်ရတတ်သည်။ အလုပ်နှင့်ပတ်သက်ပြီး ရာထူးတက်မည်။ သင်တန်းတက်ရန် အခွင့်ပြေလိမ့်မည်။ မိတ်ဆွေကောင်းများနှင့်တွေ့မည်။ လက်ရှိအလုပ်ထက်ကောင်းသော အလုပ်သို့ပြောင်းရန် အခွင့်အလမ်းပေါ်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်သားကြော်ဝယ်ကျွေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

အလုပ်သစ်၊ နေရာသစ် ပြောင်းလိုစိတ်များ ပေါ်ပေါက်မည်။ မပြောင်းပါနှင့်။ ယခုနေရာသည် ကိုယ့်အတွက် စိတ်ညစ်နေရသော်လည်း နောက်နေရာသည် ပိုဆိုးလိမ့်မည်။ ငွေလိမ်ခံရတတ်သည်။ သတိထားပါ။ ချစ်သူကြောင့် ဒုက္ခရောက်တတ်သည်။

**ယတြာ**

ထောပတ်ဘူးပေါ်တွင် မိမိဓာတ်ပုံတင်ပြီး ဘီရိုပေါ် တင်ထားလိုက်ပါ။

---

BURMESE CLASSIC .com

## ကြာသပတေးသားသမီးများအတွက်

ဝင်ငွေနှင့် ထွက်ငွေ မမျှဘဲ ဖြစ်နေတတ်သည်။ အစွပ်အစွဲ ခံရတတ်သည်။ အလုပ်အတွင်း အဆင်မပြေမှုများ ဖြစ်ပေါ်နေသော်လည်း အင်္ဂါနှင့် တနင်္ဂနွေသားသမီးများက ကူညီမည်။ ထီပေါက်တတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပက်(ပ်)စီ ဝယ်တိုက်လိုက်ပါ။

---

## သောကြာသားသမီးများအတွက်

သူတစ်ပါးအား ပစ္စည်းများ မငှားပါနှင့်။ ငွေမချေးပါနှင့်။ အမှုဖြစ်နေသူကို အာမခံ မလိုက်ပါနှင့်။ အလုပ်အတွင်း၌ လက်အောက်ငယ်သား ထွက်ပြေးသောကြောင့် ပြဿနာ ဖြေရှင်းရတတ်သည်။ ငွေကျပျောက်တတ်သည်။

**ယတြာ**

ဘာသာရေးနှင့်ဆိုင်သော စာအုပ်တစ်အုပ်ကို ခင်မင်သူတစ်ဦးအား လက်ဆောင်ပေးလိုက်ပါ။

---

## စနေသားသမီးများအတွက်

ငွေများ အစုလိုက် အပုံလိုက် ဝင်လိမ့်မည်။ အလုပ်ပြောင်းလိုစိတ် ပေါ်မည်။ အလုပ်၌ စိတ်မဝင်စားသကဲ့သို့ ဖြစ်နေမည်။ ဆီးရောဂါ ဖြစ်တတ်သည်။ အိမ်ထောင်ရှိသူများ အိမ်ထောင်ရေးကိစ္စ သတိပြုပါ။

**ယတြာ**

ကလေးငယ်တစ်ဦးကို ချောကလက်တစ်ခု ဝယ်ကျွေးလိုက်ပါ။

---

## ရာဟုသားသမီးများအတွက်

အလုပ်သစ်ပေါ်လာပြီး ၎င်းအလုပ်ကို ပြောင်းလဲလုပ်ရလိမ့်မည်။ သူခိုး ခိုးခံရတတ်သည်။ သတိပြုပါ။ ပြည်တွင်းပြည်ပ ခရီးသွားရတတ်သည်။ အလုပ်ကောင်းသော်လည်း ရန်ပေါ်တတ်သည်။ သတိပြုပါ။

**ယတြာ**

မိမိအိမ်က အိမ်သ[illegible] မကြာခဏ [illegible]ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com


# လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး

## (ကျောက်တော်ကြီးဘုရား)

# လှူဒွန့်ကြုံခိုက် လှူလိုက်စေချင်ပါသည်

အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားသော လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး) ဘုရားကြီးကို ဂေါပကအဖွဲ့မှ ဘုရားဖူးပြည်သူများ စိတ်ချမ်းသာစွာဖူးမြော်နိုင်ရေး၊ ဘုရားကြီးဝန်းကျင်တွင် လုပသန့်ရှင်းရေး၊ ဘုရားကြီးရေရှည် တည်တံ့ပြီး သာသနာတော်တည်တံ့ရေးအတွက် ရည်စူး၍ လုပ်ငန်းဆောင်ရွက်မှုများဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် . . .

**(၁) ရာသက်ပန်အလှူအဖြစ် လောကချမ်းသာ ထာဝရ ငွေပဒေသာပင် အလှူတော်ကို တစ်ပင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့်လည်းကောင်း၊**

**(၂) ကံမြင့်၊ ကံဆင့်၊ ကံတင့်စေရန်အတွက် ကန်တော်မင်္ဂလာကြီး ဘက်စုံပြုပြင်ခြင်းကို လည်းကောင်း၊**

**(၃) ဘုရားကြီး၏ ဂန္ဓကုဋိတိုက်ကြီးကို အမြင့်တင့် သပ္ပာယ်စေရန် ရွှေရေး ရွှေဆေးများ ခြယ်သလှူဒါန်းနိုင်ရန်လည်းကောင်း . . .**

ဆောင်ရွက်လျက်ရှိပါသည်။

ထိုအလှူများကို စိတ်ဝင်တစား ဒါန ပြုလိုသူများအနေဖြင့် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဂေါပကအဖွဲ့**

၀၁-၆၄၄၈၆၀၊ ၀၁-၆၄၄၈၅၇၊ ၀၁-၆၄၄၈၅၈


www.burmeseclassic.com

www.burmeseclassic.com

ကိုရီးယားနိုင်ငံစက်သစ်ကြီးများဖြင့် အထူးစီမံထုတ်လုပ်လိုက်သော

# ဧကမ္ဘာ

ဆေးတိုက်မှ ဆေးအသစ်များ

၁၁/၂၀၁၁/တဆထလ/တိုး(၂၅၉)
10 Nov 2011



## ဧကမ္ဘာ ပန်းခါးဆေးလုံး

TMR 011961 (0516)

ဆီးချို၊ သွေးချို၊ သွေးတိုး၊
ငှက်ဖျားကြို့တင်ကာကွယ်ဆေး။




## ဧကမ္ဘာ တပင်တိုင်မြန်နန်းဆေးလုံး

TM[illegible]1215)

အ[illegible]နာပေါက်၊ ပြည်တည်နာ၊
မြစ်ပွားနာ၊ အစာအိမ်နာ၊ သားအိမ်အတွင်း
အလုံးအကျိတ် ရောဂါများအတွက် သောက်ဆေး။



## ဧကမ္ဘာ ရဲယိုဆေးလုံး

TMR 011510 (1215)

လေထိုး၊ လေအောင့်၊ လေနာ၊ လေးဘက်နာ၊
အကြောအဆစ်ရောင်ရောဂါ သောက်ဆေး၊
ကိုယ်ခံစွမ်းအားတက်၍ နုပျိုလန်းဆန်းစေပါသည်။

ကျန်းမာရေးမြန်မာ့ဆေး ဧကမ္ဘာ မှ အစဉ်ပေး

**ဧကမ္ဘာဆေးတိုက်မှ ထုတ်လုပ်သည်။**

✽ ၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၄၉၁၁၆၊ ၀၁-၅၉၅၂၃၇
✽ ၂၈၊ ဗိုလ်ချုပ်ဈေး (မြောက်ဘက်တန်း အပေါ်ထပ်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၄၀၉၆၆-လိုင်းခွဲ-၄၁၅

www.burmeseclassic.com